www.burmeseclassic.com

ဆရာချစ်စံဝင်း၏ (၁၂၆) အုပ်မြောက် စာအုပ်

# မြန်မာ့ရသပညာ

## ချစ်စံဝင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဆရာချစ်စံဝင်း၏ ၁၂၆ အုပ်မြောက်စာအုပ်

# မြန်မာ့ရသပညာ

## ချစ်စံဝင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၄၀၁၃၇၈၀၆၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၀၁၃၆၅၀၆၁၂

**ထုတ်ဝေသည့်ကာလ**

၂၀၀၇-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်

**စောင်ရေ**

၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း**

အံ့ဘွယ်

**အတွင်းဖလင်**

ထွန်းထွန်း

**စာအုပ်ချုပ်**

ကိုမြင့်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ရာပြည့်အော့ဖ်စက် (၀၅၉၀၁)

၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာ စာပေ (၀၃၉၆၉)

တိုက်-၉၊ အခန်း ၂၀၃-၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး - ၂၀၀၀ ကျပ်**

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အနုပညာကို ခြေရာကောက်ယူခြင်း | ၁ |
| ၂။ | လူ့ဘာဝခရီးလမ်းနှစ်တစ်သန်း | ၁၅ |
| ၃။ | လူ့အဖွဲ့အစည်းအတွင်း ပရဟိတလုပ်ငန်းပေါ်ပေါက်လာခြင်း | ၃၁ |
| ၄။ | လူ့ခန္ဓာနှင့် လူ့ဦးနှောက် | ၄၁ |
| ၅။ | အနုပညာရပ်များ မွေးဖွားခြင်း | ၄၇ |
| ၆။ | မြန်မာ့အနုပညာသန္ဓေတည်ရာရုပ်ပုံလွှာများ | ၆၁ |
| ၇။ | မြန်မာ့အနုပညာရေစီးကြောင်း | ၇၁ |
| ၈။ | မြန်မာ့အနုပညာ | ၇၉ |
| ၉။ | မြန်မာ့အနုပညာဩဇာ | ၉၃ |
| ၁၀။ | မြန်မာ့အနုပညာနယ်ပယ် | ၁၀၃ |
| ၁၁။ | မြန်မာ့အနုပညာကို နယ်ပယ်ပိုင်းခြားလေ့လာခြင်း | ၁၁၃ |
| ၁၂။ | ဆရာကြီးဒေါက်တာခင်မောင်ဝင်းနှင့် ဆရာနန္ဒသိန်းဇံတို့၏ အနုပညာဆိုင်ရာ ဖွင့်ဟချက် | ၁၁၉ |


www.burmeseclassic.com

www.burmeseclassic.com


၁၃။ ဆရာဦးမင်းနိုင်နှင့် ဆရာဦးမြင့်စံတို့၏ အနုပညာစံ ၁၂၇

၁၄။ လက်ဝဲမင်းညို၏ အနုပညာဂုဏ်ရည် ၁၃၅

၁၅။ ဆရာကြီးဦးသော်ဇင်၏ အနုပညာစကား ၁၄၅

၁၆။ စိတ်ကောင်းရှိဖို့ ပထမ ၁၅၃

၁၇။ အနုပညာ ၁၆၅

၁၈။ **တစ်လုံးတစ်စည်းသော** လူ့အဖွဲ့အစည်းကိုဖြစ်ပေါ်စေခဲ့သည်မှာ အနုပညာ ၁၈၁

၁၉။ အနုပညာရှင် ၁၉၁

၂၀။ အနုပညာရပ်နှင့် အနုပညာဆိုင်ရာကိရိယာပစ္စည်း ၁၉၉

၂၁။ အနုပညာခံစားသူပရိတ်သတ် ၂၀၇

၂၂။ အနုပညာစွမ်းအား ၂၁၃

၂၃။ အနုပညာပန်တီးမှုနှင့် ရည်ရွယ်ချက် ၂၂၅

၂၄။ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခြင်း ၂၃၃

၂၅။ စည်းစံနစ်နှင့် သမ္မစဉ် ၂၄၇

၂၆။ ဘဝခရီးလမ်းအနှစ်တစ်သန်း လူ့ဘဝအဖော်မွန် ၂၅၅

၂၇။ ရသပညာ ၂၆၃

၂၈။ အနုရသပညာရှင်ကြီးများအမြင် ၂၇၃

၂၉။ ရသဖြစ်ပေါ်စေရန် အဓိကအကြောင်းတရား ၂၈၅

၃၀။ ပေးအပ်ရမည့်အချိန်နှင့် ထက်သန်ရမည့်စိတ်ထား ၂၉၅


အခန်း (၁)

# အနုပညာကိုခြေရာကောက်ယူခြင်း

၂၀၀၄-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇-ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာနကကျင်းပခဲ့သော ယဉ်ကျေးမှုစာတမ်းဖတ်ပွဲအပြီးတွင် ကျွန်တော်သည် ရသကိစ္စကို တွေးနေမိ၏။ စာတမ်းဖတ်ပွဲတွင် ပညာရှင်တို့က

**ရသဆိုတာ အနုပညာကို ပိုမိုထက်မြက် အောင်လုပ်တာ** ဟုဆို၏။

ဒါဆိုအနုပညာဆိုတာကရောဘာလဲ?

ဆိုတာ၊ ကတာ၊ ရေးတာ၊ တီးတာသည် အနုပညာရပ်များဖြစ်သည်ဟု သမရိုးကျဘိုးစဉ်ဘောင်ဆက် သိခဲ့၏။

ပန်းချီ၊ ပန်းပု၊ ပန်းထိမ်၊ ပန်းပဲ၊ ပန်းယွန်း၊ ပန်းတော့၊ ပန်းတမော့ဆိုသော ပညာရပ်များသည်လည်း အနုပညာဟုဆိုကြသည်။ ဒါကလည်း အစဉ်အလာအသိဖြစ်၏။ တဖန်ရသကို အစဉ်အလာအားဖြင့်

ပန်းမျိုးတစ်ရာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချစ်၊ ရွှင်၊ သနား၊ တည်ကြည်၊ ကြမ်းကြုတ်၊ စက်ဆုတ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့ဩ၊ နောအရသာကျမ်းဝယ်လာ

ဟုဆိုသည်။ အနုပညာနယ်ပယ် ရသနယ်ပယ်သည် ကျယ်ဝန်းလှသည်။ အနုပညာနယ်ပယ်ကို လိုက်လံတိုင်းတာရသည်က ခက်ခဲလှသည်။

သို့သော်လည်း ကျွန်တော်သည် အနုပညာဆိုသော စကားရပ်ကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာခဲ့ပါ၏။ အနုပညာသည်လည်းကောင်း မြန်မာတို့၏ရသဆိုသော စကားရပ်သည်လည်းကောင်း၊ အင်္ဂလိပ်စာလုံး Aesthetics အက်(စ်)သက်တစ်ဆိုသော စကားရပ်နှင့် တိုက်ရိုက်မသက်ဆိုင်ဟု ယူဆမိပါသည်။ မြန်မာ့ပညာရှိကြီးများ အနုပညာရှင်ကြီးများသည် သူတို့ဘဝသူတို့အတွေ့အကြုံအရ မြန်မာ့ရသဆိုင်ရာ အဖွင့်စကားများကို ပြောခဲ့ကြ၏။ မြန်မာရသနိဒါန်းများကို ရေးသားခဲ့ကြ၏။ ထိုရေးသားချက်များကို ကျွန်တော်လေ့လာခဲ့ပါသည်။ ကျွန်တော်သည် ၂၀၀၅-ခုနှစ် တနှစ်လုံး အနုပညာကို ခြေရာကောက်ရင်း ၂၀၀၅-ခုနှစ်ကုန်လွန်ခဲ့ပါ၏။ ဤကိစ္စသည် အချိန်ပေးလုပ်ဆောင်ရန် လိုအပ်သော ကိစ္စတရပ်ဟု ယုံကြည်သောကြောင့်လည်း ဤလမ်းကြောင်းကို ကျွန်တော်ဖြည်းဖြည်းသာသာ လျှောက်ခဲ့ခြင်းဖြစ်၏။

ကျွန်တော်သည် ၁၉၉၀ပြည့်နှစ်မှစ၍ နှစ်စဉ် တစ်နှစ်ကို စာအုပ် ၁၀ အုပ်နီးပါးမျှ ရေးသားခဲ့ရာ အနုပညာခြေရာကောက်ခဲ့သော ၂၀၀၅-ခုနှစ်သည် ကျွန်တော့်အတွက် စာအုပ်မထွက်ဆုံးနှစ်ဖြစ်ခဲ့ရသည်။ သို့သော် ၂၀၀၆-ခုနှစ်ဆန်းတွင်တော့ ကျွန်တော်ခြေရာကောက်နိုင်ခဲ့၏။ အနုပညာဆိုသော စကားရပ်၏ အဓိပ္ပါယ်ကို ဖွင့်ဆိုဖြစ်ခဲ့သည်။

**အနုပညာဆိုသည်မှာ လူသားသည် သူ့ဘဝခရီးလမ်းနှစ်တစ်သန်း အတွေ့အကြုံကို အခြေခံ၍ သူ့ဘဝ ရှင်သန်မှုအတွက် ရုပ်ဘဝလိုအပ်ချက် စိတ်ဘဝ လိုအပ်ချက်များထို**





**ဖြည့်ဆီးရင်း သူ့ဘဝပတ်ဝန်းကျင်နှင့် မျှတညီညွတ်စွာနေထိုင်နိုင်ရန် ဘဝအသန်းဖြေရန် သဘာဝပတ်ဝန်းကျင်ကို စံပြုအတုပြု၍ သူ၏ဦးနှောက် (စိတ်ခန္ဓာ)နှင့် သူ၏ကိုယ်ရုပ်ခန္ဓာ) ကို အသုံးပြုကာ လွတ်လပ်စွာ အနုစိတ်တွေးတော တီထွင်ကြံဆပြုလုပ်ခဲ့သည်။ အများနှင့်ဆိုင်သော ခံစားမှုအလှတရားကို အနုပညာဟုခေါ်သည်။**

ဒါက မြန်မာ့အနုပညာနှင့် ပတ်သက်သော ကျွန်တော့်အတွေးဖြစ်ပါ၏။ အထက်ပါ စာပုဒ်ကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ပါက ထိုစကားရပ်တွင် အောက်ပါအကြောင်းအရာများပါဝင်ပါသည်။ ပါဝင်သောအကြောင်းအရာတို့မှာ . . .

၁။ လူ့ဘဝအနှစ်တစ်သန်း
၂။ ဘဝရှင်သန်လိုမှု
၃။ ရုပ်ဘဝလိုအပ်ချက်
၄။ စိတ်ဘဝလိုအပ်ချက်
၅။ သဘာဝတရားကို တုပ၍
၆။ လူသည်လူ့ပတ်ဝန်းကျင်နှင့် ညီညွတ်မျှတဖို့
၇။ လူ၏ စိတ်ခန္ဓာ (ဦးနှောက်) နှင့် ရုပ်ခန္ဓာ
၈။ လွတ်လပ်မှု
၉။ အနုစိတ်ပြုလုပ်မှု
၁၀။ လူသည်သူကိုယ်တိုင်ကြံဆပြုလုပ်သော
၁၁။ အလှတရား
၁၂။ ခံစားမှု
၁၃။ အများနှင့်ဆိုင်သော

သည့်စကားရပ်(၁၃)ရပ် ဖြစ်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



**လူ့ဘဝသက်တမ်းအနှစ်တသန်း**

လူသည် လူရယ်လို့ သူ့ခြေဖဝါးပေါ်တွင် သူမားမားရပ်၍ လျှောက်လှမ်းခဲ့သည်မှာ အနှစ်တစ်သန်း ဝန်းကျင်ရှိခဲ့ပြီဖြစ်၏။ ထိုအနှစ်တစ်သန်းတွင် လူသည်အတွေ့အကြုံများစွာရရှိခဲ့သည်။ လူ၏ အတွေ့အကြုံတို့သည် ထူးလည်းထူး ဆန်းလည်းဆန်း၏။ များလည်း များ၏။ ခက်ခက်ခဲခဲကြုံတွေ့ရမှုများလည်းရှိသည်။ ပြေပြေလည်လည် သာသာယာယာကြုံတွေ့ရသည်များလည်းရှိ၏။ **လူသည် သူ့ဘဝအနှစ်တစ်သန်း ဘဝအတွေ့အကြုံများ၊ ဘဝခံစားချက်များ၊ ဘဝလိုအပ်ချက်များနှင့်အညီ သူသည်အနုပညာကို ဖန်တီးခြင်းဖြစ်သည်။**

**ဘဝရှင်သန်လိုမှု**

လူ့ဘဝခရီးလမ်းနှစ်တစ်သန်းတွင် လူသည်သူ့အတောင့်တဆုံး သူအမက်မောဆုံး သူအလိုလားဆုံးအရာသည် **ဘဝရှင်သန်လိုမှု** ဖြစ်၏။ ဘဝရှင်သန် လိုမှုဆိုသည်မှာ သူအသက်ရှင်နေလိုမှုဖြစ်၏။ ဘဝရှင်သန်လိုမှုဆိုသည်မှာ သူ့အသက်နှင့် သူ့ခန္ဓာတစ်အိုးစားတည်းရှိနေလိုသောဆန္ဒဖြစ်၏။ သူသည်သေမှာကို အစိုးရိမ်ဆုံးအကြောင့်ကျဆုံး၊ မလိုလားဆုံးဖြစ်ရာ၏။ သူသည်အသက်ရှင်သန်လို၏။ ထိုရှင်သန်လိုမှုကြောင့် သူ့ဘဝတွင် လိုအပ်ချက်များရှိလာသည်။ ယင်းကို ဘဝလိုအပ်ချက်ဟု ခေါ်၏။ ဘဝလိုအပ်ချက်နှစ်မျိုးရှိသည်။ စိတ်ဘဝလိုအပ်ချက်နှင့် ရုပ်ဘဝလိုအပ်ချက်တို့ဖြစ်၏။ **ထိုလိုအပ်ချက်တို့၏နောက်သို့လိုက်ရင်း လူသားသည် အနုပညာသားကောင်ကို မတော်တဆတွေ့ခဲ့သည်။ သို့မဟုတ် သူသည်အနုပညာသားကောင်ဖြစ်သွားရရှာ၏။**





**ရုပ်ဘဝလိုအပ်ချက်**

လူသည် သူ့ဘဝခရီးလမ်းအနှစ်တသန်းကို ဖြတ်သန်းရာတွင်

(က) သဘာဝဘေးအန္တရာယ်များ

(ခ) ပယောဂအန္တရာယ်များ

(ဂ) မတော်တဆဖြစ်ရသော အန္တရာယ်များ

ကိုဆုံရကြုံရသည်။

ထို့နောက် လူသည် သူလူဖြစ်လာသော နေ့မှစ၍

(ဃ) အိုခြင်း

(င) နာခြင်း

(စ) သေခြင်း

ဆိုသော အရာများကို မလွဲမသွေ ရင်ဆိုင်ကြရ၏။

လူတွင် နေ့စဉ်လိုအပ်ချက်များကလည်းရှိနေ၏။ ထိုလိုအပ်ချက်တို့မှာ -

(ဆ) စားဖို့ကိစ္စ။

မစားဘဲ မနေနိုင်၊ မစားရပါက သေရန်သာရှိ၏။

(ဇ) ဝတ်ဖို့ကိစ္စ။

ဝတ်ရန်ကိစ္စမှာ ရာသီဥတုမှကာကွယ်ရန် အရှက်တရားများ လုံခြုံရန် လူသည် အဝတ်ဝတ်ကြရ၏။

(ဈ) နေဖို့ကိစ္စ။

နေဖို့ကိစ္စကလည်း အရေးကြီးသည်။ လူဖြစ်လာသောကြောင့်နေရန် နေစရာ၊ ကွန်းခိုရာ နေရာလိုသည်။

(ည) ထိုပြင်အခြားလူမှုရေး လိုအပ်ချက်ကိစ္စများလည်း ရှိသေး၏။ ယင်းတို့မှာ ချစ်ခြင်းမေတ္တာကိစ္စ၊ သားရေး သမီးရေးကိစ္စ၊ လိင်မှုဆိုင်ရာကိစ္စ၊ ပိုင်ဆိုင်မှုကိစ္စ၊ ဂုဏ်ဒြပ်အခမ်းအနား ဆိုင်ရာကိစ္စ၊ ရိုးရာဓလေ့ထုံးစံများကိစ္စ စသည်ဖြင့် အခြားလိုအပ်ချက်တို့က ပိုများသေး၏။ လူသည်အခြား သတ္တဝါများနှင့်မတူ သူ့တွင်တီထွင်မှု၊ ကြံဆမှု မှတ်သား



www.burmeseclassic.com

www.burmeseclassic.com



သခ်န်းစာယူမှုစသည်တို့ရှိသည်။ လူသည်သဘာဝတရား၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်၍ တိုးတက်ကြီးပွားအောင် အစဉ်အမြဲလည်း ကြံဆလုပ်ဆောင် နေတတ်သူဖြစ်သည်။ လူ့တွင်ထိုသို့သော သဘောများကို ပြုလုပ်နိုင်သော ဦးနှောက်ရှိသည်။ လူ့ဦးနှောက်သည် အရေးကြီးဆုံးဖြစ်၏။ လူသား၏ ရှင်သန်မှုကို ဦးနှောက်ကအမိက ဖန်တီး၏။ ဦးနှောက်သေလျှင် လူလည်းသေ၏။ ဦးနှောက်မေ့လျှင် လူလည်းမေ့၏။ လူ၏ခန္ဓာသည် ဦးနှောက်အမိကခန္ဓာဖြစ်သည်။

သဘာဝဆိုသည်မှာ သဘာဝတရားကြောင့်ဖြစ်သော မိုးရွာခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းစသော ဘေးအန္တရာယ်များနှင့် ရာသီဥတုသာယာခြင်း၊ သီးနှံစပါးပေါများခြင်း စသည်တို့ပါဝင်၏။ သဘာဝတရားသည် ကောင်းကျိုးရော ဆိုးကျိုးပါပေးသည်။

ပယောဂကိစ္စဆိုသည်မှာ လူတို့၏ ချစ်ခြင်း၊ မုန်းခြင်း၊ မနာလိုဝန်တိုခြင်း၊ သံယောဇဉ်ရှိခြင်း စသော ကိစ္စရပ်များကြောင့် ဖြစ်ပေါ်လာရသော မလိုလားသည့်ကိစ္စအရပ်ရပ်၊ လိုလားသည့်ကိစ္စအရပ်ရပ် ဖြစ်ပေါ်မှုကို ဆိုလိုသည်။ လူ့လောကတွင် ဘုရားအဆူဆူပွင့်တော်မူခြင်းဟူသောကိစ္စ၊ ကမ္ဘာစစ်ကြီးများဖြစ်ပွားသောကိစ္စတို့သည် လူ့ပယောဂကြောင့် ဖြစ်ရသောကိစ္စများဖြစ်၏။ ထိုကိစ္စသည်လည်း ဆိုးကျိုးကောင်းကျိုးပေးသည်။ မတော်တဆဖြစ်ရသော ကိစ္စများသည်လည်း လူ့လောကတွင်ရှိရာ သားကောင်ရရှိခြင်း အမြင့်မှ ချောက်ထဲလိမ့်ကျ၍ ခြေကျိုးခြင်း၊ ကားတိုက်မှုဖြစ်ခြင်း၊ အာကာသယာဉ် ပျက်ကျခြင်းစသောကိစ္စများသည် မတော်တဆကိစ္စများဖြစ်၏။ ထိုကိစ္စရပ်များကြောင့် လူ့ဘဝတွင် ရုပ်ဘဝလိုအပ်ချက်များရှိလာသည်။

မိုးရွာခြင်းမှကာကွယ်ရန် ထီးပြုလုပ်ခြင်း၊ ရေထည့်ရန် အိုးပြုလုပ်ခြင်း၊ ပစ္စည်းထည့်ရန် တောင်းယက်ခြင်းစသည်တို့ ပြုလုပ်ရာမှ ထီးလုပ်သည့် အနုပညာ၊ အိုးလုပ်သည့်အနုပညာ၊ တောင်းယက်သည့် အနုပညာများကို ဖြစ်ပေါ်လာ၏။ အနုပညာရပ်သည် လူသားတို့





မတော်တဆတွေ့ခဲ့ရသောကိစ္စဖြစ်၍ ထိုသို့တွေ့ခဲ့ရမှုသည် လူတို့အတွက်ကံကောင်းမှုဖြစ်၏။ သားကောင်ရရှိ၍ ပျော်ရွှင်ခြင်း ပျော်ရွှင်ရာမှ ဟစ်အော်ခြင်း ခုန်ပေါက်ခြင်းတို့မှ သံစဉ်နှင့်အက ပညာရပ်များကို ဖြစ်စေခဲ့သည်။ ချောင်းကိုဖြတ်ကူးရန် လှေပြုလုပ်ခြင်းသည် လှေလုပ်သည့်အတတ်ကို တတ်မြောက်စေ၍ လှေကိုပိုမိုလှပအောင် ပြုလုပ်ရာမှ လှေလုပ်သည့် အနုပညာတစ်ရပ်ပေါ်ထွက်လာ၏။ ထိုအရာတို့သည် ဘဝလိုအပ်ချက်အရ သဘာဝတရားကို အတုခိုးရာမှ ဖြစ်ပေါ်လာသော အနုပညာရပ်များဖြစ်၏။

## စိတ်ဘဝလိုအပ်ချက်

လူ့တွင်စိတ်ရှိ၏။ စိတ်ကတီထွင်ကြံဆမှတ်သားရုံ သာမက ခံစားမှုလည်း ရှိ၏။ ဆိုးကျိုးများဖြစ်သော သဘာဝအန္တရာယ်၊ ပယောဂနှင့် မတော်တဆကိစ္စရပ်များကို ကြုံတွေ့ရမှာလူသည် ဝမ်းနည်းကြေရသည်။ ကြေကွဲကြရသည်။ ငိုကြွေးခဲ့ရသည်။ ပူပန်ကြောင့်ကြခဲ့ရ၏။ အိုနာသေဘေးနှင့် မအိုသေး၊ မနာသေး၊ မသေသေးသော ကာလများတွင် စိတ်လိုအပ်ချက်များရှိ၏။ ထိုစိတ်ဘဝလိုအပ်ချက်များက စိတ်လိုအပ်ချက်ဆိုင်ရာအနုပညာရပ်များ ကိုဆက်နွယ် မွေးဖွားစေခဲ့သည်။

အိုနာသေဘေးသည် မလွဲမရှောင်သာကိစ္စဖြစ်သော်လည်း လူသည်မွေးမွေးခြင်းတော့ သေသည်မဟုတ်။ နာခြင်းတရားသည် မလွဲမသွေ ဆုံဆိုက်မည့်ကိစ္စဖြစ်သော်လည်း လူ့ဘဝတွင် နာခြင်းရောက်မလာ သေးသော ကာလတော့ရှိ၏။ အလားတူသေခြင်းကိစ္စကလည်း မသေခင်တော့ ရှင်နေသေးရာ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မရောက်ခင် လူတို့တွင်ပျော်မှု ရွှင်မှုကြည်နူး ခံစားမှုများတော့ရှိသည်။ ထိုပျော်မှုရွှင်မှု ကအနုပညာရပ်များကို ဖွားမြင်ပေး၏။ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ မချစ်မနှစ်သက်သူနှင့် ပေါင်းရခြင်း၊ ချစ်ခင်နှစ်သက်သူနှင့် ကွေကွင်းရခြင်းစသည်တို့ဖြစ်လာရသောအခါ လူ့စိတ်ကဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ထိုအခါဝမ်းနည်းစွာ ငိုကြွေးရခြင်းမှလည်း ဝမ်းနည်းခြင်းဆိုင်ရာ အနုပညာရပ်များမွေးဖွားလာသည်။ စားဝတ်နေရေးနှင့် အခြား လူမှုရေး လိုအပ်ချက်များကို ဆောင်ရွက်ရာမှလည်း လူသည် အနုပညာ ပစ္စည်းများဖန်တီးဖြစ်ခဲ့၏။

## သဘာဝတရားကိုတုပခြင်း

သဘာဝပတ်ဝန်းကျင်တွင် လူတို့အတွက် ထုတ်ယူသုံးစွဲမကုန် နိုင်သော အတွေ့အကြုံများ သယံဇာတများရှိ၏။ လူသည် သဘာဝ ပတ်ဝန်းကျင်မှ သယံဇာတပစ္စည်းများကို ပယ်ပယ်နယ်နယ်လည်း ထုတ်ယူသုံးစွဲသည်။ လူသည် သဘာဝပတ်ဝန်းကျင်တွင် လူဖြစ်လာ ခြင်းဖြစ်သည်။ လူသည်သဘာဝကို ဘဝသခ်န်းစာအဖြစ် အသုံးပြု၏။ သို့သော်သဘာဝတရားမှရရှိသော ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ အောင်မြင်မှု တို့သည် အစဉ်ထာဝရဖြစ်နေသည် မဟုတ်ဘဲ ထိုအတွေ့အကြုံတို့သည် ကြုံချင်သော်အခါကြုံ၍ အကြောင်းမသာလျှင် မကြုံရဘဲ လည်းရှိ၏။ တဖန်သဘာဝကရရှိသော အတွေ့အကြုံတို့သည် တခါတရံ ပြင်းထန် လွန်းသောကြောင့် လူသည် မခံစားနိုင်ဘဲရှိ၏။ ဆူနာမိ သဘာဝဘေး အန္တရာယ်၊ ပါကစ္စတန် မြေငလျင်လှုပ်မှုစသည်တို့သည် သဘာဝဘေး အန္တရာယ်များဖြစ်၏။ လူတို့သည် ထိုသို့သော ပြင်းထန်သည့် အဖျက် တရားများကို မခံစားနိုင်ဘဲရှိ၏။ သားသေခြင်း၊ မိဘဆုံးပါးခြင်းစသော ကိစ္စများလည်းရှိရာလူ၏နှလုံးသားသည် ထိုမျှဆိုးဝါးသော ဖြစ်ရပ်များ ကို ရင်ဆိုင်ကြရသောအခါ နှလုံးကွဲကြရ၏။ အသည်းကွဲကြရ၏။ ထို့ကြောင့်လူသည်သဘာဝအန္တရာယ်ကို တိုက်ရိုက် ခံစားနိုင်စွမ်း မရှိ သောကြောင့် အတုပြုလုပ်ခံစား၏။ အတုလုပ် ခံစားရခြင်း၏ အကြောင်း ရင်းမှာ မိမိပေါင် မိမိပြန်ထောင်းသည့် ကိစ္စမျိုးတွင် ပါဝင်၍ခံစားရမှု သက်သာသည်။ ထို့ပြင်အချိန်မရွေး မိမိအလိုရှိသော အချိန်ခံစားနိုင် သောကြောင့်လည်း လူသားသည်သဘာဝတရားကို အတုလုပ်ခံစား





ခြင်းဖြစ်သည်။ အတုပြုလုပ်ခံစားရာမှ အနုပညာရပ်များ ဖြစ်ပေါ် လာ၏။ လူသည်ရုပ်ရှင်ဖြင့် သဘော်ကြီးပျက်သည်ကိုပြသည်။ ဇာတ်စင် ထိုး၍ စစ်ပွဲများဖြစ်သည်ကို သဘာဝအတိုင်းနှင့် နီးစပ်အောင် ပြုလုပ်ပြသကြ၏။ **သဘာဝတရားကို အတုပြုလုပ်ခံစားခြင်းဖြစ်၏။**

## လူနှင့်လူ့ပတ်ဝန်းကျင်

လူ၏ဆန္ဒက အသက်ရှင်ဖို့ဖြစ်၏။ လူသည်လူ့လူခြင်း ဆက်ဆံ ရသော လူ့ပတ်ဝန်းကျင်နှင့်လည်းကောင်း၊ လူသည်သူ့ပတ်ဝန်းကျင်မှ ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကတို့နှင့်လည်းကောင်း၊ အဆင်ပြေနေနိုင်မှ သူ့ဘဝ ရှင်သန်မှုနှင့် သူ့ဘဝဖွံ့ဖြိုးမှု ဘဝအေးချမ်း မှုတို့ရရှိမည်ကိုသိ၏။ ထို့ကြောင့် လူသည် လူလူချင်းသော်လည်း ကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့်လည်းကောင်း၊ အဆင်ပြေပြေ နေထိုင်နိုင်အောင်ကြိုးစားသည်။ **ထိုသို့ကြိုးစားရာမှလည်း အနုပညာရပ် များ အနုပညာပစ္စည်းများ အနုပညာခံစားမှုများ ပေါက်ဖွားလာသည်။**

## လူ၏ဦးနှောက်နှင့် လူ့ခန္ဓာ

လူ၏ဦးနှောက်နှင့် လူ၏ခန္ဓာမပါရှိဘဲ အနုပညာဟူသော ဘာသာရပ်၊ စကားရပ်သည် ဘယ်လိုမှပေါ်ထွက်လာစရာ အကြောင်း မရှိနိုင်။ ဦးနှောက်၏ အံ့မခန်း ဆန်းကျယ်မှု၊ လူ့ခန္ဓာကိုယ်၏ အံ့မခန်း မျှတညီညွတ်ပြည့်စုံစွာ တည်ဆောက်ထားမှုတို့ကြောင့်သာ အနုပညာ ရပ်ကို လူသားသည် တတ်မြောက်ခံစားနိုင်ခြင်းဖြစ်ပါ၏။ ဦးနှောက်နှင့် ခန္ဓာမရှိလျှင် အနုပညာမရှိနိုင်။ ထို့ကြောင့် အနုပညာဟူသည် လူနှင့် သာသက်ဆိုင်သော ဘာသာရပ်ဖြစ်လာရ၏။ လူတို့သာ ဖန်တီးနိုင် သော ဘာသာရပ်ဖြစ်၏။ အနုပညာကို လူမှတပါးအခြား သူများ မဖန်တီးနိုင်။ အခြားသတ္တဝါများ သို့မဟုတ် နတ်ဗြဟ္မာအစရှိသော သူတို့ပြုလုပ်ဖန်တီးသောအရာကို အနုပညာဟု မခေါ်ဆိုပါ။ **လူပြုလုပ်**



www.burmeseclassic.com

www.burmeseclassic.com



**ဖန်တီးမှုရှိမှ အနုပညာဟုခေါ်၏။ အနုပညာသည် လူသားပိုင်ပစ္စည်း စင်စစ်ဖြစ်သည်။**

## လွတ်လပ်မှု

လွတ်လပ်မှုသည် အနုပညာကိုဖန်းတီးရာတွင် လိုအပ်သော အင်္ဂါရပ်တစ်ခုဖြစ်၏။ လူသားသည် လွတ်လပ်မှုရှိမှလည်း အနုပညာကို ရသပေါ်အောင် ဖန်တီးနိုင်သည်။ လူတွင်လွတ်လပ်မှုမရှိလျင် ရသ လည်းမရှိနိုင်။ ထို့ကြောင့် အခြားတပါးသူအား မထိခိုက်နိုင် သည်အထိ အနုပညာလွတ်လပ်မှုရှိရန်လိုအပ်သည်။

အနုပညာသည် အလှတရားဖြစ်ကြောင်း၊ အနုပညာသည် ခံစားမှုနှင့် သက်ဆိုင်ကြောင်း၊ အနုပညာသည် အနုစိတ်ပြုလုပ်သော ပညာရပ်ဖြစ်ကြောင်ကို ဤစာအုပ်၏အနုပညာခန်းတွင် အကျယ်တဝင့် ရှင်းလင်းဖော်ပြမည်ဖြစ်ပါ၏။

## အများနှင့်ဆိုင်သော

အနုပညာရပ်ဆိုသောစကားတွင် အများနှင့်ပတ်သက်မှု ပါဝင်သည်။ အများနှင့် ပတ်သက်သော ဆိုးကျိုးတရားဖြစ်စေ၊ ကောင်း ကျိုးတရားဖြစ်စေ၊ အဆိုးဖြစ်စေ၊ ခံစားမှုဖြစ်ပေါ်လာလျှင် အနုပညာ မည်၏။ မိမိဘာသာတစ်ယောက်တည်း စိတ်ကူးနေခြင်းသည် အနု ပညာမဟုတ်သေး။ ထိုစဉ်းစားရမှုကို ပရိသတ်ကို ပြနိုင်မှအနုပညာ ဖြစ်သည်။ လူတစ်ယောက်သည် သူဟာ သူပါးစပ်ဆိုင်းတီး၍ ကရာတွင် သူ့ကိုယ်သူသည် ပရိတ်သတ်ဖြစ်နေ၍ ထိုသူ၏အကသည် အနုပညာ ဖြစ်၏။ အနုပညာသည် မနောကံမျှသာမက ကာယကံ ဝစီကံမြောက်ဖို့ လိုသည်။

**အနုပညာဟူသော စကားရပ်ကို အဓိပ္ပါယ်ထပ်မံဖွင့်ဆိုရ ပါလျှင် အနုပညာသည် လူ့ဘဝခရီးလမ်းနှစ်တသန်းအတွင်း သူ့ဘဝ**





**ရှင်သန်ရေးအတွက် စိတ်ဘဝလိုအပ်ချက်၊ ရုပ်ဘဝ လိုအပ်ချက် များအရ သဘာဝတရားကိုတုပ၍ လူကအနုစိတ်၊ အသေးစိတ် ဖန်တီးရာမှ ခံစားမှုနှင့် အလှတရား ဖြစ်ပေါ်အောင် ပြုလုပ်သော ပညာရပ်ကို အနုပညာဟု ခေါ်ဆိုသည်။**

ထို့ကြောင့်

- အနုပညာသည် လူနှင့်သာသက်ဆိုင်သည်။
- လူမပြုလုပ်သော အရာသည်အနုပညာမဟုတ်။
- အနုပညာတွင် အလှတရားနှင့် ခံစားမှုပါသည်။
- ခံစားမှုမပါလျှင် အနုပညာဟုမခေါ်။
- အနုပညာတွင် စေတနာနှင့် အသုံးဝင်မှုပါသည်။
- အနုပညာသည် ဩဇာကြီးမား၍ စေ့ဆော်နိုင်သည်။
- အနုပညာသည် သဘာဝတရားမဟုတ်။
- သဘာဝအလျှောက်ဖြစ်ပေါ်မှုများသည် အနုပညာ မဟုတ်။
- သစ်တုံးအမြစ်ဆုံကြီးတစ်ခု ရေတွင်မျောလာ၏။ ထို အမြစ်ဆုံကြီးသည် အလွန်လှသည်။ ထိုသစ်မြစ်ဆုံကြီး သည် သဘာဝအလျှောက် မည်မျှပင်လှပစေကာမူ ထို အရာသည် လူပြုလုပ်ထားသောအရာ မဟုတ်သဖြင့် ယင်းကိုအနုပညာပစ္စည်းဟု မခေါ်ဆိုနိုင်ပါ။
- သဘာဝတရား၏ ဖြစ်စဉ်များသည် မည်မျှလှပနေပါ စေ။ ထိုအရာကို အနုပညာမခေါ်ဆိုဘဲ လူ၏ကာယကံ မြောက် ဝစီကံမြောက်ဖန်တီးမှု ပညာပါမှ အနုပညာ ဖြစ်သည်။
- လူသည်အနုပညာကို ဖန်တီးရာတွင် သဘာဝကိုတုပ ဖန်တီးခြင်းဖြစ်၏။ သို့သော်လူတို့၏ ဖန်တီးမှု တရပ် ရပ်တွင် သဘာဝတရားကို တုပမှုမပြုလုပ်စေကာမူ



www.burmeseclassic.com

www.burmeseclassic.com



လူ့ဖန်းတီးမှုတစ်ခုခုတွင် အလှတရားပါဝင်ပါက ထိုအရာကို အနုပညာဟုခေါ်သည်။

- လူ၏ပြုလုပ်မှုတစ်စုံတရာသည် အနုစိတ်ချယ်သမှုများ ပါဝင်လျှင်ယင်းသည် သဘာဝကိုတုပပြုလုပ်ခြင်း မဟုတ်သည့်တိုင် အနုပညာဟု ခေါ်ဆိုနိုင်သည်။
- ခံစားမှုမပါလျှင် အနုပညာမဖြစ်နိုင်။ အနုပညာ၏ အကြီးဆုံးဂုဏ်ပုဒ်မှာ ခံစားမှုနှင့် အလှတရားဖြစ်သည်။
- အနုပညာ ခံစားမှုနှင့် အလှတရားကို အာရုံခံစားမှုနှင့် သိနိုင်သည်။
- လူတို့၏တစ်နေ့တာ နေ့စဉ်ဖြစ်ပျက်နေခြင်းတို့ဖြစ်သော အိပ်ရာထခြင်း၊ ထမင်းစားခြင်း၊ ကားမောင်းထွက်ခြင်းတို့သည် အနုပညာမဟုတ်။
- အနှစ်တစ်သန်း လျှောက်လှမ်းခဲ့ရသည့် လူ့ဘဝမှ ကြမ်းတမ်းခက်ထန်မှုများ ပင်ပန်းဆင်းရဲမှု များသည် အနုပညာကြောင့်လူသားတို့ သက်သာမှုရခဲ့သည်။ အပန်းပြေခဲ့သည်။
- အနုပညာသည် စိတ်အာဟာရဖြစ်၏။
- သိပ္ပံပညာသည် ရုပ်ဖွံ့ဖြိုးမှုကို ဖြစ်စေသကဲ့သို့ အနုပညာသည် လူသား၏ စိတ်ဖွံ့ဖြိုးမှု ဆောင်ကျဉ်းပေးခဲ့သောကြောင်း အရေးကြီးသည်။
- အနုပညာသည် အများနှင့်ဆိုင်သောကိစ္စဖြစ်သည်။
- အနုပညာ၏ ကျေးဇူးတရားကို ထုတ်ဖော်ရာတွင် အချို့က





* လူသည်ဘယ်လောက်ပင် စားဝတ်နေရေးပြည့်စုံပါစေ။ လူအဖွဲ့အစည်းကို တစည်း တလုံးတည်းဖြစ်အောင် မဖန်တီးနိုင်ပါက လူအဖွဲ့အစည်းသည် ပြိုကွဲသွားနိုင်သည်။ လူ့ဘဝ ရုပ်ပိုင်းဆိုင်ရာပြည့်စုံမှုတို့အတွက် သိပ္ပံပညာရပ်များက ဖြည့်ဆီးပေးသလို လူ့ဘဝစိတ်လိုအပ်ချက်များအတွက် အနုပညာကဖြည့်ဆီးပေးသည်ဟု ဆိုကြသည်။
* လူသားသည်တစ်ဦးချင်း၊ လွတ်လပ်စွာနေလိုသော သဘောရှိပေရာ ထိုသို့သော သဘောရှိသည့် လူသားတို့ကို တစ်လုံးတစ်စည်းတည်းသော လူ့အဖွဲ့အစည်းဖြစ်အောင် ဖန်တီးခဲ့သောစွမ်းပကားသည် အနုပညာစွမ်းပကားပင်ဖြစ်၏။ လူတို့စည်းစည်းလုံးလုံး မျှမျှတတနေကြအောင် စာပေအနုပညာကဖန်တီးသည်။ စာပေဖတ်ခြင်းဖြင့် အလိမ္မာပွားသည်။ လိမ္မာရေးခြားရှိခြင်းသည် အနုပညာဖြစ်၏။
* လူသည်သူ့ဘဝ၌အနုပညာကို မဖန်တီးမိပါက အတော်ပင်နှောင်တရဖွယ်ရာဖြစ်၏။ လူ့ဘဝတွင် အနုပညာကိုနှုတ်လိုက်ပါက အတော်ပျင်းရိခြောက်သွေ့ဘွယ်ရာဖြစ်၏။ လူသည် အနုပညာကို ဖန်တီးမိသဖြင့် သူ့ဘဝတွင် ဖြေသိမ့်စရာ ရရှိခဲ့ပြီးမဖန်တီးလျှင် နောင်တရ၍ဆုံးနိုင်မည်မဟုတ်။ . . .

အနုပညာဟူသော စကားရပ်သည် စိတ်ဝင်စားဘွယ်ဖြစ်၏။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

## လူ့ဘဝခရီးလမ်းနှစ်တစ်သန်း

လူတို့ဖြတ်သန်းခဲ့သော ခရီးလမ်းသည် နှစ်တစ်သန်းရှိခဲ့ပြီဖြစ်၏။ အချို့သောသိပ္ပံပညာရှင်တို့က အနှစ်တစ်သန်းမကလည်းကြာမြင့်နိုင်မည်ဟုဆိုသည်။ အနှစ်တစ်သန်းတည်းဟူသော သူ့ဘဝခရီးလမ်းကို လူသည်အေးအေးဆေးဆေး၊ နားနားနေနေ၊ လေပြေလေညှင်းတိုက်ခတ်သည်ကိုခံယူရင်း စိတ်ချ၊ လက်ချ၊ ဖြောင့်ဖြောင့်တန်းတန်း၊ ဖြူးဖြူးပြေပြေလျှောက်ခဲ့ရလေသည်မဟုတ်။

လူသည်သူ့ဘဝ၏အနိမ့်အမြင့်၊ အတက်အဆင်းများပြားသောခရီးကိုကွေ့ချည်တစ်ခါ၊ ဖြောင့်ချည် တစ်လှည့်၊ မြင့်ချည်တစ်ဖုံ၊ နိမ့်ချည်တစ်နည်း၊ ခက်ချည်တစ်သွယ်၊ လွယ်ချည်တစ်မျိုး၊ ရှုံးတစ်ခါနိုင်တစ်လှည့်ဖြင့် ဘတစ်ပြန် ကျားတပြန်၊ ငါးပျံတလှည့် ဗုံလုံတစ်လှည့်အားမာန်ထည့်၍ ရေစီးတစ်ခါ ရေသာတစ်လှည့် အားမာန်ဖြည့်၍အကွေ့တစ်ထောင်၊ အကောက်တစ်ထောင်၊ အနိမ့် တစ်သောင်း အမြင့်တစ်သောင်း၊ ထောင်သောင်းမကသော ချောက်ကမ္ဘားများကိုဖြတ်မိုးထိမြင့်မားသောအထွတ်များကိုကျော်၊ တောင်ထွတ် တောင်ထိပ်များကို

www.burmeseclassic.com



ဖဝါးအောက်ကိုသွင်း၊ သမုဒ်ပြင်ကိုဖြတ်ကျော်၊ ပင်လယ်ကိုလှော်ရင်းခတ်ပြီး မြစ်၊ ချောင်း၊ ဒချောက်ကမ္ဘာအသွယ်သွယ်၊ ကန္တာရခရီး အထပ်ထပ်၊ တောအနှံ့နှံ့၊ တောင်အသွယ်သွယ်ခရီးကို၊ အကြမ်းအရမ်း၊ အလွမ်းအဆောနှော၍ ကြောက်ရချည်တစ်ခါ၊ လန့်ရ ချည့်တလှည့်၊ တွေးရ ခုံသည်တခါ ကြံရချည်တလှည့်၊ ခြောက်တခါ စိုတလှည့်ဖြင့် ဘယ်ထောက်ခါ ညာလှမ်းရင်းတပင်တပန်း တကူးတက ကူးခတ်လျှောက်လှမ်းခဲ့ ရခြင်းဖြစ်သည်။

သို့သော် လူသားသည် သူ့ဘဝခရီးလမ်း အနှစ်တသန်းတွင် အမြတ်ထွက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် သူ့ဘဝခရီးလမ်းနှစ်တစ်သန်းကို အောင်မြင်စွာဖြတ်သန်းနိုင်ခဲ့သည် မဟုတ်ပါလော။

လူ့ဘဝခရီးလမ်း အနှစ်တစ်သန်းတွင် လူသားသည် သူအမြတ်ရရှိတာ တစ်ခုက သိပ္ပံနှင့် ဝိဇ္ဇာပညာရပ်များဖြစ်၍ အခြားတစ်ခုက အနုရသ ပညာရပ်များဖြစ်သည်။

လူသားသည် သူ့ဘဝခရီးလမ်းအား လျှောက်လှမ်းရာတွင် သူ့**ဘဝရှင်သန်လိုမှု**ကိုသာ အဓိကထားရည်သန်၍ လျှောက်လှမ်းခဲ့သူဖြစ်၏။ လူသည်သူ့ဘဝကို သူခုံမင်သူဖြစ်၏။ လူသား၏ သူ့ဘဝသူခုံမင်မှုသည် အတ္တဖြစ်၏။ လူသည် သူ့အတ္တ၏ ကျေးဇူးကြောင့်သူ့အသက်ရှင်သန်လာခြင်း ဖြစ်၏။ လူသားသည် သူ့အတ္တ၏ လှုံ့ဆော်မှုကြောင့် သူ့ဘဝခရီးလမ်း နှစ်တစ်သန်းကို အောင်မြင်စွာ လျှောက်လှမ်းခဲ့ခြင်း၏ ဘဝအောင်မြင်မှုတွင် အတ္တသည် အောင်မြင်မှု တရားအနေနှင့် ပါဝင်သည်။ အတ္တမရှိလျှင် လူသည်သူ့ဘဝခရီးလမ်း၌ ဘဝအောင်ပွဲ ရရှိဖို့ရန် ခဲယဉ်း၏။ လူသားသည် သူ့ဘဝကို သူမြတ်နိုးတန်ဖိုးထားသူဖြစ်၏။ သူဘဝရှင်သန်မှုကိုသူလိုလား၏။

သူ့ဘဝ ရှင်သန်လိုခြင်း ဆိုသည်မှာ သူ့အသက်နှင့် သူ့ခန္ဓာအိုးစားမကွဲရေး အသက်တစ်ရက်ပြီး တစ်ရက်တိုးရှည်ဘို့ကိုစွ သက်သက်သာမက သူ့အသက်ရှင်နေစဉ်ကာလအတွင်း အောင်ပွဲများရယူ





လိုသောဆန္ဒ ကြီးကျယ်ခန်းနားလိုသော ဆန္ဒတို့လည်းပါဝင်၏။ ထိုဆန္ဒအားလုံးသည် အတ္တများသာဖြစ်၏။ ဘဝရှင်သန်မှုကို လိုလားသောလူသည် သူ့ဘဝခရီးလမ်း၌ ရင်ဆိုင်ရသော ဘေးအန္တရာယ်တို့ကလည်းများလှ၏။ ယင်းတို့မှာ-

(က) သဘာဝဘေးအန္တရာယ်အမျိုးမျိုး

(ခ) ပယောဂရောဂါ အန္တရာယ်များ အသွယ်သွယ်

(ဂ) မတော်တဆဖြစ်ရပ်ဖြစ်ကြောင်း အဖုံဖုံ

တို့ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မိုးရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းကျခြင်း၊ ရေလျှင် မြေလျှင် လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ အချိန်အခါမဲ့ မိုးရွာခြင်းစသော ရာသီဥတုဖောက်ပြန်ခြင်း၊ ရောဂါဘယ ထူပြောခြင်း၊ ကပ်ရောဂါဆိုးကြီးများကျရောက်ခြင်း၊ ကုရာနတ္ထိဆေးဝါးမရှိသည့်ရောဂါများ၊ နာတာရှည်ရောဂါများ ဖြစ်ပွားခြင်း၊ အစာရေစာငတ်မွတ်ခေါင်းပါးခြင်း စသည်တို့ဖြစ်၏။

လူ့ပယောဂကြောင့် ဖြစ်ပွားသောဘေးအန္တရာယ်တို့မှာ လူ၏မနာလိုမှု၊ ဝန်တိုမှု၊ အတ္တလွန်ကဲမှုတို့ကြောင့် လူလူချင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ ပထမ၊ ဒုတိယကမ္ဘာစစ်ကြီးများကဲ့သို့သော စစ်ပွဲများနှင့် အခြားသောတိုက်ပွဲ၊ စစ်ပွဲ၊ ရန်ပွဲများဖြစ်ခြင်း၊ ခိုးဆိုးလုယက်တိုက်ခိုက်မှုခံရခြင်း၊ ကြိုးနိုင် ငယ်ညှင်းပြုခြင်း၊ အကြမ်းဖက်ခြင်း၊ အကောက်ကြံခြင်းအစရှိသော ဘေးဆိုးအန္တရာယ်ဆိုးများဖြစ်သည်။

ဤကမ္ဘာ၊ ဤစကြာဝဠာကြီးသည် မတော်တဆဖြစ်ပေါ်လာရသည်နှင့် အညီဤကမ္ဘာမြေပေါ်တွင် လူသားတို့ အသက်ရှင်သန်နေထိုင်စဉ်အတွင်း မတော်တဆကိစ္စနှင့် မတော်တဆဖြစ်မှု အန္တရာယ်တို့ကိုလည်း လူသားသည် ရင်ဆိုင်ရ၏။

လူသည်ဘဝရှင်သန်မှုကိုလိုလားသူဖြစ်သည်နှင့်အညီ သူ့ဘဝရှင်သန်မှုအတွက် သူသည် ကိုယ်လွတ်ရုန်းသည့်အခါများလည်းရှိ၏



www.burmeseclassic.com

www.burmeseclassic.com



ဘဝရှင်သန်လိုမှုအတွက်ကိုယ်လွတ်ရုန်းသောအခါ လူသည်အတ္တကို ဆုပ်ကိုင် အားကိုး၍ ရုန်းကန်ခြင်းဖြစ်၏။ လူထံသို့ အတ္တရောက်ရှိချိန်သည် သူ့အတွက် ကိုယ်လွတ်ရုန်းဘို့ အကြောင်းတရား ဖန်လာလေမှုမဟုတ်။ လူထံသို့ အတ္တရောက်ရှိချိန်သည် ထို့ထက်စောကောင်းလည်းစောနိုင်၏။ လူ၏အတ္တသည် အမိဝမ်းတွင်း ပဋိသန္ဓေ တည်နေစဉ်ကပင်ရှိသည်။ အတ္တကလောဘ၊ ဒေါသ၊ မောဟ၊ မာန်၊ မာန၊ သောက၊ ပရိဒေဝစသည် တို့ကိုမွေးဖွားပေးခဲ့၏။ လူဘဝ ရှင်သန်မှုတွင် အတ္တသည်ဆိုခဲ့သည့်အတိုင်း လိုအပ်သောအရာလည်းဖြစ်၏။ ကမ္ဘာမီးလောင်သားကောင်ချနင်းဆိုသောစကားပုံ စကားရပ်ရှိ၏။ ဒေါသ မောဟ မာန်မာနတို့ကလည်း ဇွဲ၊ လုံ့လ၊ ဝီရိယ တို့ကို မွေးဖွားပေးသည်။ သောကနှင့် ပရိဒေဝကလည်း သတိကိုဖြစ်စေ၏။ လူတွင် သဘာဝကြောင့်ဖြစ်သော အန္တရာယ်၊ ပယောဂကြောင့်ဖြစ်သော အန္တရာယ်နှင့် မတော်တဆကိစ္စများကြောင့်ဖြစ်သော အန္တရာယ်များအပြင် လူ့ဘဝရှင်သန်ရေးအတွက် နေ့စဉ်လိုအပ်နေသော အခြားအရာများလည်း ရှိနေသေး၏။ ယင်းတို့မှာ -

(က) စားရေး
(ခ) ဝတ်ရေး
(ဂ) နေရေးနှင့်
(ဃ) အခြားလူမှုရေးလိုအပ်ချက်များ ဖြစ်၏။

သဘာဝအန္တရာယ်၊ ပယောဂအန္တရာယ်၊ မတော်တဆအန္တရာယ်တို့သည်ကြုံကြိုက်ဆုံတွေ့လာမှ ရင်ဆိုင်ရသောကိစ္စ ဖြစ်သော်လည်း စားဖို့၊ ဝတ်ဖို့၊ နေဖို့လိုအပ်ချက်များသည်နေ့စဉ်လိုအပ်ချက်များဖြစ်သည်။ စားစရာပြည့်ဝစွာမရရှိပါက ဘဝရှင်သန်ရေးကိစ္စဖြစ်နိုင်စရာကြောင်းမရှိတော့။ ရာသီဥတုဒဏ်မှ ကာကွယ်ရန်အတွက် အဝတ်လိုအပ်ချက်ကလည်း နေ့စဉ်လိုအပ်ချက်ဖြစ်၏။ နေစရာအိပ်စရာနားစရာနေရာ အပန်းဖြေစရာနေရာ လိုအပ်ချက်တို့ကလည်း နေ့စဉ်လိုအပ်ချက်များဖြစ်၏။





လူမှုရေးလိုအပ်ချက်တွင် လူလူချင်း ပေါင်းသင်းဆက်ဆံရေးလိုအပ်ချက်လည်းပါဝင်၏။

လူသည်အစပထမကစားစရာရရှိရေးအတွက် အလေ့ကျပေါက်သော သစ်သီးဝလံများ ဟင်းသီး ဟင်းရွက်များကို ခူးဆွတ်စားမည်ဖြစ်၏။ ထိုနောက်တော့ မုဆိုးဘဝဖြင့် သားငါးရှာဖွေစားသောက်မည်ဖြစ်၏။ ဝတ်ရေးအတွက်သစ်ရွက်၊ သစ်ခေါက်များ ထို့နောက်တော့ သားရဲတိရစ္ဆာန်တို့၏ အမွေးများ အရေများကို ဝတ်ဆင်ကြ၏။ နေရေးအတွက်သစ်ပင်သစ်ခေါင်းထဲ၊ ဂူထဲလှိုင်ထဲတွင်နေကြမည်ဖြစ်သည်။ ဤသည်ကား လူသား၏ ရှေးဦးလူနေမှုဘဝဖြစ်၏။ ထိုဘဝကို ကျေနပ်မနေဘဲ လူသားသည် လောဘ၊ လုံ့လ၊ ဝီရိယ အသိဉာဏ်နှင့် ဦးနှောက်ကို အသုံးချကာ ဘယ်သောအခါမှ အညံ့မခံမာန်မလျှော့ဘဲ အထပ်ထပ်ကြိုးစား၏။ အခါခါကြိုးစား၏။ ဘဝအောင်ပွဲအထွေထွေရရှိရေးအတွက် မရပ်မနားကြိုးစား၏။ ထို့ကြောင့်လည်း လူသားသည် လူ့ဘဝခရီးလမ်းနှစ်တစ်သန်းကို လျှောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်၏။

လူသည် ဘဝရှင်သန်ရေးအတွက် အစဉ်ထာဝရ ရုန်းကန်လှုပ်ရှားနေရသည်တော့မဟုတ်။ အခက်အခဲများချည်းကိုသာ ရင်ဆိုင်ရသည်မဟုတ်။ အောင်ပွဲအခါများလည်း အကြိမ်ကြိမ်အခါခါရှိ၏။ လူ့ဘဝခရီးလမ်းသည်ထာဝရမုန်တိုင်းထန်နေသည်မဟုတ်။ ဘဝမုန်တိုင်းရပ်စဲ၍ လေနုအေးလေးများတိုက်ခတ်နေသည်ကို ခံစားရသောအခါလည်းရှိ၏။ ထိုအခါများတွင်လူသည်ကြည်နူးမှုကို ခံစားရသည်။ ထိုအခါများတွင် ကြည်နူးနှစ်လိုဘွယ်အပြုံးများကိုတွေ့ရ၏။

လူ့ဘဝတွင်လေနုအေးလေးများ တသွင်သွင်တိုက်ခတ်လျက်ရာသီဥတုကောင်းမွန်ကာပတ်ဝန်းကျင် တစ်ခုလုံးသာယာ၍ ကောင်းကင်တွင် မိုးသားတိမ်လိပ်တို့ ကင်းစင်လျက် ကောင်းကင်ပြင်ကြီးတစ်ခုလုံးပြာနေကာ ကြေးနီရောင်ထနေသော ရောင်စုံတိမ်တိုက်ကြီးများသည် နဂါးသဏ္ဌာန်၊ ဂဠုန်သဏ္ဌာန်ထင်မှတ်ရလောက်အောင် ထူးခြားဆန်းကျယ်လျက်လှပသာယာနေသော အချိန်မျိုးများလည်းရှိတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရေကတွတ်ပေါက်မှ တသွင်သွင်စီးကျနေသော နေရာမှ ညင်ညင်သာသာထွက်ပေါ်လာသည်။ ရေကျသံလေးများတိုးဝှေ့တိုက်ခတ်နေသော လေတိုးသံလေးများ ငှက်ကလေးများတေးဆိုသံများကို နားဆင်ရင်းလူသည် ကြည်နူးအပြုံးများကို ခံစားရင်း ကြည်နူးချမ်းမြေ့ရွှင်လန်းရသော အချိန်များလည်းရှိ၏။

ရာသီဥတုသာယာ၍ လှိုင်းအိလေးများဖြစ်ပေါ်နေသော မြစ်ပြင်ဝယ်ရွှေရောင်ဝင်းနေသော ငါးကြင်းလို ငါးတန်လိုငါးများကို ဖမ်းလိုက်တိုင်းရရှိသောကာလမျိုး၊ စားသောက်ဖွယ်ရာ ကောက်ပဲသီးနှံတို့တစ်နှံကို ဆယ်ပြည်ထွက်အောင် သီးပွင့်သည့်ကာလမျိုးနှင့် သားကောင်များကို အလွယ်တကူဖမ်းမိသောအခါများတွင်လည်း လူသားတို့သည်ပျော်ကြရသည်။ ကျေနပ်ကြည်နူးမှုနှင့် ဂုဏ်ယူဝမ်းမြောက်သော ခံစားမှုများ ဂုဏ်မောက် မာန်ဝင့်သော ခံစားမှုများကို ရရှိတတ်ကြ၏။ လူသည်ကြောက်ရွံ့စရာကောင်းသောအခါများတွင် ကြောက်ရွံ့သော ခံစားချက်၊ ထိတ်လန့်သောအခါများတွင် ထိတ်လန့်သောခံစားချက်၊ သာယာသောအခါများတွင် သာယာသောခံစားချက်၊ အောင်ပွဲများရရှိသောအခါအောင်ပွဲကို ဆွတ်ခူးသောခံစားချက်များကို ခံစားကြရ၏။

လူသည် ဘယ်လောက်ပင် ရှင်သန်လိုစိတ်ရှိသော်လည်း သူသည်အသက်အပိုင်းအခြား အကန့်အသတ်ဖြင့်သာ ရှင်သန်ရရှာ၏။ လူသည်ရှောင်လွှဲ၍မရသော အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုသော တရားများက ရင်ဆိုင်ကြရ၏။ ထိုအခါ လူသည်မသေချင်ဘဲ သေရသည်။ မနာလိုဘဲနာရသည်။ မအိုလိုဘဲ အိုရသည်။ မအိုလိုဘဲ မနာလိုဘဲ၊ မသေလိုဘဲ အိုရ နာရ သေရသောအခါများတွင်လည်း လူသည် ကြေကွဲစွာ ခံစားကြရှာ၏။

လူတွင် သံယောဇဉ်လည်းရှိ၏။ ထို့ကြောင့် သူကိုယ်တိုင်သေလမ်းနှင့်ကြုံမှမဟုတ် သူသံယောဇဉ် ရှိသော အခြားသူများသေကြ၊





အိုကြ၊ နာကြသောအခါတွင်လည်း ခံစားကြရ၏။ လူသည်ထိုသို့ အိုရ နာရ သေရသောအခါ သူ့အတွေ့အကြုံများ ပိုင်ဆိုင်မှုအရစ်ရစ်ကို ထုံးစံ အတိုင်းဆိုပါက သူ့နောက်မှ သေကြမည့်သူများဖြစ်သော သူ့သားသမီးတို့ထံ အမွေအဖြစ်ထားရစ်ကာ သေရှာသို့သွားရ၏။

ထို့ကြောင့်လူသည်လက်ဆင့်ကမ်းပြေးပွဲတစ်ခုကို မနားတမ်းပြေးနေရသူဖြစ်၏။

လူတွင် **မှတ်ဉာဏ်**ရှိ၏။ မှတ်ဉာဏ်သည် အဖြစ်အပျက်များ၊ အရာဝတ္ထုများကို မှတ်သားနိုင်၏။ စာပေမပေါ်ပေါက်မီက လူသည် မှတ်ဉာဏ်ကိုသာ အားကိုးခဲ့ရသူဖြစ်သည်။ လူ၌မှတ်ဉာဏ်အပြင် ဆင်ခြင်တွေးတောမှု၊ ဆင်ခြင်ကြံဆမှုများလည်းရှိသည်။ လူသည် နယ်နယ်ရရတော့မဟုတ်။ မိမိပတ်ဝန်းကျင် လောကကြီးသုံးပါးမှ အတွေ့အကြုံများကို ဆင်ခြင်တွေးတောကြံဆမှုပြု၍ ဝိဇ္ဇာပညာရပ်များ သိပ္ပံပညာရပ်များကို တွေးတောကြံဆခဲ့၏။

လူသည် အလေ့ကျပေါက်သော အပင်မှ သစ်သီးဝလံများကို ခူးစားလိုသည်။ သို့သော်လက်လှမ်းမမှီပဲ ရှိနေ၏။ ထိုအခါ စားစရာကို ခူးရန် တစ်စုံတစ်ရာ လိုအပ်လာ၏။ ထိုအခါဝါးတစ်ချောင်း၊ သစ်ကိုင်းတစ်ကိုင်းကိုရှာ၍ တံချူလုပ်ကာ ခူးယူသောအခါတွင် စားစရာရရှိ၏။ ထို့ကြောင့်တံချူသည် အာဟာရရရှိရေးအတွက် လိုအပ်ချက်ဖြစ်၏။ သို့မဟုတ် တုံးခုံ၍ခူးလျှင် ထိုတုံးသည် လူ့ဘဝလိုအပ်ချက်ဖြစ်၏။ လူ့ဘဝလိုအပ်ချက်တို့က များသည်။ သားရဲတိရစ္ဆာန်တို့နှင့် ကြုံလာပါက ယင်းတို့ကိုခုခံရန်လက်နက်လိုအပ်၏။ ထိုအခါသစ်သားချောင်းများ၊ ဝါးများကို အချွန်ပြုလုပ်၍ လက်နက်အဖြစ် အသုံးပြုသည်။ မြစ်တစ်ဝင်းအား သစ်တုံးကိုစီး၍ဖြတ်ကူးရာ ယခင်ကလက်ဖြင့်ယက်၍ ကူးသော်လည်း နောက်တော့လှော်တက်ကိုတီထွင်အသုံးပြုသည်။ လှော်တက်သည် ဘဝလိုအပ်ချက်ဖြစ်၏။ ဘဝလိုအပ်ချက်များသည် လူ့ဘဝတွင် လိုအပ်သော အရာများ **Nessary** တည်း။



www.burmeseclassic.com

www.burmeseclassic.com



လူသားတို့အစောဆုံးနှင့်အကျယ်ပြန့်ဆုံး အများအပြား တွေ့ရှိရသောအရာသည်မြေကြီးဖြစ်သည်။ မြေကအမျိုးမျိုးရှိ၏။ စေးသောမြေ၊ ဖွယ်သောမြေဟူ၍ရှိ၏။ မြေသည်ရေနှင့်ထိသောအခါပျော့၍နေပူသောအခါမာ၏။ မြေကြီးကိုမီးဖုတ်၍ မာသွားလျှင်ရေထည့်၍ရသည်။ ထိုအခါမြေကြီးကို ခွက်သဏ္ဍာန်၊ အိုးသဏ္ဍာန်ပြုလုပ်၍ မြေကိုမီးဖုတ်သောအခါ ပို၍မာသော မြေမီးဖုတ်ပစ္စည်းများအဖြစ်အိုးများ၊ ခွက်များကိုရ၏။

အိုးသည်လူဘဝဖြစ်စဉ်တွင် အလွန်အရေးကြီးသည်။ အိုးသည် လူတို့အတွက်ထည့်စရာ၊ ထမင်းဟင်းချက်စရာ ကောက်ပဲသီး နှံမျိုးစေ့များ သိုလှောင်ထိန်းသိမ်းရန်အသုံးဝင်၏။ အိုးမပေါ်မီက မျိုးစေ့သီးနှံများ ထိန်းသိမ်းထားရန်နေရာမရှိ၍ မျိုးစေ့များကို အင်္ဂုလိမာလလက်ညှိုးသိမ်းသလို ဟိုထားဒီထားထားရာမှ မျိုးစေ့များ ပျက်စီးခဲ့ရမျိုးသုန်းရသောအဖြစ်ကိုကြုံရ၏။ လူ့သမိုင်းတွင် အိုးနှင့်ပေါက်တူးပေါက်ပြား တွေ့ရှိမှုသည် အယ်ဒီဆင် လျှပ်စစ်မီးတွေ့ရှိမှုလိုအရေးကြီးကိစ္စရပ်ဖြစ်၏။ လူတွင်စိတ်ကူးစိတ်သန်းရှိ၏။ ပထမတော့အိုးများခွက်များသည် ပြောင်ချော၊ ဖင်လုံးအိုးများသာဖြစ်၏။ နောက်တော့ပြောင်ချော ဖင်လုံးအိုးများထက် အိုးပေါ်တွင်အစင်းရာ၊ အခြစ်ရာဒီဇိုင်းများပြုလုပ်လျှင် ကောင်းမည်ဟု စိတ်ကူးရ၏။ စိတ်ကူးရသည့်အတိုင်း အစင်းများအခြစ်များ လှိုင်းတွန့်များ ပြုလုပ်ခဲ့ကြ၏။ ပန်းချီ၏ရှေ့ပြေး ဟုခေါ်နိုင်၏။ အနုပညာသည် ပူသောဘာသာရပ်သည် လူ၏စိတ်ကူးနှင့်ကင်း၍ ပေါ်ပေါက်လာခြင်းမဟုတ်။ မြေကြီးကို အုတ်ပြုလုပ်၍ နေထိုင်ရန်အတွက် အသုံးပြုခဲ့ကြ၏။ စောစောပိုင်းကသစ်သားကိုအချွန်ပြုလုပ်၍ အသုံးပြု လာသော်လည်း နောက်ပိုင်းတွင် သားကောင်ကိုထိုးရန်၊ ခုတ်ရန်၊ သစ်သားချောင်းထိပ်တွင် ကျောက်ပစ္စည်းများကိုတပ်၍သုံးသည်။ ကြေးသတ္တုသည်ပျော့၍ အပူပေးလျှင်အရည်ပျော်ပုံသွင်းနိုင်သောကြောင့် လူသည် ကျောက်ခေတ်ပြီးတော့ကြေးကိုသုံးခဲ့





၏။ ကြေးကိုတွင်တွင်ကျယ်ကျယ် သုံးသောခေတ်ကို ကြေးခေတ်ဟုခေါ်၏။

လူသည်သစ်သား၊ သစ်ချောင်း၊ ကျောက်၊ ကြေး၊ သံတို့ကိုကိရိယာများပြုလုပ်၍ စိုက်ပျိုးရေးလုပ်ငန်းတွင်လည်းသုံး၏။ ကြေးသတ္တုဖြင့်လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သော အတတ်ပညာကိုပန်းတဉ်းဟု ခေါ်၏။ သံဖြင့်လူ့အသုံးအဆောင်အမျိုးမျိုးပြုလုပ်သောပညာကို ပန်းပဲဟုခေါ်သည်။ အုတ်၊ အင်္ဂတေတို့ အသုံးပြု၍ တည်ဆောက်မှုပြုခြင်းကိုပန်းရန်အတတ်၊ ရွှေကိုအဆင် တန်ဆာပြုလုပ်သောအတတ်ကို ပန်းထိမ် စသည်ဖြင့် လူသည်ဘဝလိုအပ်ချက်နှင့် အညီကြံဆလုပ်ကိုင်ရင်း ပန်းတမော့၊ ပန်းတော့၊ ပန်းယွန်းစသည်ဖြင့် လက်မှုပညာရပ်များတတ်မြောက်လာ၏။ ယင်းအတတ် ပညာတို့ကို လက်ဖြင့်ပြုလုပ်သောကြောင့် Handy-craft ဟုခေါ်ကြသည်။ **လက်မှုပညာအရပ်ရပ်သည် လူ့ဘဝလိုအပ်ချက်အရ ဖြစ်ပေါ်လာသော ပညာရပ်များဖြစ်ပါ၏။**

လူတို့မြေကိုသာအသုံးပြုသောကာလကို မြေကြီးခေတ်ဟုခေါ်နိုင်သည်။ ကျောက်ကိုအသုံးပြုလာသော ခေတ်ကို ကျောက်ခေတ်ဟုခေါ်၏။ ကျောက်ခေတ်သည် ကျောက်ကြမ်း၊ ကျောက်လယ်၊ ကျောက်ချောခေတ်ဟူ၍ သုံးခေတ်ရှိ၏။ ကျောက်ကိုအသုံးပြုပြီးနောက် လူသည်ကြေး၊ သံ၊ သွပ်၊ ခဲ၊ ရွှေ ငွေစသော သတ္တုမျိုးစုံကိုအသုံးပြုလာ၏။ အသုံးပြုသောသတ္တုများကိုအခြေခံ၍ ကြေးခေတ်၊ သံခေတ် ဟုခေါ်ခဲ့၏။ သံခေတ်တွင် စက်မှုခေတ်ထွန်းကားလာ၏။ ယင်းမှ အီလက်ထရွန်နစ်ခေတ်၊ သတင်းအချက်အလက် ခေတ်များသို့ ရောက်ရှိလာခြင်းသည် လူသည်သူ့ဘဝရှင်သန်အောင်မြင် တိုးတက်ရေးအတွက် ဘဝလိုအပ်ချက်များကို တဆင့်ပြီးတဆင့် ကောင်းမွန်သည်ထက် ကောင်းမွန်အောင်ကြိုးစားခဲ့ရာမှ ဤအဆင့်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါသော်ရှေးဦးလူတစ်စုသည် ချိုင့်တစ်ခုထဲတွင် ဆင်ကြီးတစ်ကောင် သူ့ဟာသူ ချောင်ပိတ်မိနေသည်ကို တွေ့ကြ၏။ ထိုအခါ ထိုသူများသည်ဆင်ကြီးကို သူတို့တွင်ပါသောကျောက်လက်နက်၊ တုတ်လက်နက်တို့ဖြင့် ထိုးခုတ်တိုက်ခိုက်ကြရာ ဆင်ကြီးသေ၏။ ဆင်သားများကို အလျှံပယ် စားသောက်ကြကြရ၏။ ဤမျှကြီးမားသော သတ္တဝါကြီးကို အနိုင်ရရှိခဲ့သောကြောင့်လည်း သူတို့ ဂုဏ်ယူကြသည်။ မာနကြီးကြသည်။ အချင်းချင်း ကြွားနိုင်၏။ ပျော်လည်းပျော်ကြ၏။ ဆင်သားကို စားရင်းမီးပုံ ဘေးတွင်ရွှင်မြူးစွာ ကခုန်ကြသည်။ ဆင်၏အမွေး၊ ဆင်၏အရေ၊ ဆင်၏အရိုးစသည်မှအစ ဆင်စွယ်စသည်တို့ကလည်း သူတို့၏ နေ့စဉ်ဘဝတွင် အသုံးကျလှ၏။ ဆင်အစွယ်ကို နားတွင် ပန်ထားပါက လှသည်။ အန္တရာယ်ကင်းသည်ဟု ယူဆကြသေး၏။ ထို အတွေ့အကြုံကို ရရှိသော လူသားသည် နောင်အခါ ဆင်သာမက အခြားတိရစ္ဆာန်များတွေ့လျှင်လည်း ထိုကဲ့သို့ ချောက်ထဲ၊ ကျဉ်းထဲသို့ မောင်းချကာ ဝိုင်းဝန်းဖမ်းဆီးစားသောက်ကြသည်။ ဘဝပတ်ဝန်းကျင်မှ ရရှိသော ဘဝသင်ခန်းစာဖြစ်၏။

သတ္တဝါများကို ဝိုင်းဝန်းဖမ်းဆီးစဉ် ပါးစပ်မှ အသံပြု၍ အော်ကြ၏။ ပတ်ဝန်းကျင်ရှိ ဝါးလုံး၊ သစ်သား၊ သတ္တုပြားများကို ခေါက်ခါ၊ ရိုက်ခါအသံများကိုပြုကာပျော်ရွှင်စွာကခုန် စားသောက်ကြ၏။ ဤသို့ဖြင့်ပျော်ရွှင် သောအသံ၏ သဘောကို လူတို့နားလည်ကြ၏။ ပျော်ရွှင်သောအခါ အသံကတစ်မျိုး၊ ဝမ်းနည်းသောအခါ အသံကတဖုံ ဝမ်းသာသံ ဝမ်းနည်းသံများက တစ်မျိုးမျိုးဖြစ်သည်ကို လူတို့ သိရှိလာ၏။ ဤသည်မှာဂီတ၏ အစပင်ဖြစ်၏။

နောင်တွင် လူတို့သည် ယခင်အခါကကဲ့သို့ ဆင်ကြီးဖမ်းမိဖို့ အခါခွင့်မသာဘဲရှိ၏။ ဆင်ကိုနောင်အခါ အလွယ်နှင့် မဖမ်းနိုင်ခဲ့ပဲရှိ၏။ ထိုအခါယခင် ဆင်ကြီးဖမ်းမိစဉ်က ဝမ်းသာသလိုပျော်သလိုလည်း ပျော်ချင်သောအခါ သူတို့သည် စဉ်းစားသည်။ လူတွင်စဉ်းစားဉာဏ်





ရှိ၏။ ထို့ကြောင့် ဆင်မရသည့်အဆုံး ကျောက်တုံးကြီးကို ဆင်ဟု သတ်မှတ်ကာဝိုင်းဖမ်းကြ၏။ ခဲများဖြင့်ပစ်၊ တုတ်ဖြင့်ရိုက်၊ ဓားနှင့်ခုတ်ကြကာ ကျောက်တုံးကြီးကို ဆင်အတုပြုလုပ်၍ ဖမ်းရင်း မပျော်ကြ၏။ ဆင်အတုကျောက်တုံးကြီးကို ဝိုင်းဖမ်းရင်း မောလာကြသောအခါ အခြားနွားတစ်ကောင်ကိုဖြစ်စေ သို့မဟုတ် ဆိတ်တစ်ကောင်ကို ဖြစ်စေ သတ်စားကြရာ ဟိုးအရင် ဆင်ကြီးဖမ်းမိသကဲ့သို့ပျော်ကြ ကကြသီဆိုကြရာမှ လူသည် ဆင်အစစ်ကို ဖမ်းမိမှမဟုတ်ဘဲ အတုလုပ်၍လည်း ပျော်ရွှင်နိုင်သည်ကို သိလာ၏။ ဤသည်မှာ သဘင်၏ အစပင်ဖြစ်၏။

တစ်ခါသော်ရှေးဦးလူတစ်ယောက်သည် တောလိုက်ထွက်လေရာ သတ္တဝါတစ်ကောင်ကို သူကတွေ့၏။ ထိုသတ္တဝါအား ချောက်လှန့်ကြည့်ရာ ထိုသတ္တဝါသည် မလန့်ရုံမျှမက သူ့အားအသေသတ်ရန် ခွန်အားအပြည့်နှင့် လိုက်သောကြောင့် တင်ပါးနှင့်ဖဝါးတသားတည်း နေအောင် ပြေးခဲ့ရသည်။ အပြေးကောင်း ၍ လွတ်ခဲ့ရခြင်းဖြစ်သည်။ ထိုသတ္တဝါကိုတစ်ခါဘူးမှလည်း မတွေ့ဘူးမမြင်ဘူးပေ။ သတ္တဝါသည် အလွန်လည်း လှပသည်။ အပြေးကောင်း၍သာ အသက်ဘေးမှ လွတ်မြောက်လာသောထိုသူသည် သူနေထိုင်သောဂူသို့ ပြန်ရောက်သောအခါ သတ္တဝါတစ်ကောင်လိုက်၍ ပြေးခဲ့ရကြောင်းကို အခြားသူများအား ပြန်ပြောပြသည်။ သတ္တဝါသည်အပြေးသန်သည်။ လှပသည်။ လျင်မြန်သည်။ ခြေလေးချောင်းပါသည်။ အမြီးရှည်သည်။ အစွယ် ပါသည်။ အရောင်ထွက်နေသော မျက်လုံးရှိသည်ဟု ပြောပြသောအခါ သူပြောသည်ကိုနားထောင်သူများက မျက်မမြင် ပုဏ္ဏားခြောက်ယောက် ဆင်ကိုလက်ဖြင့် စမ်း၍ပြောသကဲ့သို့ထိုသတ္တဝါအား တစ်ယောက်တစ်မျိုးစီသာ နားလည်ကြ၏။ တကယ်တော့ ထိုသတ္တဝါသည် ကျားသစ်ဖြစ်သည်။ ပြန်ပြောသူက ရှင်းအောင်ကြိုးစားပြီး ထပ်ပြောလေ နားရှုပ်လေဖြစ်၏။ ထိုအခါ သူတွေ့ခဲ့သော သတ္တဝါ၏ပုံကို နံရံတွင်မီးသွေး သို့မဟုတ် တိရစ္ဆာန်တို့သွေးစသည်တို့ သွေးနှင့် ဆွဲပြရာ တိရစ္ဆာန်၏



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်အားလုံးကို ချက်ချင်းသဘောပေါက်ခဲ့ရ၏။ ဤသည်မှာ ပန်းချီ၏ အစဖြစ်၏။ ထို့ကြောင့် **ပန်းချီအနုပညာ၏ အစတွင်ပင် မသိသည်ကို အတိအကျသိအောင် အသိပညာပေး အလုပ်ပါဝင်၏။** အနုပညာရပ်တို့တွင် ကနဦးတီထွင်စဉ်ကပင် ခံစားမှုသက်သက်မဟုတ်။ ပညာပေးအလုပ်ပါဝင်၏။

ရှေးအခါက သားကောင်ဖမ်းမိခြင်းသည် ဂုဏ်သိက္ခာတစ်ရပ်ဖြစ်သည်။ မိမိသားကောင်ဘယ် နှစ်ကောင်ဖမ်းမိသည်ကို ဦးချို၊ ဦးခေါင်းများကိုသိမ်းဆီးထားခြင်းဖြင့် မှတ်သား၏။ ကြာသော်ဦးချို၊ ဦးခေါင်းတို့ ပျက်စီးလေလျှင် သူတို့နေသောနံရံတွင် တုတ်ချောင်း လက္ခဏာ အမှတ်အသားများ ရေးသားမှတ်တမ်းပြုထားရာမှ အချောင်းတစ်ချောင်းကိုသတ္တဝါတစ်ကောင်ဟု မှတ်သား၏။ ဤသည်မှာလည်း ဂဏန်းသင်္ချာ၏အစ ဖြစ်၏။ ရှေးဦးလူတို့သည် နေကိုလည်းကောင်း၊ လကိုလည်းကောင်းပတ်ဝန်းကျင်ရှိ ပစ္စည်းများ သားကောင်များကိုလည်းကောင်း၊ အမှတ်အသားဆက်ပြုခဲ့ကြ၏။ အဝိုင်းသဏ္ဌာန်ဝလုံးကိုနေ၊ တစ်ခြမ်းပဲ့ဟန်ကိုလ၊ အစက်ကလေးများကိုကြယ်၊ မျဉ်းကြောင်းလေးများစောင်းလျက်ကျနေလျှင် မိုးရွာခြင်း၊ လှိုင်းတွန့်လေးများ ထနေလျှင် ပင်လယ်စသည်ဖြင့် မှတ်သားရာမှ စာပေအမှတ်အသားပေါ်ပေါက်ခဲ့ပါ၏။ ဤသည်မှာစာပေ အနုပညာရပ်၏အစပင် ဖြစ်ပါ၏။ နေကိုအဝိုင်းဟုမှတ်သားခြင်း၊ လကိုတစ်ခြမ်းပဲ့မှတ်ခြင်း၊ မျဉ်းအစောင်းလေးများကို မိုးစက်ဟုမှတ်ခြင်းတွင် တင်စားမှုပါသည်။

လူသည်သူတွေ့ရှိရသော ရောင်စုံကျောက်အမျိုးမျိုးကိုလည်းကောင်း၊ တိရစ္ဆာန်အရိုးအစွယ်စသည်တို့ကို လည်းကောင်း လည်တွင်ဆွဲရန် နားတွင်ဆင်ရန် အဆင်တန်ဆာများကိုလုပ်အောင် ပြုလုပ်ဝတ်ဆင်မှုလည်းပြုလာကြ၏။

လူတို့သည်သူ့ဘဝခရီးလမ်းနှစ်တစ်သန်းတွင် မိမိဘဝရှင်သန်ရေးအတွက် ဘဝလိုအပ်ချက် ပစ္စည်းများကို ဒလစပ်ရှာဖွေကြံဆ ဖော်





ထုတ်ရင်း လျှောက်လှမ်းခဲ့ကြရသူဖြစ်၏။ ဘဝလိုအပ်ချက်ပစ္စည်းနှစ်မျိုးရှိ၏။ တစ်မျိုးမှာ သဘာဝအန္တရာယ်ကို ကာကွယ်ရန်နှင့် စားဝတ်နေရေးအတွက် လိုအပ်သော ရုပ်ဘဝလိုအပ်ချက် များဖြစ်၍ အခြားတစ်မျိုးမှာ **စိတ်လိုအပ်ချက်များ** ဖြစ်၏။ အနုပညာတွင် ခံစားချက်ပါသည်။ အနုပညာသည် လူသား၏ ခံစားချက်နှင့် ကင်းပြီးဖြစ်ပေါ်လာသော ကိစ္စမဟုတ်။

**လက်နက်များဖြစ်သောလေး၊ မြား၊ ဓား၊ လှံလက်နက်၊ အိုး၊ ခွက်၊ ပုဂံ၊ အဝတ်အထည်၊ လှေ၊ လှည်း၊ ရထား၊ တိုက်တာ အဆောက်အအုံ၊ မြို့ပြပြည်ရွာစသည့်တည်ဆောက်မှုတို့သည် လူ၏ရုပ်ဘဝ လိုအပ်ချက်များဖြစ်၍ ရယ်ခြင်း၊ ငိုခြင်း၊ ပျော်ခြင်း၊ ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ အံ့ဩခြင်း၊ ကခုန်ခြင်းသီဆိုခြင်းတို့ကို ဖန်တီးနိုင်သော အက၊ ဂီတ၊ ဓာတ်သဘင်၊ အငြိမ့်၊ စာပေ၊ အလှအပခံစားမှုတို့သည် စိတ်ဘဝလိုအပ်ချက်တို့ ဖြစ်ပါသည်။**

လူသည်သူ့ဘဝခရီးလမ်းအနှစ်တသန်းတွင် သူ့ပတ်ဝန်းကျင်မှ သတ္တလောက ဩကာသလောက၊ သင်္ခါရလောကအတွင်းမှ အဖြစ်အပျက်များစွာကို တွေ့ကြုံခံစားရသည်။ ထိုအတွေ့အကြုံနှင့်သာ လူသည်အနုပညာကို ဖန်တီးနိုင်ခြင်းဖြစ်၏။ အခြားမည်သည့် ပယောဂမှ မပါ။ အနုပညာကို လူသည် သူ့ဟာသူ ဖန်တီးခံစားခြင်းဖြစ်၏။

လူသားတစ်ဦး၏ တစ်နေ့တာ အတွေ့အကြုံတွင်ပင် သဘာဝပတ်ဝန်းကျင်အမျိုးမျိုးကို တွေ့မြင်ရ၏။ ဂူနေလူသားသည် သူနိုးလာသောအခါ အာရုံဦးစ ပျို့စပြုပြီဖြစ်၏။ ဝေလီဝေလင်းအချိန်ဖြစ်သည်။ အရှေ့ လောကဓါတ်မှ နေမင်းကြီးထွက်လာတော့မည်။ ထိုအချိန်တွင် နေမင်းကြီးသည် အားမာန်အပြည့်နှင့်ဖြစ်၏။ ထိုလူသားသည် ကျောက်လက်နက်တစ်ခုကို ဆွဲယူကာ ရေကျချောင်းလေးဆီသို့ ပြေး၏။ ရေကျချောင်းလေးမှ ရေများတသွင်သွင်စီးဆင်းနေ၏။ ရေကျချောင်းလေးအား မှုန်တိမှုန်မွှားရပ်ကြည့်ချိန်တွင်ပင် အာရုံဦးအလင်းရောင် အသင်း



www.burmeseclassic.com

www.burmeseclassic.com



တန်းများထွက်ပေါ်လာသည်။ အရောင်တွေစုံလှချည်ပါလား။ တောက်ပသော အရောင်တွေချည်းပါဘဲလားဟု စဉ်းစားနေစဉ် မကြာမီအရှေ့မိုးကုတ်စက်ဝိုင်းအတွင်းမှ နေလုံးနီနီကြီး ထွက်ပေါ်လာသည်။ လုံးဝိုင်းသော နေမင်းကြီးသည်ပို၍ တောက်ပသောအရောင်များကို ထုတ်လွှတ်ပြန်၏။ ဂူနေလူသားသည် လှပစွာ အလင်းရောင်များ ဖြာတန်းကျရောက်နေသော ရေကျချောင်းလေးမှ ရေစီးသံကို နားထောင်ရင်း ထိုချောင်းထဲမှ ရေကိုလက်ခုပ်ဖြင့်ခပ်၍ တဝသောက်ကာ သူ့ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရှုရင်း ကျေးငှက်တို့၏ အသံများကြောင့် သူပျော်လာ၏။ လူသားသည် ပျော်လာသဖြင့် ခုန်ပေါက်၍သွား၏။ ခုန်ပေါက်လှုပ်ရှားခြင်းသည် ပျော်ရွှင်မှုကိုပြသသော လက္ခဏာ တစ်ရပ်ဖြစ်လာသည်။ ထို့နောက် သူသည်ခရီးဆက်၍သွားလာ၏။ တနေရာတွင် သာရကာကျေးငှက်တို့ မြူးထူးစွာအသံပြုနေသည်ကို သူသည် ရပ်၍ နားထောင်၏။ သာရကာကျေးငှက်များ အသံပြုသလိုသူပါးစပ်မှ အသံများကိုတု၍ လိုက်ထွက်ကြည့်၏။ အော်ကြည့်၏။ ဤလူသားသည် ပါးစပ် ဆိုင်းတီးမိခြင်းဖြစ်၏။

ရှေ့ဆက်သွားတော့ သမင်ဖိုကြီးတကောင် တောင်စွယ်တွင် မားမားဝင့်ဝင့်ရပ်နေသည်ကို တွေ့ရ၏။ အလွန်တရာမှ လှပ၍ ထိုသမင်ဖိုကြီးရပ်နေပုံကို သူသည်ငေးကြည့်နေမိ၏။ ဒီသမင်ဖိုကြီးအား သူတစ်ဦးတည်းဖြင့် မဖမ်းနိုင်ကြောင်းသိ၍ သူသည်ခရီးဆက်ထွက်ခဲ့ပြန်ရာ သူသည် ဧရာဝတီ ကမ်းစပ်တစ်နေရာသို့ရောက်သည်။ ဒီနေ့ ဧရာဝတီမြစ်ထဲတွင် ငါးတွေအလွန်ပေါလှပါလား။ ငါးများရေပေါ်အထိ ခုန်နေကြသည်။ ငါးများမြူးထူးနေကြခြင်းဖြစ်၏။ ဘာလို့မြူးနေကြသည်မသိ။ ငါးများရေထဲမှခုန်ပြီး ရေထဲပြန်အကျတွင် ပလုံပလုံနှင့် ပလုံသံစီနေ၏။ ထိုအသံလေးများကိုတု၍ သူသည်အသံထွက်ကြည့်ပြန်၏။





ထို့နောက်တော့ ဂဏန်းတကောင်ကိုမိ၍ ဖမ်းပြီးစားပစ်လိုက်၏။ နောက်ငါးတစ်ကောင်ကိုမိ၍ စားပစ်လိုက်ပြန်၏။ ဗိုက်ပြည့်လာလျှင် သူသည်မြစ်ဓါးတွင် အားရပါးရ အိပ်ပစ်လိုက်၏။ ခြေထောက်ကို လှိုင်းလာပုတ်မှ နိုးလာသည်။ ရေတက်လာသည်ကို သတိပြုမိ၏။ ထို့ကြောင့် ရေလွတ်ရာသို့ လျှောက်လာရင်း မိုးပေါက်ကလေးများကျလာရာ အသင့်တွေ့ရသော ကညင်ပင်ကြီးအောက်သို့ ဝင်လိုက်လျှင် မိုးလုံသွား၏။ အင်ကညင်ရွက်များက မိုးကိုအကာအကွယ်ပေးနိုင်ကြောင်းတွေးမိ၏။ လူတွင် ခံစားချက်ရှိသလို အတွေးများရှိ၏။ အနုပညာရပ်တွင် လူ့ခံစားချက်ပါဝင်သလို လူ့အတွေးလည်းပါဝင်၏။ လူသားသည် မြစ်ကမ်းနားဘေးတို့တွင် လျှောက်သွားရင် ကြေးသတ္တုတစ်တုံးကိုတွေ့၏။ သံသတ္တုကိုလည်းတွေ့၏။ အခြား ဖန်လိုမှန်လို အရာများကိုလည်းတွေ့သည်။ ရွှေနှင့် ငွေကိုလည်းတွေ့သည်။ သူသည်ထူးဆန်းမာကြောသော သတ္တုများကို လိုက်ကောက်ပြီး တူရာတူရာ စုပုံထား၏။ ထိုသတ္တုများကို သူ၏ကျောက်လက်နက်ဖြင့် ထုကြည့်ရာ ကြေးသတ္တုကိုထု၍ ရသည်ကိုတွေ့ရ၍ ထိုအရာသည် တစ်စုံတစ်ရာအသုံးဝင်နိုင်မည်ဟု မှတ်ယူကာ ကြေးများကို သူ့နေရာဂူသို့ယူလာသည်။ ကြေးခေတ်ကို ထိုလူသားက စတင်ထူထောင်ခြင်းဖြစ်၏။ ကြေးဖြင့်အိုးပြုလုပ်ရန် တွေးတောစိတ်ကူး၏။ လူတို့ကြေးကို အသုံးပြုသော ခေတ်ကိုကြေးခေတ်ဟုခေါ်၏။

ထိုတစ်နေ့တာခရီးကို ပြန်ကြည့်ပါက လူသည် သဘာဝတရားမှ အတုလုပ်စရာကိစ္စ အတော်များများရ၏။ သူသည် မနက်ကတွေ့ရသော နေလုံးကြီးကို သူကျောက်ဂူနံရံတွင် အရုပ်ဆွဲ၏။ သဘာဝကိုအတုပြုလုပ်ခြင်းဖြစ်၏။ ထို့နောက် ကျေးငှက်သာရကာများ မြူးထူးစွာအသံပြုနေသည်ကိုအတုလုပ်၍ ပါးစပ်ဖြင့် အသံဗလံများ ထွက်ကြည့်သည်။ သူနေ့လည်က တွေ့ခဲ့သောသမင်ကြီးကို သူသည်အလွန်မှသဘောကျသည်။ ထို့ကြောင့် သူသည် သူတစ်နေ့ကယူလာသော



www.burmeseclassic.com

www.burmeseclassic.com



ရွံ့စေးများဖြင့် ထိုသမင်ရုပ်ကိုပြုလုပ်၏။ ငါးများပလုံစီအောင် ခုန်ပေါက်မြူးရာမှ ထွက်ပေါ်သောအသံကိုတု၍ သူသည်ပလုံသံပေါက်အောင် ဝါးပြွားများ၊ ကြေးပြွားများကို ခေါက်ကြည့်၏။ ကြေးပတ္တလား၊ ဝါးပတ္တလား၏အစပင် ဖြစ်ပါမည်။ ထိုနောက်ရေကတွတ်ပေါက်မှ ရေကျသံများကိုလည်း တူအောင်အသံထွက်၍ဆို၏။ သူသည် မြစ်ကမ်းမှ ယူလာသော ကြေးတုံးလေးများကို ကျောက်လက်နက်ဖြင့် ထုရုံသာမကမီးတွင်အရည်ကျို၍ အိုးများခွက်များပြုလုပ်သည်။ သစ်စေ့အခွံများ၏ ပုံကိုကြည့်၍ခပ်ယူရန်ဇွန်းပြုလုပ်၏။ သူသည် သူပြုလုပ်သော မြေအိုးအဖုံးနှင့်အိုးကိုယ်ထည်များပေါ်တွင် သူဒီနေ့တွေ့ခဲ့သော ပန်းပွင့်များ၊ သစ်ရွက်များကို တူအောင်ရေးဆွဲသည်။ ဤသို့ဖြင့် လူသည် သူ့ပတ်ဝန်းကျင်မှ တွေ့ရသည့် သဘာဝအလျောက်ဖြစ်ပေါ်နေသော အသီးအပွင့်များ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောတောင်၊ ရေမြေတို့ကို အတုယူကာရုပ်ဘဝလိုအပ်ချက်၊ စိတ်လိုအပ်ချက်နှင့်အညီ ပစ္စည်းများကို အတုပြုလုပ်သည်။

အနုပညာသည် လောကကြီးသုံးပါးထဲမှ ဖြစ်ပျက်ပြောင်းလဲမှု သဘာဝဖြစ်စဉ်များကို ထိန်းသိမ်းထား သောအလုပ်ကိုလည်း လုပ်ဆောင်၏။ ပြဒါးလင်းဂူတွင်းမှ ပန်းချီများ၊ တကောင်းအိုးများပေါ်မှ ဒီဇိုင်းများ၊ ပျူဒင်္ဂါးများပေါ်မှ အမှတ်အသားများသည် ရှည်ကြာမှုနှင့် ထိန်းသိမ်းမှု ပြုထားသည်ကိုတွေ့ရ၏။ အနုပညာသည် လူတို့၏ အနှစ်တစ်သန်းဘဝခရီးလမ်း သမိုင်းအတွေ့အကြုံများကို သီဆို၍လည်းကောင်း၊ ယိမ်းနွဲ့၍ လည်းကောင်း၊ ကျောက်အက္ခရာပေထက် အက္ခရာတင်၍လည်းကောင်း၊ ထုထွင်းပုံသွင်း၍လည်းကောင်း ထိန်းသိမ်းထားရှိသည်။

**အနုပညာဆိုသည်မှာ သဘာဝတရားကြီးအတွင်း၌ရှိသော အရှိတရားများကို လူ၏ဦးနှောက်တွင် ခံစား၍ (အနုပညာသည်က) ဖန်တီးသော ပညာဖြစ်၏။ အနုပညာရပ်များကို ဖန်တီးသူသည် လူသားပင်ဖြစ်သည်။**

❐ ❐ ❐



အခန်း (၃)

## လူ့အဖွဲ့အစည်းအတွင်း ပရဟိတလုပ်ငန်းပေါ်ပေါက်လာခြင်း

လူသည်ခံစားမှုသာမက ဆင်ခြင်တုံတရားရှိသူလည်းဖြစ်၏။ ဆင်ခြင်တုံတရားရှိမှုကြောင့် သူ့ကိုလူဟုခေါ်ဆိုခြင်းဖြစ်သည်။ လူတွင် ဆင်ခြင်တုံတရားရှိသော်လည်း အတ္တမင်းမှုသူဖြစ်သည်။ အမိဝမ်းတွင်း၌နေစဉ်ကပင် မိခင်အားတစ်ချက်ကလေးမှ ငဲ့ကွက်မှုမရှိဘဲ အစာအာဟာရကို မိခင်ထံမှရယူဖြစ်သည်။ လူသည် ထိုစဉ်ကပင် သူ့အတွက်သာသူကြည့်၏။ အမိဝမ်းတွင်းမှထွက်လာသောအခါတွင်လည်း သူသည် သူ့အသက်ရှင်ရေးကိုသာ ရည်ရွယ်၍အမိအားနည်းနည်းမျှ ငဲ့ကွက်မှုမရှိသူဖြစ်၏။ လူသည်မိခင်ဝမ်းဗိုက်အတွင်း၌ ကိုးလကျော်ဆယ်လအမြှိန့်သားနေပြီး၍ ထွက်လာသောအခါတွင်လည်း မိခင်ကို တစ်စုံတစ်ရာငဲ့ကွက်မှုမရှိဘဲ ရုန်းကန်ထွက်ရှိလာသူဖြစ်၏။ နို့စို့ကလေးဘဝတွင်လည်း သူသည်အတ္တကိုသာရှေ့ထားသူသာဖြစ်သည်။ လူသည် အတ္တသတ္တဝါဖြစ်သည်မှာမှန်၏။ ထိုအတ္တသည် သူ့ဘဝရှင်သန်ရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘဝလိုအပ်ချက်ဖြစ်၏။ သို့သော်လူသည် သူဘဝ ရှင်သန်ရေး အတွက် ကြိုးပမ်းရာတွင် သူ့ကဲ့သို့ပင် အတ္တရှိသောသူများကို မလွှဲသာ မရှောင်သာ ဆက်ဆံခဲ့ရသည်။

လူသည်ကြီးမားသော သဘာဝဘေးအန္တရာယ်ကြီးများနှင့် ကြုံတွေ့ရသောအခါ သူ့လိုအတ္တရှိသော လူအချင်းချင်း မလွှဲသာ မရှောင်သာ လက်တွဲကြရသည်။ ရေကြီးလာသောအခါ သူတို့နေထိုင်ရာရွာလေး ရေမြုပ်မသွားအောင် အချင်းချင်းပူးပေါင်း ဆောင်ရွက်ကြရ၏။ သားကောင်ကြီးများကိုဖမ်းဆီးရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်းနှင့် ဆောင်ရွက်၍မရ၊ သူ့ကဲ့သို့ပင် အတ္တရှိသော အခြားလူအများနှင့် ပူးပေါင်းဆောင်ရွက်ကြရ၏။ ယင်းအတွေ့အကြုံမှ လူသည်ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကိုသူ နားလည်လာ၏။

တစ်ခါသော်သားကောင်ကြီးတစ်ကောင်သည် သူတို့ရွာအား လာရောက်အန္တရာယ်ပြုသည်။ သားကောင်၏ အန္တရာယ်ကိုပထမဆုံး ခံစားရသူသည် ရွာတောင်ဘက်ထိပ်တွင်နေသူ ဦးမြကြီးဖြစ်သည်။ ရွာထိပ်ကပုဂ္ဂိုလ်ခံစားရတာဘဲဟုဆိုကာ ရွာလယ်မှ ဦးလှကြီးက အကူအညီမပေးသောအခါ သတ္တဝါကြီးသည် ရွာထိပ်မှနေသူ ဦးမြကြီးကို အန္တရာယ်ပေးပြီး ရွာလယ်မှဦးလှကြီးထံသို့ရောက်လာ၏။ ထို့နောက်တော့ ဦးလှကြီးသာမက သူ့မိတ်ဆွေ ဦးဝကြီး အခြားသော ရွာသားများဖြစ်သည့် ဦးဝက်ကြီး၊ ဦးတက်ကြီးတို့ အပါအဝင်တစ်ရွာလုံးကို အန္တရာယ်ပြုလေလျှင် သူတို့နေထိုင်ရာရွာလေးသည် တိရစ္ဆာန်ကြီးကြောင့် စိစိညက်ညက်ကြေသွားသည်။ ထိုအခါ ကိုယ့်အိမ်ကိုယ်ပြန်ဆောက်ကြရ၏။နောက်တစ်ကြိမ် ထိုသတ္တဝါကြီး ရောက်လာပြန်သောအခါ တစ်ရွာလုံးက ထိုသတ္တဝါကြီးအား ဝိုင်းဝန်းစုပေါင်းတိုက်ခိုက်ခြောက်လှန့်လိုက်ကြသည်။ ခြောက်လှန့်နိုင်ရုံသာမက လူအများ၏ ညီညွတ်သော အင်အားဖြင့်သတ္တဝါကြီးကို သတ်ဖြတ်နိုင်လိုက်၏။ ထိုအခါတွင် အတ္တရှိသောရွာသားများသည် သတ္တဝါကြီး၏ အသားကို





သူပိုရထိုက်သည်၊ ငါပိုရထိုက်သည်ဟုအငြင်း အခုန်ဖြစ်ကြ ပြန်သည်။ ယင်းမှ မျှတစွာခွဲဝေစားသောက်ခြင်းဖြင့် အေးချမ်းစွာ ဖြေရှင်းနိုင်ရုံသာမက သားကောင်ကြီးကိုအောင်နိုင်မှုအတွက် အောင်မြင်မှုအခမ်းအနားကိုပါ ပျော်ရွှင်စွာ ကျင်းပနိုင်ကြ၏။ ထို အတွေ့အကြုံက လူသားတို့အားအရာရာကို အတ္တရှေ့တန်းထားလုပ် ဆောင်၍မရကြောင်း သင်ကြားပေးခဲ့၏။ ထို့ပြင် ညီညွတ်ခြင်းသည် ခွန်အားဖြစ်ကြောင်းကိုလည်း သင်ခန်းစာရရှိခဲ့ကြ၏။

လူများသည်တစ်ဦးနှင့်တစ်ဦး အရပ်အမောင်း၊ အသိဉာဏ်၊ ခွန်အားမတိမ်းမယိမ်းသာရှိကြရာ ကိုယ်ပြေးနိုင်သလောက် သူကလည်းပြေးနိုင်၏။ သူပြောနိုင်သလောက်ကိုယ်ကလည်းပြောနိုင်၏။ ကိုယ်ခုန်နိုင်သလောက် သူကလည်းခုန်နိုင်၊ ကိုယ်စဉ်းစားသလို သူကလည်းစဉ်းစားနိုင်သောအခါ လူ့လောကတွင် လူလူချင်းအတ္တဖြင့် အနိုင်ယူ၍မရသည့်အဖြစ်ကိုသိလာ၏။ သူ့အကျိုးကိုယ့်အကျိုးမျှမျှတတ ဆောင်ရွက်မှုသည် လူ့အဖွဲ့အစည်းတွင် အတ္တချည်းရှေ့ထားဆောင်ရွက်မှုထက် အေးချမ်းမှု၊ သာယာမှု၊ အောင်မြင်မှု၊ စည်းလုံးညီညွတ်မှုတို့ရရှိသည်ကိုသိလာ၏။ စည်းလုံးညီညွတ်မှုသည် အင်အားဖြစ်ကြောင်း သိရှိလာသော အတွေ့အကြုံရှိလူများက နောင်လာနောက်သားတို့အား လူလူချင်းစည်းလုံးညီညွတ်စွာ နေထိုင်ကြရန် ဩဝါဒစကားများမှာကြားခဲ့၏။

အလွန်ကြီးမားသောသတ္တဝါကြီးတစ်ကောင်ကို တခါက မိမိတို့ရွာသားများ စည်းလုံးညီညွတ်မှုကြောင့် အောင်နိုင်ခဲ့သည်ကို ပြန်၍ပြောပြခဲ့သည်။ စည်းလုံးညီညွတ်မှုမှသည် ခွဲဝေခံစားတတ်လာ၏။ လှေတစ်စီးကို လူနှစ်ယောက် မျက်နှာချင်းဆိုင်လှော်နေကြရာ ထိုနေရာမှမရွေ့ဘဲရှိရာ မျက်နှာတစ်ဖက်တည်းသို့တူရူ ဦးတည် လှော်ခတ်မှ လျင်လျင်မြန်မြန်ပင်ရွေ့လျားကြောင်းသိလာကြ၍ ညီညွတ်မှု၏ သဘာဝကိုသိလာကြ၏။ ထိုမှရွာလမ်းကိုစုပေါင်းသန့်ရှင်းခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရှာတံတားကိုစုပေါင်း တည်ဆောက်ခြင်းတို့ ပြုလာခဲ့ကြ၏။ ထိုသို့ ရှာတံတားကို စုပေါင်းတည်ဆောက်မှုသည် လူ့ဘဝ၏ အလှတရား လူ့ဘဝ၏ အနုပညာပင်ဖြစ်၏။ အများအကျိုးဆောင်ရွက်ခြင်းဖြင့် လူသည်သူ့အကျိုးအတွက်လည်းအချိုးကျ ရရှိသည်ကို သိရှိလာ၏။ ဤသို့သိရှိလာခြင်းအစသည် လူ့ယဉ်ကျေးမှု၏ အစပင်ဖြစ်သည်။ လူသည်မျှမျှတတ စည်းလုံးညီညွတ်စွာ ဆောင်ရွက်မှု၏ အကျိုးကျေးဇူးကိုပို၍သိရှိလာ၏။ လူတစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီမှုသည် အရေးပါကြောင်းသိလာ၏။ မိုးဦးကျ ဘေးအိမ်မှ အိမ်အမိုးမိုးသည်ကို အခြားရွာသားများက ဝိုင်းမိုးပေးခြင်းဖြင့် မိမိအိမ်အမိုးမိုးရန်လိုသောအခါတွင်လည်း အများကဝိုင်းမိုးပေးကြသဖြင့် အပြန်အလှန်ကူညီမှုသဘောဖြင့် အပြန်အလှန်ကူညီမှု၏ အလှကိုခံစားခဲ့ကြ၏။ ဘဝတွင်ကျောက်တုန်းကြီးကို ဆင်ဟုအတုပြုလုပ်၍ ပျော်ရွှင်ရမှ အနုပညာမဟုတ်။ **အနုပညာဟူသည် အခြားမည်သည့်နည်းနှင့်ဖြစ်စေ၊ တနည်းနည်းဖြင့် လောကအလှတရားကိုဖြစ်စေပါက အလှတရားဖန်တီးသောပညာသည် အနုပညာဖြစ်၏။**

စပါးများရင့်မှည့်ချိန်တွင်စုပေါင်းရိတ်သိမ်းခြင်းဖြင့် ပျော်ရွှင်စွာ ရိတ်သိမ်းရသလို အချိန်မီရိတ်သိမ်း နိုင်ခဲ့သဖြင့် စပါးအလေအလွင့်နည်းပါးခဲ့ရသည်ကို သိရှိလာ၏။ နောင်အခါ အပြန်အလှန်အိမ်ကူ၍မိုးပေးခြင်း၊ ကောက်ပဲသီးနှံများအပြန်အလှန် ရိတ်သိမ်းပေးခြင်းစသော အလေ့အထသည် ရပ်ရွာ၏ဓလေ့ များဖြစ်ခဲ့သည်။ ယဉ်ကျေးလာသောလူ့အဖွဲ့အစည်းသည် ယဉ်ကျေးလာသည်နှင့်အတူ ချည်းသက်သက်ပြုလုပ်၍မရ၊ အများအကျိုးကိုလည်း ဆောင်ရွက်ရမည်ကို သိရှိလာရင်း အတ္တ၊ ပရ မျှတစွာ ဆောင်ရွက်မှုများ ပေါ်ပေါက်လာ၏။ လူ့ဘဝတွင် အတ္တနှင့် ပရမျှတစွာနေပါက ထိုလူ့အဖွဲ့အစည်းကို အနုပညာထွန်းကားသောအဖွဲ့အစည်းဟုခေါ်၏။ **ညီညွတ်မျှတမှုကြောင့်ဖြစ်ပေါ်လာသော အလှသည် အနုပညာဖြစ်၏။ အရောင်အသွေး**





**ညီညွတ်မှု၊ အချိုးအဆစ်ညီညွတ်မှု၊ အနိမ့်အမြင့်ညီညွတ်မှု၊ အတိုးအကျယ်ညီညွတ်မှု၊ အနီးအဝေးညီညွတ်မှု၊ အကျိုးအကြောင်းညီညွတ်မျှတမှုတို့သည် အနုပညာပင်ဖြစ်သည်။**

အတ္တ၊ပရ မျှတစွာနေနိုင်ရေးအတွက် စည်းကမ်းများ၊ ဥပဒေများကို အများနှင့်စုပေါင်းသတ်မှတ် စုပေါင်းအတည်ပြုပြီး စုပေါင်းလိုက်နာခဲ့ကြ၏။ ထိုလူ့အဖွဲ့အစည်းသည် အနုပညာထွန်းကားသော အဖွဲ့အစည်းဖြစ်၏။

လူသည်ထိုမှတဆင့် စုပေါင်းလုပ်ဆောင်မှုထက် ပိုမိုနက်နဲသော သစ္စာတရားအပြန်အလှန်ထားရှိမှု၏ အကျိုးတရားကိုလည်း သိလာ၏။ သစ္စာထားရှိမှု၊ အပြန်အလှန်ပေးကမ်းမှုများ၏ အကျိုးကျေးဇူးများကို လည်းသိလာ၏။ အပြန်အလှန်စောင့်ထိန်းမှုတရားတို့သည်လူ့ဘဝတွင်ရှင်သန်လာ၏။ ထိုအရာများက လူတို့သည် မိမိဘဝတွင် စောင့်စည်းရမည့်အသိတရားများ အဖြစ်သတ်မှတ်ခဲ့ ကြ၏။

ကတိတည်ကြည်မှု၊ ကတိစကားကိုအပြန်အလှန်လေးစားလိုက်နာမှုတို့၏ တန်ဖိုးကိုသိလာကြသည်နှင့်အညီ ဥပဒေများ၊ နီတိများ၊ ကျင့်ထုံးများကို သတ်မှတ်ပြဋ္ဌာန်းလိုက်နာမှုများလည်း ပြုလာ၏။ ဥပဒေ၊ ကျင့်ထုံးများကို အများက ဝိုင်းဝန်းရေးသား၍ အများက လိုက်နာမှုသည် လူ့ဘဝတွင် နေဝင်ဆည်းဆာကို မြင်ရသည်ထက်၊ လမင်းကြီးထိန်ထိန်သာသည်ကို မြင်ရသည့်အတိုင်းအဆမရှိပို၍ ကြီးမားသော လူ့ဘဝအလှတရားဖြစ်၏။ လူအများစည်းလုံး ညီညွတ်စွာနေထိုင်ကြသည်ထက် ပိုမိုကြီးမားသော အလှတရားသည်မရှိ။ အလှတရားတိုင်းတွင် အနုပညာကိန်းအောင်းလျက်ရှိသည်။

အလှတကာအလှတွင် အကြီးကျယ်ဆုံးသော အလှဖြစ်သည်။ စိတ်အလှကို ဖန်တီးနိုင်သော အနုပညာသည် အကြီးကျယ်ဆုံးသော အမြင့်မြတ်ဆုံးသော အနုပညာဖြစ်၏။ အနုပညာသည် ခံစားမှုသက်သက်ဆိုပါက များစွာမကြီးကျယ်နိုင် စိတ်အလှတရားပါဝင်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ အလွန်အမင်းကြီးကျယ်သွား၏။ စိတ်အလှတရားသည် လူ့ဘဝတွင် မရှိမဖြစ်သောအရာဖြစ်၏။ ထိုအရာသည် လူ့လောကလူ့ဘဝကို ပျော့ပြောင်းစေ၏။

လူသားသည် ထိုမှတဆင့် အပြန်အလှန် လေးစားချစ်ခင်မှု၊ မေတ္တာတရားထားရှိမှုတို့ကို မကျင့်ပြုဆောင်ရွက်လာကြရာမှ လူ့အဖွဲ့အစည်းဆိုင်ရာ ကိုယ်ကျင့်တရားတို့ပေါ်ပေါက်လာခဲ့၏။ ဘာသာတရား၏ အဆုံးအမများလည်းရောက်ရှိလာသည်။ ကိုယ်ကျင့်တရားသည် လူ့အဖွဲ့အစည်းတွင် လိုအပ်ချက်ဖြစ်လာ ခဲ့၏။ **ကိုယ်ကျင့်တရားသည် အနုပညာ၏ သော့ချက်လည်းဖြစ်၏။**

လူ့ဘဝတွင် အတ္တသည် ပရဟိတစိတ်ဓာတ်ထက် လူ့ခန္ဓာတွင် စောစောထဲက ပေါ်ခဲ့သောအရာဖြစ်သော်လည်း လူသည် သူ့ဘဝအတွေ့အကြုံအရ ပရဟိတကို မလုပ်ဆောင်ဘဲနေ၍ မရမှန်းသိလာ၏။ ပရဟိတလုပ်ဆောင်မှုကို ဆောင်ရွက်ရင်း ယင်းဆောင်ရွက်မှုကို မြတ်နိုးမှုဖြစ်လာသော သူများလည်းရှိလာ၏။ **ထိုသူများသည် လူ့ဘောင်အဖွဲ့အစည်းတွင် သူတော်စင်များ ဖြစ်လာကြ၏။**

သူတို့က လူ့ဘဝတွင် အများအကျိုးပရဟိတ လုပ်ဆောင်ရန် လှုံ့ဆော်မှုများ ပြုခဲ့သည်။ ပွဲကြီးသဘင်ဆင်ယင်ကျင်းပရာတွင်လည်းကောင်း၊ သီချင်းဆိုရာတွင်လည်းကောင်း၊ ပုံပြောရာတွင်လည်းကောင်း၊ ဆိုဆုံးမမှုများပြုရာတွင် လည်းကောင်း၊ အများအကျိုးဆောင်ရွက်ရန်လိုကြောင်းကိစ္စများကို ရှေးအဖြစ်အပျက်များပုံပြင်များနှင့် ပြောဆိုခိုင်းနှိုင်းဆုံးမမှုများရှိလာခဲ့၏။

ထို့ကြောင့် ပရဟိတလုပ်ငန်းသည် လူ့ဘဝလိုအပ်ချက်လုပ်ငန်းတရပ်ဖြစ်လာ၏။ ပရဟိတလုပ်ငန်း သည် လူ့ဘဝရှင်သန်မှုကို ဖြစ်စေသည်။ အများအကျိုးဆောင်မှုသည် လိုအပ်ချက်ဖြစ်ရာမှ ယင်းသည် ဘဝရည်မှန်းချက်လည်း ဖြစ်လာသည်။





အတ္တသည် လူ့ဘဝရှင်သန်မှုကို အားပေးခဲ့၍ ပရသည် လူနှင့်လူ့ဘဝပတ်ဝန်းကျင် သာယာဖွံ့ဖြိုး တိုးတက်အေးချမ်းရေးအတွက် အထောက်အပံ့ဖြစ်စေ၏။

စုပေါင်းလုပ်ဆောင်မှု၏ အကျိုးတရားကို သိလာကြသော လူသားတို့က ငါတို့အတူတကွနေကြမည်။ အတူတကွလုပ်ဆောင်ကြမည်။ အတူတကွစားဆိုရင်းကကြရအောင်ဟုဆိုကာ ကကြခုန်ကြသီဆိုကြ ပျော်ရွှင်ကြသည်။ ရောဘတ်အိုဝင်ဆိုသူက လူ့ဘဝတွင် စုပေါင်းနေထိုင်သော စီးပွားရေးဘဝကို စဉ်းစားတင်ပြလာခဲ့သည်။

လူ့ဘဝတွင် ပရဟိတလုပ်ငန်းဆောင်ရွက်မှုသည် အရေးကြီးလာ၏။ လောကတွင် ပရဟိတ ဆောင်ရွက်မှုသည် လောဘ ဒေါသ မောဟ မာန်မာန တရားများနှင့် မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာ တရားများကို ညီညွတ်အောင်မျှတအောင် ဆောင်ရွက်ပေးမှုကိစ္စတရပ်ဖြစ်လာ၏။ **အတ္တနှင့် ပရမျှတသော သံစဉ်များသည် လူ့ဘောင်ဘဝကောင်းကျိုးရလဒ်များကို ဖြစ်စေ၏။ အလှတရားများကိုဖြစ်စေ၏။ ဖွံ့ဖြိုးတိုးတက်မှုနှင့်အေးချမ်းမှုကို ဖြစ်စေသည်။ ပန်းများကို ပွင့်စေသည့် အနုပညာဖွဲ့စည်းမှုများ ဖြစ်ခဲ့သည်။**

အလှတရားနှင့် ကောင်းကျိုးရလာဒ်အဖြာဖြာကို ပေးစွမ်းနိုင်သော အတ္တနှင့်ပရညီညွတ်စွာ ဖွဲ့စည်းမှုသည် အနုပညာကို မွေးဖွား ပေးခဲ့သည်။

အနုပညာဟူသည် ဆန့်ကျင်မှုသဘောတရားတို့အား မျှတစွာဖွဲ့စည်း၍ အလှတရားကို ရှာဖွေသော အလုပ်ဖြစ်၏။

__ပန်းချီ__ ဆိုသော ပညာရပ်သည် အနီးနှင့်အဝေး၊ အထူနှင့်အပါး၊ အပူနှင့်အအေး အဖြူနှင့်အမဲ အဖြောင့်နှင့်အကောက် စသော ဆန့်ကျင်ဘက်တရားများ ဆန့်ကျင်ဘက် အရောင်များကို ညီညွတ်အောင် ပေါင်းစပ်သောပညာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



**ဂီတ** ပညာရပ်သည် အတိုးအကျယ်၊ အမာအပျော့၊ အဆွဲ အငင်၊ အလေးအပေါ့အစရှိသောဆန့်ကျင်ဘက်အရာများကို ပေါင်းစပ် ညီညွတ်မျှတစွာ ပေးအပ်သောပညာဖြစ်၏။

**အက** ဆိုသောပညာရပ်က ပျော့ပြောင်းခြင်း၊ ဖြောင့်တန်း ခြင်း၊ ကိုင်းညွတ်ခြင်း စသည်တို့ကို သဟဇာတဖြစ်အောင် ပြုလုပ်သော ပညာဖြစ်သည်။

**စာပေ** ဆိုသော ပညာရပ်မှာမူကား အမှားနှင့်အမှန်၊ အပြင်း နှင့်အပျော့၊ အကြောင်းနှင့် အကျိုး၊ လောကသဘာဝဖြစ်တတ်၊ ပျက် တတ်သည်တို့ကို သရုပ်ခွဲ၍ မျှတညီညွတ်ခြင်းရလဒ်ကို လမ်းညွှန်သော ပညာဖြစ်ပါ၏။

ဆန့်ကျင်ဘက်တရားများ ညီညွတ်မျှတအောင် ဖွဲ့စည်းမှု အရပ်ရပ်တွင် အတ္တနှင့် ပရဟူသော ဆန့်ကျင်ဘက်တရားနှစ်ပါး၏ ညီညွတ်မျှတမှုဖြင့် ဖွဲ့စည်းသော အနုပညာသည် လူ့ဘောင်ဘဝ၌ အလှပဆုံးသောအနုပညာဖြစ်သည်။

လူ့အဖွဲ့အစည်းအတွင်း ပရဟိတလုပ်ငန်းပေါ်ပေါက်လာမှု သည် ပိုမိုနက်ရှိုင်းသော အနုပညာရပ်များ မွေးဖွားခြင်း ရှင်သန်ခြင်း တိုးတက်ပွင့်လင်းခြင်းတို့ကိုဖြစ်စေသည်။ ညီညွတ်မျှတမှုများတွင် အတ္တ နှင့်ပရ ညီညွတ်မှုသည် လူ့ဘောင်ဘဝအတွက် အကျိုးတရား အများဆုံး ဖြစ်ပေါ်လာသောအရာဖြစ်၏။ ယင်းအရာနှစ်ခု ညီညွတ်မှုကြောင့် အတ္တ၏ကြီးမားသော ဖွဲ၊ လှံ့လ၊ ဝီရိယ စွမ်းပကားများသည် လူ့အဖွဲ့ အစည်းတွင် ပိုမိုထင်ရှားပေါ်လွင်လာကာ ပရဟိတတရား၏ အေးချမ်း မျှတမှုများ အကျိုးတရားဖွံ့ဖြိုးမှု သတ္တိတို့ကလည်း တလောကလုံးသို့ ပက်ဖြန်းပေးနိုင်ခြင်းဖြစ်စေရာ ယင်းကိစ္စသည် တိုးတက်မှုကိုရော အေးချမ်းမှုကိုပါ ဖြစ်စေ၏။ လူမှုအပအခြားသော သတ္တဝါတို့သည် ယင်းကိစ္စကို မဆောင်ရွက်နိုင်သောကြောင့် တိရစ္ဆာန်ဖြစ်ကြရရှာ၏။ အတ္တနှင့် ပရမျှတမှုသည် မည်မျှကြီးကျယ်သနည်းဆိုပါက ယင်းကိစ္စ





ကြောင့် ကျေးလက်မြို့ပြနိုင်ငံတို့ ပေါ်ပေါက်လာခဲ့၏။ လူများသည် ကုလသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှု ဓလေ့ စရိုက်များ ပေါ်ပေါက်လာခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ် ချက် **အချုပ်တရားသည် စိတ်ကောင်းရှိဖို့ဖြစ်သည်။** စိတ်ကောင်း စေတနာကောင်းမရှိဘဲမျှတသော ပေါင်းစည်းမှုကို မတည်ဆောက်နိုင် ပါ။ တစ်ယောက်ယောက်က စိတ်ဆိုးစိတ်ညစ်ရှိလျှင်မျှတမှု၊ ခွဲဝေ ခံစားမှု မရှိနိုင်တော့ပါ။ မျှတမှု၏ အချုပ်တရားသည် စိတ်ကောင်းရှိမှု ဖြစ်သည်။

စိတ်ကောင်းမရှိလျှင် ပရ-အတ္တပေါင်းစည်း ဆောင်ရွက်မှု အကျိုးတရားများလည်း ပျက်စီး၏။ ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ပန်းတော့၊ ပန်းတမော့၊ အဆို အက အရေး အတီး စာပေ ဂီတ သံစဉ်များ အချိုးကျ ပြေပြစ်မှုများ အရပ်ရပ်အလုံးစုံ ပျက်သုန်းသောဘဝသို့ ရောက်ရ၏။ လူ့အဖွဲ့အစည်းများ ပြိုကွဲတော့သည်။ လက်ထက်တော် *ကြီးများ အင်ပါယာကြီးများ ပြိုကွဲကျဆင်းမှု* ဆိုးသည်မိုက်သည်ဟု နာမည်ဆိုးနှင့် သေကြေကြရမှုများသည် စိတ်ဆိုးစိတ်ညစ်များ ပေါ်ထွန်းလာမှု၊ မညီညွတ်မမျှတမှု အတ္တလွန်ကဲမှုများကြောင့်ဖြစ်ရ၏။ **စိတ်ကောင်းရှိခြင်းသည် လူသားလူလောကအတွက် အပြောင်မြောက် ဆုံးသော အနုပညာရပ်ဖြစ်သည်။**

စိတ်ကောင်းရှိမှုက ကိုယ်ကျင့်တရားအရပ်ရပ်ကို မွေးဖွား သန့်စင်ပေးပါသည်။

အနုပညာဟူသည် ရိုးသားမှုသံစဉ်၌သာ ရှင်သန်သည်။

အနုပညာသည် ရိုးသားမှုဝေယံ၌သာ ကျက်စား၏။

ရိုးသားမှုသည် အနုပညာဖြစ်ဖို့အတွက် အရင်းခံတရား ဖြစ်၏။ ရိုးသားမှုသည် အနုပညာ၏ အသည်းနှလုံးဖြစ်သည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

# လူ့ခန္ဓာနှင့် လူ့ဦးနှောက်

လူသည် သူ့ဘဝ၌ အနုပညာခရီးလမ်း နှစ်တစ်သန်းကို အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ခြင်း၏ အဓိကအကြောင်းရင်းက အခြားမဟုတ် သူ့ခန္ဓာနှင့် သူ့ဦးနှောက်ကို ပိုင်ဆိုင်ထားသောကြောင့်ဖြစ်၏။

လူ၏ခန္ဓာကိုယ်သည် အံ့သြဘွယ် ကောင်းလှသည်။ လူ့ခန္ဓာသည်ပတ်ဝန်းကျင်ကို စိုးမိုးနိုင်ရန် အရွယ်အားဖြင့် မကြီးလွန်း၊ မသေးလွန်းသောအရွယ်ဖြစ်၏။ လူ့ခန္ဓာကိုယ်သည် အနုပညာရပ်များကို သင်ကြားတတ်မြောက်ရန်အတွက်လည်း အလွန့်အလွန် အချိုးပြေပြစ်သောအနေအထားဖြစ်၏။

ထို့ကြောင့်လည်း လူသားသည် အနုပညာရှင်ဖြစ်လာ၏။ လူ၏အရပ်အမောင်းသည် ပျမ်းမျှလေးပေခွဲမှ ခြောက်ပေခွဲမျှရှိသည်။ သူသည်မွေးစက ခုနှစ်ပေါင်မျှသာရှိသော်လည်း အရွယ်ရောက်လာသောအခါ သူ၏အလေးချိန်သည် ပေါင် ၁၀၀ မှ ၂၀၀ ရှိ၏။

လူ၏အရပ်အမောင်းနှင့်အလေးချိန်သည် နေစကြာဝဠာတွင် အသက်ရှင်နေထိုင်ရန် အလွန်သင့်လျော်သော အလေးချိန်နှင့် အရပ်



www.burmeseclassic.com

www.burmeseclassic.com



အမောင်းဖြစ်၏။ ပေါ့ပေါ့ပါးပါး ပြေးနိုင်လှုပ်ရှားနိုင်သော အနေအထား ဖြစ်သည်။ လူ၏ခန္ဓာကိုယ်သည် ဒီထက်ကြီး/ဒီထက်ငယ်ပါက အကောင်းဆုံးအနေအထားတွင် ရှိနိုင်မှရရှိမည်ဖြစ်၏။ လူသည် သူ၏ခြေဖဝါးပေါ်တွင် မတ်မတ်ရပ်နိုင်သည့် အနေအထားကလည်း ဤကမ္ဘာမြေပေါ်ဝယ် အောင်ပွဲရယူနိုင်မည့် အနေအထားဖြစ်၏။ လူခန္ဓာတွင် လူ့ဦးနှောက်သည် အံ့သြဖွယ်အကောင်းဆုံးဖြစ်၏။ လူ၏ဦးနှောက်အကြောင်းကို ယနေ့ထိကုန်စင်အောင် မသိနိုင်သေးဟုဆို၏။

စကြာဝဠာရှိ အံ့အားသင့်စရာကိစ္စအားလုံးသည် လူ့ဦးနှောက်နှင့်နှိုင်းယှဉ်ပါက ဘာမှအထင်ကြီးစရာ မရှိတော့ဟုဆို၏။ လူဦးနှောက်သည် အလေးချိန်သုံးပေါင်ခန့်ရှိပြီး လူ၏ကိုယ်ရည်ကိုယ်သွေး၊ အပြုအမူ၊ စိတ်နေစိတ်ထားကို ပြဋ္ဌာန်းသည်။

အာရုံခံစားမှုအရပ်ရပ်သည် ဦးနှောက်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ လိင်စိတ်ကိုဦးနှောက်က ထိန်းချုပ်ထားသည်။ ထိုသို့ ထိန်းချုပ်မှုမရှိပါက နွားသိုးကြိုးပြတ် တိရစ္ဆာန်အဖြစ်သို့ ရောက်သွားနိုင်၏။ လူဦးနှောက်သည်မှတ်သားစရာများကို မှတ်သားထား၏။ ဦးနှောက်သည် မှတ်ဉာဏ်သာမက ဆုံးဖြတ်ချက်၊ တွေးတောဆင်ခြင်မှု၊ တီထွင်ကြံဆမှုတို့ကိုလည်း ပြုလုပ်ပေးသည်။ ဦးနှောက်၏ လုပ်ဆောင်မှုသို့မဟုတ် ဦးနှောက်၏ဂုဏ်သတ္တိများကိုစိတ်ဟုလည်းခေါ်၏။ ဦးနှောက်နှင့် စပ်ဆိုင်သောစိတ်သည် လော်ကီစိတ်ဖြစ်၏။ ဟဒယဟုခေါ်သော လောကုတ္တရာသံသရာနှင့် စပ်ဆိုင်သောစိတ်က လူ၏နှလုံးတွင်သီးခြားရှိသည်။ ဤစာအုပ်ပါစိတ်သည် လောကီစိတ်အကြောင်းမျှသာဖြစ်၏။

ပြင်ပမှအာရုံများသည် လူ့ဦးနှောက်အတွင်းသို့ မျက်စိ၊ နား၊ အရေပြား၊ နှာခေါင်း၊ ပါးစပ်တို့မှဝင်ရောက်လာသည်။ လူတွင် အာရုံခံစားမှုမရှိပါက အဓိပ္ပါယ်ရှိသော ဘဝကိုပိုင်ဆိုင်ဖို့ရာမဖြစ်နိုင်။ အာရုံများသည် လူခန္ဓာကိုယ်အား အန္တရာယ်အပေါင်းမှ အကာအကွယ်ပေးသည်။ ပူခြင်း၊ အေးခြင်းကို အရေပြားကသိ၏။ ငန်ခြင်း၊ ခါးခြင်းကို





လျှာမှသိ၏။ အန္တရာယ်တစ်ခုလာမလာကို မျက်စေ့ကသိ၏။ မွှေးကြိုင်သော အနံ့လား၊ ပုတ်တဲ့အနံ့လား၊ ဆိုသည်ကိုလူ့နှာခေါင်းကသိနိုင်၏။ ဆိုသို့သော အာရုံခံစားနိုင်ခြင်းသည် လူသားအတွက် သူ့ဘဝပတ်ဝန်းကျင်ကို သူစိုးမိုးထားနိုင်စေရန်အတွက် အကြောင်းရင်းခံဖြစ်တော့၏။ ကာမဂုဏ် အာရုံခံစားမှု လှုံ့ဆော်မှုမရှိလျှင် လူသားသည် မေထုန်မှီဝဲမှုကို ပြုလုပ်နေစရာ အကြောင်းမရှိပေ။

အကြားအာရုံ၊ အမြင်အာရုံ၊ အထိအတွေ့အာရုံ၊ အနံ့အာရုံ၊ အရသာအာရုံတို့ရှိခြင်းသည် ပထမအားဖြင့် ကျရောက်လာမည့် အန္တရာယ်မှ ကာကွယ်ပေးသည့် အချက်ပြစနစ်တရပ်ဖြစ်၍ ဒုတိယအားဖြင့် အာရုံခံစားမှုပေး၏။ လူတွင် ထူးခြားဆန်းကြယ်သော ဂလင်းခေါ် ခန္ဓာကိုယ်တွင်းလှုံ့ဆော်မှု အရည်များနှင့် ဟော်မုန်းဖြစ်တည်မှုတို့လည်း ရှိသေး၏။

လူ၏အရိုးတည်ဆောက်ပုံကလည်း သူ့ပတ်ဝန်းကျင်အားအောင်နိုင်ရန် ကောင်းမွန်သော အနေအထားဖြစ်သည်။ လူသည် ခုတင်လူဖြစ်သော အချိန်လွန်ခဲ့သော နှစ်တစ်သန်းကပင် မတ်တတ်ရပ်နိုင်၏။ မတ်တတ်ရပ်နိုင်သောကြောင့်လည်း သူ့ကို လူဟုခေါ်ဆိုတာဖြစ်သည်။ လူ၏အရိုးများသည် ပတ္တာဖြင့်တွယ်ဆက်ထားသော အရိုးစုခမျှော်စင်ကဲ့သို့ရှိသည်။ လူ၏ခြေထောက်နှစ်ချောင်းက ပြေးနိုင်၊ ခုန်နိုင်၏။ လူ၏ခါးက ကုန်းနိုင်၊ ကွနိုင်၏။ လူခန္ဓာတွင် အရိုးပေါင်း ၂၀၀ ကျော်ရှိပြီး ကြွက်သားများဖြင့် တွယ်ဆက်ထား၏။ အရိုးများသည် ခွက်ရမည့်နေရာခွက်၊ ပြားရမည့်နေရာပြားပြီး ဦးနှောက်ကို ဦးခေါင်းခွံအရိုးဖြင့် စနစ်တကျ ကာကွယ်ထားသည်။ လူ၏အရိုးဖွဲ့စည်းပုံသည် သူ၏နေ့စဉ်လူနေမှုဘဝကို အထောက်အကူပြုနေသည်။အရိုး ဖွဲ့စည်းမှုက သူ့ဘဝရှင်သန်ရေး၊ ပတ်ဝန်းကျင်ကို အောင်ပွဲရရှိရေး အတွက်များစွာအထောက်အကူပြု၏။ လူသည် စောစောပိုင်းက လေးဘက်ထောက်သွားဟန်ရှိ၍ နောက်ပိုင်းတွင် လက်ကိုလွှတ်လိုက်ကာ ခြေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တွင် စုံရပ်၍လျှောက်၏။ ခြေဖဝါးပေါ်တွင် စုံရပ်နေသောအနေအထားသည် အရှေ့အနောက် ဘေးဘီလှည့်ရသည်မှာ လွယ်ကူ၏။ နောက်မှလာသော ရန်သူကို အလွယ်နှင့်လှည့်ကြည့်နိုင်၏။

အရိုးများနှင့် ကြွက်သားများကို အရွတ်များနှင့် ဆိုင်းဆက်ထားသည်။ ကြွက်သားများ ကျုံ့ချည်၊ ဆန့်ချည်လုပ်ခြင်းဖြင့် ခန္ဓာကိုယ်သည် ရွေ့လျားလှုပ်ရှားမှုကို ဖြစ်စေ၏။ ကြွက်သားများကလည်း လူ့ဘဝတွင် အရေးကြီး၏။ ငိုခြင်း၊ ပြုံးခြင်း၊ ဟားတိုက်ရယ်မောခြင်း စသည့် အသွင်များသည် ကြွက်သားများ၏ လှုပ်ရှားမှုများဖြင့် ဆက်စပ်ဖြစ်ပေါ်ခြင်းဖြစ်သည်။ မျက်နှာရှိ ကြွက်သားများကြောင့် မျက်နှာထိ မျက်နှာထားအမျိုးမျိုး ပေါ်လာခြင်းဖြစ်သည်။ လူ့ခန္ဓာကိုယ်၏ ကြွက်သားများ ကျုံ့ခြင်း၊ ဆန့်ခြင်း ကိစ္စရပ်တို့သည် စက်ကိရိယာများ၏ သဘောထက်သော်လည်းကောင်း လျှပ်စစ်ဆိုင်ရာ သဘောများထက်လည်းကောင်း ပို၍ရှုပ်ထွေး ဆန်းကျယ်သည်။ ဦးနှောက်၏ စေ့ဆော်မှုနှင့်လည်း ဆက်စပ်မှုရှိသည်။

လူ့ခန္ဓာကိုယ်၏ အစိတ်အပိုင်းတိုင်းသည် အလွန်မှ အရေးကြီးသလို လူ၏လက်ကလည်း အလွန်မှအရေးကြီးသည်။ လူသည် သူ့ဘဝရှင်သန်ရေးအတွက် ဘဝလိုအပ်ချက်ပစ္စည်းများ (နောင်တွင် ထိုပစ္စည်းတို့သည် အနုပညာပစ္စည်းများဖြစ်လာသည်) ကို ထုတ်လုပ်ရာတွင် လက်သည် အရေးကြီးသောအရာ ဖြစ်ပါ၏။ လက်သည် လူ၏အသည်းကဲ့သို့ ဓါတုဆိုင်ရာကိစ္စများကို သော်လည်းကောင်း၊ ဦးနှောက်ကဲ့သို့ အီလက်ထရိ ဓါတုအံ့ဖွယ်ကိစ္စများကိုသော်လည်းကောင်း မဆောင်ရွက်နိုင်သော်လည်း လူ၏လက်သည် စက်မှုလက်မှုကိစ္စများကို ဦးနှောက်၏ အစီအမံအကွပ်အကဲဖြင့် ဆောင်ရွက်၏။

လက်သည် စွယ်စုံလုပ်ဆောင်နိုင်၏။ လက်နှိပ်စက်ရိုက်သူသည် တစ်မိနစ်တွင် စာလုံးရေ ၁၂၀ မက ရရှိအောင်ရိုက်၏။ လက်ချောင်းလေးများမရှိပါက ကွန်ပျူတာသည်လည်း ခက်ခဲဖွယ်ရာရှိသည်။





သူ့ဘဝ တစ်သက်တာတွင် လက်ချောင်းလေးများသည် ကွေးချည် ဆန့်ချည် အကြိမ် ၂၅ သန်း ပြုလုပ်ကြရာ၏။ လူသည် မတ်တတ်ရပ်နေသောကြောင့် ပြေးလွှားရာတွင်လက်ကိုအသုံးမပြုနိုင်။ ထို့ကြောင့် ခြေလက်ကို ပြေးရာတွင် အသုံးပြုသော ကျားသစ်တို့ ကျားတို့လောက်ပြေးရာတွင် ခွန်အားမသုံးနိုင်။ သို့သော် ကိရိယာ တန်ဆာပလာများကို ကိုင်တွယ်ရာတွင် လက်ကိုပို၍အသုံးပြုနိုင်၏။ တူရိယာပစ္စည်းများကိုလက်ဖြင့် ကိုင်တွယ် တီးမှုတ်နိုင်သည်။ လက်ကိုလှပစွာ ကွေးကောက်၍ကနိုင်သည်။ စာပေရေးသားရာတွင် လက်ကို အသုံးပြုသည်။ သုခုမအနုပညာလုပ်ငန်းများအတွက် လက်သည်မရှိမဖြစ်လိုအပ်၏။ အနုစိတ်ရသောကိစ္စဖြစ်လေ လက်သည် အရေးပါလေဖြစ်၏။ ပန်းဆယ်မျိုး အနုပညာလုပ်ငန်းများတွင် လက်သည်မရှိမဖြစ်၊ အကတွင် လက်ပါမှက၍ ရသည်။ လူ၏ခန္ဓာတွင်ရှိသော မေးရိုး၏အနေအထားကြောင့် လူသည်ဂီတသံစဉ်များကို ကျွမ်းကျင်စွာ သီဆိုနိုင်ခြင်းဖြစ်သည်။

လူသည် ဤခန္ဓာနှင့် ဤဦးနှောက်ကို ပိုင်ဆိုင်သောကြောင့်သာ လူဖြစ်လာခြင်းဖြစ်သည်။ အနှစ်တစ်သန်းကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အနှစ်တစ်သန်းကာလအတွင်းလူသည် စိတ်လိုအပ်ချက် ရုပ်လိုအပ်ချက်တို့အရ အနုပညာရပ်များကို တီထွင်ရာတွင် လူ၏ဦးနှောက်နှင့် လူ၏ခန္ဓာသည် အလွန်မှအရေးပါသည်။ ဤကဲ့သို့သော ထိပ်တန်းဦးနှောက်မျိုး၊ ဤကဲ့သို့သော ခန္ဓာကိုယ်ဖွဲ့စည်းမှုမျိုးမရှိလျှင် လူသည်အနုပညာအရပ်ရပ်ကို မတီထွင်နိုင်၊ မဖန်တီးနိုင်၊ ခံစားမှုပြုနိုင်မည် မဟုတ်ပေ။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

# အနုပညာရပ်များမွေးဖွားခြင်း

ဤစာအုပ်သည် လူ့အဖွဲ့အစည်း၏ အနုပညာအရင်းအမြစ်ကို ပုံဖော်နေခြင်း ဖြစ်ပါသည်။ အနုပညာအရင်းအမြစ်များကို ပုံဖော်နိုင်ပါက အနုပညာ၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ နယ်ပယ်၊ တာဝန်စသည့်တို့ကို ပိုမိုရှုမြင်လာနိုင်မည်ဖြစ်၏။ အနုပညာတီထွင်မှုတို့ကို ပို၍ပြုလုပ်လာနိုင်မည်ဖြစ်သည်။

လူ၏ထင်ရှားသော စရိုက်မှာ သူသည်သူ့ဘဝရှင်သန်ရန် ပြင်းပြင်းပြပြဆန္ဒရှိသူ ဖြစ်၏။ သူသည်အသက်ဆက်ရှင်နေလိုသူဖြစ်၏။

ထိုဆန္ဒက လူ၏အတ္တကို ဖြစ်ပေါ်စေခဲ့၏။ အတ္တသည် သူ့ဘဝရှင်သန်ရေးအတွက် လက်နက်လည်း ဖြစ်၏။ အတ္တသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်၊ မာန၊ ဣဿာ၊ မစ္ဆရိယစသော လိုချင်တပ်မက်ခြင်း၊ ခက်ထန်ခြင်း၊ ထောင်လွှားခြင်း၊ မာန်တက်ခြင်း၊ ဝန်တိုခြင်းစသည်တို့ကို မွေးဖွါးပေးခဲ့၏။ အတ္တ၏ ကောင်းကျိုး ဆိုးကျိုးတို့ကို လူသားသည် သူ့ဟာသူခံရ၏။ အတ္တသည် လူအား ဇွဲ လုံ့လ ဝိရိယ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားအားထုတ်မှုတို့ကို ဖန်တီးပေးသောအခါတွင်လည်း ထိုအကြောင်းတရားတို့၏ အကျိုးရလဒ်ကို သူခံစားရသည်။

အတ္တသည် ကြံရည်ဖန်ရည်များကို တိုးပွားစေ၏။

လူသည် အတ္တကိုအရင်းခံ၍ သူ့ဘဝရှင်သန်ရေးအတွက်-

(က) အန္တရာယ်အပေါင်းမှ ကာကွယ်ရန်လည်းကောင်း

(ခ) စားဖို့ ဝတ်ဖို့ နေဖို့ ပြည့်စုံရန်လည်းကောင်း ရုပ်ဝတ္ထုလိုအပ်ချက်များကို သူသည်အစဉ်တစိုက် ဖန်တီးသည်။ သူ့ဘဝ နှစ်တစ်သန်းတွင် လူများလုပ်ဆောင်တီထွင်ခဲ့သော ရုပ်ဝတ္ထုပစ္စည်းများကလည်း အရေအတွက်အားဖြင့် တစ်သန်းမက အလွန်များပါ၏။ ယင်းတို့သည် လက်မှုပစ္စည်း၊ စက်မှုပစ္စည်း၊ ဓာတုပစ္စည်း၊ အီလက်ထရွန်းနစ်ပစ္စည်းစသည်ဖြင့် စုံသည်။လက်မှု ပစ္စည်းများတွင်- လူ့အသုံးအဆောင်ပစ္စည်းများ၊ အိုးခွက်ပုဂံများ၊ လက်ဝတ်ရတနာများ၊ အလှအပ ပစ္စည်းများ၊ အဝတ်အထည်များ၊ လေယာဉ် လှည်းယာဉ်တို့မှစ၍ ပန်းချီ၊ ပန်းပု၊ ပန်းယွန်း၊ ပန်းတမော့ စသော ပန်းဆယ်မျိုးအပါအဝင် မြောက်များစွာသော လူ့မှုအသုံး အဆောင်ပစ္စည်းများပါဝင်၏။ ယင်းတို့ကို သာမန်အဆင့်တွင် လက်မှုပစ္စည်းများဟုသာခေါ်ဆိုသော်လည်း လက်ရာမြောက်သော အနုစိတ်ဖန်တီးမှု၊ အသေးစိတ်ပြုလုပ်မှုတို့ ပါဝင်သောအခါ ယင်းတို့ကို လက်မှုပညာအနုပစ္စည်း Handy-craft ဟုခေါ်၏။ ယင်းတို့ကို ပြုလုပ်သော အတတ်ပညာကို လက်မှုအနုပညာ ပုံဖော်မှုအနုပညာ Shaping Art ဟု ခေါ်၏။

မော်တော်ကား လေယာဉ်ပျံ စသောစက်မှုပညာဖြင့် ပြုလုပ်သော ပစ္စည်းများကို စက်မှုပစ္စည်းများဟု ခေါ်ဆိုကြသည်။ စက်မှုပစ္စည်းများသည် အသေးစိတ်မှု လက်ရာမြောက်မှု အလှအပများ အနုပညာအင်္ဂါရပ်များ ပါဝင်နေလျှင် ယင်းတို့ကို စက်မှုအနုပညာပစ္စည်းဟုဆိုနိုင်သည်။





တဖန်ကွန်ပျူတာကဲ့သို့သော အီလက်ထရွန်နည်းပညာတို့ဖြင့်ပြုလုပ်သော ပစ္စည်းများသည်လည်း အသေးစိတ်ပါဝင်မှု၊ လက်ရာမြောက်မှု၊ ဆန်းသစ်မှု အနုပညာလက်ရာမြောက်မှုတို့ပါဝင်ပါကယင်းတို့ကို အီလက်ထရွန်အနုပညာပစ္စည်းဟုခေါ်နိုင်ပါသည်။

ယခုအခါ ဇာတ်စင်များ အခမ်းအနားများကို အီလက်ထရွန်းပစ္စည်းများ၊ စက်မှုပစ္စည်းများနှင့် ပြုပြင်မွမ်းမံထားကြ၏။

လူသည် ခံစားချက်ရှိသည်။

လူ့တစ်ကိုယ်လုံးသည် အာရုံခံစားမှုဆိုင်ရာ အတုံးကြီးဖြစ်ကာ လူသည်အာရုံခံစားမှုနှင့် အသက်ရှင်သန်နေသူဖြစ်၏။ ထို့ကြောင့် အချို့က လူ့ခန္ဓာကိုယ်သည် ပြင်ပကမ္ဘာကို သိနိုင်သော အဆင့်မြင့် တူရိယာ ပစ္စည်းတစ်မျိုးဟုပင် ဆိုကြ၏။ လူ၏ကိုယ်တွင်းသို့ ပြင်ပမှ အာရုံများသည် မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်နှင့် အရေပြားတို့မှတဆင့် ဝင်ရောက်လာကြပြီး ယင်းတို့ကို ဦးနှောက်မှ အာရုံခံစားမှုပြုပြီး တုန့်ပြန်မှုပြု၏။ အာရုံငါးပါးအပြင် သူ့တွင်အခြားခံစားနိုင်သော အာရုံများလည်းရှိသေးသည်။ လူသည် ယင်းကဲ့သို့ အာရုံ ခံစားမှုနှင့် တုန့်ပြန်နိုင်မှုအစွမ်းကြောင့် လူ့ဘဝခရီးလမ်း အနှစ်တစ်သန်းကို အောင်ပွဲဖြင့် ဖြတ်သန်းလာနိုင်ခြင်းဖြစ်၏။

လူ၏နားသည် အကြားအာရုံကို ရရှိသည်။ လူ၏မျက်စိသည် အမြင်အာရုံကိုရရှိသည်။ လူ၏ နှာခေါင်းက အနံ့အာရုံကိုရရှိကာ လူ၏လျှာက ချိုချဉ်ဖန်ခါး အရသာများကို ခံစားနိုင်၏။ လူ၏လက်ဖဝါး ခြေဖဝါးနှင့် အရေပြားသည် အထိအတွေ့အာရုံကို ခံစားနိုင်သည်။

လူ၏အကြားအာရုံသည် ဆူညံသောအသံ၊ သာယာဖွယ်ကောင်းသောအသံ၊ ထိတ်လန့်ဘွယ် ကောင်းသောအသံတို့ကို ခွဲခြား၍သိ၏။ သာယာသောအသံကို ကြားလျှင် သာယာမှုဖြစ်၍ ထိတ်လန့်စရာကောင်းသော ပုံးသံအမြောက်သံများကြားလျှင် ထိတ်လန့်မှုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလားတူအမြင်အာရုံသည် လှုပသောအရာနှင့် မလှုပသော အရာများကို ခွဲ၍သိသည်။ အရောင်များ၊ ပုံသဏ္ဌာန်များ၊ အနီးအဝေး မြင်ကွင်းများကို သိ၏။ နှာခေါင်းကလည်း မွှေးပျံ့သောအနံ့၊ ဆိုးဝါးသောအနံ့မျိုးစုံကို ခွဲခြမ်းစိတ်ဖြာ၍သိ၏။ လျှာက ချို၊ ချဉ်၊ ဖန်၊ ခါး အရသာများကို သိသည်။ လက်ဖဝါး၊ ခြေဖဝါး၊ အရေပြားတို့က နူးညံ့မှု ကြမ်းတမ်းမှုများကို ခွဲခြားသိ၏။ ထိုအသိအာရုံများသည် အန္တရာယ် ပေါ်များလှသော လူ၏ ပတ်ဝန်းကျင်မှ အန္တရာယ်ဟူသမျှကို ကြိုတင်သိရှိ ကြိုတင်ကြားမြင်စေရန် လူ့ခန္ဓာကိုယ်တွင် တပ်ဆင်ထားသော အလွန်တုန့်ပြန်မှုမြန်သည့် သတိပေးစနစ်လည်းဖြစ်၏။

အာရုံများသည် သတိပေးလုပ်ငန်းအပြင် ခံစားမှုလုပ်ငန်းကိုလည်း လုပ်ဆောင်၏။ ယင်းခံစားမှု လုပ်ငန်းက အနုပညာရပ်များကို ဖြစ်ပေါ်စေခဲ့၏။ ခံစားရာတွင် အသံကိုခံစားခြင်း၊ အမြင်ကိုခံစားခြင်း၊ မျက်စေ့ဖြင့် မြင်ရသော လှုပ်ရှားမှုအရပ်ရပ်ကို ခံစားခြင်း၊ အရသာကို ခံစားခြင်း၊ အနံ့ကိုခံစားခြင်း၊ အရောင်ကိုခံစားခြင်း၊ အထိအတွေ့ကို ခံစားခြင်း၊ ကာမဂုဏ်အာရုံခံစားခြင်း စသည့်ဖြင့် အမျိုးမျိုးရှိသည်။

လူတို့သည် သားကောင်တစ်ကောင်ကို ရရှိလာသောအခါ သားကောင်ကို ဖုတ်ကင်စားသောက်ကြရင်း ခြေမြှောက် လက်မြှောက် ခုန်ပေါက်ပြီး ပျော်ကြ၏။ ခုန်ကြ ကကြ လှုပ်ရှားကြမှုများသည် ပထမပိုင်းတွင် အချိုးမကျလှသော်လည်း နောင်အခါ အချိုးကျ၍ စည်းဝါးညီညွတ်မှုရှိလာ၏။ ခုန်ရကရသည်မှာလည်း ပျော်စရာ ကောင်း၍ ကခုန်ကြရာတွင် တစ်ဦးခြင်း ကခုန်ခြင်း အများစုပေါင်း၍ ပြိုင်တူ လှုပ်ရှားခြင်းတို့ ပြုကြရာ သားကောင်ရတိုင်း ပျော်စရာအရေးအခင်းနှင့် ကြုံရတိုင်း ထိုသို့ပျော်ပွဲများကို ပြုကြပြီး ထိုကပွဲများတွင် ပြုလုပ်သော လှုပ်ရှားကြမှုများကို စနစ်တကျမှတ်သားထားကြ၏။ ထိုမှတ်သားမှုများ အတိုင်းပြန်၍ကကြရာ ယင်းကို လှုပ်ရှားမှုဆိုင်ရာပညာဟု ခေါ်ကြ၏။ ဝမ်းသာသောအခါ ဝမ်းသာမှုလှုပ်ရှားခြင်းကိုပြု၍ ဝမ်းနည်းသောအခါ ဝမ်းနည်းမှုလှုပ်ရှားခြင်းကိုပြုသည်။





လူသည် လှုပ်ရှားကခုန်ဖန်များသောအခါ လူ့ခန္ဓာကိုယ်ရှိ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ၊ မျက်စေ့၊ မျက်နှာပေး၊ မျက်နှာထိ မျက်နှာထားနှင့် နှုတ်ခမ်းတို့က ချစ်စရာဖြစ်အောင် မုန်းစရာဖြစ်အောင် ကြောက်စရာကောင်းအောင် သရုပ်ပေါ်အောင် လှုပ်ရှားတတ်လာ၏။

ခန္ဓာကိုယ်အား လှုပ်ရှားမှုပြုရင်း ပါးစပ်မှလည်း အော်ဟစ် ပြောဆိုကြ၏။ အဓိပ္ပါယ်ရှိသောစကား၊ ကာရံနဘေပါသောစကား၊ သာယာနာပျော်ဘွယ်ကောင်းသော စကားများကို လေယူလေသိမ်းဖြင့် သာသာယာယာပြောဆို၏။ ဝမ်းနည်းပူဆွေးစရာများ ကြုံသောအခါ တွင်လည်း ဝမ်းနည်းစကားများ ငိုယိုပြောဆိုသော စကားတို့ကို ပြောရင်း နှုတ်မှုဆိုင်ရာပညာများကို တတ်မြောက်လာကြ၏။

မျက်စေ့ကလည်း မြင်တတ်ကြည့်တတ်၏။

လှုသည် မလှုသည်ကို မြင်တတ်၏ ကြည့်တတ်၏။ ကြည့်တတ် မြင်တတ်ခြင်းကို အမြင်ဆိုင်ရာပညာ ဟုခေါ်၏။ လူသည် သားကောင် များရရှိသောအခါ အော်ဟစ်ခုန်ပေါက်ရုံဖြင့် အားမရသေးဘဲ ပတ်ဝန်း ကျင်ရှိ ဝါးများ သစ်သားများကို တီးခေါက်ခြင်း၊ သံပြား သွတ်ပြား ကြေးပြားများကို ရိုက်ခတ်ခြင်း၊ လက်ကွင်းမှုတ်၍ အသံပြုခြင်း၊ ကြိုးကို တင်းအောင်ဆွဲ၍ တီးခတ်ခြင်းတို့ပြုကာ အသံမျိုးစုံကို ပြုလုပ်ခံစား ခဲ့ကြ၏။ ယင်းကို တီးမှုတ်မှုဆိုင်ရာပညာဟုခေါ်၏။

ပထမပိုင်းတွင် လူသည်လှုပ်ရှားမှုကိုသော်လည်းကောင်း ပြောဆိုမှု၊ တီးမှုတ်မှု တို့ကိုလည်းကောင်း စနစ်တကျ ခုန်ပေါက်ရုံသာ လှုပ်ရှားကြ တီးမှုတ်ကြသော်လည်း နောက်ပိုင်းတွင် စနစ်တကျ လှုပ်ရှားတတ်လာ၏။ စနစ်တကျပြောဆိုတတ်လာ၏။ ခံစားမှုပြင် အောင် တီးမှုတ်တတ်လာ၏။ အနုစိတ်အသေးစိတ် ပြောမှုဆိုမှုတို့ကို ပြုလုပ်လာကြသောအခါ -



www.burmeseclassic.com

www.burmeseclassic.com



- စနစ်တကျအနုစိတ်ပြုလုပ်လာသော လှုပ်ရှားမှုပညာကိုလှုပ်ရှားမှု အနုပညာ Moving Art
- စနစ်တကျအနုစိတ်သီဆိုလာသည်ကို သီဆိုမှုအနုပညာ Speaking Art
- စနစ်တကျအနုစိတ်ပြုလုပ်လာသော တီးမှုတ်မှုကို တီးမှုတ်မှု အနုပညာ Musical Art

စနစ်တကျအနုစိတ်မှုရှိလာသော ကြည့်ချင်စဖွယ် ဆောင်ရွက်မှု ပညာကို Visual Art ဟုခေါ်၏။

လူသည်အပြင်းအထန် ဖြတ်သန်းရုန်းကန်ခဲ့ရသော သူ့ဘဝ ဇာတ်လမ်းကို မှတ်တမ်းတင်ခဲ့၏။ လူ့ဘဝခရီးလမ်းတွင် လူသည် အတွေ့အကြုံများစွာ ရရှိ၏။ မည်သည့်သီးနှံသည် မစားအပ်၊ ဘယ် အသီးကို စားပါက အဆိပ်ဖြစ်သည်။ ဘယ်သီးနှံ ချိုသည် ချဉ်သည်။ ဘယ်သီးနှံဘယ်အချိန်ပွင့်ဖူးသည်။ သီးနှံများပွင့်ဖူးပါက မည်သည့် သားကောင်မျိုးလာစားသည်။ ကောင်းကင်ရှိ နေလနှင့် နက္ခတ် တာယာ တို့ ရွေ့ပြောင်းသွားလာနေကြပုံ၊ ပူခြင်းအေးခြင်း၊ ခဲခြင်းယိုစီးခြင်းတို့၏ သဘောများ သိရှိလာကြ၏။ မည်သည့်ရာသီတွင် မြစ်အတွင်း၌ သားငါးများပေါက်ဖွားကြသည်။ ထို့ကြောင့် ထိုအချိန်တွင် ငါးမဖမ်းရ၊ ငါးရစ်တက်ချိန် မဖမ်းရ၊ သစ်ပင်တို့၏သဘော၊ တိရစ္ဆာန်တို့၏သဘော၊ မြစ်တို့၏သဘော၊ မြေ၏သဘော၊ ရာသီ၏သဘောများကို မှတ်သား သိရှိလာကြ၏။ စာပေပေါ်ပေါက်လာသောအခါ ယင်းသဘော သဘာဝကိစ္စရပ်များကို စာပေဖြင့် မှတ်တမ်းတင်ခဲ့ကြ၏။ နောင်အခါ စာဖြင့် မှတ်တမ်းတင်ရာတွင် ရိုးရိုးမှတ်တမ်းတင်ရုံသာမက သိမ်းဆည်းစာ ယူနိုင် ရန် နမူနာ၊ ဥပမာ အလင်္ကာတို့ဖြင့် ပါဝင်ဖွဲ့နွဲ့ရေးသားခဲ့ကြ၏။ စာပေဖြင့် ဖတ်ချင့်စဖွယ်ဖြစ်စေ ကာရံနဘေတို့ဖြင့်ဖြစ်စေ ဖွဲ့နွဲ့ ရေးသားလာမှုများကို စာပေအနုပညာ Literary Art ဟုခေါ်၏။ လူသည် အလှအပကိုလည်း ခံစားတတ်လာ၏။ လူသည် ရောင်စုံ





ကျောက်ပစ္စည်းများ သတ္တုပစ္စည်းများကို လက်ဝတ်လက်စားများ ပြုလုပ်ဝတ်ဆင်၏။ အဝတ်အစားများ အချိုးကျလှပစွာလုပ်၍ ဆင်ယင်လာတတ်သည်။ ယင်းသို့ လှပအောင် ပြုပြင်ခြင်းခံစားခြင်း အတတ်ပညာကို အလှအပဆိုင်ရာအနုပညာ Beauty Art ဟုခေါ် သည်။

တဖန်အနုပညာကို အခြားနည်းဖြင့် နှစ်ပိုင်းနှစ်ဖြာခွဲခြား နိုင်ပေသေးသည်။ မည်ကဲ့သို့ခွဲခြားနိုင်ပါသနည်းဟုဆိုက တန်ဆာ ဆင်မှု အနုပညာနှင့် ခံစားမှုအနုပညာဟူ၍ ဖြစ်သည်။ တန်ဆာဆင်မှု အနုပညာသည် လူ့ဘဝရုပ်လိုအပ်ချက်အရ လူသားတို့ ဖန်တီးခဲ့သော အနုပညာရပ်ဖြစ်ပြီး ခံစားမှုအနုပညာသည် လူ့ဘဝ စိတ်လိုအပ်ချက် အရ ဖန်တီးခဲ့သော အနုပညာဖြစ်သည်။ တန်ဆာဆင်မှု အနုပညာတွင် ပန်းပဲ၊ ပန်းတိမ်၊ ပန်းယွန်း၊ ပန်းတဉ်းအစရှိသော အနုပညာရပ်များ ပါဝင်ပြီး ခံစားမှုအနုပညာရပ်တွင် အက၊ အတီး၊ စာပေ၊ ဂီတအစ ရှိသော အနုပညာရပ်များပါဝင်သည်။

လူသည် လူ့ဘဝ အတွေ့အကြုံများကို မှတ်သားမှုလည်းပြု ဆင်ခြင်မှုလည်းပြုသည်။ လူသည် သူ့ဘဝခရီးလမ်းတွင် ဝမ်းသာ ပျော်ရွှင်မှုများတွေ့ရသလို ကြေကွဲဝမ်းနည်းမှုများ၊ အဆီအငေါ် မတည့်မှုများ၊ လျှို့ဝှက်ဆန်းကျယ်မှုများကိုလည်းတွေ့ရ၏။ လူသည် အတ္တရှိသည်မှန်သော်လည်း ကြီးမားသော ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရသောအခါ သူကဲ့သို့သော အခြားအတ္တရှိသူများနှင့် မလွဲ မရှောင်သာ ကျောခြင်းကပ် ရင်ခြင်းအပ်ကာလက်တွဲ၍ သဘာဝ အန္တရာယ်ကို ကြုံကြံခံရသည်။

လူသည် မျှမျှတတ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်မှု ခွန်အားကိုလည်း သိရှိလာခဲ့၏။ ဤသို့ဆောင်ရွက်မှုကြောင့် သစ္စာရှိမှု၊ အပြန်အလှန်ပေးကမ်းမှုတို့၏ အကျိုးကိုလည်းသိရှိလာ၏။ သီလ၊ သမာဓိ၊ ပညာစသည့်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်ဘဝတွင်ပင် လိုအပ်ကြောင်းသိလာသည်။ လူသည် မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပက္ခာစသော ပြဟ္မာစိုရ်တရားများနှင့်တကွ ပေးကမ်းစွန့်ကြဲခြင်း၊ အလှူဒါနပြုလုပ်ခြင်းတို့ လိုအပ်ကြောင်း သိလာ၏။ ဤသည်တို့မှာ လူလူခြင်းမလွဲမရှောင်သာ ဆက်ဆံရာမှ ပြုကျင့်လာရသည့် ကျင့်ထုံးများဖြစ်၏။ ယင်းတို့ကို လူ့အဖွဲ့အစည်းက ကိုယ်ကျင့်တရားအဖြစ် သတ်မှတ်ခဲ့ကြ၏။ ကိုယ်ကျင့်တရားသည် လူ့ဘဝ၏ အလှတရားသာလျှင်ဖြစ်၏။

ကိုယ်ကျင့်တရား အရေးကြီးကြောင်းသိလာသောအခါ လူသည် တေးဂီတဆိုရာတွင်လည်းကောင်း၊ ပုံပြောရာတွင်လည်းကောင်း၊ သဘင်ပွဲကြီးခံရာတွင်လည်းကောင်း၊ ဆိုဆုံးမစကားများ ပြောရာတွင်လည်းကောင်း ကောင်းမြတ်သောတရားများအကြောင်းကို ထည့်သွင်းပြောကြားလာခဲ့၏။ လူသည်ထိုမှတဆင့် အပြန်အလှန်လေးစားမှု ချစ်ခင်မှု မေတ္တာထားရှိမှု၊ အဖွဲ့အစည်းဖွဲ့စည်းနေထိုင်မှုတို့ရှိလာပြီး ကိုယ်ကျင့်တရား ဆိုင်ရာကိစ္စသည် လူ့အဖွဲ့အစည်းတွင် မရှိမဖြစ် လိုအပ်လာသည်ကို သိသည်နှင့်အညီ ကိုယ်ကျင့်တရားထားရှိကျင့်သုံးမှုလည်း ရှိလာသည်။

လူ့ဘဝတွင် အတ္တသည် မေတ္တာ၊ ဂရုဏာ၊ မုဒိတာထက်စောစော ပေါ်ပေါက်လာသောတရား ဖြစ်သည်မှာ မှန်သော်လည်း လူ့ဘဝ၏ အနုပညာတစ်ရပ်ဖြစ်လာသော ကိုယ်ကျင့်တရားက အတ္တကိုထိန်းကျောင်းထားခဲ့၏။ ကိုယ်ကျင့်တရားကို မထိန်းသိမ်း မစောင့်ရှောက် မထားရှိပါက အတ္တရှိသော လူအချင်းချင်း တိုက်ခိုက်မှု ပဋိပက္ခဖြစ်မှုများ ကြီးမားမည်။ ထိုအခါ ဆုံးရှုံးမှုရှိမည်ကိုသိသော လူသားသည် - နောင်အခါတွင် ခံစားမှုများရှိနေချိန်တွင်ပါ ကိုယ်ကျင့်တရားအကြောင်းများကို ပြောလာကြသည်။ အနုပညာရပ်များ ဖန်တီးကြရာတွင် ကိုယ်ကျင့်တရားကို ရည်ရွယ်ချက်အဖြစ် ထည့်သွင်းပြောဆိုလာခဲ့ကြ၏။ ပန်းချီဆွဲရာတွင်လည်းကောင်း ပန်းပုထုရာတွင်လည်းကောင်း၊





စာရေးသားရာတွင်အငြိမ့်၊ ဇာတ်ကကြရာတွင်ပါ ကိုယ်ကျင့်တရားကောင်းမွန်ရေးကို ရှေ့တန်းတင်၍ ပြောဆိုကြရာမှ ကိုယ်ကျင့်တရားကိစ္စသည် အနုပညာ၏ အရေးကြီးသော အစိတ်အပိုင်းတရပ်ဖြစ်ခဲ့ပါ၏။ အနုပညာရပ်၏ ရည်မှန်းချက်ပင် ဖြစ်လာသည်။ အနုပညာရပ်တို့ကို ဖန်တီးရာတွင် ကိုယ်ကျင့်တရား သည် အဓိကတစ်ခုဖြစ်လာခဲ့၏။

လူ့ဘဝရှင်သန်ရေးတွင် ကိုယ်ကျင့်တရားကိစ္စသည် အရေးကြီးသောဘဝလိုအပ်ချက်တစ်ရပ်ဖြစ် လာသည်။ ကိုယ်ကျင့်တရားအရေးကြီးကြောင်းလူ့ဘဝ၊ လူ့အဖွဲ့အစည်းအတွင်း ညီညွတ်မျှတနေဖို့လိုကြောင်း အသိတရားရရှိခြင်းသည် ဦးနှောက် ကြောင့်ပင်ဖြစ်သည်။ လူ့ဘဝနှစ်တစ်သန်းအတွင်း လူတို့တတ်မြောက်ခဲ့ကြသော အနုပညာအရပ်ရပ်မှာအောက်ပါအနုပညာရပ်များဖြစ်ပါသည်။

## လက်မှုအနုပညာ (Handy-craft)

ဤပညာရပ်သည် လက်ဖြင့်ပြုလုပ်ပုံဖော်သော ပညာရပ်ဖြစ်၏။ နေ့စဉ်ဘဝ လိုအပ်ချက်အရ ပြုလုပ်သောပစ္စည်းများဖြစ်သည်။ လက်နှင့်ပြုလုပ်သောပစ္စည်းများအနက် လက်ရာမြောက်သော ပစ္စည်းများကို အနုပညာလက်ရာပစ္စည်းဟုခေါ်သည်။ လက်နှင့်ပြုလုပ်ခြင်းသည် လက်ရာမြောက်မှုမရှိ၊ အနုစိတ်မှုမပါသော ပစ္စည်းတို့ကို လက်မှုပစ္စည်းဟုခေါ်၏။ မြန်မာမှုတွင် ပန်းဆယ်မျိုးကို လက်မှုအနုပညာဟုခေါ်နိုင်၏။ လက်ဝတ်တန်ဆာများပြုလုပ်ခြင်းလည်း ပါဝင်သည်။

ပန်းဆယ်မျိုးဆိုသည်မှာ- ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းရံ၊ ပန်းတမော့၊ ပန်းတော့၊ ပန်းထိမ်၊ ပန်းရွဲ၊ ပန်းသေး၊ ပန်းပွတ်၊ မှန်စီရွှေချ၊ ရွှေဆိုင်းရွှေပြားခတ်၊ ရွှေချည်ထိုး-ငွေချည်ထိုး၊ အိုးလုပ်ငန်း၊ ကြွေအိုးလုပ်ငန်း၊ ဖန်ချက်လုပ်ငန်း၊ ဒေါင်းရွှေလုပ်ငန်း(ခေါ်)ကျူ၊ ကြိမ်၊ ဝါးတို့ဖြင့် လူ့အသုံးအဆောင်ပစ္စည်း အလှအပပစ္စည်းများ ပြုလုပ်သော ပညာရပ်များပါဝင်သည်။ အနုစိတ်လုပ်သော အလှအပပါဝင်သော လုပ်ငန်းများဖြစ်၏။ လက်မှုအနုပညာသည် ကာယကံမှုဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## လှုပ်ရှားမှုအနုပညာ (Moving Art)

အနုစိတ်လှုပ်ရှားမှုပြုသည့် လှုပ်ရှားမှုပညာရပ်ကို လှုပ်ရှားမှုအနုပညာဟုခေါ်သည်။ လှုပ်ရှားမှုအနုပညာရပ်တွင် အကအမျိုးမျိုးပါဝင်သည်။ တစ်ပင်တိုင်အက၊ နှစ်ပါးသွား အက၊ ယိမ်းအက၊ အိုးစည်အက၊ ဒိုးပတ်အကစသည်ဖြင့်ခေါင်း၊ ခါး၊ ခြေ၊ လက်ပါဝင်လှုပ်ရှားကပြသော အနုပညာဖြစ်သည်။ လှုပ်ရှားမှုအနုပညာတွင် အက သက်သက်သာမက ဟန်ပန်အမူအရာဖြင့်ပြုလုပ်မှု အရပ်ရပ်၊ ပုံသဏ္ဍာန်သရုပ်ဆောင်မှုအစုံစုံလည်းပါဝင်၏။ သဘင်အရပ်ရပ်ပါ သည်။ ပြဇာတ်သဘင်၊ အငြိမ့် သဘင်၊ ဇာတ်သဘင်၊ မျက်လှည့်၊ လက်လှည့်တို့မှအစ တီဗွီ၊ ဗွီဒီယို၊ ရုပ်ရှင်တို့ပါဝင်၏။ မျက်နှာပေး၊ မျက်လုံးဖြင့်ဟန်ပန်အမူအရာ၊ နှုတ်ခမ်းဖြင့် နှုတ်အမူအရာ Body Language စသည့်ပြုလုပ်ပြောဆိုမှုများ ပါဝင်သည်။

လှုပ်ရှားမှုအနုပညာသည် လူတို့အစောဆုံးပြုလုပ် တတ်မြောက်သောပညာရပ်ဖြစ်၏။ လူသည် လှုပ်ရှားမှုအနုပညာကို စိုက်ပျိုးရေးပညာမတတ်မီအမဲလိုက်၊ သားကောင်လိုက်သော ဘဝကပင်တတ်မြောက်သည်ဟု မှန်းဆရသည်။ ကျောက်ခေတ်မတိုင်ခင်ကပင် လှုပ်ရှားမှုအနုပညာကို လူတို့တတ်မြောက်ကြ၏။

## ပြောဆိုမှုအနုပညာ (Speaking Art)

ပြောဆိုမှုအနုပညာတွင် လူတို့နှုတ်ဖြင့်ပြောဆိုမှုကိစ္စ အရပ်ရပ်ပါဝင်၏။ သီဆိုခြင်း၊ ကဗျာရွတ်ခြင်း၊ တရားဓမ္မဟောကြားခြင်း၊ စာပြောခြင်း၊ စကားပြောခြင်း၊ ကွက်စိပ်ပြောခြင်း၊ ဆုံးမစကားပြောခြင်း၊ နားဝင်အောင်ပြောခြင်း၊ ဩဘာစာဖတ်ခြင်း၊ နိုင်ငံရေးတရားဟောခြင်း၊ မဲဆွယ်တရားဟောခြင်း၊ ငိုချင်ခြင်း၊ ရယ်ဖွယ်စကား ပြောဆိုခြင်း၊ ဇာတ်စာ ဇာတ်စကားပြောခြင်း၊ ရွတ်ဆိုမှုပြုခြင်း၊ ကောင်းချီးဩဘာပေးခြင်း၊ ချီးမွမ်းစကားပြောခြင်း၊ ဆုပေးခြင်း၊ စကားထာဝှက်





ခြင်း၊ ယဉ်ကျေးသိမ်မွေ့သောစကားကို ဆိုခြင်းတို့သည် ပြောဆိုမှုအနုပညာတွင်ပါဝင်သည်။ ပြောဆိုမှုအနုပညာသည် ဝစီကံမှုဖြစ်၏။

## တီးမှုတ်မှုအနုပညာ (Musical Art)

တီးမှုတ်မှု အနုပညာတွင် လူ၏နှုတ်မှရွတ်ဆိုခြင်းမဟုတ်ဘဲ တူရိယာ ပစ္စည်းများဖြစ်ကြသော ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟု ငါးအပ်သော တူရိယာပစ္စည်းများကို အသုံးပြု၍ အသံထွက်ပေါ်လာအောင်ပြုလုပ်၍ တီးမှုတ်သောအနုပညာရပ်ဖြစ်သည်။

ကြေးတူရိယာတွင် - ကြေးပတ္တလား၊ ကြေးနောင်၊ ကြေးဝိုင်း၊ ကြေးမောင်း၊ လင်းကွင်း၊ ဖားစည်၊ စည်းနှင့် သံလွင်တို့ပါဝင်၏။ ကြိုးတပ်တူရိယာတွင်စောင်း၊ မိချောင်းတူရိယာ၊ တယော၊ ဘင်ဂျို၊ ဂီတာ၊ စန္ဒယားစသည်တို့ ပါဝင်၏။ သားရေတူရိယာတွင်ပုံ၊ ဖြော၊ စည်၊ ပတ်သာ၊ အိုးစည်၊ ဒိုးပတ်၊ မြောက်စည်၊ စည်ဝန်း၊ စည်သေး၊ စည်ပုတ်၊ ည်ပန်းတောင်၊ စည်အိုင်၊ တစ်ဖက်စည်၊ နှစ်ဖက်စည် စသော ည်အမျိုးမျိုး ပါဝင်သည်။ လေတူရိယာတွင် နှဲ၊ ပုလွေ အစရှိသော ူရိယာများပါ၏။ လက်ခုပ်တွင် လူလက်ခုပ်၊ ဝါးလက်ခုပ် စသည်တို့ ါဝင်၏။

## ရေးသားမှုအနုပညာ (Literary Art)

ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ သီချင်း၊ ရတု၊ ရကန်၊ အဲချင်း၊ အိုင်ချင်း၊ အံချင်း၊ သာချင်း၊ နတ်ချင်း၊ လူးတား၊ မော်ကွန်း၊ လေးချိုးချို၊ တေးထပ်၊ ဘောလယ်၊ ဒိန်းသံတို့မှ အစ ယခုခေတ်ကာလ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာတို့တွင် ရေးသားကြသော ခေါင်းကြီးသတင်းဆောင်းပါး အရေးအသားများအထိ ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အလှဖန်တီးမှုအနုပညာ (Beauty Art)

အလှဖန်တီးမှုအနုပညာတွင် လူတို့ကြည့်ရှုမြင်တွေ့ရာတွင် စိတ်ထဲ၌ လှသည်ဟု ထင်မှတ်သွားအောင်ပြုလုပ်မှုကိစ္စအရပ်ရပ် ပါဝင်သည်။ အခမ်းအနားပြင်ဆင်မှု၊ အစားအသောက်ပြင်ဆင်မှု၊ အိမ်အလှပြင်ဆင်မှု၊ ဧည့်ခန်းအလှ၊ မြက်ခင်းအလှ၊ ပန်းဥယျာဉ်အလှ၊ အဝတ်အစား၊ အနေအထိုင်၊ ဟန်ပန်၊ ပန်းပန်ခြင်း၊ လှပအောင်လှုပ်ရှားခြင်း၊ ဆံပင်အလှစသည့်ဖွဲ့စည်း လုပ်ဆောင်မှု အရပ်ရပ်ပါဝင်၏။ စိတ်တွင်လှသည်ဟုအထင်ရှိမှုအားလုံးပါဝင်၏။ စိတ်အလှလည်း ပါဝင်သည်။

အနုပညာတွင် ခံစားမှုပါဝင်သည်။

## ကိုယ်ကျင့်တရားဆိုင်ရာ အနုပညာ

လူ၏ရုပ်အသွင်သဏ္ဌာန်လှအောင် ပြုလုပ်သော ပညာရပ်သည်သာမက လူ၏စိတ်ကို လှအောင်ပြုလုပ်သော ပညာရပ်သည်လည်း အနုပညာပင်ဖြစ်သည်။ လူ၏စိတ်ခန္ဓာနှင့် လူ၏ရုပ်ခန္ဓာသည် တလုံးတစည်းတည်းရှိသောအရာဖြစ်သည်။ လူ၏စိတ်နှင့် ရုပ်ကို သာမန်အားဖြင့် ခွဲခြား၍မရ။ လူ၏ရုပ်ခန္ဓာသည် လူ့အစိတ်အပိုင်းတရပ်ဖြစ်သလို လူ၏စိတ်သည်လည်း လူ၏ အစိတ်အပိုင်းတစ်ရပ်သာဖြစ်၏။ ထို့ကြောင့် လူ၏ရုပ်တရားကို လှပအောင် ပြုလုပ်သောအရာကို အနုပညာဟု ခေါ်ပါလျှင် လူ၏စိတ်တရားကို လှပအောင်ပြုလုပ်သောအရာသည်လည်း အနုပညာသာလျှင်ဖြစ်သည်။ ကိုယ်ကျင့်တရားဆိုင်ရာ အနုပညာသည် လူနှင့်သာဆိုင်သည်။ လူ့အဖွဲ့အစည်းနှင့်သာဆိုင်သည်။ လောကလူ့ဘောင်တွင် စိတ်အလှတရားက ညီညွတ်မှု၊ စည်းလုံးမှုတစ်စုတစ်စည်းတည်း နေထိုင်စားသောက်မှုတို့ကို ဖန်တီးသောကြောင့် ကိုယ်ကျင့်တရားဆိုင်ရာ အနုပညာသည် အလွန်မှ အရေးကြီးပါသည်။ လူ၏စိတ်ကို လှုပ်ရှားမှုဖြစ်စေသော မည်သည့်အသေးစိတ် အနုစိတ်တင်စားဆောင်ရွက်မှုအားလုံးသည် အနုပညာဖြစ်သည်။





လူသည်သူ့ဘဝခရီးလမ်း အနှစ်တစ်သန်းကို ဖြတ်သန်းလာရာတွင် လူလူချင်း ညီညွတ်မျှတစွာ နေနိုင်ရန် တစ်ဦးနှင့်တစ်ဦး လူ့ကျင့်ဝတ်များ မိဘဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်၊ သားသမီးဝတ်စသည်များ၊ လူ့စည်းကမ်းများ ရပ်ရွာစည်းကမ်း၊ မြို့ပြဆိုင်ရာစည်းကမ်း၊ ဥပဒေစည်းကမ်း၊ ယာဉ်မောင်းပါက ယာဉ်စည်းကမ်းများ သတ်မှတ်၍ ကျင့်ဝတ်နှင့်အညီ နေထိုင်ခြင်းဖြစ်၍ ယင်းကို ကိုယ်ကျင့်တရားဆိုင်ရာ အနုပညာဟု စည်းကမ်းဥပဒေ ဓလေ့ထုံးစံအရပ်ရပ်ရှိ၏။ ထိုအခါများသည် လူ့ဘဝသမိုင်းတလျှောက် လူတို့ကြုံတွေ့ခဲ့ရသော လူ့ဘဝ အတွေ့အကြုံများထဲ ရရှိခဲ့သော အရာများဖြစ်၍ တန်ဘိုးပေးပြီးမှ ရခဲ့သော အရာများဖြစ်သည်။ လွန်ကဲသောလောဘ၊ လွန်ကဲသောဒေါသများ မရှိစေရန် ထိန်းကြောင်းပေးထားသော ဓလေ့ထုံးစံများသည် ကိုယ်ကျင့်တရားဆိုင်ရာ အနုပညာပင်ဖြစ်၏။

## လူသာပဓါန

အနုပညာအရပ်ရပ်သည် လူ့ဘဝလိုအပ်ချက်အရ လူတို့တီထွင်ကြံဆ၍ ပေါ်ပေါက်လာသောပညာ များဖြစ်သည်။ အနုပညာကို ဖန်တီးရှင်သည်လူဖြစ်သည်။ အနုပညာရပ်များကို လူသည်သူ့ဘဝခရီးလမ်းတွင် လိုအပ်၍ဖန်တီးခြင်း ဖြစ်သည်။ မလိုအပ်ဘဲ စိတ်ရူးပေါက်ဖန်တီးခြင်းမဟုတ်၊ လူသည်အနုပညာကို ဘဝ လိုအပ်ချက်အရ ဖန်တီးခြင်းဖြစ်၏။

ထိုဖန်တီးမှုကို လူဖြစ်သောကြောင့်သာ ဖန်တီးနိုင်ခြင်းဖြစ်၏။ လူ၏ခန္ဓာနှင့် လူ၏ဦးနှောက်သည် အနုပညာဖန်တီးမှုအတွက် အဓိကပင်မသော့ချက်ပင်ဖြစ်သည်။ ဖန်တီးမှုသည် ဦးနှောက်၏ဂုဏ်သတ္တိသာလျှင်ဖြစ်၏။ လူ၏ဦးနှောက်သည် သူ့ဘဝအတွေ့အကြုံ၊ ပတ်ဝန်းကျင်လောကဖြစ်တတ်၊ ပျက်တတ်ပုံ၊ ကမ္ဘာလောကပေါ်တွင် ဖြစ်ပေါ်တတ်သည့် သဘာဝအင်အားကြီးများ၊ ယိုစီးခြင်း၊ ခဲခြင်း၊ မာခြင်း၊ ပျော့ခြင်း၊

www.burmeseclassic.com



အငွေ့ပျံခြင်း၊ ပေါင်းစပ်ခြင်း၊ ဖွဲ့စည်းခြင်းသဘောများကို သူ၏ ဦးနှောက်ဖြင့် မှတ်သားဆင်ခြင်တွေးတော၍ သဘာဝတရားထဲမှ သိပ္ပံပညာနှင့်ဝိဇ္ဇာပညာရပ်များကို ဖော်ထုတ်ခဲ့၍ အရာရာကို ဖန်တီးခြင်း ဖြစ်သည်။

ထို့ကြောင့်အနုပညာရပ်၏ အလုပ်တာဝန်များတွင်

(က) အသိပညာကိစ္စ

(ခ) ခံစားမှုကိစ္စနှင့်

(ဂ) ကျင့်ဝတ်ဆိုင်ရာကိစ္စ ကိုယ်ကျင့်တရားတို့ ပါဝင်သည်ကို သတိပြုကြရမည်ဖြစ်ပါသည်။

□ □ □



အခန်း (၆)

## မြန်မာ့အနုပညာသန္ဓေတည်ရာ ရုပ်ပုံလွှာများ

မြန်မာဆိုသော စကားရပ်သည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးအားလုံးကို ကိုယ်စားပြုခေါ်ဆိုသော စကားရပ်ဟူ၍အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးရှိသည်ဟု ဆိုပေရာ မြန်မာဆိုသောစကားရပ်သည် ထို ၁၃၅ မျိုးသော တိုင်းရင်းသားတို့အား ကိုယ်စားပြုခေါ်ဆိုသော အမည်ဖြစ်သည်ဟု နိုင်ငံကပြဋ္ဌာန်းထားပါ၏။

မြန်မာအနုပညာပစ္စည်းဆိုသည်မှာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်တီထွင်ဖန်တီးမှုပြုခဲ့သော အနုပညာပစ္စည်းများကို **မြန်မာ့အနုပညာပစ္စည်း** ဟုခေါ်သည်။

အနုပညာသည် လူ့ဘဝလိုအပ်ချက်အရ ဖြစ်ပေါ်လာသော လူ၏စိတ်ပိုင်းနှင့် ရုပ်ပိုင်းဖြည့်ဆည်းမှု ကိစ္စဖြစ်သည်။ လူ၏အာရုံကို နှိုးဆွမှုပြုသော ပညာရပ်လည်းဖြစ်သည်။ အနုပညာတွင် လူ၏စိတ်ပိုင်းကိစ္စရော ရုပ်ပိုင်းကိစ္စများပါ ပါဝင်ပတ်သက်မှုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံဟူ၍ သတ်မှတ်ခေါ်ဆိုခဲ့သော မြေသားသည် လွန်ခဲ့သောအနှစ်သန်း ၁၀၀၀ ခန့်မှစ၍ ခိုင်မြဲသော မြေထုအဖြစ် စတင်တည်ရှိလာသည်။ ထိုမြေထုစတင်တည်ရှိရာနေရာသည် ရှမ်းကုန်း မြေမြင့် နေရာပင်ဖြစ်သည်။ ရှမ်းကုန်းပြင်မြင့်သည်မြောက်သို့လား သော် မြစ်ကြီးနား၊ တောင်သို့လားသော် ကယားပြည်နယ်၊ အရှေ့သို့ လားသော်သံလွင်၊ အနောက်သို့လားသော် ရှမ်းကုန်းပြင်မြင့်အဆုံးအထိ ကျယ်ဝန်းသည်။

လွန်ခဲ့သော အနှစ်သန်း ၆၀၀ သို့ရောက်သောအခါ ရှမ်းကုန်း ပြင်မြင့် နေရာတွင် ကျွန်းများနေရာအနှံ့ တွင်ရှိခဲ့သည်။ သန်း ၅၀၀ ကာလတွင် ရှမ်းကုန်းပြင်မြင့်သည် ပင်လယ်တို့၏အောက်သို့ရောက်ရှိပြီး လွန်ခဲ့သော အနှစ် ၄၀၀ ခန့်မှစ၍ ရှမ်းကုန်းပြင်မြင့်သည် မြေပြင်ထုကြီး အဖြစ်သို့တည်ရှိလာခဲ့၏။

လွန်ခဲ့သောအနှစ် ၁၃၅ သန်းမှ ၆၃ သန်းအတွင်း ရခိုင်ရိုးမ သည် ပင်လယ်ပြင်မှ ပထမဆုံးကျွန်းတန်း များအဖြစ်ပေါ်ထွန်းလာ၏။

လွန်ခဲ့သော အနှစ်သန်း ၄၀ တွင် မင်းကွန်းမန္တလေးမြေလွှာ မြင့်တက်လာသည်။ ထိုအချိန်တွင် ချင်းတွင်း မြစ်ဝှမ်းနှင့် ရှမ်းပြည်နယ် လားရှိုး၊ နမ္မားအစရှိသော ဒေသများတွင်သစ်တောကြီးများဖုံးခဲ့သည်ကို ယင်းမြေလွှာတွင်တွေ့မြင်ရသော ကျောက်မီးသွေးကြောကြီးများ အထောက်အထားအဖြစ် ပြဆိုနေသည်ဟု ဘူမိဗေဒပညာရှင်တို့က ဆို၏။ ပခုက္ကူခရိုင်အတွင်း မြိုင်မြို့နယ်တွင် မိချောင်းနှင့် အခြား တွားသွား သတ္တဝါများရှိ နေပြီဖြစ်ကြောင်း ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရသိရှိခဲ့ရ၏။

လွန်ခဲ့သော အနှစ်သန်း ၄၀ က ပရိုင်းမိတ်ရုပ်ကြွင်းများကို ကမ္ဘာ့ပညာရှင်များနှင့် မြန်မာ့ဘူမိဗေဒပညာရှင် များပုံတောင်ဒေသမှ တွေ့ရှိခဲ့သည်။ ပရိုင်းမိတ်ဆိုသည်မှာ Primus ပထမဆုံး ဟုအဓိပ္ပါယ် ရပြီး သတ္တလောက၏ ပထမဆုံးအသိဉာဏ်ဖွံ့ဖြိုးတိုးတက်လာသော





သတ္တဝါ၊ တနည်းနှောင်တွင် လူဖြစ်လာ မည့်သတ္တဝါဖြစ်သည်။ သတ္တဝါ ၏အသိဉာဏ်ဖွံ့ဖြိုးမှုသည် အနုပညာရပ်ဖွံ့ဖြိုးလာစေရန်အတွက် အရင်းအမြစ်ပင်ဖြစ်သည်။

လွန်ခဲ့သောနှစ် ၁၅ သန်းက ဟိမဝန္တာတောင်ကြီး တည် ဆောက်လှုပ်ရှားမှုတစ်ရပ်ဖြစ်ပေါ်လာခဲ့ သည်။ ဟိမဝန္တာတောင်တန်း စုန့်စုန့်မြင့်တက်တည်ရှိချိန်မှစ၍ မြန်မာ့မြေအနေအထားသည် ယခု အတိုင်း တည်ရှိလာ၏။ ထိုအချိန်မှစ၍ ဧရာဝတီမြစ်စတင် စီးဆင်း လာသည်။ လွန်ခဲ့သောနှစ် ၁၄ သန်းတွင် မြန်မာ့ မြေပြင်တွင်ကျောရိုးရှိ နို့တိုက်သတ္တဝါများဖြစ်သော ရှေးဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သမင်မျိုးရင်း အုပ်ကြီးများ ပေါ်ပေါက်လာသည်။ လွန်ခဲ့သောအနှစ်တစ်သန်းအထိ မြန်မာ့မြေပြင်ဝယ်ဒရယ်ငယ်များ၊ မြင်း၊ ဆင်၊ နွား၊ ကျွဲ စသည်တို့ ကျက်စားနေရာဒေသကြီးဖြစ်၍ လိပ်၊ မိကျောင်းများလည်းရှိခဲ့၏။ ထိုကာလက ဇန်းမော်မှ ရန်ကုန်တိုင်ကျယ်ဝန်းသောဒေသကြီးမှာ၊ သစ်တောများဖြစ်ထွန်းနေခဲ့ကြောင်း ယင်းဒေသတစ်လျှောက်တွင် တွေ့ရသော အင်ကြင်းကျောက်များက သက်သေအဖြစ်တည်ရှိလျက် ရှိသည်ဟု ဘူမိပညာရှင်တို့ကဆို၏။

တဖန် လွန်ခဲ့သောအနှစ်တစ်သန်းမှစ၍ ဟိမဝန္တာတောင်နှင့် မြောက်ဘက်တွင် ရေခဲပြင်ကြီးများ သည်နှစ် ၉၉၀၀၀၀ အတွင်း လေးကြိမ်မျှဖုံးလွှမ်းခဲ့ပြီး လွန်ခဲ့သောအနှစ်တစ်သောင်းသို့ရောက်မှ နှင်းခဲလွှမ်းမိုးမှုသည် ဆုတ်ခွာသွားခဲ့သည်။

နှင်းခဲဖုံးလွှမ်းမှု စတင်ဆုတ်ခွာသွားသော လွန်ခဲ့သောနှစ် တစ်သောင်းခန့်ကာလသည် မြန်မာနိုင်ငံ၏ ကျောက်ကြမ်းခေတ်ကာလ ဖြစ်၍ ထိုခေတ်မှစ၍မြန်မာမြေပြင်၌ ကျောက်ခေတ်လူသားတို့ စတင် နေထိုင် ခဲ့ကြသည်။ ကျောက်ခေတ်လူသားများ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သည်ကိုယင်းတို့အသုံးပြုခဲ့သော ခေတ်လက်နက်ပစ္စည်းများ အရသိရှိခဲ့ရပြီး မြန်မာနိုင်ငံ၏ခေတ်ဦးကာလကိုအညာသားယဉ်ကျေးမှု



www.burmeseclassic.com

www.burmeseclassic.com



Anyathian Culture ဟု ကမ္ဘာ့ပညာရှင်များက အသိအမှတ်ပြုသည်။

မြန်မာ့ရှေးဦးကျောက်ကြမ်းခေတ်လူသားတို့သည် အုပ်စုလိုက်အသင်းအပင်းဖွဲ့ကာဘုံလုပ်ငန်းဘဝ ထူထောင်၍ နေကြသည်ဟု ခန့်မှန်းကြသည်။ ကျောက်ကြမ်းခေတ်လူသားတို့သည် အလေ့ကျပေါက်သော သီးနှံများ၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးသစ်ဖုများကို ရှာဖွေစားသောက်၍ တဖက်မှလည်းအမဲလိုက်ခြင်း၊ သီးနှံများထွန်ယက်စိုက်ပျိုးခြင်းတို့ကို ပြုလုပ်အသက်မွေးဝမ်းကျောင်းပြုကြမည်ဟု ခန့်မှန်းကြသည်။ ကျောက် ကြမ်းခေတ်သုံးလက်နက်များကို မကွေး၊ ချောက်၊ စလေ၊ ညောင်ဦး၊ မင်းဘူး၊ ရေနံချောင်း၊ စဥ့်ကူး၊ ယော တောင်ကြား၊ ပုဂံ၊ ပခုက္ကူ၊ မင်းကွန်း၊ မန္တလေးအစရှိသောဒေသများတွင် တွေ့ရသည်။ ကျောက်ခေတ်လူသား များသည် ရှမ်းကုန်းပြင်မြင့်ရှိ ဂူများတွင်လည်းနေထိုင်ကြသည်။

ပြဒါးလင်းဂူ၊ မုံတဝဂူ၊ တင်းတိမ်ဂူအစရှိသော ဂူများသည် သမိုင်းမတင်မီခေတ်က လူသားတို့ နေထိုင်သွားကြသော လူနေဂူများဖြစ်သည်။ မုံတဝဂူကို ၁၉၃၇ ခုနှစ်ကတူးဖော်တွေ့ရှိရပြီး တူးဖော်သောအခါ ဂူအောက်မြေသားမှအိုးခြမ်းကွဲများတွေ့ရှိရ၏။ ထိုအိုးခြမ်းကွဲများပေါ်တွင် ကြိုးအရာများနှင့် အစင်းအကွက်များတွေ့ရ၏။ အလားတူ ပင်တောင်ကြီးအနီးတွင် တွေ့ရသောတင်းတိမ်ဂူမှ တိရစ္ဆာန်အရိုးများ၊ ခရုခွံများ၊ မီးသွေးစများတွေ့ရှိရာ ယင်းတို့ကိုကျောက်ခေတ်တို့၏ ယဉ်ကျေးမှုဆိုင်ရာ သဲလွန်စများအဖြစ် လေ့လာရသည်။

ပြဒါးလင်းဂူသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်းရှိ ညောင်ကြက်ရွာ အရှေ့မြောက်လေးမိုင်အကွာတွင်ရှိသည်။ ယင်းဂူကိုလမ်းစဉ်ပါတီပညာရေးရာဌာနမှ ဦးဆောင်ပြုလုပ်လျက် ပညာရှင်များစုပေါင်း၍ ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ကွင်းဆင်းသုတေသနပြုခဲ့၏။ ထိုအခါက ပြဒါးလင်းဂူကို ကျောက်ခေတ်နှောင်းလူသားတို့နေထိုင်ရာ ဂူအဖြစ်လက်ခံခဲ့ကြသော်လည်း



ယခုအခါ ကျောက်ခေတ်ဦးလူများပါနေထိုင်ဂူအဖြစ်လက်ခံလာခဲ့ကြ၏။ ပြဒါးလင်းဂူတွင် တွေ့ခဲ့ရသောပန်းချီလက်ရာ များသည် စိတ်ဝင်စားစရာကောင်းသည်။ မြန်မာနိုင်ငံ၏ အစောဆုံးပန်းချီလက်ရာများဟု ဆိုဘွယ်ရာရှိပါသည်။ ဂူအမှတ်-၁၏ ဂူနံရံမြေပြင်မှ ၁၀ပေ-၁၂ပေအမြင့်တွင် နီညိုရောင်ဆေးဖြင့်ပုံပေါင်း ၁၂ ပုံ ရေးဆွဲထားရာယင်းအနက်- ၉ ပုံကို အမျိုးအမည်ဖော်နိုင်သည်။ ယင်းတို့မှာ နေပုံ၊ ငါးပုံ၊ နွားသားအမိပုံ၊ လက်ဝါးပုံ၊ သမင်ပုံ၊ ဆင်ပုံ၊ တောဝက်ပုံ၊ ပြောင်ပုံ စသည် တို့ဖြစ်သည်။ ပြဒါးလင်းဂူနံရံရှိ ပန်းချီပုံများကို မြန်မာနိုင်ငံနေရှေးဦးကျောက်ခေတ်လူသားတို့ရေးဆွဲခဲ့သောပုံများဖြစ်သောကြောင့် အခြားဒေသမှစွက်ဖက်မှု အတွေးအခေါ်များမပါဘဲ ပြဒါးလင်းဂူသားတို့ ဘဝခံစားချက်အရ ရေးဆွဲထားသောပုံများဖြစ်ပါ၏။ ဤပုံများသည် မြန်မာ့ကျောက်ခေတ်လူသားတို့၏ ရှေးကျသောလက်ရာများဖြစ်သည်။ ထိုပုံများကိုကြည့်၍ ယင်းတို့၏ နေထိုင်မှုဘဝအတွေးအခေါ်များ လေ့လာနိုင်သည်။

ပြဒါးလင်းဂူမှ နေထွက်နေပုံပန်းချီလက်ရာကို လေ့လာသောအခါ တောင်စွယ်၊ တောင်ထိပ်နှစ်ခု အကြားမှနေထွက်လာပုံကို ရေးသားထားရာအခြားအရပ်များတွင်တွေ့ရသော နေထွက်ပုံထက်ပို၍ ထူးခြားသည်။ ကျောက်ခေတ်လူသားတို့ တောင်တန်း၊ တောင်စွယ်များအကြားနေထိုင်ကြပုံကိုစိတ်ကူးနှင့်မှန်းဆ ၍တွေးတော သိမြင်ဖွယ်ဖြစ်ရသည်။ ရှေးက"မြန်မာပန်းချီအစပုဂံ" ကဟုဆိုရာ ယခုမူ "မြန်မာပန်းချီအစ ပြဒါးလင်းဂူ"က ဟုဆိုပြီးဖြစ်၏။

ပြဒါးလင်းဂူလက်ရာများကဲ့သို့ပင် ရှေးကျသောပန်းချီလက်ရာမှာ တောင်သမန်တွင်တွေ့ရ၍ တောင်လေး လုံးဆရာတော်ဦးပညာ (ကိုပညာ-အမရပူရ)သိမ်းဆည်းထားသော အမိနတ်သမီးပုံဖြစ်သည်။ ဤပုံသည် မြေသားအန်စာတုံးတစ်တုံးပေါ်တွင် မြေသားစိုစဉ်အဘုတ်ဖြင့်ရေးဆွဲထားပြီးမြေကိုမီးဖုတ် ထားခြင်းဖြစ်သည်။ ထိုပုံသည်

www.burmeseclassic.com



မျက်စိ၊ ဆံပင်၊ ရင်သား၊ ဝမ်းဗိုက်တို့ပါရှိသည်။ သားသမီးအားနို့ချို တိုက်ကျွေးသည့်အမေ့ရင်သားနှင့် မွေးဖွားရာကို ဦးစားပေး ထင်ရှားအောင် ရေးဆွဲထားသောပုံဖြစ်သည်။ မိမိစိတ်ထဲမှရှိသော အတွေးကို အပိုအလို မရှိပေါ်လွင်အောင် ရေးဆွဲထားသည်။

အမိနတ်သမီးပုံကို စမုံမြစ်ဝှမ်းမှလည်းတွေ့ရှိရသည်။ စမုံမြစ်ဝှမ်းမှ တွေ့ရှိရသောအမိနတ်သမီးပုံသည် လက်မပါ၊ ခေါင်းတွင် မျက်လုံး၊ ပါးစပ်၊ နှာခေါင်းတို့ကိုပီပြင်စွာဖော်ပြမထားဘဲ ရင်သားနှင့် ဝမ်းဗိုက်နေရာများကိုသာ အထူးဖောင်းကြွပြုလုပ်ဖော်ပြထားသည်။ အမိနတ်သမီးပုံကိုကြေးပြားဖြင့် ပုံဖော်ပြထားပုံဖြစ်၍ ပြန်လည်မွေးဖွားခြင်းအတွက် ရည်မှန်းထုလုပ်ထားသည်ဟုယူဆသည်။ စမုံမှ တွေ့ရသောပုံထက် တောင်သမံတွင်တွေ့ရသော အမိနတ်သမီးပုံက ပိုစောနိုင်သည်။

အိုးများပေါ်တွင်တွေ့ရသောကြောင် ခြစ်ရာများကလည်း ပန်းချီ၏ အစောပိုင်းဟုဆိုနိုင်၏။ အိုးထိန်းစက် မပေါ်မီကပြုလုပ်သော လက်လုပ်အိုးများပေါ်တွင်ကြောင်ခြစ်ရာ၊ ဒီဇိုင်းများပါရှိသည်။ ၂၀၀၃ ခုနှစ်မှစ၍ တကောင်း တွင်ပျူအရိုးအိုးများ စတင်တွေ့ရှိခဲ့သည်။ ရှေးအခါက တကောင်းမှအနော်ရထာ ထက်စောသော အထောက်အထား မတွေ့ရဟုပြောဆိုခဲ့ရာမှယင်းခုနှစ်များမှစ၍ ပျူအရိုးအိုးများကိုတွေ့ခဲ့ရာ TG31-A,B,C,D အကွက်နေရာများမှ ပျူအရိုးအိုး ၇၅လုံး နှင့် အခြားနေရာအသီးသီးမှ အရိုးအိုး ၁၀လုံး၊ စုစုပေါင်းအရိုးအိုးအလုံး ၈၅လုံး တွေ့ရှိခဲ့သည်။

ထိုအရိုးအိုးများသည် မြန်မာ့သမိုင်းဆိုင်ရာအယူအဆများကို ပြောင်းလဲစေခဲ့သောအိုးများဖြစ်၏။ သမိုင်းဆိုင်ရာအထောက်အထားများထက် အိုးများပေါ်တွင်ပါသော ပန်းချီအမှတ်အသားဆိုင်ရာ အထောက်အထားများကို တင်ပြလိုခြင်းဖြစ်ပါ၏။ တကောင်း၊ ပျူအရိုးအိုးများပေါ်တွင်တွေ့ရသော အမှတ်အသား တို့မှာ -





အိုးအမှတ် (ခ) တွင် နေ၊ လနှင့် အစက်အပြောက်နှင့် မိုးကုပ်စက်ဝိုင်းပုံ ဒီဇိုင်းပါရှိ၏။

အိုးအမှတ် (၈) ပေါ်တွင် မီးတောက်မီးလျှံနှင့် မီးအိမ်ပုံဒီဇိုင်း

အိုးအမှတ် (၁) ပေါ်တွင် နွားရုပ် ဒီဇိုင်း (နွားအကောင် ၂၀)

အိုးအမှတ် (၅) ပေါ်တွင် နေခြည်ရှစ်ခုဖြာထွက်နေပုံဒီဇိုင်း

အိုးအမှတ် (၇-က) ပေါ်တွင် ဆင်ရုပ်၊ ၁၆-ရုပ်ပုံ

အိုးအမှတ် (၇-ခ) ပေါ်တွင် ဟင်္သာရုပ်၊ ၁၄-ရုပ်ပုံ

အိုးအမှတ် (၁၁) ပေါ်တွင် လူဦးခေါင်းပိုင်းပုံ၊ ဆင်ပုံနှင့် နွားပုံ

အိုးအမှတ် (၁၆) ပေါ်တွင် ပွင့်ဖတ်လေးခုဖြာထွက်နေသည့် ပန်းပွင့်

အိုးအမှတ် (၁၇) ပေါ်တွင် ပွင့်ဖတ် ၁၂-ချပ်ပါ ပန်းပွင့်ပုံ

အိုးအမှတ် (၁၈) ပေါ်တွင် နေကြာပွင့်ပုံ

အိုးအမှတ် (၁၉) ပေါ်တွင် ပျူဒင်္ဂါးဒီဇိုင်းပုံ၊ အလင်းတန်းနှင့် အခိုးအငွေ့များ

အိုးအမှတ် (၄၁) ပေါ်တွင် ပွင့်ဖတ် ၈-ချပ်ပါ ပန်းပုံ

အိုးအမှတ် (၄၂) ပေါ်တွင် သစ်ရွက်ပုံ၊ ဂဲသြမေတြီဒီဇိုင်း

အိုးအမှတ် (၅၁) ပေါ်တွင် လေးထောင့်ကွက်အတွင်းမှ ပန်းပွင့်ကို ထပ်မံ၍စက်ဝိုင်းဖြင့်ဝိုင်းထားပုံ

အိုးအမှတ် (၅၂) ပေါ်တွင် ငါးအရိုးလိုသစ်ရွက်ပုံ

အိုးအမှတ် (၅၃) ပေါ်တွင် ငါးအရိုးလိုသစ်ရွက်ပုံ

အိုးအမှတ် (၅၆) ပေါ်တွင် ဂဲသြမေတြီဒီဇိုင်း

အိုးအမှတ် (၆၀) ပေါ်တွင် ဆီမီးခွက်မှ မီးတောက်ပုံ

အိုးအမှတ် (၆၁) ပေါ်တွင် ဂဲသြမေတြီဒီဇိုင်းတို့ပါရှိသည်။

ယင်းဒီဇိုင်းပုံတို့သည် မြန်မာတို့၏ ပန်းချီ၊ ဂဲသြမေတြီနှင့် ဗိသုကာပညာရပ်များ၏ ရှေ့ပြေးလက်ရာများဖြစ်၏။ ထိုသို့သော လက်ရာများကို ဟန်လင်း၊ ဗိဿနိုး၊ အမရပူရ၊ တောင်သမန်နှင့် အခြားနေရာများတွင်လည်းတွေ့သည်။

www.burmeseclassic.com



၂၀၀၁ခုနှစ်၊ မတ်လ၊ ၆ ရက်နေ့ ညနေပိုင်းသတင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တဆင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြေငြာချက်တစ်ရပ်တွင် ဆင်ညှပ်ကုန်းကျေးရွာဦးတင်ဝင်းကုန်းမှ ပုဂံခေတ်အနှောင်းရထာမင်း မတိုင်မီ (အေဒီ၅ရာစုခန့်မှန်း) အထောက်အထားအဖြစ် တကောင်းဒေသတွင် ပထမဆုံးတူးဖော်တွေ့ရှိခဲ့ကြောင်း ကြေငြာခဲ့သည်။ ထိုအထောက်အထားမှာ သချိုင်းအဆောက်အအုံတစ်ခု၏ ပန္နက်ပုံဖြစ်သည်။ ယင်းပန္နက်နေရာသည် အလျား ၄၆ပေ ပတ်လည်စတုရန်းပုံဖြစ်၍ အတွင်းအုတ်ရိုးသည် ၂၀ပေ ပတ်လည်ရှိ၏။ အရှေ့တောင်ဘက်အစွန်း၌ အလျား ၉ပေ ၆လက်မရှိ လှေကားအိမ်တစ်ခုပါရှိသည်။ တကောင်း၊ ဆင်ညှပ်ကုန်းမှ တွေ့ရသော ယင်းပန္နက်ပုံမျိုးကို ဗိဿနိုးမြို့ဟောင်း ကေကေဂျီ ၄-ကုန်းတွင်လည်း တွေ့ရ၍ ပုံသဏ္ဍာန်ရောအရွယ်အစားပါတူသည်။

ယင်းပန္နက်ပုံမျိုးကို အိန္ဒိယနိုင်ငံ အန္ဓရပြည်နယ်၊ အမရဝတီနှင့် နာဂရ္ဇုနကုဏ္ဍာအရပ်ရှိ ရှေးဟောင်း စေတီငယ်များ၏ ပန္နက်ပုံများနှင့်လည်း တစ်ထပ်တည်းတူနေသည်။

မြန်မာတို့၏ကျောက်ကြမ်းခေတ်ယဉ်ကျေးမှုကို အညာသားယဉ်ကျေးမှုဟုအမည် ပေးခဲ့သူတို့မှာ အမေရိကန်ပြည်၊ ဟားဗတ်တက္ကသိုလ်၊ အမေရိကန်ဒဿနိကအသင်းနှင့် ဝါရှင်တန်မြို့၊ ကာနက်ဂျီအသင်းမှ ဒေါက်တာ Hellmut De Terra နှင့်ပါမောက္ခ Hallaml L.Movius တို့ဖြစ်ကြသည်။ ပါမောက္ခ မိုးဗီးယပ်စ်သည် မြန်မာကျောက်ကြမ်းခေတ် လက်နက်ကိရိယာ အများအပြားကိုတူးဖော်စုဆောင်းခဲ့သည်။

မြန်မာကျောက်ကြမ်းခေတ်နှင့် ပတ်သက်၍ ပြင်သစ်သုတေသီကိုဒဲက နှင်းခဲခေတ်ကုန်ဆုံးသည့်ကာလ အထိမြန်မာနိုင်ငံအပါဝင် အရှေ့တောင် အာရှဒေသတစ်ခုလုံးတွင် ပြည်ပမှ မည်သည့်ဩဇာမျှမပါဝင်ပဲ ကျောက်လက်နက်ကိရိယာထုတ်လုပ်မှု အတတ်ပညာ





များကို အဆင့်ဆင့်တိုးတက်ဖွယ်ရာရှိသည့် လက်နက် ကိရိယာထုတ်လုပ်မှု၏ ရှေးအကျဆုံးသောသာဓကအထောက်အထားကို မြန်မာနိုင်ငံအညာသားယဉ်ကျေးမှု၌ တွေ့ရသည်ဟု The Making of South East Asia-P-11 တွင်ဆိုထားပါ၏။

ထို့ကြောင့်ကျောက်ခေတ်ကာလတွင် ကျောက်လက်နက်ပစ္စည်းများကို ရှေးကျောက်ခေတ် လူသားကြီးများသည် မိမိတို့၏ စိတ်ကူးစိတ်သန်းများနှင့် ဘဝလိုအပ်ချက်အရ တီထွင်ထုတ်လုပ်ခဲ့ကြသည်။ ထို့ကြောင့်ကျောက်ခေတ်ကာလ မြန်မာ့ယဉ်ကျေးမှုသည် မြန်မာရှေးဦးလူသားကြီးများ၏ကြိုးပမ်းအားထုတ်မှု သက်သက်သာဖြစ်သည်။

သို့သော်ရေခဲခေတ်ကုန်ဆုံးသွားသောအခါ ကျောက်ခေတ်လူသားတို့သည် ပတ်ဝန်းကျင်သို့ကူးလူး ဆက်ဆံမှုပြုလာကြ၏။ ခရီးထွက်လာကြသည်။ ထိုအခါယဉ်ကျေးမှုများရောယှက်လာခဲ့သည်။ မျှအကြိုကာလနှင့် ပျူခေတ်တွင်ပင် ယဉ်ကျေးမှုများရောယှက်လာသည် ကိုတွေ့ရသည်။ ဦးတင်ဝင်းကုန်းမှ တွေ့ရသော ပန္နက်ပုံသည် အိန္ဒိယနိုင်ငံ၊ အမရဝတီနှင့် နာဂရ္ဇုနကုဏ္ဍာမှ တွေ့ရသော ပန္နက်ပုံများနှင့် ထပ်တူထပ်မျှနေခြင်းသည် ယဉ်ကျေးမှုများမည်မျှအထိ ကူးစက်ရောနှောခဲ့ကြသည်ကို လေ့လာနိုင်ကြမည် ဖြစ်ပါသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

# မြန်မာ့အနုပညာရေစီးကြောင်း

ကျောက်ခေတ်ကာလကို လွန်မြောက်လာသောအခါ မြန်မာနိုင်ငံအတွင်းမှ ရှေးဦးလူများက တရပ်တပါးသို့ခရီးထွက်ကြ၍ တရပ်တပါးမှလူများကလည်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက် လာကြစရာအကြောင်း များရှိပါ၏။ မြန်မာနိုင်ငံအတွင်းမူရင်းဒေသခံ ရှေးဦးလူများနှင့် ပျူ၊ မွန်အစရှိသောလူမျိုးများ ရောနှောကာ မြန်မာအနုပညာအရပ်ရပ်ကို မွေးဖွားစေခဲ့ခြင်းဖြစ်ပါ၏။ ပျူလူမျိုးတို့ သည် တပါးတစ်နေရာမှ ပြောင်းရွှေ့လာ သူများဖြစ်နိုင်သလို အကြိုပျူတို့နှင့် ပျူလူမျိုးတို့သည် မြန်မာ့ရေမြေတွင်ပင် ယခင်ကာတည်းက ရှိနေသော ရှေးဦးလူများ၏အဆက်အနွယ်များလည်း ဖြစ်နိုင်ပေသည်။

ယခုအခါခေတ်သစ်တရုတ်သမိုင်းနှင့် ရှေးဟောင်းပညာရှင် မစ္စတာချင်ဇီ Chen Xi နှင့်အဖွဲ့က မြန်မာလူမျိုးတို့သည် မြန်မာပြည်အလယ်ပိုင်းမှ စတင်ပေါက်ဖွားလာကြသူများဟူသောအဆိုတစ်ရပ်ကိုတင်သွင်းလာကြသည်ကိုတွေ့ရှိခဲ့ရသည်။ Yunnan Academy of Sciences မှ ပါမောက္ခ He Shenyda က သူ၏တင်ပြချက်တစ်ရပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



Scholars such as Chen Xi insists that Myanmar Originate from Central Burma ဟုရေးသားခဲ့၏။

မွန်တို့သည် ဘီစီ ၂၀၀၀ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်ကပင် အရှေ့တောင်အာရှတွင် နေထိုင် လာကြသူများဖြစ်သည်။ မွန်တို့သည် အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုကို ရေကြောင်းမှ ရရှိကာ အထူးသဖြင့် အိန္ဒိယတိုင်းရင်းသားများ၏ ဗိသုကာအတတ်၊ နက္ခတ်ဗေဒင်၊ စာပေ၊ ဆေးဝါးပညာ၊ အတီးအမှုတ်၊ ကိုးကွယ်မှုဘာသာ၊ စိုက်ပျိုးရေးအစရှိသည်တို့ကိုရရှိခဲ့၏။ အိန္ဒိယနိုင်ငံမှ ယဉ်ကျေးမှုအနုပညာ၊ အုပ်ချုပ်မှု အတတ်နှင့် ဗုဒ္ဓဘာသာကိုးကွယ်မှုသည် မြောက်ဘက်ကုန်းလမ်းမှလည်း တကောင်းဟန်လင်း ဗိဿနိုး သရေခေတ္တရာဒေသများသို့ ဝင်ရောက်သည်။ မွန်တို့မှတစ်ဆင့်လည်း ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဘာသာတို့ပါ အိန္ဒိယမှ ရောက်ရှိလာခဲ့သည်။ ဗုဒ္ဓဘာသာရောက်ရှိလာခြင်းနှင့် အတူဗုဒ္ဓဘာသာ၏ အဆောင်အယောင်များဖြစ်သည့် ဗိသုကာပညာ ပန်းပု၊ ပန်းချီ၊ ဂီတ၊ အက၊ ရွှေနှင့် ငွေပန်းထိမ်အတတ်၊ လက်သမားအတတ်၊ လက်မှုအနုပညာအတတ်များပါ ရောက်ရှိခဲ့၏။ ဟိန္ဒူတို့၏ ပုရာဏ်ကျမ်းများ၊ တရားဥပဒေ၊ မနုဓမ္မသတ်၊ ဟိန္ဒူပူဇော်နည်းများ၊ နတ်ကိုးကွယ်မှုများပါရောက်ရှိခဲ့သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းမှသော်လည်းကောင်း၊ တရုတ်ပြည်မှသော်လည်းကောင်း၊ အင်ဒိုနီးရှား၊ မလေးရှားတို့ဘက်မှသော်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းသို့ ယဉ်ကျေးမှုများ အလုံးအရင်းဖြင့် ဝင်ရောက် လာရာဝင်ရောက်လာသော **ယဉ်ကျေးမှုကိုစောစောပိုင်းကပုံတူဆင်တူကူးယူလက်ခံသုံးစွဲခဲ့သော်လည်း နှောင်းကာလတွင် ထို ယဉ်ကျေးမှုများကို မိမိတို့၏ စိတ်ကူးစိတ်သန်းများဖြင့် မိမိတို့စိတ်ကြိုက်အကောင်အထည်ဖော်ကာ ခံစားခဲ့ခြင်းသည် မြန်မာ့ယဉ်ကျေးမှုအနုပညာ၏ ထူးခြားချက်အသွင်ဖြစ်သည်။**





လက်ရှိမြန်မာ့ယဉ်ကျေးမှုအနုပညာ၏ အခြေခံအုတ်မြစ်သည် ပျူ၊ မွန်၊ ရခိုင်တို့၏ ပင်ရင်းဖြစ်သော အနုပညာပင်ဖြစ်သည်။ ပျူလူမျိုးတို့သည် တိဗက်မြန်မာအနွယ်ဝင်များဖြစ်၍ အာရှတိုက်အလယ်ပိုင်းဆီမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကာ မြန်မာနိုင်ငံအတွင်း ရှေးအခါကပင်ရှိနေသော ဒေသခံ ရှေးဦးလူသားတို့ဖြင့် ရောနှောကာ ဘကောင်း၊ ဟန်လင်း၊ ရွှေဘို၊ သရေခေတ္တရာစသည်ဖြင့် နေရာအနှံ့ နေခဲ့ကြသည်ဟု လက်ခံထားမှုရှိသည်။

ပျူတို့သည် အုတ်ဖုတ်ခြင်း၊ အိုးလုပ်ခြင်း၊ မြို့ရိုးတည်ထိးနန်းတည်ထောင်ခြင်းအလုပ်တို့ကို ကောင်းစွာလုပ်ဆောင်တတ်ကြသည်။ ပျူတို့သည် ဗိသုကာပညာကို တတ်မြောက်ကြ၍ အဆင့်အတန်းလည်း မြင့်မားသည်။ သရေခေတ္တရာမှ ဘောဘောကြီးစေတီသည် အလွန်ရှေးကျသောပျူတို့၏ လက်ရာစေတီတော်ဖြစ်သည်။ ဤစေတီတော်တွင် အပျက်အစီးနည်းပါးစွာဖြင့် ရှေးမူမပျက် လက်ရာများကို တွေ့မြင်ရ၍ အုပ်ချုပ်တို့မှာ အချောကိုင်အုတ်ချပ်များဖြစ်သည်။ ပျူခေတ်စေတီတော်များသည် ပုဂံခေတ်စေတီတော်များကဲ့သို့ စေတီတစ်ဆူကိုအပြင် စေတီဘစ်ဆူကငုံ၍ တည်ထားသည်များရှိ၏။ အတွင်းစေတီအပျက်အစီးနည်းစေရန် အပြင်မှငုံတည်ထားခြင်းဖြစ်သည်။ ပျူခေတ်စောစောပိုင်းကာလတွင် ရှစ်မျက်နှာစေတီပုထိုးများကို တွေ့ရှိ ရသည်။ ရှစ်မျက်နှာစေတီများကို တကောင်းတွင်တွေ့ရှိရ၍ ဌာပနာတိုက်များကို အလွန်သပ်ရပ်လှပြစွာ တည်ဆောက်ထားကြ၏။

ပျူလက်ရာများသည် အိန္ဒိယအနုပညာကို မှီငြမ်းမှုပြုသော်သည်း မိမိတို့၏စိတ်ကူးစိတ်သန်းများ ထည့်သွင်းတည်ဆောက်မှုမှာ အလွန်မှစိတ်ဝင်စားစရာကောင်းသည်။ ပျူဗိသုကာလက်ရာများသည် အိန္ဒိယထံမှ ပုံစံယူထားသော်လည်း ခံစားမှုကွဲလွဲသည်။ ယနေ့ မြင်တွေ့နေရသော ပုဂံကိုပျူဗိသုကာပညာက မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။ ပျူဗိသုကာလက်ရာများကို ပျူခေတ်စေတီပုထိုး၊ ကျောင်းကန်မြို့ရိုး



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့တွင် တွေ့ရသည်။ ကြီးကျယ်သော အဆောက်အဦများဖြစ်၍ ပျူတို့၏ ပန်းပု၊ ပန်းတိမ်၊ ပန်းပဲ၊ ပန်းတဉ်းစသည်တို့ မှာလည်း အဆင့်အတန်းမြင့်လှပြီဖြစ်ပါ၏။

ဗိဿနိုးအိုးခြမ်းကွဲပေါ်မှ တွေ့ရှိရသော အမှတ်အသားနှင့် ပန်းချီပုံများ၊ ဒင်္ဂါးပုံများ၊ သရေခေတ္တရာမှ ပျူစာပါရှိသော အရိုးအိုးကြီးများ၊ ဟန်လင်းမှပျူရုပ်ကြွများ၊ သရေခေတ္တရာမှ ပျူဂီတနှင့် ကချေသည်ကြေးရုပ်များ၊ မိုင်းမောမြို့ဟောင်း၊ ကူမဲမြို့ အရှေ့ဘက်မှ ရရှိသော ရွှေသားနယားဦးခေါင်းပုံ၊ မြင်းမူမြို့နယ် ဦးနှောင်းကုန်းရွာမှ ရရှိသော ငွေဖလားနှင့် ယင်းဖလားအတွင်းမှ ရွှေသားနယား လက်ကြပ် ပုံတို့သည် ပျူတို့၏ အနုပညာနှင့် စိတ်ကူးစိတ်သန်းများကိုပြဆိုသော အနုပညာပစ္စည်းများဖြစ်ပါသည်။

ပျူတို့သည် ပန်းပုလက်ရာအရုပ်အမျိုးမျိုးကို ရေးဆွဲထုလုပ်နိုင်သည်။ အချို့ပျူတို့၏ ပန်းပုလက်ရာများသည် ပုဂံထက်သာလွန်သည်ကို တွေ့ရသည်။ ပျူတို့၏ ပန်းတိမ်ပညာသည် အံ့သြစရာကောင်းသည်။ ပျူလက်ရာများသည် ယနေ့ခေတ်ကာလဒီဇိုင်းများကိုပင် အံ့တုနိုင်ကြသည်။ ရွှေ၊ ငွေ၊ ကြေး၊ ကျောက်ဆစ် လုပ်ငန်းများတွင် ပျူတို့၏လက်ရာများသည် အဆင့်အတန်းမြင့်သည်။ ပျူတို့သည် ကြေးခြူများကို ပြုလုပ်နိုင်ကြသည်။ တကောင်းဘိုးဘိုးကြီး ရှေ့ပေ ၆၀ အကွာ ရေမြောင်းထဲမှ တူးဖော်ရရှိသော တကောင်းပျူအရိုးအိုး အမှတ် (၃)အတွင်းမှ ကြေးခြူး ငါးလုံးရရှိ၏။ ယင်းထဲမှ ကြေးခြူတစ်ခုတွင လက်ချောင်းအရိုးကပ်လျက်ပါလာသည်ကို တွေ့ရသည်။ ပျူခေတ်ကချေသည်မလေးများသည် ကြေးခြူလေးများကို လက်ချောင်းတွင် ဝတ်ဆင်၍ကပြနေကြသည်ကို စိတ်ဖြင့်ပင်တွေးကြည့်၍ရနိုင်၏။ ပျူတို့သည် ရွှေ၊ ငွေတို့ဖြင့် နော်ဇာကုံးများ၊ လည်ဆွဲပုတီးများ၊ ဘီးများ စသည်တို့ကို ပြုလုပ်နိုင် ကြ၏။ လက်ရာလည်းမြောက်သည်။ ပျူပုတီးစေ့များသည် အရောင်အသွေးစုံ၍ လှပသည်။





ပျူတို့သည် ရွှေဒင်္ဂါးနှင့် ငွေဒင်္ဂါးများကိုပြုလုပ်သုံးစွဲကြသည်။ ငွေဒင်္ဂါးများပေါ်တွင် နေနှင့်လပုံ အရုပ်များနှင့် ပျူတို့၏အတွေးအခေါ်ပါရှိသောရုပ်ပုံများပါရှိ၏။ ပျူလူမျိုးတို့သည် ဒင်္ဂါးများကို အဆောင်အဖြစ်ထားရှိအသုံးပြုကြသည်။

ပျူစာနှင့် မွန်စာသည် မြန်မာစာနှင့် နီးနွှေးမှုရှိသော စာပေဖြစ်သည်။ ပျူခေတ်တွင် ဂီတနှင့်အကပညာ လည်း အလွန်ထွန်းကား၍ အိမ်နီးချင်းနိုင်ငံများတွင်ပင် ကျော်ကြားသည်။

**ပျူလူမျိုးတို့၏ အနုပညာအရုပ်ရုပ်ကို ပုဂံကဆက်ခံသည်။ ပျူတို့၏ အဆို၊ အက၊ အတီး၊ အမှုတ်အနုပညာတို့သည် ပုဂံတွင်ပို၍ နိုင်မြဲလာ၏။ အထူးသဖြင့် ဗိသုကာဝညာရပ်များသည် ပုဂံတွင် လူလားမြောက်လာသည်။**

ပုဂံခေတ်တွင် စေတီတန်ဆောင်းဂူကျောင်း ဘုရားအလှူပွဲများ၌ လည်းကောင်း၊ အာရုံတက် ဆွမ်းကပ်ချိန် ဘုရားဝတ်ပြုချိန်တို့တွင် တူရိယာများတီးမှုတ်၍ ဘုရားကိုပူဇော်သည်။ စေတီ၊ ပုထိုးများတည်ဆောက်၍ အလှူမင်္ဂလာပြုလုပ်ချိန်တွင် စည်ပတ်သာ၊ တံပိုးခရာ၊ ခွက်ခွင်း၊ နှောင်နင်းတို့ကို တီးမှုတ်ကြသည်။ ပုဂံဆေးရေးပန်းချီများတွင် ဒိုးပတ်တီးဟန်၊ အမျိုးသမီးများတန်းစီ၍ သွားဟန်၊ ကဟန်တို့ပါရှိရာ အချို့သောပုဂံကဟန်တို့သည် မျက်မှောက်ခေတ်ကကြိုးကကွက်များနှင့်တူသည်။

ထို့ကြောင့် မြန်မာ့ဂီတဇာတ်သဘင်၊ မြန်မာ့အနုပညာရပ်တို့သည် မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း တစ်သောင်းခန့်မှစ၍ တတ်မြောက်ကခုန်ခဲ့ကြပြီး ပျူခေတ်တွင်စ၍ အခြေတည်မိကာ ပုဂံခေတ်ဦးတွင် ပိုမိုခိုင်ခန့်လာပြီး၊ ပင်းယ၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝခေတ်များတွင် မြန်မာအနုပညာအရပ်ရပ်သည် ပိုမိုနက်ရှိုင်းလာ၍ သီးခြားပုံသဏ္ဌာန်များဖြင့် ရပ်တည်လာသည်။ မြန်မာ့အနုပညာ အရပ်ရပ်သည် ပင်းယမှသည် အင်းဝတိုင်သောကာလတွင်ပို၍ အနုစိတ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ လက်ရာပြောက်လာခဲ့၏။ အင်းဝခေတ်တွင် မြန်မာ့ အနုစာပေသည် သိသိသာသာ အခြေခိုင်ထွန်းကားလာခဲ့သည်။

မြန်မာအနုပညာအရပ်ရပ်သည် ပြင်ပတရုတ်အိန္ဒိယအစရှိသော နိုင်ငံကြီးများ၏ ဩဇာလွှမ်းမိုးမှုရှိခဲ့သော်လည်း ပင်းယ၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝခေတ်များသို့ ရောက်လာသောအခါ မြန်မာ့အတွေး၊ မြန်မာ့အမြင် မြန်မာ့ခံစားချက် သီးခြားစိတ်ကူးစိတ်သန်းများဖြင့် ဖြစ်ပေါ်တိုးတက်မှုများရှိခဲ့၏။

မြန်မာနိုင်ငံသည် လယ်ယာကိုင်းကျွန်းနိုင်ငံဖြစ်သည့် အားလျော်စွာလယ်ယာကိရိယာပစ္စည်း အသစ်များ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေးလှေ၊ လှည်းစသော ယာဉ်များ ဆန်းသစ်တီထွင်လာခဲ့ခြင်းဖြင့် မြန်မာ့အညာဆန်လှေကြီးများ၊ လှည်းယာဉ်များဖြစ်ပေါ်လာခဲ့သည်။

ကောက်ရိတ်သိမ်းချိန် ထွန်ယက်ချိန်တို့တွင် ပျော်ပွဲများပြုလုပ်ကျင်းပကြသည်။ ဘာသာရေးပွဲလမ်း သဘင်အခမ်းအနားများ ကျင်းပကြသည်။ ထိုအခမ်းအနားများတွင် အကအခုန် အတီးအမှုတ်တို့ဖြင့် သဘင်စုံခံကြသည်။

မြင်စိုင်း၊ ပင်းယခေတ် ကဗျာလင်္ကာ ကာချင်း တျာချင်းတို့သည် အလွန်မှ ဆန်းသစ်၍ တစ်စီးရှင်သီဟသူ၏သား ငါးစီးရှင်ကျော်စွာသည် တျာချင်းနှင့် ကာချင်းများကို ကိုယ်တိုင်ရေးစပ်၍ဓား၊ လှံတို့ဖြင့် စစ်ရေးလေ့ကျင့်မှုများ ပြုသည်။ သီးခြားလိုင်းခွဲထွက်၍လာသော အနုပညာတစ်ရပ်ဖြစ်သည်။ အင်းဝခေတ်အဝတ်အစားများသည် ပုဂံခေတ်ထက် ရတနာပုံခေတ် အဝတ်အစားများဘက်သို့ပို၍ ယိုင်လာ၏။ မြင်စိုင်း၊ အင်းဝ၊ တောင်ငူခေတ်များတွင် စာပေအနေနှင့် အရှိန်အဟုန်မြင့်မား၍ ရဟန်းပညာရှိ၊ လူပညာရှိ၊ အမျိုးသမီးစာဆိုများ ထွန်းကားခဲ့ရာ ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း၊ အဲ၊ အန်၊ ဧချင်း၊ ရတုနှင့် ဇာတ်တော်ကြီးများ၊ ပြဇာတ်စာ၊ မေတ္တာစာ၊ ဆုံးမစာများ





ဝေဝေဆာဆာပေါ်ထွန်းလာသည်။ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်များတွင် စာပေလင်္ကာကဗျာထွန်းကားသည်နှင့်အညီ အဆိုအတီးအက သုခုမပညာရပ်များလည်း တိုးတက်လာခဲ့သည်။ စာဟောခြင်း၊ စာရွတ်ခြင်းနှင့် ကွက်စိပ်များလည်း တစ်ပြိုင်နက်ပေါ်ခဲ့သည်။ တေးဂီတ၊ အက အခုန်ဇာတ်၊ ရုပ်သေး၊ အငြိမ့်၊ သုခုမအနုပညာရပ်များသည် ကျေးလက်သို့ စတင်ပျံ့နှံ့သည်။ ဤခေတ်၏ တေးဂီတနှင့် သဘင်ဆိုင်ရာ ထူးခြားချက်များမှာ လူမှုရေး၊ နိုင်ငံရေး အပြောင်းအလဲများ ကူးလူးဆက်ဆံမှုများကြောင့် အနူးအညွတ်၊ အသိမ်အမွေ့၊ အဆိုအကများမှသည် ခေတ်နှင့်အညီ အမြူးအကြွဂီတနှင့် အကများဝင်ရောက်လာပြီး အိုးစည်၊ ဗုံပတ်စသော သွက်လက်စုပေါင်းတီးမှုတ်ကခုန်သည့် ကကွက်ဆန်းများ ပေါ်ပေါက်လာခဲ့သည်။

**မြန်မာ့ဂီတ၊ အကနှင့် မြန်မာ့အနုပညာအရပ်ရပ်သည် မြန်မာလူသားမျိုးနွယ်ရင်းတို့မှစခဲ့၍ ပျူခေတ်တွင် အခြေတည်မွေးဖွားကာ ပုဂံခေတ်တွင်ခိုင်မြဲတည်တံ့လာရာမှ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူနှင့် ညောင်ရမ်းခေတ်များတွင် ဆက်လက်ထွန်းကားပြန့်ပွားကာ စည်ပင်၍ အရွယ်ရောက်လာပြီး ကုန်းဘောင်ခေတ်ဦးတွင် အထွတ်အထိပ်သို့** ရောက်ရှိခဲ့သည်။

ကုန်းဘောင်ခေတ်ဦးတွင် တိုင်းပြည်အေးချမ်းခြင်း၊ နိုင်ငံစည်ပင်ဖွံ့ဖြိုးခြင်း၊ မင်းနှင့်ပြည်သူတို့က အနုပညာယဉ်ကျေးမှု တေးဂီတဇာတ်သဘင်ကို စိတ်ဝင်စားခြင်း၊ တစ်ခဲနက်အားပေးခြင်းတို့ကြောင့် ကုန်းဘောင်ခေတ်တွင် ဂီတနှင့် ဇာတ်သဘင်သည် စည်းစနစ်တကျဖြစ်လာခဲ့၏။ အနိမ့်သဘင်၊ အမြင့်သဘင်၊ အတီးသဘင်၊ အဆိုသဘင်ဟူ၍ သဘင်လေးရပ်ရှိသည့်အနက် ကုန်းဘောင်ခေတ်တွင် အနိမ့်သဘင်မှ မြေဝိုင်းဇာတ်ဖြစ်လာ၏။ ရုပ်သေးသဘင်သည် ကုန်းဘောင်ခေတ်တွင် မင်းကြောင်အားပေးမှုကြောင့် အထွတ်အထိပ်သို့ ရောက်ရှိခဲ့၏။ အတီးသဘင်တွင် တူရိယာများဆန်းသစ် ထွန်းကား



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ ပျူခေတ်ကအစပျိုးခဲ့သော အဆိုသဘင်သည် ကုန်းဘောင်ခေတ် မြန်မာမင်းများအားပေးမှုကြောင့် ဘိုးတော်ဘုရား ၁၇၈၁ ခုမှသည် သီပေါမင်းပါတော်မူသည့် ၁၈၈၅ ခုနှစ် အတွင်း အမြင့်မားဆုံးအဆင့်သို့ရောက်ခဲ့၏။

❐ ❑ ❒



အခန်း (၈)

## မြန်မာ့အနုပညာ

ပြင်သစ်ပညာရှင်ကိုဒ်က မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ကျောက်ခေတ်သည် ပြင်ပသြဇာမပါပဲ ကျောက်လက်နက်ကိရိယာတို့ကို ထုတ်လုပ်ခဲ့ပြီး တဆင့်ပြီးတဆင့် တိုးတက်လာခဲ့သည်ဟုဆို၏။ ကျောက်ခေတ်ကိုကျော်လွန်ခဲ့သောအခါ ကြေးခေတ်သို့ ရောက်ရှိလာ၏။ လူသည် အသုံးအဆောင်ပစ္စည်းများ သုံးရာတွင် ပထမပိုင်းတွင် သူ့အတွက် လွယ်ကူသော ရွှံ့ကိုအသုံးပြုခဲ့သည်။ ရွှံ့သည်စိုနေသောအခါ ပျော့၍ခြောက်သွေ့သောအခါ မာသည်။ မာလာသော မြေကိုယူ၍ တိရစ္ဆာန်တို့အား ပစ်ပေါက်နိုင်သည်ကိုသိသည်။ ပျော့သောမြေဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးကို လက်ဖြင့်ပြုလုပ်၍ ရသည်ကိုသိသည်။ မြေကိုပုံသဏ္ဌာန်အမျိုးမျိုးပြုလုပ်၍ မီးဖုတ်သော အခါ မာလာသည်ကိုသိသဖြင့် သူသည်ပထမမြေကို ပုံသဏ္ဌာန်တစ်စုံ တစ်ရာပြု၍ နေလှမ်းပြီးအသုံးပြု၏။ ထို့နောက် မြေမီးဖုတ်ပစ္စည်း လူ့အသုံးအဆောင်များကိုသုံးသည်။ ထို့နောက်မှ ကျောက်လက်နက် ပစ္စည်းများကိုသုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသည်ကျောက်ထက်စာလျှင် မြေကိုအရင်အသုံးပြုဘွယ်ဖြစ်၏။ လူသည် မီးကိုနိုင်နင်းစွာအသုံးပြုနိုင်သောအခါ မြေပြင်ပေါ်တွင် တွေ့ရှိရသောသတ္တုပစ္စည်းများအနက် အပျော့ဆုံးဖြစ်သည့် ကြေးပစ္စည်းကို ပထမဆုံးထုထောင်းပုံသွင်းခြင်း၊ အရည်ကျိုပုံသွင်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ယင်းခေတ်ကိုကြေးခေတ်ဟု ခေါ်ဆိုကြ၏။ ရှေးဦးလူသားတို့ ဖြတ်သန်းခဲ့ကြသော ခေတ်များကို -

(က) မြေကိုလက်ဖြင့်ကိုင်တွယ်အသုံးပြုသော မြေကြီးခဲခေတ်
(ခ) မြေမီးဖုတ်ပစ္စည်းခေတ်
(ဂ) ကျောက်ခေတ်
(ဃ) ကြေးခေတ်

ဟုခေါ်ဆိုနိုင်ပါ၏။

ကြေးကိုနိုင်နင်းစွာအသုံးပြုနိုင်သောအခါ လူတို့သည် သံကိုအရည်ကျိုကာ သံကိုနိုင်နင်းစွာအသုံးပြု ကြသောခေတ်ကို သံခေတ်ဟုခေါ်ဆိုသည်။

မြန်မာတို့၏ ပျူခေတ်သည် ကြေးခေတ်နှောင်း သံခေတ်ဦးကာလပင်ဖြစ်သည်။ ထိုကာလတွင် ပန်းပဲဆရာကြီး ဦးတင့်တော်နှင့် သားမောင်တင့်တယ်တို့ပေါ်ထွန်းခဲ့သည်။ ပျူစောထီးသည် သံလက်နက်ကို အသုံးပြု၍ပင် ရန်သူများကိုနှိမ်နင်းခဲ့သည်။ သမုဒ္ဒရာဇ်သည် သံခေတ်ဦး မြန်မာခေါင်းဆောင်တစ်ဦးဖြစ်၍ ပုဂံကို တည်ဆောက်ခဲ့သူဖြစ်၏။ ပုဂံ၊ ပင်းယ၊ မြင်စိုင်းနှင့် အင်းဝတိုင်၊ သံခေတ်ဟုပင် ဆိုနိုင်၍ သံခေတ်တလျှောက်လုံးတွင် မြန်မာတို့ကောင်းစားကာ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။

ကြေးခေတ်သံခေတ်များတွင် မြန်မာ့အနုပညာသန္ဓေတည်ခဲ့သည်။ မွေးဖွားခဲ့သည်။ လူလားမြောက်ခဲ့သည်ဟု ဆိုနိုင်ပါ၏။ ဗုဒ္ဓဘာသာဝင်ရောက်လာသောအခါ မြန်မာတို့သည် မိမိတို့ယုံကြည်သောဘာသာကို မိမိတို့တတ်မြောက်သော အနုပညာအရပ်ရပ်ဖြင့် ပူဇော်ခဲ့





ရာမှ မြန်မာ့အနုပညာတွင် ဗုဒ္ဓဘာသာအငွေ့အသက်မျှသာမက အနှစ်သာရအထိ လွှမ်းမိုးသွားသည်။ ယင်းဗုဒ္ဓဘာသာလွှမ်းမိုးမှုသည်ပင် အနှစ်သာရက ဗုဒ္ဓဘာသာ အသွင်သဏ္ဌာန်က မြန်မာမှုအနုပညာဖြစ်၏။ မြန်မာ့ရိုးရာ အနုပညာနှင့် ဗုဒ္ဓကိုအားကိုးပူဇော်ခြင်း ဖြစ်သည်။

**မြန်မာ့မြေရေပေါ်တွင် ထွန်းကားလာခဲ့သော အနုပညာပစ္စည်းအရပ်ရပ် အနုပညာအဖုံဖုံ၊ ဓလေ့စရိုက်အဆန်းဆန်းတို့သည် အိန္ဒိယ၊ တရုတ်စသော နိုင်ငံကြီးများ၏ ဩဇာလွှမ်းမိုးမှုရှိခဲ့ သော်လည်း ယင်းဩဇာလွှမ်းမိုးမှုကို ပုံတူကူးယူခြင်းမရှိပဲ မိမိတို့အတွေးမိမိတို့ခံစားချက်ဖြင့် တီထွင်မှု ပြု၍ သီးခြားခံစားမှုရရှိအောင်ဆောင်ရွက်မှုသည် မြန်မာ့သတ္တိပင်ဖြစ်၏။**

သို့သော်လည်း ရုပ်သေးသဘင်ကဲ့သို့သော ပညာသည် ဘယ်အိမ်နီးနားချင်းနိုင်ငံကမှ အတုယူခြင်းမဟုတ်ဘဲ မြန်မာမှုပိုင်စစ်ဖြစ်သည်။

မြန်မာ့အသွင်အပြင် လက္ခဏာတို့ဖြင့် သီးခြား အသွင်အသစ်အဖြစ် ပေါ်ပေါက်အောင် ကြိုးပမ်းခဲ့သောကာလများသည် ပုဂံ၊ ပင်းယ၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝခေတ်များပင်ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်နှောင်းအမရပူရနှင့် ရတနာပုံခေတ်သည် မြန်မာ့အနုပညာဂုဏ်ဒြပ်အရပ်ရပ် အထွတ်အထိပ်သို့ရောက်၍ မြန်မာမှု၊ မြန်မာပုံသဏ္ဌာန်သီးခြား ခိုင်ခိုင်မာမာပေါ်လွင်ဖြစ်ထွန်းသော ကာလ ဖြစ်ပါ၏။

မြန်မာတို့၏လက်မှုအနုပညာပုံသဏ္ဌာန် အနုပညာပစ္စည်းတို့ကိုကြည့်၍ ပြင်ပ ပယောဂ စွက်ဖက်မှုမပါဘဲ မြန်မာတို့ဘာသာ ခန့်တီးတီထွင် အသုံးပြုခဲ့သည်ကို သိသာသည်။ မြန်မာ့လက်မှုအနုပညာ၊ မြန်မာ့စိတ်ကူး စိတ်သန်းများကို ဖော်ပြအပ်ပါသည်။

**လောကနတ်**

လောကနတ်ဆိုသည်မှာ လောကကြီးကို စောင့်ရှောက်သောနတ်ဖြစ် သည်။ လူတို့သည် လောကနတ်ကို ကိုးကွယ်ဦးခိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လောကနတ်သည် လူ့လောကသားတို့၏ အေးချမ်းသာယာမှုကို လိုလားသောနတ်၊ လူ့လောကသားတို့ ချမ်းသာကြွယ်ဝမှုကို လိုလားသော နတ်ကောင်း၊ နတ်မြတ်ဖြစ်သည်။ အခါတစ်ပါးတွင်ကောင်းကင်ယံ၌ ဆင်ပျံနှင့် ခြင်္သေ့ပျံတို့သည် ယင်းတို့၏ အစားအစာဖြစ်သော တိမ်ညွန့်ကို စားရန်အစာလုရင်းခိုက်ရန်ဖြစ်ပွားခဲ့ကြ၏။

ဆင်ပျံနှင့် ခြင်္သေ့ပျံတို့ ခိုက်ရန်ဖြစ်ပွား ရန်စများပါက လောကအလုံး၊ အဆုံးများ၊ အရှုံးများ၊ အပျက်၊ အသဉ်းများဖြင့် မိုးမဆုံး၊ မြေမဆုံးဖြစ်မည့်အကြောင်းကို ကေန်စင်စစ်သိမြင်သောကြောင့် ဆင်ပျံနှင့် ခြင်္သေ့ပျံတို့ ဝမ်းစာအတွက်သဲသဲမဲမဲ အားခဲတိုက်ခိုက်နေကြစဉ် လောကနတ်သည် သူ၏ခြေဖျားတွင် စည်းစုပ်ကိုညှပ်၍ သာယာသောအသံဖြင့် တီးခတ်လေချေ၏။

လောကနတ်ကတီးခတ်သော သာယာသည့်စည်းစုပ်သံကို ကြားရလေလျှင်ဆင်ပျံနှင့် ခြင်္သေ့ပျံတို့သည် တိုက်ခိုက်ခြင်းကိုရပ်၍ ယင်းတို့၏ ခက်ထန်မာကြောသော စိတ်ဘဝင်တို့ ပျော့ပြောင်း နူးညံ့မှုဖြစ်ကာ တိုက်ခိုက်မှုမပြုတော့ဘဲ ရန်ပြေမာန်ပြေ၊ ခိုက်ရန်ဒေါသပြေပျောက်သော အဖြစ်သို့ရောက်လေသည်။

ထို့ကြောင့်မြန်မာမှုတွင် လောကနတ်ရုပ်ကိုပန်းချီ၊ ပန်းပုတို့ထုလုပ်ရေးဆွဲကာငြိမ်းချမ်းမှု၊ အေးချမ်းသာယာမှု ခိုက်ရန်ဒေါသကင်းရှင်းမှုတို့အတွက် အထိမ်းအမှတ်ပြု၍ အမြတ်တနိုးပြုကြ၏။ စည်းစုပ် သို့မဟုတ် ဂီတကိုငြိမ်းချမ်းစေသော ရန်နှင့်မာန်ကိုပြေစေသော အစွမ်းပကားကြီးမားသည့် ငြိမ်းချမ်းရေးသရုပ်၊ သင်္ကေတအဖြစ်သတ်မှတ်အသုံးပြုကြသည်။ မြန်မာမှုက ဂီတကိုငြိမ်းချမ်းရေးလက်နက်ပစ္စည်းအဖြစ် သတ်မှတ်ကြသည်။ ဦးစိန်မြင့်၏ လောကနတ်ရွှေချည်ထိုးငွေချည်ထိုးပန်းချီကားကြီးကို ကုလသမဂ္ဂ အထွေထွေညီလာခံ အခန်းတွင်း၌ ချိတ်ဆွဲထားရာ မြန်မာမှုငြိမ်းချမ်းရေး အမှတ်သညာကို ကမ္ဘာကအမြတ်တနိုး ပြုရာဖြစ်ပါသည်။





## ကချင်ရိုးရာမနောအက

မနောမလေ့သည် ကချင်အမျိုးသားတို့၏ ရိုးရာနတ်ပူဇော်ပွဲမလေ့တစ်ရပ် ဖြစ်သည်။ မနောပွဲကို ရွာလုံးကျွတ်၊ မြို့လုံးကျွတ်၊ ပြည်နယ်တစ်ခုလုံးသာမက မြန်မာတစ်နိုင်ငံလုံးကပါ မနောမလေ့ကို စိတ်ဝင်စားကြသည်။ မနောပွဲတွင် မနောအဆောင်သည် အရေးကြီးသည်။ မနောပွဲတွင် မနောတိုင်ကြီးများကိုရောင်စုံချယ်သထားကြပြီး ထိုတိုင်ကြီးများကိုပတ်ချာလှည့်၍ ယောက်ျား၊ မိန်းမ အမျိုးသမီး အမျိုးသားပျော်မြူးစွာ ကကြသည်။ မနောတိုင်ကြီးများထောင်ထားမှု၊ အရောင်အသွေးချယ်သထားမှုတို့သည် အလွန်မှလှပဆန်း သစ်ကာ စိတ်ကိုပျော်ရွှင်စေသည်။ မနောပွဲကကြရာတွင် မင်းခမ်းမင်းနားပါရှိသည်။ မနောမလေ့သည် ကချင် အမျိုးသားတို့၏ ရိုးရာမလေ့ဖြစ်သည်။ ချစ်မြတ်နိုးစရာကောင်းသော မလေ့ဖြစ်သည်။ မနောတိုင်ကြီးများတွင် ချယ်သသောအရောင်၊ မနောတိုင်များ၏ဒီဇိုင်းအနေအထားသည် အခြားဘယ်နေရာတွင်မှ မရှိသောမြတ်နိုး ဘွယ်ရာ အရောင်အသွေးဖြစ်သည်။

## မြန်မာ့ဆိုင်းဝိုင်း

မြန်မာ့ဆိုင်းဝိုင်း၏ ဟိတ်ဟန်မှာကြီးမားလှသည်။ မြန်မာ့ဆိုင်းဝိုင်းကြီးကိုတွေ့မြင်ရလျှင် တွေ့မြင်ရသူတို့ တအံ့တသြရှိကြသည်။ ငေးမောကြည့်ရှုကြရသည်။ ဆိုင်းဝိုင်းတွင် မှန်စီရွှေချ ပန်းပြားကြီးများကို ဆက်စပ်ဝိုင်းဖွဲ့ကာ ဗုံဟုခေါ်သောပတ်လုံးများကို ကြိုးနှင့်ဆိုင်းထားသော တူရိယာအမျိုးအစားဖြစ်၏။ မြန်မာ့ဆိုင်းဝိုင်းကြီးတွင် ပတ်ဝိုင်း၊ ကြေးဝိုင်း၊ ပတ်မကြီး၊ နှဲ၊ စည်း၊ ဝါး၊ မောင်းတို့ ပါဝင်တတ်ကြသည်။ ဆိုင်းဝိုင်းကြီးသည် ဒိုးဝိုင်း၊ အိုးစည်ဝိုင်းများကဲ့သို့ တနေရာမှတနေရာရွေ့ပြောင်းသွားလာတီးမှုတ်ရသော တူရိယာ မဟုတ်ဘဲ တစ်နေရာတည်းမှနေကာထိုင်၍ တီးမှုတ်ကြသည်ကို လူအများ ကြွနှောက်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ရသော တူရိယာဝိုင်းဖြစ်၍ လူတစ်ကျိပ်အထိ ပါဝင်တတ်ကြ၏။ မြန်မာ့ဆိုင်းဝိုင်းကြီးကို တပြိုင်နက်တီးခတ် လိုက်ပါက အထက်ဘဝဂ်တိုင် အသံများပျံ့လွှင့်နိုင်သောကြောင့် ထူးခြားသော တူရိယာပစ္စည်းများဖြစ်သည်။ မြန်မာဆိုင်းဝိုင်းတွင် ပတ်မကြီးကို သုံးချောင်းထောက် ဝက်ခွနှစ်ခုဖြင့်ထမ်းပိုးကာ တန်းတွင်ဆွဲထား၏။ ယင်းကို ပတ်မထမ်းဟုခေါ်၏။ ပတ်မထမ်းသည် မှန်စီရွှေချထားပြီး အရင်းတုပ်၍အဖျားရှူးသည်။ အရင်းပိုင်းတွင် မှန်စီရွှေချနဂါးမင်းပုံကို တပ်ဆင်ထား၏။ အချို့သောပတ်မထမ်းရုပ်များမှာ ပဉ္စရူပရုပ်၊ နရားရုပ်များကို တပ်ဆင်ထားသည်။ နရားရုပ်၌ ခြေထောက်၊ လက်၊ ခွာလေးဖက်၊ အတောင်၊ အစွယ်၊ တို့တပ်ဆင်ထားရာ ဆန်းပြားသောပုံဖြစ်သည်။ ငေးမောကြည့်ကြရသည်။ မြန်မာ့ဆိုင်းဝိုင်းသည် မြန်မာ့ဟန်စစ်စစ်အနုပညာ ဆိုင်ရာပစ္စည်း တစ်ရပ်ဖြစ်သည်။

**တိုင်းရင်းသားလူမျိုးအသီးသီး၏ ဝတ်စားဆင်ယင်မှု**

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၀ ကျော်ရှိရာ ထို ၁၃၀ ကျော်မျှရှိသောလူမျိုးတစ်မျိုးစီတွင် မတူညီသော လှပဆန်းပြားသည့် အဝတ်အစားများ တစ်မျိုးစီရှိကြသည်။ ဤသည်မှာ တိုင်းရင်းသားလူမျိုးတို့၏ အနုပညာဆိုင်ရာ အသွင်အပြင်များပင် ဖြစ်ကြသည်။ ကချင်အမျိုးသား တို့၏ ခေါင်းပေါင်းဟန်နှင့် ငွေဖြင့်မွမ်းမံထားသော အဝတ်အစားများ၊ လွယ်ထားသော ဓါးတို့မှာအလွန်မှ ခန့်ညားလှသည်။ လိုက်ဖက်သည်။ လိုက်ဖက်မှုသည် အနုပညာပင်ဖြစ်သည်။

ချင်းအမျိုးသမီးများ၏ အဝတ်အစားများသည် လှပသည်။ ဝတ်ဆင်ကြသော ဂျပ်ခုတ်အင်္ကျီလုံချည်တို့ သည် မန်ကျည်းစေ့ရောင် ကြက်သွေးရောင်ရှိ၍ ပိုးထည်စောင်ကြီးများသည် အစိမ်း၊ အနီ၊ အဖြူ၊ အနက် ရောင်စုံရောယှက်၍ လှပစွာရက်လုပ် ဝတ်ဆင်ကြသည်။ ရိုးရာ ခွာင်ကြွံပွဲသည် ထူးခြားမှုအစဉ်အလာ ရှိသော ပွဲဖြစ်သည်။ တိုင်းရင်း



သားလူမျိုးတို့အသုံးပြုသော ပုတီးများကြွေစေ့နှင့် ငွေထည်ပစ္စည်းများသည် အရောင်စုံ၍ လှပသည်။ ရှမ်းအမျိုးသမီးအမျိုးသားတို့တွင် ရှမ်းရိုးရာအဝတ်အစား၊ ကယားအမျိုးသားတို့တွင် ကယားရိုးရာအဝတ်အစားတို့ရှိကြ၏။ ပလောင်အမျိုးသမီး၊ အမျိုးသားများတွင်ဝတ်စုံ ၁၂ မျိုးရှိ၍ အံ့ဖွယ်လှပသော အဝတ်အစားအဆင်တန်ဆာများဖြစ်သည်။ ကရင်အမျိုးသား၊ မွန်၊ ရခိုင်နှင့် ဗမာအမျိုးသားတို့တွင် ကိုယ်ပိုင်ဟန်ပန်ဆင်ယင်ထုံးဖွဲ့မှုများရှိကြ၏။ ထိုကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့၊ ထုံးစံဝတ်စားဆင်ယင်မှုများသည် မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်ယူဖွယ်အလှအပများဖြစ်သည်။

တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ခေါင်းပေါင်းကို အမြွတ်အနိုးဝတ်ဆင်ကြသည်။ အဆောင်အယောင်တစ်ရပ်ဖြစ်၏။ အမျိုးသားလက္ခဏာတစ်ရပ်အနေနှင့် ဝတ်ဆင်ကြ၏။ တိုင်းရင်းသား လူမျိုးအားလုံးနီးနီးတွင် ခေါင်းပေါင်းများရှိကြ၏။ ပုဂံခေတ်ကပင် ခေါင်းပေါင်းစတင်ဆင်မြန်းကြသည်။ ခေါင်းပေါင်းတန်ဆာသည် အခမ်းအနားများပွဲလမ်းသဘင်များတွင် ခန့်ညားထယ်ဝါအောင်၊ သေသပ်လှပအောင်ဆင်မြန်းသည့် အဆင်တန်ဆာတစ်ရပ်အဖြစ်ရှိသည်။ ခေါင်းပေါင်းသည်တိုင်းရင်းသားလူမျိုးအသီးသီး၏ ယဉ်ကျေးမှုအနုပညာဆိုင်ရာ ကျက်သရေဆောင်အမှတ်အသားတစ်ရပ်လည်းဖြစ်၏။

**မြန်မာနဂါး၊ မြန်မာဂဠုန်၊ မြန်မာခြင်္သေ့၊ မြန်မာဘီလူး**

လူမျိုးအသီးသီးတွင် တိရစ္ဆာန်များကို သူတို့လူမျိုးအမြင် သူတို့လူမျိုး ဓလေ့စရိုက်ဖြင့်ရေးဆွဲထုလုပ်တတ်ကြ၏။ ခြင်္သေ့ကို တရုတ်ကဘမျိုး၊ အိန္ဒိယကတစ်ဖုံ၊ ဥရောပတိုက်ကတစ်နည်း အသွင်သီးခြားထုလုပ်ကြ၏။ မြန်မာခြင်္သေ့သည် မြန်မာတို့ခံစားမှု အတွေးအခေါ်မှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ မြန်မာတို့၏ နဂါး၊ ဂဠုန်၊ ဘီလူး၊ ဟင်္သာ၊ ဘရဝိက်၊ တိုးနရား၊ မနုသီဟ၊ ပဉ္စရူပ မကာဉ်းအရုပ်များသည် မြန်မာ့ပန်းချီ၊ ပန်းပုတွင်အခြေခံ၍ပေါ်လာသော ဆန်းဖွယ်တို့ဖြစ်သည်။

ပန်းမျိုးတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပန်းချီပန်းပုတွင် အပြောက်အမွမ်းများ၏ ပသာဒ သဘောပါဝင်၏။ မြန်မာပန်းချီ၊ ပန်းပု၊ ဗိသုကာနည်းစနစ်တို့တွင် အပြောက်အမွမ်းသည်အရေးကြီးသည်။ စုလစ်မွမ်းချွန်ဟုလည်းခေါ်၏။ နန်းပြဿဒ် အဆောက်အအုံများတွင် အထွတ်တင်၍ ဆန်းကြယ်စွာ ထုလုပ်ဖော်စပ်သော အမွမ်းတန်ဆာ ဖြစ်၏။ မြန်မာ့လက်မှုပညာတွင် ကနုတ်၊ နရီ၊ ကပီ၊ ဂဇာဟူသော စကားလေးလုံးရှိ၏။ ကနုတ်မှာ ခြူးပန်း၊ ခြူးနွယ်၊ ကနုတ်ပန်း ရေးနည်းဖြစ်၏။ ကနုတ်မှာ ပန်းကို ရည်ညွှန်းရေးသားမှုဖြစ်သည်။ ပန်းစက် ပန်းနွယ် ပန်းဆိုင်းတို့ ဝေဆာမှု သဘောဖြစ်၏။

နရီမှာ **မိန်းမရုပ်** ရေးနည်းဖြစ်သည်။ **မိန်းမရုပ်ရေးနည်း** ဆိုသော်လည်း လူယောက်ျား၊ နတ်သား၊ နတ်သမီး၊ ဘုရင်၊ မိဖုရား စသည့် ရုပ်စုံရေးခြင်းများပါဝင်၏။ ကပိမှာ မျောက်၊ ဘီလူး၊ နဂါး၊ ဂဠုန်၊ ယက္ခ စသည်တို့ အကျုံးဝင်၍ဂဇာမှာ ဆင်၊ မြင်းစသော ကိုယ်ခန္ဓာထုထည်ကြီးမားသော ခြေလေးချောင်းသတ္တဝါများကို ရေးသည့်ရေးဟန်များဖြစ်သည်။ ကပိ၊ ကဇာ၊ နရီပုံတို့ကို ရေးဆွဲရာတွင် မြန်မာကနုတ်၏သဘော၊ မြန်မာအမွမ်းအပြောက်ပညာတို့၏ သဘောများကို ထည့်သွင်းရေးဆွဲခြင်းဖြင့် မြန်မာမှု ခြင်္သေ့၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ မနုဿီဟ၊ နရား၊ ပဉ္စရူပ၊ ကရဝိက်၊ ကိန္နရီ၊ ဟင်္သာ၊ ဆင်ပျံ၊ မြင်းပျံ၊ ခြူးပျံ၊ ရထားပျံ အစရှိသော ပုံများကိုရရှိသည်။ မြန်မာ နဂါးသည် တရုတ်နဂါး၊ ကိုရီးယားနဂါးတို့နှင့်မတူ။ မြန်မာ့အနုပညာ သည် ဗုဒ္ဓဘာသာကိုယုံကြည်မှု ဆည်းကပ်ကိုးကွယ်မှုများနှင့် ဆက်စပ်နေရာ ဤတိရစ္ဆာန်များကို အထူးတလည် အမွမ်းအပြောက် ကနုတ် အညွန့်အတက်များ၊ လည်ဆန်မွေးများ၊ ထည့်သွင်း၍ လှပတင့်တယ် အောင်ရေးဆွဲကြသည်။ အကြောင်းရင်းမှာ မြတ်စွာဘုရား၏ ဖြစ်တော်စဉ်တွင် ဘုရားအလောင်းသည် ဟင်္သာမင်း၊ ခြင်္သေ့မင်း၊ ဆင်မင်း ဖြစ်ခဲ့ရသည်တို့ကို ကြည်ညိုခ်စားရေးဆွဲရာမှ ယင်းပုံများပေါ်ပေါက်





ရခြင်းဖြစ်သည်။ မြတ်စွာဘုရား၏ဖြစ်တော်ပေါင်း ဘုရားရှိခိုးတွင် "အစကြိုးကြာ၊ ဆယ့်ခြောက်ခါတည့်၊ ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျိုးညိုသုံးကာ၊ သံသာကျူးထိပ်၊ ကရဝိက်ငါး၊ လေးပါးကိန္နရီ၊ စာမရီ ဆယ့်ငါး၊ မျောက်ကားတစ်ဆယ်၊ ဆင်ဝယ်ဆယ့်တစ် နွားဖြစ်ဆယ့်လေး၊ ဒေကောသိန္ဓော၊ ကျွဲအဌနှင့်၊ သံမြသာညောင်း၊ ဥဒေါင်းနှစ်ခါ၊ သာလိကာ သတ္တ၊ ဒွါဒသကြက်၊ ဝက်ကားဆယ့်သုံး၊ ပေါင်းလုံးများစွာ တစ်ရာ သုံးဆယ်ခြောက်ကယ်ကို အန္တရာယ်မရှိ ဘေးမထိသည် မုနိမြတ်လောင်း ဖြစ်တော်ပေါင်းကို" အစရှိ သည်ဖြင့်ပါရှိ၏။ ထို့ကြောင့်လည်း ယင်း အရုပ်သဏ္ဍာန်များသည် မြန်မာဟန်၊ မြန်မာမှု၊ မြန်မာအနုပညာ၊ မြန်မာတို့၏ကိုးကွယ် ထားမှုအသွင်အနှစ်သာရများ သီးခြားပါရှိနေခြင်း ဖြစ်သည်။

**မြန်မာ့စောင်း**

စောင်းသည် ရှေးကျသော တူရိယာတစ်မျိုးဖြစ်သည်။ လူမျိုး အသီးသီးတွင် စောင်းတူရိယာရှိကြသည်။ ရှေးဦးလူသားတို့ အမဲလိုက် သောကာလကပင် သားရဲတိရစ္ဆာန်တို့အား လေးနှင့် မြားနှင့် ပစ်ရာ တွင် လေးညှိုးခတ်သံ၏ သာယာမှုကို အတုယူ၍ စောင်းကိုတီထွင်ခဲ့ကြ ခြင်းဖြစ်သည်။ လွန်ခဲ့သောနှစ် ၅၀၀၀ လောက်မှစ၍ အီဂျစ်နှင့် ဆူးမား ပြည်တို့တွင် တချောင်းတပ်စောင်းရှိခဲ့သည်ဟုဆို၏။ စောင်းသည် လူသားတို့လေးကို စတင်အသုံးပြုပြီး မရှေးမနှောင်းကာလတွင်ပင် စောင်းပေါ်လာဟန်ရှိ၏။ ပထမလေးကို တူ၍ ပြုသော စောင်းကြိုးသည် တကြိုးသာရှိသော်လည်း နောင်တွင်ကြိုးအများတပ်၍သုံးသည်။

မြန်မာစောင်းပုံသဏ္ဍာန်သည် အိန္ဒိယမှ ဆင်းသက်လာသည် ဟုဆိုသော်လည်း မြန်မာ့စောင်းပုံ စောင်းဟန် စောင်း၏အသံတို့က မြန်မာမှုစစ်စစ်ဖြစ်၏။ ပုဂံမြို့ အာနန္ဒာဘုရားအတွင်းရှိ ကျောက်ရုပ်သည် များတွင် စောင်းတီးနေပုံကို စတွေ့ရသည်။ စောင်းကို မင်းခမ်းမင်းနား



www.burmeseclassic.com

www.burmeseclassic.com



တွင် သာမက တောင်သူလယ်သမား ဆင်းရဲသားတို့၏ မင်္ဂလာအခမ်းအနားများတွင်ပါသုံး၏။ မြန်မာ့စောင်းသည် အခြားစောင်းများနှင့် မတူ အလွန်မင်္ဂလာကျက်သရေရှိသော ပုံဖြစ်၏။ မြန်မာ့စောင်းကို ရင်ခွင်၌ပိုက်၍ တီးရသောသဘောရှိသောကြောင့် တီးဟန်ကပင် ကျက်သရေရှိ၏။ နှစ်သက်မှုပါဝင်၏။ စောင်းပိုက်၍ တီးနေသူသည် စောင်း၏ လှပတင့်တယ်သော အသွင်၏ရောင်ပြန်ဟပ်မှုကြောင့် စောင်းသံမပေါ်လာသေးမီ စောင်းပိုက်ထားစဉ်၌ပင်လှနေသည်။

မြန်မာ့စောင်းတွင် စောင်းကြိုး ၁၃ ကြိုးပါဝင်၏။ အင်းဝခေတ်မှစ၍ ၁၃ ပင်တပ် စောင်းကို အသုံးပြုခဲ့သည်ဟုဆိုသည်။ ကုန်းဘောင်ခေတ်တွင် ဒေဝဣန္ဒာ ဦးမောင်ကြီးက စောင်းကြိုး ၁၄ ကြိုးတပ်ကာ တီးခဲ့ပြီး အလင်္ကာကျော်စွာ စောင်းဦးဘသန်းက ၁၆ ကြိုးတပ်သုံးသည်ဟု ဆိုပါ၏။

မြန်မာ့စောင်းတွင် (၁) မှန်ပြု (ညောင်ရွက်) (၂) လက်ရုံ (ရှားလောက်) (၃) ဘွဲ့ကြိုး (၄) ပါးပျဉ်း (၅) စောင်းအိုး (၆) ဖလား (၇) မျောက်ခေါင်း (၈) မှင်ရိုး (၉) နတ်သမီးပေါက် အခေါ်အဝေါ် အစိတ် အပိုင်းတို့ရှိ၏။

မြဝတီမင်းကြီးဦးစက မြန်မာ့စောင်းကောက်ပြုလုပ်နည်း အကြောင်းကို -

ပိတောက်ကိုတဲ့ မ,တယ်
ရှားကောက်ခွေခွေနှင့်
သမင်ရေအပေါ် ဖုံးပါလို့
ဆယ်သုံးပင် ခင်ဝါပိုးကို
မှင်ရိုးမှာတွယ်
မြီးဖျားက ပန်းပွားသွယ်
ခြယ်လယ်လို့ စုပေါင်း
ဒူတေတံတျာနှင့်





မြည်ရှာလေ ပြည့်စုံမက်တယ်
နန်းတော်ထွက်စောင်း - နာတတ်မှကောင်း

ဟု၍ စပ်ဆိုမှတ်တမ်းတင်ခဲ့သည်။

မြန်မာတို့သည် စောင်းကိုတန်ဖိုးထားသည်။ စောင်းသည် မြန်မာတို့၏ ပင်ကိုယ်ဟန်ပါဝင်သည့် တူရိယာဖြစ်သည်။ စောင်းကို မြန်မာတို့က မည်မျှအထိ တန်ဖိုးထားစွဲမက်သနည်းဆိုပါက စကားထာ ဝှက်ရာပင်

'မြေမသက်၊ ငှက်လည်းမဟုတ်
ရင်မှာထား၊ သားလည်းမဟုတ်
မုတ်ဆိတ်ဖွား ကုလားမဟုတ်'

အဲဒါဘာလဲဟုဆိုကာ စကားထာဝှက်သည်။

မြတ်စွာဘုရားအား နတ်စောင်းဖြင့် ပူဇော်ပြီး အများနတ်ဘကာတို့၏ အကျိုးကိုဆောင်ရွက်ရင်း မိမိချစ်ရသူကို ရအောင်ယူခဲ့သော ပဉ္စသိခ်ဆိုသောနတ်၏ နောက်ပိုးရာတွင် စောင်းကို အသုံးပြုပုံက စိတ်ဝင်စားစရာဖြစ်၏။

အခါတပါးတွင် မြတ်စွာဘုရားသည် ဝေဒိယကတောင် ဣန္ဒသာလဂူတွင် သီတင်းသုံးနေ၏။ ထိုစဉ်က သိကြားမင်းနှင့်တကွ နတ်အပေါင်းတို့သည် ဘုရားကိုတစ်ကြိမ်မျှ မဖူးရသေးဘဲရှိ၏။ ထို့ကြောင့် ဘုရားရှင်အား ဖူးမြော်လိုစိတ်ကပြင်းပြနေကြ၏။ ထို့ကြောင့် နတ်အပေါင်းသည် ပဉ္စသိခ်နတ်သားနှင့် အတူ အထက်ပါ ဂူအနားသို့ ဆင်းကြ၏။ ဘုရားနှင့် တစ်ကြိမ်တစ်ခါမှ မကြုံရသေးသောကြောင့် နတ်တို့သည် ယုတ်ချည် ဘုရားထံမချဉ်းကပ်ဝံ့ဘဲ ရှိကြ၏။ ပဉ္စသိခ်တွင် ဗေဠုဝဆိုသော နတ်စောင်းတလက်ရှိ၏။ ထိုဗေဠုဝနတ်စောင်း၏ ပိုင်ရှင်က မာရ်နတ်မင်းဖြစ်၏။ မာရ်နတ်သည် မြတ်စွာဘုရားနှင့် ပလ္လင်လုစဉ် အရှုံးကြီးရှုံးသောကြောင့် သူပိုင်ဗေဠုဝနတ်စောင်းကို ယူဆောင်ခြင်း မပြုနိုင်ဘဲ ချန်ထားခဲ့ရသောကြောင့် သိကြားမင်းက ထိုစောင်းကို ယူ၍ ပဉ္စသိခ်နတ်သားအားပေးထားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စသိခ်ဆိုတာက ချစ်အတွက်ဒုက္ခရောက်နေရရှာသော ချစ်ဒုက္ခနတ်သည်ဖြစ်၏။

ပဥ္စသိခ်သည် သူရိယဝစ္ဆသာအမည်ရှိသော နတ်သမီးကို တဖတ်သတ်အချစ်ကြီးချစ်နေ၏။ သူရိယ ဝစ္ဆသာက သူ့ကိုမကြိုက်ဘဲ ရထားထိန်းမာတလိ၏ သားသိခဏ္ဍိနတ်သားအပေါ် တိမ်းညွတ်နေသည်။

ဂူဝသို့ ရောက်သော်လည်း ပဥ္စသိခ်နှင့် နတ်အပေါင်းသည် ရုတ်တရက် ဘုရားထံမဝင်သေးဘဲ မြတ်စွာဘုရားသမာပတ်ပြီး ထချိန်သို့ရောက်မှ ပဥ္စသိခ်က သူ့ဗေဠုဝစောင်းဖြင့် ဘုရားတရားသံဃာ ရဟန္တာတို့နှင့် ဂုဏ်တော်တို့ကို မိမိတဖတ်သတ်ချစ်ရသူ သူရိယဝစ္ဆသာ အပေါ်ထားရှိသော မေတ္တာနှင့် ပမာပြု၍ မြတ်စွာဘုရားအား ကိုယ်တိုင်တီးခတ်သီဆိုပူဇော်၏။

(ချစ်နှမ) သူရိယဝစ္ဆသာ မြတ်စွာဘုရားသည် မြတ်သော သမ္ဗောဓိဉာဏ်သို့ ရောက်၍ ဝမ်းမြောက်တော်မူသကဲ့သို့၊ ထို့အတူ ငါသည်သင်ချစ်နှမ၏ မေတ္တာကို ရရှိပါက မည်မျှဝမ်းမြောက်ရပါမည်နည်း?

(ချစ်နှမ) သူရိယဝစ္ဆသာ ချွေးထွက်သောသူသည် လေအေးကို နှစ်သက်သကဲ့သို့ ရေငတ်သူသည် ရေအေးကို နှစ်သက်သကဲ့သို့ ရဟန္တာတို့သည် တရားကိုနှစ်သက်သကဲ့သို့ ငါသည်ချစ်နှမကို နှစ်သက်ပါ၏ စသည်ဖြင့် ဖွဲ့ဆို၍ ဘုရားအားပူဇော်၊ ထိုအခါ မြတ်စွာဘုရားက ပဥ္စသိခ်သင်၏ စောင်းသံသည် သီချင်းနှင့်ကိုက်ညီ၏။ သီချင်းကလည်း စောင်းနှင့်ကိုက်ညီ၏။ စောင်းသံသည် သီချင်းသံကို မလွှန်ဟုမြွက်ကြ၏။ ထိုကဲ့သို့ မြတ်စွာဘုရားနှင့် ပဥ္စသိခ်နတ်သားတို့စကာဆိုမှုဖြင့် ရင်းနှီးလာကမှ နတ်ပရိသတ်သည် မြတ်စွာဘုရား၏ တရားထူးကို ကြားနာရကာ သောတာပတ္တိမဂ်ဉာဏ် အလွန်တောင်းတသော သိရိယာဝစ္ဆသာ နတ်သမီးနှင့် ထိမ်းမြားစေရုံသာမက ဂန္ဓဗ္ဗနတ် ရာထူးကို ချီးမြှင့်ခဲ့သည်။ သုခုမအနုပညာ၏သြဇာ တက္ကမဖြစ်ပါ၏။





## ရွှေတိဂုံစေတီတော်နှင့် ပုဂံဘုရားဗိသုကာလက်ရာများ

ဆင်းတုစေတီတည်ထားကိုးကွယ်မှုသည် မြတ်စွာဘုရား ပွင့်တော်မူရာအိန္ဒိယနိုင်ငံတော်တွင် စခဲ့မည်ဖြစ်ပါ၏။ သို့သော် မြန်မာတို့၏ အသည်းခိုက်အောင် ကြည်ညိုစဖွယ်ဖြစ်နေရသော ရွှေတိဂုံစေတီတော်ပုံစံသည် မြန်မာမှုစစ်စစ်ဖြစ်၏။ ရွှေတိဂုံစေတီတော်၏ပုံသည် မြန်မာတို့၏ ရင်တွင်းမှဖြစ်သော ရင်တွင်းဖြစ်လက်ရာဖြစ်သည်။ မိမိတို့၏ ကြည်ညိုသဒ္ဓါတရားမှပေါက်ဖွားလာသော စေတီတော်ပုံစံဖြစ်သည်။ မြန်မာတို့သည် မိမိတို့၏အနုပညာလက်ရာများကို သာသနိက အဆောက်အအုံများတွင် ထည့်သွင်းပူဇော်မှုပြုကြသည်။ ပုဂံခေတ် ကျောင်း၊ ကန်၊ ဇရပ်၊ စေတီပုထိုးများတွင် မြန်မာအနုပညာ ပန်းဆယ်မျိုးကိုထည့်သွင်းပူဇော်ထားကြသည်။ ပုဂံခေတ် ဘုရား၊ စေတီ၊ အဆောက်အအုံများတွင်သာမက ယနေ့တည်ဆောက်လျက်ရှိသော ဘုရား၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ပြဿဒ်မှစ၍ နန်းတော်၊ အိမ်တော်၊ ပလ္လင်၊ တံကဲတို့တွင် ပန်းဆယ်မျိုးပါဝင်၍ ကနုတ်ဆိုင်ရာ အနုပညာရပ်များဖြစ်သည့် တုရင်၊ မှန်ကင်း၊ တော်ရနောင်၊ အဆော်၊ ပျားကြီးစွဲ၊ ငိုင်ပေါင်၊ ကျေးကွေ၊ မှော်ပွင့်၊ သရက်ကင်း၊ ခြူးပန်းဆွဲ၊ ဘီလူးပန်းဆွဲ၊ ဘီလူးပန်းကိုက်၊ သဇင်ခွေ၊ သပြေရွက်၊ ခနုကွက်၊ မှန်ကူကွက်၊ ညောင်ရွက်၊ စွန်ပွင့်၊ စိန်တောင်၊ ဗိန္ဒုမြင်းနား၊ နဂါးလိမ်၊ ပန်းကလပ်၊ ဒရက်၊ ရွဲ ခြူး ပန်း ခြူးနွယ် စသည်တို့ကိုထည့်သွင်း ထုလုပ်ပူဇော်ကြသည်။

မြန်မာ့အနုပညာတွင် ကနုတ်ပန်း၊ ကနုတ်ချက်သည် အရေးကြီးသည်။ ကနုတ်မပါလျှင် မြန်မာမဟုတ်ဟုဆိုရလောက်အောင် ကနုတ်ကအရေးကြီး၏။ ကနုတ်နှင့် ပတ်သက်၍ ကွယ်လွန်ခဲ့ရှာသူ သုတေသီရာမည ကိုကိုနိုင်က အမွေခံထိုက်သော မြန်မာပန်းပုပညာ စာအုပ် - စာမျက်နှာ ၅၈ တွင် ဘုရား၊ စေတီမုခ်ဦး၊ မုခ်ဝများ၌ တွေ့မြင်ရသော ဘီလူးပန်းဆွဲ၊ ဘီလူးပန်းကိုက်ပုံများတွင် ဘီလူးရုပ်သက်



www.burmeseclassic.com

www.burmeseclassic.com



သက်သာ မဟုတ်ဘဲပါးစပ်အတွင်းမှပန်းကိုက်၊ ပန်းစားနေသည့်ပုံသဏ္ဍာန်ပါပါရှိနေသည်ကိုတွေ့ရမည် ဖြစ်သည်။ ဤသည်ကားကနုတ် ချက်ပင်ဖြစ်ရာ ရိုးရိုးကနုတ်ချက် ကနုတ်ပန်းမဟုတ်ဘဲဘီလူး၏ဒေါသ မာန်စွယ်နှင့် တန်ခိုးသတ္တိအဟုန်ကို တနည်းအားဖြင့် သရုပ်ဖော်ပြနေလေသည်။ တနည်းအားဖြင့် **မရှိသည်ကိုအရှိ သဘောမျိုး၊ မဟုတ်သည်ကို အဟုတ်သဘောမျိုးစိတ်၌ ထင်မြင်လာအောင် ဆွဲဆောင်ထုလုပ်ပြသခြင်းသည်ပင် အနုပညာ**ဖြစ်ပေသည်ဟု ရေးသားထားရှိသည်။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များသည် ပတ်ဝန်းကျင်နိုင်ငံများနှင့် ကူးလူးဆက်ဆံ နွှယ်ယှက်မှုကင်းစွာဖြင့် ဖြစ်ပေါ်တည်ရှိလာခြင်း မဟုတ်သော်လည်း ဖြင့်ပမ့ဝင်ရောက်လာသောဟန်ပန်များ ပညာများကို မိမိတို့နှလုံးသားများခံစားချက်နှင့် ဗုဒ္ဓ၏အဆုံးအမများဖြင့် သီးခြားတီထွင်ပြုလုပ်မှုများဖြစ်သည်ကို အထူးသတိပြုရမည်ဖြစ်ပါ၏။

❒ ❒ ❒



အခန်း (၉)

## မြန်မာ့အနုပညာ ဩဇာ

မြန်မာ့ရုပ်သေးပညာသည်မြန်မာတို့၏ မူပိုင်အနုပညာတစ်ရပ်ဖြစ်၏။

မြန်မာ့ရုပ်သေးသည် မြန်မာ့အနုပညာအရပ်ရပ်၏ ဆုံရပ်ဆက်ထုံးဖြစ်သည်။ မြန်မာ့ရုပ်သေးပညာတွင် မြန်မာတို့၏ ရိုးရာတော်စားဆင်ယင်မှုပါသည်။ မြန်မာ့ရုပ်သေးတွင်မြန်မာအက၏ အခြေခံဖြစ်သော ခေါင်း၊ ခါး၊ ခြေ၊ လက်ကိုလှုပ်ရှားရင်း အဆစ်အချိုးအစားများနှင့် ကပြခြင်းပညာပါရှိ၏။ မြန်မာ့ရုပ်သေးသည် မင်းသား၊ မင်းသမီးသော ဇာတ်ကောင်တို့၏ ဇာတ်စာ၊ ဇာတ်စကား၊ အဆို၊ အငို၊ အပြောသေစုံအောင် မြန်မာဟန်စစ်စစ်တို့ဖြင့် ပြောကြားကပြသောသဘင်ဖြစ်သည်။ မြန်မာ့ရုပ်သေးသဘင်တွင် မြန်မာတို့၏ အတီးသဘင်နှင့်လည်းဆက်စပ်နေ၍ ရုပ်သေးပို့ဆိုင်းသည်မြန်မာအတီးသဘင်စစ်စစ်ဖြစ်၏။

မြန်မာ့ရုပ်သေးတွင် တင်ဆက်ကပြသောဇာတ်လမ်း၊ ဝတ္ထုများသည် ပွဲကြည့်ပရိသတ်အားအသိပညာ ပေးခြင်း၊ တွေးတောကြံဆမှုနစ်ပေးခြင်းစသည်ဖြင့် မြန်မာ့ရုပ်သေးတွင် မြန်မာတို့၏ဂန္ထဝင်စာ



www.burmeseclassic.com

www.burmeseclassic.com



များကို လက်တန်းစပ်ဆိုခြင်း၊ အာဂုံဆောင်ခြင်းစသည်တို့ ပါဝင်ရာ မြန်မာ့ရုပ်သေးသည် မည်သည့်တိုင်းတပါး ဝင်ရောက်စွက်ဖက်မှုမှ မပါဘဲ မြန်မာ့ဟန်၊ မြန်မာ့မူပိုင်စစ်စစ်ပညာရပ်ဖြစ်၏။

မြန်မာ့ရုပ်သေးသဘင်တွင် မြန်မာတို့၏အတွေးအခေါ်ပင် ပါဝင်လျက်ရှိ၏။ မြန်မာ့ရုပ်သေးသည် မြန်မာ့အနုပညာအရပ်ရပ် စုစည်းစီးဝင်လျက်လည်းရှိ၏။ မြန်မာတို့၏ ဟန်ပန်ဓလေ့စရိုက်များ ပါဝင်၏။ မြန်မာစာပေနှင့် မြန်မာ့ရုပ်သေးသည်တဆက်တည်းရှိ၏။

မြန်မာ့ရုပ်သေးတွင် မြန်မာ့အနုပညာ၊ မြန်မာအတွေး၊ မြန်မာစာပေ၊ မြန်မာ့ရိုးရာဓလေ့စရိုက်တို့ပါဝင်လျက်ရှိ၏။ တကယ်တော့ ရုပ်သေးထက်မြန်မာမှုများစုံပါဝင်၍ မြန်မာစစ်တာမရှိတော့ပေ။

ထို့ကြောင့်မြန်မာမှု၊ မြန်မာ့မူဟန်အစစ်ဖြစ်သော မြန်မာ့ရုပ်သေးပညာရပ်၏ တာဝန်ယူမှု ပုံသဏ္ဌာန်ကို လေ့လာ၍ မြန်မာ့အနုပညာနယ်ပယ်ကို အကဲခတ်ကြရမည်ဖြစ်ပါသည်။

မြန်မာ့ရုပ်သေးသည် ပုဂံခေတ်နှောင်းပိုင်းတွင် သန္ဓေတည်ခဲ့၍အင်းဝခေတ်၌မွေးဖွားခါ ကုန်းဘောင် ခေတ်ဦးတွင် လူလားမြောက်ခဲ့ပြီး ကုန်းဘောင်ခေတ်နှောင်းဖြစ်သော အမရပူရ၊ ရတနာပုံခေတ်များတွင် အထွတ်အထိပ်ရောက်ခဲ့သော ပညာရပ်ဖြစ်သည်။

မြန်မာ့ရုပ်သေးသည် မြန်မာ့ပန်းပု၊ မြန်မာ့ပန်းချီ၊ မြန်မာစာပေ၊ မြန်မာအက၊ မြန်မာ့ဂီတ၊ မြန်မာ့ရွှေချည်ထိုး၊ ငွေချည်ထိုး၊ မြန်မာ့ဝတ်စားဆင်ယင်မှု၊ မြန်မာ့အတွေးအခေါ်၊ မြန်မာ့ရိုးရာဓလေ့စရိုက် ပညာရပ်များစုပေါင်းမိရာ ဆက်ထုံးတစ်နေရာဖြစ်သည်။

မြန်မာမှုပိုင်စစ်စစ်ကြီးဖြစ်သော မြန်မာ့ရုပ်သေးသည် သူကောင်းစားစဉ်အခါက ရုပ်သေးသည် စာကြည့်တိုက်၏အလုပ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်တို့၏ အလုပ်၊ ယနေ့မီဒီယာ လုပ်ငန်းမှ လုပ်ဆောင် နေသောရေဒီယို၊ တီဗွီ၊ ဗွီဒီယို၊ ရုပ်မြင်သံကြား အလုပ်၊ ဇာတ်သဘင်၊ အငြိမ့်သဘင်၊ ကဇာတ်၊ ပြဇာတ်၊ ရုပ်ရှင်စသော





ပညာရပ်အားလုံး၏ အလုပ်ကိုမြန်မာ့ရုပ်သေးသဘင်တရပ်တည်းက တာဝန် ယူလုပ်ဆောင်ခဲ့သည်။

ထို့ကြောင့်ရုပ်သေးသည် ယင်းအထွတ်အထိပ်ရောက်စဉ်က-

၁။ မင်းနှင့်ပြည်သူတို့အားဖျော်ဖြေသည့် ဖျော်ဖြေရေးတာဝန်

၂။ မင်းနှင့်ပြည်သူတို့အား ပညာပေးသည့်တာဝန်

၃။ မင်းနှင့်ပြည်သူတို့အတွင်း၊ ပြည်သူတို့အချင်းချင်း ဆက်သွယ်ပေးသည့် တာဝန်များကို လုပ်ဆောင်ခဲ့သည်။

ဤသည်မှာ မြန်မာ့အနုပညာနယ်ပယ်တစ်ရပ်၏ အကျယ်အဝန်းဖြစ်ပါ၏။ ထို့ကြောင့် မြန်မာ့အနုပညာ၏ အကျယ်အဝန်းကို သတ်မှတ်ပါက သူတာဝန်ယူသည့်ကိစ္စအားလုံးကိုသူ့ နယ်နိမိတ်တွင် ထည့်သွင်းတိုင်းတာ ရန်လိုအပ်ပါ၏။

မြန်မာ့ရုပ်သေးသဘင် တာဝန်ယူရသောနယ်ပယ်သည် ကျယ်ဝန်းသည်အလျှောက်မြန်မာ့ရုပ်သေး ပညာရှင်တို့သည် ပညာဘတ်များ၊ စာတတ်များ၊ ဇာတ်နိပါတ်၊ ရာဇဝင်၊ မဟာဝင်၊ ဗုဒ္ဓဝင် ကျွမ်းကျင်သူများ၊ ဒေသန္တရဘာသန္တရ ဗဟုသုတပြည့်စုံကြွယ်ဝသူများ ဖြစ်ကြရ၏။

မြန်မာ့ရုပ်သေးသည် စကားပြေနှင့် ပြောဆိုခြင်းမဟုတ်၊ ရုပ်သေးစင်ပေါ်၌ ပြောသောစကားသည် ကဗျာ၊ လင်္ကာကိုရွတ်ဆိုရာတွင် နားဝင်အောင်ရွတ်တတ်ဆိုတတ်ကြသူတို့ဖြစ်သည်။ ရုပ်သေးဆရာ အနုပညာရှင်ကြီးများသည် ကဗျာ၊ လင်္ကာစာပေကိုပြောနိုင်၊ ဟောနိုင်သော စာတတ်ပေတတ်ကြီးများဖြစ်သည်။ ရုပ်သေးမင်းသား၊ မင်းသမီးကြီးများသည် ကဗျာ၊ လင်္ကာကို လက်တန်း စပ်ဆိုနိုင်သူတို့ဖြစ်သည်။

ဘိုးတော်ဘုရားလက်ထက်က သဘင်ဝန်ဦးသော် ထုတ်ပြန်သောရုပ်သေးသဘင်စည်းကမ်းတွင် ရုပ်သေးကမည့် ပညာသည်များ



www.burmeseclassic.com

www.burmeseclassic.com



သည် ယောက်ျားပညာတတ်များသာကပြရမည်။ ရုပ်သေးမှာ ငါးရာ့ငါးဆယ် နိပါတ်ရာဇဝင်၊ မဟာဝင် ဇင်းမယ်ပဏ္ဏာသစသောဇာတ်များ၊ သိုက်ဝင်ဝတ္ထုများ၊ ဘုရားသမိုင်း များခင်းကျင်းပြသနိုင်သည်ဟုပါရှိ၏။

ငါးရာ့ ငါးဆယ်နိပါတ်၊ ရာဇဝင်၊ မဟာဝင်ဆိုသည်တို့က ပညာရှိပညာတတ်တို့မှ ဇာတ်အိမ်ဖွဲ့ တည်ဆောက်နိုင်မည်ဖြစ်ရာ မြန်မာ့ရုပ်သေးအနုပညာသည် ပညာမတတ်လျှင် စင်နားသို့ ကပ်နိုင်စရာအကြောင်းမရှိ။ မြန်မာ့ရုပ်သေးသဘင်သည် ဖျော်ဖြေရေး သက်သက်မဟုတ်၊ မြန်မာ့ရုပ်သေးတွင် ပညာပေးရေး လုပ်ငန်းသည် အဓိကပန်းတိုင်အနေနှင့်ပါရှိ၏။

ရုပ်သေးဇာတ်ကပြစဉ် လူငယ်၊ လူရွယ်များသာမက လူကြီးသူမတို့ကပါ ရုပ်သေးစင်ပေါ်မှ ရုပ်သေးဆရာ၊ ရုပ်သေးပညာရှင်တို့၏ ပြောဆိုဆုံးမမှုများကို အသေးစိတ်မှတ်သားကြရ၏။ မှတ်သားကြရုံသာမက ရုပ်သေးအဖွဲ့ပြန်သွားသောအခါ ရုပ်သေးအဖွဲ့လာစဉ်ကမည်ကဲ့သို့ပြောဆိုဆုံးမသည်ကို ကိုးကားဖော်ညွှန်း ဆုံးမမှုပြု၏။ လူငယ်များအား ရုပ်သေးသဘင်ကြည့်စေခြင်း၏ အဓိကရည်ရွယ်ချက်မှာ လိမ္မာရေးခြားရှိစေရန်၊ တတ်သိနားလည်စေရန်ဟူသော ရည်ရွယ်ချက်များပါရှိ၏။

မြန်မာတို့၏ ကိုယ်ပိုင်အနုပညာတစ်ရပ်ဖြစ်သော မြန်မာ့ရုပ်သေးသည် ပြည်သူလူထုအပေါ်၌ ဩဇာကြီးမား၏။ မြန်မာ့ရုပ်သေးသည် ပြည်သူတို့အပေါ်တွင် ဩဇာကြီးမားရုံသာမက အုပ်ချုပ်သူမင်းနှင့်တကွ မင်းမှုထမ်းတို့အပေါ်တွင်လည်းဩဇာရှိသည်။ မှူးမတ်တို့သည် မိမိတို့ဘုရင်အားမလျှောက်ဝံ့မဆိုဝံ့သော၊ ကိစ္စများရှိပါက ရုပ်သေးမင်္ဂလာစင်တော်ကြီးတို့ မှတဆင့် ရွှေနားတော်ပေါက်အောင် သယ်ပို့သော ပြည်သူ့ဟစ်တိုင်များလည်းဖြစ်ကြ၏။ ထို့ကြောင့် မြန်မာ့သဘင်၊ မြန်မာ့အနုပညာသည် ပြည်သူများ၏ပါးစပ် အဖြစ်လည်း တာဝန်ယူကြ၏။ ဇာတ်စင်ပေါ်မှ လူရွှင်တော်၏ ပျက်လုံး၊ ထေ့လုံးသည်ပင် ပြည်သူကို ကိုယ်စား ပြုတတ်၏။





မြန်မာ့ရုပ်သေးသဘင်၏ တာဝန်ယူမှုကကြီးမားကျယ်ပြန့်၏။ တာဝန်ယူမှု ကြီးမားကျယ်ပြန့်သလောက်ရုပ်သေးသဘင်၏ နယ်နိမိတ်သည်လည်းကျယ်ဝန်းသည်။ မြန်မာ့ရုပ်သေးသည် ပြည်သူတို့ အတွက် ပညာရေးသင်ကြားရေးကိစ္စတို့ကိုလည်းတာဝန်ယူသည်။ ဇာတ်စင်ပေါ်မှ လောကီ၊ လောကုတ္တရာနှစ်ဖြာသောဆိုဆုံးမမှုများ၊ လောကသဘာဝဖြစ်တတ်၊ ပျက်တတ်မှုများကို သင်္ခါရသဘာဝဓမ္မတရားများဖြင့် ပြဆို ဆုံးမ၏။ မြန်မာတို့၏ရုပ်သေးစင်သည် စာပေပိဋကတ်တိုက်၊ စာကြည့်တိုက်ကြီးများ၊ သဖွယ်ဖြစ်ကာ ရှေးရုပ်သေးစင်တော်ကြီးများသည် မြန်မာတို့၏စွယ်စုံကျမ်းကြီးများလည်းဖြစ်၏။ မြန်မာ့ရုပ်သေးစင်တော်ကြီးများသည် စာပေဟောပြောပွဲစင်ကြီးများ၊ တရားဓမ္မဟောပြောရာ စင်မြင့်များလည်းဖြစ်ပါ၏။ မြန်မာ့စင်တော်ကြီးများသည် စာပေသင်ကြားရေးတာဝန်၊ ကျောင်းဆရာတာဝန်ကိုလည်းယူသည်။

ရုပ်သေးစင်တော်ကြီးများသည် သတင်းပေးသည့်လုပ်ငန်း၊ ကြော်ငြာသည့်လုပ်ငန်းများကိုလည်း လုပ်ဆောင်ကြ၏။ မြို့၏တောင်ပိုင်း ဘယ်သူ့ဘယ်ဝါ၏ အိမ်ဂေဟာမဏ္ဍပ်တွင် ရက်မြတ်ကိုရွေး၍ အလှူတော် မင်္ဂလာပွဲကြီးကျင်းပမည်ဖြစ်၍ အရပ်လေးမျက်နှာမှ ပုဂ္ဂိုလ်အပေါင်းတို့ တရားအတူနာကြရအောင် အလှူရှင်ကဖိတ်ကြားအပ်ပါကြောင်း စင်တော်မှသတင်းပေးတတ်၏။ မိမိတို့၏ ရောင်းကုန်များအတွက်လည်း စင်တော်ကြီးမှ ကြော်ငြာပေးသည်။ ဘယ်အရပ်မှ ထွက်သော ဆေးရွက်ကြီးများဘယ်လိုကောင်းကြောင်း၊ ပိုးပုဝါ၊ ပိုးပုဆိုးများဘယ်လိုပါက ယုဇနပလာဇာ ရွှေကျီးပိုးထည်တိုက်မှ ပိုးသည်အကောင်းဆုံး၊ ရွှေကျီးပိုးသည် ပိုးစစ်၊ ပိုးမှန်ဖြစ်ကြောင်းတခွန်းပြောလျှင် မင်းညီ၊ မင်းသား၊ ဝန်ကတော်တို့သည် ရွှေကျီးပိုးထည်တိုက်သို့ သွားကြ၏။ ရုပ်သေးစင်ပေါ်မှအရသာစုံသည့် အရှီးတောင်းလက်ဖက်ကောင်းကြောင်း ကိုပြောပေးတတ်၏။ ထို့ကြောင့်မြန်မာ့အနုပညာကစွမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူသောနယ်ပယ်သည် အတော်ကျယ်ဝန်း၏။ မြန်မာ့အနုပညာကဏ္ဍ၏ တာဝန်ယူမှုနယ်ပယ်သည် မြန်မာ့အနုပညာအကျယ်အဝန်း နယ်နိမိတ်ပင်ဖြစ်သည်။ ယနေ့ IT နည်းပညာက တာဝန်ယူခဲ့သော ကိစ္စရပ်အားလုံးကို မြန်မာရုပ်သေးသဘင်က တာဝန်ယူခဲ့သည်။

မြန်မာနိုင်ငံသည် ၁၈၈၅ခုနှစ်တွင်သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရခြင်းနှင့်အတူ မြန်မာတို့၏ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာပိုင်စိုးမှုကို ကိုယ်စားပြုသော ဘုရင်၊ မိဖုရား၊ ကျုံးမြို့ရိုး၊ ထီးနန်းစသည်တို့သည်လည်း တိုင်းတစ်ပါး လက်အောက်သို့ ကျရောက်ခဲ့ကြ၏။ မြန်မာတို့၏အဖြစ်သည် စိန်မှန်ကင်းအစစ်က ထင်းဖြစ်ခဲ့ရသည်။

သူ့ကျွန်ဘဝသို့ရောက်ရှိခဲ့သောကြောင့် မြန်မာတစ်မျိုးသားလုံးသည် ကြိမ်မီးအုံးသလိုခံစားခဲ့ရ၏။ ထိုမှတဆင့်တိုင်းရင်းသားပြည်သူအပေါင်းတို့သည်ရရာ လက်နက်စွဲကိုင်လျက် နယ်ချဲ့သမားများအားဆန့်ကျင်ကြသည်။ အင်္ဂလိပ်နယ်ချဲ့သည် သိပေါမင်းနှင့် စုဖုရားလတ်တို့အား လွယ်လင့်တကူ ဖမ်းဆီးရယူနိုင်သော်လည်း အနယ်နယ်အရပ်ရပ်မှတိုင်းရင်းသားပြည်သူတို့၏ တုန့်ပြန်အာခံမှုများကို နှစ်ပေါင်းများစွာ လူသူ၊ လက်နက်၊ ငွေကြေး အမြောက်အများ အသုံးပြု၍ နှိမ်နင်းခဲ့ရသည်။

အင်္ဂလိပ်တို့အားရရာလက်နက်နှင့် စွဲကိုင်ဆန့်ကျင် တိုက်ခိုက်ကြရာတွင် မြန်မာ့ရုပ်သေးစင်တော်ကြီးသည် ဇာတိသွေး၊ ဇာတိမာန်များကို လှုံ့ဆော်ပေးရာနေရာများဖြစ်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးအတွက် လည်းကောင်း၊ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးအတွက်လည်းကောင်း၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ တဖွားဖွား ပေါ်လာစေရန် လှုံ့ဆော်မှုများကိုပေးခဲ့၏။

သူ့ကျွန်ဘဝတွင်မြန်မာတို့၏ စိတ်ဓာတ်များမြင့်မားတက်ကြွစေရန် ရုပ်သေးမင်းသားကြီးဦးဖိုးညိုက "ဟင်္သာ၊ ဆက်ရက် ထွန်းပြီးမို့၊ မြန်မာတွေမှုချကောင်းစားမည်" ဆိုသောတဘောင်သီချင်းကိုဆို၍





နိမိတ်ဖတ် သည်။ အင်းကိုဟင်္သာဆင်းမည်၊ ဆင်းလျှင်လေးနှင့်ခွင်းမည်၊ မှဆိုးကိုထီးရိုးရိုက်မည်၊ ထီးရိုးကို မိုးကြိုးပစ်မည်စသော သီချင်းတဘောင်များကိုစပ်ဆို၍ စင်တော်ကြီးများက နယ်ချဲ့ဆန့်ကျင်ရေးပြုလုပ်၏။ ဗြိတိသျှအုပ်စိုး သူတို့ ခေတ်တွင် ရုပ်သေးစင်တော်ကြီးများက ရုပ်သေးသဘင်များခင်းကျင်းရင်းလောကအကြောင်း၊ ဓမ္မ အကြောင်းပြောဆိုရင်းရှေးအခါကကိုယ့်မင်း၊ ကိုယ့်ချင်းနှင့်နေရသည်မှာ သာယာဖွယ်ကောင်းပုံ၊ ကျုံးမြို့ရိုး၊ ပဆွင်ရင်တား၊ ခိုနန်းပြသာဒ်တို့နှင့် နိုင်ငံတော်ကြီးစည်ပင်သာယာပုံများကို မင်းသားကြီးက မင်းသားကြီး အလျောက်၊ ဝန်ကလည်းဝန်အလျောက်ပြောဆို၍ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များကို လှုံ့ဆော်ပေးသည်။ ထို့မှတဆင့် အညံ့မခံပြန်အန်တု၍ အောင်ပွဲရနိုင်ကြောင်း ဇာတ်လမ်းကြောင်းများကိုထုတ်နုတ်ကပြရာ ပြည်သူတို့နိုးကြားလာခဲ့၏။

၁၈၈၈ခုနှစ်တွင် မန္တလေး၊ ရန်ကုန်မီးရထားလမ်းပွင့်ခဲ့ရာ ရုပ်သေးစင်တော်ကြီးများသည် အုပ်ချုပ်ရေး လက်လှမ်းမမီသည့် ကျေးလက်ဒေသများသို့ တိုင်သွားရောက်၍ ရုပ်သေးရုပ်လေးများမှ တဆင့် နယ်ချဲ့ ဆန့်ကျင်ရေးစကားကို ဆိုစေ၍အင်္ဂလိပ်ကို ဆန့်ကျင်ခဲ့သည်။

ရုပ်သေးမင်းသားကြီးဦးရာပြတ် ရေးသား၍ ဦးဖိုးညိုသီဆိုသော "ရွှေပြည်ကြီး" သီချင်းကိုကြားရသူတိုင်းသည် ကျမျက်ရည်ထွေထွေစီးကာ မချိတင်ကဲ၊ ရင်ထဲကနာ၊ ဘဝင်နှလုံး၊ ယူကျုံးမရဖြစ်ရင်းတက်တခေါက်ခေါက်ဖြစ်ရသည်မှာ ရုပ်သေးစင်တော်ပေါ်မှ လှုံ့ဆော်ချက်ပင်ဖြစ်သည်။

ရွှေပြည်ကြီးသီချင်းကို ဦးဖိုးညိုကအရှင်နှစ်ပါးပါတော်မူပုံကို ရုပ်သေးမင်းသားကြီးဦးဖိုးညိုက လွမ်းလောက်၊ ဆွေးလောက်အောင်တီတီတာပြောဆိုလျက် အာရှင်းရှင်းဖြင့်အဆိုအကနှင့် အငိုတကန့်ကန့်ကာ ဆိုလေလျှင်ကြားရသူတိုင်း မျက်ရည်ယိုစီး၊ ငိုကြွေးတမ်းတရင်း အရှင်နှစ်ပါးကိုလွမ်းကြရသည်။ သီချင်းဆုံးလျှင် မြန်မာ့အမြင့်သဘင်



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်သည် မျက်ရည်ကိုသုတ်၊ လက်သီးဆုပ်၍ ဓားဆွဲပြီးတောက် ခေါက်ကာ အင်္ဂလိပ်အားတော်လှန်ပုန်ကန်ခဲ့ခြင်းသည် မြန်မာ့အနုပညာ၏စွမ်းပကား မြန်မာ့အနုပညာရပ်များ တာဝန်ယူခဲ့သည့် နယ်ပယ်အကျယ်အဝန်းပင်ဖြစ်ပါ၏။

လေးဆယ့်နဲ့ခုနစ်၊ တွေးဖွယ့်လို့စစ်လိုက်တော့
ကြယ်တာရာအခြေယို့၊ မြေသို့ဖိတ်ပါတကားဟု
သတင်းနိမိတ်ပြလိုက်တာက
အင်္ဂလိပ်တို့ပင် ရစေတော့လို့
ဘိသိက်စံရှင်နှစ်ပါး၊
အများကြည်ညိုလို့၊ လွမ်းကြသော်လည်း
ကုလားအခေါ်၊ ရထားဗီရိုပေါ်ကမဆင်းရပေဟု
သင်္ဘောနာဝါ မီးစက်ဖုန်းတွေနဲ့
မင်းစောရာဇာ၊ ထီးစက်ဆုံးစေတော့လို့
ဂယက်တအုံးဝေဖြာစီလို့
ပြည်ရွာတခွင် မြစ်ပြင်ကူးပြီး
တနယ်ထုတ်လို့၊ အကျယ်ချုပ်နဲ့ထားတာတော့
အရှင်နှစ်ပါး သနားစရာကောင်းလိုက်ပါဘိ
အမရပူရစံဌာနီ မန္တလာပြည်
တို့အရှင်နှစ်ပါးတော့
ဩော်ဘယ်တော့မှ ပြန်မလာပြီ
အဲဒါကြောင့် . . .
အို ရွှေပြည်ကြီးနီးအောင်ပင်လှမ်း၊ နန်းရွှေရပ်မူ
(ရွှေဘုံဟံသာကွန်း ယွန်းနတ်ကာယ်စီ)၂
ငြိမ်းမှိုင်မိသည်
(ရွှေတောင်ပံနက်ပါလို့ ကျွက်ကျွက်ကယ်စီ)၂





လင်းပြန်ခဲ့ပြီ
(ပြာသာဒ်ဖျားစီက စိန်သွားရောင်ခြည်)၂
(ဒေါင်းမီးခွက်တွေ လျှမ်းချိန်မို့)၂
လွှမ်းခဲ့ပြန်ပြီ
(ဌာနီပုံကွာဝေးခဲ့သည့်အခါ ရွှေပြည်တော်သာရောက်နိုင်ဘူး
ဘုရား) ၄
(ဘယ်သောအခါနီးရပ့်)၂
စည်တီးနဲ့ကွာ . . .

ရွှေပြည်ကြီးသီချင်းကို အငြိမ့်ရော၊ ဇာတ်ကပါ လိုက်ဆိုကြသည်။ ပြည်သူတို့၏နှလုံးသားကို သိမ်းကျုံးဆွဲငင်နိုင်သည်ဖြစ်၍ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို လှုံ့ဆော်ကာအင်္ဂလိပ်တို့အား နာကျည်းခံပြင်းစိတ်များပေါ် ပေါက်လာသောကြောင့် ဤသီချင်းကိုအင်္ဂလိပ်ကပိတ်ပင်ရန် ကြိုးစားသည်။

ရွှေပြည်ကြီးသီချင်းသည် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် နေလာခဲ့သည့် ရှေးမြန်မာတို့၏ နေပြည်တော်ကြီးကို တမ်းတသတိရ၍အမျိုးသားစိတ်လှုံ့ဆော်ပေးနိုင်သောသီချင်းဖြစ်၏။

ဦးဖူးညိုသည် ၁၂၄၉ခုနှစ်တွင် "သီဟာပျံ၊ နန်းဘုံမြင့်မှာလညီလာခံဖျန်းလှုံတင်စဉ်က" အစချီ အရှင်နှစ်ပါးလွမ်းဘွဲ့ တေးသီချင်းဘစ်ပုဒ်ကို ထပ်မံဆိုခဲ့သေးသည်။ ၁၂၅၁ခုနှစ်တွင် ဦးဖိုးကွန်းနှင့် ဆရာပုကြီးတို့က၊ " ကုန်းဘောင်ပရမေ၊ ဧကာဒတွင်မှ၊ ဘုန်းရောင်အသရေ၊ မှေးရှာကြလေ၍ . . ." အစချီ သီချင်း၊ မောင်းထောင်ဦးကျော်လှက " ဆယ့်နှစ်ရာသီလှည့်ကာရှိန်းလို့ . . . အစချီ သီချင်းကိုဆိုရာ အင်္ဂလိပ်အစိုးရက ဦးကျော်လှကို ဖမ်းဆီးသည်။ ပါတော်မူသီချင်းများကို ဆရာဖိုးကလည်း ရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့အနုစာပေ၊ အနုပညာနယ်ပယ်သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်လှုံ့ဆော်ပေးသည့်အထိ ကျယ်ဝန်းသည်။ မိမိအမျိုးကို စောင့်ရှောက်ရမည်။ အမျိုးဂုဏ်ဇာတိဂုဏ်ကိုစောင့်ရှောက်ရမည်။ ဇာတိသွေး ဇာတိမာန်ပျိုးထောင်ရမည့်အရေးသည် မြန်မာ့အနုပညာ၏ အရေးဟု မှတ်ယူရာသည်။

❒ ❒ ❒



အခန်း (၁၀)

## မြန်မာ့အနုပညာနယ်ပယ်

မြန်မာ့ရုပ်သေးသဘင်၏ တာဝန်ယူမှုနယ်ပယ်ကို တင်ပြခဲ့ပါသည်။ မြန်မာ့ရုပ်သေးသည် ယနေ့မီဒီယာ တာဝန်၊ စာပေတာဝန်နှင့် ဖျော်ဖြေရေးတာဝန်သာမက ကျောင်းဆရာတို့၏ တာဝန်၊ ဓမ္မကထိက တာဝန်၊ လက်ဦးဆရာမည်ထိုက်စွာပုဗ္ဗာစရိယမိနှင့်ဖဟု ရှေးဦးဆရာ ပြုခြင်းကိုခံရသော အမိအဖတို့၏ တာဝန်ကိုလည်း ရုပ်သေးကယူရ၏။

သို့သော် နောက်ပိုင်းတွင် မြန်မာ့ရုပ်သေးသည် မိမိ၏များ ပြောင်လှသော တာဝန်များကို စာအုပ်ပေါ်လာသောအခါ စာအုပ်၊ သတင်းစာပေါ်လာသောအခါ သတင်းစာ၊ စာပေပိဋကတ်တိုက်များ၊ ဇာတ်သဘင်၊ အငြိမ့်သဘင်၊ ရုပ်ရှင်၊ ဂီတ၊ ကဏ္ဍအသီးသီးပေါ်ပေါက်လာသောအခါ ယင်းသဘင်အသီးသီး၊ ကဏ္ဍအသီးသီးသို့ခွဲပေးခဲ့ရသည်။ မြန်မာ့ရုပ်သေးသည် အသိပညာပေးတာဝန်၊ ကိုယ်ကျင့် ပဲ့ပြင်ထိန်းသိမ်းရေး တာဝန်တို့ကို ကျယ်ကျယ်ပြန့်ပြန့်တာဝန်ယူခဲ့သည်မှာ အမှန်ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့အနုပညာနယ်နိမိတ်သဘောကိုလေ့လာရန် မြန်မာ့အမြင့်သဘင်ဇာတ်သဘင်ကို လေ့လာကြပါဦးစို့။ မြန်မာ့ဇာတ်သဘင်အခင်းအကျင်းတွင် ပထမရှေ့ပွဲလာပရိတ်သတ်အား ညည့်ခံဆိုင်းနှင့်ညည့်ခံ၏။ နောက်ခုနှစ်သံချီကို လက်ကုန်တီး၍ နတ်ကတော်ထွက်သည်။ နတ်ကတော်သည် ၁၂ခန်းကသည်။ နတ်ချင်းများ ဆိုပြ၊ ကပြ၊ တီးပြသည်။ ထို့နောက် ဝန်ကြီးလေးပါးထွက်သည်။ ဝန်လေးပါးလွှတ်တက် စကားများပြောကြ၏။ တိုင်းရေးပြည်ရေးရပ်ရေးရွာရေးလူမှုရေးစကားများပြောကြ၏။ အားလုံးသည် ဆုံးမစကား၊ ပညာပေးစကားများချည်းဖြစ်သည်။ လောကဓမ္မအကြောင်းအစုံပါ၏။ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးသတင်းစကားများပါသည်။ မင်းတို့လိုက်နာရမည့်ဝတ်ဝတ္တရား၊ ပြည်သူတို့လိုက်နာရမည့်တာဝန် အကုန်စဉ်ပြောရင်း ဇာတ်ပန္နက်ရိုက်သည်။ အပျိုတော်နှင့် လက်စွဲတော်နှစ်ဦးထွက်လာသောအခါ ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးမပြတ်ကပ်လှူရန်နိပါတ်ဝတ္ထုရာဇဝင်၊ ဓမ္မသတ်တို့ကိုကိုးကားပြောကြားသည်။ ရှေ့တော်မှောက်အခစားဝင်ပါက ဒူးနေရာဒူး၊ တော်နေရာတော်၊ ကောင်းစွာနေထိုင်လျှောက်တင်ကြရန် ဆုံးမ၏။ ထို့ပြင် မိဖုရားကြီးနှစ်သက်သောအဲအန်ရတုမေတ္တာစာတို့ကို နားတော်သွင်း ကြရန်ပြောဆို၏။ ဤသို့ပြောဆိုကြသည်မှာ ပွဲကြည့်ပရိတ်သတ်ကို ဦးတည်ပြောဆို ဆုံးမခြင်းဖြစ်၏။ လွှတ်တော်တွင် ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်နှင့်ဝန်ကြီး၊ ဝန်မင်းတို့၊ သာသနာရေးဆိုင်ရာ၊ သဘင်ရေးရာ၊ စီးပွားရေးနိုင်ငံတော်သာယာရေးကိစ္စများစသည်ဖြင့် သီလ၊ သမာဓိပညာကိစ္စများကို ဆွေးနွေးကြရာတွင်လည်း အသိပညာပေးမှု၊ ကိုယ်ကျင့်တရားစောင့်ထိန်းမှုသစ္စာ၊ သမာဓိကိစ္စများကို ဆိုကြ၊ ပြောကြပြီး ညီလာခံသိမ်းသည်။

များသောအားဖြင့် ညီလာခံသိမ်းချိန်၊ ပွဲခေတ္တရပ်နား၍ ပွဲပြန်ထွက်သောအခါ မင်းသားကြီး၊ မင်းသားလတ်၊ မင်းသမီးတို့ထွက်သည်။





ပညာတော်သင်သွားသည်။ ပညာသာမကကြင်ယာပါစုံ၍ နေပြည်တော်သို့ နှစ်ပါးပြန်ကြ၏။ လူရွှင်တော်တို့က ပြက်လုံးထုတ်သည်။ ဇာတ်၏ညလည်ပိုင်းသည် ဖျော်ဖြေရေးတင်ဆက်မှုများသည်။

ဇာတ်နောက်ပိုင်းတွင် မင်းသား၊ မင်းသမီးတို့ အစွမ်းကုန်ကြ၍ မြိုင်မြိုင်ဆိုင်ဆိုင် ဆိုကြ၊ ငိုကြ၊ ပြောကြကာ ဇာတ်အိမ်ဖွဲ့၍ကကြ၏။ ရှေးအခါက မြေဝိုင်းဇာတ်တွင်ဘုရားဟောဇာတ်တော်ကြီးများကို မကပြရသောကြောင့် ဆင်ကဲဘို့မယ်၊ ချင်းကလေးဖဝေး၊ မောင်ပေါက်ကျိုင်းသုခနုံအစရှိသည်တို့ကိုကပြ၏။ ဇာတ်များကို လူကြိုက်များကြ၏။ ဇာတ်စင်ပေါ်မှ သရုပ်ဆောင်ပြကြသည်ကို အိန္ဒြေမဆောင်နိုင်သောက်အောင်တသောသော၊ တဟားဟားနှင့် တမောမောရယ်ကြ၏။ ဟားတိုက်၍ မကုန်နိုင်အောင်ရှိ၏ဟု ဆရာမောင်သိန်းနိုင်က သူ၏မြန်မာ့ဇာတ်သဘင်သမိုင်းစာအုပ်တွင်ရေး၏။

**မန်လည်ဆရာတော်ကြီး**က ဘုရားဟောဇာတ်တော်များကိုလည်း ဇာတ်တွင်ကနိုင်သည်။ လူများပို၍တရားသံဝေဂရနိုင်သည်ဆိုသောကြောင့် ဇာတ်ကရာတွင်ဘုရားဟောဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာငါးဆယ်နိပါတ်တော်စသော ဇာတ်များကိုပါကလာ၏။ ဇာတ်ထုတ်၊ ဇာတ်လမ်းတို့များလာ၏။ ဇာတ်ထုတ်၊ ဇာတ်လမ်းတို့များလာသည်နှင့်အညီ ဇာတ်အိမ်၊ ဇာတ်ကျင်းဖွဲ့၍ကကြရာတွင် အရှုးအသွင်၊ အဖိုးအိုအသွင်၊ အဖွားအိုအသွင်သဏ္ဍာန်လုပ်သရုပ်တူအောင် ကပြကြရာအဆွေး၊ အလွမ်း၊ အသော၊ အနမ်း၊ သည်းထိတ်ရင်ဖို၊ ဝေဒနာစုံ ခံစားကြရ၏။ ဇာတ်ထုပ်များကို ခင်းကျင်းကပြရာတွင်လည်း သင်ခန်းစာယူရန်၊ လောကဖြစ်တတ်ပျက်တတ်သည်တို့ကို နားဝင်အောင်ပြ၏။ တရားသဘောကို သံဝေဂယူစရာများ ဘဝတွင် အမှားမဖြစ်စေဘဲတရားဖြစ်စေ၍သတိသံဝေဂဖြင့်နေထိုင်၍ ရည်ရွယ်တင်ဆက်ကြသည်ချည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်အငြိမ့်၊ ရုပ်သေးတို့သည် ကပြဖျော်ဖြေမှုအားသန်၍ တင်ဆက်မှုပြုလုပ်သည်ဟု ဆိုသော်လည်း အသိပညာပေး၊ စာရိတ္တ ပြုပြင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့ကို အဓိကရည်သန်ရေး ကြသည်။ မြန်မာအနုပညာတွင် ဖျော်ဖြေရေးနှင့် အလှအပအဖွဲ့ အနွဲ့များပါသော်လည်း ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ ဆိုဆုံးမမှုများ ကလည်း မြစ်ချောင်းအင်းအိုင် လယ်ပြင်ကွင်းအဝတွင် မိုးကြီးသည်း ထန်စွာရွာသောကြောင့် ရေလျှံနေသလို အဆိုအဆုံးအမများသည် အလွန်မှများသည်။

မြန်မာလူ့အဖွဲ့အစည်းသည် ဗုဒ္ဓဘာသာအဆုံးအမ လွှမ်းခြုံမှု ဖြင့် ဖွဲ့စည်းဖြစ်တည်လာသော လူ့အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် မြန်မာ့အနုပညာရပ်များဖြစ်သည့် ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ ပန်းပညာ ရပ်များ၊ စာပေအနုပညာရပ်များသည် ဗုဒ္ဓဘာသာကိုပင် အခြေခံ ဖွဲ့စည်းဖြစ်တည်လာသည်။မြန်မာတို့၏ နှုတ်မှု၊ လက်မှု၊ စိတ်မှုကိစ္စ အရပ်ရပ်သည်လည်း ဗုဒ္ဓ၏အဆုံးအမတွင်များစွာအခြေခံသည်။ ပုဂံခေတ်တလျှောက် ရေးထိုးခဲ့သောကျောက်စာ၊ ပေစာ၊ နရံဆေးရေး ပန်းချီ၊ စဉ့်ကွင်း၊ စဉ့်ခွက်တို့သည် ပုဂံသားတို့ပညာသင်ယူမှု ပတ်ဝန်း ကျင်ဖြစ်သည်ဟု မောင်တင်စိုး(သစ်ရာကောက်)က သူ၏ယဉ်ကျေး လိမ္မာမျိုးမြန်မာနှင့် ဆရာများ၏ အခန်းကဏ္ဍတွင်ဆို၏။ မြန်မာတို့၏ ပဒေသရာဇ် ပညာရေး၊ ယဉ်ကျေးမှုနှင့်အနုပညာရပ်တို့သည် ကျောင်း ကန်၊ ဘုရားနှင့် ဘုန်းတော်ကြီးကျောင်းများတွင် သာတည်နေခဲ့၏။ ဗုဒ္ဓဘာသာကို အခြေပြုသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာသင်ရိုး သည်အသိပညာရှင် နှင့်ကိုယ်ကျင့်တရား သင်ရိုးသာဖြစ်ပါ၏။

ပုဂံခေတ်နှောင်း ဘုန်းတော်ကြီးများသည် တစ်ဆယ့်ရှစ်ရပ် သော အတတ်ပညာများနှင့် အနုပညာရပ်များကို သင်ကြားပေးရာ ဌာနကြီးများဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်းများသည် တက္ကသိုလ်ကြီးများ၊ ပိဋကတ်တိုက်ကြီးများ၊ စာသင်ကျောင်းစာဟောင်း





ပေဟောင်းတို့စုဆောင်းသိမ်းရာ စာပေဘဏ်တိုက်ကြီး များဖြစ်သည်။ မြန်မာယဉ်ကျေးမှုအနုပညာ၏ အနှစ်သာရသည် ကိုယ်ကျင့်တရား ဖြစ်သည်။ မြန်မာ့အနုပညာရပ်သည် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးနှင့် ကံသုံးပါးတို့ကိုမှတ်ကျောက်အဖြစ်ထားရှိသောပညာဖြစ်၏။ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးသိမ်မွေ့မှု၊ နူးညံ့မှု၊ အမှန်တရားမြတ်နိုးမှုသည် မြန်မာ့ လက်မှု၊ နှုတ်မှု၊ စိတ်မှုတို့၏ ရည်မှန်းချက် ဖြစ်သည်။ မြန်မာ့အနုပညာ စာပေကို တစေ့တစောင်း လေ့လာကြည့်ပါစို့။

ပုဂံခေတ်နှောင်းမှစ၍ အင်းဝခေတ်မြန်မာစာပေကိုလေ့လာပါက
ရခိုင်သူမြတ်၏ လောကသာရပျို့
အရှင်မဟာသီလဝံသ၏ တိလောကဆုံးမစာ
ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာဆုံးမစာ
ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရဆုံးမစာ
ရှင်မဟာရဋ္ဌသာရ၏ သုစိပုဘာဆုံးမစာ
ကန်တော်မင်းကျောင်းဆရာတော်၏ ဩဝါဒမေတ္တာစာ
တောင်ဖီလာဆရာတော်၏ ဆုံးမစာတို့သည် ကံသုံးပါးကို အခြေခံတရားအဖြစ်ထားရှိသော ဆုံးမစာများဖြစ်၏။ မြန်မာတို့၏ ဓိတ်သည် ထိုဆုံးမစာများတွင် စွဲမြဲနေကာ ထိုစွဲမြဲသောစိတ်ဖြင့် အနုပညာ ဖန်တီးမှုများကိုပြုခြင်းဖြစ်သည်။

စိန္တကျော်သူဦးဩ၏ ဩဝါဒထူးပျို့
စိန္တကျော်သူဦးဩ၏ နဝရတ်ကိုးသွယ်ကော်
တွင်းသင်းမင်းကြီး၏ ကျောက်ကြီးကိုးလုံး
ဆားတုံဆရာတော်၏ ပုတ္တောဝါဒပျို့
ရွှေကျောင်းဆရာတော်၏ မာတောဝါဒဆုံးမစာ
မုံရွေးဆရာတော်၏ ဩဝါဒမေတ္တာစာ
ကျည်းကန်ရှင်ကြီး၏ မေတ္တာစာ
ပေါက္ကံမောင်ချို၏ စကားပုံ



www.burmeseclassic.com

www.burmeseclassic.com



စဥ့်ပါဆရာတော်၏ ဓမ္မနီတိဆုံးမစာ
စာတော်ပြင်ပညာရှိကြီး ဦးပညာ၏ သားရွှေဥဆုံးမစာ
ကိုရင်ကြီး၏ သားရွှေခဲနှင့် သားရွှေတောင်ဆုံးမစာ
မောင်စံသိန်း၏ သားရွှေကြူးဆုံးမစာ
ဆရာတော်ဦးဗုဒ်၏ ဂိဟိဝိနယဆုံးမစာ
ထွင့်ခေါင်ဆရာတော်၏ ကမ္မဋ္ဌာန်းသံပေါက်
သင်္ဂဇာဆရာတော်၏ သိင်္ဂါလောဝါဒဆုံးမစာ

ကျီးသဲလေးထပ်ဆရာတော်၊ လုံးတော်ဆရာတော်၊ ညောင်ပင်သာဦးပုည၊ နားခံတော်ဦးရွှေနီ၊ အမှုတော်ရေးဦးရှင်ကလေး၊ ဆီးဘန်းနီဆရာတော်၏ ပျို့၊ လင်္ကာ၊ ကဗျာ၊ ဆုံးမစာများသည် မြန်မာ့နှလုံးသား ကိုရုပ်လုံးဖော်ပေးခဲ့သော အဆို၊ အဆုံးအမများဖြစ်သည်။

သိင်္ဂါလောဝါဒသုတ်ကို **လယ်တီဆရာတော်ကြီး** က သုကုမာရမဂ္ဂီပနီအမည် ဖြင့်ရေးသားရာတွင်

၁။ ရှောင်ကြဉ်ရမည့် ကမ္မကိလေသာတရား ၄ ပါး
၂။ အဂတိတရား ၄ ပါး
၃။ ပျက်စီးကြောင်းတရား ၆ ပါး
၄။ အရပ်မျက်နှာ ၆ ပါး
၅။ ယစ်မျိုးသောက်စားမှု အပြစ် ၆ ပါး
၆။ ညဥ့်အခါလမ်းလျှောက်မှု အပြစ် ၆ ပါး
၇။ ပွဲသဘင်ကြူးမှု အပြစ် ၆ ပါး
၈။ လောင်းကစားကြူးမှု အပြစ် ၆ ပါး
၉။ ပျင်းရိခြင်း ၆ ပါး
၁၀။ မိတ်မကောင်းနှင့် ပေါင်းဖော်ခြင်းအပြစ် ၆ ပါး
၁၁။ မိတ်ဆိုးမိတ်တု ၄ ယောက်
၁၂။ သား၊ သမီးတို့ပြုရာဝတ် ၅ ပါး
၁၃။ မိဘတို့ပြုရာဝတ် ၅ ပါး





၁၄။ တပည့်တို့ပြုရာဝတ် ၅ ပါး
၁၅။ ဆရာတို့ပြုရာဝတ် ၅ ပါး
၁၆။ လင်ယောက်ျားတို့ပြုရာဝတ် ၅ ပါး
၁၇။ အိမ်သူမယားတို့ပြုရာဝတ် ၅ ပါး
၁၈။ အဆွေခင်ပွန်းတို့ပြုရာဝတ် ၅ ပါး
၁၉။ အရှင်ဖြစ်သူ၊ ကျွန်ဖြစ်သူတို့ပြုရာဝတ် ၅ ပါး
၂၀။ ဒါယကာတို့၊ ရဟန်းတို့ပြုရာဝတ် ၅ ပါး
၂၁။ ဒုစရိုက် ၁၀ ပါးနှင့် သုစရိုက် ၁၀ ပါး

စသည်တို့ပါဝင်၏။ ယင်းဆိုဆုံးမမှုတို့သည် မြတ်စွာဘုရားဟောကြားသော တရားတော်များကိုအခြေခံ၍ ဆိုဆုံးမမှုများဖြစ်၏။ မြန်မာ့နှလုံးသားတို့သည် ယင်းဆုံးမမှုများအပေါ်အခြေခံ၍ ပေါက်ဖွားလာခြင်းဖြစ်သည်။ ထိုအဆုံးအမတို့သည် မြန်မာအနုပညာ ပေါက်ဖွားသန္ဓေတည်ရာ အုတ်မြစ်များဖြစ်၏။

**ကန်တော်မင်းကျောင်းဆရာတော်**၏ လောကသာရပျို့တွင် ဆရာတော်က

ထုံးတီးနည်းနာ၊ အဖြာဖြာ၌
ပညာဋ္ဌာမှီး၊ မကြီးသက်ရွယ်
အငယ်သော်က၊ ကြိုးလုံ့လ၍
နှိမ့်ချပုဆစ်၊ ဆရာစစ်၌
ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်
စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်
ဆဲမောင်းသည်းခံ၊ ဆရာ့ထံ၌
သင်အံကျက်လေ့၊ တနေ့တပါး
မှတ်သားလေလေ၊ ဝမ်းထဲခွေ၍
အထွေအထူး၊ ဂုဏ်ကျေးဇူးကို
ဆည်းပူးသိမြင်၊ ကြွယ်စေမင်း



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ဆိုးမရာတွင် မြန်မာလူငယ်တစ်ဦးပညာသင်ယူပုံ မှတ်သားနာယူပုံကို ပေါ်လွင်ထင်ရှားစေပါသည်။ မြန်မာ့အနုပညာစာပေသည် ပညာနယ်ပယ်၊ ကိုယ်ကျင့်တရားနယ်ပယ်မျှလောက်သာ ကျယ်ဝန်းသည် မဟုတ်မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်အထိ ကျယ်ဝန်းသည်။

ဆီးဘန်းနီဆရာတော်ကြီး
ထီးသုဉ်း၊ နန်းသုဉ်း
ကြွှန်းသုံး၊ သုံးသုဉ်းသုံးည
ဖြစ်လေရသည်၊ သေသော်မှတည့်
ချြော်ကောင်း၏။

ဟူသောစာကို ဖတ်လိုက်ရသောအခါ အသက်ကိုပမာန မထားဘဲ မြန်မာလွတ်လပ်ရေးရယူ လိုသောစိတ်များ ပေါ်ပေါက်လာသည်မှာ အနုစာပေ၏သြဇာနယ်ပယ်ပင်ဖြစ်သည်။

ပင်းယခေတ် ကာချင်းတို့တွင် -
တာဝတိံသာ၊ နတ်ရွာလော နတ်ရွာလော
မြင်စိုင်းဟူသည်၊ ရွှေပြည် ရွှေပြည်
မြင်စိုင်းရွှေမြေ၊ ပန်းသင်းခွေ
ပင်ခြေချုံတက်နွယ်၊ ချုံတက်နွယ်
-----------------------------
-----------------------------
တစ်မောင်းတစ်မောင်း၊ တို့တစ်မောင်းသည်
တမောင်းဘကောင်း၊ တမောင်းဘကောင်း
-----------------------------
-----------------------------





တာရှုတ်လာသည် ရိုင်ရိုင်လော ရိုင်ရိုင်လော
မြွားမိုးရွာ၍ ဖြိုင်ဖြိုင်လော ဖြိုင်ဖြိုင်လော
-----------------------------
-----------------------------
မြင်းသည်သိန်းသန်းများစွာလွန်းသည်
ထက်ဝန်းရံသ၊ မနိုင်မနိုင်

ဤကာချင်းသည် မြန်မာအနုပညာ စာပေနယ်ပယ်၏ အကျယ်အဝန်းကို ပြဆိုသောစာဖြစ်ပါသည်။ မိမိတိုင်းပြည်၊ နိုင်ငံ၊ မိမိပတ်ဝန်းကျင်ကို ဂုဏ်တင်ဖွဲ့ဆိုထား၍ မြင်စိုင်းဟူသည် ရွှေပြည်ဟုဆိုပါ၏။ မြင်စိုင်းရွှေပြည်တွင် ပန်းသင်းခွေ၊ ပင်ခြေခြုံထက်နွယ်ဟုဆို၍ နေချင်စဖွယ်ကောင်းသော တို့ပြည်၊ တို့နိုင်ငံ မြင်စိုင်းတွင်သင်းပျံ့မွှေးကြိုင်သော ပန်းသင်းခွေပန်းပွင့်များ ဝေဆာ၍ပွင့်ဖူးနေကြသည်ဟု ကဗျာကဆိုပါသည်။

ယင်းကာချင်းနှင့်ပတ်သက်၍ **ကဗျာဆရာကြီးထီလာစစ်သူ** ကသူ၏ မြန်မာ့ဂန္ထဝင်ကဗျာ စာအုပ်ထဲတွင်

"တာတာတို့သည် မြင်စိုင်းရွှေပြည်ကို လူအင်အားကြီးမားများပြားစွာဖြင့်လာရောက် တိုက်ခိုက်ပုံကိုလည်းကောင်း၊ စစ်ပွဲဖြစ်ပွားရာ၌ မြွားမိုးပစ်ချသွန်းစေရာတွင်၊ တကယ့်မိုးသီးမိုးပေါက်များ၊ ရွာချဘိသကဲ့သို့ရှိပုံကိုလည်းကောင်း၊ ငှက်လင်းတများက စစ်ရှုံးတာတာတရုတ်တို့၏ အလောင်းများကို ကိုက်ဖြောက်စားသောက်ကြရာတွင် လတိုင်းလတိုင်းအဆက်မပြတ်ဟူ၍လည်းကောင်း၊ မြင်းစစ်သည်တို့ သိန်းသန်းချီ၍ မြင်စိုင်းရွှေပြည်ကို ဝန်းရံရာတွင် မတိုက်နိုင်၊ မခိုက်နိုင်ဘဲ ရှုံးရသည်ဟူ၍လည်းကောင်း ကဗျာဖွဲ့ဆိုပုံတို့သည် မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက်၊ ရှင်းရှင်းလင်းလင်း၊ လင်းလက်မြင် လာစေသည်" ဟု ရေးသားခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြန်မာအနုစာပေသည် အသိပညာဗဟုသုတ၊ ကိုယ်ကျင့်တရားနယ်ပယ်သာမက စစ်ရေး၊ တိုင်းရေး၊ ပြည်ရွာနယ်ပယ်အထိ ကျယ်ကျယ်ဝန်းဝန်းသည်ကို တင်ပြအပ်ပါ၏။

❐ ❐ ❐



အခန်း (၁၁)

## မြန်မာ့အနုပညာကို နယ်ပယ်ပိုင်းခြားလေ့လာခြင်း

မြန်မာ့အနုပညာကို နယ်ပယ်ပိုင်းခြား လေ့လာကြမည်ဖြစ်ပါ၏။ မြန်မာ့အနုပညာရပ်တွင် -

၁။ ကိုယ်ကျင့်တရားနယ်ပယ်

၂။ ခံစားမှုနယ်ပယ်နှင့်

၃။ အသိပညာနယ်ပယ်

ဟူ၍ ရှိပါသည်။ ဤနယ်ပယ်သုံးရပ်သည် သီလနယ်ပယ်၊ သမာဓိနယ်ပယ်၊ ပညာနယ်ပယ်ပင်ဖြစ်သည်။ သီလသည် ကိုယ်ကျင့်တရားထိန်းသိမ်းခြင်း၊ အတ္တနှင့်ပရမျှတညီညွတ်စွာနေထိုင်ခြင်း၊ လူလူချင်းတရားမျှတ ငြိမ်းချမ်းစွာနေထိုင်ရေးတာဝန်နှင့် ဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်ရေးမှအစ စိတ်ကောင်း စေတနာကောင်းထားရှိရေး မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ပေါ်ပေါက်သည့်တိုင် သရုပ်ဆောင်ပြသမှု၊ ရေးသားမှု၊ ပြောကြားမှု အားလုံးသည် မြန်မာ့ကိုယ်ကျင့် တရားနယ်ပယ်တွင် ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ခုံပေါ်မှနေ၍ရွာတွင်းသို့ ကျားဆိုးတစ်ကောင် ဝင်ရောက်လာသည်ကိုပြသည်။ ရွာသူ ရွာသားများသည် ကျားဆိုးကို ဝိုင်းဝန်းနှိမ်နင်းခြင်းဖြင့် ကျားဆိုးကြီးသေဆုံးသွားမှုကို သရုပ်ဆောင်ပြသရာမှ ပွဲကြည့် သူပုရိသတ်သည် စုပေါင်းညီညွတ်မှုတည်းဟူသော ခွန်အား၏ ရလဒ်ကို အနုပညာပြသမှု တရုပ်ရုပ်ဖြင့် သိရှိသွားခြင်းသည် အသိတရားရရှိခြင်းဖြစ်၏။ ယင်းပြသမှုသည် မြန်မာ့ကိုယ်ကျင့်တရားနယ်ပယ်မှ အနုပညာလုပ်ငန်းဖြစ်၏။

တဖန်စာရေးဆရာက ရွာသို့ကျားဆိုးကြီးတစ်ကောင် ဝင်ရောက်လာရာ ရွာသူရွာသားတို့ ညီညွတ်မှုမရှိသောကြောင့် ကျားကြီးသည် ရွာလယ်အထိရောက်လာ၏။ ရွာလယ်ကို ဗဟိုပြု၍ သောင်းကျန်းမှုပြုရာ တစ်ရွာလုံးနီးပါးပျက်စီးသွားသည့် သင်ခန်းစာကို စာဖြင့်ရေးသားပြသရာဖတ်ရှုရသူသည် အသိတရားရရှိသွားသည်။ အသိစိတ်ရရှိသွားခြင်းသည်လည်း အနုပညာ၏ ကိုယ်ကျင့်တရားနယ်ပယ်မှ ရသောအသိတရား ဖြစ်၏။ ကိုယ်ကျင့်တရားဟူသည်သီလပင်ဖြစ်၏။

- သီလသည် စောင့်ထိန်းခြင်းဖြစ်သည်။
- သီလတွင်ပြုကျင့်စောင့်ထိန်းရမည့် သီလစာရိတ္တ သီလနှင့် မပြုကျင့် စောင့်ထိန်းလိုက်နာရမည့် သီလဝါရိတ္တသီလဟူ၍ နှစ်မျိုးရှိ၏။

စာရိတ္တသီလဆိုသည်မှာ

- ညီညွတ်မျှတစွာနေထိုင်တာ
- စုပေါင်းလုပ်ဆောင်တာ
- မိဘကိုလုပ်ကျွေးတာ
- ကိုယ်နိုင်ငံကိုယ်စောင့်ရှောက်တာ
- အမျိုးဘာသာသာသနာကိုစောင့်ရှောက်တာ
- မိမိတာဝန်ကို မိမိသိတာ
- သူတစ်ပါးမိမိကြောင့် ချမ်းသာသုခရရှိအောင်လုပ်တာ





စသည်တို့သည် စာရိတ္တ သီလပြည့်စုံခြင်းဖြစ်၏။

ထိုသီလပြည့်စုံရေးကို ရည်သန်၍အနုပညာရှင်က အက၊ ဂီတ၊ ဇာတ်၊ အငြိမ့်၊ ပန်းချီ၊ ပန်းပု၊ စာပေစသည်တို့ဖြင့် ခံစားသိမြင်လာအောင် တင်ဆက်မှုသည် ကိုယ်ကျင့်တရားနယ်ပယ်မှ အနုသီလဖြစ်၏။

သဒ္ဓါတရား၊ သစ္စာတရား၊ ဝီရိယတရား ပြည့်စုံရေးသည် ပြုကျင့်ရမည်သီလဖြစ်၏။

- သူ့အသက်ကိုသတ်တာ
- သူ့ဥစ္စာကို ခိုးတာ
- သူများသားမယား လွန်ကျူးတာ
- သူ့လင်သား သူ့အိမ်ရာကျူးကျော်တာ
- လိမ်လည်လှည့်ဖြားမုသားဆိုတာ
- သောက်စားမူးယစ်လွန်ကျူးတာ

တို့သည် စောင့်ထိန်းရမည်ကိစ္စကို မစောင့်ထိန်းတာဖြစ်၍ ဝါရိတ္တသီလ ပျက်ပြားတာဖြစ်သည်။ ထိုဝါရိတ္တသီလ ခိုင်မြဲအောင် ဇာတ်၊ အငြိမ့်၊ ဂီတ၊ ပန်းချီ၊ ပန်းပု စသောအနုပညာတစ်ခုခုဖြင့် ပြုလုပ်ခြင်းသည် ကိုယ်ကျင့်တရားနယ်မှ အနုသီလပင်ဖြစ်၏။

မြန်မာ့အနုပညာသည် ဖြေဖျော်မှုသက်သက်မဟုတ် ကိုယ်ကျင့်တရားကောင်းများကို လက်ခံကျင့်သုံးအောင် တင်ဆက်မှုဖြစ်သောကြောင့် ကိုယ်ကျင့်တရားနယ်ပယ်ပါဝင်သည်။

သို့သော်ကိုယ်ကျင့်တရားကောင်းမွန်အောင် ဆရာက တပည့်ကို တိုက်ရိုက်ဆုံးမတာ၊ မိဘက သားသမီးကိုတိုက်ရိုက်ဆုံးမတာ၊ ဆရာတော်၊ သံဃာတော်တို့က တရားဟောကြား ဆုံးမတာတို့သည် ကိုယ်ကျင့်တရားရှိအောင် ပြောဆိုမှုမှန်သော်လည်း အနုပညာနည်းဖြင့် ပြောဆိုမှု မဟုတ်သောကြောင့် ယင်းပြောဆိုမှု အရပ်ရပ်သည် အနုပညာဆိုင်ရာ ကိုယ်ကျင့်တရားနယ်ပယ်တွင် အကျုံးမဝင်ပါ။ သို့သော် ဆရာသမား မိဘ၊ တရားဟောဆရာတော်စသည်တို့သည် လူငယ်များ



www.burmeseclassic.com

www.burmeseclassic.com



အသိတရားရရှိစေရန် ဥပမာ ဥပစာတို့ဖြင့် နားဝင်အောင် ပြောဆို ဆုံးမမှုသည် အနုပညာမြောက်စွာပြောဆိုပါက ယင်းပြောဆိုမှုသည် အနုပညာ နယ်ပယ်တွင်းသို့ သွင်းနိုင်သည်။

တဖန်လူတစ်ယောက်သည် သူဟာသူတရားထိုင်သည်။ ကိုယ်တိုင်တရားအားထုတ်သည်။ ချမ်းသာအေးငြိမ်းမှုကိုရရှိသည်။ သူသည်သန္တသုခကိုပင် ရနိုင်သည်။ သို့သော်ထိုအရာသည် အနုပညာ နယ်ပယ်မှရရှိသော ခံစားမှုမဟုတ်။ သူ့ကိုအနုသီလဟုမခေါ်နိုင်။ အနုပညာတစ်ရပ်ရပ်ကြောင့် ခံစားရရှိသော ကိုယ်ကျင့်တရားကိုသာ အနုပညာမှတဆင့်ရရှိသောသီလ အနုသီလဟုခေါ်၏။

ခံစားမှုအနုပညာကိုကား အနုပညာတစ်ရပ်ရပ် ကြောင့် ရသကိုးပါးခံစားရခြင်း၊ ယဉ်ခြင်း၊ နူးခြင်း၊ ခန့်ထယ်ခြင်း၊ နက်နဲခြင်း သဘောတရားများကို ခံစားရခြင်း ဂုဏ်ဆယ်ပါး၊ တစ်ပါးပါးနှင့် ခံစားရခြင်းတို့သည် ခံစားမှုနယ်ပယ်မှရသော အနုပညာရသများဖြစ်သည်။ အလှတရားသည် ရသနယ်ပယ်တွင်ပါဝင်၏။

ခံစားမှုအနုရသသည် လူတို့စောင့်ထိန်းအပ်သော သီလ တစ်ခုခုကိုလည်းဖောက်ဖျက်မှုပြုလာအောင်လည်း စွမ်းဆောင်နိုင်၏။ **အနုရသသည် ချဲ့ထွင်နိုင်သော စွမ်းပကားရှိ၏။** လောကကိုသာမက အနုခံစားမှုသည် သံသရာကိုပါ ချဲ့ထွင်နိုင်သော သဘောရှိ၏။ သဘာဝ တရားမှရရှိသော ခံစားမှု၊ လူလူချင်း လူ့ပယောဂကြောင့် ရရှိသော ခံစားမှု၊ မတော်တဆကိစ္စတို့မှ ရရှိသောခံစားမှု၊ အို၊ နာ၊ သေဘေး ကြောင့် တွေ့ကြုံရသောခံစားမှု၊ နေ့စဉ်စားဝတ်နေရေးကြောင့် ဖြစ်ပေါ်သောခံစားမှု၊ ရန်သူမျိုးငါးပါးကြောင့် ခံစားရသော ခံစားမှု အားလုံးသည် အနုရသခံစားမှုမဟုတ်။ လောကသဘာဝ ခံစားမှုများ သာဖြစ်ပါ၏။ ခံစားမှုအနုပညာ၏ သြဇာကို မြန်မာအနုပညာက ကိုယ်ကျင့်တရားနယ်ပယ်၊ အသိပညာ ဉာဏ်နယ်ပယ်တို့ဖြင့် ပြန်လည် ထိန်းချုပ်ထားသည်။





မြန်မာ့အနုပညာနယ်ပယ်တွင် အသိဉာဏ်ပညာရပ်များ ပါဝင်၏။ သို့သော် တက္ကသိုလ်ကြီးများတွင် သင်ကြားပေးသော သိပ္ပံ၊ ဝိဇ္ဇာဆိုင်ရာ အသိပညာရပ်များသည် အနုပညာမဟုတ်။ အလားတူ အထက်တန်းကျောင်းများတွင် ဆရာက တပည့်တို့အား သင်ကြားပေး သော ပညာသည်လည်း အနုပညာမဟုတ်။ ထို့အတူ ဓာတ်ခွဲခန်းများ နှင့် သမုဒ္ဒရာကြမ်းပြင်ကို သုတေသနပြုချက်ပညာများ၊ အာကာသ လေ့လာစူးစမ်းမှု ပညာများနှင့် အဆင့်မြင့် နည်းပညာအရပ်ရပ်သည် အနုပညာများမဟုတ်။ ယင်းတို့သည် သုတပညာ၊ နည်းပညာ ဉာဏ် နည်းပညာ၊ ဉာဏ်ပညာတို့သာလျှင် ဖြစ်ပါသည်။

အနုပညာတစ်ရပ်ရပ်ကြောင့် ရရှိသော အသိတရားကိုမှ အနုပညာရသဟုခေါ်သည်။ အသိတရားနယ်ပယ်တွင် အသုံးဝင်မှုကိစ္စများ ဘန်ဆာဆင်မှုကိစ္စများကိုလည်း ထည့်သွင်းနိုင်ပါ၏။

ပန်းရံ၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့အစရှိသော အသုံးဝင်မှုတန်ဆာဆင်မှု အနုပညာရပ်တို့ကို အသိတရားနယ်ပယ် အတွင်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။

အနုပညာဖန်တီးမှုနှင့် ပတ်သက်၍ Aesthetics ဟူသော စာလုံးတစ်လုံးရှိပါသည်။ ထိုစာလုံးကို အနုရသပညာအဖြစ်ခေါ်ဆို သည်။ Aesthetics သည်မြန်မာအနုပညာနယ်ပယ်သုံးရပ်တွင် မည် သည် နယ်ပယ်တွင် ပါဝင်သနည်း။ ထိုစကားလုံးသည် မြန်မာ အနုပညာနယ်ပယ်တစ်ရပ်ရပ်တွင်ပါဝင်ပါက ထိုစကားလုံးကို မြန်မာ့ အနုပညာနယ်တွင်လက်ခံရမည်ဖြစ်၍ Aesthetics သည် ထိုနယ်ပယ် သုံးရပ်နှင့် နီးစပ်မှုမရှိပါက ယင်းစကားလုံးအား မြန်မာ့အနုပညာ နယ်ပယ်အတွင်းသို့ ဆွဲသွင်းရန် မလိုအပ်ဟု ယူဆရပါ၏။

**မြန်မာ့အနုပညာသည် ခံစားမှုပိုင်းနှင့် အတွေးအခေါ်ပိုင်းတို့ မျှမျှ တတပါဝင်သော ပညာရပ်ဖြစ်၏။** မြန်မာအနုပညာသည် အတွေး အခေါ်ဆိုင်ရာ မလွန်ကဲသောပညာရပ်ဖြစ်၏။ ဆရာကြီးဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းက Aesthetics ကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် Aesthetics ကိုတစ်ခါတစ်ရံ Philosophy of Art လို့လည်းခေါ်သည်။ Philosophy of Art ကို မြန်မာလိုပြန်ရင် အနုသုခုမ ဒဿနဖြစ်ပါတယ်။ Aesthetics ဆိုတဲ့အင်္ဂလိပ်စာလုံးရဲ့ အရင်းအမြစ်မှာ AISTHETIKOS ဆိုတဲ့ဂရိစကားလုံးဖြစ်ပါတယ်။ ဒီဂရိ စကားရဲ့အဓိပ္ပာယ်ကတော့ Perception of feeling ခံစားမှုကို သိမြင် ခြင်းလို့ ဖြစ်ပါတယ်။ "ခံစားမှုကို သိမြင်ခြင်းဆိုတာဟာ ရသပါပဲ" ဟုဆိုပါ၏။

ထိုသို့ဆိုလျှင် Aesthetics ၏ မူလသည် ခံစားမှုနှင့် ပို၍ သက်ဆိုင်နိုင်၏။ ထိုသို့ဆိုလျှင် Aesthetics ကို ခံစားမှုနယ်ပယ်မှ စကားတရပ်အနေနှင့် စဉ်းစားနိုင်ပါသည်။

❐ ❐ ❐



အခန်း (၁၂)

## ဆရာကြီးဒေါက်တာခင်မောင်ဝင်းနှင့် ဆရာနန္ဒာသိန်းဇံတို့၏ အနုပညာဆိုင်ရာဖွင့်ဟချက်

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်၊ သောကြာနေ့က ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုတက္ကသိုလ်အတွက် အထူးမြှု ရည်ညွှန်းသည့် ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနား အစီအစဉ် တစ်ရပ်ကို ကျင်းပခဲ့သည်။ ထိုစာတမ်းဖတ်ပွဲတွင် စာပေ ပညာရှင် အနုပညာရှင် ကိုးဦးတို့က စာတမ်းဆယ်စောင် တင်သွင်း ခဲ့ရာ ယင်းစာတမ်းများသည် ရသဆိုင်ရာစာတမ်းများဖြစ်သော်လည်း ယင်းစာတမ်းများ၌ အနုပညာနှင့်ပတ်သက်သော အဓိပ္ပါယ်ဖွင့်ဆိုချက် များပါရှိ၏။ အချို့သောစာတမ်းများလည်း အနုပညာအဓိပ္ပါယ်နှင့် အနုပညာ စွမ်းဆောင်နိုင်မှုပါရှိ၏။ ထိုသို့ တင်ပြကြရာတွင် ၂၇-၂-၂၀၀၄ နံနက်ပိုင်းတွင် ယင်းအခမ်းအနား၌ အလှည့်ကျ သဘာပတိ အဖြစ် ဆောင်ရွက်သူ **ဆရာကြီးဒေါက်တာခင်မောင်ဝင်းက** အဖွင့်အမှာ စကား ပြောကြားရင်း



www.burmeseclassic.com

www.burmeseclassic.com



"အနုပညာတစ်ရပ်ကို ဖန်တီးတဲ့အခါမှာ အဓိက အားဖြင့် (၃)မျိုးရှိဖို့လိုပါတယ်။ တစ်မျိုးကအနုပညာကို ဖန်တီးတဲ့ပညာရှင်၊ ဒုတိယက အနုပညာ လက်ရာဖြစ်ပါတယ်။ တတိယက အဲဒီအနုပညာကို ခံစားကြတဲ့ပရိသတ်ဖြစ်ပါတယ်။ ဒီ(၃)မျိုးအနက် Aesthetics နဲ့ဆိုင်တာက အနုပညာ လက်ရာရယ် ပရိသတ်ခံစားမှုရယ်ဖြစ်ပါတယ်။ Aesthetics ရှုထောင့်ကကြည့်ရင် အနုပညာလက်ရာဟာ သီလရှိဖို့လိုတဲ့ အကြောင်းပြောချင်တာဖြစ်ပါတယ်။

ဒါဖြင့်အနုပညာလက်ရာ၏ သီလရှိခြင်းဆိုတာ ဘာလဲ? အနုပညာလက်ရာဆိုတာ အနုပညာမြောက်လေလေ ပရိသတ်ရဲ့စိတ်ကို ဆွဲဆောင်နိုင်လေလေဖြစ်သည်။ အကယ်၍ အနုပညာလက်ရာတစ်ခုဟာ လူတို့စောင့်ထိန်းအပ်တဲ့ သီလ တစ်ခုခုကို ချိုးဖောက်လိုတဲ့စိတ်ထား ဖြစ်အောင် နှိုးဆွပေးရင်၊ နှိုးဆွမှုဟာ အနုပညာလက်ရာမှသည် လူသားတို့ရဲ့ပြုမူလှုပ်ရှားမှု နယ်ပယ်သို့ ရောက်သွားနိုင်ပါတယ်။ ဒါ့ကြောင့် အနုပညာ လက်ရာတစ်ခု ဖန်တီးတဲ့အခါမှာ အဲဒီအနုပညာလက်ရာဟာ လူသားတွေကို အကျိုးဖြစ်ထွန်းစေတဲ့၊ လူသားတွေ အကျိုး ပျက်စီးမှာကို တားဆီးနိုင်စွမ်းရှိတဲ့ အနုပညာလက်ရာဖြစ်ဖို့ လိုပါတယ်။

အနုပညာရှင်များအဖို့ အနုပညာပြောင်မြောက်တဲ့ အနုပညာလက်ရာများကို ဖန်တီးနိုင်ရုံမျှမက ထိုလက်ရာ တွေဟာ နိုင်ငံ့အကျိုး၊ လူသားအားလုံးရဲ့အကျိုးကို သယ်ပိုး ပေးနိုင်တဲ့ အနုပညာလက်ရာများဖြစ်ဖို့ လိုကြောင်း တင်ပြ ပါတယ်"

ဟူ၍ မြွက်ကြားခဲ့ပါသည်။





ထိုစာတမ်းဖတ်ပွဲတွင်ပင် **ဆရာနန္ဒာသိန်းဇံ** က သူ၏ အနောက်တိုင်းရသပညာ စာတမ်းတွင် (ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ဝေသည့် အနုပညာဆိုင်ရာ ရသစာတမ်းများစာအုပ် စာမျက်နှာ ၉၇) ဆရာက-

လူတို့သည် အဘယ်မျှပင် စားဝတ်နေရေးပြည့်စုံစေကာမူ လူ့အဖွဲ့အစည်းတစ်ရပ်ကို တညီတညွတ်၊ တစည်းတလုံးတည်းဖြစ်အောင် ဖန်တီးပေးနိုင်ခြင်းမရှိပါက ထိုလူ့အဖွဲ့အစည်းသည် ပြိုကွဲသွားနိုင်ပေသည်။ ထို့ကြောင့် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်သော သိပ္ပံပညာရှင်များ လိုအပ်သကဲ့သို့ လူ့အဖွဲ့အစည်းတစ်ရပ်၊ လူသားတစ်ရပ်လုံးကို စုစည်းပေးနိုင်သော လူမှုသိပ္ပံပညာရပ်များ၊ စိတ်အာဟာရကို ဖြည့်ဆည်းပေးနိုင်သော အနုပညာရပ်များသည်လည်း မရှိမဖြစ် လိုအပ်ပါသည်။

အချို့က အနုပညာသည် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ပေးနိုင်ခြင်းမရှိသောကြောင့် လူနေမှုအဖွဲ့အစည်းအတွက် တန်ဖိုးရှိသည်ဟု မထင်ကြပေ။ အမှန်မှာ အနုပညာသည် လူသားတို့အား သီးခြားလူသားအဖြစ်မှ တစည်းတလုံးတည်းသော လူ့အဖွဲ့အစည်းကြီး ဖြစ်လာစေရန် ဖန်တီးနိုင်သော စွမ်းပကား ရှိပေသည်။

လူ၏စိတ်ပိုင်းဘဝတွင် စဉ်းစားဆင်ခြင်မှုအပိုင်းနှင့် စိတ်လှုပ်ရှားခံစားမှု အမျိုးမျိုးတို့ကို လှုံ့ဆော်ပေးနိုင်၍ စိတ်အာဟာရကို ဖြည့်စွမ်းပေးနိုင်ပါသည်။

လူတို့၏ စိတ်လှုပ်ရှားခံစားမှု ဖြစ်စေရန်၊ အနုပညာရပ်များကိုဖန်တီး၍ အထိန်းအကွပ်ထား၍ဖန်တီးစေခြင်းနှင့် အထိန်းအကွပ်မဲ့ ဖန်တီးစေခြင်းဟူ၍ နှစ်မျိုးရှိသည်။ အနုပညာရပ်များကို ဖန်တီးရာ၌ အထိန်းအကွပ်ထား၍ ဖန်တီးခြင်းဆိုသည်မှာ လူတို့၏ စိတ်လှုပ်ရှားမှုအပိုင်းနှင့် လူတို့၏ဆင်ခြင်ခြင်းအပိုင်းတို့ကို တစ်သားတည်းဖြစ်အောင် ဖန်တီးပေးခြင်းဖြစ်သည်။

ဟု ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းစာအုပ်စာမျက်နှာ - ၁၀၁ တွင်ပင် ဆရာက -

အနုပညာလက်ရာအတွင်း၌ရှိသော အရေးကြီးဆုံးသော ဂုဏ်ရည်တစ်ရပ်မှာ လှပခြင်း ဖြစ်သည်။ ထိုဂုဏ်ရည်ကို ဆင်ခြင်ခြင်းဖြင့် မသိနိုင်ဘဲ အာရုံခံစားခြင်းဖြင့် သိသာနိုင်သည်။ ဆိုလိုသည်မှာ အနုပညာလက်ရာတို့ကို ဆင်ခြင်ခြင်းအားဖြင့် မသိနိုင်၊ အာရုံခံစားခြင်းဖြင့်သာလျှင် သိနိုင်သည်။

အာရုံ ခံစားခြင်းအားဖြင့်သာ အနုပညာနယ်ပယ်ကို ချဉ်းကပ်နိုင်သည်ဟု ယူဆသောကြောင့် ထိုသို့အဓိပ္ပါယ်ဖွင့်ဆို ခြင်းဖြစ်သည်ဟု ဆို၏။

ဆက်လက်၍ ဆရာက - အနုပညာ (ART) သည် ရသပညာ AESTHETICS ထက် ကာလစောစွာ ပေါ်ပေါက်ခဲ့သည်ဟု ဆို၏။

ဆရာနန္ဒာသိန်းဇံက ယင်း၏စာတမ်းစာမျက်နှာ ၁၁၆ မှာပင် ပုံတူကူးမှု ပြဿနာကို တင်ပြသည်။

ဂရိဒဿနပညာရှင် ပလေတိုက အနုပညာဟူသည် ပုံတူကူးခြင်းဖြစ်သည်။ ART is mimesis ဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။ အနုပညာဟူသည် ပုံတူကူးခြင်းဆိုသည်မှာ အစစ် အမှန် လောက၏ ပုံတူများကို ထပ်မံပုံတူကူးခြင်း သာဖြစ်သည်ဟု ဆို၏။

တဖန် အခြားအဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ရပ်ကို တင်ပြရာတွင် အနုပညာသည် စိတ်ကူးယဉ်မှုဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆို၏။ ထို့ပြင်အနုပညာ၌ တီထွင်ဖန်တီးမှုသဘော ပါဝင်မှုကို လက်ခံထားရှိ၏။ အနုပညာဖန်တီးမှုသည် အနုပညာရှာန်ဝင်မှု မှော်ဝင်မှုပင်ဖြစ်သည်။

အနုပညာသည် ပုံတူကူးခြင်းအဆိုကို အရစ္စတိုတယ်ကလည်း လက်ခံ၏။ ပလေတိုက သူ၏သမ္မတနိုင်ငံကျမ်းတွင်





အနုပညာဆိုင်ရာ လှပမှုကို ဆုံးဖြတ်ရာတွင် ကိုယ်ကျင့်တရားဆိုင်ရာ ရှုထောင့်မှ ဆုံးဖြတ်ရမည်ဟုဆို၏။ အနုပညာအယူသည် ကိုယ်ကျင့်တရား ကောင်းမွန်ရေးကို အထောက်အကူပြုရမည်။ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် အနုပညာသည် လိုအပ်သည်ဟူ၍ လက်ခံထားခဲ့၏။

တဖန် ယင်းစာအုပ် စာမျက်နှာ ၁၃၅၊ ဆရာနန္ဒာသိန်းဇံက ခေတ်သစ်အနောက်တိုင်းရသပညာဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြရာတွင်

အနုပညာရှင်များသည် အနုပညာတီထွင်မှုအပိုင်း၌ လွတ်လပ်စွာ တီထွင်ခွင့်ရရှိမည်။ လူမှုရေးဘဝက အနုပညာရှင်ကိုလည်းကောင်း၊ သူ၏လက်ရာများကိုလည်းကောင်း လွှမ်းမိုးခြင်း ပြဋ္ဌာန်းခြင်းငှာ မသင့်လျော်ပေ၊ အနုပညာသည် လူသားတို့၏ဘဝကို အထောက်အကူပြုပြီး ဘဝအနက်အဓိပ္ပါယ်ကို ပိုမိုနက်ရှိုင်းစေသည်။ ဘဝဟုဆိုရာ၌ စိတ်ပိုင်းဘဝကို ဆိုလိုရင်းဖြစ်၍ အနုပညာသည် လက်တွေ့ဘဝ (practical life) နှင့် သက်ဆိုင်ခြင်းမရှိပေ၊ အနုပညာနှင့် ဘာသာရေးတို့သည် စိတ်တည်ငြိမ်ချမ်းမြေ့မှုကို ပေးနိုင်သည်။

ဟု **ကလိုက်ဘဲလ်**ကဆိုကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ ဆရာက ဘလင်းစကီး၏ အဆိုကိုတင်ပြ၏၊

**ဘလင်းစကီး**က အနုပညာရှင်၏ ပထမတာဝန်မှာ မိမိလက်ရာသည် ဒိဋ္ဌလောကကို ရောင်ပြန် ဟပ်စေရမည်။ ဒုတိယတာဝန်မှာ အနုပညာရှင်သည် အနုပညာလက်ရာများမှတဆင့် ဘဝအနက် အဓိပ္ပါယ်ကို ကောက်ယူတင်ပြရမည်။ တတိယတာဝန်မှာ အနုပညာရှင်တို့သည် ဒိဋ္ဌလောကကို တန်ဖိုးဖြတ်မှု ဘဝအဆိုးအကောင်းကို ဝေဖန် ပိုင်းခြားမှုတို့ကိုပြုရမည်။ အနုပညာ၏ ရည်ရွယ်ချက်မှာအနုပညာသည်



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှပေါ်ထွက်လာသောကြောင့် ဘဝကို ပြန်လည်ရောင်ပြန်ဟပ်၍ ထုတ်ဖော်တင်ပြရမည်။ အနုပညာသည် လူတို့ကို အကျိုးပြုရမည်။ လမ်းညွှန်ပြသရမည်”

ဟု ခံယူကြောင်းတင်ပြထား၏။

**ချာနီရှက်စကီး** ကလည်း “အနုပညာသည် အနုပညာဆိုင်ရာ နိမိတ်ပုံများဖြင့် အစစ်အမှန်တရားကို ပြန်လည်ဖော်ထုတ်ခြင်းဖြစ်သည်”

ဟု ဖော်ပြထား၏။

**ဒိုဘရိုယူဗော** က “အနုပညာနှင့် လူမှုရေးဘဝတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အကြောင်း အကျိုးဆက်စပ်လျက်ရှိသည်။ သို့ဖြစ်၍ တစ်ခုပြောင်းလဲလျှင် အခြားတစ်ခုလည်း လိုက်လံပြောင်းလဲရမည်။ အနုပညာသည် လူမှုရေးဘဝကို ပြုပြင်ပြောင်းလဲရာ၌ သုံးသောထက်မြက်သည့် လက်နက်အဖြစ်ယူဆ၏။”

ဩစတီးယားပြည်သား **အန်ဖစ်ရှာ** က “အနုပညာသည် လူသား၏ ပုဂ္ဂလိကဘဝနှင့် လူမှုရေးဘဝတို့ကို ဆက်စပ်ပေးသောအရာဖြစ်သည်။ အနုပညာ၏လုပ်ငန်းသည် လူတို့အား ပုဂ္ဂလိကဘဝမှ လူမှုရေးဘဝသို့ ကူးပြောင်းပို့ဆောင်ပေးနိုင်သောအရာဖြစ်သည်။”

ဟု ဆို၏။

တဖန် အနုပညာသည် ကွဲပြားသော လူနေမှုအဖွဲ့ အစည်းများ၊ ခေတ်များစနစ်များကိုလိုက်၍ အစဉ်အမြဲ ပြောင်းလဲနေသော်လည်း၊ မပြောင်းလဲဘဲ အစဉ်တည်တံ့နေသော ဂုဏ်ရည်တစ်ရပ်သည် အနုပညာ၌ရှိသည်။ ထိုဂုဏ်ရည်မှာ ဆွဲဆောင်ဖမ်းစားတတ်သောသဘောဖြစ်၍ ယင်းကို **အန်ဖစ်ရှာ**က မှော်အတတ်ဟု ခေါ်ကြောင်းတင်ပြထား၏။





အနုပညာနှင့်ပတ်သက်၍ **ဆရာနန္ဒာသိန်းဇံ** က သူ၏အမြင်ကို တင်ပြရာတွင် “မြန်မာအနုပညာတွင် ခံစားမှုရသပိုင်း၊ ကိုယ်ကျင့်တရားပိုင်း ဉာဏ်ပညာပိုင်းဟူ၍ အပိုင်း ၃ ပိုင်း ပါဝင်ရာ အထူးသဖြင့် စာပေအနုပညာတွင် လူအများကို ကိုယ်ကျင့်တရားအရ လမ်းညွှန်ပေးသည့်သဘောလည်း ပါဝင်ပါသည်။ မြန်မာ့အနုပညာသည် အနောက်တိုင်း အနုပညာနှင့်မတူဘဲ ဟိရိဩတ္တပ္ပတရားနှင့် ညီညွတ်မှ အနုပညာမြောက်သည်ဟု ခံယူကြပါသည်။ ယနေ့လူငယ်များသည် အနောက်တိုင်း အနုပညာရပ်များကိုသာ အထင်ကြီးပြီး ပုံတူကူးအတုခိုးရန်မသင့်၊ မျက်မှောက်ခေတ်တွင် မြန်မာစာပေကို နှစ်သက်ပြီး အချိန်ယူလေ့လာကြသော နိုင်ငံခြားပညာတော်သင်များ ပိုမိုများပြားလာပါသည်။ ထို့အတူ ပန်းချီ၊ ပန်းပုနယ်ပယ်တွင် မြန်မာ့ပန်းချီ ပန်းပုလက်ရာများကို ကမ္ဘာကနှစ်သက်လာကြပါသည်။ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် မြန်မာ့ရိုးရာဂီတကိုလည်း ထူးခြားသောသံစဉ်များကြောင့် စိတ်ဝင်တစားလေ့လာကြသူများ၊ နိုင်ငံခြားပညာရှင်များ ပေါ်ထွက်လာသည်ဟု”

ဆို၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

## ဆရာဦးမင်းနိုင်နှင့် ဆရာဦးမြင့်စံတို့၏ အနုပညာစံ

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၂၀၀၄-ခုနှစ် အနုပညာဆိုင်ရာ ရသစာတမ်းဖတ်ပွဲ တွင် ကွယ်လွန်ခဲ့ရှာပြီးဖြစ်သော **ပန်းချီဆရာကြီးဦးမင်းနိုင်**ကလည်း ပန်းချီဆိုင်ရာရသပညာ စာတမ်းကို တင်သွင်းရာတွင် ဆရာက

> "အနုပညာသည် လူ၏စိတ်ကိုလှုပ်ရှားစေနိုင်သော ပညာမျိုးဖြစ်သည်။ လူ၏စေတနာကိုလှုံ့ဆော် နှိုးဆွပေးနိုင်သော ပညာလည်းဖြစ်သည်။ အနုပညာသည် လူ၏စေတနာအလျောက် လူ၏စိတ်ကူး ဉာဏ်စွမ်းဖြင့် ဖန်တီးရသောပညာဖြစ်၍ အနုပညာ၏အစွမ်းကြောင့် အနုပညာကို ခံစားရသူ၌ ရသဖြစ်ပေါ်ရသည်။ ထို့ကြောင့်အနုပညာကို ရသပညာဟု ခေါ်သည်။
>
> အနုပညာရသသည် ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ နှစ်သက်ခြင်း၊ ကရုဏာဖြစ်ခြင်း၊ စက်ဆုပ်ခြင်း၊ အားတက်ခြင်း၊ ထိတ်လန့်ခြင်း၊ အံ့သြခြင်း၊ တည်ငြိမ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



တည်းဟူသော အလင်္ကာကျမ်းများ အလာ စိတ်အရသာ ကိုးပါးအနက်တစ်ပါးပါးကို ခံစားရမှုဖြစ်လေသည်။ မျက်မှောက်ခေတ် စိတ္တဗေဒ ပညာရှင်တို့ အလိုအရစိတ်အရသာ သို့မဟုတ် စိတ်လှုပ်ရှားမှုတစ်ဆယ့်လေးမျိုးရှိသည့်အနက် အနုပညာကိုတစ်နည်းအားဖြင့် ခံစားမှုကိုတင်ပြသော ပညာရပ်မျိုးဟူ၍ ဖြစ်သည်ဟုဆိုသည်။ သိပ္ပံ ပညာနှင့် အနုပညာ ခြားနားချက်မှာ သိပ္ပံပညာသည် အသိတရားကို ဖော်ထုတ်ပေးသည်။ အနုပညာ သည်စေတနာကို လှုံ့ဆော်ပေးသည်။ အကျိုးတရား သို့မဟုတ် စိတ်လှုပ်ရှားမှုကို ဖွဲ့ပြသည်။ စေတနာကိုလှုံ့ဆော်သော စိတ်ဘဝင်၌ ခံစားမှုကိုဖွဲ့သော အနုပညာရပ်တွင် ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ သဘင်နှင့် အနုစာပေတို့သည် အဓိကအားဖြင့်ပါဝင်သည်။"

ဟုဆိုပါ၏။

ဆရာဦးမင်းနိုင်က အနုပညာအကြောင်းကို ဆက်လက် ရှင်းလင်း ပြဆိုရာတွင် -

"လူ့ယဉ်ကျေးမှုသမိုင်းတွင် အနုပညာရပ်တို့သည် ပဓာနကျသောအခန်းမှ ပါဝင်လျက်ရှိပေသည်။ လက်ဝဲမင်းညီ အမည်ခံ ဦးချမ်းသာက ပန်းချီ၊ ပန်းပု၊ ဆိုတီးကနှင့် စာပေဟူ၍ အနုပညာကို(၄)မျိုး ခွဲ၍ ပြသည်။ အနုပညာ ဆိုသည်မှာ လူအများ၏ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ မနောဝိညာဏ် စိတ်တို့ကို လှုပ်ရှားလာအောင် ဆွဲဆောင်နိုင်စွမ်းရှိ၍ ပတ်ဝန်းကျင်နှင့်လည်း အဆင်ပြေဖြစ်ပြီး အခြေခံသဘာဝအားဖြင့် တစ်ခုတည်းသာလျှင်ရှိသော ပညာရပ်များကို အနုပညာဟု ခေါ်ဆိုကြောင်း ဖွင့်ဆိုခဲ့သည်။ ပန်းဆယ်မျိုး ပညာရပ်များ၊ ဆိုတီးကနှင့် စာပေတို့ကိုလည်း ပေါင်းစပ်ပြီးအနုပညာဟူ၍လည်း သတ်မှတ်နိုင်ပါသည်။"

ဟုဆက်၍ဆို၏။





တဖန်ဆရာဦးမင်းနိုင်က သူ၏စာတမ်းတွင် အနုပညာ၏ အဓိပ္ပာယ်ကို ဆက်လက်ရှင်းလင်းထားပါ၏။

"အနုပညာသည်လူ၏ စိတ်ကူးဉာဏ်ဖြင့်တီထွင်ကြံဆဖန်တီးရသောပညာမျိုးဖြစ်သည်။ **သဘာဝ အလှအပကို အနုပညာဟုမဆို၊** အနုပညာကိုဖန်တီးသော အနုပညာရှင်က သက်ရှိသက်မဲ့ ပတ်ဝန်းကျင်၌ မြင်တွေ့ကြားသိရသော ဘဝအာရုံတို့ အပေါ်သို့စေတနာသက်ရောက်၍ သူအမြင်အကြား သူ့အတွေ့အကြုံတို့ကို သရုပ်ဖော်ဖွဲ့နွဲ့ထားခြင်းတို့သည်သာ အနုပညာသဘောရှိပါသည်။ ပန်းချီသည် စာရေးခြင်းမပေါ်မီကပေါ်ခဲ့သည်။ ဂူနေရှေးဦးလူမျိုးတို့သည် မိမိတို့ပတ်ဝန်းကျင်၌ တွေ့မြင်ရသမျှ မိမိတို့စိတ်၌ ခံစားရသမျှကို ခြယ်၍ဖွဲ့ပြကြသည်။ . . . . ရှမ်းပြည်နယ်တောင်ပိုင်း ပြဒါးလင်းဂူနေ ရှေးလူတို့၏ ပန်းချီစနစ်သည် မျဉ်းရေးဆေးခြယ်နည်း သို့မဟုတ် ကောက်ကြောင်း ပန်းချီစနစ် ဖြစ်သည်။"

ဟုဆို၏။

ဆက်လက်၍ဆရာက-

"အနုပညာအဖွဲ့အနွဲ့တို့မှာ အနေအထားမှန်ကန်မှုသဘော၊ စည်းလုံးညီညွတ်မှုသဘော၊ ပြေပြစ်မှုသဘော၊ အချိုးအချသဘောဟန်ချက်သဘောတို့ပါဝင်ရာ ယင်းတို့ကို အနုပညာစည်းမျဉ်း ဟုခေါ်သည်"

ဟုဆို၏။

**ဟားဗတ်ရိဒ်** က အနုပညာအဓိပ္ပာယ်ကိုဖွင့်ဆိုရာတွင်

"အနုပညာသည် စိတ်ကူးအတွေးအခေါ်မျှသာ ဖြစ်သည်။ ခံစားမှုသည် အဓိကဖြစ်ပြီး ခံစားမှုကို နှလုံးသွင်းပြီးနောက်တတ်သည့်အတတ်ပညာဖြင့် သရုပ်ဖော်ကြသည်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပန်းချီ၊ ပန်းပု၊ စာပေ၊ ဂီတစသည့် အနုပညာရပ်များ ဖြစ်ထွန်းလာသည့် သဘောရှိသည်။"

ဟုဆရာကဖော်ပြ၏။

ဆက်၍ဆရာက **မာတီး**၏အနုပညာအမြင်ကို ဆက်လက်ရှင်းလင်းပြရာတွင်-

"သရုပ်ဖော်ရာ၌ ဖွဲ့စည်းပုံအရောင်၊ အထားအသို၊ ရေးချက်၊ လုပ်ချက်၊ အမျိုးအစားအဆင်ပြေမှုတို့သည် အဓိကကျသဖြင့် ညီညွတ်ပါမှလည်း ကြည့်သူ၏ထံသို့အာရုံရောက်ပြီး ထိုအာရုံကိုထိန်းပေးနိုင်မည်။"

ဟုဆိုကြောင်းဖော်ပြထား၏။

ဆရာကဆက်လက်၍

"အလှတရားဟူသည် အဘယ်နည်း၊ ရုပ်လားစိတ်လား၊ စိတ်၌ဖြစ်ပေါ်မှု၊ တည်ငြိမ်မှု၊ အေးချမ်းမှုသည် အဓိကလား၊ အမှန်တရားနှင့် အလှကိုအဓိပ္ပာယ်ဖွင့်ဆိုဖို့ခက်သည်

ဟု **အေးဗစ်ကောက်(စ)**က ဆိုသည်။

"အနုပညာဟူသည် အဘယ်နည်း၊ မျက်မြင်အရလှရုံ၊ ချောရုံ၊ တူရုံနှင့်မပြီးသေး စိတ်၌ခံစားရသလို ပေါ်လွင်အောင် ရေးခြယ်နိုင်ရန်အတွက် ဖန်တီးမှုပညာကို လည်းထည့်သွင်းစဉ်းစားရန်လိုသည်"

ဟု **လီယိုနတ်ရစ်မန်း**က ဆိုခဲ့သည်။"

"အနုပညာဆိုသည်မှာ စိတ်တွင်းခံစားပြီးကာမှ ဖြစ်ပေါ်လာသည့် သဘောမျိုးရှိသည်။ သို့သော် မျက်မြင်ကိုကြည့်ရှုလေ့လာပြီး ရွေးခြယ်ရာ၌ စိတ်၏ခံစားမှုနှင့် ထပ်တူထပ်မျှ ဖြစ်ရန်ခဲယဉ်းသည်။ စစ်မှန်ကြီးကျယ်သော အနုပညာများသည် ရိုးရိုးသားသား အနေအထားမှာရှိသည်။ လူ့ယဉ်ကျေးမှုသမိုင်းတွင် ထည်ထည်ဝါဝါမရရှိခဲ့သော ကျောက်





ခေတ်နံရံပန်းချီများ၏ အနှစ်သာရများကို ရှာဖွေ လေ့လာရန်လိုသည်။"

ဆက်လက်၍ **ဆရာဖော်ကျိ**က အနုပညာတာဝန် ဆောင်းပါးတွင်

"အနုပညာ၏တာဝန်အစစ်အမှန်သည် ခံစားမှုတရားကို ဖော်ထုတ်၍လောကအမြင် အသိတရား (ဝါ) ဘဝအမြင်အသိတရားကို ပေးရန်ဖြစ်သည်။ ထိုလက်ရာသည် လက်ရာကောင်း ဖြစ်လျှင်ထိုလက်ရာ၏ အေးချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ အသင့်အတင့်နှလုံးသွင်းတတ်ခြင်း၊ အရသာတို့ကိုသာတွေ့နိုင်သည်။ သို့သော်အနုပညာ၏ အစွမ်းသည် အာရုံကိုဆွပေးသည်မဟုတ်ချေ။ ငြိမ်သက်အောင် ပြုပေးသည်သာ ဖြစ်လေသည်"

ဟုရေးသားချက်ကိုလည်း ဆရာမင်းနိုင်ကသူ့စာတမ်းတွင် ဖော်ပြခဲ့၏။

ဆရာက

"အနုပညာသည်စိတ်တွင် လှုံစေနိုင်ခြင်းသာ အဓိကဟူသော အယူအဆရှိသော်လည်း အလှ၏သဘောတရားနှင့် အနှစ်သာရကို အနုပညာရှင်အဆက်ဆက်က ထိထိမိမိဆုပ်ကိုင်၍ မရသေး ဟု **အဲရစ်နယူတန်**က သူ၏ The arts of man စာအုပ်တွင် ရေးထားသည်"

ကိုလည်း တင်ပြဖော်ပြထားပါ၏။

ဆရာဦးမင်းနိုင်က အနုပညာနှင့်ပတ်သက်၍ **ဆရာကြီးဖေယျ**၏ အယူအဆကို ဆက်လက်တင်ပြရာတွင်

"အနုပညာ၌ချောသည်၊ လှသည်၊ ဆေးကောင်းသည်၊ သဘာဝကျသည်စသည်များ ပါဝင်ရမည်ဖြစ်သော်လည်း ၎င်းတို့သည် အဓိကမဟုတ်။ လှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ အနုပညာလက်ရာ၌ ပနာရမှုပါရှိခြင်း၊ ထိုအနုပညာကို ရှုမြင်ခံစားသူသည် မိမိ၏စိတ်တွင်းလှုံစေနိုင်ခြင်းတို့သာ အဓိကဖြစ်ကြောင်း ကောင်းစွာသိနိုင်ပေသည်

ဟု ဖော်ပြထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးမင်းနိုင်က အနုပညာနှင့်ပတ်သက်၍ သူ့သဘောထားကိုပြောဆိုရာတွင်

"အမှန်အားဖြင့် အနုပညာသည် တကယ်အစစ်မဟုတ်ပေ။ တကယ်အစစ်နှင့်တူနိုးနိုး၊ ဟုတ်နိုးနိုး အဆင့်တွင်သာရှိနေပေသည်။ တူယောင်ယောင်ဟုတ်ယောင်ယောင်ရှိနေသည့် အတွက်တန်ဖိုး ကြီးနေခြင်းဖြစ်သည်။"

ဟုရေးသားထား၏။

အနုပညာနှင့်ပတ်သက်၍ ပန်းပုဆိုင်ရာရသပညာ စာတမ်းကိုတင်သွင်းသူ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ၏ ပါမောက္ခဖြစ်သူ **ဆရာဦးမြင့်စံ** က -

"အနုပညာ၌အဓိကကျသောအချက်မှာ တင်ပြသော ပညာရှင်၏ ရိုးသားမှုကိုအခြေခံပြီး စိတ်စေတနာ အပြည့်ဖြင့် မိမိခံစားမှုကို ထုတ်ဖော်တင်ပြရန်သာဖြစ်သည်။"

ဟုဆိုပါ၏။

ဆရာကဆက်၍-

"ပန်းပုအနုပညာတွင် ပုံသဏ္ဌာန်သာပေါ်ပြီး ခံစားမှုရသများပါဝင်ထည့်သွင်းခြင်းမရှိပါက လက်မှုပညာသာဖြစ်သွားမည်။"

ဟုဆိုပါ၏။

ဆရာကဆက်၍-

"အတွေးအခေါ်ပညာရှင်အများစု၏ အဆိုဖြစ်သော အနုပညာ၏တန်ဖိုးသည် သဘာဝ၏ အလှတရားများကို တုအောင်လုပ်ဆောင်ဖန်တီးနိုင်လေ အနုပညာ၏ တန်ဖိုးမြင့်မားလေဖြစ်သည်။ . . . . အနုပညာသည် လူမှုဆက်ဆံရေးနှင့် လူမှုအကျင့်စရိုက်များပို မိုကောင်းမွန်လာအောင် ဆက်သွယ်ပေးသော နည်းလမ်းတစ်ရပ်ဖြစ်သည်။"





" . . . . အနုပညာပုံစံဟူသည် လူတို့၏ စိတ်လှုပ်ရှားမှု Emotion မှစိတ်ကူး Idea ဖြစ်ပေါ်လာပြီး ဖန်တီးခြင်း Creation ဖြစ်ပါသည်။"

စသည်ဖြင့် ဖော်ပြပြီး အခြားသောအနုပညာရှင်၊ အတွေးအခေါ်ပညာရှင်တို့၏ အယူအဆများကိုလည်း ဆရာကဖော်ပြသည်။ ဆက်လက်၍ ဆရာဦးမြင့်စံက အနုပညာနှင့်ပတ်သက်၍ဖော်ပြရာတွင် -

အနုပညာလက်ရာများသည် နေ့စဉ်သုံးပစ္စည်းများ၏ တန်ဘိုးနှင့် နှိုင်းယှဉ်၍မရ။ အသုံးကျမှုဆိုင်ရာ တန်ဘိုးအနေဖြင့်လည်း အနုပညာကိုဆုံးဖြတ်၍မရနိုင်ပေ။ အနုပညာကို စည်းစိမ်ရေး လက်နက်ကိရိယာအဖြစ်ယူဆထားသည်။ သို့ဖြစ်၍ အနုပညာသည် လူ့ဘဝ၏မရှိမဖြစ်သော လိုအပ်ချက်တစ်ခုဖြစ်သည်။ စစ်မှန်သော **အနုပညာသည် တီထွင်သူနှင့် ခံယူသူများကြား၌ စိတ်ပိုင်းဆိုင်ရာပေါင်းစည်းမှုတစ်ရပ်**ကို ဖြစ်ပေါ်စေသည်။ အကယ်၍အနုပညာလက်ရာတစ်ရပ်သည် တီထွင်သူနှင့် ခံယူသူများကြား၌ ကူးစက်ပြန့်ပွားခြင်း၊ စိတ်ပိုင်းဆိုင်ရာပေါင်းစည်းမှုပြုခြင်း သဘောကင်းမဲ့နေပါက ယင်းလက်ရာသည် အနုပညာမဟုတ်ပေ။ အတွေးအခေါ် ပညာရှင် 'ကော်လင်းဝုဒ်' အလိုအားဖြင့် "အနုပညာတစ်ရပ်ကို ဖော်ထုတ်ရာ၌ ရည်ရွယ်ချက် သဘောမပါဝင်ရဟုခံယူသည်။ စစ်မှန်သော အနုပညာဟူသည် အနုပညာရှင်၏ ခံစားချက်များကို ထုတ်ဖော်ထားသော အနုပညာသာဖြစ်သည်။ ခံစားချက်ထုတ်ဖော်မှုပြုရာ၌ နည်းစနစ် ကျွမ်းကျင်မှုတို့သည် အတတ်ပညာ၏ ဂုဏ်ရည်လက္ခဏာဖြစ်၍ အနုပညာကောင်းဖြစ်ပေါ်ရန် ပြည့်စုံလုံလောက်သော အစိတ်အပိုင်းများမဟုတ်ချေ။ တွေးခေါ်ပညာရှင် 'ဘာရွန်'ကမူ အနုပညာကို ၂-မျိုးခွဲခြား တင်ပြထားသည်။ ယင်းတို့မှာ **'တန်ဆာဆင်**



www.burmeseclassic.com

www.burmeseclassic.com



> **အနုပညာ'** နှင့် **'ခံစားမှုအနုပညာ'** တို့ဖြစ်သည်။ စစ်မှန်သော အနုပညာ၏ အဓိကဂုဏ်ရည်ကား ခံစားမှုများကို ထုတ်ဖော်ခြင်း စွမ်းအင်ပင်ဖြစ်သည်။ လူ၏စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းနိုင်သည်။ ခံစားမှုအနုပညာ၏ တန်ဖိုးသည် 'အနုပညာ၏ခံစားမှု' ကိုမည်မျှ ဖော်ထုတ်နိုင်စွမ်းရှိမှုအပေါ်၌အခြေစိုက်သည်။ အနုပညာမြောက်မှု မမြောက်မှုကို ဆုံးဖြတ်ရာ၌ အနုပညာရှင်သည် မိမိ၏ ခံစားချက်များကို မည်မျှပီပြင်စွာ ထုတ်ဖော်နိုင်စွမ်းရှိသည် ဟူသောအချက်ပေါ်၌မူတည်သည်။"

စသည်ဖြင့်လည်း ဖော်ပြခဲ့သည်။

❐ ❐ ❐



အခန်း (၁၄)

## လက်ဝဲမင်းညို၏ အနုပညာဂုဏ်ရည်

လက်ဝဲမင်းညို - လက်ျာစံထားအမည်ခံအငြိမ်းစား အိုင်စီအက်(စ) မဟာသရေစည်သူ ဦးချမ်းသာ က ၁၉၅၉ ခုနှစ်က အနုပညာဂုဏ်ရည်ဆိုသော စာအုပ်ကို ပထမအကြိမ်ထုတ်ဝေသည်။ ထိုစာအုပ်ကို ၁၉၆၂ ခုနှစ် ဇွန်လတွင် ရွှေပြည်တန်ပုံနှိပ်တိုက် အမှတ်-၁၂၊ နှင်းပန်းလမ်း၊ ရေကျော်ဈေး၊ ရန်ကုန်မှ ဒုတိယအကြိမ် ထုတ်ဝေပြန်ပါသည်။

ယင်းစာအုပ်၌ **ဒဂုန်-ဦးလှဘေ** က ကျမ်းရှေးဦးစကား ရေးသားထားရာတွင်

> "မဟာစည်သူ ဦးချမ်းသာသည် လက်ဝဲမင်းညို ကလောင်အမည်ခံ၍ ရတုကဗျာ အနုစာပေများကို ရေးခဲ့၍ လက်ျာစံထား ကလောင်အမည်ဖြင့် လူမှုအဖွဲ့အစည်းသဘောတရား၊ ကမ္ဘာ့သမိုင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသဘောတရားများဖြစ်သော နိုင်ငံရေး စာပေများကို ရေးသားသည့် စွယ်စုံရ ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ မဟာသရေ



www.burmeseclassic.com

www.burmeseclassic.com



စည်သူ ဦးချမ်းသာ၏ အနုပညာဂုဏ်ရည်သည် မြန်မာအနုရသကို ဖော်ထုတ်ရာတွင် လမ်းကြောင်းလမ်းစကို ညွှန်းဆိုပြသနိုင်သော စာအုပ်တစ်အုပ်ဟု ဆိုနိုင်သည်။ ဦးချမ်းသာသည် ဤအနုပညာဂုဏ်ရည်ကို ၁၉၅၇-ခုနှစ်က စတင်ရေးသားခဲ့လေရာ စာမူကြမ်းကို စာတည်းအဖြစ် ကျွန်ုပ်ရှေးဦးစွာ တွေ့ခဲ့ရသည်။ **'အနုပညာ' ဆိုသည်မှာ လူတို့၏ စက္ခုဝိညာဏ်စိတ်၊ သောတဝိညာဏ်စိတ်၊ မနောဝိညာဏ်စိတ်တို့ကို လှုပ်ရှားလာအောင် ဆွဲဆောင်နိုင်စွမ်းရှိ၍ ပတ်ဝန်းကျင်နှင့် အဆင်ပြေပြေဖြစ်ပြီး အခြေခံသဘာဝအားဖြင့် တစ်ခုတည်းသာလျှင်ရှိသော ပညာရပ်များကို အနုပညာဖြစ်သည်။**

ဟု သူ့စာအုပ်တွင် ဖော်ပြထားသည်။

တဖန်ဆရာကြီး ဒဂုန်ဦးလှဘေက ထိုကောက်ချက်သရုပ်အဓိပ္ပါယ်နှင့်ပတ်သက်၍ ကျွန်ုပ်အဘို့ ရှင်းမသွားပေ။ ငြင်းပွားချက်တွေ ထွက်နေသည်ဟု ဆရာကသူ့ကျမ်းဦးစကားတွင်ဆက်ဆို၏။

ထို့နောက် ဆရာကြီးဒဂုန် ဦးလှဘေက

"ကျွန်ုပ်၌လည်း အနုပညာဆိုတာ ဘာကိုခေါ်သည်ဟု ပီပီသသ သရုပ်တခုတွေးခေါ်သိထားခြင်း အသင့်မရှိပေ။ မိုးကုတ်စက်ဝိုင်းနှင့် အပြည့်အဓိပ္ပါယ်ကျယ်ဝန်းနိုင်သော်လည်း ဆောင်ပုဒ်တစ်ခုအဖြစ် လက်တကိုင်ခြုံ၍ မရနိုင်သေးဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း ဦးချမ်းသာ၏ သရုပ်ကိုရုတ်တရက် မှန်သည်ဟု ဝန်မခံ အငြင်းအပွားဖြစ်ခဲ့သည်။

ဝင်ထွက်တံခါးပေါက် ၆ ပေါက်ဖြင့် လူလုပ်နေသောလူတို့အဘို့ အဘယ်ကြောင့် တံခါး ၃ ပေါက်၌သာ အနုပညာဖြစ်သနည်း။ ဃာန၊ ဇိဝှါ၊ ကာယ၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ ကာယတံခါးတို့တွင် ဘာကြောင့်အနုပညာမဝင် မထွက်သနည်း ?





အာရုံတို့တွင်လည်း အဘယ်ကြောင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဓမ္မာရုံတို့သာလျှင် အနုပညာအာရုံဖြစ်နေ သနည်း။ အနံ့၊ အရသာ၊ တွေ့ထိဖဿ အာရုံတို့သည် ဘာကြောင့်အနုပညာမဖြစ်နိုင်သနည်း။ အငြင်းထွက်စရာ တရားသဘောအနက်များဖြစ်သည်။

ထွက်ဝင်တံခါး၊ အင် ၆ ပါး၌
ဓါတ်မှန်အကြည်
၆ မျိုးတည်လျက်
၆ မည်အာရုံ၊ အလုံးစုံလည်း
ပုံသဏ္ဍာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍
ဝိညာဏ် ၆ ဆင့်၊ ဖွားဖွားပွင့်က၊ ၆ ပါး ဖဿ
ဖြန့်ဖြန့်ထ၍၊ ရသ ၆ စုံ၊ အကုန်ပေါ်ထွက်
ရွှန်းရွှန်းတက်သော်၊ မက်တွယ် မုန်းဘွယ်၊
အနှုန်းချယ်သည်
၆ သွယ်ဓါတ်ကြီး၊ အစွမ်းတည်း။

အဘိဓမ္မာအနက်ကို စာဖတ်သူတိုင်း အလွယ်နားလည်ရန် သွန်သင်ပေးတတ်သော လယ်တီဆရာတော်ကြီး၏ သရုပ်ပြကောက်နုတ်ချက်ထုတ်၍ ညှိမှသာလျှင် ရှင်းလွယ်နိုင်မည်။ စက္ခုဒွါရစသော တံခါးပေါက်တပေါက်၊ တပေါက်၌ ပသာဒဓါတ်မှန်အကြည်တချပ်စီရှိသည်။ ဓါတ်မှန်အကြည်တချပ်စီ၌ သူ့ဆိုင်ရာအာရုံရုပ်နှင့်တွေ့လျှင် မာတ်ရိပ်တစ်ခုစီဖြစ်သည်။ အရိပ်ထင်လျက်သိစိတ်၊ ဝိညာဏ်တစ်ခုစီဖြစ်သည်။ သိစိတ်ဝိညာဏ်ဖြစ်လျှင်၊ ဖဿတွေ့ထိဓါတ်ပေါ်သည်။ တွေ့ထိဓါတ်ပေါ်လာသည်နှင့် တပြိုင်နက်လျှပ်စစ်မီးပွင့်သည့်ပမာ၊ အကြိုက်တွေ့လျှင် တပြုံးပြုံး၊ အကြိုက် မတွေ့လျှင် တမဲ့မဲ့၊ မုန်းဘွယ်မက်ဘွယ်တွေ့ထိခံစားရမှု ရသဝေဒနာတွေ့ရမြဲ မုချဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတွေ့ထိခံစားရသည့် အာရုံရသကို မိမိခံစားရသည့် ရသအတိုင်း ပုံတူပေါ်အောင် သူတစ်ပါးကို အားထုတ်ဖော်တင်ပြနိုင်သော အတတ်ပညာသည်ရှိ၏။

ထိုအတတ်ပညာသည် သိမ်မွေ့၏။ နူ၏။ အနုပညာဟု ခေါ်သည်။ ကြမ်းသော ဩဠာရိကအာရုံ၊ ဩဠာရိကအတတ်သည် အနုပညာမဟုတ်။

ဤသဘောအနက်ဖြင့် ဒွါရ ၆ ပါး၊ အာရုံ ၆ မျိုးတွင် ယာန၊ ဇိဝှါ၊ ကာယ၊ အနံ့ အရသာအတွေ့တို့ကို လူတယောက်မှ အခြားလူများသို့ ပုံတူအာရုံကူးပြောင်းပြနိုင်ခြင်းမရှိသော သဘောသည် ထင်ရှား၏"

ဟု ဆရာကြီး ဒဂုန်ဦးလှဘောက သူ၏ကျမ်းဦးစကားတွင် ဆိုသည်။

မိမိခံစားရမှုကို ပုံတူပေါ်အောင် သူတစ်ပါးအားထုတ်ဖော်မတင်ပြနိုင်သော ခံစားမှုများရှိသည်။ ဤစာအုပ်တွင် ဂူနေလူသားသည် သူတွေ့ခဲ့ရသော အလွန်လှပလျင်မြန်သည့် သတ္တဝါ၏ပုံကို အခြားသူများအား ပြောပြရာ အခြားနားထောင်သူများ တစ်ယောက်တစ်မျိုးစီ သဘောပေါက်သောကြောင့် ပုံဆွဲပြရသည်ကို ဖော်ပြခဲ့သည်။ အသံဖြင့် ရှင်းပြ၍မရသောအရာကို အမြင်ရှိစေရန် ပန်းချီဆွဲပြမှု အာရုံထဲတွင် ပေါ်လာသည်။ ဤကိစ္စတွင် တောင်တက်ရာတွင် ဂီယာတစ်ခုနှင့် မရသောအခါ အခြားဂီယာနှင့် ပြောင်း တက်ခြင်းဖြစ်သည်။ မျက်မမြင်ပုဏ္ဏား ၆ ယောက်သည် ဆင်အားလက်ဖြင့်စမ်း၍ အထိအတွေ့အာရုံဖြင့် အမိပ္ပါယ်ဖွင့်ဆိုရာတစ်မျိုးစီ ဖွင့်ဆိုကြသည်။

မဟာသရေစည်သူ ဦးချမ်းသာက သူ၏အနုပညာဂုဏ်ရည် စာအုပ်တွင် အနုပညာနှင့် ပတ်သက်၍





## အနုပညာ

အနုပညာဆိုသည်မှာ
လူအများ၏ စက္ခုဝိညာဏ်စိတ်၊ သောတဝိညာဏ်စိတ်
မနောဝိညာဏ်စိတ်တို့ကို လှုပ်ရှားလာအောင်
ဆွဲဆောင်နိုင်စွမ်းရှိ၍
ပတ်ဝန်းကျင်နှင့်လည်း အဆင်ပြေပြေစိပြီး
အခြေခံသဘာဝအားဖြင့် တစ်ခုတည်းသာလျှင်ရှိသော
ပညာရပ်များကို
အနုပညာဖြစ်သည် ဟု

အဓိပ္ပါယ်ချုပ်အနေဖြင့် ကျွန်တော်ဆိုပါသည်ဟု ဖော်ပြထားသည်။

ထို့နောက် အနုပညာအဓိပ္ပါယ်ကို ဖွင့်ဆိုခဲ့သူ မဟာသရေစည်သူဦးချမ်းသာက အနုပညာကို -

၁။ ပန်းချီ
၂။ ပန်းပု
၃။ သီဆိုတီးမှုတ်ခြင်း၊ ကခြင်းနှင့်
၄။ အနုစာပေဟု လေးဌာနခွဲခြားရမည်ဟု ဆို၏။

ထို့နောက် အနုပညာ၏ သဘော၊ သဘာဝဂုဏ်အင်္ဂါများကို ဆရာကြီးက ဆက်ရှင်းရာတွင် "ပန်းချီ သည်လည်းကောင်း၊ ပန်းပုသည်လည်းကောင်း၊ သီဆိုတီးမှုတ်ခြင်း ကခြင်းသည်လည်းကောင်း၊ စာပေသည် လည်းကောင်း၊ အနုပညာ မြောက်လာအောင် အခြေခံသဘောထားသုံးရပ်နှင့် ပြည့်စုံရမည်။

က။ လူအများ၏စိတ်ကို လှုပ်ရှားအောင် ဆွဲဆောင်နိုင်သော သတ္တိရှိရမည်။
ခ။ ပတ်ဝန်းကျင်နှင့် အဆင်ပြေရမည်။
ဂ။ အခြေခံသဘာဝအားဖြင့် တစ်မျိုးတည်းသာရှိရမည်"

ဟု ဆို၏။ သို့မှသာ အနုပညာဟု ခေါ်ထိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အနုပညာသည် ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုတ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြ၊ နော၊ အရသာ၊ မုတ်ဘွယ်ရာဆိုသည့်အတိုင်း ယင်းကိုးမျိုးထဲမှ တစ်မျိုးမျိုးသော ခံစားမှုကို ပေးလျှင် အနုပညာဟုခေါ်၏။ အနုပညာရှင်သည် သူခံစားရသည့်အတိုင်း အခြားသူခံစားရအောင် ပန်းချီ၊ ပန်းပု၊ သီဆိုကာတီးမှုတ်ခြင်း ကခြင်းနှင့် စာပေပညာရပ်တို့ဖြင့် သရုပ်ဖော်ရာတွင် အခြားသူလည်း သူ့လိုခံစားရလျှင် အနုပညာဖြစ်၏။"

ဆက်၍ မဟာစည်သူ ဦးချမ်းသာက "အနုပညာသည် ပတ်ဝန်းကျင်အဆင်ပြေပြေဖြစ်ခြင်းရှိရမည်" ဟုဆိုသည်။ အဆင်ပြေမှုဆိုမှ လောကကြီးသုံးပါးနှင့် အဆင်ပြေညီညွတ်မှုရှိရမည်။ လောကကြီးသုံးပါးဆိုသည်မှာ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကပင်ဖြစ်၏။ တစ်နည်း သဘာဝတရားပင် ဖြစ်၏။

သဘာဝကျအောင် ဆောင်ရွက်ရာတွင်

က။ ထိန်းသိမ်းချုပ်ကိုင်ခြင်း - Control

ခ။ မဲတင်းခြင်း - Balance

ဂ။ သဘာဝကျစေခြင်း - Reality

ဃ။ အချိုးအစားကျနခြင်း - Proportion and Perspective

င။ စည်းလုံးညီညွတ်ခြင်း - Unity

စ။ ကာလဒေသနှင့် ဆက်စပ်လျော်ကန်ခြင်း - Propriety

စသော ဤအကြောင်း ၆ ပါး သက်ရောက်ရမည်ဟုဆို၏။

ထိန်းသိမ်းခြင်း Control နှင့် ပတ်သက်၍ ဆရာကရှင်းရာတွင် "ပန်းချီကားတစ်ချပ်ကို ပန်းချီဆရာကဖန်တီးရာတွင် သူ့ရည်မှန်းချက်ပေါ်အောင် ဆေးရောင်အမျိုးမျိုးနှင့် ချယ်သဖန်တီး၏။ ပုံသဏ္ဌာန်အနေဖြင့် အဝေးအနီးအတိမ်အနက် အနုအရင့်တို့ကို များစွာထိန်း





ထား၏။ ထိုအခါ မြင်ရသူ၏စိတ်တွင် ခံစားမှုဖြစ်၏။ သို့မဟုတ်ပါက ခံစားမှုမပေါ်ဟုဆိုသည်။ ဤအချက် ၆ ချက်သည် အနုပညာရပ်ကို အဓိပ္ပါယ် ဖွင့်ဆိုခြင်းမဟုတ်။ အနုပညာရပ်များ သရုပ်ဖော်ရာတွင် လိုက်နာရမည့်နည်းစနစ်များဖြစ်၏။ ပန်းချီဆွဲ၊ ပန်းပုထု၊ သီချင်းဆိုကခုန်ရေးသားရာတွင် လိုက်နာရမည့်စနစ်များဖြစ်သည်။

မဟာသရေစည်သူဦးချမ်းသာက အနုပညာသည် အာရုံခြောက်ပါး ဝိညာဏ်ခြောက်စုံတို့တွင် အမြင်၊ အကြား၊ စိတ်ခံစားမှုတို့နှင့်သာ သက်ဆိုင်သည်။ အနံ့၊ အရသာ၊ ထိတွေ့မှုတို့နှင့် မဆိုင်ကြောင်းကို နိဂုံး အခန်းတွင်ရှင်းပြ၏။ ရှင်းရာတွင် (အနုပညာ)နှင့် (ပညာ) ဟူ၍ရှိ၏။ အလွန်မွှေးကြိုင်အောင် ပြုလုပ်နိုင်သော ရေမွှေးလုပ်သည့် အတတ်သည် ပညာဖြစ်၏။ ထိုအတတ်သည် အနုပညာမဟုတ်။ မွှေးသော အနံ့ရရှိခြင်းသည်လည်း အနုပညာမဟုတ်။ မွှေးသောအနံ့၏ အာရုံသည်လည်း အနုပညာနှင့်မဆိုင်၊ အဘယ်ကြောင့်ဆိုသော် အနံ့ခံသူ တစ်ယောက်နှင့်သာ သက်ဆိုင်၍ လူအများနှင့် မသက်ဆိုင်သောကြောင့်ဖြစ်သည်ဟုဆိုရာတွင် အနုပညာအင်္ဂါရပ်တစ်ခုပေါ်လာ၏။ **ယင်းသည် အနုပညာသည်က သူ၏ခံစားမှုကို သူဟာသူ ခံစားနေရမှုသည် အနုပညာမဟုတ်။ အများတကာ သူ့လိုခံစားအောင် လုပ်ဆောင်နိုင်မှ အနုပညာဖြစ်သည် ဆိုသောအချက်သည် အရေးကြီးသောအချက်ဖြစ်ပါ၏။**

အာရုံကိုဖော်ပြရာတွင် လူ့ခန္ဓာကိုယ်မှ အာရုံခံစားဖြစ်ပေါ်ရသောနေရာ ၆ နေရာရှိသည်ဟုဆို၏။ ဒါက ထင်ထင်ရှားရှားရှိသည်ကို ပြဆိုခြင်းဖြစ်၍ လူ့ခန္ဓာသည် အာရုံခံစားမှု အတုန်းကြီးဖြစ်သည်။ ဘယ်နေရာတွင်မဆို အာရုံခံစားမှုရှိသည်။ ကလိထိုးပါက ချိုင်းတွင်လည်းကောင်း၊ ခါးတွင်လည်းကောင်း ခံစားမှုရှိလာ၏။ မိန်းမလျှာများက ကာမဂုဏ်ခံစားမှုကို စအိုမှခံစားရယူကြသည်။ တဖန် လျှို့ဝှက်အပ်သော ရင်သားသည် ကာမဂုဏ် အာရုံနိုးကြားရာနေရာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြန်သည်။ ထို့ကြောင့် အာရုံဖြစ်ပေါ်လာရာ နေရာကိုစွဲ၍ အာရုံကိုစွဲဟု ပြောဆိုခြင်းသည် အာရုံကို နေရာခွဲခြားပြောဆိုမှုသာဖြစ်၏။ အမှန်စင်စစ် လူတစ်ကိုယ်လုံးတွင် အာရုံများရှိနေသည်။ ယင်းအာရုံများကို လူ၏ဦးနှောက်တစ်နေရာတည်းက ခံစားမှု ပြုခြင်းဖြစ်၏။ စိတ်သည် အမှန်စင်စစ် ဦးနှောက်၏ ဂုဏ်သတ္တိသာဖြစ်၏။ လူ၏မျက်စေ့က မြင်ရသလို လူ၏နားကကြားရသလို လူ၏ဦးနှောက်က ဝေဖန်ပိုင်းခြားသိခြင်း မှတ်မိခြင်း မေ့လျော့ခြင်းသည် ဦးနှောက်၏သတ္တိသာဖြစ်ပါ၏။ ခံစားမှုကို လူ့ခန္ဓာကိုယ်ရှိဦးနှောက်က ခန္ဓာကိုယ်ဖွဲ့စည်းမှု အနေအထား အရ တုန့်ပြန်နေခြင်းဖြစ်သည်။ လူ့ခန္ဓာသည် နောက်အနှစ်တစ်သန်းကြာသောအခါ အီးတီလို၊ ဂြိုလ်သားများလို ပြောင်းလဲမှုဖြစ်ပါက ခံစားမှုနေရာများလည်း ပြောင်းလဲသွားနိုင်၏။ လူ့ခန္ဓာကိုယ်ကလည်း ပတ်ဝန်းကျင် သဘာဝလောကကြီး ပူခြင်း၊ အေးခြင်း၊ မာခြင်း၊ ပျော့ခြင်း၊ ပြောင်းလဲသလို အသက်ရှင်ဖို့အတွက် သဘာဝနှင့်အညီ ပြောင်းလဲသောကြောင့် ဘယ်နေရာ ဘယ်အစိတ်အပိုင်းဟု ခံစားမှုမခွဲဘဲ အနုပညာနှင့် ပတ်သက်၍ ဦးနှောက်၏ ယိုစီးသတ်မှတ်မှုဟုလည်း သတ်မှတ်နိုင်ပါ၏။ ကျွန်တော့်အနေနှင့်ကား အနုပညာကို ဘယ်နေရာနှင့် ခံစားသည်ဖြစ်စေ နေရာကိုသတ်မှတ်၍ ခံစားမှုကို စိတ်ဖြာပိုင်းခြားခြင်းမပြုဘဲ ခန္ဓာကိုယ်မှ ခံစားရလျှင် ယင်းကို ခံစားချက်ဟုသာ သတ်မှတ်လိုသည်။ အာရုံခံစားမှုကို ပြုလုပ်သောအရာသည် စိတ်ဦးနှောက်သာလျှင် ဖြစ်ပါ၏။

မဟာသရေစည်သူဦးချမ်းသာက အနုပညာသက်ဝင်ရာပညာရပ်သည် အခြေခံသဘာဝအားဖြင့် တစ်ခုတည်း တစ်သဘောတည်းသာရှိသည်နှင့် ပတ်သက်၍ ရှင်းရာတွင် ပန်းချီ၊ ပန်းပု၊ သီဆိုတီးမှုတ်ခြင်း၊ ကခြင်း၊ ကဗျာအနုစာပေပညာနှင့် မည်သည့်အနုပညာရပ်တွင်မဆို လောက-သဘာဝ Nature (တစ်နည်း) လောကကြီးသုံးပါးသာလျှင် အခြေခံ Basic ဖြစ်သည်။ ယင်းအခြေခံပေါ်တွင်သာ





သီကုံးဖွဲ့ဆိုဖန်တီးကြ သည်။ အနုပညာသည် သဘောတရား၏ ရောင်ပြန်ထင်ချက်များသာဖြစ်သည်။ သဘာဝမှကင်းသော အနုပညာကို တွေ့မြင်ဘူးကြမည်မဟုတ်ဟု ဒုတိယအကြိမ်ထုတ် အနုပညာဂုဏ်ရည်စာအုပ် ၁၄၅ တွင် ရေးသားဖော်ပြပါသည်။ အနုပညာသည် သဘာဝအခြေခံတစ်ခုတည်း၌သာ ရပ်တည်သည်ဟု ဆိုလိုရင်းဖြစ်သည်။

ထို့ကြောင့် အနုပညာဂုဏ်ရည်ကို ရေးသားသူ မဟာသရေစည်သူ ဦးချမ်းသာအနေနှင့် အနုပညာဆိုတာဘာလဲဆိုသည်နှင့် ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အနုပညာသည်

က။ အနုပညာတွင် စိတ်ခံစားမှုရှိရမည်။

ခ။ သဘာဝတရား လောကကြီးသုံးပါးအတွင်းမှအဖြစ်အပျက်များကို အနုပညာရှင်က ခံစားပြီး ထိုခံစားချက်ကို သူတစ်ပါးလည်း မိမိခံစားသလို ခံစားအောင် တစ်စုံတစ်ရာဖြင့် ပြုလုပ်ခံစားစေခြင်းသည် အနုပညာဖြစ်သည်။

ဂ။ အနုပညာဖန်တီးမှုသည် ပတ်ဝန်းကျင်နှင့် အဆင်ပြေမှု အညမညဖြစ်မှုရှိရမည်။

ဃ။ အနုပညာသည် သဘာဝတရား Nature ကိုသာ အခြေခံသည်။ အနုပညာသည် သဘာဝ တရား၏ ထိန်းချုပ်မှုအတွင်း၌သာရှိရမည်ဟု အဓိပ္ပါယ်ရရှိသည်။

င။ ခံစားချက်ဆိုသည် ချစ် ရွှင် သနား တည်ကြား ကြမ်းကြုတ် စက်ဆုတ် ကြောက်ရွံ့ ရဲဝံ့ အံ့သြ နော အရသာမှတ်ဖွယ်ရာတို့သာ ဖြစ်သည်။

စ။ အနုပညာသည် ပုဂ္ဂိုလ်တစ်ဦးတည်း ခံစားရုံဖြင့် အနုပညာမမြောက်၊ လူအများခံစားရမည်။

ဆ။ အနုပညာသည် နုရမည်။ အကြမ်းမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အနုပညာရှင်သည် ပင်ကိုယ်အားဖြင့် လွတ်လပ်မှုကို လိုလား၍ လွတ်လပ်စွာစဉ်းစားသော်လည်း သဘာဝတရား၏ ဘောင်ထဲမှသာ စဉ်းစားဆောင်ရွက်ရမည်ဟူသော သဘောတရားကိုလည်း ရရှိသည်။ အနုပညာသည် လွတ်လပ်မှုနှင့် သဘာဝတရား၏ အကန့်အသတ်ဘောင်ဟူသော ဆန့်ကျင်မှု တရားနှစ်ပါးအကြား ဒွန်တွဲလွန်ဆွဲမှုဟု ဆိုနိုင်သည်။

သို့သော် အနုပညာဂုဏ်ရည်စာအုပ်တွင် ပန်းချီ၊ ပန်းပုကိုသာ အနုပညာစာရင်းသွင်းဖော်ပြ၍ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းတမော့၊ ပန်းတော့စသည့်ပညာရပ်များကို အနုပညာရပ်အဖြစ် ဖော်ပြခြင်းမရှိသည်ကို တွေ့ရှိရသည်။

ထို့ပြင် ဤစာအုပ်တွင် အလေးထား ဖော်ပြသော လူ၏အတ္တနှင့် ပရဆန့်ကျင်ဘက် တရားနှစ်ပါး ဒွန်တွဲ လွန်ဆွဲရာမှ ဖြစ်ပေါ်လာသော လူ့ဘောင်ဘဝအဆိုအဆုံးအမများ၊ နီတိကျမ်းများ၊ ဓလေ့ထုံးစံများ၊ ကိုယ်ကျင့်တရားများကို ဆရာဦးချမ်းသာက အနုပညာရပ်တွင် ထည့်သွင်းဖော်ပြမထားသည်ကို တွေ့ရှိရပါသည်။

❑ ❑ ❑



## အခန်း (၁၅)

# ဆရာကြီးဦးသော်ဇင်၏ အနုပညာစကား

ကျွန်တော်သည် ဆရာကြီးဦးသော်ဇင်နှင့်ရင်းနှီးသူဖြစ်ပါ၏။ ဆရာနှင့်လည်းခရီးသွားဖူးသည်။ ဆရာအား ဒီပဲရင်းမြို့ စာပေဟောပြောပွဲသို့ ကျွန်တော်ကိုယ်တိုင်ဖိတ်ကြားရာဆရာနှင့်အတူ မောင်ခေတ်ထွန်း၊ မြင့်ထွန်းမောင်နှင့်ပန်းတနော်ဝင်းသိန်းတို့ ဒီပဲရင်းမြို့နယ်နှော အထိသွားရောက်ခဲ့သည်။ နှောသည် ရောက်ဖို့ ခဲယဉ်းသောဒေသဖြစ်၏။ ကျွန်တော်၏ မွေးဖွားရာဇာတိရစ်ကံကြီးသို့လည်းကောင်း ကျွန်တော်မိခင်ကြီး နေထိုင်ရာ မီးလောက်ရွာသို့လည်းကောင်းဆရာကြီး ကိုယ်တိုင်ရောက်ဖူးသည်။ ကျွန်တော်မိဘများနှင့်လည်း ဆရာဦးသော်ဇင်၊ ဆရာဇဝနနှင့် အမျိုးသားစာပေဆုရဆရာညိုဝင်းတို့ပါ သိကျွမ်းကြပါသည်။

ဆရာဦးသော်ဇင် အသက်ရှိထင်ရှားရှိစဉ်က ဆရာနှင့် ကျွန်တော် အနုပညာကြောင်းကို မဆွေးနွေး ခဲ့ဖူးပါ။ ယခုအနုပညာအကြောင်းကို ကျွန်တော်စိတ်ဝင်စားပြီး ရေးသားတော့ ဆရာသည် အနုပညာ စာပေနယ်ပယ်တွင် ဆရာမရှိတော့။ ကျွန်တော်အနုပညာ ဘာသာရပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရေးရန်ပြင်ဆင်တော့မှ ဆရာ၏အနုပညာ အတွေ့တွေ့ ပြဿနာစာအုပ်ကို ရှာဖွေဖတ်ရှုရသည်။ ဆရာ၏အယူအဆကို လေ့လာတင်ပြရသည်။ ဆရာ၏ အနုပညာအတွေ့တွေ့ပြဿနာစာအုပ်ကို အားသစ်စာပေရိပ်မြုံက ထုတ်ဝေ၍ ဇွဲပုံနှိပ်တိုက်တွင် ပုံနှိပ်ကာ ကျွန်တော့်မိတ်ဆွေကြီး ဦးစံလှ(စံလှစာပေ) က၁၉၆၇ ခုနှစ်၊ ဖွန်လက ဖြန့်ချိသည်။ ဆရာဦးသော်ဇင်က ထိုစာအုပ်၏ အဖွင့်တွင် အနုပညာနှင့်ပတ်သက်သော သူ၏သဘောထားကို ရှင်းရှင်းလင်းလင်းဖွင့်ဆို၏။

အနုပညာဟူသည်မှာ- သဘာဝနှင့် ယှဉ်သောစိတ်ကူးယဉ်ဖြစ်၏။

သူသည် လူတို့၏ ယဉ်ကျေးမှုမှတ်တိုင်ဖြစ်၏။
အနုပညာအဘယ်မျှ
အဆင့်အတန်းမြင့်မောက်သနည်း?
သူတင့်သလောက် လူတို့၏ယဉ်ကျေးမှု ထွန်းတောက်၏'

သော်ဇင်
၄-၆-၆၇

အနုပညာနှင့် ပတ်သက်၍ဆရာက သူစာအုပ်၏ အမှာတွင်အောက်ပါအတိုင်း ဆက်ရေးသား၏။

လယ်သူမလေးတစ်ယောက် ကောက်စိုက်နေရာ၊ ပန်းချီဆရာကပန်းချီ၊ ပန်းပုဆရာကပန်းပု၊ ကဗျာဆရာကကဗျာ၊ စာရေးဆရာကစာပေ စသည်ဖြင့်အသီးသီးမိမိတို့ထောင့်မှတွေ့မြင်နိုင်သကဲ့သို့ အခြားအရာတို့ကိုလည်း ကြည့်ရှုသင့်၏။ ထိုအခါကမ္ဘာလောကကြီးမှာ အနုပညာ တို့ဖြင့်ပြည့်လျှံနေ၍ အလွန်တရာချစ်စရာကောင်းပေ လိမ့်မည်။

သော်ဇင်
၂၉-၅-၆၄





အနုပညာအတွေ့တွေ့ပြဿနာစာအုပ်တွင်
ဆရာကအနုပညာနှင့်ပတ်သက်၍
အနုပညာသည်အဘယ်နည်း
အနုပညာဆိုသည်မှာ ပြည်သူပင်ဖြစ်၏။
ပြည်သူသည် အဘယ်နည်း
ပြည်သူဆိုသည်မှာ အနုပညာပင်ဖြစ်၏။

အနုပညာကိုအခြားတစ်ပါးသွားပြီး၊ ရှာဖွေဖွယ်မရှိချေ။ ပြည်သူထဲမှာပင်အနုပညာရှိသည်။ ပြည်သူသည် အနုပညာဖြစ်သည်ဟု ပြဇာတ်ဆရာကြီး ဘရတမုနိဆိုလေသည်။ ပြဇာတ်သည် လူတို့၏အလုပ်ကိစ္စပေါ်တွင် မူတည်သည်။ ပြဇာတ်သည် အနုပညာတို့တွင် အထွတ်အထိပ်ဖြစ်၏။

အနုပညာ၏ဘုရင်မှာ ပြဇာတ်ဖြစ်၏။

အနုပညာ၏မင်းဖြစ်သောပြဇာတ်သည် လူတို့၏အလုပ်ကိစ္စပေါ်တွင်မူတည်သည်။ လူတို့၏ အလုပ်ကိစ္စကိုညွှန်ပြသည့်အနုပညာရှင်၊ အနုပညာရှင် ထုတ်လုပ်သူများလည်း လူထဲက လူတို့ပင်ဖြစ်လေရာ ပြည်သူပင်ဖြစ်၏။ ပြည်သူသည် သူ၏အနုပညာကို ပြည်သူထဲမှာပင် ရသည်။ ပြည်သူတို့ကပင် သူ့ကိုသင်ကြားပေးသည်။ သူသည်ပတ်ဝန်းကျင် ပြည်သူတို့ထံမှ ခံယူရရှိသောဗဟုသုတဖြင့် အနုပညာကိုသရုပ်ဖော်ခြင်းဖြစ်၏။ ထို့ကြောင့်

အနုပညာသည် အနုပညာအတွက်ဖြစ်သည် ဟုဆိုဆို
အနုပညာသည် ပြည်သူအတွက်ဖြစ်သည် ဟုပြောပြော
အနုပညာသည် ပြည်သူဖြစ်၍ပြည်သူသည် အနုပညာဖြစ်၏။

---------------------



www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်(အနုပညာ)ကို လူတို့၏ အလုပ်ကိစ္စပေါ် မူတည်ရမည်ဟုဆိုသဖြင့် ပြည်သူအတွက် ဖြစ်ကြောင်း ထင်ရှား၏။ အဘယ်အနုပညာရှင်သည် ပြည်သူ့ထံမှ တန်ပြန်ထင်ဟပ်ချက် မရဘဲဘယ်အနုပညာကို ထုတ်ဖော်၍ရမည်နည်း။

---

ဟုဆရာဦးသော်ဇင်က ဆိုပါ၏။ ဆရာသည် သူ့စာအုပ်ကိုရေးစဉ်က ပြည်သူ့အတွေး၊ ဆိုရှယ်လစ်စနစ်၏ အတွေးတို့ဖြင့် အနုပညာလွှန်ဆွဲမှု ဖြစ်နေချိန်တွင် ရေးခဲ့ရာ ထိုအချိန်က အချို့ကလည်း အနုပညာသည် ပြည်သူ့ အတွက်ဟုဆို၏။

အချို့ကလည်း အနုပညာသည် အနုပညာအတွက်ဟု ကျယ်ကျယ်လောင်လောင်ပြောဆို နေကြရာ ဆရာကသူ့အမြင်ကို ဝင်ပြောခြင်းဖြစ်၏။ ဆရာ၏အနုပညာဆိုင်ရာသဘောထားက အနုပညာဟူသည် အနုပညာအတွက်လည်း ဖြစ်သလို ပြည်သူအတွက်လည်း ဖြစ်သည်ဟု ဆို၏။

ဆရာကြီးဦးသော်ဇင်က သူ၏အနုပညာအထွေထွေပြဿနာ စာအုပ် စာမျက်နှာ၃ တွင်အနုပညာ နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းပြောခဲ့သော အကြောင်းအရာတစ်ရပ်ရှိခဲ့၏။ ထိုပြောဆိုချက်မှာ-

**အနုပညာသည် အစစ်မဟုတ်ချေ**
**အတုအပဖြစ်၏။**

**ဆိုသောအဆိုပင်ဖြစ်ပါ၏။ ဆရာက-**

**အနုပညာမှာ သဘာဝဝုတ္တိနှင့် ဝက်ဝုတ္တိ ဟုနှစ်မျိုးရှိ၏။**
**တိုက်ရိုက်ဖွဲ့ဆိုခြင်းကို သဘာဝဝုတ္တိခေါ်၏။**
**တင်စားဖွဲ့ဆိုခြင်းကို ဝက်ဝုတ္တိခေါ်သည်။**

ဟုလည်းဆက်လက်ရေးသား၏။





မြန်မာ့အတွေးအခေါ်နယ်ပယ်၊ ယဉ်ကျေးမှုနယ်ပယ်၊ အနုပညာနယ်ပယ်၊ စာပေနယ်ပယ်တို့တွင် လေးစားရသော ဆရာကြီး ဒေါက်တာခင်မောင်ဝင်း၊ ဆရာနန္ဒာသိန်းဇံ၊ ဆရာဦးမင်းနိုင်၊ ဆရာဦးမြင့်စံ၊ ဆရာဦးသော်ဇင် လက်ဝဲမင်းညို အစရှိသော ဆရာကြီး၊ သမ္မာကြီးများ၏ အနုပညာဆိုင်ရာ ဖွင့်ဆိုချက်များသည် မြန်မာ့အနုပညာ၏ပုံရိပ်ကို ဤစာအုပ်ဖြင့်ကြိုးစားဖော်ညွှန်းရာတွင် တွေးတောစရာများကို ပေးစွမ်းကြမည်ဖြစ်ပါသည်။ ယင်းအဆို အမိန့်များဖြင့် အနုပညာ၏ ပုံသဏ္ဌာန်ကို အားပါးတရပုံဖော်နိုင်သည်။

အနုပညာကို **ဆရာဇော်ဂျီက** သူ၏ရသစာပေအဖွင့်စာအုပ် စာမျက်နှာ ၁၁၇တွင်-

"အနုပညာဟူသည် နှစ်သက်ခြင်း၏ ဂယက်ဖြင့် ဘဝကိုအသိပေးခြင်းသာ"

ဟုဆိုပါ၏။

အနုပညာသည် နုနယ်မှုကိစ္စတစ်ခုတည်းနှင့် အနုပညာ မမြောက်၊ ခံစားမှု၊ ပတ်ဝန်းကျင်နှင့် အဆင်ပြေဘို့၊ အနုပညာ ပစ္စည်းတစ်ခုအတွင်းရှိနေသောအရာများ ပြေပြစ်ဖို့လည်းလို၏။ ပန်းချီကားတစ်ချပ်ဆိုပါက ယင်းအထဲတွင်ရှိသော အရောင်များ၊ မျဉ်းများ၊ အနီးအဝေးပုံသဏ္ဌာန်များဖြစ်ကြသော ဆန့်ကျင်ဘက် တရားများပြေပြစ်ညီညွတ်ဖို့လို၏။ အနုပညာဟူသည် လောကကြီးတွင် ဆန့်ကျင်ဘက်တရားများ၏ ဒွန်တွဲလွှန်ဆွဲမှုသဘောကိုအခြေခံ၍ ခံစားမှုကိုလှုံ့ဆော်သောပညာရပ်ဖြစ်သည်။

အနုပညာဟူသည် ဖြစ်သလိုလို မဖြစ်သလိုလိုထင်ရတာ ဆက်ပြီးတွေးတောဘို့ ချန်ထားတာ သည်အနုပညာဟု၍ဆိုကြ၏။ ဦးပုညကသူ၏ ဝိဇယပြဇာတ်တွင်

စာမရှိလိုလို ‑ ဇော်ရှိလိုလို
ကိုယ်ခပ်ဖိုင့်ဖိုင့် - ခရာပိုပို၊ ဘာလိုလို



www.burmeseclassic.com

www.burmeseclassic.com



ချိုဝိုင့်ဝိုင့်ဖြင့်
ဂနိုင့်ကြွက်သရေ
မြက်ခင်းလဲ့လဲ့၊ နှင်းတွဲ့တွဲ့မှာ
သင်းဖွဲ့လို့ နေကြတယ်
ရုံရွှေတည်ီ နေမီရိမှ
ပွေ့ပလီ မျှားတာမို့
သနားစဖွယ်ရှိလှတယ်

စသည်ဖြင့် ဖွဲ့ဆို၏။

ကျွန်းလယ်မြင်ကွင်းတွင် စာမရီနှင့်၊ ဇာကီများရှိနေကြသည်ဟု မဆို စာမရီလား ဘာလားမသိ စာမရီလိုလို ဇာကီလိုဟုဆို၏။ လိုလိုလို့ ဆိုတာကပိုလွှမ်းစရာကောင်း၏။ သူ့မြင်ကွင်းတွင် စာမရီ ဘယ်နှစ်ကောင် ဇာကီဘယ်နှစ်ကောင်ဟုဆိုပါက သိပ္ပံဆန်သွားနိုင်၏။ တခါ ဆက်၍ စာမရီကဝဝကြီး ဖိုင်ဖိုင်ကြီးဟု တိုက်ရိုက်မဆို။ ချိုကဘယ်ပုံသဏ္ဌာန်ရှိတယ်ဟူ၍တိတိကျကျမပြော ချိုဝိုင့်ဝိုင့်နှင့်ဟုသာဆို၏။

မြက်ခင်းကိုလည်း မြက်ခင်းလဲ့လဲ့
နှင်းကိုလည်း နှင်းတွဲ့တွဲ့

ဟုဆိုရာဘာကိုမှတိတိကျကျမပြောတာကအနုပညာသဘောတွင် ဆက်တွေးစရာများကိုဖြစ်စေပြီးပို၍လွှမ်းမောဘွယ်ဖြစ်ရ၏။ ထိုအခန်းမှာပင် ဦးပုံညက

နှင်းသောက်တဲ့မြိုင်၊ ညာသွယ်ဆင့်တန်း
နာမည်ဖြင့်ဆန်းပေလိမ့်၊ ဘယ်ပန်းခိုင်လို့
သိနိုင်တတ်ပြီ၊ မငုံတချို့
ငုံတချို့နှင့် မှုံလို့စီ
ရာသီလင့်ဟန်ရှိကြတယ်
ယူသယ်ဝတ်ရွက်
လေချိုသိမ်းဘွဲ့၊ စိမ်းလဲ့လဲ့နှင့်





နွဲ့ပန်းခက်မှာ ငှက်ဖြင့်ငှက်ပဲ
သာရဏာလား၊ တမာလား
ဘွဲ့ခြားလို့ ခွဲနိုင်ဘု

ဟူ၍ စပ်ဆို၏။

အနုပညာသည်သဘာဝတရားနှင့်မကင်းလွတ်ဘဲ လောကသုံးပါးသဘာဝတရား မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာ၊ ရေမြေတောတောင်၊ သတ္တဝါတို့နှင့်ထိုလောကကြီးထဲမှဖြစ်ကြပျက်ကြပြောင်းလဲကြသော ဖြစ်စဉ်များကိုသာရေးဖွဲ့၏။ လူသည်အနုပညာဖွဲ့စည်းမှုကို သူဦးနှောက်နှင့်သူ သိတာသူဖတ်ဖူး ကြားဖူးသောအကြောင်းအရာများနှင့်သာ ဖန်တီး၏။ လောကကြီးသုံးပါးထဲမှ **သူမသိတာနှင့် သူ့ကဗျာမဖွဲ့နိုင်။** သူသည်ဘယ်လောက်ပင် လွတ်လပ်စွာတွေးခေါ်လိုသည်ဖြစ်စေ သူ့ဦးနှောက်က သိထားသလောက်အတွင်း၌သာ တွေးတောဖန်တီး၍ရသည်။

တဖန်အနုပညာသည် လောကီဆိုင်ရာကိစ္စသက်သက်ဖြစ်၏။ လောကုတ္တရာကိစ္စမဟုတ်။ အနုပညာသည် သံသရာကိုချဲ့ထွင်နိုင်သောကြောင့် သီလကြီးများဆောက်တည်ရာတွင် နစ္စ၊ ဂီတ၊ ဝါဒိတ၊ မကခန်ရ၊ သီချင်းမဆိုရ၊ ပန်းမပန်ရဟု မြတ်စွာဘုရားကိုယ်တော်တိုင်ကပိတ်ပင်ထားသည်။ သို့သော် နေ့စဉ်သီလဖြစ်သော ငါးပါးသီလစောင့်သိန်းရာတွင် မကန့်သတ်ထားပါ။

အနုပညာရှင်သည် လူသားတစ်ဦးဖြစ်၍ လွတ်လပ်မှုကိုတောင်းခံပြီး လွတ်လပ်စွာတွေးတော ဖန်တီးမှုပြုလုပ်သော်လည်း သူသည်သူသိသမျှသောဦးနှောက်၏အကန့်အသတ်ထဲမှ မထွက်နိုင်ရာသူ ဖြစ်၏။အနုပညာရှင်သည်ဟိမဝန္တာကို မရောက်ဖူးဘဲ ဟိမဝန္တာအကြောင်း စာမဖွဲ့နိုင်ပါ။ မရောက်ဖူးပါပဲ လျက် စာဖွဲ့မှုသည် မဒီဒေဝီဟိမဝန္တာကို စာဖွဲ့သလို သူကြားဖူးဖတ်ဖူးသော အတွေ့အကြုံဖြင့်ခန်းဆဖွဲ့ဆိုတာသာဖြစ်သည်။ အနည်းဆုံးကြာဘူးနားဝတော့ ရှိရမည်။



www.burmeseclassic.com

www.burmeseclassic.com



အနုပညာရှင်သည်ဦးနှောက်၏ အကန့် အသတ်ကိုခံရ၏။ ထို့ကြောင့် တိုးတက်သော အနုပညာရှင်တဦး၏ အရည်အချင်းကိုသတ်မှတ်ရာတွင် လေ့လာဆည်းပူး ကြံဆမှုရှိရမည်ဟု ဆိုခြင်းဖြစ်သည်။

အနုပညာရှင်တစ်ဦးသည် လွတ်လပ်စွာ တွေးခေါ်ခွင့်ရှိ၏။ လွတ်လပ်စွာ ခံစားခွင့်ရှိ၏။ အနုပညာရှင်တစ်ဦးသည် သူဖန်တီးသော အနုပညာကိုသူပိုင်ဆိုင်ခွင့်ရှိသော်လည်း ရေရှည်တွင် ထိုအနုပညာကို ထိန်းသိမ်းသူစောင့်ရှောက်နေသူသည် ပြည်သူသာလျှင်ဖြစ်၏။ အနုပညာကို တန်ဖိုးဖြတ်ပေးသူသည် ပြည်သူဖြစ်၏။ အနုပညာကို လက်ဆင့်ကမ်း သယ်ဆောင်သူသည်လည်း ပြည်သူပင်ဖြစ်သည်။ မူပိုင်ခွင့်ဥပဒေအရ အနုပညာရှင်တစ်ဦးသည် သူ၏အနုပညာစာပေကို သူကွယ်လွန်ပြီး ၇၅ နှစ်သာ သားစဉ်မြေးဆက် အမွေပေးခွင့်ရှိ၍ ထိုနောက်ပိုင်းတွင် ပြည်သူတို့ကပိုင်ဆိုင် အသုံးပြုခွင့်ရှိသည်။ ၇၅နှစ် နောက်ပိုင်း တွင်မူပိုင်ခွင့်မရှိတော့။

အနုပညာရှင်တစ်ဦးအတွက်ထင်ပေါ်မှုသည် သူ၏ ပန်းတိုင်မဟုတ်။ ရေရှည်တည်တံ့မှုသည်သာ အနုပညာပန်းတိုင်ဖြစ်သည်။ အများကို အကျိုးပြုမှုသည် အနုပညာ၏ ရလာဒ်ဖြစ်၏။ အနုပညာရှင်တိုင်းသည် အနုပညာဆိုင်ရာနည်းပညာကိုတတ်ရမည်ဖြစ်၏။ နည်းပညာမတတ်မှုသည်မရိုးသားမှုဖြစ် သည်။

အနုပညာ၏ စွမ်းပကားသို့မဟုတ်အနုပညာ၏ အလှတရားသည် ပြည်သူတို့၏တန်ဖိုးထားမှု စနစ်ပေါ်တွင်မူတည်သည်။ လူ့အဖွဲ့အစည်းများတွင် တန်ဖိုးထားမှုစနစ် Vaule system ကွဲပြားခြားနားမှုရှိပါသည်။

❐ ❐ ❐



အခန်း (၁၆)

## စိတ်ကောင်းရှိဖို့ ပထမ

ကျွမ်းကျင်ထက်မြက်သော အနုပညာရှင်တစ်ဦးအတွက် ရှိရမည့် အရည်အချင်းများကို သတ်မှတ်ရာတွင် အနုပညာရှင်သည် အပြုသဘောစိတ်ရှိရမည်။ စိတ်ကောင်းရှိရမည်ဖြစ်သည်။

အနုပညာတွင် မနောစိတ်သည် အရေးကြီးသည်။

အနုပညာရသ၏ အသက်အညှာဖြစ်သော ခံစားမှုသည်လည်း စိတ်ဦးနှောက်နှင့် ပတ်သက်၏။ အနုပညာကို စတင်ဖန်တီးဘီတွင်ရာတွင် ကိုယ်နှုတ်နှလုံးသုံးပါးဟုဆိုသော်လည်း ရှေ့ဦးလှုံ့ဆော်မှုကို ဦးနှောက်စတင်ပြုလုပ်ခြင်းဖြစ်၏။ စိတ်ကူးပြီး စိတ်ကူးစိတ်သန်းရှိပြီးမှ ကိုယ်နှင့်နှုတ်တို့၏ အလုပ်များကလိုက်ရသည်။

အနုပညာရှင်အတွက် သူ့စိတ်ကြိုက်အနုပညာတစ်ရပ်ကို ဖန်တီးရာတွင် ဆန္ဒသည်အရေးကြီး၏။ အနုပညာရပ်သည် စိတ်ဆန္ဒအတွေးနှင့်သာစတင်ရ၏။ စိတ်ကိုစေတနာဟုလည်း ခေါ်နိုင်၏။ အနုပညာတီထွင်မှုတွင် မူလထဲက စိတ်ကောင်းစေတနာကောင်းရှိဖို့ အရေးကြီး၏။ စိတ်အေးချမ်းသာဖြစ်ဖို့လို၏။ စိတ်ထားဖြူစင်ဖို့ လိုအပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အနုပညာ၏ ဩဇာသည်ကြီးမား၏။ အနုပညာဖန်တီးသူ၏ မူလစိတ်ထားမမှန်ကန်ပါက လူ့လောကတွင်ကောင်းကျိုးထက် ဆိုးကျိုးများပွားတတ်၏။ အနုပညာတွင် စိတ်ထားမမှန်ကန်မှု ကင်းစင်ဖို့လိုသည်။ အနုပညာသည်စိတ်ကောင်းရှိရန် လိုသလိုစိတ်ကူးမှန်ဘို့လည်း လိုသည်။

ယဉ်ကျေးမှုတက္ကသိုလ် ရန်ကုန်၏ပန်းပုပါမောက္ခနှင့် စာတမ်းရှင် ဦးစံမြင့်က သူ၏ပန်းပုဆိုင်ရာ ရသပညာစာတမ်းတွင် 'အနုပညာရသမြောက်စေရန် မထုလုပ်မီကပင် ကြိုတင်ပြင်ဆင်မှု၊ စိတ်စေတနာထားမှု၊ စိတ်ထားဖြူစင်၍ ကိုယ်ကျင့်တရားကောင်းမှု၊ အစဉ်တစိုက်အားထုတ်မှုများဖြင့် ပန်းပုထုလုပ်ခဲ့ကြပါသည်' ဟု ရေးသားခဲ့သည်။

"အကောင်းဆုံးအနုပညာပစ္စည်းတွေကို ဘယ်အချိန်မှာရရှိပါသလဲ"ဟု တစ်ခါကဆရာပေါ်ဦးသက်အား မေးခဲ့ရာ ဆရာပေါ်ဦးသက်က တရုတ်ပုံပြင်တစ်ခုကို ပြောပြပါသည်။ ယင်းပုံပြင်ကို ကျွန်တော်သည် ကျွန်တော်၏ စိတ်ကောင်းရှိဖို့ ပထမစာအုပ်တွင်လည်း ရေးသားဖော်ပြခဲ့ဘူးပါ၏။

တစ်ခါက တိုင်းပြည်တစ်ပြည်တွင် မင်းသစ်မင်းလွင်တစ်ဦးနန်းတက်သည်။ အသစ်တက်လာသော ဘုရင်သည် နန်းတော်ဟောင်းတွင် မနေလို၍ အလွန်ခမ်းနားကြီးကျယ်လှပသော နန်းတော်အသစ်ကြီး တစ်ခုကို တည်ဆောက်၏။ နန်းတော်အသစ်ကြီးတည်ဆောက်မှုပြီးစီးသွားသောအခါ ထိုနန်းတော်ကြီး၏ ရှေ့တွင်ကွက်လပ်ကြီးတစ်ခုကျန်ရစ်ခဲ့၏။ ထိုကွက်လပ်နေရာတွင် မည်သည့်အရာကိုထားရှိ ဖြည့်ဆီးရပါမလဲဟု စိတ်ကူးကြရာ ဘာကိုမျှတိတိကျကျစိတ်ကူး၍မရဘဲရှိ၏။ အချို့ကလည်း ရေတံခွန်ကြီး တစ်ခုထားရှိလိုကြ၍ အချို့ကလည်း ကြာကန်ကြီးတစ်ခု ဖန်တီးက ပိုသင့်လျော်မည်ဟုဆို၏။ အချို့ကလည်း လှပသော သစ်ပင်ပန်းမာလ်တို့ဖြင့် ဥယျာဉ်တစ်ခုကို တည်ဆောက်လို၍ အချို့ကမြေခင်းအလှပြုပြင်မှလှမည်ဟုဆိုသည်။ ထိုသို့





ဘစ်ယောက်တစ်ပေါက်ဖြစ်နေကြချိန်တွင် တစ်ဦးကရှင်ဘုရင်ကြီးအား 'အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ နိုင်ငံတော်တွင် အလွန်ထင်ရှားသော ပန်းပုဆရာကြီးတစ်ဦးရှိသည်မှာ အတိုင်းတိုင်းအပြည်ပြည်က အသိဖြစ်သည်။ ဤနန်းတော်ရင်ပြင်ကြီးနှင့် သင့်တော်သော ရုပ်ထုဘစ်ခုကို ပန်းပုဆရာကြီးအား ထုလုပ်စေပြီးထားရှိပါက ခမ်းနားထယ်ဝါသော အရှင်မင်းကြီး၏ နန်းတော်ကြီးနှင့် အလွန်ပင် ပဏာရမည်ဖြစ်ပါသည်ဟု လျှောက်ထားရာ ဘုရင်ကသဘောတော်ကျ၍ ပန်းပုဆရာကြီးအား နန်းတော်သို့ခေါ်စေ၏။ ငါ၏အလွန်တင့်တယ်ခန့်ညားလှသော နန်းတော်သစ်ကြီးနှင့် လိုက်ဖက်ဆီလျော်သော ပန်းပုလက်ရာတစ်ခုကို ထုလုပ်၍ ဆက်သရမည်ဟု မိန့်ကြားပါ၏။

ထိုသို့ မိန့်ကြားလိုက်သောအခါ ပန်းပုဆရာကြီးသည် မိမိ၏နေအိမ်သို့ ပြန်လာပြီး အချိန်တန်သောအခါ ပန်းပုံရုပ်တစ်ခုကို ဘုရင့်အားဆက်သခဲ့ပါ၏။

ပန်းပုဆရာကြီးဆက်သသော ပန်းပုရုပ်သည် အလွန်မှအသက်ဝင် ရသမြောက်၍ ခန့်ညားထယ်ဝါသော နန်းတော်ကြီးနှင့်လည်း လိုက်ဖက်ညီထွေရှိသဖြင့် ယင်းပန်းပုံရုပ်ထုကို နန်းတော်၏ရှေ့မြေကွက်လပ်တွင် ထားရှိလိုက်ပါ၏။ ရုပ်ထုမှာ အလွန်မှ လက်ရာမြောက်၍ တစိမ့်စိမ့်ကြည့်လေ အလှအပများ ပို၍ပေါ်လွင်လာလေဖြစ်သည်။ ရုပ်ထုသည် လှပရုံသာမက အားမာန်တို့ပါပါဝင် ပေါ်လွင်သည်ဖြစ်ရာ လက်ရာမှာကောင်းမွန်လှပ လွန်းအားကြီးသောကြောင့် နန်းတော်ထဲတွင် အငြင်းအခုန် ဖြစ်ကြရ ပါ၏။

အငြင်းအခုန်ဖြစ်ကြရသည်မှာ အချို့ကဤပန်းပုရုပ်ထုသည် အလွန်မှအသက်ဝင်သည်။ လူသားတို့ ထုလုပ်နိုင်စွမ်းရှိမည်မဟုတ်။ ဘုရင်မင်းမြတ်၏ ဘုန်းတန်ခိုးတော်ကြောင့် သကြားမင်းလာရောက်ဖန်တီး ပေးသောအရုပ်ပင်ဖြစ်ရမည်ဟု ဆိုကြ၏။ အချို့ကလည်း မိမိတို့သည် ပန်းပုဆရာကြီး၏ အိမ်အနီးတွင် နေကြသည်။ ဤပန်းပု



www.burmeseclassic.com

www.burmeseclassic.com



အနုစိတ်ကို ပန်းပုဆရာကြီးကိုယ်တိုင်ထုလုပ်သည်မှာ မိမိတို့အမြင်ပင်ဖြစ်သည်ဟု ဆိုကြပါ၏။

ထိုသို့ အငြင်းအခုန်ဖြစ်သောအခါ ဘုရင်က ဤကိစ္စသည် အငြင်းပွားဘွယ်ရာမဟုတ်။ ပန်းပုဆရာအား နန်းတော်သို့ သွင်းစေ၍ ခေါ်မေးရုံဖြင့် ပြေလည်နိုင်သောကိစ္စဖြစ်ရာ ပန်းပုဆရာကြီးအား နန်းတွင်းသို့ သွင်းစေဟု အမိန့်မှတ်တော်မူ၏။ ပန်းပုဆရာကြီးနန်းတွင်းသို့ ရောက်ရှိလာသောအခါ ပန်းပုဆရာကြီး ဤပန်းပုရုပ်သည် အလွန်မှ အသက်ဝင်လှသည်။ ဤပန်းပုရုပ်ကို မည်ကဲ့သို့ ရရှိသည်ကို အမှန်အတိုင်း သံတော်ဦးတင်ပါဟုဆိုလေ၏။ ထိုအခါ ပန်းပုဆရာကြီးက 'အရှင်မင်းကြီး ဤပန်းပုရုပ်ကို မည်ကဲ့သို့ ထုလုပ်သည်ကို အမှန်အတိုင်းလျှောက်ထားပါမည်၊ အရှင်မင်းကြီးက အရှင်မင်းကြီး၏ ခန့်ညားထယ်ဝါလှသော နန်းတော်ကြီးနှင့် လိုက်ဖက်ညီထွေရှိသော ပန်းပုရုပ်တစ်ရုပ်ကို ထုလုပ်စေဟု ဆိုသောအခါ ကျွန်တော်မျိုးသည် အားရဝမ်းသာဖြစ်ကာ၊ ဤကိစ္စသည်ဘုရင်မင်းမြတ်ကိုယ်တော်တိုင်က ခိုင်းစေတော်မူသောကိစ္စဖြစ်သည်။ ဤနန်းတော်ကြီးနှင့် လိုက်ဖက်သော ပန်းပုရုပ်ကို ငါသာလျှင် ထုခွင့်ရလေသည်။ ငါ့လိုအနုပညာသည် ဤဇမ္ဗူတွင် မရှိတော့ပြီဟုဆို၍ မာန်မာနတရားဖြင့် အရှင်မင်းကြီးအတွက် ပန်းပုရုပ်ကို စတင်ထုလုပ်ပါသည်။ ထိုအရုပ်ကိုထုလုပ်နေစဉ်အတွင်း၌လည်း ငါသည် ဤအရုပ်ကိုထုလုပ်ပြီး၍ ဘုရင့်နန်းတော်ရှေ့တွင်ထားရှိပါက ကျွန်တော်မျိုး၏လက်ရာကို ဘုရင်မင်းမြတ်သည် မုချမသွေ နှစ်သက်မှုဖြစ်ပြီး ဘုရင်မင်းမြတ် ကိုယ်တော်တိုင်က ဆုတော်လာဘ်တော်များ ပေးချေမည်။ ဘုရင်မင်းမြတ်က ဆုလာဘ်များပေးအပ် ချီးမြှင့်လေသော်၊ မိဖုရားကြီးကလည်း ဆုချမည်။ ထိုအခါ အိမ်ရှေ့မင်းသားကလည်း ဆုချပေးမည်။ ထိုအခါ ဝန်ကြီးများနှင့်တကွ စစ်သူကြီးတို့ကပါ ဆုချပေးမည်ဖြစ်ရာ ငါ့လိုလူ ဤဇမ္ဗူတွင် မရှိတော့ပြီဟူ၍ လောဘတရားတို့ဖြင့် ဤအရုပ်ကို စတင်ထုလုပ်ပါသည်ဘုရား။





ထိုကဲ့သို့လောဘ မာန်မာနတရားတို့ဖြင့် ထုလုပ်ရာ ဤနန်းတော်ကြီးနှင့် လိုက်ဘက်သော အရုပ်ကို မရရှိသောကြောင့် ငါဆိုသော မာနတရားမှ ဒေါသတရားလည်း ထွက်ပေါ်လာခဲ့ပါသည်။ ငါကဲ့သို့ ဘုရင်အားကိုးသောပန်းပုဆရာသည် ဤမည်သောအရုပ်ကို ဘာကြောင့် မရနိုင်မည်နည်းဟုဆိုကာ အရုပ်ကို လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ တရားအပြည့်တို့ဖြင့် ဆက်လက်ထုလုပ်လေမရရှိလေဖြစ်ခဲ့ရပါသည်။ အရုပ်ကိုထုလေ၊ မရလေဖြစ်ရာမှ နန်းတော်သို့ ပေးအပ်ရမည့်ရက်မှာလည်း နီးကပ်၍လာပါတော့သည်ဘုရား။ နန်းတော်သို့ ပေးအပ်ရမည့် အချိန်ကလည်းနီးကပ်လာလေရာပေးအပ်ရမည့်အချိန်တွင် မပေးအပ်နိုင်ပါက သေနိုင်လောက်သော မင်းပြစ်မင်းဒဏ်ကိုရမည်ကိုသိသော ကျွန်တော်မျိုးမှာ သောကပရိဒေဝမီးများပါ တောက်လောင်၍လာသောအခါ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ သောက၊ ပရိဒေဝမီးတို့ဖြင့် ဘယ်လိုမှ မထုလုပ်မဖန်တီးနိုင်ဘဲ ရှိခဲ့ပါ၏။

ကျွန်တော်မျိုးသည် လောဘ ဒေါသ မောဟတရားတို့ဖြင့် အနုပညာလက်ရာကောင်းကို မဖန်တီးနိုင်၍ သေရမည့်ရက်ကို စောင့်ဆိုင်း နေစဉ်မှာ သမီးဖြစ်သူက အဖေဘာဖြစ်နေတာလဲဟု မေးရာ ကျွန်တော်မျိုးက နန်းတော်မှ အပ်နှံထားသော ရုပ်ထုမပြီးနိုင်၍ သေရမည့်အရေးကို တွေးပူနေရခြင်း ဖြစ်ကြောင်းပြောရာ သမီးက - အဖေ၏ စိတ်အစဉ်မှာ သောကပရိဒေဝဗျာပါဒတရားတို့နှင့်တကွ အကုသိုလ်တရား များဖြစ်သော လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ မာန်မာနစိတ် များဖြစ်ပေါ်နေသည်။ ထိုစိတ်အစဉ်မှ ဖယ်ရှား၍ မေတ္တာစိတ်၊ ကရုဏာစိတ်၊ မုဒိတာစိတ်၊ ဥပက္ခာစိတ်ကိုမွေးပါ။ စိတ်ကိုတည်ငြိမ်အောင် သတိတရားဖြင့် ထိန်းချုပ်၍ ရင်တွင်း၌ အကုသိုလ်တရားများ ကင်းစေ၍ ကုသိုလ်တရားများကိန်းဝပ်ကာ သတိတရား ထားရှိနိုင်ရေး အတွက် အကုသိုလ်စိတ်များကို ဖယ်ရှားပါ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တည်ငြိမ်မှုရရှိရန် တရားအားထုတ်ပါဟု သမီးငယ်က အကြံပြုသည့်အတိုင်း ကျွန်တော်မျိုး၏ ရင်တွင်းအကုသိုလ်တရားများကို ဖယ်ရှား၍ ကုသိုလ်စိတ်များ ပွားများပြီး စိတ်၏တည်ငြိမ်အေးချမ်းမှုဖြင့် သစ်တောတစ်ခုအတွင်းသို့ ဝင်လေရာ သစ်တုံးတစ်တုံးကို တွေ့ရှိရပါသည်ဘုရား။

သစ်တုံးကိုတွေ့ရှိရာမှ အေးချမ်းသောမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစိတ်တို့ဖြင့် သစ်တုံးအတွင်းသို့ ကြည့်ရှုရာ သစ်တုံးအတွင်း၌ အရုပ်တစ်ခုကိုတွေ့ရှိ၍ ယင်းသစ်တုံးအား အိမ်သို့ ယူဆောင်လာပြီး တည်ငြိမ်အေးချမ်းသောစိတ်ဖြင့် ထုလုပ်သောအခါ အရှင်ဘုရားအား ဆက်သခဲ့သော အရှင်မင်းကြီး၏ နန်းတော်ကြီးနှင့် လိုက်ဖက်တင့်တယ်လှသော ရသဂုဏ်မြောက်သည့် ဤလက်ရာကို ရရှိပါသည်။ ထို့ကြောင့် တပည့်တော်သည် အကုသိုလ်စိတ်တို့ကို ရင်တွင်းမှ ဖယ်ရှား၍ ကုသိုလ်စိတ်များပွားများကို ရင်တွင်း၌ စိတ်ကောင်း စိတ်မြတ်ပွားများ၍ သတိတရားနှင့် ထုလုပ်ရာမှ ဤရုပ်ထုကို ရရှိပါသည်ဘုရားဟု လျှောက်ထားသည်ဟုဆိုပါ၏။

ဦးပေါ်ဦးသက် ပြောပြသော ဤပုံပြင်က အကောင်းဆုံးအနုပညာမြောက်ပစ္စည်းများကို ဖန်တီးရာတွင် စူးဆောက် တန်ဆာပလာပစ္စည်းကောင်းများ ရရှိဖို့လိုသလို စိတ်ကောင်း စေတနာကောင်းလည်းလိုသည်။ ရုပ်သေးတစ်ရုပ်ထုရန် ရုပ်ပိုင်းလိုအပ်ချက်အရ ယမနေသား စစ်စစ်လိုသလို၊ အရုပ်တစ်ရုပ်ထုလုပ် ရန်ကျွန်းသားတစ်တုန်းလိုသလို အနုပညာတစ်ရပ် ဖန်တီးရာတွင်စိတ်ပိုင်း လိုအပ်ချက် အနေနှင့်စိတ်နှလုံးဖြူစင် သန့်ရှင်းဖို့လိုသည်။ အနုပညာ ပစ္စည်းများကို စိတ်နှင့်ရော လက်နှင့်ပါ ပြုလုပ် ဖန်တီးကြရာတွင် စိတ်ကောင်းမှ လက်ကောင်းသည်၊ လက်ကောင်းမှ ရသဖန်တီးမှုပေါ်လွင်သည်။

အနုပညာရှင်တို့သည်လက်ရာကောင်း၊ လက်ရာမှန်များကို ဖန်တီးရာတွင် စိတ်စေတနာသည် အရေးကြီးသည်။ အနုပညာမြောက်



ရန်ဖန်တီးသူ၏ စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါအရေးကြီးသည်။ အနုပညာသည် သူ၏စိတ်နှင့်ရုပ်မျှတညီညွတ်စွာရှိမှသာ အနုပညာကောင်း ပေါ်ထွက်လာစမြဲဖြစ်၏။

ရိုးသားမှုသည် အနုပညာပစ္စည်းများပေါ်ပေါက်လာရေးအတွက် အခြေခံစိတ်ထားတစ်ရပ်ဖြစ်ပါ၏။ လူတွင်ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးဟူ၍ ကာယကံကိစ္စ၊ ဝစီကံကိစ္စ၊ မနောကံကိစ္စများရှိရာ စိတ်သည် မူလကြပါသည်။ မှန်ကန်သောအတွေးအခေါ်ကမှ မှန်ကန်သောအနုပညာရပ်ကို မွေးဖွားပေးသည်။ လူ၏ စိတ်သည် နောက်ကျိနေပါက ထိုသူဖန်တီးသောအနုပညာသည်လည်း ရှင်းလင်းကြည်လင်နေမည်မဟုတ်ပါ။ ရိုးသားမှုဆိုသည့် အပြုသဘောစိတ်ဓာတ်ကိုဆိုလိုရင်း ဖြစ်သည်။ အရာရာကို အပြုသဘောဘက်မှ တွေးတောသော စိတ်နေသဘောထားသည် စိတ်ကောင်းရှိခြင်းဖြစ်ပါ၏။ အဓိကအားဖြင့် စိတ်ရင်းကောင်းရန်လိုပါသည်။

ဆရာဇော်ဂျီကသူ၏ ရသစာပေအဖွင့်စာအုပ် ဒုတိယအကြိမ်-၁၉၆၆ ခုနှစ်၊ နိဝင်ဘာလ၊ စာမျက်နှာ ၇၁ ၌ စာရေးဆရာနှင့် စာရေးဆရာအကြောင်းရေးရာတွင် စာရေးဆရာဖြစ်ဖို့အတွက် အခြေခံ စိတ်ကောင်းရှိဖို့လိုကြောင်းရေးသားခဲ့၏။

> စာရေးဆရာဆိုသောသတ္တဝါသည်လည်း ပတ်ဝန်းကျင်လောကကို ချစ်ကြိုက် အပ်ပါသည်။ စာရေးဆရာ၏ မေတ္တာဓာတ်အင်အားသည် ပတ်ဝန်းကျင်ပေါ်၌ ကောင်းကောင်းရှိနေဖို့လိုအပ်ပါသည်။ ထိုသို့ပြောဆိုရသည်မှာ လွယ်လှပါသည်။ လက်တွေ့ကျင့် ကြည့်သောအခါ ခက်ပါသည်။ သို့သော် ကျွန်တော်တွေးမိသော အချက်တစ်ခုမှာ စာရေးဆရာ၏ မေတ္တာဓာတ် အင်အားကောင်းလာအောင် စာရေးဆရာသည် ရှေးဦးစွာမိမိကိုယ်မိမိဆုံးမနိုင်မှုဖြစ်မည် ဟူသော အချက်ဖြစ်ပါသည်။ ကောင်းပြီ မိမိကိုယ်မိမိ ဆုံးမရမည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုခြင်းသည် အဘယ်နည်း၊ ကျွန်တော်ကြိုးစား၍ ရှင်းပြပါမည်။

လူကြီး၊ လူငယ်မရွေး လူတိုင်းလိုလို၌ပင်နေ့စဉ်နှင့်အမျှ မတော်ဒေါသ၊ မတော်လောဘ၊ မတော်မာန၊ ကုက္ကုစ္စရိယတို့သည် အနည်းနှင့်အများဆိုသလို ရှိတန်သလောက်ရှိနေတတ်ကြသည်ဟု ထင်ပါသည်။ ပုထုဇဉ်တို့၏ သဘာဝပင်။ ထိုသို့ရှိတတ်ခြင်းသည် အဘယ်ကြောင့်နည်း၊ မိမိကိုယ်ကိုသာမိမိနှစ်သက်၍ မိမိကိုယ် မိမိသာ မိမိစိတ်ဝင်စားနေတတ်ခြင်းကြောင့်ဖြစ်သည်ဟု ထင်ပါသည်။ မိမိကိုယ်ကိုသာ မိမိနှစ်သက်၍ မိမိကိုယ်၌သာမိမိစိတ်ဝင်စားနေပါလျှင် မိမိကိုယ်ကိုသာ မိမိမြင်နေ၍ မိမိကိုယ်ကိုသာ မိမိကြားနေရသည်။ မိမိကိုယ်ကိုသာ မိမိမြင်နေ၍ မိမိကိုယ်ကိုသာမိမိကြားနေပါလျှင် ပတ်ဝန်းကျင်ကို အဘယ်မှမြင်နိုင်တော့အံ့နည်း။ ကြားနိုင်တော့အံ့နည်း။ ထိုသို့ဆိုလျှင် စာရေးဆရာသည် အဘယ်မှာရှိတော့အံ့နည်း။ ဦးနှောက်ခြောက်ကြရလေပြီ၊ ထိုသို့ဖြစ်လျှင်မည်သို့ပြုလုပ်ရမည်နည်း။ ဦးနှောက်ခြောက်ခြင်း၏အကြောင်းကို ရှာရန်ဖြစ်လာပါသည်။ ထိုအကြောင်းရင်းသည် အခြားမဟုတ်၊ အထက်ကဆိုခဲ့သောမတော်လောဘ၊ မတော်ဒေါသ၊ မတော်မာန၊ ကုက္ကုစ္စရိယဆိုသော စိတ်ဆိုးစိတ်ညစ်တို့ပင်ဖြစ်သည်။ ထိုစိတ်ဆိုးစိတ်ညစ် တို့ကိုကြိုးစား၍နှိမ့်ရာသည်။ ထိုသို့ပြောလိုက်သောအခါ အပြောရလွယ်ပါ၏။ ကျင့်ကြည့်သောအခါ အလွန်ခက်သည်။

သို့ရာတွင် စိတ်ကူးဉာဏ်ရှိသည်ဟုထင်၍ စာကောင်းပေကောင်းရေးချင်စိတ်ရှိလျှင် ကြိုးစား၍ ကျင့်ရမည်သာဖြစ်သည်။ စာရေးဆရာကောင်း(အနုပညာသည်ကောင်း) ဖြစ်ချင်လျှင်၊ ကြိုးစား၍ ကျင့်ရမည်သာဖြစ်သည်။ အထက်က ဆိုခဲ့သည်အတိုင်း စိတ်ဆိုးစိတ်ညစ်တို့သည် လူ၌ပူးကပ်နေတတ်သည်ကို ရှေးဦးစွာသိရာသည်။ ထို့နောက်ထိုစိတ်ဆိုးစိတ်ညစ်တို့အား နည်းသွားအောင်အားထုတ်ရာသည်။ နေ့စဉ်နှင့် အမျှသွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၊ ပြောရင်း၊





ဆိုရင်းဆိုသလို မတော်လောဘ၊ ထွက်တတ်သည်။မတော်မာနကြွတတ်သည်။ ကုက္ကုစ္စရိယပေါ်တတ်သည်ဟု ကြိုတင်၍သိထားရန်လိုသည်။ ထိုသို့ သိထား၍ စိတ်ဆိုးစိတ်ညစ်ပေါ်လာတိုင်း သတိထားကြည့်ပါ။ ထိုသို့ကျင့်ရသည်မှာ မလွယ်လှပါ။ ကြိုတင်သိထား၍ သတိပြုနေပါလျက်၊ သတိပြုနေသည့်အထဲက ပေါက်ကျ၊ ယိုကျ၊ ဖိတ်ကျတတ်သည်။ တခါတရံမီးဟုန်းဟုန်းပင် ထတောက်တတ်သည်မှာ ခဏခဏဖြစ်သည်။ သို့ရာတွင် ကြိုးစားရမည်သာ ဖြစ်သည်။ မတော်လောဘထွက်တိုင်း မတော်လောဘထွက်ပြီ၊ မတော်ဒေါသထွက်တိုင်း မတော်ဒေါသထွက်ပြီ၊ မတော်မာနကြွတိုင်း မတော်မာနကြွပြီ၊ ကုက္ကုစ္စရိယပေါ်တိုင်း ကုက္ကုစ္စရိယပေါ်ပြီဟု သတိပြုနိုင်အောင်စောင့်ကြည့်ဖို့လိုသည်။ မှန်ထဲတွင် မိမိရုပ်ကို မိမိပြန်ကြည့်သကဲ့သို့ မိမိ၏စိတ်ဆိုးစိတ်ညစ်ကို မိမိပြန်ကြည့်တတ်ဖို့ဖြစ်ပါသည်။ မြင်လာလျှင်အလွန်ရယ်စရာ ကောင်းပါသည်။ မမြင်သေးလျှင်မူ မိမိကိုယ်ကို မိမိလူဟုတ်ဟူ၍ ထင်နေချင်တတ်ပါသည်။

နည်းများမဆို၊ တတ်နိုင်သလောက် ထိုသို့အားထုတ်နိုင်လျှင် မတော်လောဘ၊ မတော်ဒေါသ၊ မတော်မာန၊ ကုက္ကုစ္စရိယတို့သည် စိတ်သန္တာန်၌ အားနည်းသွားစရာအကြောင်းရှိသည် ဟုထင်ပါသည်။ ထိုသို့အားနည်းသွားသည်နှင့်အမျှ မေတ္တာစာတ်သည် အားကောင်းလာမည် ဟုထင်ပါသည်။ မေတ္တာဓာတ် အားကောင်း လာလျှင် ပတ်ဝန်းကျင်ကို နှစ်သက်ခြင်းဖြစ်လာနိုင်ပါသည်။ ပတ်ဝန်းကျင်ကို နှစ်သက်ခြင်း ဖြစ်လာပါလျှင် ပတ်ဝန်းကျင်၌ စိတ်ဝင်စားခြင်း ရှိလာနိုင်ပါသည်။ ပတ်ဝန်းကျင်၌ စိတ်ဝင်စားခြင်းရှိလာလျှင် ပတ်ဝန်းကျင်မြင်မှုရှိလာလျှင်ပင် စာရေးဆရာအကြောင်းအချက်တို့သည် တစ်ပုံတစ်ခေါင်းကြီးပါပေ။

ဟုရေးသားခဲ့သည်။ စာရေးဆရာ အနုပညာရှင်တစ်ဦးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အနိမ့်ဆုံးထားရှိရမည့် သဘောထားကို ဆရာဇော်ဂျီက ပြောခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင်ဆရာဇော်ဂျီကယင်းစာအုပ်၌ ကဗျာသဘောနှင့် ကဗျာရည်ရွယ်ချက်အခန်း စာမျက်နှာ ၁၁၉တွင်

**“စိတ်ကူးဉာဏ်ရှိ၍ စာရေးလိုသောသူအဖို့မှာ**
**စိတ်ကောင်း မွေးရခြင်းသည် အခယာဖြစ်သင့်သည်”**

ဟူ၍တိတိလင်းလင်းပင်ဆို၏။

ဆရာနန္ဒာသိန်းဇံကမူ သူ၏အနောက်တိုင်းရသပညာ စာတမ်း စာမျက်နှာ ၁၂၁ ပလေတို၏ သမ္မတနိုင်ငံကျမ်းကို ကိုးကား ဖော်ပြရာတွင် -

> ပလေတို၏ သမ္မတနိုင်ငံကျမ်းတွင် အနုပညာဆိုင်ရာလှုပမှုကို ဆုံးဖြတ်ရာ၌ ကိုယ်ကျင့်တရားဆိုင်ရာ ရှုထောင့်မှ ဆုံးဖြတ်ရမည်ဟုဆိုထားပေသည်။ ထို့ပြင် ကိုယ်ကျင့်တရားပျက်ပြားဆိုးဝါးမည့် အနုပညာရပ်များကိုလည်း တင်ပြထားသည်။ အနုပညာဟူသည် ကိုယ်ကျင့်တရားကောင်းမွန်ရေးကို အထောက်အကူပြုရမည့် လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် အနုပညာသည် လိုအပ်သည်ဟူ၍ လက်ခံထားခဲ့၏။

ဟူ၍ ဖော်ပြထား၏။

ဆရာဦးမြင့်စံကလည်း သူ၏ပန်းပုဆိုင်ရာ ရသပညာစာတမ်း (စာမျက်နှာ ၁၆၇) တွင်

> အနုပညာရသဖော်ထုတ်မှုအပိုင်းတွင် အဓိကကျသော သော့ချက်မှာ တင်ပြသောပညာရှင် မှ ရိုးသားမှုကို အခြေခံပြီး စိတ်စေတနာအပြည့်ဖြင့် မိမိခံစားမှုကို ထုတ်ဖော်တင်ပြရန်သာ ဖြစ်သည်။

ဟုဆိုပါ၏။





မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက သူ၏ ကျောင်းတိုက်ကြီးတွင် ကျောင်းဝင် စည်းကမ်းကို သတ်မှတ်ရာတွင် စိတ်ကောင်းရှိမှုသည် ပထမဟုသတ်မှတ်ထားပါ၏။ စကော့ သူမျိုးစာရေး ဆရာသောမတ်(စ်)ကာလိုင်းက Hero and heroworship ဟူသောစာအုပ်ကို ရေးသားရာတွင် ကမ္ဘာပေါ်ရှိ ထူးချွန်ထင်ရှားသော ပုဂ္ဂိုလ် ၁၀၀ ကို လေ့လာခဲ့ရာ သူတို့အားလုံးသည် ရိုးသားကြသူများဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့၏။

- အနုပညာရပ်ပေါ်တွင် ရိုးသားမှုရှိရမည်။
- အနုပညာအားခံစားသူ ပရိတ်သတ်ပေါ်တွင် ရိုးသားမှုရှိရမည်။

ထိုအရာသည် အနုပညာရှင်တိုင်းတွင် မရှိမဖြစ်လိုအပ်သော အရည် အချင်း ဖြစ်ပါသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

## အနုပညာ

"အနုပညာဆိုသည်မှာ လူသည်သူ့ဘဝအတွေ့အကြုံများကို အခြေခံ၍ သဘာဝတရားအားတုပလျက် သူ၏ ရုပ်ဘဝစိတ်ဘဝ လိုအပ်ချက်များ ရရှိဖြည့်ဆီးရင်း သူ့ဘဝ ရှင်သန်ရေးအတွက် အကြမ်းပတမ်းမပါဘဲ အနုစိတ်အသေးစိတ်ပြုလုပ်သော အလှအပပါဝင်သည့်ခံစားမှုကို လှုံ့ဆော်ပေးသော လူကသူကိုယ်တိုင် လွတ်လပ်စွာတွေးတောဖန်တီးပြုလုပ်သည့် ပညာရပ်ကို အနုပညာဟု ခေါ်သည်။"

ဤစကားရပ်ကို အခန်း (၁) တွင် ကျမ်းဦးအကြိုအဖြစ် ရှင်းလင်းခဲ့ပြီးဖြစ်ပါ၏။

ဤစကားရပ်ကို ထပ်မံရှင်းလင်းတင်ပြအပ်ပါ၏။ ထိုစကားရပ်အတိုင်း အနုပညာ၏ အဓိပ္ပါယ် ဖွင့်ဆိုပါက -



www.burmeseclassic.com

www.burmeseclassic.com



(က) အနုပညာဟူသည် သဘာဝနှင့် တိုက်ရိုက်မဟုတ်ပဲ လူက သဘာဝကို တု၍ သူ့ဟာသူတွေးတော ခံစား တီထွင်ထားသော ပညာရပ်ဖြစ်၏။

(ခ) လူသည်သူ့ဘဝခရီးလမ်းအနှစ်တသန်း အတွေ့အကြုံကို အရင်းအနှီးပြု ဖန်တီးသော ပညာရပ်ဖြစ်သည်။

(ဂ) အနုပညာဟူသည် လူကသဘာဝတရားကိုမှီး၍ အတုပြုလုပ်ခံစားသော ပညာရပ်ဖြစ်သည်။

(ဃ) လူသည်အနုပညာကို သူ့ဘဝရှင်သန်ရေးအတွက် ရုပ်ဘဝနှင့် စိတ်ဘဝလိုအပ်ချက်တို့အရ တွေးတောဖန်တီးခဲ့သော ပညာရပ်ဖြစ်၏။

(င) အနုပညာရပ်ဟူသည် ဘဝပတ်ဝန်းကျင်ရှိ ဆန့်ကျင်ဘက်တရားတို့ကို ညီညွတ်မျှတမှုဖြစ်အောင် ကြိုးစားဖန်တီးတီထွင်ထားသော ပညာရပ်ဖြစ်သည်။

(စ) အနုပညာတွင် ကြမ်းတမ်းမာကြောခက်ထန်မှုများ မပါဝင်၊ နူးနယ်သိမ်မွေ့မှုများ ပါဝင်သည်။

(ဆ) အနုပညာရပ်သည် အနုသဘောဆန်သည်။

(ဇ) အနုပညာတွင် အလှတရားပါဝင်သည်။

(ဈ) အနုပညာတွင် သဘာဝတရား၏ ထိန်းချုပ်မှုရှိသည်။

(ည) စိတ်ခံစားမှုပါဝင်သည်။

(ဋ) အနုပညာသည် အမှန်တရားကို ဖော်ထုတ်သော ဘာသာရပ်ဖြစ်သည်။

(ဌ) အနုပညာတွင် သိစေလိုသော စေတနာ၊ အသုံးဝင်စေလိုသော စေတနာနှင့် ခံစားစေလိုသော စေတနာတို့ ပါဝင်သည်။

(ဍ) အနုပညာသည် သံသရာကိုချဲ့ထွင်တတ်သော သဘောရှိ၍ လောကုတ္တရာကိစ္စနှင့် မဆိုင် လောကီကိစ္စနှင့်သာ ဆိုင်သည်။





(ဎ) အနုပညာ၌ ဆွဲဆောင်လှုံ့ဆော်ပေးနိုင်သော စွမ်းအားရှိသည်။

အနုပညာသည် လူနှင့်သာဆိုင်သည်။ အနုပညာကို လူကသာ ပြုလုပ်နိုင်သည်။ လူသည်သူ့ဘဝ လိုအပ်ချက်များအရ အနုပညာကို ဖန်တီးခြင်းဖြစ်သည်။ လူမှတစ်ပါးအခြားသူများသည် အနုပညာကို မတီထွင်နိုင်၊ လူမှတစ်ပါး အခြားသူတို့ တီထွင်သောအရာသည် အနုပညာမဟုတ်။ အနုပညာတွင်လူ၏ အားထုတ်မှုပါရမည်။ လူသည် သူ့ခန္ဓာကိုယ်နှင့် သူ့ဦးနှောက်ကြောင့် အနုပညာကို ဖန်တီးနိုင်ခြင်းဖြစ်သည်။ သူ့ခန္ဓာကိုယ်၏ အရွယ်အစား ခြေဖဝါးပေါ်တွင် ရပ်တည်နေမှု၊ ခါးရိုး၊ လည်ပင်း၊ အရေပြားအောက်မှ ကြွက်သားများ ကြောင့် အနုပညာရပ်များ ပေါ်ပေါက်လာခြင်းဖြစ်၏။ ထိုကဲ့သို့သော အံ့ဘွယ်ဘနန်းရှိသည့် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများဖြင့် ပြုလုပ်ဖန်တီးသော အရာကိုမှ အနုပညာဟုခေါ်သည်။ လူ့ဦးနှောက်ကလည်း အနုပညာဖန်တီးမှုတွင် အံ့မခန်းပါဝင်မှုရှိသည်။ ဦးနှောက်သည် အာရုံကြောများနှင့် ဆက်စပ်ကာအသိဉာဏ်၊ စဉ်းစားဉာဏ်တို့နှင့် အာရုံခံစားမှုတို့ကိုပါ ပေးသည်။ အနုပညာရပ်တွင် ခံစားမှုပါဝင်၏။ ထိုခံစားမှုသည် ဦးနှောက်မှ ယိုစီးလာမှုဖြစ်၏။ အနုပညာခံစားမှုသည် ဦးနှောက်နှင့် ဆိုင်သည်။

အခြားသတ္တဝါများတွင်လည်း ခန္ဓာရောဦးနှောက်ပါရှိပါသည်။ သို့သော် အခြားသတ္တဝါများ၏ ခန္ဓာကိုယ်သည် လူ၏ခန္ဓာကိုယ်လောက် ဤစကြာဝဠာတွင် နေထိုင်ရန် အနေတော်မရှိ။ လူ့ခန္ဓာကိုယ်အနေအထားသည် နေစကြာဝဠာတွင် အသက်ရှင်သန်ရန် အနုပညာရပ်များကို တီထွင်ရန် မကြီးလွန်းမသေးလွန်းဘဲ သင့်တင့်သော အရွယ်တွင်ရှိ၏။ လူ့ဦးနှောက်သည် အခြားသတ္တဝါတို့၏ ဦးနှောက်ထက်ပို ထက်မြက်သည်။ ပိုမိုစဉ်းစားဉာဏ်ရှိသည်။ ပိုမိုခံစားနိုင်စွမ်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အနုပညာသည် လူနှင့်သာဆိုင်သော လူ့ခန္ဓာနှင့် ဦးနှောက်ကြောင့် ဖြစ်ပေါ်လာသော ပညာရပ်ဟု မှတ်သားနိုင်၏။

**လူ့ဘဝအနှစ်တစ်သန်းအတွေ့အကြုံ**

လူ့ဘဝခရီးလမ်းနှစ်တစ်သန်းကို လူတို့ဖြတ်သန်းခဲ့ကြ၏။ လူတို့ဖြတ်သန်းခဲ့သော ဘဝအတွေ့အကြုံတို့ကား များပြားလှ၏။ လူသည် ပရိုင်းမိတ်ဘဝမှ လူဖြစ်လာသည်အထိ အနှစ်သန်း ၄၀ ဖြတ်သန်းခဲ့ရ၏။ လူတို့ဖြတ်သန်းခဲ့သော အနှစ်တစ်သန်းသို့ ရောက်ရှိသောသူသည် ခါးကိုခပ်မတ်မတ်ရပ်လာနိုင်ခဲ့သည်။ လူသည်ခပ်မတ်မတ်ကလေး ရပ်နိုင်သောခန္ဓာဖြင့် ရေခဲခေတ်ကြီးများကို ဖြတ်ကျော်ခဲ့ရသည်။ မိုးတွေရွာ လေတွေတိုက်၊ ရေတွေကြီး ဩကာသ လောကကြီးတွင် ဘူမိခေတ်ပေါင်းများစွာကို ကျော်လွှားဖြတ်သန်းလာသော လူသား၏ ဘဝခရီးလမ်းသည် လွှမ်းဆွေးစရာကြီး ဖြစ်၏။ အားတက်စရာလည်း ဖြစ်၏။ အလွမ်းအသော အတွေးတို့ဖြင့်လည်း ရောယှက်နေလေ၏။ ထိုအတွေ့အကြုံများကို အခြေခံ၍ လူသည်အနုပညာအရပ်ရပ်ကို ဖန်တီးသည်။

**အနုပညာသည် သဘာဝကို အတုပြုလုပ်ခံစားခြင်း**

ကျောက်ခေတ်လူသား သို့မဟုတ် ကျောက်ခေတ်အကြို လူသားတို့သည် သူ့တွင်ရှိသောလက်ဖြင့် ပတ်ဝန်းကျင်တွင်ရှိသည့် ရွှံ့၊ သစ်သား၊ ကျောက်တုံး၊ ကျောက်ခဲ၊ အရောင်၊ သတ္တု၊ အရိုး၊ သားရည်၊ သစ်သားသစ်ခေါက်၊ သစ်သားအမျှင်၊ ဝါးအမျှင်၊ ဆံပင်ချည်၊ အမွေးစသည်တို့ကို အသုံးပြု၍ အရုပ်များ၊ အိုးခွက်ပုဂံများ၊ ခြေနင်းဦးထုပ်များ၊ အလှအပအဆင်တန်ဆာများ၊ နားကပ်၊ ခြေကျင်းများပြုလုပ်ဝတ်ဆင်၏။ လူ၏ဦးနှောက်ကစေခိုင်းသမျှကို လက်ကလိုက်လုပ်သည်။ လူသည် သူ့ပတ်ဝန်းကျင်တွင်ရှိသောအရာများကို ပတ်ဝန်းကျင်ရှိ ရရှိသမျှ





သော ဖော်ပြပါပစ္စည်းတို့ဖြင့် အားအားရှိတိုင်းအတုပြုလုပ်ကြသည်။ ဒုတ်နှင့်ခြစ်၊ ဒုတ်နှင့်ရိုက်၊ ကျောက်ခဲနှင့်သွေး၊ နံရံတွင်သုတ်၍ သဘာဝ၏သဘောသဘာဝကို လေ့လာ၊ ဖြစ်တတ်ပျက်တတ်ပုံတို့ကို အမျိုးမျိုးပုံဖော်ပြခြင်းတို့ပြုရာမှ အနုပညာအရပ်ရပ်ပေါက်ဖွားခဲ့၏။

သဘာဝဖြစ်စဉ်တို့သည် ဘယ်အချိန်ဖြစ်ပေါ်လာမည်ကိုမသိ မိုးဘယ်အချိန်ရွာမည်၊ နေဘယ်အချိန်ပူသည်မသိ၊ သူပေါ်လာချိန်မှ ပေါ်လာတတ်၏။ ပေါ်လာချိန်ရောက်သောအခါတွင် လည်း အခါအားလျော်စွာ အလွန်ပြင်းထန်၏။ တကယ်ပျက်စီးမှုများ ဖြစ်၏။ ဥပမာ မုန်တိုင်း တိုက်ခတ်၍ ဖြစ်ပေါ်ခံစားရသော ဝေဒနာအရပ်ရပ်သည် သဘာဝကြောင့် လူတို့ခံစားရသော ဝေဒနာများကို ဖြစ်ပေါ်စေ၏။ ၂၀၀၅-ခုနှစ်အတွင်းက ဖြစ်ခဲ့သော အာရှတောင်ပိုင်း ပါကစ္စတန်နှင့် အိန္ဒိယနယ်စပ်တွင်ဖြစ်ပေါ်ခဲ့သောငလျင်၊ ထိုနှစ်ကပင် အိန္ဒိယပင်လယ်တွင် ဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်း စသော သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်သည့် ဒုက္ခခံစားမှုတို့သည် ကြီးမားသည်။ လူသားများ သူတို့ဘဝသူတို့ခန္ဓာကိုယ်နှင့် မမျှလောက်အောင် ခံစားရသည်။

လူသည် ငလျင်လှုပ်၍ ခံစားရမှု၊ ဆူနာမီရေလှိုင်းကြောင့် ဖြစ်ပေါ်ခံစားရမှု၊ မီးတောင်ပေါက်ကွဲခြင်း သင်္ဘောပျက်ခြင်းစသော ဘေးအန္တရာယ်များကို အနုပညာတရပ်ရပ်ကို အသုံးပြု၍ ရုပ်ရှင်ဖြင့် အတ်စင်ဖြင့် အတုပြုလုပ်ခံစားကြ၏။ အတုပြုလုပ်ခြင်းသည် အစစ်အလားထင်မှတ်၍ ငိုစရာရှိပါက ငိုရသည်။ ရယ်စရာရှိပါက ရယ်ရသည်။ ထိုကြောင့် အနုရသ အရဖြစ်ပေါ်သောခံစားမှုသည် တကယ်ငိုရ ဘကယ်ရယ်ရသော်လည်း တကယ်မဟုတ်၍ ခံစားမှုသက်သာ၏။ သဘာဝ၏တကယ်ဖြစ်ပျက်မှုတို့သည် ခံစားရမှုပြင်းထန်လွန်းအားကြီးသောကြောင့် ထိုခံစားချက်တို့ကို အတုလုပ်ခံစားခြင်းသည် အနုပညာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## ရုပ်ဘဝလိုအပ်ချက်

အနုပညာရုပ်များတွင် လူ့ဘဝရှင်သန်ရေးအတွက် ရုပ်ဘဝလိုအပ်ချက် အရ လူတို့ကြံဆပြုလုပ်သော ပစ္စည်းများပါဝင်၏။ လူသည် သဘာဝအန္တရာယ်များ၊ ပယောဂအန္တရာယ်များ၊ မတော်တဆ ကိစ္စများမှ ကင်းဝေးစေရန် အကာအကွယ်ပြုလုပ်နေကြရ၏။

တဖန်လူသည် စားဝတ်နေရေးနှင့် လူမှုရေးလိုအပ်ချက်တို့ကလည်းရှိနေရာ စားဖို့ ဝတ်ဖို့ နေဖို့၊ လူလူချင်း ပေါင်းသင်းဆက်ဆံဖို့ လူသည်သူ့ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေနိုင်ဖို့နှင့် အိုနာသေတို့ကို ရင်ဆိုင်ရန်အတွက် ရုပ်ဘဝကလိုအပ်သော ပစ္စည်းများကိုလည်းတွေးတောကြံဆတီထွင်ကြရ၏။ လူသည်မြေကြီးဖြင့် အိုးလုပ်သည်။ မြေနှင့်အုတ်ဖုတ်သည်။ အုတ်ဖြင့် အဆောက်အအုံများနေစရာ နေရာစသည်တို့ဆောက်လုပ်၏။ သူရေဆာသောအခါ အဆင်သင့်သောက်သုံးနိုင်ရန် ကျောက်တုန်းများကို ရေထည့်ရန်ကျောက်ခွက်များ ပြုလုပ်၏။ ကြေးဖြင့်လည်းကောင်း သံဖြင့်လည်းကောင်း၊ ရွှေဖြင့်လည်းကောင်း၊ အခြားသတ္တုများဖြင့် လည်းကောင်း လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်၏။

ပန်းပဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းရံ၊ ပန်းတမော့၊ ပန်းတော့၊ ပန်းချီ၊ ပန်းတိမ်၊ ပန်းရွှဲ၊ ပန်းသေး၊ ပန်းပွတ်၊ ပန်းယွန်း၊ မှန်စီရွှေချ၊ ရွှေဆိုင်းလုပ်ငန်း၊ ရွှေချည်ထိုး၊ စဥ့်လုပ်ငန်း၊ ဖန်ချက်လုပ်ငန်း၊ ဒေါင်းရွှေ ရွှေရည်စိမ်၊ ငွေရည်စိမ်လုပ်ငန်း အခြားသော အလားတူပညာရပ်တို့သည် ရုပ်ဘဝလိုအပ်ချက်အရ လူတို့သဘာဝတရားကို တုပ၍ တွေးတောကြံဆတီထွင်ပြုလုပ်ထားသော ပစ္စည်းများဖြစ်သည်။ ယင်းတို့သည် အနုထည်လုပ်ငန်းများ ဖြစ်သည်။ အလှအပပါဝင်သည်။ အသုံးဝင်စေသော စေတနာပါဝင်သည်။ ယင်းတို့သည် လူတို့ ကိုယ်တိုင်ပြုလုပ်ထားသော ပညာရပ်များဖြစ်၏။



## စိတ်ဘဝလိုအပ်ချက်

လူတွင်ခံစားမှု၊ တွေးတောကြံဆ တီထွင်စဉ်းစားနိုင်မှု၊ မှတ်သားနိုင်မှု၊ ချင့်ချိန်နိုင်မှုတို့ရှိရာ လူသည်တခါ်က ဆင်ကြီးတကောင် ချောက်ထဲကျနေသည်ကို အခွင့်ကောင်းယူ၍ ထိုဆင်ကြီးကို ဖမ်းဆီးကြသည်။ ခဲများနှင့် ပစ်ပေါက်ခုတ်ထစ်၍ သတ်လိုက်ကြ၏။ ဆင်ကောင်ကြီးအား အမဲဖျက်ကာကင်၍တစ်မျိုးဖုတ်၍ တစ်ဖုံ တပျော်တပါး စားကြ သောက်ကြသည်ကို သူတို့သတိရကြ၏။ နောင်အခါ ဆင်ကြီးကို မဖမ်းမိသော်လည်း ကျောက်တုံးကြီးတစ်တုံးကို ဆင်ကြီးဟု အတုပြုလုပ်၍ မျှားနှင့်ပစ်၊ ဒါးဖြင့်ခုတ်၊ တုတ်နှင့်ရိုက်ကာ ဝိုင်းဖမ်းကြပြီး ယခင်ဆင်ကြီး ဖမ်းမိစဉ်ကကဲ့သို့ ကခုန်ကြကာ နွားတစ်ကောင်ကို သတ်စားကြသည်။ ထို့နောက် သာရကာ ကျေးငှက်တို့မြူး ပျော်သီဆိုကြသကဲ့သို့ သဘာဝတရားကိုတု၍အော်ဟစ်သီဆိုကြ၏။ တဖန်လူသည် သူကြားဖူးသော ရေကတွတ်ပေါက်မှ ရေကျသံလေးလို ငြီးဆိုမိသည်။ တဖန် ကြေးကြိုး၊ သားရေ၊ လေ၊ လက်ခုပ်တို့ဖြင့် အသံများကို တီးခတ်ပြီး သဘာဝတရားအတွင်းမှ အသံများကိုအတုပြုလုပ်၏။ သူသည် အမဲလိုက်ရင်း တွေ့ခဲ့သော သမင်ဖိုကြီး၏ ပုံကို ကန့်၊ ဒုတ္တာ၊ ဟသ်ာ၊ ပြဒါး၊ ငွေးနီ၊ ငွေးဝါ၊ တိရစ္ဆာန်တို့၏ သွေး၊ သစ်ပင်မှထွက်သော သစ်စေးတို့ဖြင့် အရုပ်ရေးဆွဲ၏။ ထို့နောက်ရွံ့ဖြင့် သမင်ဖိုကြီး၏ပုံတူပြုလုပ်သည်။ သစ်သားဖြင့်ပုံတူပြုလုပ်၏။ ထို့နောက် မိမိပြုလုပ်သော ပုံများကိုကြည့်၍ ကျေနပ်ခံစားသည်။ ထို့ကြောင့် ဂီတ၊ သဘင်၊ အဆို၊ အက၊ ဇာတ်၊ အငြိမ့်၊ အတီးအမှုတ်၊ ပန်းချီ၊ ပန်းပုအစရှိသည့် ပညာရပ်တို့သည် သူသည်သဘာဝတရားကိုတုပ၍ခံစားမှု ဖြစ်အောင် စဉ်းစားတီထွင် လုပ်ဆောင်မှုပေါ်ထွန်းလာခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းတို့ကို စိတ်ဘဝလိုအပ် ချက်ကြောင့် ဖြစ်ပေါ်လာရသော အနုပညာရပ်များဟု ခေါ်ပါ၏။

ပန်းမျိုးတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဆန့်ကျင်ဘက်တရားများ ညီညွတ်မျှတရေး

### အတ္တ-ပရမျှတရေး

လူသည်အတ္တရှိသော သတ္တဝါဖြစ်သည်။ လွတ်လွတ်လပ်လပ်နေလိုသော သတ္တဝါလည်းဖြစ်သည်။ သို့သော် သူ့လိုပင်အတ္တရှိ၍ လွတ်လပ်စွာနေလိုသော လူများနှင့်မလွဲမရှောင်သာ ဆက်ဆံရ၏။ သဘာဝဘေးအန္တရာယ်များ၊ မတော်တဆကိစ္စများ ကြုံတွေ့ရသောအခါ လူသည် အတ္တကို ခေတ္တဘေးချိတ်၍ စုပေါင်း ကာကွယ်မှုကို ပြုလုပ်ကြရ၏။ အတ္တနှင့် ပရမျှတစွာနေထိုင်သော လူ့ဘဝသည် သာယာလှပသော လူ့ဘောင် လူ့ဘဝသစ်ကို ဖြစ်စေကြောင်း သိလာ၏။ အတ္တပရမျှတစွာ နေထိုင်သော လူ့ဘောင်ဘဝအဖွဲ့အစည်းသည် အလှတရားဆိုသည်ကို သိလာကြ၏။ လူသည်ဆင်ခြင်တုံတရားရှိသူတွေးတောကြံဆနိုင်သူဖြစ်သည်နှင့်အညီ ဆန့်ကျင်ဘက် တရားများ၏ ညီညွတ်မျှတမှု၏ အလှတရားများကို သိရှိလာသည်မှစ၍ လူ့ဘောင်ဘဝသာယာဝပြောရေး၊ စည်ပင်သာယာရေး၊ ညီညွတ်မျှတရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် **အတ္တ-ပရ မျှတရေး လုပ်ငန်းစဉ်များ** ရေးဆွဲခဲ့ကြ၏။ ဆန့်ကျင်ဘက်တရားများ၏ ညီညွတ်မှုသည် အလှတရားဖြစ်သည်ကို လူသည်သဘာဝတရားထဲမှ ရှာဖွေတွေ့ရှိ၏။ ဤကမ္ဘာကြီးသည် မာခြင်းနှင့် ပျော့ခြင်း၊ ပူခြင်းနှင့် အေးခြင်း၊ ယိုစီးခြင်းနှင့် မာခဲခြင်းစသော ဓါတ်ကြီးလေးပါး၏ သဘောများကိုတွေ့ရှိပြီး လူလူချင်း ဆက်ဆံရာတွင် တရားမျှတမှုရှိမှ အပြန်အလှန်လေးစားမှုဖြစ်စေမည်ကိုသိသောအခါ တရားမျှတသော လူမှုဆက်ဆံရေး စည်းကမ်းများ၊ ဥပဒေများ၊ နီတိများ၊ ကျင့်ဝတ်များ၊ ကိုယ်ကျင့်တရားများကို လူ့ဘောင်ဘဝအတွင်း ချမှတ်လိုက်နာခဲ့ကြသည်။ **'ထိုသို့ လိုက်နာမှုသည် အနုပညာပင်ဖြစ်သည်။'** မလိုက်နာမှုသည် အကြမ်းဖက်မှု၊ ကြမ်းတမ်းရိုင်းပြမှု၊ မယဉ်ကျေးမှုတို့သည် ဖြစ်သည်။





## အနုပညာတွင် ကြမ်းတမ်းခက်ထန်မှုမပါ

လူတို့သည်သဘာဝတရားကြီးထဲမှ အရာများကို အတုပြုလုပ်၍ မိမိဘဝစိတ်လိုအပ်ချက် ရုပ်လိုအပ်ချက်များ မျှတစွာ ဆက်ဆံမှု အတွေးများ လူ့ကိုယ်ကျင့်တရားများကို ကြံဆလုပ်ဆောင်ရာတွင် ကြမ်းတမ်းခက်ထန်မှုပါဝင်လျှင် ယင်းကိုအနုပညာဟု မခေါ်ဘဲထားချင်၏။ လူတို့ပြုလုပ်တာ မှန်ပါစေ လူ့ဘဝအတွက် အကျိုးရှိတာမှန်ပါစေ။ သဘာဝကို တုပပြုလုပ်တာဖြစ်ပါစေ။ စေတနာပါဝင်ပါစေအကြမ်းပတမ်းလုပ်ဆောင်လျှင် ကြမ်းတမ်းမှုဖြစ်လျှင် ယင်းကို အနုပညာစာရင်းတွင် မထည့်ပါ။ အနုပညာ စာရင်းမှပယ်ပစ်ပါသည်။ ဥပဒေဘာရပ်ဆိုကြပါစို့။ ထိုဥပဒေသည် သဘာဝကျသည်။ ပြဋ္ဌာန်းသင့်သောဥပဒေ ဖြစ်သည်။ လိုက်နာဖို့လည်းကောင်းသည်။ သို့သော် ထိုဥပဒေကို အတင်းအကြပ် ပြဋ္ဌာန်းမှုသည် အနုပညာမမည်။ ယင်းဥပဒေမည်မျှကောင်းမွန်စေကာမူ ယင်းနီတိမည်မျှ ကောင်းစေကာမူ လိုက်နာဖို့အတွက် သင်ကြားမှုနည်း၊ ဆုံးမမှုနည်း၊ အနုနည်းတို့ဖြင့် ပြုလုပ်ပြီးအားလုံးသဘောတူလျှင် ထိုပြဋ္ဌာန်းချက်အတည်ပြုမှုသည် အနုပညာမည်ပါ၏။ သို့မဟုတ်ပါက အကြမ်းဖက်မှုမည်ပါသည်။ အမေကသားအား လိမ္မာရေးခြားရှိအောင် ဇာတ်ဝတ္ထု၊ ပုံပြင်များပြော၍ ဆုံးမလျှင်အနုပညာဖြစ်၏။ ရိုက်နှက်ဆုံးမလျှင် အကြမ်းဖက်မှုဖြစ်သည်။

သဘာဝတရားအရ လောကကြီးထဲတွင် သဘာဝအလျောက်သူ့ဟာသူ ဖြစ်နေမှုများကို အနုပညာဟု မသတ်မှတ်ပါ။ နေမင်းကြီးထွက်လာတာ၊ နေဝင်ဆည်းဆာ၏အလှ၊ ဗျိုင်းတအုပ် အိပ်တန်းဝင်သွားတာတို့သည် အနုပညာမဟုတ်။ အနုပညာသည် လူကပြုလုပ်သောပညာရပ်ဖြစ်သည်။ လူသည် အနုပညာအရပ်ရပ်ကို သဘာဝတရားအား အတုယူ၍ ပြုလုပ်ထားခြင်းဖြစ်သည်။ စေတနာပါသည်။ အကြမ်းပတမ်းကိစ္စမပါရ။ သို့မှသာ အနုပညာမည်၏။ ရုပ်နှင့် ရုပ်ချင်းတိုက်ရိုက်တွေ့ဆုံဖြစ်ပေါ်သောကိစ္စများကို ကြမ်းတမ်း၍အနုပညာဟုမခေါ်ဆိုက်။



www.burmeseclassic.com

www.burmeseclassic.com



လူသည် သား၊ ငါး၊ အသီးအနှံတို့ဖြင့် အငွေ့တထောင်းထောင်း အနံ့တထောင်းထောင်း ထမင်းဝိုင်းကို ဝေဝေဆာဆာ စားချင့်စဖွယ် ဖြစ်အောင် ပြင်ဆင်ထားသည်။ ထမင်းဝိုင်းတွင် စားချင့်စဖွယ် ပြင်ဆင်ထားမှုသည် အနုပညာဖြစ်၏။ သို့သော်ထိုထမင်းဝိုင်းမှ အသားတုံး ငါးတုံးတို့ကို စားလိုက်၍ လျှာပေါ်၌ ချိုချဉ်ငန်စပ်ဖြင့် ပေါ်လာခြင်းသည် အနုပညာမဟုတ်။ ဝေဝေဆာဆာပြင်ဆင်ထားမှုသည် အနုပညာဖြစ်၏။

နေလုံးကြီးဝင်သွားတာ နေလုံးကြီး ထွက်လာတာ လေပြေလေညှင်းတိုက်ခတ်နေတာများတို့သည် သဘာဝ၏ အလှသာဖြစ်၍ လူတို့ပြုလုပ်ထားခြင်းမဟုတ်သောကြောင့် အနုပညာမဟုတ်။

တဖန်လူတို့ပြုလုပ်ထားတာတော့ မှန်သည်။ ရုပ်ရုပ်ချင်း ဖြစ်ပေါ်မှုကိစ္စများကို အနုပညာဟု မခေါ်။ စိတ်ခံစားမှုပါဝင်ရန် လို၏။ လူသည်လေယာဉ်ကြီးများကို သဘာဝတရားအား အတုခိုး၍တီထွင် ဖန်တီးပြုလုပ်သည်။ အသုံးဝင်မှုတန်ဖိုးလည်းရှိသည်။ သို့သော် ရုပ်ကြမ်းထည်ဖြစ်၍ စိတ်ခံစားမှု မပါဝင်သောကြောင့် အနုပညာဖန်တီးမှုဟု မဆိုနိုင်။ သူ့ကို စက်မှုပစ္စည်းဟုသာ ခေါ်၏။ သို့သော် ထိုလေယာဉ်ကြီးကို ကြည့်၍လူ၏ စိတ်တွင် အနုပညာခံစားမှုတရပ်ရပ်ဖြစ်ပေါ်ပါက သူ့ကိုစက်မှုအနုပညာဟုခေါ်ဆိုလိုက ခေါ်ဆိုနိုင်ပါ၏။

အာရုံခံစားမှုများတွင် ရုပ်အာရုံခံစားမှုသည် အနုပညာမဟုတ်။ စိတ်အာရုံခံစားမှုသည်သာ အနုပညာဖြစ်သည်။ ရုပ်လိုအပ်ချက်အရ ဖြစ်ပေါ်လာသော လူတီထွင်ဖန်တီးတာတော့မှန်ပါရဲ့ စိတ်ခံစားချက်မပါလျှင် အနုပညာမမည်။

ဥပမာ ထမင်းတစ်ပွဲ သို့မဟုတ် စားစရာတစ်စုံတစ်ရာကို လူကစားသည့်ကိစ္စ၊ သဘာဝ အသံဗလံများ လူများပြောဆိုနေမှု အသံများကို နားမှကြားနေသည့်ကိစ္စ၊ မုန်တိုင်းတွေကျ၊ လေတွေတိုက်နေတာကို လူကမျက်စေ့နှင့်တွေ့ပြီး ကြောက်ရွံ့မှုဖြစ်ပေါ် ခံစားနေရ





သောကိစ္စတို့သည် အနုပညာမဟုတ်။ သဘာဝတရား၏ တိုက်ရိုက်ဖြစ်ပေါ်မှုသာ ဖြစ်၏။ အလားတူ ကာမဂုဏ်အာရုံ ခံစားမှုသည်လည်း အနုပညာမဟုတ်။ သဘာဝတရား၏ ဖြစ်စဉ်များသည် အနုပညာဘာသာရပ်၌ အကျုံးမဝင်။ လူ၏ အာရုံငါးပါးနှင့် ပတ်ဝန်းကျင်ရှိ ရုပ်တရားတို့ တိုက်ရိုက်ထိတွေ့မှုများသည် အနုပညာမဟုတ်။

သဘာဝတရားအတွင်းဖြစ်ပျက်ပြောင်းလဲမှုများသည် မခံစားနိုင်လောက်အောင် ပြင်းထန်သောကြောင့် ထိုခံစားမှုများကို အတုလုပ်ခံစားမှုသည် အနုပညာဖြစ်၏။ လူသည် သူ့ဘဝခရီးလမ်း အနှစ်ဘစ်သန်းတွင် လေမုန်တိုင်းတွေကျ၊ လျှပ်စီးလျှပ်၊ ရေတွေကြီး၊ လူတွေသေကြကြေကြ၊ အိမ်ယာများ ပျက်စီးကြရသည်။ အိုနာသေဘေးကြောင့် တကယ်အို တကယ်နာ တကယ်သေကြရသည်။ ခင်မင်တွယ်တာ သံယောဇဉ်ရှိကြသူများ အချင်းချင်းခွဲခွာကြရသည်။ ချစ်သောသူနှင့် ကင်းကွာ၍ မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ကြရသည်။ ထိုဖြစ်စဉ်များကို လူကကြောက်သည်။ ထိုဖြစ်စဉ်များကို လူသည် မခံစားဝံ့၊ မိမိရွာလေး ရေလွှမ်းမိုး၍ ရွာလူဦးရေတဝက်လောက်သေကုန်သည်ကို နောက်တစ်ကြိမ် မခံစားလိုကြ။ သို့သော် ထိုသို့ဖြစ်တတ်သည်ကို နောင်လာနောက်သားတို့ အတုယူစေရန် ကာကွယ်မှုပြုနိုင်ရန် ရွာတွင် ရေကြီးစဉ်က အဖြစ်အပျက်ကို စကားနှင့် ပြန်ပြော၏။ အရုပ်ဆွဲ၍ ပြ၏။ ရုပ်လုံးရုပ်ပုံထု၍ ပြသည်။ သရုပ် ဆောင်၍ ပြ၏။ ဇာတ်အငြိမ့် ရုပ်သေးပြုလုပ်၍ပြသည်။ အသံစဉ်ဖြင့်ပြော၏။ ထိုသို့ သဘာဝတရား၏ ဖြစ်ရပ်ကို အသိတရားရစေရန် အတုလုပ်ပြခြင်း၊ အတုလုပ်ခံစားခြင်းသည် အနုပညာဖြစ်၏။

အမေသည် သူ့သားတကယ် သေသည်ကို ဘယ်လိုမှ ခံစားနိုင်စွမ်းမရှိ။ သို့သော် လူ့ဘဝသားသေခြင်း၊ လင်သေခြင်း၊ မိတကွဲ ဖတကွဲဖြစ်ခြင်းစသော မပဏ္ဍ၊ ကိုဒါသတို့၏ အဖြစ်အပျက်များရှိကြောင်း ပုံဝတ္ထု ဇာတ်လမ်းပြောပြ၍တနည်း၊ သရုပ်ဆောင်၍တနည်း



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်အငြိမ့်သဘင်ပွဲခံ၍ တဖုံ ရုပ်ထုပြုလုပ်အရုပ် ရေးဆွဲ၍ တနည်းပြောဆိုပြုလုပ် ဖန်တီးမှုသည် အနုပညာဖြစ်၏။ အနုပညာသည် အတုလုပ်ခံစားမှုဖြစ်၏။ သဘာဝတရားကြောင့် သဘာဝသဘောကြောင့် သေမှု အိုမှု နာမှု အနိစ္စတရားများကို အတုပြုလုပ်ခံစားသောပညာသည် အနုပညာဖြစ်၏။ လူတို့၏အတ္တသဘော လူတို့၏ ရက်စက်တတ်မှုလောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ သောက၊ ပရိဒေဝ၊ အတ္တသဘောများကို သရုပ်ဆောင်ပြမှုသည် အနုပညာဖြစ်၏။ လူတို့အတွင်းပရကိစ္စ ပျိုးထောင်လာပုံ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ သီလ၊ သမာဓိ၊ ပညာ၊ စေတနာတို့အကြောင်း သရုပ်ဆောင် ပြောဆိုမှုသည် အနုပညာဖြစ်သည်။ အနုပညာသည် ကောင်းကျိုးရောဆိုးကျိုးကိုပါ ပေးနိုင်၏။ မြန်မာ့အနုပညာက ယင်းသဘောတရားကို ကိုယ်ကျင့်တရား၊ အသိတရားဖြင့် ပြန်၍ထိန်းကျောင်းမှုပြုသည်။ ထိုအချက်သည် မြန်မာ့အနုပညာ၏ သဘောတရားဖြစ်၏။

ညီအစ်ကိုနှစ်ယောက်ရန်ဖြစ်ရင်း ဓါးဖြင့်ခုတ်ကြ ထစ်ကြရာမှ သွေးထွက်သံယိုဖြစ်ကာ ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ရခြင်းသည် အနုပညာမဟုတ်။ ပထမကမ္ဘာစစ် ဒုတိယကမ္ဘာစစ်ဖြစ်ပေါ် ခံစားရမှုများသည် အနုပညာမဟုတ်။ သို့သော် ဒုတိယကမ္ဘာစစ်နှင့် ပထမကမ္ဘာစစ်တို့မှ ဖြစ်ရပ်များကို ရုပ်ရှင်ဖြင့် ပြဇာတ်ဖြင့် ပြုလုပ်ပြသမှုသည် အနုပညာဖြစ်သည်။ ပန်းချီဆွဲ ပန်းပုထု စာဖြင့်တင်စားဖွဲ့နွဲ့ ရေးသားမှတ်တမ်းတင်မှုသည် အနုပညာဖြစ်သည်။

## အနုပညာသည် အနုပညာသဘောသက်သက်ဖြစ်၏

အနုပညာသည် တိုက်ရိုက်ပြဆိုမှုမရှိ။ အမေ၏ တစ်ဦးတည်းသောသား သေဆုံးရမှုကြောင့် ဖြစ်ပေါ် လာသည့် သောကပရိဒေဝမီးကို အနုပညာဖြင့် တိုက်ရိုက်ပြရိုးထုံးမရှိ။ အတုလုပ်၍သာပြ၏။ စောင်ခေါက်ကလေးကို သေဆုံးသည့်ရင်သွေးသဏ္ဌာန်ပြုလုပ်၍ သားဖြစ်သူ



တကယ်သေသည့်ပမာ ခံစားရအောင် သရုပ်ဆောင်မှုသည် အနုပညာဖြစ်၏။ တကယ့်ဖြစ်ရပ်များသည် ကြမ်းတမ်းလွန်း၊ ခံစားရလွန်း၍ တိုက်ရိုက် ခံစားရမှုမဟုတ်သော နမူနာပြဆို၍ သရုပ်ဆောင်ပြုလုပ်ခံစားမှုသည် အနုပညာဖြစ်၏။ တိုက်ရိုက်မပြဆိုခြင်း သည် အနုပညာသဘောဖြစ်၏။ တိုက်ရိုက်ပြသမှုသည် ကြမ်းတမ်းမှုပါဝင်သည် ထိုအရာများကို တိုက်ရိုက် ခံစားဖို့အတွက် လူ့နှလုံးသားသည် နုနယ်လွန်းလှ၏။ သံဝေဂရရန် အမှားကိုရှောင်ရန် အပြုသဘော လုပ်ဆောင်ရန်တို့အတွက် အနုနည်းဖြင့် စေတနာထားဥပမာ ဥပစာပြဆိုဆုံးမမှုသည် အနုပညာဖြစ်၏။ ဤနေရာ၌ ဗုဒ္ဓသည်အလွန်ကျွမ်းကျင်သော အနုပညာရှင်ဖြစ်သည်။

## အနုပညာတွင် လွတ်လပ်မှုရှိရန်လို

လူသည်မူလကပင် လွတ်လပ်စွာနေလိုသောသတ္တဝါဖြစ်၏။ ထို့ကြောင် အနုပညာရပ်များကို ဖန်တီးရာတွင်လည်း သူသည် လွတ်လပ်မှုကို လိုလားသည်။ အနုပညာကို ဖန်တီးသူသည်အနုပညာရှင် အနုပညာရှင်သည် လွတ်လပ်စွာ ဖန်တီးလိုသူဖြစ်၏။ အနုပညာရှင်အား လွတ်လပ်စွာဖန်တီးခွင့် တင်စားခွင့် ခံစားခွင့်ပြုရမည်ဖြစ်၏။ အနုပညာတီထွင်မှု၊ ဖန်တီးမှုတွင် သိစေလိုသော စေတနာအသုံးဝင်စေလိုသော စေတနာ၊ ခံစားစေလိုသော စေတနာစသော စေတနာတရပ်ရပ် ပါဝင်သည်။ အနုပညာရှင်သည် အခြားတစ်ပါးသော သူကိုမထိခိုက်စေသည်အထိ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိသည်။ အနုပညာရှင် သည် အခြားတစ်ပါးသော သူတို့၏ ကျူးကျော်မှုကိုလည်းခုခံ ပိုင်ခွင့်ရှိ၏။

## အနုပညာတွင် ခံစားမှုပါဝင်သည်

အနုပညာတွင် ခံစားမှုပါဝင်သည်။ ထို့အတူ အသုံးဝင်မှုလည်း ပါဝင်၏။ အနုပညာ၏ သဘောသည် အလှမ်း၊ အသော၊ အဆွေးစသော



www.burmeseclassic.com

www.burmeseclassic.com



ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြ၊ နော၊ အရသာတို့ဖြစ်ပေါ်လာအောင် ထိုရသများ ပေါ်လာအောင် ခံစားလာရအောင် သရုပ်ဆောင်ပြသော ပညာရပ်ဖြစ်၏။ အနုပညာသည် ယင်းခံစားမှုတို့ကိုလည်း ပေးသည်။ လောကဓမ္မ အမှန်တရားကိုလည်း ပြဆိုသည်။ ခံစားရမှုမပါလျှင် အနုပညာမမြောက်၊ အနုပညာမမြောက်လျှင် အနုပညာမဟုတ်။ အနုပညာမမြောက်လျှင် လက်မှုပညာ၊ နှုတ်မှုပညာ၊ စက်မှုပညာတို့သာ ဖြစ်တော့သည်။

## အနုပညာသည် အမှန်တရားကို ဖော်ထုတ်သောပညာ

အနုပညာသည် လောကဓမ္မ သဘာဝတရားကြီးထဲမှ ဖြစ်တတ်ပျက်တတ်သည့် အကြောင်းတရားများကို လူများသံဝေဂရရှိအောင် အမှားမပြုလုပ်မိစေရန် ခံစားရစေရန် အမှန်တရားများကို သရုပ်ဆောင်တင်ပြသော ဘာသာရပ်ဖြစ်၏။ မြန်မာ့အနုပညာတွင် အမှန်တရားပါဝင်၏။ အမှန်တရားမှ ကင်းဝေးသောကိစ္စရပ်သည် မြန်မာ့အနုပညာမမည်။

## အနုပညာတွင် စေတနာပါသည်

အနုပညာတင်ဆက်မှုတို့တွင် သိစေလိုသောစေတနာပါ၏။ အမှန်တရားကို သိစေလိုသော စေတနာ ဖြစ်၏။ လောကကြီးသုံးပါးတွင် ဖြစ်တတ်သည့် ပျက်တတ်သည့်သဘောတရားကို သိစေလို၏။

ထိုသို့ သိရှိပြီးမှ ရှောင်သင့်တာရှောင်ရန် ဖြစ်သည်။ အနိစ္စ ဒုက္ခ အနတ္တတရားများ၊ အိုနာသေဘေး ကိစ္စများ ဖြစ်တတ်သည့် သဘောပျက်တတ်သည့်သဘောများကို သိစေလို၊ သံဝေဂယူစေလိုသော စေတနာများပါဝင်၏။ ဖြစ်တတ်ပျက်တတ်သော သဘောများကိုသိ၍ လူ့ဘဝရှင်သန်ရေး စားဝတ်နေရေးကိစ္စများတွင် အသုံးဝင်သော အရာများကို ဖန်တီးပြုလုပ်တီထွင်ကြံဆပေးသောကိစ္စလည်း အနုပညာရပ်





တွင်ပါသည်။ ထို့အပြင် အနုပညာရပ်သည် လူ၏စိတ်ကို ချစ်ခင်မှု၊ ပျော်ရွှင်ဝမ်းမြောက်မှု၊ ကြောက်ရွံ့မှု၊ ရဲရင့်မှု၊ သနားကြင်နာ၊ ကြမ်းကြုတ်ခက်ထန်မှု၊ အံ့သြမှု၊ စက်ဆုပ်ရွံရှာမှု၊ အေးချမ်းမှုများ လူ၏ရင်တွင်း၌ ခံစားဖြစ်ပေါ်စေလိုသော စေတနာပါဝင်သည်။

## အနုပညာ၏ ပင်ကိုယ်သဘောသတ္တိ

အနုပညာ၏ သဘောသတ္တိသည် အကောင်းကိုရော အဆိုးတရားကိုပါ လှုံ့ဆော်သည်။ အနုပညာ ရုပ်တစ်စုံတစ်ရာကို ကြည့်ရင်းပွဲကြည့်သူ ပရိသတ်၏ စိတ်တွင်အကုသိုလ်စိတ်များရော၊ ကုသိုလ်စိတ်များကိုပါ လှုံ့ဆော်မှုပြု၏။ အနုပညာရှင်က အကောင်းကိုရည်ရွယ်ပြဆိုသည့်တိုင် အနုပညာခံစားသူက ဆန့်ကျင်ဘက်တရား အကုသိုလ်များပွားများမှုကား ပြောင်းပြန်ဖြစ်တတ်၏။ ဤကိစ္စက အနုပညာတီထွင်မှုမပီပြင်တာ ကြောင့်ဖြစ်နိုင်သည်။ အနုပညာ၏ပင်ကိုယ်သဘောက မည်ကဲ့သို့ပင်ရှိစေ မြန်မာ့အနုပညာသည် အပြု သဘောဆောင်သည့် လုပ်ငန်းအရပ်ရပ်အတွက်သာ အသုံးပြုသည်။ မြန်မာ့အနုပညာသည် ကုသိုလ်တရား၊ ကိုယ်ကျင့်တရားတို့နှင့် ယှဉ်လာလျှင်ခံစားမှုကို ဦးစားပေးသော သဘောမရှိကုန်။

ယေဘုယျအားဖြင့် အနုပညာသည် လက်နက်တစ်ခုဖြစ်သည်။ ယင်းကိုအသုံးပြုသူ၏ ရည်ရွယ်ချက် ပေါ်မူတည်၍ ကောင်းကျိုးဆိုးကျိုးများ ဖြစ်နိုင်သည်။ သို့သော်မြန်မာ့ အနုပညာ၏သဘောထားသည် အနုပညာကို လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာနှစ်မျိုးစလုံး လှုံ့ဆော်ရန်အတွက် အသုံးပြုသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

## တစ်လုံးတစ်စည်းတည်းသော လူ့အဖွဲ့အစည်းကို ဖြစ်ပေါ်စေခဲ့သည်မှာ အနုပညာ

အနုပညာသည် လူသားတို့အား တကွဲတပြားစီ သီးခြားနေလိုသောသဘောမှ တလုံးတစည်းတည်းသော လူ့အဖွဲ့အစည်းဖြစ်အောင် ဖန်တီးနိုင်ခဲ့သည်။

ဤအချက်သည် လူ့ဘဝတိုးတက်ဖြစ်ပေါ်မှု သမိုင်းတွင် အရေးကြီးသည်။

ဤစကားရပ်တွင်

(က) တကွဲတပြားသီးခြားနေလိုသော လူသားအဖြစ်မှ ဆိုသောစကား

(ခ) တစ်လုံးတစ်စည်းတည်းသော လူ့အဖွဲ့အစည်းကြီး ဟူသော စကားရပ်နှစ်ခု ပါဝင်ပါ၏။

ဤစကားရပ်ကို ဤစာအုပ်၏အခြားနေရာတွင်လည်း ဖော်ပြထားပါ၏။ ယခုထပ်မံဖော်ပြလိုသည်မှာ အဓိပ္ပါယ်ပိုမိုရှင်းလင်းစေရန် အတွက်ဖော်ပြခြင်းဖြစ်သည်။ ဤစကားရပ်သာမက ရှေ့မှဖော်ပြခဲ့ပြီးသော အခြားအကြောင်းရာတို့ကိုလည်း ထပ်မံဖော်ပြမှုများရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသည် လွတ်လပ်စွာနေလိုသော သတ္တဝါဖြစ်သည်။

လူ၏လွတ်လပ်စွာနေလိုသော သဘောသည် သူ၏အတ္တစိတ်ဖြစ်၏။ အတ္တသည် လူ၏ထံသို့ ရှင်သန်မှုရှိလျှင်ရှိခြင်း မိခင်ဝမ်းကြာသိုက်တွင်ရှိစဉ်ကပင် ဝင်ရောက်လာသော စိတ်နေစိတ်ထားတစ်ရပ်ဖြစ်၏။ လူတွင်အတ္တရှိမှုနှင့် ပရဝင် ရောက်လာမှုကိစ္စကို အခန်း ၃ တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

လူတွင်အတ္တကလည်းရှိ၊ လွတ်လွတ်လပ်လပ်နေလိုသော စိတ်ကရှိသော်လည်း လူသားသည် တကယ်တော့ ဤလောကကြီးထဲတွင် သူတစ်ဦးတည်းနေ၍ရသည်မဟုတ်။ သူ့လိုပင် အတ္တရှိ၍ လွတ်လပ်စွာနေလိုသော အခြားလူများနှင့်အတူနေရသည်။ ထို့အပြင်လူသည် ကိုယ့်ဆွေမျိုးမှဆွေမျိုး၊ ကိုယ့်ရပ်မှကိုယ့်ရပ်၊ ကိုယ့်ရွာမှကိုယ်ရွာ၊ ကိုယ့်မြေကိုယ့်ရေ အစွဲအလမ်းကြီးသေး၏။

လူသည်ဘယ်လောက်ပင် တစ်ကိုယ်တစ်ဦးတည်း နေလိုသော်လည်း သာမန်အချိန်တွင် ပြဿနာမရှိသော်လည်း သဘာဝတရားကို စုပေါင်းကာကွယ်ရသောအခါ၊ စုပေါင်းတည်ဆောက်မှုများကို ပြုလုပ်ကြရသောအခါ လွတ်လပ်စွာနေလိုသော လူသားသည် သူလိုအခြားသူများနှင့် မလွဲမရှောင်သာ ပူးပေါင်းဆက်ဆံ မှုပြုကြရသည်။ ထိုသို့ပြုလုပ်ရခြင်းသည်လည်း သူ့တွင်တစ်ဦးချင်း ဆောင်ရွက်သည်ထက် အကျိုးရှိသည်ကို သိသောကြောင့်ဖြစ်သည်။ လူတို့သည်တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ ဉာဏ်ရည် ဉာဏ်သွေးစသည်တို့သည် များစွာကွာခြားမှုမရှိတတ်ကြပါ။ ထို့ကြောင့် အတ္တအားကိုး၊ လက်ရုံးရည်အားကိုးမှုဖြင့် တစ်ကိုယ်ကောင်းမှုပြုမှု ဆောင်ရွက်လိုသော်လည်းအရာရာကို ထိုသို့မဆောင်ရွက်နိုင်ကြသောကြောင့် သူတို့သည် အတ္တကိုကိုယ်ရှိန်သပ်နေကြရပါ၏။ ထို့သို့ဖြင့် လူသည် အသက်ရှင်စဉ်ကာလအတွင်း သင့်သင့်တင့်တင့်မျှမျှတတသာနေသင့်ရှိသင့်သည်ဟူသော အသိတရားရရှိခဲ့၏။





မိမိပိုင်လယ်မြေ ငါးဧကတွင် စပါးများစိုက်ပျိုးထားသည်။ စိုက်ပျိုးထားသော စပါးများမှည့်ဝင်း လာသောအခါ ရာသီဥတုကပူပြင်းသောအချိန်တွင် စပါးကိုအချိန်မီရိတ်သိမ်းရန်လိုအပ်လာသည်။ ထိုအခါ အခြားရွာသားများအား လယ်ကူလိုက်ရန် ဖိတ်ကြရသည်။ ကျန်ရွာသားများက ဝိုင်းကူရိတ်သောကြောင့် စပါးတွေကျွမ်းမကုန်ခင်ထိုစပါးကို ရိတ်သိမ်းနိုင်လိုက်ကြ၏။ ထိုအတွေ့အကြုံသည် ကျေးလက်ဒေသတွင် လက်စားလိုက်စနစ် ပေါ်ပေါက်လာခဲ့ခြင်း၏ အဓိကအကြောင်းရင်းဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားရာတွင် ဂျာမနီဟစ်တလာသည် အာဏာရှင်အဖြစ် ကျူးကျော်မှုကို ပြုရာက မဟာမိတ်တို့က စုပေါင်းတိုက်ခိုက်သောကြောင့် ဂျာမဏီစစ်ရှုံးသွားရသည့် ထိုအတွေ့အကြုံကစုပေါင်းညီညွတ်ခြင်းသည် အောင်ပွဲဖြစ်ကြောင်းသိသာလာသည်။

ထိုကဲ့သို့အနှစ်တစ်သန်းအတွင်းများမြောင်လှစွာသော အတွေ့အကြုံများအရ လူသားသည် ဘဝရှင်သန်ရေးအတွက် အပြန်အလှန်စည်းကမ်းများသတ်မှတ်နေထိုင်မှ သင့်လျော်မည်ဟု စဉ်းစားမိကြ၏။ ထိုသို့နေထိုင်ခြင်းဖြင့်ပို၍ အကျိုးရှိသည်ကိုလည်း သိရှိ၏။ အရပ်ဒေသတစ်ခုတွင် နေထိုင်သူများသည် တစ်ဦး၏အတ္တနှင့် အခြားတစ်ဦးတို့၏အတ္တများမထိခိုက်စေရန် စည်းကမ်းများကမ်းနားများ ကန့်သတ်ထားကြရန်ကိုလည်း သိရှိလာ၏။ ထိုသို့ရရှိလာသော အသိတရားမှလူသည် ရပ်စည်းကမ်း၊ ရွာစည်းကမ်းများ သတ်မှတ်ခဲ့ကြ၏။ မိသားစုဘဝတွင်လည်း မိသားစုစည်းကမ်း၊ အမိ၏စည်းကမ်းနှင့်တာဝန်၊ အဖ၏စည်းကမ်းနှင့် တာဝန်၊ သားသမီးတို့၏ စည်းကမ်းနှင့် တာဝန်များကို သတ်မှတ်ခဲ့၏။ မိသားစုဖွဲ့စည်းနေထိုင်မှုသည် လူ့ယဉ်ကျေးမှုပုံသဏ္ဍာန်တရပ်ဖြစ်ပြီး ယင်းသည်လူ့ဘဝ၏ အနုပညာဖွဲ့စည်းမှုတစ်ရပ်ဖြစ်လာသည်။ ရပ်ရွာတွင် စည်းကမ်းနှင့်နေခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်၍နေခြင်းသည် မိမိတို့ဘဝရှင်သန်မှု ဘဝတိုးတက်



www.burmeseclassic.com

www.burmeseclassic.com



မှုအတွက် ဆုတ်ယုတ်မှုထက် အကျိုးကိုပို၍ဖြစ်ထွန်းလာသည်ကို လူတို့သိလာကြ၏။ လူများမိမိတို့ဘာသာ ထိုသို့စည်းကမ်းသတ်မှတ်နေထိုင်ခြင်းသည် အနုပညာတစ်ရပ်ပင်ဖြစ်၏။ ထိုသို့နေထိုင်ရာမှ အလှတရား အကျိုးတရားများ ဖွံ့စည်းပေါ်ပေါက်လာသောကြောင့် ယင်းလုပ်ရပ်သည် လူ့ဘဝအလှတရား တည်ဆောက်မှု လုပ်ငန်းဖြစ်လာ၏။

လေတိုက်သောအခါ တပင်တည်းဖြစ်သော အပင်ထီးထီးကြီးများ ကျိုးကျပျက်စီး၍ တောအုပ်အဖြစ် စုပေါင်းနေထိုင်သော သစ်တောအတွင်းမှ သစ်ပင်များ မကျိုးမပဲ့ဘဲ လေဒဏ်အား ကြံ့ကြံ့ခံနိုင်သော သဘာဝတရား၏အဖြစ်ကို အတုယူ၍ လူသည်စုပေါင်း နေထိုင်လာကြခြင်းလည်းဖြစ်၏။ ဆိုင်းဆရာသည် မိမိ၏တီးလုံးသံစဉ်လေးများ တို့ရင်း ညီညွတ်မြိုင်ဆိုင်သာယာသော တီးကွက်တီးဟန်ကိုရသကဲ့သို့ လူသည် လူ့ဘဝအတွင်း နေထိုင်ရင်းမှပင် ယင်းဘဝနေနည်းစနစ်များရရှိ၍ ထိုနည်းစနစ်များနှင့်အညီနေသင့်ကြောင်းစာများ၊ သတ်မှတ်ချက်များ ဘဝနေနည်း နိသည်းများကို ရေးသား၍ ထိုနိသည်း၊ နိသည်းများနှင့် အညီနေမှုသည် ဘဝနေနည်းအနုပညာပင်ဖြစ်၏။

လူ့ဘဝတာဝန်နှင့် စည်းကမ်းများသည် လူတို့အတွက် ကိုယ်ကျင့်တရားများဖြစ်လာရသည်။ ထိုစည်းကမ်းများကို လိုက်နာသူမှာ လူဖြစ်၏။ လူအများတို့ လိုက်နာခဲ့ကြသော ကိုယ်ကျင့်တရားများသည်

(က) သဘာဝကိစ္စမဟုတ်၊

(ခ) လူတို့က မိမိတို့ဘဝ သာယာချောမွေ့ရေးအတွက် သူတို့ဟာ သူတို့သတ်မှတ်ဖန်တီးကျင့်သုံးမှု ဖြစ်သည်။

(ဂ) ဖန်တီးတီထွင်ရာတွင် သဘာဝကြီးထဲမှ ဖြစ်မှုပျက်မှုကိစ္စအရပ်ရပ်ကို အတုယူဖန်တီးမှု ဖြစ်သည်။

(ဃ) ထိုသို့ တီထွင်သတ်မှတ်မှုတို့ကြောင့် လူ့ဘဝသည် အလှတရားများနှင့် ပြည့်ဝလာခဲ့သည်။





ရပ်ရွာအဖြစ်မှ မြို့ကြီးပြကြီးများဖြစ်လာသောအခါ မြို့ပြဆိုင်ရာစည်းကမ်းများ၊ ထိုမှသူ့တိုင်းနိုင်ငံ ကိုယ့်တိုင်းနိုင်ငံအဖြစ် တည်ရှိလာသောအခါ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းများကို သတ်မှတ်ထားရှိလာကြ၏။ ထိုထားရှိသော စည်းကမ်းများလိုက်နာမှုသည် ယဉ်ကျေးခြင်း၊ အနုပညာဆိုင်ရာသတ်မှတ်ချက်များကို လိုက်နာခြင်းဖြစ်၏။

မြန်မာနိုင်ငံတွင် ဓမ္မသတ်များရှိသည်။ စီရင်ထုံးများရှိသည်။ မဟော်သဓာသတို့သားစီရင်အပ်သော စီရင်ထုံးများသည် မဟော်သဓာဓမ္မသတ်များဖြစ်၏။ အိန္ဒိယနိုင်ငံတွင်လည်းကောင်း၊ ရောမတိုင်းခေါ်မတိုင်း၊ စီနတိုင်းစသော တိုင်းကြီးများတွင်လည်းကောင်း ဓမ္မသတ်များ စီရင်ထုံးများ ဥပဒေများရှိကြသည်။ ထိုမှတဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဟူသော ဥပဒေလည်းရှိ၏။ ယနေ့ကမ္ဘာကြီးသည် ဥပဒေနှင့် ဖွဲ့စည်းထားသော ကမ္ဘာကြီးဟုပင် ခေါ်နိုင်၏။ ဥပဒေများ စည်းကမ်းများနှင့် နေထိုင်မှုသည် တစ်လုံးတစ်စည်းသော လူ့အဖွဲ့အစည်းကို ဖြစ်ပေါ်စေပါ၏။ ထိုသို့ဖွဲ့စည်းနေထိုင်မှုသည် လူ့လောကအဖွဲ့အစည်းကြီး၏ အလှတရားပင်ဖြစ်သည်။ အလှတရားဟူသည် အနုရသဖွဲ့စည်းမှုသာလျှင်ဖြစ်ပါ၏။

လူတို့သည် မွေးဖွားသည်မှစ၍ သေဆုံးသည်အထိ လူတို့လိုက်နာကြရမည့် ဘဝစည်းကမ်းများရှိကြ၏။ ဆောက်တည်ရမည့်သီလများရှိကြ၏။ ထိုစည်းကမ်းများ၊ သီလများကို လိုက်နာခြင်းသည် လူ့ဘဝတွင် အနုပညာမြောက်စွာနေထိုင်ခြင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နေထိုင်ခြင်း၊ ညီညွတ်စွာ နေထိုင်မှု ဖြစ်သည်။ သာယာမှု၊ ညီညွတ်မှု၊ စည်ပင်ဝပြောမှုဟူသော အလှတရားများကို မွေးဖွားစေပါ၏။

မြန်မာနိုင်ငံတွင် ထိုသို့သော နီတိကျမ်းများ ဆုံးမစာများသည် များကြီးရွာချဘိအလား ပေါ်များ၏။ မြန်မာလူမျိုးတို့သည်ကား ဗုဒ္ဓ၏



www.burmeseclassic.com

www.burmeseclassic.com



အဆုံးအမအတိုင်း နီတိကျမ်းများ၏ အလိုအတိုင်း နေထိုင်ကြသူများဖြစ်၍ အခြားသူများ ထက်ဗုဒ္ဓအဆုံးအမကို ပိုမိုခံယူနေထိုင်ကြသူများဖြစ်၏။ အလားတူပင် ခရစ်ယာန်၊ မွတ်စလင်၊ ဟိန္ဒူအစရှိသော ဘာသာအသီးသီးကိုယုံကြည် အားထားကိုးကွယ်သူများသည် ထိုဘာသာများ၏ အဆုံးအမ ဘဝနေနည်းပိုမိုကျင့်သုံး၍ လူ့ဘဝပိုမို လှပအောင် အလှတည်ဆောက်ကြသူများ ချည်းဖြစ်ကြပါ၏။ ဗုဒ္ဓဘာသာဝင်တို့သည် ဘုရား၊ တရား၊ သံဃာကိုအထွတ်အမြတ်ထား ကိုးကွယ်ကြ၏။ ဆရာနှင့်မိဘကိုဘုရား၊ တရား၊ သံဃာနှင့် တစ်ဂိုဏ်း တည်းထား၍ ကိုးကွယ်ကြ၏။ ငါးပါးသောသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိမ်းကြသည်။ အခါအားလျော်စွာ သီလကြီးများဖြစ်သည့် ရှစ်ပါးသီလ၊ ဆယ်ပါးသီလစသည်တို့ကို ဆောက်တည်ကြသည်။ ဤသို့သော နေထိုင်မှုသည် ယဉ်ကျေးစွာနေထိုင်မှုဖြစ်၏။

တဖန်မိမိတို့ကိုးကွယ်သော ဘာသာတရား၏ အဆုံးအမအပြင် လူတို့သည်ပြည်သူတို့လိုက်နာအပ်သော ပြည်သူ့နီတိအသွယ်သွယ်ကိုလည်း လိုက်နာကြသည်။ နီတိများတွင် ပေါင်းသင်းဆက်ဆံရေးတွင် လိုက်နာကြရမည့် စည်းကမ်းများကိုလည်း သတ်မှတ်ထားကြ၏။ ပေါင်းသင်းဆက်ဆံရေးတွင် ကိုယ်အမူအရာ၊ နှုတ်အမူအရာယဉ်ကျေးကြရသည်။ ထိုသို့ယဉ်ကျေးစွာ ဆက်ဆံမှုသည် အနုပညာပင်ဖြစ်သည်။ ဘဝရသကို ဖြစ်စေ၏။ ဘဝနေနည်းကို လူငယ်ဘဝကပင်သင်ကြားကြရသည်။

အိမ်၌ ယဉ်ကျေးခြင်း
ကျောင်း၌ ယဉ်ကျေးခြင်း
လမ်း၌ ယဉ်ကျေးခြင်း
ကစားစဉ် ယဉ်ကျေးခြင်း
ခရီးသွားစဉ် ယဉ်ကျေးခြင်း
အထွေထွေ ယဉ်ကျေးခြင်း





ဟူ၍ရှိရာ ယင်းယဉ်ကျေးမှု အမူအရာကို လူတို့လိုက်နာကြရခြင်းဖြင့် လူ့ဘဝသာယာအေးချမ်းမှု နှစ်သက်ခံစားမှုကို ဖြစ်စေသည်။ ထိုသို့ လူယဉ်ကျေးများ ဖြစ်စေရန်၊ ပညာရှိသူတော်ကောင်းတို့က ဆုံးမစကားကို နားသွင်း၍ထား၏။ လောကနီတိနှင့် လောကသာရဆုံးမစာများသည် မှတ်သားဖွယ်ရာများပင်ဖြစ်၏။ လောကနီတိကျမ်းကို သီရိမဟာ စတုရင်္ဂဗလ အမတ်ကြီးကရေးသားခဲ့၏။ ပင်းယခေတ်ကျမ်းစာတစ်စောင်ဖြစ်ပါ၏။ လောကနီတိတွင်

ပညာနှင့်ဆိုင်ရာအပိုင်း
သူတော်ကောင်းတို့နှင့် ဆိုင်ရာအပိုင်း
သူမိုက်တို့နှင့် ဆိုင်ရာအပိုင်း
မိန်းမတို့နှင့်ဆိုင်ရာအပိုင်း
အစုံစုံသောအကြောင်းအရာတို့ကို ပြဆိုသောအပိုင်း

စသည်တို့ပါဝင်၏။

ပညာနှင့်ဆိုင်သော အပိုင်းတွင်
ပျင်းသောသူသည် ပညာမရနိုင်
အတတ်ပညာမရှိသောသူ ဥစ္စာမရနိုင်
ဥစ္စာမရှိသောသူမိတ်ဆွေမရနိုင်
မိတ်ဆွေမရှိသူသည် ချမ်းသာမရနိုင်
ချမ်းသာမရှိသူ ကောင်းမှုမပြုနိုင်
ကောင်းမှုမရှိသူ နိဗ္ဗာန်မရနိုင်
အတတ်ပညာနှင့် တူသောဥစ္စာမရှိ
အတတ်ပညာကို သူခိုးမခိုးနိုင်

အတတ်ပညာသည် လောက၏မိတ်ဆွေကောင်းမည်၏ဟု လမ်းညွှန်သည်။

**လောကသာရဆုံးမစာ**ကို ကန်တော်မင်းကျောင်းဆရာတော်က အမျိုးလေးပါးတို့၏ တာဝန်နှင့် ဝတ္တရားများကို ဖော်ညွှန်းပြသဆုံးမ



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းဖြစ်၏။ လောကသာရ၏ထူးခြားချက်မှာ အပျော်ဆုံးကျမ်းဖြစ်ခြင်း၊ လူသိအများအဆုံးဖြစ်ခြင်းနှင့် ကာရန်သတ်ပုံ မှန်ကန်သောပျို့ဖြစ်သည်။ ကျွန်တော်တို့သည် လောကသာရပျို့နှင့် ကြီးပျင်းလာရသူများဖြစ်၏။

လောကသာရဆုံးမစာက

မိဘဆရာ၊ စကားနာ၍
ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့
ပေါ်လွင်မပြု၊ ကောင်းရာတုလျက်
ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း။

× × ×

ထိုသိပ္ပကို
နှံ့မျှလုံးခြုံ၊ မတတ်တုံလည်း
တစုံတခု၊ တတ်အောင်ပြု၍
လူမှုအိမ်ထောင်၊ စီးပွားဆောင်လော့
ညဉ်မှောင်မသိ၊ ကြက်မျက်စိသို့
မိမိကိုယ်ဘို့၊ အတတ်ချို့သော်
သူတို့ပြစ်တင်၊ ဆင်းရဲဖျင်အံ့
ထင်ထင်မြက်မျှော်၊ မကော်ရော်သည်
အိုသော်သူမရယ်စေနှင့်မင်း
အခြားအခြားသော ဆုံးမစာတို့လည်းရှိ၏
သျှင်မဟာသီလဝံ၏ ဆုံးမစာ
သျှင်မဟာရဋ္ဌသာရ၏ ဆုံးမစာ

တောင်ဖီလာဆရာတော်၏ ဖျက်စု၊ ခက်စု၊ ခဲစု၊ မမြဲစုများ၊ အတုလဆရာတော်၏ ဆုံးမစာစသည်တို့အပြင် စဥ့်ပါဆရာတော်၊ ရွှေကျောင်းဆရာတော်ဦးပညာ၊ ကျီးသဲလေးထပ်ဆရာတော်၊ လုံးတော်ဆရာတော်၊





ကျည်း ကန်ရှင်ကြီး၊ ပေါက္ကံမောင်ချို၊ ညောင်ပင်သာဦးပုည၊ စာတော်ပြင်ဆရာကြီးဦးပညာ၊ သူတော်ဦးခု၊ အမှာတော်ရေး ဦးရှင်ကလေး၊ ကျောင်းစာရေးမောင်စံထိန်း၊ ဘိုးရာဇာတို့၏ ဆုံးမစာများ စသည့်ပစ္စည်းများစွာရှိကုန်၏။

လယ်တီဆရာတော်ကြီး၏ ဂမ္ဘီရကဗျာကျမ်းသည်လည်း လူ့ဘဝယဉ်ကျေးအောင်ဆုံးမညွှန်ပြသော စာများဖြစ်၏။ မြန်မာတို့၏ဆိုဆုံးမမှုများနှင့် ပတ်သက်၍ အခန်း(၁၀) မြန်မာ့အနုပညာနယ်ပယ်အခန်းတွင်လည်း ဖေါ်ပြထားပါသည်။ ထို့ကြောင့်-လူသမိုင်းတလျှောက်၊ လူတို့သည် လောကသဘာဝတရားအတွင်း ဖြစ်တတ်ပျက်တတ်သည့်သဘောတရားများကို အခြေခံ၍ မိမိတို့၏ဘဝအတွေ့အကြုံအရ လူ့ဘဝ သာယာလှပအောင် လူ့ဘဝတိုးတက်ရှင်သန်ရန်တို့အတွက် သတ်မှတ်ထားရှိခဲ့သော ကိုယ်ကျင့်တရားဆိုင်ရာ စည်းကမ်းများ၊ ဓမ္မသတ်များ၊ ဥပဒေများ၊ ကျင့်ထုံးများ၊ ဆုံးမစာများ၊ နီတိဖြတ်ထုံးများသည် လူတို့အား ယဉ်ကျေးသော လူ့ဘောင်အဖွဲ့အစည်း (သို့မဟုတ်) ဘလုံးတစည်းတည်းသော လူ့ဘောင်အဖွဲ့အစည်းကို ပေါ်ထွန်းစေခဲ့သည်။ ဤကဲ့သို့အချင်းချင်းသတ်မှတ် ညှိနှိုင်းလက်ခံထားရှိကြသော နီတိများ၊ စည်းကမ်းများနှင့်အညီ နေထိုင်ခြင်းသည် လောကကြီးအား အေးချမ်းမှု၊ အတူတကွ လုပ်ကိုင်နေထိုင်ရန် အခွင့်အလမ်းများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုသို့ ဥပဒေစည်းကမ်းများနှင့်အညီ နေသင့်ကြောင့် ဆုံးမထားသည့် စာတို့သည် လူ့ဘဝလမ်းညွှန် အနုရသစာပေဘို့ပင်ဖြစ်ပေသည်။ ထိုစာပေတို့သည် တစ်ဦးချင်းလွတ်လပ်စွာနေလိုသောလူ၊ အတ္တစိတ် ရှိသောသူ၊ ဒေသခွဲ ငါစွဲမာနရှိသောလူကို ဤလောကကြီးတွင် ညီညွတ်မျှတစွာ နေထိုင်ရေး၊ စည်းစည်းလုံးလုံးနေထိုင်ရေးကို ဖန်တီးဖော်ဆောင်ပေးခဲ့သည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၉)

# အနုပညာရှင်

- အနုပညာ၏အလုပ်ကိစ္စသည်မိမိခံစားရသည်ကို သူတပါး ထပ်တူခံစားရအောင်လည်း ကြိုးပမ်းခြင်း ဖြစ်သည်။
- အနုပညာ၏အရည်အသွေးဟူသည် ဖမ်းစားနိုင်စွမ်းရှိခြင်း ဖြစ်၏။
- အနုပညာ၏အမှတ်အသားသည် နူးညံ့သိမ့်မွေ့မှုဖြစ်သည်၊
- အနုပညာ၏စရိုက်သည် တုပတင်စားပြုလုပ်ခြင်း၊အလင်္ကာ လက္ခဏာပါရှိခြင်းဖြစ်သည်။
- အနုပညာ၏ပန်းတိုင်က လူ့ဘောင်ဘဝအေးချမ်းသာယာဖို့၊ ပွံ့ဖြိုးတိုးတက်စည်ပင်ဖို့၊ နှစ်သက် ပျော်ရွှင်ဖို့ဖြစ်သည်။
- အနုပညာဟူသည် သူဟာသူပေါ်ပေါက်လာသောအရာ မဟုတ်။ အနုပညာသည်လူသားက သူ့အတွက် သဘာဝကိုတုရှဲ ဘိထွင်ဖန်တီး၍ ဖြစ်ပေါ်လာသောအရာဖြစ်၏။ အနုပညာတစ်ရပ် ဘိထွင်ရာတွင် အနုပညာနှင့် ပတ်သက်သော ကိစ္စအရာများရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့မှာ -

က။ အနုပညာရှင် (လူပုဂ္ဂိုလ်)

ခ။ အနုပညာရပ် (ပညာရပ်ပိုင်းဆိုင်ရာ)

ဂ။ အနုပညာပစ္စည်း
(ဆိုင်းဝိုင်း၊ ၂တူရိယာ၊ ဇာတ်ခုံဇာတ်လမ်း) နှင့်

ဃ။ အနုပညာကိုခံစားမည်သူများ
(အနုပညာဝါသနာပါသူများ၊ အများပြည်သူများ)

ဖြစ်သည်။

အနုပညာရှင်သည် အနုပညာတစ်ရပ်ရပ်ကို ကျွမ်းကျင်လိမ္မာမှု ကျွမ်းကျင်သောအဆင့်အထိ တတ် မြောက်ထားသူဖြစ်သည်။ အနုပညာရပ်အမျိုးမျိုးရှိသည်။ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ပန်းယွန်းစသည်တို့အပြင် လူလူချင်းမျှတစွာ ဆက်ဆံခြင်း၊ အပြုသဘောဆက်ဆံခြင်းစသော ကောင်းမြတ်သော ကိုယ်ကျင့်တရားဆိုင်ရာကိစ္စများကိုလုပ်ဆောင်မှုအတတ်နှင့် ပရဟိတ မျှတစွာနေထိုင်မှု၊ သူ့အကျိုးကိုယ်အကျိုးမျှတစွာ ဆောင်ရွက်မှုနှင့် အကျိုးနှင့်အကြောင်း၊ အကောင်းနှင့် အဆိုးမျှတစွာဆောင်ရွက်မှုတို့ သည် အနုပညာရပ်တွင် အကျုံးဝင်သည်။

အနုပညာရှင်သည် အနုပညာတမျိုးမျိုးကို ကျွမ်းကျင်လိမ္မာစွာတတ်ရမည်။ အနုပညာဆိုင်ရာနည်း ပညာကိုတတ်မြောက်ရမည်။ မတတ်မြောက်ပါကထိုသူကိုအနုပညာအပေါ်တွင် အခြေခံမှုစ၍ မရိုးသားသူဟု သတ်မှတ်နိုင်သည်။ အနုပညာရှင်တိုင်းသည် အခြေခံ အနုပညာနည်းစနစ်များကို တတ်ကျွမ်းရမည်။

အနုပညာရှင်သည် အခြေခံအနုပညာသဘောများကို တတ် မြောက်ပြီး ဆန်းသစ်သောအနုပညာရပ်များကို တီထွင်ခြင်း၊ သုတေသနပြုခြင်းတို့ကို ပြုလုပ်သူလည်းဖြစ်၏။ အနုပညာရှင်သည် လူသားလျှင် ဖြစ်သည်။ လူမှတစ်ပါး မည်သူမျှ အနုပညာရှင်ဘဝကို ခံယူနိုင်





ခွင့်မရှိ။ ခံယူနိုင်စွမ်းလည်းမရှိ၊ နတ်တို့ ဖန်ဆင်းသော မည်မျှနုနယ်လှပသော ပစ္စည်းပင်ဖြစ်စေကာမူ ထိုအရာသည် အနုပညာရပ်တွင် အကျုံးမဝင်။ အနုပညာကို တီထွင်ခြင်း၊ ခံစားခြင်း၊ စောင့်ရှောက်ခြင်း တတ်မြောက်ခံစားခြင်းတို့ကို လူသားလျှင်ပြုလုပ်နိုင် သည်။

အနုပညာရှင်တစ်ဦး၌ အနုပညာတရပ်ရပ်ဖြစ်ပေါ်လာရန် လှုံ့ဆော်မှု တရပ်ရပ်ရှိရသည်။ အနုပညာရှင်၏ စိတ်မှလှုံ့ဆော်မှု တရပ်ရပ်ဖြစ်လာခြင်းသည် အနုပညာ၏အစဖြစ်၏။ ထိုလှုံ့ဆော်မှုသည် အနုပညာဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အညီ သဘာဝလောကကြီးသုံးပါးထဲမှ အကြောင်းအရာတစ်ခုခုကို သူ့စိတ်တွင် သူသိသမျှ အဆိုးအကောင်းတရပ်ရပ် ခံစားမှုဖြစ်လာရမည်။ ယင်းကိစ္စသည် မနောကံဖြစ်၏။ မနောကံမှ လှုံ့ဆော်မှုရရှိပြီးသော် အနုပညာရှင်သည် စဉ်းစားသည်။ သူတတ်သောအနုပညာရပ်ဖြင့် သူ့ခံစားမှုကို ဘယ်လိုသရုပ်ဖော်ရမည်ကို စဉ်းစား၏။ သရုပ်ဖော်မှုသည် သဟဇာတဖြစ်ဖို့၊ အနုပညာဆန်ဖို့ ရှေ့နောက်ညီညွတ်ဖို့စသော အနုပညာဂုဏ်ရည်ပါ အချက် (၆) ချက်သို့မဟုတ် တိုးတက်များပြားသော အချက်များဖြင့် အနုပညာကိုစိတ်ကူးဖြင့် ပုံဖော်သည်။ ထိုသို့ပုံဖော်ရာတွင် ပန်းချီဆရာကလည်း ပန်းချီဖြင့် ဂီတကလည်း အသံစဉ်များဖြင့် အကကလည်း ပျောင်း၊ ညွတ်၊ နွဲ့နှောင်း၊ လှုပ်ရှားမှုတို့ဖြင့် စာပေကလည်း ကာရန်၊ နဘေဝါကျများဖြင့် ပညာရှိသုခမိန်ကလည်း ဆင်ခြင်တုံတရားဖြင့် အနုပညာကို ပုံဖော်သည်။

အနုပညာရပ်တိုင်းတွင် စိတ်ကူးဖြင့်ပုံဖော်မှုသည် အရေးကြီးသည်။ စိတ်ကူးစိတ်သန်းသည် စိတ်မှုဖြစ်၏။ စိတ်ကူးဖြင့် ပုံဖော်မှုပြည့်စုံလုံလောက်ပြီဟုဆိုပါက နှုတ်မှု၊ လက်မှုတို့ဖြင့် ဆက်လက်အကောင်အထည်ဖော်သည်။ အနုပညာကို စိတ်ဖြင့်လည်းကောင်း၊ နှုတ်မှုလက်မှုတို့ဖြင့်လည်းကောင်း အကောင် အထည်ဖော်ရာတွင် မကြမ်းတမ်းရ၊ နုမှု၊ နွဲ့မှု၊ ပျော့ပျောင်းမှု၊ သိမ်မွေ့မှုပါဝင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အနု စိတ်မှု နွဲ့နှောင်းမှု မပါဝင်လျှင် ထိုသူတီထွင်သော လုပ်ငန်းသည် အနုပညာမဖြစ်တော့ ထိုအရာသည် လက်မှုကိစ္စသာဖြစ်တော့၏။ ထိုလူသည်လည်း အနုပညာသမားမဟုတ် လက်သမားဖြစ်၏။ အနုပညာဖန်တီးမှုသည် မနောကံ၊ ဝစီကံ၊ ကာယကံဟူသော စိတ်၊ နှုတ်၊ ကာယ၊ ကိုယ်နှုတ်နှလုံးသုံးပါးပါဝင်ရသည်။ ထို့ကြောင့် အနုပညာ ဖန်တီးမှုတွင် အနုပညာရှင်၏ စိတ်ကူးစိတ်သန်းဆန်းသစ်မှုသည် အရေးကြီးသည်။ စိတ်ကူးမဆန်းသစ်ဘဲ လက်ရာမဆန်းသစ်နိုင်ပေ။

အနုပညာရှင်တစ်ဦး၏ ဖန်တီးမှုသည် အစားထိုး၍မရ။ ပုံတူကူး၍မရ။ အနုပညာသည် စက်ရုံမှထုတ်လုပ်သော ပစ္စည်းမဟုတ်။ လူ၏ဦးနှောက်မှ အနုစိတ်ထုတ်လုပ်သောပစ္စည်းမှ အနုပညာပစ္စည်းဖြစ်၏။

သိပ္ပံပညာဖြင့် စက်ရုံမှထုတ်လုပ်သော မော်တော်ကား၊ လေယာဉ်ပျံ၊ တယ်လီဖုန်းစသော ပစ္စည်းတို့သည် ဆင်တူပုံတူများစွာ ထုတ်လုပ်နိုင်၍ အနုပညာပစ္စည်းကို ထိုသို့မပြုလုပ်နိုင်ပါ။

အနုပညာပစ္စည်းများကို အနုပညာဖန်တီးသူကိုယ်တိုင်သည် ပင်လျှင် မွေးတူသွေးတူ တစ်ထပ်တည်းတူသော အနုပညာပစ္စည်းတို့ကို ဖန်တီး၍မရပါ။

အနုပညာရှင်သည် ဒီနေ့တော့ ငါသီချင်းတစ်ပုဒ်ကို စပ်ဆိုမည်ဟုဆိုကာ စိစဉ်ထားပြီး ထိုနေ့တွင် ယင်းသီချင်းကို မစပ်ဖြစ်ပါက ထိုနေ့စပ်ဆိုမည့်သီချင်းသည် စကြာဝဠာအတွင်း၌ ထိုနေ့ကပင်ပျောက်ကွယ်သွားပြီဖြစ်၍ နောက်တစ်နေ့မှ စပ်ဆိုသောသီချင်းသည် ပထမနေ့ကသီချင်းမဟုတ် နောက်တစ်နေ့၏ သီချင်းအသစ်ဖြစ်၏။

အနုပညာပစ္စည်းကို ပုံတူထုတ်၍ မရသလို အနုပညာရှင်သည် ဆိုသည်မှာလည်း ပုံတူဟူ၍ မရှိရ။ အနုပညာရှင်သည် ပုဂ္ဂလိကဆန်၍ အနုပညာရပ်သည် အများနှင့်သက်ဆိုင်၏။

အနုပညာရှင်သည် အတ္တဆန်၍ အနုပညာသည် ပရဟိတဆန်ပါ၏။





အနုပညာရှင်သည် အစားထိုး၍မရ။ ဥပမာ စန္ဒယားချစ်ဆွေသည် ကွယ်လွန်ခဲ့ပြီဖြစ်၏။ ရွှေမန်းတင်မောင်၊ ရွှေဘိုတင်မောင်၊ စန္ဒယားလှထွန်း၊ စောင်းဦးဘသန်း၊ ညောင်တုန်းဦးဘကျော်၊ ပုဏ္ဏားဖိုးကျော်အေး၊ လေဘာတီမမြရင်၊ မြို့မငြိမ်း၊ နန်းတော်ရှေ့ဆရာတင်အစရှိသော အနုပညာနယ်ပယ် အသီးသီးမှ အနုပညာရှင်တို့သည် ကွယ်လွန်ခဲ့ကြပြီဖြစ်၏။ ကွယ်လွန်ခဲ့ပြီးသော အနုပညာရှင်ကြီးများ၏ နေရာတွင် အစားထိုး၍မရ။ အသစ်အသစ်သောအနုပညာရှင်များ ထပ်မံပေါ်ပေါက်လာကောင်း ပေါ်ပေါက်လာနိုင်ပါ၏။ သို့သော် ပုံတူရွှေမန်းတင်မောင်တစ်ယောက်၊ ပုံတူ အရှင်မဟာရဋ္ဌသာရ၊ နောက်တစ်ပါး မပေါ်လာသလို မင်းသုဝဏ်၊ ဇော်ဂျီ၊ ဦးသော်ဇင်၊ ဒဂုန်ဦးစန်းငွေ ပုံတူမပေါ်နိုင်တော့။ အနုပညာရှင်တို့၏ လက်ရာများသည် လည်း ပုံတူပေါ်လာခြင်းမရှိပါ။

ဆရာမင်းသုဝဏ်၏ 'မြက်ခင်းလဲ့လဲ့ မြေညီညီ' ကဗျာသည် တစ်ခုသော စာပေအနုပညာလက်ရာဖြစ်၏။ ဆရာဇော်ဂျီ၏ **'ဗေဒါလမ်း'** ကဗျာသည်လည်း စာပေအနုပညာလက်ရာတစ်ခုဖြစ်၏။ ထိုအကြောင်းအရာကိုပင် ဆရာကြီးများကိုယ်တိုင်ထပ်၍ စပ်ဆိုပါလျှင် နောက်လက်ရာတစ်ခုပေါ်လာမည်။ လောကကြီး ပြောင်းလဲနေသည်နှင့်အညီ အတွေးတို့သည် တစ်ခဏတွင်း ပြောင်းနေ၏။ ရုပ်ခန္ဓာသည်လည်း တရံမလပ်ပြောင်းလဲနေ၏။ ခံစားမှုလည်း ထို့အတူဖြစ်၏။ အသစ်စပ်ဆိုသောအနုပညာသည် အသစ်သောအနုပညာပစ္စည်းသာဖြစ်၏။ ထိုသို့ဖြစ်ရခြင်းမှာ စိတ်နှင့်သက်ဆိုင်နေသော ကြောင့်ဖြစ်၏။

စိတ်သည် အမြဲပြောင်းလဲနေသည်။ ပတ်ဝန်းကျင်သည်လည်း ပြောင်းလဲနေသည်။ ပတ်ဝန်းကျင် ပြောင်းလဲမှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာအယူအဆတို့မှာလည်း ပြောင်းလဲနေရာ စိတ်နှင့်ပြုလုပ်ရသော အနုပညာပစ္စည်းတို့သည် တသမတ်တည်းမရှိ တစ်ကြိမ်တွင်တစ်မျိုးဖြစ်ဘတ်၏။ အနုပညာလုပ်ငန်းသည် စိတ်အကြီးအကဲပြုလုပ်သော



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်း စိတ်ခံစားမှု လုပ်ငန်းဖြစ်၍ ယခုကဲ့သို့ဖြစ်ရခြင်းဖြစ်၏။ အနုပညာရှင်သည်လည်း စိတ္တဇဆန်သည်။ အနုပညာရှင်တို့လည်း စိတ်၏အလိုကိုလိုက်၍ ဖြစ်ပေါ်တတ်၏။

အနုပညာရှင်သည် သူ၏စိတ်ကလွတ်လပ်စွာနေလိုသော သဘောရှိသလို သူကိုယ်တိုင်ကလည်း သူဟာသူ လွတ်လပ်စွာနေလို၏။ သူသည် မှတ်ဆိတ်ကျင်စွယ်များထားလိုကထားမည်။ ဝတ်စားဆင်ယင်မှုကို သူစိတ်ကြိုက် ဝတ်လိုဝတ်၊ ဆင်လိုဆင်မည်ဖြစ်၏။

၂၀ ရာစုတွင် အသိပညာ အတတ်ပညာ နည်းပစ္စည်း အရပ်ရပ်သည်ပင် ဒလစပ်ပြောင်းလဲနေသည်။ နေ့ခြင်းပြောင်းလဲနေသည်။ ထိုပြောင်းလဲမှုတို့၏ ဖိအားပေးမှုကို အနုပညာရှင်ကလည်း ခံစားရသည်။ ထို့ကြောင့် ယနေ့ခေတ်ယနေ့အခါတွင် အနုပညာရှင်တို့၏ ပြောင်းလဲခံစားမှုက ပို၍မြန်သည်။ ထုတ်လုပ်မှုလည်းမြန်သည်။ ထို့ကြောင့် အနုပညာဆိုင်ရာ အပြောင်းအလဲများသည် ယခုအခါ ဒလစပ်ဖြစ်ပေါ်နေ၏။

မနေ့က တွေးတောထားသော အတွေးတစ်ခုကို အနုပညာရှင်သည် တညအိပ်ပြီးရုံဖြင့် ထိုအတွေးကို သူကိုယ်တိုင် သူဟာသူ လက်ခံချင်မှ လက်ခံမည်ဖြစ်၏။ မနေ့ကအတွေးကို သူဟာသူပြန်၍ ငြင်းဆန်တတ်၏။ အသစ်ဝင်ရောက် လာသော အတွေး၏ မောင်းထုတ်ခြင်းကို မနေ့ကအတွေးကခံရသည်။

အနုပညာဖန်တီးမှုသည် ထိုဖန်တီးရှင်အနုပညာရှင်၏ ပုဂ္ဂလိကပိုင်ဆိုင်မှုပစ္စည်းဖြစ်၏။ သူ့ရင်မှဖြစ်သော သားသမီးရတနာ ဖြစ်သည်။ သူ၏ဦးနှောက်တွင် သန္ဓေတည်ခံစားပြီးကာမှ မွေးဖွားခဲ့ရသောပစ္စည်း ဖြစ်သည်။ သို့သော် အနုပညာတစ်ရပ်သည် မွေးဖွားမှု တီထွင်မှုကိစ္စ သက်သက်ဖြင့်အဓိပ္ပါယ်မရှိပေ။

အနုပညာသည် ပရိသတ်ခံစားမှုပါမှ ပြည့်စုံသည်။ အနုပညာရှင်သည်၏ အဓိကအလုပ်ကလည်း သူယုံကြည်ခံစားရသည်ကို ပရိတ်





သတ်နားလည်အောင် ခံစားရအောင် သူတတ်ကျွမ်းသော အနုပညာကို အသုံးပြု၍ လုပ်ဆောင်မှုဖြစ်ပါ၏။ ထိုသို့လုပ်ဆောင်နိုင်မှ အနုပညာမြောက်သည်။အနုပညာရသဖန်တီးမှုတွင် ဤကိစ္စသည် အရေးကြီးသည်။ ဤကိစ္စကို ကလောင်အစွမ်း အနုပညာအစွမ်းဟူ၍လည်း ခေါ်ကြ၏။ အစွမ်းရှိမှလည်း လေးစားထိုက်သော အနုပညာဖြစ်၏။

ဆရာဇော်ဂျီကသူ၏ ရသစာပေအဖွင့်စာအုပ် 'သူတို့စာရေးကြပုံ' အပိုင်း စာမျက်နှာ ၁၅ တွင်

"လေးစားအပ်သော စာမျိုးဖြစ်မြောက်လာရေးအတွက် စာရေးသူတွင် ကလောင်စွမ်းရည်ရှိရန်လည်းကောင်း၊ ကိုယ်နှုတ် နှလုံးအတွေ့အကြုံရှိရန်လည်းကောင်း လိုအပ်သည်ဟု ယူဆမိသည်။"

"ကလောင်စွမ်းရည်ဟုဆိုရာတွင် စာနာမှုစာဖတ်သူ နားပေါက်အောင်(ဝါ)ပီသအောင် ရေးတတ်သော အရည်အချင်းကို ဆိုလိုပါသည်။ ကလောင်စွမ်းရည်ရဖို့အရေးတွင် ပါရမီဓာတ်ခံရှိမှ ရနိုင်သည်ဟု အချို့ကဆိုချင်ကြသည်။ ဆိုနိုင်ကြပါ၏။ သို့ရာတွင် အတန်အသင့်ဖတ်ရှုလေ့လာခြင်း၊ အကြိမ်ကြိမ်အဖန်ဖန် အရေးလေ့ကျင့်ခြင်းတို့မရှိခဲ့ပါမူ ပါရမီဓာတ်ခံသည် သုညဘဝ၌ မှိန်း၍ နေမည်သာဖြစ်လေသည်။ ထို့ကြောင့် ပါရမီဓာတ်ခံရှိနေရုံမျှဖြင့် ကိစ္စမပြီးနိုင်။ ဖတ်ရှုလေ့လာခြင်း အရေးလေ့ကျင့်ခြင်းတို့ကိုလည်း ပြုကြဖို့လိုသည်။ သို့မှသာ ကလောင်စွမ်းရည်ရှိလာမည် ဖြစ်သည်။ ကလောင်စွမ်းရည်မရှိလျှင် အ,အအိပ်မက်မက်သကဲ့သို့ ဖြစ်တတ်သည်"

ဟု ဆရာကပုံခိုင်း ဖော်ပြထားသည်။

အနုပညာရှင်တစ်ဦးသည် ပရိသတ်နားလည်အောင် ရေးသားတင်ဆက်ဖန်တီးနိုင်စွမ်းရှိရမည်။ ပရိတ်သတ်နားလည် သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ခံစားအောင် ရေးသားဖို့အလုပ်သည် အနုပညာဖန်တီးရှင်၏ အလုပ် ဖြစ်ပါသည်။

အနုပညာသည် အများနှင့် ပတ်သက်နေသောကြောင့် အနုပညာရှင်ဘဝကို ခံယူလိုပါက ယင်းပုဂ္ဂိုလ် သည်

၁။ အပြုသဘောရှိရမည်။ စိတ်ကောင်းရှိရမည်။

၂။ မိမိ၏အနုပညာကို အများပြည်သူလူထုအတွင်း ဖြန့်ချိရမည်။

၃။ အနုပညာရှင်သည် အစစအရာရာပိုင်းခြား ဝေဖန်နိုင်စွမ်းရှိရသည်။

၄။ မိမိကိုယ်စားပြုသော အနုပညာကို ဝါသနာပါပြီး တတ်ကျွမ်းနားလည်ရမည်။

၅။ အထွေထွေဗဟုသုတရှိပြီး တီထွင်ကြံဆဖန်တီးနိုင်စွမ်းရှိရန် လိုသည်။

အနုပညာရှင်တစ်ဦးသည် အနည်းဆုံး အထက်ဖော်ပြပါ အင်္ဂါနှင့် ပြည့်စုံရန်လိုသည်။

မြောင်းမြပဋ္ဌာနတာရုံဆရာတော်ကြီးကမူကား- ကဗျာရှင်ဖြစ်နိုင်ဘို့အကြောင်းရင်းကို ဖော်ပြရာတွင်-

၁။ ပင်ကိုယ်ဉာဏ်ရှိရမည်။

၂။ ဗဟုသုတရှိရမည်။

၃။ လုံ့လ-ဝီရိယရှိရမည်။

ဟု မြွက်ကြားပါသည်။

❑ ❑ ❑



အခန်း (၂၀)

## အနုပညာရပ်နှင့် အနုပညာဆိုင်ရာကိရိယာပစ္စည်း

အနုပညာရပ်နှင့် အနုပညာဆိုင်ရာ ကိရိယာပစ္စည်းတို့သည် အနုပညာထွန်းကားရေးတွင် မရှိမဖြစ်လိုအပ်သောအရာဖြစ်၏။ အနုပညာရပ်ဟူသည် ဘယ်လိုသီဆိုရမည်။ ဘယ်လိုလက်ချိုး၍ကရမည်။ ဘယ်လိုတီးမှုတ်ရမည်။ ဘယ်လိုပန်းချီရေးဆွဲရမည်။ စာပေကို ဘယ်လိုရေးရမည်ဟုဆိုသော နည်းစနစ်များဖြစ်၏။ အနုပညာရပ်များကို အနုပညာရှင်များ တတ်မြောက်ကြသည်။ အနုပညာရပ်များသည် အနုပညာရှင်တို့၏ ဥစ္စာများဖြစ်၏။

အနုပညာကိရိယာပစ္စည်းဟူသည်က ပန်းချီရေးရမည်ဆိုပါက ဆေးစုတ်တန်၊ ပိတ်ကားစသည်တို့ ဖြစ်ပါ၏။ သီချင်းဆိုမည်ဆိုက ကြေးကြိုးသရေ၊ လေလက်ခုတ် စည်းဝါး စန္ဒယား၊ ဝါးလက်ခုပ်၊ အိုးစည်စသည်တို့ဖြစ်၏။ ကခုန်ရမည်ဆိုပါက အဝတ်အစား၊ မီး၊ ဇာတ်ခုံ၊ ဆိုင်းဝိုင်းစသည်တို့ဖြစ်ပါသည်။

အနုပညာရပ်နှင့် အနုပညာကိရိယာများကို အနုပညာရှင်က စေစားသောအခါတွင်မှ အနုပညာ လှုပ်ရှားမှုနှင့် အနုပညာပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာရ၏။ အနုပညာခံစားမှုဖြစ်ပေါ်ရေးတွင် အနုပညာရှင်ရော၊ ပညာရပ်ရော၊ အနုပညာဆိုင်ရာ ကိရိယာပစ္စည်းများပါ အရေးကြီးသည်။

ထိုအရာသုံးခုအနက် အနုပညာရှင်သည် ပုဂ္ဂလိကဆန်သော်လည်း အနုပညာနှင့် အနုပညာပစ္စည်း ကိရိယာတို့သည် အများနှင့်သက်ဆိုင်၏။ အနုပညာသည် လူသားတို့ဖြတ်သန်းခဲ့သော အနှစ်တစ်သန်းအတွင်း လက်ဆင့်ကမ်း သယ်ဆောင်လာသော ပညာရပ်ဖြစ်၏။

ဥပမာ မြန်မာ့ပန်းချီ၊ ပန်းပု၊ ဂီတ၊ အက၊ စာပေ အနုပညာရပ်များကိုလေ့လာလျှင် ရှေးဦးကျောက်ခေတ်လူသားတို့သည် သူတို့ဖမ်းဆီးရမိသော သားကောင်များ၏ ပုံကိုကျောက်ဂူနံရံများတွင် ရေးဆွဲကြသည်။ ပြဒါးလင်းဂူနံရံတွင် တွေ့ရှိရသော ပုံများဖြစ်သည်။ ကျောက်ခေတ်လူသားတို့သည် မိခင်မေတ္တာ၏ သဘောကို သိရှိသည်။ ထို့ကြောင့် ရွှံ့စေးကိုလက်ဖြင့် ဆုပ်၍ အမိ၏ပုံကိုထုလုပ်ကြသည်။ ထို့နောက် မီးဖုတ်၍ထိန်းသိမ်းထားရှိခဲ့ရာ တောင်သမန်အင်းမှ တွေ့ရသော မြေမီးဖုတ်အမိရုပ်သည် ကျောက်ခေတ် လူသားတို့၏ အနုပညာလက်ရာဖြစ်သည်။

အိုးဖုတ်သည့်အတတ်ကို ကျောက်ခေတ်လူသားတို့ပင်တွေ့ရှိတီထွင်ခဲ့ရာ တကောင်း TG 31 ကုန်းမှ တွေ့ရှိရသော အိုး ၆၄-လုံးပေါ်မှတွေ့ရှိရသော ဒီဇိုင်းလက်ရာ ပန်းလက်ရာတို့သည် ရှေးပျူအနုပညာသည်များ၏ လက်ရာများပင်ဖြစ်သည်။ ပျူတို့သည် အတီးအမှုတ်အကအခုန်များကို တတ်ကြသည်။ ကြေးသွန်းအတတ်၊ ရွှေကိုသွန်းလုပ်သော ပန်းထိမ်အတတ်၊ ပန်းပဲအတတ်များကိုတတ်သည်။

ရှေးဦးလူများအတွက် သူတို့၏ သဘာဝပတ်ဝန်းကျင်ကို သူတို့ခေတ်သူတို့အခါတွင် တွေ့ရသော သစ်သား၊ မီးသွေး၊ ရွှံ့၊ သံ၊ ကြေး၊ မီးအစရှိသည့်ပစ္စည်းတို့နှင့်ပြုလုပ်၍ ဦးနှောက်အတွင်းမှ ခံစားမှုတို့ကို





ပေါင်းစပ်ကာ အနုပညာကို ဖန်တီးခြင်းဖြစ်သည်။ ထိုအနုပညာ ခံစားမှုသည် နှစ်သက်စရာဖြစ်လာသောအခါ ရသဖြစ်လာရသည်။

မြန်မာ့အနုပညာအရပ်ရပ်ကို စတင်တီထွင်ကြသူများသည် မြန်မာ့မြေပေါ်တွင် အသက်ရှင်ထင်ရှား နေထိုင်သွားကြသော ကျောက်ခေတ်ကြို၊ ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်းလူသားများ၊ ပျူအကြိုလူသားများ၊ တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပင်လယ်အစရှိသော ပျူမြို့ပြနိုင်ငံတွင် အသက်ရှင်ထင်ရှားရှိသော ပျူအနုပညာသည်များပင် ဖြစ်သည်။ ၂၀-၅-၂၀၀၃ နေ့က တကောင်းနန်းတော်ကုန်းအတွင်းမှတွေ့ရှိရသော ပျူအမျိုးသမီးငယ်တစ်ဦး၏ အရိုးအိုးမှ တွေ့ရှိရသော ကြေးခြူငါးကွင်းနှင့် မြေပတီးစေ့၊ သလင်းကျောက်ပတီးစေ့၊ သံနားကွင်းနှင့် အမျိုးသမီးအသုံးအဆောင် ပစ္စည်းများသည် ပျူခေတ်ပျူအခါကာလ၏ ယဉ်ကျေးမှုအနုပညာသက်သေခံ ပစ္စည်းများဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ကြေးသွန်းပညာရပ်များ ဝတ်စား ဆင်ယင်မှုများ၊ သွားလာပြုမူနေထိုင်မှုများ၊ ပြောဆိုသောစကားများကို ရှေးပျူမတိုင်မီနှင့် ပျူခေတ်မြို့ပြ နိုင်ငံများတွင် အခြေစိုက်ဖွံ့ဖြိုးလာခြင်းဖြစ်သည်။

ပျူမြို့ပြနိုင်ငံများ၏ အဆိုအကအတီးအမှုတ် ပန်းချီပန်းပု အနေအထိုင်အပြောအဆိုစသည့် ယဉ်ကျေးမှု ကိစ္စအရပ်ရပ်ကို ပုဂံကဆက်ခံခဲ့သည်။ သရေခေတ္တရာတွင် အခြေတည်လာခဲ့သော ပန်တျာပညာအရပ်ရပ်သည် ပုဂံတွင် ပိုမိုခိုင်မြဲလာခဲ့သည်။

ပုဂံတွင် အခိုင်အခန့်ဖြစ်လာသော မြန်မာ့အနုပညာ ယဉ်ကျေးမှုကိစ္စအရပ်ရပ်သည် ပင်းယ၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝခေတ်များတွင် ပိုမိုကျယ်ပြန့်နက်ရှိုင်းလာခဲ့၏။ ပင်းယ၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝတွင် မြန်မာ့စာပေ၊ ယဉ်ကျေးမှု၊ အနုပညာအရပ်ရပ်သည် နယ်ပယ်ပိုမိုကျယ်ပြန့်လာသလို အနုစိတ်မှုများ ပိုမိုပါဝင်လာ၏။ ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



ကာလတွင် မြန်မာ့ဂီတသဘင် စာပေအနုပညာအရပ်ရပ်သည် ပိုမို နက်ရှိုင်း အနုစိတ်လာသည်နှင့်အညီ နက်ရှိုင်းကျယ်ပြန့်သော ရသ နယ်ပယ်အတွင်းသို့လည်း ဝင်ရောက်လာခဲ့၏။

မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်များ တွင် ထွန်းကားပြန့်ပွား အရွယ်ရောက်ခဲ့ပြီးဖြစ်သော မြန်မာ့အနုပညာ အရပ်ရပ်သည် ကုန်းဘောင်ခေတ်တွင် အထွတ်အထိပ်သို့ ရောက်လာ ခဲ့၏။ စည်းစနစ်တကျလည်းဖြစ်လာခဲ့သည်။

ထို့ကြောင့် မြန်မာ့အနုပညာရပ်ဟူသည် တခေတ်ပြီး တခေတ် သော ပြည်သူတို့လက်ဆင့်ကမ်း ပြုစုပျိုးထောင်ခဲ့သော ပစ္စည်းဖြစ် သည်။ ထို့ကြောင့် ယဉ်ကျေးမှုစာပေ သဘင်ဂီတ ရုပ်ရှင်မှအစ အနု ပညာ အရပ်ရပ်သည် ပုဂ္ဂလိကပိုင်မဟုတ် ပြည်သူတို့ လက်ဆင့်ကမ်း တည်ဆောက်မှုများပါဝင်၍ အနုပညာရှင်သည် မိမိဘာသာမိမိ သီချင်းတစ်ပုဒ် ပန်းချီတစ်ချပ် စာတစ်အုပ်ကို တီထွင်ကြံဆ ထုတ်လုပ် ဖန်တီးခဲ့စေဦးတော့ အများပြည်သူကို လေးစားမှုပြုရမည်။

သမိုင်းအစဉ်အလာအရ အနုပညာလုပ်ငန်းအရပ်ရပ်သည် ပုဂ္ဂလိကပိုင်မဟုတ်သလို တီထွင်လိုက်သော ပညာရပ်အသီးသီးမှာ လည်း ပြည်သူလူထုအတွင်း ဖြန့်ချိနိုင်မှ အရှည်တည်တံ့သောကြောင့် အနုပညာသည်၏ တီထွင်မှု အရပ်ရပ်သည် ပြည်သူနှင့် မကင်းနိုင်။

အနုပညာတစ်ရပ်ကို အရှည်တည်တံ့အောင် ထိန်းသိမ်းသူ သည် အနုပညာရှင်မဟုတ်၊ အများပြည်သူသာလျှင်ဖြစ်၏။

ထို့ကြောင့် နိုင်ငံအစိုးရအသီးသီးသည် မည်သူ၏အနုပညာ မူပိုင်ခွင့်ကိုမဆို အနုပညာရှင် ကွယ်လွန်ပြီး ၇၅ နှစ်သာ သားသမီး တို့အား အမွေဆက်ခံခွင့် ပိုင်ဆိုင်ခွင့်ပြု၍ ၇၅ နှစ်ထက် ကျော်ပါက နိုင်ငံကသော်လည်းကောင်း အများကသော်လည်းကောင်း ပိုင်ဆိုင် သည်။ ပုဂ္ဂလိကပိုင်ပစ္စည်းအဖြစ်ရပ်တည်ခွင့်မရှိတော့။



အနုပညာရှင်သည် မိမိတတ်ကျွမ်းသော ပညာဖြင့် အနုပညာ ကို လွတ်လပ်စွာဖန်တီးမှုရှိသော်လည်း မိမိ၏ဖန်တီးမှုသည် အစစ အရာရာ ဝေဖန်ပိုင်းခြားစိစစ်မှုရှိရမည်ဖြစ်၏။ မိမိထုတ်လုပ်လိုက် သော ပစ္စည်းသည် အများပြည်သူများအတွက် အဆိပ်ဖြစ်နေသလား။ ဆိုးဝါးထိခိုက်ပျက်စီးမှုရှိနေသလား။ မရှိဘူးလားဆိုသော အချက်ကို ပိုင်းခြားဝေဖန်စိတ်ရှိရမည်ဖြစ်ပါ၏။ အနုပညာပစ္စည်းသည် အလွန်မှ အရေးကြီးသည်။ ဩဇာကြီးမားသည်။ ထက်မြက်လျှင် ထက်မြက် သလောက် အကျိုးရှိခြင်း၊ အကျိုးမဲ့ခြင်းတို့ကို ဖြစ်စေသည်။ ထို့ကြောင့် အနုပညာဖန်တီးသူသည် ဆင်ခြင်ပိုင်းခြားဝေဖန်နိုင်စွမ်းရှိရမည်ဟု ဆိုခြင်းဖြစ်သည်။

အနုပညာဖန်တီးသူသည် အရေးကြီးသည်။

အနုပညာအား ဖန်တီးသူမရှိပါက အနုပညာလည်း မရှိတော့ ပြီဖြစ်၏။ အနုပညာကို ဆန်းသစ်တီထွင် ဖန်တီးသူရှိမှ ဆန်းသစ်သော အနုပညာပစ္စည်းများကိုရတတ်သည်။ ဖန်တီးသူသည် ပြောင်မြောက် ထက်မြက်စွာ အနုပညာပစ္စည်းကို ဖန်တီးသောအခါမှလည်း ရသ မြောက်သော အနုပညာပစ္စည်းများ ပေါ်လာသည်။

ရသကို ဖန်တီးသူသည် အနုပညာရှင်သာလျှင် ဖြစ်သည်။

ထို့ကြောင့် သူသည်အရေးကြီးပါသည်။

အနုပညာတရပ်ရပ်ကို ဖန်တီးမည်ဆိုပါက အနုပညာရှင် အတွက် အနုပညာထုတ်လုပ်မှုဆိုင်ရာ ကိရိယာများလည်းလိုအပ် သည်။

အနုပညာထုတ်လုပ်မှုကိရိယာဆိုသည်မှာ ဖန်တီးမည့်ပစ္စည်း များ၊ ပန်းပုထုမည်ဟုဆိုပါက သစ်သား၊ စူးဆောက်၊ တန်ဆာပလာများ ကို လိုအပ်သည်။ ပန်းချီဆွဲမည်ဆိုပါက ပန်းချီဆွဲရမည့်ဆေး စုတ်တန် နံရံသစ်သားပြားစသည်တို့ လိုအပ်၏။ တူရိယာတရပ်ရပ်ကို တီးမှုတ် တော့မည်ဟုဆိုလျှင် တူရိယာပစ္စည်း လိုအပ်သည်။ ကခုန်မှုပြုတော့



www.burmeseclassic.com

www.burmeseclassic.com



မည်ဟုဆိုပါကလည်း ကခုန်ရာတွင် ဝတ်ဆင်သည့် အဝတ်အစား တန်ဆာပလာများ လိုအပ်သည်။ ဝတ်စားဆင်ယင်မှုသည်လည်း အလှအပကို ဖန်တီးသည့် အနုပညာဆိုင်ရာလိုအပ်ချက် တစ်ခုဖြစ်ပါ၏။ စာပေတရပ်ရပ်ကို ဖန်တီးမည်ဟု ဆိုပါကလည်း ကျောက်သင်ပုန်း၊ စာရွက်၊ မှင်တန်၊ ခဲတံ စသည်တို့ လိုအပ်ပါသည်။ အနုပညာ တရပ်ရပ်ကို ဖန်တီးရာတွင် ယင်းအနုပညာ ဆိုင်ရာကိရိယာပစ္စည်း များရှိမှသာ အဖြူပေါ်တွင် အမဲထင်သောကြောင့် သူတို့သည်လည်း အရေးကြီးသည်။

ကျောက်ခေတ်လူသားသည် ဆေးအနီအဝါတို့ကို ရှာ၍ ဂူနံရံတွင် ရေးဆွဲခဲ့ရာ ယင်းဆေးအနီအဝါနှင့် ဂူနံရံမရှိပါက ကျောက်ခေတ်လူသားသည် မည်သို့မျှ ဂူတွင်းနံရံပေါ်မှ အရုပ်များကိုထားရှိခဲ့နိုင်မည်မဟုတ်ပါ။

ကျောက်ခေတ်အခါက လက်ရာမြောက်သော ကျောက်ပစ္စည်းများ၊ မြေမီးဖုတ်ပစ္စည်းများ၊ အိုးအမျိုး မျိုး ပြုလုပ်သည့်မြေကြီး မြေသားစသည်တို့သည်လည်း အနုပညာဖန်တီးမှုတွင် အရေးကြီးပါသည်။ ယင်းတို့ မပါလျှင် အနုပညာပစ္စည်းမဖြစ်ပါ။

ပျူခေတ်တွင် သစ်သားပန်းပုလက်ရာများ ရှိနိုင်သည်ဟု ယူဆရသည်။ သို့သော် နှစ်ပေါင်းများစွာ ကြာရှည်၍ ရာသီဥတု၏ ဘေးအန္တရာယ်ကြောင့်ပျက်စီးမှုဖြစ်နိုင်၏။ သို့သော် ပျူခေတ်လက်ရာအဖြစ် ရရှိသော ပျူခေတ်ကချေသည် ကြေးသွန်းရုပ် ငါးရုပ်သည် ထိုခေတ်အခါက အသုံးပြုခဲ့သော ကြေးသွန်းအတတ် ပညာ၏ လက်ကျန်ဖြစ်သည်။ အနုပညာပစ္စည်းကို ဖန်တီးရာတွင် ဖန်တီးမှုပစ္စည်း လိုအပ်သည်။

ပုဂံခေတ်တွင်ကား သစ်သားလက်ရာများ ကျန်ရစ်သည်။ သစ်သားမတ်ရပ်ဆင်းတုတော်များ၊ ကြေးသွန်းလက်ရာများ၊ ရွှေ၊ ငွေ၊ ကြေး၊ ပဥ္စလောဟာနှင့် သွန်းလုပ်သော ဘုရားများ၊ ရွှေဘုရားငွေဘုရား





များ၊ ရွှံ့မီးဖုတ်ပစ္စည်းများ၊ စဥ့်ကွင်းလက်ရာများသည် အနုပညာ ဖန်တီးမှုဆိုင်ရာ ရုပ်ပစ္စည်းပင်ဖြစ်သည်။

အနုပညာရှင်တစ်ဦးသည် အနုပညာပစ္စည်းတရပ်ရပ်ကို တီထွင်တော့မည်ဟုဆိုပါက အထက်ပါအတိုင်း အနုပညာဆိုင်ရာ ရုပ်ဝတ္ထုပစ္စည်းကိရိယာများကို စုဆောင်းရသည်။ မိမိလက်ဝယ် ရှိနေရသည်။ ရှိမှသာလည်း အနုပညာဖန်တီးမှုကို ပြု၍ရသည်။ ထိုရုပ်ဝတ္ထုပစ္စည်းများမှတဆင့်သာ အနုပညာကို ခံစားရခြင်းဖြစ်သည်။ ရုပ်ဝတ္ထုပစ္စည်းများတွင် အနုပညာကိုပြုလုပ်သော စူးဆောက် တန်ဆာပလာအပိုင်းနှင့် အနုပညာရုပ် ဖြစ်လာသောပစ္စည်းပိုင်းဟူ၍ နှစ်ပိုင်းပါဝင်၏။

အနုပညာပစ္စည်းများကလည်း အရေးကြီးသည်။ ယင်းတို့ ရှိ၍သာ အနုပညာကို ဖန်တီး၍ရသည်။ ခံစား၍ရသည်။ ကျန်ရစ်မှုဖြစ်သည်။ အနုပညာသည်၏ စိတ်ကူးချည်းသက်သက်ကို အခြားသူတို့ ခံစား၍မရ၊ စိတ်ကူးခံစားမှု ချည်းသက်သက်သည် ကျန်ရစ်မှုမရှိ။ အနုပညာဟူသည် အနုပညာသည်၏ စိတ်ကူး စိတ်သန်းကို ရုပ်ဝတ္ထုပစ္စည်းများ လှုပ်ရှားမှုသဏ္ဍာန်များမှတဆင့် သရုပ်ဖော်ဖန်တီးရသော ပညာရပ်ဖြစ်ပါ၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

# အနုပညာခံစားသူပရိသတ်

အနုပညာတွင်အနုပညာရပ်၊ အနုပညာပစ္စည်းနှင့် အနုပညာရှင်တို့အရေးကြီးသလိုအနုပညာကို ခံစားသောပရိသတ်လည်းအရေးကြီးသည်။ အနုပညာရှင်သည် သူ၏အနုပညာရပ်ကိုခံစားသူ ပရိသတ်၏ အဆုံးအဖြတ်ကိုခံယူရသည်။ ခံစားသူပရိသတ်၏ခံစားချက်သည် ယေဘူယျအားဖြင့်ထိုအနုပညာရပ်၏ အတိမ်အနက်ကိုအဆုံးအဖြတ်ပေးသည်။

အနုပညာရပ်သည် အများပြည်သူ အနုပညာခံစားသူတို့နှင့်ကင်းကွာ၍မရပေ။ ထို့ကြောင့် တိုးတက်သော အနုပညာရှင်တစ်ဦး၏အရည်အသွေးကိုသတ်မှတ်ရာတွင်အနုပညာကိုပြည်သူအတွင်း ဖြန့်ချိရမည်ဆိုသောအချက်တစ်ရပ်ကိုပါဝင်သတ်မှတ်ထားခြင်းဖြစ်သည်။ အနုပညာရှင်သည် အနုပညာတရပ်ရပ်ကိုထုတ်လုပ်ရန် ပထမစိတ်ကူးသည် စိတ်ကူးရာမှယုံကြည်ချက်တစ်စုံတရာ သို့မဟုတ် ခံစားချက်တစ်စုံတစ်ရာကိုရ၏။ ထို့နောက်အနုပညာပုံစံအရပ်ရပ်ဖြင့်သူ၏ ယုံကြည်မှုခံစားမှုကိုသရုပ်ဖော်သည်။ ထိုသို့သရုပ်ဖော်မှုသည် အနုပညာ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လုပ်မှု၏ ကိစ္စတဝက်ပြီးမြောက်သည်ဟုဆိုနိုင်၏။ အနုပညာပစ္စည်းထုတ်လုပ်မှု၏ ကျန်တဝက်မှာ ထိုအနုပညာကို အနုပညာခံစားသူထံသို့ ပို့ဆောင်ရေး အလုပ်နှင့်အနုပညာ ခံစားသူ၏အဆုံးအဖြတ်ကို ခံယူခြင်းဖြစ်သည်။ အနုပညာတရပ်ရပ်၏အောင်မြင်မှုဆိုသည်မှာ အနုပညာ ခံစားသူပရိသတ်၏ တုန့်ပြန်မှုနှင့်တိုင်းတာသည်။

အနုပညာခံစားသူကကောင်းသည်၊ ညံ့သည်၊ စွဲမက်စရာကောင်းသည်စသည်ဖြင့် သူတို့ဟာ သူတို့ဆုံးဖြတ်သည်။ အနုပညာတရပ်မည်မျှပင်အရေးအဖွဲ့အတီအထွင်ကျနကောင်းမွန်စေ ကာမူ ခံစားမည့် ပရိသတ်မရှိပါက တောတောင်ဂနိုင်အတွင်းပွင့်နေသောပန်းတစ်ပွင့်၊ သီးမှည့်နေသောသစ်သီးတို့ပမာ ထိုအလှတရားကို ချီးကျူးသူမရှိ၊ ဆွတ်ခူးစားသုံးသူတို့မရှိဖြစ်ရသည်။ အနုပညာရှင်ကသူ၏ယုံကြည်ချက် ခံစားချက်ကိုပရိသတ်ထံသို့ပို့ရာတွင်ပရိသတ်ကလည်း အနုပညာရှင်ခံစားသလို ခံစားရန်လိုသည်။ မခံစားရဟုဆိုပါက အနုပညာလုပ်ငန်းသည် မအောင်မြင်ပေ။

အနုပညာခံစားသူတို့သည်အရေးကြီးသည်။ အနုပညာရပ်တစ်ရပ်၏ ဂုဏ်ရည်သည် ခံစားသူပရိသတ်၏ ဆုံးဖြတ်ချက် နှင့်လည်းသက်ဆိုင်၏။ ပရိသတ်အကြိုက်ဆန္ဒဖြစ်လျှင် ဂုဏ်ရည် မြင့်မားသည်အောင်မြင်မှုရှိသည်။ ပရိသတ်ကဆက်ကြိုက်နေလျှင် အနုပညာရပ်၏အောင်ပွဲကဆက်ရှိနေသည်။ ပရိသတ်မကြိုက်တော့လျှင် ထိုအနုပညာသည်လည်း ပွဲသိမ်းရသည်။

အနုပညာရှင်သည်သူဟာသူလွတ်လပ်စွာတွေးတောကြံဆနိုင်သည်။ ထိုလွတ်လပ်မှုကြောင့် အနုပညာအရည်အသွေးကောင်းလာသလို အနုပညာတရပ်ကို အလင်္ကာမြောက် ဂုဏ်မြောက်အောင်နည်း စနစ်တကျဖွဲ့ဆိုသောကြောင့်လည်းပိုကောင်းလာနိုင်၏။ ခံစားသူပရိသတ်သည် အနုပညာရှင်၏နောက်သို့ မလိုက်နိုင်တာမျိုးလည်းရှိသည်။ အနုပညာရှင်က သူ့ခံစားချက်ကို ပရိသတ် ခံစားချက်ဖြစ်





အောင် ကြိုးစားရသည်။ သို့သော် အခါအားလျော်စွာပရိသတ်ကို အနုပညာရှင်ကဦးဆောင်မှုပေးသလို အခါအားလျော်စွာလည်း ပရိသတ်နောက်သို့ အနုပညာရှင်ကလိုက်သည်။

အနုပညာဟူသည်လောကသဘာဝတရားကိုတု၍ အလှတရားကို ဖန်တီးမှုပြုခြင်းဖြစ်သည်။ အနုပညာရှင်ဖန်တီးသောအလှတရားကိုခံစားသူသည် ပြည်သူပင်ဖြစ်သည်။

အနုပညာခံစားသူတို့သည် အနုပညာတရပ်ရပ်ကိုခံစားရာတွင် သူလက်ခံထားသော တန်ဖိုးထားမှုစနစ် Vaule System နှင့်အညီလက်ခံခြင်းဖြစ်၏။ တန်ဖိုးထားမှုစနစ်သည် လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုမတူ အကြိုက်ချင်းကွဲပြားမှုရှိ၏။ ဦးစားပေးမှုရှေ့နောက်လည်းမတူဘဲရှိ၏။

ခံစားသူပရိသတ်သည် သူဦးစားပေးတန်ဖိုးထားသောအကြောင်းအရာ သို့မဟုတ် နည်းစနစ်ကိုပို၍ ကြိုက်သည်။ မြန်မာပြည်သူတို့အတွက် ထိပ်တန်းဦးစားပေး အစီအစဉ်တွင်ပါရှိသောအရာသည် ဗုဒ္ဓဖြစ်သည်။ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံ၌ ပျူခေတ်ကပင် ဗုဒ္ဓဘာသာရောက်ရှိ သန္ဓေတည်သော်လည်း ဗုဒ္ဓဘာသာသည်ပုဂံခေတ်တွင်မှ စံပြုလောက်အောင် ထွန်းကားလာခဲ့၏။ မြန်မာတိုင်း၏ တန်ဖိုးထားမှုသည် ဗုဒ္ဓဘာသာတွင် အခြေခံ၏။ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံ၊ ကိုလိုနီခေတ်မှသည် ယနေ့တိုင် မြန်မာတို့ တန်ဖိုးထားမှုသည် ဗုဒ္ဓဘာသာကို အခြေခံခဲ့သည်။ မြန်မာတို့သည် အောက်ပါကိစ္စတို့ကို တန်ဖိုးထားရှိသည်ဟုရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း(မနုသာကျော်ဝင်း)ကဆိုသည်။ ဆရာ၏အဆိုအရ မြန်မာတို့သည်

(က) ရဲစွမ်းသတ္တိ

(ခ) ရက်ရောမှုနှင့်ညော့ဝတ်ကျေပွန်မှု

(ဂ) ငြိမ်းချမ်းရေး



www.burmeseclassic.com

www.burmeseclassic.com



(ဃ) သနားကြင်နားတတ်မှု
(င) သည်းခံခွင့်လွှတ်တတ်မှု
(စ) ကျေးဇူးတရားသိတတ်မှု
(ဆ) တာဝန်နှင့်ဝတ္တရားကျေပွန်မှု
(ဇ) ဟီရိဩတ္တပ္ပတရား (အရှက်နှင့်အကြောက်တရား) စောင့်ထိန်းမှု
(ဈ) ကိုယ်ချင်းစာတရားထားရှိမှု
(ည) စုပေါင်းဆောင်ရွက်မှု
(ဋ) သစ္စာစောင့်သိခြင်းကို တန်ဖိုးထားမှု တို့ဖြစ်သည်ဟု ဆိုသည်။

ခံစားသူ ပရိသတ်သည် ယေဘုယျအားဖြင့် မိမိတို့တန်ဖိုးထားသည့် အကြောင်းအရာကို ဦးစားပေး၍ ခံစားတတ်ကြသည်သာဖြစ်၏။

ခံစားမှုသည် ရေမြေတောတောင် ကာလဒေသယဉ်ကျေးမှု မတူညီလျှင်လည်း ခံစားမှုကွဲပြားမှုရှိ၏။ အနောက်တိုင်းဟာသများကို ကျွန်တော်တို့ဖတ်ရသောအခါ ကြည့်ရှုရသောအခါ အချို့သည် လုံးဝ မရယ်ရပါ။ လုံးဝခံစား၍မရ။

အနုပညာခံစားသူတို့သည် သူတို့၏ခံစားချက်အတွက် မှန်လားမှားလား မည်သူ့ထံတွင်မှ အမိန့်ခံစရာမလို။ သူတို့၏ ခံစားမှုသည် နောက်ဆုံး ဆုံးဖြတ်ချက်ပင်ဖြစ်သည်။ သူတို့သည် နောက်ဆုံး အယူခံ ရုံးသာဖြစ်၏။ သို့သော် အနုပညာရှင်သည် ခံစားသူတို့က လွဲမှားသောတန်ဖိုးထားမှုရှိနေသည်ဟု ဆိုပါက အကျိုးအကြောင်းပြ၍ တင်ပြနိုင် သောအခွင့်ရှိ၏။ ထိုအခါ ခံစားသူတို့၏ တန်ဖိုးထားမှုသည် ပြောင်းလာ နိုင်၏။

အဆင့်အတန်းမြင့်မားသော အနုပညာရပ်များကို တခါတရံ အများပြည်သူသည် မခံစားတတ် မခံစားနိုင်လည်း ဖြစ်တတ်၏။ ထိုအခါ အနုပညာခံစားသူ ပရိတ်သတ် ခံစားတတ်သည်အထိဆင်း၍ အနု





ပညာ ဖန်တီးမှုကို ပြုရမည်ဖြစ်သည်။ အနုပညာရှင်သည် ဘယ်ခံစားသူထံသို့ မိမိအနုပညာကို ပေးပို့ချင်သည်ဆိုသော Target Audience ကိစ္စကအရေးကြီး၏။

သတင်းစာ အရေးအသားသည် အများပြည်သူနားလည်အောင်ရေးသည်။ သာမန်ပရိသတ် Average Reader နားလည်အောင် ရေးကြသည်။ သတင်းစာပါ အကြောင်းအရာကို အိမ်ရှင်မ၊ ရုံးဝန်ထမ်း၊ ကျောင်းသူကျောင်းသားများပါ နားလည်အောင်ရေးခြင်းသည် သတင်းစာ၏အလုပ်ဖြစ်၏။ သတင်းစာသည် အထူးကြီးတော့ ထုတ်ပါရဲ့၊ သတင်းတွေအစုံလဲပါပါရဲ့၊ သတင်းစာသည် လူထုလက်ထဲ သို့လည်းရောက်ပါရဲ့ သို့သော် သတင်းစာရေးသားမှုသည် အကွန့်အညွှန့်များနှင့် ဝေဝေဆာဆာ မဟာဆန်ဆန် ဖိုးဝဇီရာတို့ လက်ထက်က သတင်းအရေးအသားနှင့် ရေးသားထားလျှင် ဘယ်သူမှ နားလည်မည်မဟုတ်။ အများပြည်သူများ နားမလည်ပါက ထိုသတင်းစာ၏ ဩဇာသည် ဘာမှမရှိဘဲ ကုန်ပစ္စည်းထုတ်သည့်စက္ကူ ဘဝ၊ ဆေးပေါ့လိပ် အစီခံဘဝသို့ ရောက်မည်ဖြစ်ပါ၏။

အနုပညာရှင်တို့၏ ပစ်မှတ်သည်ခံစားသူပရိသတ်ပင်ဖြစ်၏။ အနုပညာရှင်၏ ဖန်တီးမှုသည် သူ၏ပစ်မှတ်ဖြစ်သော ခံစားသူ ပရိသတ်ကိုထိအောင် မပစ်နိုင်ပါက သူ၏ဖန်တီးမှုသည်မအောင်မြင်နိုင်ပေ။ မြတ်စွာဘုရားသည် ဗောဓိပင်နှင့်ရွှေပလ္လင်ကိုအောင်မြင်တော်မူ၍ အလွန်နက်နဲ သိမ်မွေ့သောတရားမြတ်ကို ဆရာမကူ အလိုလိုသိရှိလာပြီးသောအခါ သတ္တဝါများအားတရားဟော၍ဖြစ်မှ ဖြစ်ပါ့မလားဟု သံသယ ဖြစ်ခဲ့၏။ ဘုရားမြတ်စွာ၏ စေတနာ့သည် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အား မိမိတွေ့ရှိပြီးသောတရားကို များစွာသော ပရိသတ်တို့ နားလည်၍ မြတ်နိဗ္ဗာန်သို့ ဖောင်ကူးတို့နှင့် ဆောင်ပို့ရန် ဖြစ်၏။ မြတ်စွာဘုရားသည် တရားထူး တရားမြတ်ကို သိရှိပြီးသော အခါ မိမိတွေ့ရှိသော တရားသည် အလွန်သိမ်မွေ့လှန်း၍



www.burmeseclassic.com

www.burmeseclassic.com



ထိုတရားကို အများတကာတို့အား ဟောကြားသည့်တိုင် နားလည်ပါ့မလားဟု သံသယရှိ၏။ နားမလည်လျှင် အားထုတ်မှုသည် အချည်းနှီးတည်း။ အချည်းအနှီးကိစ္စကို မြတ်စွာဘုရားကဲ့သို့သော ပုဂ္ဂိုလ်က မလုပ်ဆောင်။ ထိုအခါ သဟံပတိဗြဟ္မာကြီး တောင်းပန်လျှောက်ထားသောအခါမှ မြတ်စွာဘုရားသည် တရားဟောတော်မူသည်။

ထို့ကြောင့်အနုပညာရှင်သည် မိမိရည်ရွယ်ချက်ကို ပို့ဆောင်ရာတွင် ပရိသတ် Target audience သည် ဘယ်သူလဲဆိုတာ သိဖို့လို၏။ မိမိ၏ရည်ရွယ်ချက် ပရိသတ်ကိုထိအောင် ပစ်နိုင်မည် မပစ်နိုင်မည်ကို လေ့လာရမည်ဖြစ်၏။ မိမိ၏ရည်ရွယ်ချက်သည် ပရိသတ်ကို ထိမှအနုပညာရှင်၏ အနုပညာလုပ်ငန်း ပြီးမြောက်သည်။

ထို့ကြောင့် အနုပညာရှင်နှင့်အနုပညာရပ် အရေးကြီးသလို အနုပညာခံစားသူ ပရိသတ်သည်လည်း အရေးကြီးကြောင်းတင်ပြရပါသည်။

❒ ❒ ❒



အခန်း (၂၂)

## အနုပညာစွမ်းအား

အနုပညာ၏ အရည်အသွေးသည် ဖန်တီးနိုင်မှုစွမ်းပကားဖြစ်၏။ အနုပညာ၏ ဖန်တီးနိုင်သော စွမ်းပကားသည် ထက်မြက်မှုလည်းရှိသည်။ ပြန့်နှံ့မှုလည်းရှိသည်။ စွဲမြဲမှုလည်းရှိ၏။ ထို့ကြောင့် အနုပညာ စွမ်းအားသတ္တိသည်ကြီးမားသည်ဟုဆိုကြ၏။ ကြီးမားကျယ်ပြန့်နက်နဲ စွဲမြဲနေနိုင်သည်။

တစ်ခါက စစ်ပွဲတစ်ပွဲတွင် တစ်ဘက်မှအနိုင်ရလေလျှင် စစ်ရှုံးသောဘက်မှစစ်သားများကို ဖမ်းဆီး၍ ထားပြီးတစ်ဦးခြင်းကို စစ်ဆေးလေ၏။ ရှုံးနိမ့်သောစစ်သားများဘက်တွင် ခရာမှုတ်သူလူငယ်တစ်ဦးပါရှိ၏။ ခရာမှုတ်သူလူငယ်အား စစ်ဆေးသောအခါ ထိုလူငယ်ကသူသည် စစ်မြေပြင်၌ သေစေလောက်သော လက်နက် တစ်စုံတစ်ရာကို ကိုင်ဆောင်သူမဟုတ်ပါ။ သူသည်ခရာကိုကိုင်၍ လိုက်သူသာဖြစ်ပါသည်ဟု ဆိုလေ၏။

ထိုအခါစစ်နိုင်သူအကြီးအကဲက အခြားသောစစ်သားတို့သည် သူတို့တွင်ရှိသောသေနတ်ဖြင့် တစ်ချက်ခြင်းသာပစ်နိုင်သည်။ သင်ခရာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်သူမှုကား စစ်တပ်ကြီးတစ်တပ်လုံးစိတ်ခတ်တက်ကြွလာ၍ တစ်တပ်လုံးက သေနတ်များကို ပစ်ဖောက်အောင် လှုံ့ဆော်ပေးသူဖြစ်သည်။ သင့်မှာရှိသောခရာသည် လူကိုသေအောင်သတ်နိုင်သော လက်နက်ထက်ပို၍ ကြောက်စရာကောင်းသည်ဟု ဆိုလေသည်။

ခါးသွားထက်ကလောင်သွားထက်သည် ဆိုသောစကားရပ်ရှိ၏။

မြန်မာတို့၏ အနုပညာသင်္ကေတတစ်ခုဖြစ်သော လောကနတ်ရုပ်ထုသည် ဂီတရသ၏ ဩဇာကြီးမားမှုကိုပြဆိုသော သင်္ကေတတစ်ခုဖြစ်သည်။ အနုပညာ၏ ဩဇာသည် အလွန်ထက်မြက်မှုရှိသည်နှင့်အညီ ယနေ့ခေတ်ကာလတွင် အနုပညာကိုလက်နက်သဖွယ် အသုံးပြုလာကြ၏။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုးဩဇာလွှမ်းမိုးမှုရရှိအောင် ကြိုးစားရာတွင်ပါအနုပညာကို အသုံးပြုလာကြ၏။

ယခင်ကတစ်နိုင်ငံမှတနိုင်ငံ ဩဇာလွှမ်းမိုးရေးအတွက်

၁။ ဘာသာရေး Mission

၂။ ကုန်သွယ်ရေး Merchant

၃။ စစ်တပ် Military

မစ်ရှင်၊ မားချင့်၊ မစ်လီထရီ ဟူ၍အဆိုပြုကြ၏။ တစ်နိုင်ငံအား ကျွန်ပြုရန် ပထမဘာသာရေးအဖွဲ့များ၊ မစ်ရှင်များရောက်ရှိလာကြ၏။ ထို့နောက်ကုန်သွယ်ကြသည်။ ပြီးပါက စစ်တပ်ကဝင်ရောက်သိမ်းပိုက်၏။

ယခုအခါထိုစနစ်ကိုမည်သူမှ မသုံးကြတော့။ ယခုအခါ တစ်နိုင်ငံအား ဩဇာလွှမ်းမိုးလိုပါက သူတို့၏ အနုပညာများကို ပို့ဆောင်စည်းရုံး၏။ အနုပညာရပ်များပြီးပါက နည်းပညာရပ်များဖြင့် လွှမ်းမိုးသည်။ အနုပညာ နည်းပညာတို့ဖြင့် လွှမ်းမိုးမှုရရှိပြီးပါက တစ်နိုင်ငံလုံးကို ဩဇာသက်ရောက်မှုရှိပြီးဖြစ်၏။

အနောက်ဥရောပသည် ကမ္ဘာနိုင်ငံအရပ်ရပ်အား လွှမ်းမိုးနိုင်





ရန် အနောက်တိုင်းယဉ်ကျေးမှုကို ဖြန့်ကျက်ထားပါ၏။ မီဒီယာလုပ်ငန်းအရပ်ရပ်ဖြင့် မိမိတို့ယဉ်ကျေးမှုကို အိမ်ပေါက်စေ့ဝင်ရောက်နိုင်အောင် စည်းရုံးကြသည်။ အနေအထိုင်၊ အပြုအမူ၊ အပြောအဆို၊ စီးပွားရေးအောင်မြင်မှုများ၊ အတတ်ပညာစသည့် ကဏ္ဍစုံတွင် သူတို့၏ ယဉ်ကျေးမှုကို ဖြန့်ကျက်နိုင်သမျှဖြန့်ကျက်ကာ ထိုးဖောက်မှုများပြုသည်။ ထိုအနုပညာစည်းရုံးမှုကို နိုင်ငံငယ်များ အလူးအလဲခံကြရသည်။

အနုပညာဖြင့်ထိုးဖောက်စည်းရုံးမှုကို အနုပညာနှင့်သာခုခံ၍ရမည်။ သေနတ်၊ ဒုတ်၊ ဓါး၊ လက်နက်ဖြင့် ခုခံ၍မရ။ အခြားအရာတို့ဖြင့် ထိုးဖောက်ခုခံ၍မရ။ ထို့ကြောင့်နိုင်ငံငယ်များတွင် မိမိတို့ အနုပညာကို မိမိတို့ခုံမင်မြတ်နိုးအောင်ပြုလုပ်ရန်လိုသလို မိမိတို့ အနုပညာကို မိမိတို့ကာကွယ် စောင့်ရှောက်ဖို့လည်းလိုသည်။ ဆက်သွယ်ရေးနည်းပညာများထွန်းကားလာချိန်တွင် အနုပညာဩဇာချဲ့ထွင်လွှမ်းမိုးမှုပြုလာသည်များကို အထူးသတိပြုထားကြရမည်ဖြစ်ပါ၏။

အနောက်တိုင်းယဉ်ကျေးမှုသည် မြန်မာနိုင်ငံသို့လွတ်လပ်ရေးရပြီးကာစမှစ၍ ဝင်ရောက်လာခဲ့သည်။ စာပေ၊ ဂီတ၊ အက၊ ပန်းချီ၊ ပန်းပု၊ အနုပညာနယ်ပယ်အရပ်ရပ်မှ ဝင်ရောက်လာခဲ့၏။ မြန်မာတို့၏ ရိုးရာအနုပညာအယူအဆများကိုပင်တိုက်ခိုက်ခဲ့ကြ၏။ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို အထင်သေးခြင်း၊ တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးခြင်းမှစ၍ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်လျော့ပါးလာအောင်ပြုလုပ်ကြသည်။ အနောက်နိုင်ငံများသည် နိုင်ငံငယ်များ၏ အနုပညာကိုသိမ်းသွင်း ရိုက်ချိုးပြီးသောအခါ သူတို့၏အတတ်ပညာလှိုင်းတံပိုးများနှင့် တစ်ဘုန်းဘုန်းရိုက်ခတ်ပြီး နိုင်ငံငယ်များ၏ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးစသော တံတိုင်းအကုန်ကိုရိုက်ချိုးကြ၏။ သူတို့၏ဩဇာခံ၊ တပည့်ခံ ကျွန်တပိုင်းဘဝသို့ ကျရောက်အောင်ပြုလုပ်ကြသည်။

ထို့ကြောင့် မိမိတို့အနုပညာကို မိမိတို့တည်တံ့အောင်၊ ပိုမိုကျယ်ပြန့်အောင်၊ လုပ်ဆောင်ကြရပါမည်။ လူငယ်များအတွင်း အနု



www.burmeseclassic.com

www.burmeseclassic.com



ပညာအမွေအနှစ်များ ကျယ်ပြန့်စွာ စွဲမြဲအောင်ပြုလုပ်ကြရမည့် အချိန်ဖြစ်၏။

အနုပညာဆိုင်ရာခံယူချက်နှင့်ပတ်သက်၍ ဆရာ၊ နန္ဒာသိန်းဇံကသူ၏ အနောက်တိုင်းရသပညာ စာတမ်းတွင် -

"မြန်မာ့အနုပညာသည် အနောက်တိုင်းအနုပညာနှင့် မတူဘဲ ဟိရိဩတ္တပတရားနှင့် ညီညွတ်မှသာ အနုပညာမြောက်သည်ဟု ခံယူကြပါသည်။ ယနေ့လူငယ်များသည် အနောက်တိုင်း အနုပညာရပ်များကိုသာ အထင်ကြီးပြီး ပုံတူကူးအတုခိုးရန် မသင့်ပါချေ။ မျက်မှောက်ကာလတွင် မြန်မာစာပေကိုနှစ်သက်ပြီးအချိန်ယူ လေ့လာကြသော နိုင်ငံခြားပညာတော်သင်များပိုမိုများပြားလာပါသည်။ ထို့အတူပန်းချီ၊ ပန်းပုနယ်ပယ်တွင်လည်း မြန်မာ့ပန်းချီ၊ ပန်းပုလက်ရာများကို ကမ္ဘာကနှစ်သက်လာကြပါသည်။ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် မြန်မာ့ရိုးရာဂီတကိုလည်း ထူးခြားသောသံစဉ်များကြောင့် စိတ်ဝင်တစားလေ့လာကြသူ နိုင်ငံခြားပညာရှင်များ ပေါ်ထွက်လာပါသည်။ ဤသည်ကို ကျေနပ်နေရုံဖြင့်မပြီး ပို၍ပို၍ကမ္ဘာကလက်ခံလာအောင် ကြိုးပမ်းရန်လိုအပ်ပေသည်။ အနုပညာအရကမ္ဘာကို မြန်မာကဘာများပေးနိုင်မည်နည်းဟု စဉ်းစားကြရမည့်အချိန်လည်း ဖြစ်ပါသည်"

ဟုရေးသားခဲ့ပါ၏။

အနုပညာ၏အစွမ်းသတ္တိ သဘောမှာသူသည် အကောင်းကိုရော အဆိုးကိုပါလှုံ့ဆော်နိုင်သော သဘောသတ္တိရှိ၏။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ သောက၊ ဗျာပါဒ စသော အကုသိုလ်စိတ်များဖြစ်ပေါ်ခံစားချင်အောင် လှုံ့ဆော်မှုပေးတတ်သလို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာ စသော ဗြဟ္မစိုရ်တရားများ၊ သဒ္ဓါ၊ သီလ၊ သမာဓိ၊ ပညာ၊ ဟိရိ ဩတ္တပ္ပစသော သူတော်ကောင်းတရားများကို ပွားများစေသော ကုသိုလ်စိတ်များ ခံစားဖြစ်ပေါ်အောင်လည်းလှုံ့ဆော်နိုင်၏။





လောကနတ်ရုပ်ထုသည် ဂီတရသ၏ ဩဇာကြီးမားမှုကိုပြဆိုသော သင်္ကေတတစ်ရပ်ဖြစ်ပါ၏။ မြန်မာလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားအားမာန်ကို ဖော်ထုတ်၍ အမျိုးသားရေးကဏ္ဍကို လှုံ့ဆော်ပေးသော သီချင်းတစ်ပုဒ်ရှိသည်။ ထို့သီချင်းသည် ဝိုင်အမ်ဘီ ဆရာတင်ရေးစပ်သီကုံး၍ ကိုယ်တိုင်သီဆိုခဲ့သော "တို့ဗမာသီချင်း" ဖြစ်၏။ ထိုသီချင်းကို ၁၉၃၀ပြည့်နှစ် ဇူလိုင်လ၊ ၂၀ ရက်နေ့ကရွှေတိဂုံစေတီတော် ရာဟုဒေါင့် တန်ဆောင်းကြီးတွင်ကျင်းပသော တို့ဗမာအစည်း အရုံးအစည်းအဝေးတွင် စဆိုခဲ့ရာရန်ကုန်နှင့်နယ်များတွင်သာမက လှည်းနေလှေအောင်းမြင်းဇောင်းမကျန် တစ်မျိုးသားလုံးကို လွတ်လပ်ရေးရရှိရေးအတွက် ဦးတည်ပေးလိုက်သောသီချင်းတစ်ပုဒ်ဖြစ်ပါ၏။

'တကောင်း အဘိရာဇာ၊ တို့ဗမာ သာကီမျိုးဟာမို့" ဖြင့် အစချီသော ထိုသီချင်းကြောင့် ငါတို့သည် တကောင်းသားကွ၊ ပုဂံသားကွဟုဆိုကာ ဇာတိသွေးဇာတိမာန် တက်ခဲ့သော သီချင်းဖြစ်၏။ ဤသီချင်းဖြင့် အမျိုးသား စည်းလုံးညီညွတ်ရေးရခဲ့သည်။ ဤသီချင်းကို အင်္ဂလိပ်အုပ်စိုးသူတို့ကြောက်ဒူးတုန်ကာ မြန်မာဟာ တကောင်းကစတာမဟုတ်ပါဘူး၊ မြန်မာအစကျောက်ဆည်ကပါဟု လီဆယ်ပြောဆိုမှု ပြုခဲ့ရလောက်အောင် သီချင်းကအင်အားကောင်းခဲ့၏။ ဤသီချင်းသည်နောင် ဤသီချင်းကို ပြုပြင်၍ နိုင်ငံတော်သီချင်းအဖြစ်အသုံးပြုခဲ့၏။ စာပေဩဇာကြီးမားပုံကို ဆရာဇော်ဂျီကသူ၏ ရသစာပေနိဒါန်း၊ ဇာတိမာန်စာဆိုဦးလွန်း ဆောင်ပါးတွင်-

"ဣန္ဒိယလွတ်လပ်ရေးကို နေရှုးသည် လောလောဆယ်အားဖြင့် ယူပေးခဲ့သည်မှာမှန်၏။ သို့ရာတွင် တိုင်းပြည်



www.burmeseclassic.com

www.burmeseclassic.com



၏ ဆန္ဒအင်အားကိုတဂိုးက စည်းရုံးပေးနိုင်ခဲ့သောကြောင့် ဖြစ်သည်။ တရုတ်ပြည်သစ်ထူထောင်ရေးကို မော်စီတုန်း သည် လောလောဆယ်အားဖြင့် ယူပေးခဲ့သည်မှာမှန်၏။ တိုင်းပြည်၏ ဆန္ဒအင်အားကို လူရွှန်းက စည်းရုံးပေးခဲ့သော ကြောင့်ဖြစ်သည်။ ထိုနည်းတူစွာမြန်မာ နိုင်ငံလွတ်လပ်ရေးကို ဗိုလ်ချုပ်အောင်ဆန်းသည် လောလောဆယ်အားဖြင့် ယူပေးခဲ့ သည်မှာမှန်၏။ သို့ရာတွင် တိုင်းပြည်ဆန္ဒအင်အားကို သခင် ကိုယ်တော်မှိုင်းက စည်းရုံးပေးနိုင်ခဲ့သောကြောင့်သာဖြစ် သည် ဟုယူဆပါသည်"

ဟု ဖော်ပြရေးသား ခဲ့၏။

အနုပညာသည် ဩဇာကြီးမားကြောင်းကိုမြတ်စွာဘုရား ကိုယ် တိုင်သိမြင်၏။ ကိုယ်တော်တိုင်သည် အနုပညာရှင်ဖြစ်သော မြတ်စွာ ဘုရားသည် အနုပညာအကြောင်းကို ကောင်းကောင်းသိ၏။ မြတ်စွာ ဘုရားက အနုပညာသည် သံသရာရာ ချဲ့ထွင်စေနိုင်သော သဘောရှိ သည်ကိုသိရှိ၏။ အနုပညာသည် အာရုံခံစားမှုတို့ဖြင့် တဆက်တည်း ရှိသည်ကို သိသောကြောင့် နစ္စ၊ ဂီတ၊ ဝါဒိတစသည်ဖြင့် သီလကြီးများ ဆောက်တည်ရာတွင် ပန်းမပန်ရ၊ မသီဆိုရ၊ တူရိယာနားမထောင်ရဟု ပညတ်တော်မူခဲ့သည်ကို ရှေးအခန်းများတွင် ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

ဇာတ်သဘင်၏ဩဇာနှင့်ပတ်သက်၍ ဆရာဦးသော်ဇင်က

"ဇာတ်သဘင်သည် လွန်စွာအရေးကြီးသည်။ ဇာတ် သဘင်သည် စာပေ၊ ကဗျာ၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်စသော အနုပညာအစုံပါသည်။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာ မောဂ္ဂလန်တို့သည် ပွဲကြည့်ရင်းအကျွတ်တရားရသွားကြသည် သာမန်အားဖြင့်ဇာတ်ပွဲနှင့် အကျွတ်တရား တခြားစီ ဖြစ်၏။ သို့ရာတွင် အနုပညာ၏အရသာကိုခံစားတတ်သူတို့အတွက် အရာရာတိုင်းသည် အနုပညာဖြစ်လေသည်"

ဟုဆိုပါ၏။





အနုပညာသည် ကောင်းရာကောင်းကြောင်း ဆိုးရာဆိုး ကြောင်း နှစ်ဖြာနှစ်ဌာနစလုံးကို ဩဇာသက်ရောက်၏။

အနုပညာသည် မိမိရည်မှန်းချက်သို့ရောက်ရှိအောင် အတု ဖြင့်သရုပ်ဖော်ပြသောပညာဖြစ်၏။ အနုပညာရှင်က အနုပညာရုပ် တစ်ခုခုဖြင့် အတုလုပ်ပြသော်လည်း အနုပညာခံစားသူက အစစ်ဟု ထင်နေ၏။ ထိုသို့ထင်လျှင် ယင်းအနုပညာအောင်မြင်၏။

ဥပမာလက်မှုအနုပညာရုပ်များတွင် ပန်းပုဆရာက သစ်သား တုံးအား ကျားဆိုကျား၊ ဆင်ဆိုဆင် ထုလုပ်ရာတွင် တကယ်မာန်စွယ် ထား၍ တကဲ့ကျားများလားဟု ထင်မှတ်သွားခြင်းသည် ပန်းပုအနုပညာ ရသ၏အစွမ်း ဖြစ်ပါ၏။

မြတ်စွာဘုရားနှင့် ရဟန္တာငါးရာကောင်းကင်ခရီးဖြင့် ကြွလာ ပုံကို ပန်းချီဆရာက သရုပ်ဖော် ရေးဆွဲရာ ခံစားရသူသည် မြတ်စွာ ဘုရားနှင့် ရဟန္တာငါးရာတကယ်ကြွလာသကဲ့သို့ မှတ်ထင်ကြည်ညို ခံရခြင်းသည် ပန်းချီအနုရသပညာဖြစ်ပါ၏။

လှုပ်ရှားမှုအနုပညာကို တင်ဆက်ရာတွင် ဝေဿန္တရာဇာတ် တော်ကိုခင်းသည်။ ဇာတ်ထဲတွင် ဇူဇကာပုဏ္ဏားက ဂဏှာနှင့် ဇာလီ တို့အား ဝေဿန္တရာမင်းကြီးထံမှ အလှူခံပြီးလမ်းခရီးတွင် နှိပ်စက်မှု တို့ကို ပြုလုပ်ရာ ပွဲကြည့်ပရိသတ်က စိတ်လှုပ်ရှား၍ ကရုဏာ သက်ကာ ပုဏ္ဏားအား ပြောင်းဖူးရိုး စသည်တို့ဖြင့် ပစ်ပေါက်ကြ၏။ သရုပ် တူအောင် သဏ္ဍာန်လုပ်ပြခြင်းသည် ရသပညာပင်ဖြစ်သည်။

စာပေရသပညာတွင် ဘုရားဟောဝေဿန္တရာဇာတ်ကို စာဖြင့်ရေး၍ပြ၏။ စာဖတ်သူ၏ စိတ်အစဉ်တွင် တကယ်ဟု ထင်မှတ် ရလောက်အောင် စာကိုဖွဲ့သည်။

လေးသချေနှင့် ကမ္ဘာတစ်သိန်းအထက်က ပါရမီဖြည့်ဘက် မယ်မဒ္ဒီသည် ဇူဇကာပုဏ္ဏားရောက်လာမည့်နေ့ နံနက်က စိတ်လက် ကြည်သာမှုမရှိဘဲ သားနှင့်သမီးအား အကြိမ်ကြိမ်နမ်းရှုပ်၍ ဝေဿန္တရာ

www.burmeseclassic.com



မင်းကြီးထံအပ်နှံ၍ သစ်သီးရှာထွက်ပုံကို
သင်္ချေလေးချက်၊ တသိန်းထက်က
ဖြည့်ဘက်ပါရမီ၊ မယ်မဒ္ဒီလည်း
မကြည်စိတ်စက်၊ ထိုနံနက်၌
ပိုက်ဖက်နမ်းရှုပ်၊ သားရွှေရုပ်တို့ကို
ဆုပ်ကာနယ်ကာ၊ အကြိမ်ကြိမ်မှာခဲ့၍
ပီတာဘမြတ်၊ မင်းကြီးထံအပ်ပြီးလျှင်
မြိုင်ရပ်ဟေမာ၊ သစ်သီးရှာဖြင့်
နေရာကျောင်းမှ၊ ထွက်တော်မူသော ခဏ၌ . . .

ဟူ၍ ရေးသားထားသည်ကို ဖတ်ရှုပြီး၊ မဒ္ဒီဒေဝီအပေါ် ဂရုဏာ ဖြစ်ရခြင်းသည် စာပေအနုရသ ဖြစ်ပါ၏။

ရှေးအခါက အမြင့်သဘင်ဟူ၍ ရုပ်သေးကပြကြသည်။ ရုပ်သေးကရာတွင် ဇာတ်စင်ပေါ်၌ ပိတ်ကားအဖြူ ကလကာတချပ် ချိတ်ဆွဲထားပြီး ထိုကား၏ရှေ့တွင် ရုပ်သေးရုပ်များ ကပြကြသည်။ ကပြရာတွင် ဇာတ်စုံခင်းသည်။ ဟိမဝန္တာခန်း မြင်း မျောက် ဘီလူး ဖော်ထွက်သည်။ ဇာတ်စုံခင်းရာတွင် အသံရှင်မင်းသား မင်းသမီးက ရုပ်သေး စင်တိုင်ကိုမှီကာ တတွတ်တွတ်လက်တန်းပြောဆို၏။

တောခန်း၊ တောင်ခန်း၊ နန်းမြို့ရိုးခန်းစသည်တို့ထွက်ရာတွင် တောအတွင်း၌ သစ်ပင်များယှက်နွယ် နေပုံ၊ ကျေးငှက်သာရကာတို့ ပျော်မြူးနေပုံ တတွတ်တွတ်ရွတ်ဆို၍ ပြောပြ၏။ ထိုအခါ ပွဲကြည့် ပရိသတ်က တောခန်းတောင်ခန်း ဘာမှဆွဲမထားသော ကလကာပိတ် အဖြူကားပေါ်တွင် သစ်ပင်သစ်တောများ ယှက်နွယ် နေပုံ၊ ကျေးငှက် သာရကာတို့ မြူးတူးနေပုံများကို ကိုယ်ဟာကိုယ်စိတ်ဖြင့် ပုံဖော်ကာ ခံစားကြသည်။ ဝိဇယဇာတ်တော်ကို ခင်းရာတွင် ဝိဇယမင်းသား ကျွန်း လယ်သို့ရောက်ပုံကို ထိုသို့အတုအပလုပ်ပြသည်ကို အစစ်ဟုထင်လာ ခြင်းသည် အနုပညာဖြစ်သည်။





လက်စွဲတော်နေမျိုးရို့။ ။
သမုဒ္ဒရာ၊ ကမ်းယံက လာခဲ့၊ ကန္တာ ကွန်းထောက်
မော်စွန်းကွယ်၊ ကျွန်း လယ်သို့ ရောက်ကပြီထင့်၊
နှင်းသောက်တဲ့မြိုင်
ညာသွယ်ဆင့်တန်း၊ နာမယ်ဖြင့် ဆန်းပေလိမ့်၊
ဘယ်ပန်း ခိုင်လို့၊ သိနိုင်တတ်ပြီ၊
မငုံတချို့၊ ငုံတချို့နှင့် မှုံလိုစီ၊
ရာသီလင့်ဟန်ရှိကြတယ်

ဟု ဆိုလိုက်လျှင် နောက်ခံပိတ်ဖြူ ကလကာပေါ်တွင် နှင်းသောက် တဲ့မြိုင်ကို မြင်လာမည်။ အမည်မသိ ညာသွယ်အဆင့်ဆင့်ဖြင့် ဆန်းထွေ လှပသော ပန်းများကို မြင်လာသည်။ ထိုသို့မြင်လာမှုသည် အနု ပညာ၏ စွမ်းပကား ဖြစ်ပါ၏။ ဆက်လက်၍ ဦးပုညက တောရှုခင်းကို ဆက်လက်ဖွဲ့ဆိုရာတွင် -

ယူသယ်ဝတ်ရက်၊ လေချိုသိမ်းဘွဲ့၊
စိမ်းလဲ့လဲ့နှင့် နွဲ့ပန်းခက်မှာ၊
ငှက်ဖြင့်ငှက်ပဲ၊ သာရကာလား၊
တမာလား၊ ဘွဲ့ခြားလို့ခွဲနိုင်ဘူး၊
ယဉ်နဲ့ကပို၊ ထုံဝတ်လွှာမွှေး၊
ဆွတ်ခါနွေး၊ ငြာကြွေးကြော်လို့၊
ဘော်တကိုယ်၊ ခေါ်သလိုထင်လိုက်ပါဘိတယ်။
ပယ်တကွင်းစာ လယ်ကင်းသာမှာ
စာမရိလို ဇေါ်လို
ကိုယ်ခတ်ဖိုင့်ဖိုင့်၊ ခရာပိုပို၊
ပါလိုလို၊ ချိုဝိုင့်ဝိုင့်နှင့်
ဂနိုင့်ကြက်သရေ၊ မြက်ခင်းလဲ့လဲ့၊
နှင်းတွဲ့တွဲ့မှာ၊ သင်းဖွဲ့လို့နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရုံရွှေတညီ နေရီရီမှ
ပွေပလီများ တာမို့ သနားသဘွယ်ရှိလှတယ်

ဟု ဆိုလျှင်လည်း ငှက်ဖြင့်ငှက်ပဲ - သာရကာလား၊ တမာလား မခွဲခြားနိုင်ဘဲ ထုံဝတ်လွှာမွှေး၊ ဆွတ်ခါနွေး၊ ငြာကြွေးကြော်လို့ ကိုယ့်ကိုပင်ခေါ်နေသည်အလား ပွဲကြည့်နေသူ၏ စိတ်ထဲ၌ ထင်လာရသည်မှာ စာပေ၏ အနုပညာမြောက်မှု၊ ဆိုသူ၏ အနုပညာမြောက်မှု၊ ပြသသူကြိုးဆွဲသူတို့၏ အနုပညာမြောက်မှုများဖြစ်တော့သည်။

တောင်စွယ်ကမ်းစောက်၊ ခါပန်းလောက်က၊
စမ်းပေါက်တဲ့ရေ၊ ငှုမကိုင်ရှုစွန်း၊
ဝိုက်ယွန်းယွန်းမှာ၊ ဝိုက်ဝန်းခွေလို့
တောင်ခြေအောက်ယံ၊ နတ်သောက်တဲ့ကန်မှာ
ခေါက်ပြန်သွတ်လှယ်၊
ကြာဝတ်ကို သယ်ကြတယ်။ ယဉ်မယ်ညိုဝဲ၊
ပိတုန်းရွှေလိုက်၊ အချိုကြိုက်ကယ်။
ကြာသိုက်ထဲက သူကလဲတမော့င့်
မူရာဆင့်ကွဲ၊ ယဉ်တနဲ၊
ဘွင်သဲမှာ နှောင့်လာလို့၊ ဘုန်းမောင့်ဖြစ်တွေ၊
ကြာညောင်ဝင်းဝှန်၊ ထုံနှင်း သွန်တဲ့၊
သလွန်ဗွေမှာ၊ ရုံရွှေဝဲယာ၊
စံမြဲခါများကို နန်းညာသူ့သွေး၊
ပြန်လှန်လို့တွေးသောခါ၊ ဆွေးမြေထုနှယ်၊
သွယ်မျက်ရည်ဝဲ၊ ဆည်မစဲ၊
ကြေကွဲလိုက်ပါဘိတယ်။
ဗျာကြွယ်ညိုးအောင် ရှိုရိုးမြှောင်က
ဖိုးခေါင်ရင့်ကြည်၊ ပန်းဝတ်ရည်နှစ်၊
သောက်မူးယစ်၍ ချစ်စရာ သူ့ကိုယ်နှင့်၊





ခုလိုများမြည်သောအခါ
ပြည်တော်ကိုလွမ်းလိုက်ပါဘိတော့ ငါ့ကျွန်များ။

ရုပ်သေးစင်ပေါ်မှ ဆိုနေသည်ကို နားထောင်ရင်း တောင်ခြေအောက်ယံ နတ်သောက်ကန်မှာ ခေါက်ပြန်သွား၍ ကြာဝတ်မှုံကို သယ်နေကြသော ယဉ်မယ်ညိုဝဲ၊ ပိတုန်းရွှေလိုက် အချိုကြိုက်ကြတဲ့ ကြာသိုက်ထဲက သူကလဲ တမော့င်ဖြစ်ပုံကို ခံစားရပြန်၏။

ဟိုး . . . ရှိုရိုးမြှောင်က ဗျာကြွယ်ညိုးအောင်၊ ဖိုးခေါင်ငှက်က ပန်းဝတ်ရည်ကို သောက်မူးယစ်၍ ချစ်စရာမည်ပုံများကို ပွဲကြည့်သူ ကြားရပြီး ဆိုးသွမ်းလွန်း၍ နေပြည်တော်မှ ဖောင်တော်တင်၍ ရေမြောလိုက်သော ဝဇိယမင်းသားအား သနားသွားခြင်းသည် အနုပညာသြဇာဖြစ်ပါ၏။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၃)

## အနုပညာဖန်တီးမှုနှင့် ရည်ရွယ်ချက်

အနုပညာပစ္စည်းများကို အနုပညာရှင်များက ဖန်တီးလုပ်ဆောင်ကြခြင်းသည် ရည်ရွယ်ချက် တရပ်ရပ်ကို ဦးတည်လုပ်ဆောင်ကြခြင်းလော သို့မဟုတ် သူတို့သည် လက်တည့်ရာဆေးစက်ကျရာမှ အပေါက်တည့်သွား၊ စခန်းပေါက်လမ်းရောက်သွားတာလားဆိုသောကိစ္စသည် ဆုံးဖြတ်ဖွယ်ရာဖြစ်၏။

အနုပညာရှင်များသည် အနုပညာတစ်ရပ်ကို ဆင်ကန်းတောတိုးလုပ်ဆောင်သည်မဟုတ်။ အနုပညာရပ်တိုင်းတွင် အနုပညာဆိုင်ရာစည်းကမ်းများရှိသလို အနုပညာရှင်တွင်လည်း သူ့ထံ၌သီးခြားရည်မှန်းချက် ရှိစမြဲဖြစ်၏။

အနုပညာပစ္စည်းများကို အနုပညာရှင်တို့က ရည်ရွယ်ချက်ဘရပ်ရပ်နှင့် ဖော်ထုတ်ကြခြင်းဖြစ်၏။ အချို့သော အနုပညာများကစိတ်ဘဝလိုအပ်ချက်အရ ဖန်တီးခြင်းဖြစ်၍ အချို့အနုပညာများကရုပ်ဘဝလိုအပ်ချက်အရ ဖန်တီးကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသည် ဇာတ်တော်ကြီးများအဖြစ် ၅၅၀ သော ဇာတ်နိပါတ် ဆယ်ဘွဲ့ဇာတ်တော်ကြီးများကို ဟောကြားရာတွင် ရည်ရွယ်ချက်ပါရှိ၏။ ဝေသန္တရာဇာတ်ကို ဟောကြားတော်မူခြင်းသည် ဒါနခန်း ပေးကမ်းလှူခြင်းကိုအကြောင်းပြု ဟောကြားတော်မူခြင်း ဖြစ်၏။ မဟာဇနကဇာတ်ကို ဟောတော်မူခြင်းသည် လုံ့လဝီရိယ အကျိုးကို မြွက်ကြားလိုသောကြောင့် ပြောကြားခြင်းဖြစ်သည်။ မင်းကုသဇာတ်တော် ဟောကြားခြင်းမှာ ကံ၊ ကံ၏အကျိုးတရား၊ လုံ့လ ဝီရိယ၊ ဥာဏ် ဘုန်းတန်ခိုးစသည်တို့ကို ပြဆိုလို၍ ဟောကြားခြင်းဖြစ်ပါ၏။ ပဋာစာရီဇာတ်၊ ကိသာဂေါတမီ၊ မဟာပဒုမ၊ ဆဒ္ဒန်ဆင်မင်း၊ သာမာဝတီ၊ မာဃလုလင်၊ သောရေယျ သူဌေးသား (မောင်ပစ္စက) ဇာတ်လမ်း ဇာတ်ကြောင်းများကို ဟောကြားရာတွင် အကြောင်းမဲ့မဟုတ်၊ ရည်ရွယ်ချက်ပါရှိ၏။

မြန်မာစာပေတွင် ဘုန်းတော်ဘွဲ့များကို ရေးသားကြရာတွင် မိမိအရှင်မိမိတို့သခင်သည် မည်မျှဘုန်းတန်ခိုးရှိရန် ရည်ညွှန်းရေးသားခြင်းဖြစ်၏။ လှိုင်ထိပ်ခေါင်တင် မင်းသမီးက စိန်ခြူးကြာညောင်ပတ်ပျိုးကို ရေးသားရာတွင် သူ့မောင်တော်အား ညဥ့်သုံးယံ လွမ်းဆွတ်နေရသည်ကို ဖော်ထုတ်လိုသောကြောင့်ဖြစ်သည်။ ဦးပုညက ဝိဇယပြဇာတ်ကို ရေးသားရာတွင် သားတော်များဆိုးသွမ်းနေသည်ကို လိမ်မာစေရန် မည်မျှဆိုးသွမ်းသည်ဖြစ်ပါစေ ပြုပြင်လျှင် သာသနာပြုမင်းကောင်းမင်းမြတ်ဖြစ်သည်ဆိုသည် ရည်ရွယ်ချက်ဖြင့် ရေးသားခြင်းဖြစ်သည်။ ဦးကြော့က ခါသကြံန်၊ တော်ကဆုန်အဖွဲ့များကို ရေးသားရာတွင် တန်ခူးလ ကဆုန်လစသည်တို့မည်မျှ သာယာလှပသည်ကို ဖော်ပြလို၍ဖြစ်၏။ ဝန်ကြီးပဒေသရာဇာက မိုးဦးကာလ၊ တပေါင်းမာသ အစချီရတုတို့သည်လည်း တောင်သူလယ်သမားဘဝ၊ လှေသမား ထန်းသမားဘဝ အသိအမှတ်ပြုရေးသားသော စာများဖြစ်ပါသည်။



သံဝရပျို့နိဂုံးတွင် ရှင်မဟာရဋ္ဌသာရက -

တိုင်းကားပြည်ရွာ၊ ချမ်းသာမျှော်ရှု
ပြီးအောင်ပြု၍၊ ဆင်ဖြူရှင်သား
မင်းတရားကို၊ စိတ်ပြားလိမ္မာ
ပွားစိမ့်ငှာလျှင်
ဤစာကျေးဇူးဆပ်သတည်း။

ဟု ရေးသား၏။ ရှင်မဟာရဋ္ဌသာရက ဤပျို့ကိုအကြောင်းမဲ့သက်သက် ရေးစပ်ခြင်းမဟုတ် ဆင်ဖြူရှင်သား အလိမ်မာတိုးပြီး တိုင်းကားပြည်ရွာ ချမ်းသာမှုကို ပြုစေရန် မျှော်ရည်ပြီး ရေးစပ်ခြင်းဖြစ်၏။

လှိုင်ထိပ်ခေါင်တင်သည် မိမိ၏ခံစားချက်ကို စည်းစနစ်တကျ ဖန်တီးမှုပြု၍ အနုပညာကို ဖန်တီးသည်။ ခံစားချက်သည် သူ၏ရည်မှန်းချက်ပန်းတိုင်သာလျှင်ဖြစ်၏။ နတ်သျှင်နောင်ကလည်း သူ၏ခံစားချက်များကို ရတုအသွင် ရေးစပ်၍ အနုပညာရသဖန်တီးမှုပြု၏။ သူ၏သီဖွဲ့မှုကို ရတုဟုခေါ်သည်။ သူ၏ခံစားမှုသည် သူ၏ရည်ရွယ်ချက်ပင်ဖြစ်ပါ၏။ ထို့ကြောင့် ခံစားမှုနှင့် ဖန်တီးသည့်ကိစ္စများတွင် ခံစားမှုသည် အနုပညာရှင်၏ ရည်ရွယ်ချက်သာဖြစ်သည်။

အနုပညာအားခံစားဖွဲ့ဆိုရာတွင် အနှောင်အဖွဲ့မှ ကင်းလွတ်လိုသည်။ လွတ်လပ်မှုလိုသည်။ ချုပ်ချယ်မှုတို့မှ ကင်းလိုသည်ဟု ဆိုပါကလည်း ထိုတောင်းဆိုချက်သည် အနုပညာသည်၏ ရည်မှန်းချက်ပင်ဖြစ်ပါ၏။ ထို့ကြောင့် အနုပညာရှင်တိုင်းတွင် ရည်မှန်းချက် ရည်ရွယ်ချက်ရှိသည်။ လွတ်လပ်လိုမှု၊ အနှောင်အဖွဲ့တို့မှ ကင်းလွတ်လိုမှု ဆန္ဒသည်ရည်မှန်းချက်ပင်ဖြစ်၏။

ကာရန်ဆိုသော အနှောင်အဖွဲ့မှ ကင်းလွတ်လိုသည်ဟုဆိုပါကလည်း ကာရန်မဲ့အနုပညာကို ဖန်တီး၍ရသည်။ အလင်္ကာစည်းကမ်းများ၊ ရှေးအနုပညာရှင် စာပေပညာရှင်ကြီးများ၏ စည်းစနစ်များကို ငြင်းဆန်၍ မိမိဘာသာ အသစ်တီထွင်၍ အနုပညာဖန်တီးမှု



www.burmeseclassic.com

www.burmeseclassic.com



ပြုလိုသည်ဟု ဆိုပါကလည်း ပြုလုပ်၍ရသည်။ ယင်းလွတ်လပ်စွာ ဖန်တီးမှုသည် သူ၏ရည်မှန်းချက်ပင်ဖြစ်ပါ၏။

သို့သော် ဘယ်အနုပညာသည်မဆို ရည်မှန်းချက်မရှိဘဲ အနုပညာကို ဖန်တီး၍မရ။ ရည်မှန်းချက် မရှိဟုဆိုပါက ထိုအနုပညာသည်သည် ရှုံးသွပ်သွားပြီဖြစ်၍ သူသည် အားလုံးအရှုံးချည်းသာ ဖြစ်တော့၏။

အနုပညာသည်က အမေ့မေတ္တာသည် အကြီးမားအကျယ်ပြန့်ဆုံးဟူ၍ဆို၏။ ထိုသို့ဆိုလျှင် ဤအချက်သည်သူ၏ ရည်မှန်းချက်ဖြစ်သည်။

ထိုအချက်ကို လက်မှုအနုပညာသည်က သူ၏လက်မှုပညာနှင့် သရုပ်ဖော်၏။ ပန်းပု ရုပ်လုံးထုသည်။ အမေနှင့် သားပုံကို ပန်းချီဆွဲသည်။ ကြေးသွန်းသည်။ အင်္ဂတေဖြင့် ရုပ်လုံးဖော်သည်။ ကျောက်ဆစ်၍ သရုပ်ဖော်၏။ ယွန်းပန်းချီဖြင့် ရေးဆွဲသည်။

လှုပ်ရှားမှု အနုပညာသည်က အမေ့မေတ္တာကို သရုပ်ဖော်ကပြသည်။ ဇာတ်ထုပ်ဇာတ်လမ်းခင်းသည်။ အော်ပရာထွက်သည်။ အမေ့မေတ္တာသရုပ်ဖော်ယိမ်းထွက်သည်။ အမေ့မေတ္တာကို သရုပ်ဖော် ပြဇာတ်၊ ရုပ်ရှင်၊ ဗွီဒီယိုရိုက်ပြကြ၏။ ရုပ်သေးသဘင်ဖြင့် သရုပ်ဖော်သည်။

ပြောဆိုမှု အနုပညာသည်တို့က အမေ့မေတ္တာအကြောင်း သီချင်းစပ်၍ ဆိုကြသည်။ ငိုခြင်းချသရုပ် ဖော်ပြသည်။ အမေ့မေတ္တာကြီးမားကြောင်း ပြောကြဟောကြားကြသည်။ ဂီတသံစဉ်များသီဖွဲ့ကြသည်။

ရေးသားမှုအနုပညာသည်တို့က အမေ့မေတ္တာကို ကဗျာဖြင့် စာဖြင့်အလင်္ကာဖြင့် ကာရန်နဘေဖြင့် ဒွေးချိုး လေးချိုးဖြင့် စာပေဖြင့် ရေးသားကြသည်။ အချို့ကလည်း ဇာတ်ညွှန်းဇာတ်လမ်းများ ဖွဲ့ဆိုသည်။ ဖွဲ့ဆိုပြီး ထိုဇာတ်ညွှန်းဇာတ်လမ်းကို ပြဇာတ်၊ အော်ပရာ ရုပ်ရှင်၊ သဘင်ဖြင့်ဖွဲ့စည်းတင်ဆက်သည်။





လက်မှုအနုပညာနှင့် တင်ဆက်မှု၊ လှုပ်ရှားမှုအနုပညာနှင့် တင်ဆက်မှု၊ ပြောဆိုမှု အနုပညာဖြင့် တင်ဆက်မှု၊ ရေးသားမှု၊ အနုပညာတို့ဖြင့် တင်ဆက်မှုသည် အနုပညာသည်က သူ၏အယူအဆကို ထိုအနုပညာတစ်ရပ်ရပ်ဖြင့် တင်ပြမှုဖြစ်၏။ သူ၏တင်ပြမှုကြောင့် ခံစားမှုဖြစ်ပါ၍ အနုပညာသည်၏ ရင်ထဲမှ ယုံကြည်မှုသည် အနုပညာချစ်မြတ်နိုးသူတို့၏ ခံစားမှုအဖြစ်သို့ ပြောင်းလဲရောက်ရှိ၏။ ထိုသို့ရောက်လျှင် အနုပညာမြောက်၏။

ရည်ရွယ်ချက်ရရှိပြီဆိုပါက ထိုရည်ရွယ်ချက်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ ရှိပါ၏။ ထိုအကောင်အထည်ဖော်မှုလုပ်ငန်းကို MISSION ဟု ခေါ်ဆိုနိုင်ပါ၏။ ရည်ရွယ်ချက်တစ်ခုထားရှိ၍ ထိုရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်ခြင်းသည် မစ်ရှင်လုပ်ငန်းဖြစ်ပါ၏။ ရည်ရွယ်ချက်ကို VISSION ဟု ခေါ်၏။ မြန်မာနိုင်ငံ၌ထင်ရှားသော မစ်ရှင်တစ်ရပ်ရှိသည်။ ယင်းမစ်ရှင်မှာ အရှင်ဒိသာပါမောက္ခ၏ တရုတ်ပြည်သွား မစ်ရှင်ဖြစ်ပါ၏။

အရှင်ဒိသာပြမုက် - အရပ်လေးမျက်နှာတို့ကို အကြီးအမှူးပြုသူဟု အမည်ရသော အရှင်ဒိသာ ပါမောက္ခသည် ပုဂံမှနေ၍ တရုတ်ပြည်ကေရာဇ် ကူဗလခန့်ထံသို့ မစ်ရှင်တစ်ခုကို ဦးဆောင်၍သွားသည်။ ထိုမစ်ရှင်၏ ရည်ရွယ်ချက်မှာ ၁၂၈၃ ခုနှစ် ဒီဇင်ဘာလတွင် မွန်ဂိုတို့သည် မြန်မာတို့ပိုင် ဗန်းမော် တောင်ဘက်ရှိ ကောင်းစင်သို့ ဝင်ရောက်သိမ်းပိုက်ကြ၏။ ၁၂၈၄ ခု ၂၄ ဖေဖော်ဝါရီ ဖေဖော်ဝါရီလတွင် တကောင်းသို့ ဆက်၍သိမ်းပိုက်သည်။ ဤသည်တွင် ပုဂံဘုရင် မခံနိုင်၍ တရုပ်စစ်တပ်ပုဂံသို့ဆက်၍ မလာစေရန် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့သည်။ ထိုအဖွဲ့တွင် အနန္တပစ္စည်းနှင့် မဟာဗိုလ်အမတ်တို့လည်းပါသည်။ ယင်းအဖွဲ့သည် ပုဂံခေတ်၏ အောင်မြင်သော ငြိမ်းချမ်းရေး မစ်ရှင် MISSION အဖြစ် ထင်ရှား၏။ အရှင်ဒိသာပါမောက္ခ ဦးဆောင်သော ပုဂံငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့သည် သစ်ဆိမ့်၊ ဟန်လင်း



www.burmeseclassic.com

www.burmeseclassic.com



တို့မှ တဆင့် တကောင်းသို့ဝင်သည်။ တကောင်းရှိ တရုတ်ဗိုလ်ချုပ်နှင့် စကားဆိုကြရာ တရုတ်အကြီးအကဲ မိမိဆုံးဖြတ်၍မရ၊ မိုးလည်း ကျလာပြီဖြစ်၍ သူတို့သည် တကောင်းမှဆက်၍ စစ်မချီသေးပဲ ရှိနေမည်ဖြစ်သည်။ ဆရာတော်မှုကား ပီကင်းအထိသွားရန် လိုအပ်သည်ဟုဆို၍ ပုဂံငြိမ်းချမ်းရေးမစ်ရှင်သည် တရုတ်ပြည်သို့ဆက်၍ သွားသည်။ ပီကင်းရောက်၍ ကူဗလခန်နှင့် တွေ့ဆုံသေအာခါ အရှင်ဒိသာပါမောက္ခက အရှင်မင်းကြီး အဘယ်ကြောင့် သင့်စစ်တပ်ကို ပုဂံသို့ချီပါမည်နည်း။ ပုဂံတွင် စားစရာဆန်လည်းမရှိ ထန်းစေ့သာရှိသောကြောင့် သင့်စစ်တပ်များ ထန်းအဆံကိုစား၍ ဝမ်းကိုက်ဝမ်းနာဖြစ်ကာ သေဘွယ်ရာသာရှိသည်။ ယခုပင်တောထူထပ်သော မြန်မာနိုင်ငံအတွင်းဝယ် မွန်ဂိုစစ်တပ်ကြီးနေ့အခါတွင် နေပူရှိန် မိုးအခါတွင် မိုးနှင့်အအေးဒဏ်ခံရပြီး ငှက်ဖျားနှင့် ရင်ဆိုင်နေရလေပြီဟု လျှောက်ထားရာ ဘုရင်ကုဗလခန်္ သဘောတူ၍ သူ၏စစ်တပ်ကို တကောင်းမှ ပြန်ခေါ်လေ၏။

ဤဖြစ်ရပ်တွင် အရှင်ဒိသာပါမောက္ခ၏ အဖွဲ့သည် ရည်ရွယ်ချက်ရှိ၏။ သူ၏ရည်ရွယ်ချက်မှာ တရုတ်စစ်တပ်ဆုတ်သွားရန် ဖြစ်သည်။ ထို့ကြောင့် ပုဂံငြိမ်းချမ်းရေးအဖွဲ့သည် တကောင်းသို့ သွားရ၏။ တကောင်းအနီး မိုင်းနဲတွင် ရှမ်းတို့၏ အဖမ်းအဆီးခံရ၏။ ဒုက္ခမျိုးစုံတွေ့သည်။ အချိန်ကာလအားဖြင့် အသွားအပြန်တစ်နှစ်ခန့် အချိန်ကြာသည်။ ပုဂံအဖွဲ့သည် ကူဗလခန်နှင့် တွေ့သောအခါ တရုတ်စစ်တပ် ပြန်သင့်ကြောင်း အကျိုးအကြောင်းများပြဆိုပြောကြရသည်။ မြန်မာပြည်အလယ်ပိုင်းလွင်ပြင်ကို စိုးမိုးရန်ရောက်လာသော တရုတ်တပ်ကြီးပြန်လှည့်သွားဘို့ အရေအသွေးဆောင်ရသော အလုပ်သည် လွယ်ကူမည်မဟုတ်။ မလွယ်ကူသောအလုပ်ကို ထိုငြိမ်းချမ်းရေးအဖွဲ့ အောင်မြင်အောင်ဆောင်ရွက်ခဲ့သည့် မစ်ရှင်၏ အလုပ်သည် ရည်ရွယ်ချက်အား အောင်မြင်အောင်ဆောင်ရွက်ရန်ဖြစ်သည်။





အနုပညာတရပ်ကို ဖန်တီးရာတွင်လည်း မိမိတွင်ခံစားမှုသို့မဟုတ် ရည်ရွယ်ချက် တစ်ရပ်ရှိပြီဆိုပါက ထိုရည်ရွယ်ချက်ကို ကြိုးပမ်းအားထုတ်မှုပြုပြီး မစ်ရှင်လုပ်ငန်းကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်ရမည်။ ဤလုပ်ငန်းသည် အကောင်အထည်ဖော်မှုလုပ်ငန်းဖြစ်၏။ အနုပညာရှင် အားထုတ်လုပ် ဆောင်ရမည့်လုပ်ငန်းဖြစ်၏။ ရည်ရွယ်ချက်သည် မနောကံမြောက်လုပ်ငန်းဖြစ်၏။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၄)

## ရည်ရွယ်ချက်ကိုအကောင်အထည်ဖော်ခြင်း

အနုပညာကိစ္စရပ်တွင်ဖြစ်စေ၊ အခြားကိစ္စတစ်ရပ်ရပ်တွင်ဖြစ်စေ ရည်ရွယ်ချက်တစ်ရပ်ကို အကောင်အထည်ဖော်ခြင်း လုပ်ငန်းသည် အရေးကြီးသည်။ ရည်ရွယ်ချက်ဆိုသည်မှာ Vision ဖြစ်သည်။ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခြင်းသည် Vision မှ Mission အဖြစ် အကောင်အထည်ဖော်သောလုပ်ငန်းဖြစ်၏။ ရည်ရွယ်ချက်သည် အနုပညာသည်၏ စိတ်ကူးခံစား ချက်ဖြစ်ပါသည်။ မိမိဦးနှောက်ထဲတွင် ရှိသောစိတ်ကူးကို မိမိလည်းခံစားရအောင် သူတစ်ပါးလည်းခံစားနိုင်အောင် အနုပညာကိုကြားခံ ပညာရပ်တစ်ခုဖြင့်ပြသကြသည်။ စိတ်ကူးသက်သက်သည် အောင်မြင်ထမြောက်မှုမရှိပါ။ မိမိကိုယ်မိမိ လှုံ့ဆော်မှု ဖြစ်စေနိုင်ပါ၏။ သို့သော်လှုံ့ဆော်မှုသည်လည်း အရေးတော့ကြီးသည်။ လှုံ့ဆော်မှုမရှိပါကလည်း အတွေးပါပျက်စီးသွားနိုင်သည်။

လူတစ်ဦးက သူသည်အခြားသူတစ်ဦးကို သတ်ချင်သည်ဆိုကြပါစို့။ ထို့ကြောင့်သူ၏ စိတ်ကူးထဲတွင် သူသတ်ချင်သော သူအား



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်တစ်ထောင်မြောက် စိတ်ကူးထဲတွင် သတ်လိုက်သည်ဆိုကြပါစို့။ ထိုကိစ္စ သည် စိတ်ထဲတွင်သာဖြစ်သောကြောင့် လူသတ်မှုမမြောက်ပါ။ လူသတ်မှုမြောက်အောင်ဝစီမှု၊ ကာယကံမှုတစ်ခုခု ပြုလုပ်ဖို့ လိုပါသေးတယ်။ ထိုသူကိုလုပ်ကြံရန် အခြားသူများနှင့် ဆွေးနွေးသည်ဆိုပါစို့ ဝစီကံမြောက်၍ အမှုတစ်ပိုင်းတစ်စပေါ်လွင်ထမြောက်သည်။ ဝစီကံမှု ကာယကံမှုပြုလုပ်ခြင်းသည် မနောကံမြောက် ကြံစည်နေမှုကို လက်တွေ့အကောင်အထည်ဖော်သည့် လုပ်ငန်းဖြစ်ပါသည်။

သစ္စာတရားသည် အရေးကြီးသည်
မုသာဝါဒသည် ပျက်စီးဆုံးရှုံးတတ်သည်
အမှန်တရားသည် အောင်မြင်ရာသည်

ဤကြွေးကြော်သံတို့သည် အနုပညာရှင်၏ ယုံကြည်ချက်ဆိုကြပါစို့။ အနုပညာရှင်သည် ယုံကြည်ချက်ကိုရရှိ လာပြီးသောအခါ ထိုအချင်းအရာဟုတ်မဟုတ် သူဟာသူလက်ခံနိုင်လက်မခံနိုင် ထပ်ခါထပ်ခါ စဉ်းစား၏။ ထိုစဉ်းစားမှုကိုအနုပညာရှင်က လက်ခံလိုက်သောအခါ ထိုကိစ္စသည် သူ၏ခံယူချက်ဖြစ်သွား၏။ ယင်းခံယူချက်ကို သူသည် အနုပညာလုပ်ငန်းတစ်ရပ်ရပ်နှင့် အကောင်အထည်ဖော်မည်ဟု ဆုံးဖြတ်သည်။ ထိုယုံကြည်ချက်သည် ယုံကြည်နေရုံနှင့်ဘာမှမဖြစ်။ ထိုယုံကြည်ချက်ကို သူများကပါ လက်ခံလာအောင်လုပ်ဆောင် ကြရသည်။ သို့မှသာအလုပ်စခန်းသို့ရောက်၏။ သစ္စာတရား အရေးကြီးကြောင်းကို ဂီတဆရာက ဂီတဖြင့်လည်းကောင်း၊ သဘင်ပညာရှင်က သဘင်ပညာဖြင့်လည်းကောင်း၊ ရုပ်သေးဆရာက ရုပ်သေးဖြင့်လည်းကောင်း၊ ပန်းချီဆရာကလည်းပန်းချီဖြင့်လည်းကောင်း၊ ပန်းပုနှင့်ရုပ်ရှင်ကလည်း သူတို့၏ အနုပညာရပ် အသီးသီးဖြင့်လည်းကောင်း ပြသအကောင်အထည်ဖော်ကြရသည်။

သစ္စာတရားအရေးကြီးကြောင်းသက်သေပြရန် အကြောင်းအရာလိုလာ၏။ ကိုယ်ပိုင်ဇာတ်လမ်း ရေးလျှင်ရေး၊ ဘုရားဟောနိပါတ်



ကျမ်းဂန်များထဲမှ ထုတ်နုတ်လိုက်လည်း ထုတ်နုတ်ပြီးတင်ပြသည်။ ဘုရားဟောကျမ်းဂန်များတွင် သစ္စာတရားနှင့် ပတ်သက်၍ သုဝဏ္ဏသာမ သတို့သားသည်မိဘများ၏ သစ္စာတန်ခိုးကြောင့် သေပြီးရာမှ ပြန်ရှင်၏။

ထို့နောက် စန္ဒကိန္နရီဇာတ်နှင့် ယသော်ဓရာမိဖုရားကြီး၏ သစ္စာရှိပုံများရှိလေရာ အနုပညာရှင်က ဘယ်ဇာတ်လမ်းကိုရွေးချယ်ရမည်ကို သူဟာသူဆုံးဖြတ်ရမည်ဖြစ်ပါ၏။ တဖန်စာနှင့်သရုပ်ဖော်မလား၊ ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ပန်းချီ၊ ပန်းပုတို့နှင့်သရုပ်ဖော်မည်လားဆိုသည့်အချက်နှင့် ပတ်သက်၍ကား မိမိကျွမ်းကျင်ရာအနုပညာနှင့် သရုပ် ဖော်နိုင်၏။ ဥပမာဇာတ်ဖြင့်သရုပ်ဖော်မည်ဆိုကြပါစို့။ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာတွင် လိုက်နာရမည် စည်းကမ်းရှိသည်။ ရည်ရွယ်ချက်ပေါက်မြောက်ရေးအတွက် ဆောင်ရွက်ရာတွင် ပထမဇာတ်လမ်း၊ ဇာတ်အိမ်ဝတ္ထုလိုအပ်သည်။ ဇာတ်လမ်းဝတ္ထုရပြီးသောအခါ သတိပြုရမည့်အချက်သည် ဝတ္ထုအဖြစ်အပျက်တို့သည် ဘယ်သောအခါမှ ရည်ရွယ်ချက်ကို မကျော်လွန်စေရပါ။ ရည်ရွယ်ချက်ဘောင်ထဲတွင်သာရှိရမည်။ လိုက်နာရမည့် ဥပဒေသမှာ ဇာတ်အိမ်၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းသည် ရည်ရွယ်ချက်ကိုမကျော်ရ၊ ရည်ရွယ်ချက်ဘောင်ထဲတွင် သာရှိရမည်။ ရည်ရွယ်ချက်ကို အချိန်တိုင်းအထောက်အပံ့ဖြစ်နေရမည်။ ထိုဥပဒေသကို လိုက်နာရမည်။ ထိုအခါမှ ဇာတ်လှမည်။

သစ္စာတရားကိုသရုပ်ဖော်ရန် စန္ဒာကိန္နရီဇာတ်ကို ရွေးချယ်သည်ဆိုကြပါစို့။ ဘုရားဟောစန္ဒကိန္နရီ ဝတ္ထုကို ဇာတ်က၍လည်းကောင်း၊ ရုပ်သေးဖြင့်လည်းကောင်း တင်ဆက်နိုင်ကြ သည်။ ပျို့၊ ကဗျာ၊ လင်္ကာ၊ စကားပြေအရေးအသားတို့ကို ရေးသားတင်ပြနိုင်ကြသည်။ အချို့ကလည်း စန္ဒကိန္နရီပုံရေး၊ ပန်းပုရေးဆွဲ ထုလုပ်နိုင်သည်။ အချို့ ရုပ်ရှင်ဖြင့်ပြသကြမည်။ “သစ္စာနှုတ်သီး၊ မန္တန်ကြီးက သေပြီးသော်မှ ရှင်ပြန်ရ၏” ဟုစာဖြင့်သရုပ်ဖော်နိုင်၏။

ပန်းမျိုးတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားက စန္ဒကိန္နရီဇာတ်ဟောကြားပုံမှာ မြတ်စွာဘုရားသည် ယသော်ဓရာမိဖုရား၏ သစ္စာကြီးမားပုံကို ဖခင်ဖြစ်သူ သုဒ္ဓေါဒနမင်းကြီးအား "မင်းကြီးရာဟုလာမယ်တော်သည် ယခု နောက်ဆုံးဘဝသို့ ရောက်ခါမှ အချစ်မပျက်ခဲ့သည်။ သစ္စာမဏ္ဍိုင်ခိုင်မြဲခဲ့သည် မဟုတ် ဟိုးယခင်နုစဉ်ကာလ တိရစ္ဆာန်တို့၏ မျိုးရိုးဘဝ မရင့်မာမီကပင် မတွန့်ဆုတ်သောမေတ္တာဖြင့် ချစ်ခဲ့သော၊ သဒ္ဓါပွားခဲ့သူဖြစ်သည်" ဟုဆိုကာ စန္ဒကိန္နရီဇာတ်ကိုဟောတော်မူ၏။

စန္ဒကိန္နရီသည်ရည်ရွယ်ချက်ရှိသော ဇာတ်ဖြစ်သည်။ မြတ်စွာဘုရားကိုယ်တိုင် ဟောကြားတော်မူ သောဇာတ်ဖြစ်၍ ဇာတ်အနေနှင့် အပြစ်အနာအဆာမရှိကောင်းသည်။ ရသကိုးပါးဖြင့်ပြည့်စုံ၍ ဂုဏ်ဆယ်ပါးမြောက်သည်။ ဇာတ်တော်၏သဘောကို သိရှိရန်အကျဉ်းဖော်ပြအပ်ပါ၏။

* * * * *

**စန္ဒကိန္နရီဇာတ်**

ပန်းစုံပေါ်တဲ့၊ မောရမြိုင်၊ ဒေါနခိုင်ဆင့်
ကြိုင်ကြိုင်ငယ်ပွင့်၊ လောင်းမင်းသဂီ
ကိန္နရီတို့ကို၊ ကွန္တနီမြ၊ ဝဇိရနှင့်
သခ်ပုတ္တာ၊ ရွှေလည်နွဲလို့၊ ပျော်ဆဲခါတွင်
(ဦးကြော့ - ရှာပုံတော်ကြီး)

ဝေးစွာသော အတိတ်ဆီဝယ် ဗြဟ္မဒတ်မင်းကြီးသည် ဗာရာဏသီပြည်၌ မင်းပြု၏။ ထိုအချိန်တွင် ဘုရားအလောင်းသည် ဟိမဝန္တာတောအရပ်၌ ကိန္နရာမျိုးဖြစ်သည်။ ဘုရားအလောင်း ကိန္နရာ၏ဇနီး ကိန္နရီမသည် စန္ဒာဟုခေါ်တွင်သည်။ စန္ဒကိန္နရီမောင်နှံသည် ဟိမဝန္တာရှိ စန္ဒဟုခေါ်သော ငွေတောင်တွင် ပျော်ရွှင်ချမ်းမြေ့စွာ နေကြရ၏။





ဗြဟ္မဒတ်မင်းကြီးသည် မင်း၏စည်းစိမ်ကိုငြီးငွေ့၍ တိုင်းနိုင်ငံအား အမတ်တို့နှင့်လွှဲအပ်ပြီး သစ်ခေါက်ဆိုးသော အဝတ်ကိုဝတ်ကာ လက်နက်လေးမြားစွဲကိုင်၍ ဟိမဝန္တာသို့ဝင်၏။ ဟိမဝန္တာသို့ရောက် သော်သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့ကိုပစ်ခတ်စားသောက်ရင်း လှည့်လည်၍နေ၏။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းကြီးသည် မြစ်ငယ်တစ်ခုသို့ရောက်၍ ထိုမြစ်ကမ်းတွင်ထိုင်ကာနား၏။ ထိုအခါ မြစ်အညာဆီမှ လှပသောပန်းရောင်စုံတို့သည် မျော၍လာသည်။ မင်းကြီးသည် ပန်းတို့ကိုကြည့်၍စဉ်းစား၏။ ပန်းရောင်စုံတို့ မျောလာခြင်းသည် ထူးဆန်း၏။ တစ်ပင်တည်းမှကြွေသောပန်းမဟုတ်။ ကြွေသောပန်းနှင့်ခူးသောပန်းသည် ခြားနား၏။ အချို့သော ပန်းတို့သည် ချောင်းစပ်တွင်ပွင့်သောပန်းမျိုးမဟုတ်။ မင်းကြီးသည်မြစ်အညာတွင် တစ်စုံတစ်ခုထူးခြားမှုကားရှိမည်ဟု တွေးတောကာ မြစ်ငယ်အတိုင်း အထက်သို့ ဆန်တက်ခဲ့၏။

စန္ဒငွေတောင်တွင်နေကြသော ကိန္နရီကိန္နရာမောင်နှံသည် မိုးကာလမိုးများချိန်တွင် စန္ဒငွေတောင်ပေါ်တွင်နေ၏။ ထိုကာလ၌ တောင်အောက်သို့ အဆင်း။ မိုးလကုန်၍ ဆောင်းဦးသို့ ရောက်သောအခါ ကိန္နရာမောင်နှံသည် တောင်အောက်သို့ဆင်း၏။ တောင်အောက်သို့ ဆင်းသော ကိန္နရာမောင်နှံတို့သည်တစ်ခုသော မြစ်ကွေ့သို့ ရောက်၏။

ထိုမြစ်ဆုံကွေ့သည် သာယာလှပတင့်တယ်၏။

ထိုမြစ်ဆုံကွေ့သည် စိမ့်ကြီး၊ မြိုင်ကြီး၊ ဂနိုင်ကြီးဖြစ်၏။ စိမ့်မြိုင်ဂနိုင်တော၏ အလယ် မြစ်ကွေ့ ကျောက်ပြင်တစ်နေရာသည် ဖန်ရောင်၊ မှန်ရောင် လျှံပြောင်၍လင်း၏။

ထိုမြစ်၏သေလာတောင်အစပ်တွင် သီတာမြောင်ခွေပတ်လျက် ရေရဟတ်ကြိုးသည့် မြေမစပ်အုပ်မိုးသော ဤနေရာသည် ခနအထပ်ထပ်မထိုးဘဲ ရေတံခွန်သည်မောက်ဖြိုး၊ စောက်ထိုး၊ အောက်သို့ကျ တသွင်သွင် စီးဆင်းလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကိန္နရီမောင်နှံနှစ်ဖော်သည် ပန်းပုဆိုး၊ ပန်းထဘီများကို ဆင်မြန်း၍ ပန်းပုခက်၊ ပန်းအနွယ်များ ကို စီကာ ပန်းသီချင်းများကို တကြော်ကြော် သီဆို၍ ပျော်ရွှင်စွာနေကြ၏။

ထိုအချိန်တွင် မြစ်ကြောင်းအတိုင်း ဆန်တက်လာသော ဗြဟ္မဒတ်မင်းသည် ကိန္နရာတို့၏ သီချင်း ဆိုသံ၊ တီးခတ်သံတို့ကိုကြား၏။ ထူးခြားလှသော တေးသံကြောင့်ဗြဟ္မဒတ်မင်းသည် ခြေသံကို လုံအောင်ပြု၍ မြစ်ကွေ့သို့ချဉ်းကပ်၏။ တစ်ခုသောချုံကွယ်မှ အကြောင်းခြင်းရာကိုလေ့လာ၏။ ဗြဟ္မဒတ်မင်းကြီးသည် သာယာသောအသံ၊ နွဲ့နှောင်းသော ခြေလက်တို့ဖြင့် ပန်းမွေ့ရာထက်ဝယ် ကနေသော ကိန္နရာမကိုတွေ့ရ သောအခါယိုဖိတ်သော နှလုံးသားဖြင့် တပ်မက်နှစ်သက်ခြင်းသည် ချက်ချင်းဖြစ်လေ၏။

ထိုအခါဗြဟ္မဒတ်မင်းသည် တပ်မက်ခက်ထန်သောစိတ်၊ ငါဘုရင်ဟူသောမာနတို့ဖြင့် ကိန္နရာဖိုအား လေးနှင့်ပစ်ခွင်း၍ ကိန္နရာမအားယူရန်ဆန္ဒသည် ဖြစ်ပေါ်၏။ ဆန္ဒဖြစ်ပေါ်လာသည်နှင့် ထိုဆန္ဒအတိုင်း ဗြဟ္မဒတ်မင်းကြီးသည် လေးနှင့်မြားကို ထုတ်ကာ ကိန္နရာဖို၏ နှလုံးတည့်တည့်သို့ မြားကိုချိန်၍ပစ်၏။ ပြေးနေသော သမင်ကိုရအောင်ပစ်နိုင်သော ဗြဟ္မဒတ်မင်း၏ မြားချက်သည် ကိန္နဖို၏ရင်ဝကိုမှန်၏။ ထို့ကြောင့်ကိန္နရာဖိုသည် မြားမှန်သောနေရာတွင်ပင် လဲကာဒုက္ခဝေဒနာကို ပြင်းထန်စွာခံစားရ၏။

ထိုခဏတွင်လှပသောမြစ်ကွေ့သည် ချက်ချင်းပင်အကျည်းတန်ခြင်း အဖြစ်သို့ရောက်၏။ တေးသံတွင် နစ်မျောနေသော ငှက်ငှက်သည် အလန့်တကြားထွက်ပြေး၏။ ကိန္နရာမသည် ထိတ်လန့်ခြင်းကြီးစွာဖြင့် အကကိုရပ်၍ ကိန္နရာဖိုအားပွေ့ဖက်ကာ တောင်မြောက်လေးပါးကိုကြည့်၍ ရန်သူကိုရှာသည်။

ထို့နောက်ကိန္နရာမသည် ကိန္နရာဖို၏မြားဒဏ်ရာကို မြင်ရလျှင် သည်းထိတ်ရင်ဖို အကြင်နာပိုသော နှလုံးသားဖြင့် ဆောက်တည်



ရာမရဘဲ တုန်ယင်သောအဖြစ်သို့ရောက်၏။ ကိန္နရာမသည် ကိန္နရာဖို၏ သနားစဖွယ်မျက်နှာကိုကြည့်၍ ကိန္နရာဖို၏ ရင်ဝသို့နစ်ဝင်နေသော မြားသည်မိမိအသည်းတွင် စိုက်နေသည့် အလားထပ်တူထပ်မျှ ခံစားရပါ၏။

တစ်ဦးသောသူ၏ ရင်တွင်းသို့ စူးဝင်သောမြားသည် နှစ်ဦးစလုံးသော ရင်တွင်တူညီသော ခံစားချက်ကို ဖြစ်စေ၏။ ပြင်းထန်သောမြားချက်ကြောင့် ကိန္နရာဖိုသည် ခံစားအားငယ်နေရသကဲ့သို့ ကိန္နရာမသည်လည်း ခိုကိုးရာမဲ့ဖြစ်ရုံသာမက နှလုံးသားသည်းအိမ်ကို ဆွဲကိုင်၍ လှုပ်ယမ်းသကဲ့သို့ ခံစားရသလို ခံစားရ၏။

ကိန္နရာမသည် သွေးလူး၍ မေ့မျောနေပြီဖြစ်သော ကိန္နရာဖိုအား ရင်တွင်ပိုက်ကာ အားကိုးရာမဲ့ ဆောက်တည်ရာမရဖြစ်၏။ ကိန္နရာဖို၏ သွေးတို့သည် ပန်းမွေ့ရာကိုနီမြန်းစေ၏။ ကိန္နရာဖို၏ သွေးတို့သည် ဖြူလွှင်သောသဲပြင်ကိုနီမြန်းစေ၏။ ကိန္နရာဖို၏သွေးတို့သည် ဝသုန်ဣန္ဒြေကို စွန်းထင်းပေကျံစေပြီဖြစ်၏။ သွေးတို့သည် စီးနေသော ကြည်လင်အေးမြသည့်တောင်ကျချောင်းရေယဉ်ကို အနီထင်စေပါ၏။

ကိန္နရာမသည် မေ့မျောနေသောလင်တော်မောင်၏ သနားစဖွယ်အားငယ်သောမျက်နှာကိုကြည့်၍ မရပ်မတည်ဖြစ်နေချိန်တွင်မှ ဗြဟ္မဒတ်မင်းကြီးသည် ကိန္နရာဖိုအားသေလေပြီဟုဆိုကာပုန်းနေရာမှ ထွက်၍ ကိုယ်ထင်ပြလေ၏။ ဗြဟ္မဒတ်မင်းအားမြင်သောခဏတွင် စန္ဒကိန္နရီမသည် "ငါ့လင်အားမတရား သက်သက် ရက်စက်လေသူကား ဤသူပေတည်း. . . "ဟုဆိုကာလန့်ဖျတ်ခြောက်ခြား၍ သွေးနစ်သောလင်အား ပန်းမွေ့ရာတွင် ထားပြီးတောင်ထိပ်သို့ ပျံကာတက်လေ၏။

တောင်ထိပ်သို့ရောက်သော် ကိန္နရာမသည် ဗြဟ္မဒတ်မင်းအား ရှုံ့ရှာခြင်း၊ မုန်းတီးကြောက်ရွံ့ခြင်း တို့ဖြင့် "အို. . . မြားကိုကိုင်၍ ငါ့လင်



www.burmeseclassic.com

www.burmeseclassic.com



အားသတ်သောလူသား၊ သင်သည် ရက်စက်မှုအပေါင်းအထိပ်ခေါင်ဖြစ်လွန်း၏။ ငါ့လင်၊ ငါ့ခင်ပွန်းအားသင်သည်အကြောင်းမဲ့မြားနှင့်ခွင်း၏။ ထိုဒဏ်ရာဒဏ်ချက်တို့ကြောင့် ငါ့လင်၊ ငါ့ခင်ပွန်းသည် မြေတွင်လဲ၍သေလေပြီဖြစ်၏။ သွေးအလူးလူးဖြင့် သနားစဖွယ်ဖြစ်ရ၏။ သွေးသံရဲရဲဖြင့် ကြီးစွာသောဝေဒနာကိုခံစားရ၏။ ငါ့ခင်ပွန်းကြောင့် ငါ၏နှလုံးသားသည် မီးကဲ့သို့ပူလောင်ရ၏။ ငါ၏ နှလုံးသား ပူလောင်မှုမျိုးသည် သင့်မယား၌ ဖြစ်ပါစေသတည်း။"

"အပြစ်မရှိသော ငါ့လင်ကိုရက်စက်စွာ အကြောင်းမဲ့သတ်သောသင်သည် သားကိုလည်း မမြင်ရပါစေနှင့်။ မယားကိုလည်း မမြင်ရပါစေနှင့်။ ထို့အတူသင့်ဇနီးမယားသည်လည်း သားကိုလည်းမမြင်ရပါစေနှင့်။ ငါ၏ ပူလောင်မှုအလုံးစုံသည် သင်၊ သင့်ဇနီး၊ သင့်သားသမီးတို့ထံ ကူးစက်၍ထပ်တူခံစားရပါ စေသတည်း"ဟုဆို၏။

ကိန္နရာမသည် ပူလောင်သောနှလုံးသားဖြင့် ဗြဟ္မဒတ်မင်းကြီးအား ဤသို့ကျိန်ဆဲကာ စကားကိုဆို၏။ တောင်ထိပ်မှ ရပ်၍ဆိုသောကိန္နရီမ၏စကားကိုကြားလျှင် ဗြဟ္မဒတ်မင်းကြီးက"အို . . . ချစ်နှမအငိုအရှိုက်မရှိပါလေနှင့်။ စိုးရိမ်သောက မရှိပါလေနှင့်။ တောရောင်ဟပ်၍ တောပန်းကဲ့သို့တောက်ပသော မျက်လုံးများရှိသည့် ချစ်နှမ၊ သင့်အားငါသည် မြင်လျှင်မြင်ချင်း ချစ်ခင်နှစ်သက် စုံမက်မြတ်နိုး၏။ ငါသည် ဗာရာဏသီပြည်အလုံးကို သိမ်းပိုက်အုပ်စိုးသော ဗြဟ္မဒတ်မင်းဖြစ်၏။ သင့်အတွက် ဘာမျှပူပင်ရန် အကြောင်းမရှိတော့။ ချစ်နှမ . . . သင်သည် ငါ၏နန်းတော်သို့ လိုက်ခဲ့ပေလေတော့။ ငါသည် ချစ်နှမအား တစ်သောင်းခြောက်ထောင်သော မိဖုရားတို့တွင် အကြီးအမှူး မိဖုရားခေါင်ကြီးအဖြစ် မြှောက်စားပါအံ့။ သင်သည် ဤကိန္နရာအဖို့နှင့်အတူနေ၍ ဘာအကျိုးရှိမည်နည်း။ ငါ၏မေတ္တာကို လက်ခံ၍ငါ၏နောက်တော်ပါးမှ တစ်ဖဝါးမခွာလိုက်လော့။ ဤတောတွင် ငါ၏ချစ်နှမသည် ဆင်းရဲလှ၏။ သင်သည် ဗာရာဏသီ ပြည်အလုံးကို





သိမ်းကျုံးစိုးပိုင်သော မိဖုရားခေါင်အဖြစ် ယနေ့ပင်ရတော့အံ့။ ပူဆွေးမှုကို ဖျောက်လော့ ချစ်နှမ"ဟုဆိုလေ၏။

ထိုအခါ ကိန္နရာမသည် အသည်းဆတ်ဆတ်နာ၍ "အို . . . ဗြဟ္မဒတ်မင်း၊ သင်သည် ငါကိုလိုချင် တပ်မက်သော စိတ်ဖြင့်ငါ့ချစ်လင်၊ ငါ့ခင်ပွန်းအားသတ်၏။ မင်းကျင့်တရားဆယ်ပါးနှင့်ကင်းလွတ်ကာကျင့်ကြံ၏။ မယားကိုလိုချင်၍ လင်ကိုအသနားမဖက် ရက်စက်စွာသတ်သော မင်းဆိုး၊ မင်းညစ်၊ ငါ့လင်အား သတ်ရုံဖြင့် ငါ့အားသင်ရမည်ဟု အကြံရှိ၏။ မိုက်မဲလှ၏။ ငါသည် ငါ့လင်မှလွဲ၍ ဖွဲဆန်ကွဲဟုသာ ထင်မှတ်၏။ ငါ့လင်သည်သာ ငါ၏ကိုးကွယ်ရာဖြစ်၏။ ဗြဟ္မဒတ်မင်း . . . မိဖုရားစည်းစိမ်ဟူသည် ငါသည်ထွေးပစ် သောတံတွေးကဲ့သို့သာ ထင်မှတ်၏။ ငါ့လင်၏အလောင်းသည် သွေးအလူးလူးဖြင့် မြစ်ကွေ့တွင်သေဆုံးနေသည်မှာ သွေးပင်လျှင်ခြောက်သွေ့ခြင်းမရှိသေး။ သင်၏ ဆောင်ရွက်သောအကြံသည် ရက်စက်မိုက်မဲ၏။ သင့်တွင်ရှိသောမြားအကုန်ကို ငါ့အားပစ်လေဦးတော့။ ငါသည် သင့်မယားအဖြစ်မခံယူ။ ငါ့လင်မရှိသော ငါ့ဘဝသည် သေဆုံးခြင်းနှင့်မခြား။ ထို့ကြောင့်သင်သည် ငါ့အားမသတ်သည့်တိုင် ငါ့ကိုယ်ငါသတ်၍ငါ၏ ချစ်လင်နောက်သို့ ယခုချက်ချင်းပင်လိုက်တော့အံ့" ဟုဆို၏။

ကိန္နရာမ၏ စကားကိုကြားလျှင် ခက်ထန်သောဗြဟ္မဒတ်မင်းသည် 'ငါဘုရင်'ဟူသောမာနအစွဲတွင် ဒေါသကဲကာ ကိန္နရာမအပေါ်မုန်းတီးသည့်စိတ်သည် ဖြစ်ပေါ်၍အမုန်းကြီး မုန်းခဲ့၏။

"အို . . . ကြောက်အားကြီးနေတဲ့ ကိန္နရာမ၊ တောင်ဇလပ်ရွက်ကိုသာစား၍ အသက်ရှင်နေသော ကိန္နရာမ၊ တောတွင်နေ၍တောတွင်သေမည့် ကိန္နရာမ၊ သင်သည် ဘုရင့်ထီးနန်းနှင့်မတန်မရာသူဖြစ်၏။ သင်သည် ဤတောတွင်း၌ ဆက်၍အသက်ရှင်သေးအံ့။ ဤတော၊ ဤတောင်မှ သားသမင်တို့သည် သင့်အားမွေ့လျော်၍ပျော်ကြလိမ့်မည်သာဖြစ်၏။" ဟုဆိုကာ ဗြဟ္မဒတ်မင်းသည် စိတ်ဆိုးမာန်ဆိုးဖြင့် နေရာမှထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကိန္နရာမသည် ဖြုပ္ပဒတ်မင်းထိုနေရာမှ ထွက်သွားလျှင်ပင် တောင်အောက်သို့အလျှင်ဆင်းကာ ကိန္နရာဖို၏အလောင်းအားလည်ပင်းဖက်ကာ ယှဉ်တွဲ၍ဘေးကင်းရာတောင်ထိပ်သို့ တွဲ၍တင်၏။ တောင်ထိပ်သို့ရောက်လေသော် စန္ဒကိန္နရာမသည် ကိန္နရာဖို၏ဦးခေါင်းကို ပေါင်ပေါ်တွင်တင်၍ သည်းထန်စွာ ငိုကြွေး မြည်တမ်းမှုကို ပြုပြန်၏။

ထိုသို့ငိုကြွေးရင်း ကိန္နရာမသည် ကိန္နရာဖို၏ ရင်ညွန့် ပေါ်သို့လက်ကိုတင်မိ၏။ ထိုအခါ ကိန္နရာဖို၏ ကိုယ်ငွေ့ကိုစမ်းမိ၏။ ကိန္နရာမသည် ကိန္နရာဖိုမသေဆုံးသေးမှန်းသိ၍ နတ်တို့အားတိုင်တည်အံ့ဆိုကာ လက်အုပ်ချီမိုး၍ ‘လောကကို စောင့်ရှောက်သော နတ်များအား ကျွန်မသည်တိုင်တည်ပါ၏။ လောကကိုစောင့်ရှောက်သော နတ်များအား ကျွန်မသည် အားကိုအားထားပြုပါ၏။ လောကကိုစောင့်ရှောက်သော နတ်တို့မှတစ်ပါးကျွန်မသည် အားကိုးရာမရှိပါ။ ကျွန်မ၏ ချစ်လင်သည် အပြစ်ကင်းစင်ပါသော်လည်း တစ်ပါးသောသူ ပစ်ခွင်းသော မြားဒဏ်ရာကြောင့် သေခြင်းသို့ရောက်ရပါတော့မည်။ ဘုရားကျွန်မသည် ကျွန်မ၏ချစ်လင်အပေါ် ဘယ်သောအခါမျှ အချစ်မပျက်၊ သစ္စာမပျက်၊ ထိုမှန်သော သစ္စာစကားသည် ကျွန်မ၏လင်အတွက် နတ်ကောင်းနတ်မြတ်တို့က စောင့်ရှောက်ရာ ဖြစ်ပါစေသတည်း’ ဟု တိုင်တည်၏။

ထိုခဏတွင်သိကြားမင်းနေရာ နတ်တို့ပြည်၌ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် ပူလောင်ကြမ်း တမ်းတင်းမာလာသောကြောင့် အကြောင်းခြင်းရာကို သိကြားမင်းကြည့်လေလျှင် ကိန္နရာမောင်နှံ၏ အဖြစ်ကိုတွေ့၏။ ထိုအခါ သိကြားမင်းသည် ပုဏ္ဏားယောင်ဆောင်၍ ရုတ်ခြည်းပင် ဟိမဝန္တာသို့ အရောက်လာပြီး ရေကရားဖြင့် သစ္စာရေကိုယူကာ ကိန္နရာဖိုအား ဆွတ်ဖျန်းပေးလေ၏။





ထိုခဏတွင် ကိန္နရာဖိုသည် ကျန်းမာစွာဖြင့်ထ၍ ရပ်သည်။ ကိန္နရာဖို၏အဖြစ်ကို မြင်ရသော ကိန္နရာမသည် ကြီးစွာသော ဝမ်းသာဝမ်းမြောက်ခြင်းကိုဖြစ်ရ၍ သိကြားမင်း ပုဏ္ဏားအားလက်အုပ်ချီးမိုးရှိခိုးကာ“တန်ခိုးကြီး၍ မြင့်မြတ်သောအရှင်၊ အရှင်သည် ဆင်းရဲပင်ပန်းသူတို့ကို ဆင်းရဲတွင်းမှ ကယ်တင်၏။ ပင်ပန်းစွာနာကျင် မေ့မျောနေသော ကျွန်မ၏လင်အားအမြိုက်ရေဖြင့် သွန်းလောင်းကာ ဒုက္ခမှကင်းစေ၏။ ကျွန်မ၏မောင်တော်ကိန္နရာဖိုအား ရှေးကထက်ပို၍ မြတ်နိုးချစ်ဆတိုးစေရန် အရှင်သည် ဆောင်ကြဉ်းကယ်တင်၏။ အရှင်မြတ်အားရှိသေစွာ ရှိခိုးပါ၏” ဟုဆိုကာကန်တော့၏။ ကိန္နရာဖိုကလည်း ကျေးဇူးရှင်သိကြားမင်းပုဏ္ဏားအား ချစ်ကြည်လေးမြတ်စွာကန်တော့၏။

သိကြားမင်းသည် ကိန္နရာဖိုမတို့အားရှေးကထက်ဆတိုး ချစ်ကြင်ကာနေရစ်၍ လူတို့သွားရာလမ်းကြောင်းနှင့် နီးသောတောင်ခြေသို့ မဆင်းရန်ဩဝါဒပေးပြီး တာဝတိံသာသို့ ပြန်လေ၏။ ကိန္နရာဖိုမသည် သိကြားမင်း၏ ဩဝါဒကို ခံယူကာပွင့်မျိုးကြွေ ရေတွင်မျောသည့်မြစ်ကြော ရေယမုန်အကွေ့မှာ ချစ်စကားတို့ ကျူးရင့်ခွန်းဆင့်ကြပြီး၊ စန္ဒာငွေတောင်ထိပ်သို့ပြန်ကြလေ၏။

* * * * *

စန္ဒကိန္နရာဇာတ်ကို စာဖြင့်ရေးသားသရုပ် ဖော်ခြင်းဖြစ်ပါ၏။ ဤဝတ္ထုကိုအက၊ ဇာတ်၊ ဂီတ၊ ရုပ်ရှင်တို့ဖြင့် ဆက်၍အကောင်အထည်ဖော်နိုင်၏။ ပန်းချီ၊ ပန်းပု အနုပညာတို့ဖြင့် ပုံဖော်နိုင်၏။

ဆက်၍တင်ပြလိုသောဇာတ်မှာ ဘလ္လာတိယဇာတ်ဖြစ်သည်။ ဘလ္လာတိယဇာတ်သည် ကမ္ဘာကျော် ချစ်မေတ္တာဘွဲ့ဇာတ်ဝတ္ထုဖြစ်၏။ ထိုဇာတ်ထက်ကျော်လွန် အောင်မေတ္တာတရားကို ဖွဲ့ဆိုဘို့ရာခဲယဉ်း၏။ နိုင်ငံတကာချစ်မေတ္တာ ဇာတ်လမ်းများထက်ချစ်ခြင်း၏ သရုပ်ကိုဖော်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပသေနဒီကောသလမင်းကြီးသည် မလ္လိကာမိဖုရားကြီးအား အလွန်မှချစ်မြတ်နိုးသည်။ ကြင်နာသည်။ သို့သော်တကြိမ်တွင် မင်းနှင့်မိဖုရားတို့ အချစ်ကြီး၍ အမျက်ကြီးသည်ဟုဆိုသလို အချင်းချင်း မသင့်တင့်ကြရာမှ ပသေနဒီကောသလမင်းကြီးကို မိဖုရားကြီးကငယ်ကျိုး ငယ်နာဖော်၍ မထေမဲ့မြင်ပြော လေရာမင်းကြီးက ပန်းသည်မ ဘဝင်မြင့်လေသည်ဟုဆိုကာ မခေါ်မပြောဘဲနေ၏။ ထိုအခါမလ္လိကာ မိဖုရားကြီးသည် အားကိုးရာမဲ့ရာမှ မြတ်စွာဘုရားအား တမ်းတလေရာ ဘုရားရှင်နန်းတော်သို့ ကြွလာသည်။ ကောသလမင်းကြီးအား မလ္လိကာအဘယ်မှာလဲမေးလေလျှင် မြတ်စွာဘုရားကဘုရင်ကြီးက ပန်းသည်မ ဘဝင်မြင့်နေကြောင်းပါဘုရား ဟုလျှောက်ထားလျှင် မြတ်စွာဘုရားက 'သင်တို့မောင်နှံသည် ရှေးကိန္နရီ၊ ကိန္နရာဘဝ တစ်ညတာမျှချောင်းခြား၍ ကွဲကွာသည်ကိုနှစ်ပေါင်းခုနှစ်ရာတိုင် ငိုကြွေး၍ မဆုံးရှိပါလျက် ယခုအဘယ်ကြောင့် အချစ်ပြယ်ရလေသနည်း ဟုဆိုလျှင်ကောသလမင်းကြီးက သိလိုဇောဖြင့်အကျယ် ဟောတော်မူပါဘုရားဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားက ဘလ္လာ တိယဇာတ်ကို ဟောတော်မူ၏။ စန္ဒကိန္နရီဇာတ်၊ ဘလ္လာတိယဇာတ်၊ သုဝဏ္ဏသာမဇာတ်တို့သည် ဘုရားဟောဇာတ်တော်ကြီးများဖြစ်၏။

စန္ဒကိန္နရီဇာတ်၏ ရည်ရွယ်ချက်မှာ သစ္စာတရားကို အရင်းတည်သောဇာတ်ဖြစ်၏။ သုဝဏ္ဏသာမဇာတ်သည် မိဘကို လုပ်ကျွေးသောဇာတ်ဖြစ်၏။ ဘလ္လာတိယဇာတ်သည် ချစ်ခြင်းမေတ္တာကို သရုပ်ဖော်သော ဇာတ်ဖြစ်သည်။ အထက်ပါရည်ရွယ်ချက်များကို သိသာထင်ရှားစေလိုသောရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရား ကိုယ်တိုင်က ဤဇာတ်တော်ကြီးများကိုဟော၏။ မြတ်စွာဘုရားကိုယ်တော်တိုင်သည် အနုပညာသည် ဖြစ်သည်။ မြတ်စွာဘုရားသည်သန္တရသဖြင့် နိဗ္ဗာန်မဂ်ဖိုလ်အထိ ပို့ဆောင်သော အနုရသကိုဖန်တီးသူ အနုပညာရှင်ဖြစ်သည်။



ပန်းချီဆရာက သူ၏စုတ်တန်၊ ဆေးတို့ကိုသုံး၍အနီးအဝေး၊ အဖြူအမဲ၊ မျဉ်းဖြောင့် မျဉ်းကောက်တို့ကို မျှတညီညွတ်အောင်ပြကာ ပန်းချီကားတစ်ချပ်ကို ဖန်တီး၏။

ဝတ္ထုရေးဆရာက အက္ခရာစာလုံးများသုံး၍ အမှားအမှန်၊ အပျော့အပြင်း၊ ကာလဒေသ၊ ဇာတ်ရုပ်၊ ဇာတ်ကောင်တို့ဖြင့်ဝတ္ထုရသကို ဖန်တီး၏။

ပန်းပဲဆရာသည် ရေနှင့်မီး၊ လေနှင့်မြေ၊ အရောင်အဆင်း တူချက် အပြင်းအပျော့တို့ဖြင့် မားတစင်းကိုဖန်တီး၏။

မြတ်စွာဘုရားကိုယ်တော်မြတ်သည်က အမှားအမှန်၊ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်၊ လောကဖြစ်တတ်သော သဘာဝတရား၊ သစ္စာ ဘုရားတို့ဖြင့် လူတို့အား သံသရာမှလွတ်ကင်းစေအောင် ဆင်ခြင်တုံတရား၊ အသိတရား၊ သတိတရားဖြင့် ဘဝတရားအစစ်ကို ရှာဖွေပြသ ဖန်တီးတော်မူသော တကယ့်အနုရသ ဆရာတစ်ဆူဖြစ်တော်မူပါ၏။ မြတ်စွာဘုရားညွှန်ပြရာ အနုသုခုမရသသည် လောကအလုံးနှင့် သက်ဆိုင်၏။ သံသရာတစ်ရပ်လုံးနှင့်လည်းအကျုံးဝင်၏။ မဂ်ဖိုလ်နိဗ္ဗာန်တိုင် ဆိုက်ရောက်သောအလှတရားကို ဖန်တီးမြွတ်ကြားသူဖြစ်၍ အနုပညာတို့တွင် အကြီးမြတ်ဆုံး၊ အလှပဆုံးသော အနုပညာကို ကိုယ်တိုင်ရှာဖွေညွှန်ပြတော်မူသော ဆရာတစ်ဆူဖြစ်ပါသည်။

အနုပညာတွင် ရည်ရွယ်ချက်သည် မဏ္ဍိုင်ဖြစ်သည်။ ရည်ရွယ်ချက်ကိုမဏ္ဍိုင်ပြု၍ အနုပညာကို ဖန်တီးသည်။ ဇာတ်အိမ်၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဝတ္ထုတို့သည် ရည်ရွယ်ချက်ကို မကျော်ရ၊ ရည်ရွယ်ချက်၏ ဘေးသို့လည်းမရောက်ရ၊ ရည်ရွယ်ချက်ကို ပံ့ပိုးကူညီရမည် ဆိုသောဥပဒေသကို လိုက်နာရမည်ဖြစ်ပါ၏။ အနုပညာရပ်ဟူသည် ရည်ရွယ်ချက်ပေါက်မြောက်အောင် ပစ်ခတ်ဖောက်ထွင်းသော သက်နက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ယုံကြည်ချက်၊ မိမိခံစားချက်ကိုသူတစ်ပါးယုံကြည်အောင်၊ သူတစ်ပါးခံစားလာအောင် အနုပညာ ဖြင့်ဖန်တီးသရုပ်ဖော်ကြရာတွင် လိုက်နာရမည့် အချက်အချို့ရှိပါ၏။ အနုပညာသည်၏ဖန်တီးသရုပ်ဖော်မှုသည် ယုတ္တိသုံးပါးနှင့် ညီညွတ်ရမည်ဟု ဝိစိတ္တရပညာရှင်ဆရာဦးစံခိုကမှာခဲ့ကြောင်း ရာမဦးအုန်းမောင် ကဆိုပါ၏။ အဘယ်သို့သော ယုတ္တိများနှင့် ညီရမလဲဟုဆိုက ဇာတ်ပဲကက၊ အရုပ်ပဲထုထု၊ တေးဂီတပဲဖွဲ့ဖွဲ့၊ ကြိုးဆွဲပြီးရုပ်သေးပဲကက၊ စကားနဲ့ပဲပြောပြော သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ ပသာဒယုတ္တိ တို့ရှိဘို့လိုသည်ဟုဆိုပါ၏။

ရည်ရွယ်ချက်ကိုအနုပညာရပ်တစ်ခုခုနှင့် သရုပ်ဖော်တင်ဆက်ပြသရာတွင် ရှေးဦးစွာသဘာဝယုတ္တိရှိ ရန်လိုသည်။ သဘာဝယုတ္တိဆိုသည်မှာ မူလဇာတ်တော်ကြီးကိုယူ၍ သရုပ်ဖော်ပါက ဇာတ်တော်ကြီးပါမူလ အဖြစ်အပျက်များနှင့် မကွဲလွဲရ သဘာဝတရားနှင့်မဆန့်ကျင်ရ။ တကယ့်ရာဇဝင်၊ မဟာဝင်တို့ကို သရုပ်ဖော်ရာတွင်လည်း မူလအဖြစ်မှန်များနှင့်မကွဲလွဲရ။ ဇာတ်၏အာဂမယုတ္တိဆိုသည်မှာ အဆိုအမိန့်များ ကျမ်းကိုး ကျမ်းကားများနှင့် မဆန့်ကျင်ရ၊ အဆိုအမိန့်တို့နှင့် ညီညွတ်မှုရှိရမည်ဟုဆိုပါ၏။ ပသာဒယုတ္တိမှာ မိမိတင်ပြချက်ကို လှပအောင်၊ ကြည့်ချင်အောင်၊ ကြားချင်အောင်၊ မြင်ချင်အောင် တန်ဆာဆင်ခြင်းဖြစ်သည်။ ယုတ္တိရှိအောင်ပြော၊ ယုတ္တိရှိအောင်ဆို၊ ယုတ္တိရှိအောင်ရေး၊ ယုတ္တိရှိအောင်ပြုလုပ်ကြရန် အနုပညာက စည်းကမ်းတစ်ရပ်အနေနှင့် လိုက်နာရန်ဖြစ်ပါသည်။

❐ ❐ ❐



အခန်း (၂၅)

## စည်းစနစ် နှင့် သမ္မစဉ်

အနုပညာရှင်သည် သူ့တွင်ရည်မှန်းချက်တစ်စုံတစ်ရာရှိပါက သူ၏အနုပညာနှင့် မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို စဉ်းစားမည်။ ထိုရည်မှန်းချက်ကို အခြားအနုပညာရှင်များနှင့်လည်းကောင်း၊ အတွေ့အကြုံရှိ သူများနှင့်သော်လည်းကောင်း ဆွေးနွေးနိုင်သည်။ မဆွေးနွေးလျှင်လည်းရသည်။ ဆွေးနွေးဖြစ်ပါက ဤအလုပ်သည် စိတ်ဖြင့်ကြံစည်ပြီး နောက်နှုတ်ဖြင့်ဝစီကံမြောက်ကြိုးပမ်းခြင်း ဖြစ်၏။ ရည်မှန်းချက်တစ်ခုခုကို ပြဇာတ်၊ ကဇာတ်၊ ရုပ်သေး၊ ရုပ်ရှင်၊ ဗွီဒီယို အစရှိသော အနုပညာများစွာနှင့် အကောင်အထည်ဖော်သည်။ ဆိုကြပါစို့။ မူလရည်မှန်းချက်ကို ဇာတ်၊ ရုပ်ရှင်တို့ဖြင့် အကောင်အထည်ဖော်မည်ဆိုပါက ရည်မှန်းချက်ကို ဇာတ်အိမ်ဖွဲ့ရမည်။ ဇာတ်ညွှန်းရေးရမည်။ ဇာတ်ညွှန်းကို အချိန်ယူ၍ စေ့စေ့စပ်စပ်ရေးရမည်ဖြစ်ပါ၏။ ဇာတ်ညွှန်းရေးသားမှုတွင် ကျွမ်းကျင်မှုတီထွင်မှုများ ပါဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ညွှန်းရေးဆရာ လိုက်နာရမည့်စည်းကမ်းတစ်ရပ်မှာ သူ၏ဇာတ်ညွှန်းသည် မူလဝတ္ထု ဇာတ်လမ်းကို မကျော်လွှားရန်ဖြစ်ပါသည်။ ဝတ္ထုဇာတ်လမ်းသည် ရည်ရွယ်ချက်ကို မကျော်လွန်ရသလို ဇာတ်ညွှန်းကလည်း ဝတ္ထုဇာတ်လမ်းကို မကျော်ရပါ။ ဇာတ်ညွှန်းသည် ဝတ္ထုနှင့်ရည်ရွယ်ချက်ကို သစ္စာရှိရမည်ဖြစ်၏။

မိမိရည်ရွယ်ချက်ကို ပန်းချီဖြင့် အကောင်အထည်ဖော်လိုက ဖော် ပန်းပုဖြင့် ရုပ်လုံးပြုလိုကလည်းပြု မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် ဖန်တီးမှုပြုနိုင်၏။ သို့သော် ဖန်တီးမှုပြုရာတွင်ပုံကြမ်း ထုတ်ရန်လို၏။ ပန်းပုထုမည်ဆိုပါက ပုံကြမ်းအကြိမ်ကြိမ်ထုတ်သင့်၏။

အလားတူပင် ကျောက်ဆစ်မည်၊ ကြေးသွန်းမည်ဆိုပါကလည်း ပုံကြမ်းရေးပါ။ ဝါးဖြင့် ပုံဖော်မည် ရွှံ့ဖြင့်ပုံဖော်မည်။ အင်္ဂတေဖြင့် ပုံဖော်မည်ဟုဆိုပါကလည်း ပုံကြမ်းအကြိမ်ကြိမ်ဆွဲပါ။ ပုံကြမ်းအကြိမ်ကြိမ် ဆွဲလေလက်ရာကောင်းလေ အမှားနည်းလေးဖြစ်ပါ၏။ ဤနည်းမှာချွတ်ယွင်းချက်နှင့် အမှားများကို ပုံကြမ်းအဆင့်တွင်ထားရစ်ခဲ့ရန်ကြိုးပမ်းမှုဖြစ်၏။ ပုံကြမ်းမထုတ်မှ အဆင့်ဆင့်ပင်ကျန်သေး၏။ ထိုအဆင့်မျ မိမိရည်မှန်းချက်ကို စိတ်ကူးဖြင့် အကြိမ်ကြိမ်ဖန်တီးရန်ဖြစ်၏။ စိတ်ကူးတွင် ချောမှ ရုပ်ဝတ္ထုပစ္စည်းဖြင့် အကောင်အထည်ဖော်ရန်ဖြစ်၏။ မနောကံကိစ္စကို ပထမပြီးမြောက်အောင်လုပ်ရ၏။

ဂီတဖြင့်သရုပ်ဖော်မည်ဟုဆိုပါကလည်း စာလုံးများ ကာရန်သံစဉ်များကို ရှာဖွေပါ။

ဇာတ်၊ ရုပ်သေး၊ သဘင်တို့တွင် ဝတ္ထုကိုအကောင်အထည်ဖော်ရာ၌ ဇာတ်ဆောင်များလိုလာပါ၏။ ဇာတ်ညွှန်းတွင် ဇာတ်ဆောင် ဇာတ်ကောင်များကို သူနေရာနှင့်သူထား၍ သူတို့ပြောဆိုရမည့် ဇာတ်ဆောင် စကားများကိုရေးရမည်။





ဇာတ်ဆောင်တို့လိုက်နာရမည့် စည်းကမ်းမှ ဇာတ်ဆောင်သည် ဇာတ်ညွှန်းကို မကျော်ရပါ။

ဇာတ်ဆောင်က မိမိလုပ်တတ်သည်ဟုဆိုပါက ဇာတ်ဆောင်စရိုက်များကို ဇာတ်ညွှန်းမှာပါသည် ထက်ပို၍ သရုပ်ဆောင်ပြပါက ယုတ္တိလျော့နည်းမှုနှင့် ကြုံတတ်သည်။ ထို့ကြောင့်ဇာတ်ဆောင်များသည် အလွန်အကျွံငိုပြ၊ ရယ်ပြမှု မပြုလုပ်ဘဲ ဇာတ်ညွှန်းဇာတ်လမ်းနှင့်အညီသာ သရုပ်ဆောင်ရန်လိုသည်။ ဇာတ်ဆောင်သည် မိမိတတ်ကျွမ်းမှု ပညာပြမှုများကို ဇာတ်ညွှန်း၌ လုပ်ကွက်ပေါ်မှပြတာ ကောင်းပါသည်။ လုပ်ကွက်မရှိဘဲပြတာ၊ အတင်းပြတာသည် ဇာတ်၏ သဟဇာတဖြစ်မှုကို ကျဆင်းစေပါ၏။

တဖန်ဇာတ်ဆောင်၊ ဇာတ်ကောင်တို့၏ စကားများသည် ဇာတ်ဆောင်၏စရိုက်ကို မကျော်ရ။ ဇာတ်ဆောင်က ဆင်းရဲသားဖြစ်နေလျှင် သူဌေးစကား မပြောရ။ သူဌေးဂိုက်မဖမ်းရ။ ယင်းအချက်များကို သတိထားကြရမည်ဖြစ်ပါ၏။ ဒါမှ အနုပညာစရိုက်များသရုပ်ဆောင်မှုများ ပီပြင်မည်ဖြစ်ပါသည်။

ဇာတ်အခင်းအကျင်းများ၊ ဇာတ်ခံတီးလုံးများအားလုံးသည် ဇာတ်ညွှန်းအတွင်းမှနေ၍သာ ဇာတ်အိမ်ကို ပံ့ပိုးပေးရမည်ဖြစ်ပါ၏။ ဇာတ်၊ ရုပ်ရှင်၊ သဘင် တို့ဖြင့်အနုပညာသရုပ်ဖော်လျှင် ဇာတ်လမ်းမှာ အဓိကကျသည်။ ဇာတ်လမ်းသည် အစ၊ အလယ်၊ အဆုံး ညီညွတ်ဖို့လိုသည်။ ဇာတ်ညွှန်းသိပ်သည်း ကျစ်လစ်ဖို့လိုသည်။ ဇာတ်ကောင်စရိုက်သည် ဇာတ်၏ အစ၊ အလယ်၊ အဆုံး ညီညွတ်ဖို့လိုသည်။ ဇာတ်လမ်းတွင် ဇာတ်ကောင်များသည် သူကျူးလွန်သောပြစ်မှုနှင့်အညီခံကြရမည်။ သို့သော် အချို့ဇာတ်လမ်းများက လူ့ဘောင်လောကကြီး၏ တမောက်ကမတည်မှုကို ဖော်ပြလို၍ ဖြစ်ချင်တာဖြစ်ကွာဟုဆိုကာ ဇာတ်လမ်းကိုရော ဇာတ်ကောင်စရိုက် ကိုရော လွှတ်ပေးတာမျိုးရှိ၏။

ကျွန်တော်တို့တွင် ပုရွက်ဆိတ်နှင့် နှံကောင် ဇာတ်လမ်းရှိ၏။ ပုရွက်ဆိတ်က အစာရှာနေချိန်တွင် နှံကောင်ကပျော်ပါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဒဏ်ကို နှံကောင်က ဆောင်းဝင်လာတော့ ခံရ၏။ အချို့ဝတ္ထုက လူ့လောကတွင် လည်သလိုလေးနေသွားခြင်းဖြင့် ဘဝ၏ဒဏ်ခတ်မှုမှ လက်တစ်လုံးခြားလွတ်သွားသော ဇာတ်ကို အနုပညာရှင်က ဖန်တီးတာရှိ၏။ မတော်တဆကိစ္စရှိနေသော လူ့ဘောင်ဘဝတွင် ဒီကိစ္စမျိုးကိုလည်း ဖန်တီးတတ်ကြပါ၏။ ပရိသတ်ကလည်း ဒဏ်ခတ်ချင်နေကာမှ ဇာတ်ကောင်ကို လွှတ်ပေးတာလည်းရှိတတ်၏။

မည်သို့ပင်ဆိုစေ မြန်မာ့အနုပညာတွင် စည်းစနစ်ရှိ၏။ သမားစဉ်ရှိ၏။ ထိုစည်း၊ စနစ်နှင့် သမ္မစဉ်ကို လိုက်နာကြရမည်ဖြစ်သည်။

မြန်မာတို့၏အနုပညာရေစီးကြောင်းသည် ပြဒါးလင်းဂူ တဝဂူစသောခေတ်တို့ကပင်စတင် စီးဆင်းခဲ့ခြင်းဖြစ်၏။

ပြဒါးလင်းဂူသည် လွန်ခဲ့သော ကျောက်ကြမ်းခေတ်ကာလ နှစ်ပေါင်းတစ်သောင်းက တည်ရှိခဲ့ခြင်းဖြစ်၏။ ဤမျှရှည်လျား ကြာမြင့်သော မြန်မာ့အနုပညာသည် အတွေ့အကြုံများကြွယ်ဝပြီးဖြစ်၏။ အနုပညာအရည်အသွေးများ မြင့်မားပြီးဖြစ်၏။ အနုပညာအတောင်အခက် အကိုင်းအရွက်စုံလင်ပြီဖြစ်သည်။

မြန်မာ့အနုပညာခရီးတွင် အနုပညာရှင်ကြီးများသည် မိမိတို့ အတွေ့အကြုံများအရ စည်းကမ်း၊ စနစ်များကို လက်ဆင့်ကမ်း ပြောကြားခဲ့သည်။ ထိုအတွေ့အကြုံများကို ကျွန်တော်တို့လေးစားရမည်ဖြစ်သည်။ မြန်မာ့အနုပညာစည်းကမ်းများ မြန်မာတို့၏ စာပေ အနုပညာဆိုင်ရာ အလင်္ကာများ၊ ဂုဏ်များကို တတ်နိုင်သမျှ ထိန်းသိမ်းကြရမည်ဖြစ်သည်။ ဤသည်တို့မှာ မြန်မာ့အနုပညာ၏ ဂုဏ်အင်ပင်ဖြစ်သည်။ အလင်္ကာများ ဂုဏ်များကို အလင်္ကာကျမ်းအရပ်ရပ်တွင် ဖော်ပြပြီးဖြစ်၍ ဤစာအုပ်တွင် အကျယ်ထားပြီး မဖော်ပြတော့ပါ။

မြန်မာ့ရိုးရာအစဉ်အလာအားဖြင့် အနုရသဆိုင်ရာ ဂုဏ် ၉ ပါး၊ အလင်္ကာဂုဏ် ၁၀ ပါး၊ အခြားဂုဏ် ခုနစ်ပါးစသည်တို့ရှိ၏။





မိမိ၏ ဆန္ဒရည်ရွယ်ချက်အကောင်အထည်ဖော်ရေးအတွက် အနုပညာလက်နက်ကို အသုံးပြုရာတွင် ဂုဏ်အလင်္ကာတို့သည် အနုပညာ၏ လိုအပ်သော အရည်အသွေးပင်ဖြစ်၏။ ပညာရှိကြီး များက -

ရသကိုးမည်၊ ဂုဏ်အင်တစ်ဆယ်
ကုံလုံကြွယ်၍၊ နောက်ဆွယ်ခုနစ်
ပြည့်ဆီနှစ်နှင့် ပြစ်များကင်းစင်
ဂုဏ်ခြောက်အင်ကို
မမြင်မတွေ့၊ မပြုနှင့် . . .

ဟု ဆိုဆုံးမထားပါ၏။

ရသကိုးပါးမှာ
၁။ နှစ်သက်ချစ်ခင်
၂။ ရယ်ရွှင်ဝမ်းမြောက်
၃။ ကြောက်ရွံ့
၄။ သနား
၅။ ရဲရင့်အားထုတ်
၆။ ကြမ်းကြုတ်ခက်ထန်
၇။ အံ့သြ
၈။ စက်ဆုတ်
၉။ ငြိမ်းအေးချုပ်

ဟူ၍ အစဉ်အလာဆိုခဲ့သည်။ မြန်မာစာပါမောက္ခ ဦးဖေမောင်က ရသကိုးပါးကို

ချစ်၊ ရွှင်၊ သနား၊ တည်ကြည်၊ ကြမ်းကြုတ်၊ စက်ဆုတ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြ၊ နောအရသာမှတ်ဖွယ်ရာ

ဟု မှတ်ရလွယ်အောင် ဖွဲ့ဆိုခဲ့၏။ ဤရသကိုးပါးမှာ သုဘောစာလင်္ကာရကျယ်တွင် ရေသောက် မြစ်ခံသောကြောင့် ပညာရှင်များ ရေးသားချက်အားလုံး သဘောအတူတူသာ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆွယ်ခုနစ်ဆိုသည်မှာ -

၁။ ယဥ်
၂။ နု
၃။ ခန့်
၄။ နက်
၅။ ရသထက်
၆။ ဝင်သက်
၇။ နိမိတ်ယှဉ်

ဟူ၍ဆိုရာ 'ယဥ် နု ခန့် နက်' ဆိုသည်မှာ ယဥ်ကျေးတာ၊ အနုစိပ်တာ၊ ခန့်ညားထယ်ဝါတာ၊ နက်နဲသိမ်မွေ့တာများဖြစ်၍ ယင်းဂုဏ်အင်များနှင့် ပြည့်စုံအောင် လုပ်ဆောင်ပါဟု ဆိုလိုရင်းဖြစ်သည်။

ဂုဏ်ဆယ်ပါးမှာ

၁။ စကားရှင်းနက်လွယ်
၂။ ကြည်လင်ဘွယ်
၃။ ဖတ်လွယ်စကားယဥ်
၄။ တင်စားနိုင်ဆို
၅။ နားဝင်ချို
၆။ နှစ်လိုသာယာရှင်
၇။ ချို့ချဲ့
၈။ ချီချ
၉။ ဂုဏ်ထူးပြ
၁၀။ ပြည့်ဝနက်နဲယှဉ်

ဂုဏ်အင် ၁၀ ပါး ပြည့်စုံသွား၊ မှတ်သားဒေါသစင်

ဟူ၍ ဖြစ်ပါသည်။ **ရသ၏ ရန်သူသည် ဒေါသပင်ဖြစ်သည်။** ဤဂုဏ်ဆယ်ပါးကို လိုက်နာပါက ဒေါသကင်းစင်သည်။ ဒေါသ





ကင်းအောင် အထူးလိုက်နာစရာမလို။ ဤဂုဏ်များကို ထိန်းရုံဖြင့် ဒေါသကင်းသည်ဟုဆို၏။

ဂိုဏ်း ၆ ပါးမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာနှင့် ရာဇဂိုဏ်းမသင့်အောင် အနုပညာဖန်တီးမှုပြုရမည်။ သတိပြုရန်မှ ဂိုဏ်း ၆ ပါးကို မြှင့်ဆို၍ ဂိုဏ်းမသင့် လျှော့ဆိုက ဂိုဏ်းသင့်၏။

အနုပညာကိုဖန်တီးရာတွင် ဇာတ်တွင်လည်း သမ္မစဉ်ရှိ၏၊ ရုပ်သေးတွင်လည်း သမ္မစဉ်ရှိသည်။ အနုပညာအရုပ်ရုပ်တွင်လည်း သမ္မစဉ်ရှိကြ၏။ သမ္မစဉ်ဆိုသည်မှာ သမားအစဉ်အဆက်ကောင်းသည်ဟု ပြောခဲ့သောအရာများ သမားအစဉ်အဆက်လက်ခံ လိုက်နာကျင့်သုံးခဲ့သောအရာများ ဖြစ်ပါသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

# ဘဝခရီးလမ်းအနှစ်တစ်သန်း လူ့ဘဝအဖော်မွန်

လူ့ဘဝခရီးလမ်း နှစ်တစ်သန်းတွင် လူသားတို့သည် အနုပညာအရပ်ရပ်ကိုဖန်တီးနိုင်ခဲ့သည်။ ထိုသို့ ဖန်တီးနိုင်လိုက်ခြင်းသည် လူသားတို့အတွက် ရောမအမြတ်အစွန်းကို ရရှိလိုက်ခြင်းဖြစ်သည်။ လူ့ဘဝ လူ့ဖြစ်စဉ်တလျှောက်တွင် အနုပညာမပါဟုဆိုပါက ထိုကိစ္စသည် အလွန်သွေ့ခြောက်ဖွယ်ရာဖြစ်မည်မှာ အမှန်ပင်ဖြစ်သည်။ အနုပညာရပ်များကြောင့် လူ့ဘဝသည်နေပျော်၊ သေပျော် ဖြစ်ခဲ့ရသည်မှာအမှန်ပင်ဖြစ်သည်။

လူ့ဘဝခရီးတွင်လူသည် ဘေးအန္တရာယ်အမျိုးမျိုးကြုံတွေ့ခဲ့ရသည်။ ဘဝခရီးလမ်းဖြတ်သန်းမှု အစုံစုံ ကိုလည်းပြုလုပ်ခဲ့ရသည်။ ချစ်သောသူနှင့် ကွေကွင်းရခြင်း၊ မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ရခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ရသည်။ သောကဖိစီးမှုများ၊ စိုးရိမ်ပူပန်မှုများကလည်း တစ်ပုံတစ်ပင်ဖြစ်သည်။ ရောဂါကပ်ဘေးကြီးများနှင့်လည်း ဆုံတွေ့ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝသည် ထိုသို့သောဘေးအန္တရာယ်များ၊ ကပ်ရောဂါကြီးများ၊ စိုးရိမ်ပူပန်မှုများကိုသာကြုံရသည် မဟုတ်၊ သမုဒ္ဒရာ ဝမ်းတစ်ထွာ အတွက် ရှာရဖွေရ၊ လုပ်ရကိုင်ရသည်ကလည်း အလုပ်နှင့်လက်အပြတ်ခံ၍ မရ။ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ ဝါယမ အားထုတ်လုပ်ကိုင်နိုင်မှ တော်ကာကျသည်။ လူ့ဘဝလမ်းခရီးသည် အေးအေးလူလူလျှောက်နေ၍မရ။ ဘဝ ပြေးလမ်းကြောင်းပေါ်တွင် သူ့ထက်ငါ ပြေးကြ၊ ကျော်ကြ၊ ခုန်ကြ၊ တက်ကြရသေး၏။

ထိုသို့သောအနှစ်တစ်သန်းခရီးလမ်းတွင် အနုပညာသည် လူသားတို့အတွက် အပန်းဖြေရာ အနားယူရာ၊ စိတ်ရောကိုယ်ပါအပန်းဖြေရာဖြစ်သည်။ အနုပညာကိုလူသားတို့တီထွင်ဖော်ထုတ်ခဲ့ခြင်းသည် လူအတွက် စိတ်ပိုင်းဆိုင်ရာအေးကွက်ကြီးတစ်ခုရခြင်းဖြစ်၏။ အရသာ စုံဗိမာန်ကို ဖန်တီးနိုင်ခြင်းလည်းဖြစ်၏။

ဂီတသည် လူ့ဘဝကိုအတော်ကြီး အကူပြုခဲ့သောအရာဖြစ်၏။ လူသည်တစ်ဦးတည်း တစ်ယောက် တည်းရှိပါကလည်း ဂီတ သံစဉ်တစ်ခုကိုညည်းဆိုရင်းပျင်းရိငြီးငွေ့မှုကို ဖယ်ရှားပစ်နိုင်၏။ မိုးလင်းကာလတွင် သံစဉ်တစ်မျိုးဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ရသည်။ ကောက်စိုက်ဆင်းချိန်တွင် ကောက်စိုက်သမတစ်သိုက် သီချင်းသီဆို၍ လုပ်အားကိုပြုကြ၏။ ချစ်အားပိုနေသောကိုလူပျိုက သူ့ရင်တွင်းမှ ခံစားမှုကို သိရှိစေရန် ဖိုသံပေးရန်အတွက် နှဲ၊ ပုလွေက ချစ်သူ၏နားဝဝယ် အသဲကြွေခိုက်အောင် ချွဲချွဲ၍ ပြုနိုင်စွမ်းရှိသည်။ ရိတ်သိမ်းချိန်ကျရောက်၍ ကောက်သစ်စားပွဲများ၊ စပါးစုပေါင်းရိတ်သိမ်းချွေလှေ့ချိန်များတွင် စုပေါင်းသီဆိုသောသီချင်းများက ခွန်အားကိုဖြစ်စေပါသည်။

သီဆိုရုံသာမက ကကြ၊ ဆိုကြ၊ ချိုသာစွာပြောဆို၊ နောက်ပြောင်၊ နှုတ်ဆက်ကြမှုသည် ကျေးလက် ပြည်သူတို့၏ဘဝ၊ ကျေးလက်ပြည်သူတို့၏အနုအလှဖြစ်သည်။





လူ့ဘဝတွင် ကင်ပွန်းတပ်ပွဲ၊ ရဟန်းခံရှင်ပြုပွဲ၊ အိမ်သစ်တက်ပွဲ၊ မင်္ဂလာပွဲအမျိုးမျိုးရှိရာ ထိုထိုသော ပွဲလမ်းသဘင်များတွင် လူတို့သည် ဆိုကြ၊ ကကြ၊ ပျော်ရွှင်ကြသည်။

လူများသည်စစ်ချီတက်ရာတွင်လည်း စစ်ချီသီချင်းများကို သီဆိုကြသည်။ စစ်ရေးစစ်ရာတို့တွင် စစ်ရေးခရာသံသည် ရဲစွမ်းသတ္တိများကိုပေးဆောင်နိုင်သည်။အနေဝေးနေသော ချစ်သူတို့အတွက် အနုပညာသည်သာ အားကိုးရာဖြစ်သည်။ အလွမ်းအဆွေးအတွက် ဖြေဆည်ရာဖြစ်သည်။

ဆွေသူ့မောင် အပူများကိုဖြင့်
မေရှုတောင် နေရထားတွင်မှ
ချွေစကားမှာလိုက်တယ်
ကြုံပါတွင်းကိုလ
နေမင်းထိန်ညိုညိုသို့
ချိန်ပဟိုရ်ချာန်ယာဉ်ပြောင်းပြန်တော့
ကြင်သူ့ထံမှာ ရန်ကြောင်း နှောင်းလေရဲ့ကွယ်
နဝရတ်ရည်ပတ်လည်စို့ပါလို့
ခြောက်ထပ်တည်နတ်ပြည်မြို့ဆီက
ကြည်ကြည်ပျို့ငွေလမယ်မှာ မယ်ပဲတင့်ရွှေကိုယ်
စန်းယုန်ပွင့်ရယ် လမ်းကြုံသင့်လျှင် ညာညာမယ်သို့
ချာချာလည် မောင်ဖြင့်ရှုးပြီလို့
တိမ်ဦးဝေယမ်စွန်းဆီက
တစ်ခွန်းသူကိုပြောလိုက်ပါ စန္ဒာရယ်
မောလှပြီမို့ . . .

အကယ်၍ အနုပညာဆိုသော ပညာရပ်သာမရှိခဲ့ပါက ချစ်သူကိုမှာ ရန်အကြောင်း နည်းလမ်း၊ နည်းလှမည် ဖြစ်သည်။

စာပေသည် အင်အားကြီးမားသော အနုပညာရပ်တစ်ခု ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စာပေဖြင့်လူတို့သည် ဘဝမှတ်တမ်းများ၊ ကဗျာလင်္ကာ၊ ဝတ္ထု ဆောင်းပါး၊ အဲချင်း ဧချင်း အိုင်ချင်း တို့ကို ရေးသားခဲ့ကြ၏။ စာပေဖြင့် နည်းကောင်း လမ်းပြခြင်း၊ ဖျောင်းဖျပြောဆိုခြင်းစသော အပြုသဘော ဆောင်သောကိစ္စအရပ်ရပ်ကို ဆောင်ရွက်နိုင်ခဲ့၏။

လူ့ဘဝခရီးလမ်း အနှစ်တစ်သန်းတွင် လူသည်ဟက်ဟက်ပက် ပက်ရယ်မောခြင်းကို လိုလားသည်။ ရှုန်းကန်နေရသောဘဝ၊ ပူဆွေး နေရသောဘဝတွင် ဝမ်းသာရယ်မောခြင်းသည် ရခဲသောအရာဖြစ်၏။ သို့သော် လူ့ဘဝတွင် အလွယ်နှင့်ရယ်မောနိုင်သောအခွင့်အလမ်းကို အနုပညာက လူသားအား ပေးအပ် ထားသည်။ လူသားသည် အနုပညာကြောင့် ဟက်ဟက်ပက်ပက်ရယ်မောပျော်ရွှင်မှုကို ရ၏။ လူရွှင်တော်များ ပျက်လုံးထုတ်ကြသည်ကိုကြည့်ရင်း 'ဒီလူရွှင်တော်တွေ လူပျက်ပျက်လို့ ရယ်ရတာ မေးတောင် ညောင်းသွားတယ်' ဟုဆို၏။ လူ့ဘဝတွင် အနုပညာကလွဲ၍ လူကိုဘယ်အရာက မေးညောင်း အောင်ရယ်စေနိုင်မှာနည်း။

ထင်းခွေရင်း၊ ရေခပ်ရင်း၊ ဖောင်စီးရင်း၊ လယ်ထွန်ရင်း၊ ကောက်ရိတ်ရင်း၊ ထမင်းချက်ရင်း၊ ဟင်းချက်ရင်း ဂီတကို အဖော် လုပ်၍ သီဆိုကြ၏။ လူအတွက် အနုပညာထက်ကောင်းသော မိတ်ဆွေ သည် ဘယ်မှာရှိမည်နည်း။ လူသားအတွက် အနုပညာသည် လိုအပ် သော မိတ်ဆွေဖြစ်သည်။

ရှေးယခင်ကပင် ပဒေသရာဇ်များ ဧကရာဇ်များသည် မိမိ တို့၏ နန်းတက်ပွဲတွင် မင်္ဂလာခရုသင်းကို မှုတ်သွင်း၏။ ထိုအရာသည် ကျက်သရေမင်္ဂလာဖြစ်၏။ အနုပညာက ကျက်သရေမင်္ဂလာကို ပေးအပ်သည်။ ဘုန်းကြီးပျံများတွင် အေးယဉ်ကျူးမှုပါဝင်သည်။ အသုဘအခမ်းအနားများတွင် ပါဝင်သော ဆိုင်းအဖွဲ့က ဘဝတစ်ပါး သို့ပြောင်းရွှေ့သွားသူအတွက် လွမ်းဆွေးတသအမှတ်ရဖွယ် ပြောဆိုပြ ကြ၏။ လူ့ဘဝတွင် အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်ရှိသည်မှ သေဆုံး သည်အထိ အနုပညာသည် လူနှင့် မကင်းမကွာရှိသည်။



အိုးလုပ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ပန်းပဲပြုလုပ်ခြင်း၊ ပန်းတဉ်း ပြုလုပ်ခြင်း၊ ပန်းထိမ်ပြုလုပ်ခြင်းစသည့် လက်မှုအနုပညာရပ်တို့သည် လူ့ဘဝနေ့စဉ်ကိစ္စရပ်များအတွက် လိုအပ်ချက်များကို ဖြည့်ပေးနေ၏။

လူသည် အလှတရားကို မက်မောသည်။ သဘာဝတရားတွင် အလှအပများရှိ၏။ သဘာဝတရား၏ အလှအပတို့သည် အလွန်မှ လှပသည်မှာမှန်၏။ သို့သော် သူ့ကိုလူသားတို့သည်အချိန်မရွေးမရနိုင်။ ပုဂံဆည်းဆာ အလှတရားကို ကြည့်ရှုလိုသော လူတသိုက်သည် ဧရာဝတီမြစ်ကမ်းမှ စောင့်စား၍နေကြ၏။ တစ်နာရီ နှစ်နာရီကြာ၍ စောင့်နေကြ၏။ တစ်ရက်နှစ်ရက်စောင့်ကြရ၏။ အချို့တစ်ရာသီ နှစ်ရာသီ စောင့်ကြရသည်။ ဧရာဝတီ၏ညနေဆည်းဆာ၊ ပုဂံ၏ ညနေ ဆည်းဆာကို ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဤနေရာတွင် အမှန် ကြည့်ရမည်။ သူရိန်နေမင်းသည် မိုးကုတ်စက်ဝိုင်းအတွင်းသို့ ဤနေရာ မှပင် ဝင်ရောက် ရမည်ဖြစ်သည်။ ဒါကဖြစ်ရိုးဖြစ်စဉ်ဖြစ်၏။ သို့သော် ထိုနေ့က တိမ်လိပ်တွေ တက်လာသောကြောင့် စောင့်နေသူတို့ နေဝင် ဆည်းဆာကိုမမြင်လိုက်ရ။ ထို့ကြောင့် သဘာဝတရား၏ အလှသည် လူများနှင့် အချိန်းအချက်ပြုထား၍မရ။ မတော်တဆကြုံကြိုက်သော အခါတွင်မှ ခံစားရ၏။ အနုပညာ၏အလှကို လူသည်တိကျစွာချိန်းဆို၍ ခံစားနိုင်၏။ မည်သည့်ပန်းချီပြပွဲ ဘယ်မှာရှိသည်။ မည်သည့် ဇာတ် အငြိမ့် ရုပ်သေးသဘင်ဘယ်မှာကမည်။ မည်သည့်ရုပ်ရှင် ဇာတ်ကား ဘယ်ရုံမှာတင်မည်။ မည်သည့်ဇာတ်လမ်းတွဲ ဘယ်အချိန် တီဗွီကလာ မည်ကို ကြိုတင်၍သိထားကြသည်။ အနုပညာသည် မှန်ကန်စွာ အချိန်း အချက်ပြုနိုင်၏။

သဘာဝတရားကပေးသော ရသသည် တခါတရံအလွန်မှ ကြမ်းတမ်း၏။ ကက်ထရီနာဟာရီကိန်း မုန်တိုင်းကြောင့် အမေရိကန် ပြည်ထောင်စုရှိ နယူးအော်လိန်းမြို့ကြီးသည် ပျက်ကိန်းဆိုက်သွားရ၏။ ထိုမုန်တိုင်းကြောင့် လူများအိုးအိမ်များကို စွန့်ခဲ့ကြရ၏။ သေကြ



www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးမှုများရှိသည်။ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် လှုပ်ခဲ့သော မြေငလျင်ကြောင့် လူအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရုံသာမက သေကြေ ပျက်စီးခြင်း၊ မိတကွဲ ဖတကွဲဖြစ်ခြင်း၊ စားစရာ နေစရာ ဝတ်စရာမရှိတော့ခြင်းစသည်ဖြင့် ပြင်းထန်စွာ ခံစားရ၏။ အနုပညာသည် ခံစားမှုကို ဖန်တီးလုပ်ဆောင်သော်လည်း သဘာဝတရားကဲ့သို့ မဟုတ် အတုလုပ် ခံစားခြင်းဖြစ်၍ ခံစားရမှုကိုသက်သာစေသည်။ အနုပညာမှရသော ခံစားမှုသည် သဘာဝတရားကြောင့် ခံစားရသလို ပြင်းထန်မှုမရှိ။ စောင်ခေါက်ကလေးကို ကလေးအဖြစ်ပုခက်တွင် ထည့်၍ ကလေးချော့ သီချင်းကိုသီဆိုပြနေရာ ပရိသတ်က သူတို့အား ချော့သိပ်နေသလိုခံစားကြရပါသည်။

၂၁ ရာစုသို့ ရောက်ရှိလာလေလေ ကမ္ဘာကြီးတိုးတက်ခေတ်မီလာ၍ အစစအရာရာဘက်စုံပို၍ တိုးတက်လာလေ လူတို့၏ ဘဝတွင် အနုပညာလိုအပ်ချက်ပိုမိုများလာလေဖြစ်သည်။

ယခုအခါ လူသားသည် အနုပညာနှင့်ကင်း၍ မရတော့။ လူ့ဘဝနှင့် အနုပညာစာချုပ်၍ ညားကြပြီးဖြစ်၏။

လူ၏နေ့စဉ်ဘဝသည်ပင်လျှင် အချိန်နှင့်အမျှ အနုပညာပါဝင်နေသည်။ နံနက်စာစားဖို့ အခင်းအကျင်း၌ပင် အနုပညာပါသည်။ စားပွဲခင်း၏ အလှအပ၊ လက်ဖက်ရည်ထည့်သော အိုး ပန်းကန်ဇွန်းတို့၏ အလှတည်ခင်းပြင်ဆင်ထားသော ကော်ဖီ လက်ဖက်ရည်များ၏ အခင်းအကျင်းသည် လူ့တန်ဖိုးကို ပို၍တက်စေ၏။ ဧည့်ခန်းတွင် ချိတ်ထားသောပန်းချီကားတစ်ချပ်ကလည်း နှစ်သိမ့်ကျေနပ်မှုကို ပေး၏။ စိတ်သက်သာ စိတ်ချမ်းသာမှုကို ဖြစ်စေသည်။ ရေဒီယို၊ တီဗွီမှ လာသောနံနက်ချိန်ခါ တေးသံသာက တစ်နေ့လုံးအတွက် စိတ်အေးချမ်းသာမှုကို ပေး၏။ ရုံးသို့အသွားလူသားတို့ တည်ဆောက်ထားသော အိမ်ရာများ တိုက်တာအဆောက်အအုံများ ဟိုတယ်များ ရုံးအဆောက်အအုံများကို ယခုအခါ လူတို့သည် နေဖြစ်ရုံ မဆောက်ကြတော့။





ဗိသုကာအနုပညာလက်ရာများနှင့် ဖန်တီးတည်ဆောက်ထားလေရာ ထိုသို့လှပခန့်ညားသော အဆောက်အဦတွင် ရုံးခန်းဖွင့်လှစ်ကာ မိမိ၏နေ့စဉ်အလုပ်ဝတ္တရားများကို လုပ်ဆောင်နေရသော လူသားသည် ဂုဏ်တွေဝင့် မာန်တွေဝင့်နိုင်ခြင်းသည် အနုပညာ၏ ကျေးဇူး၊ ပညာ၏ သတ္တိဖြစ်၏။

ဖြောင့်ဖြူးနေသောလမ်းများ၊ လှပသော ၂၁ ရာစုမြို့ပြအခင်းအကျင်းများသည် လူသားတို့၏ အနုပညာလက်ရာများဖြစ်ပါသည်။ မိခင်၏ တေးချော့သီချင်းမှစ၍ အသုဘအခမ်းအနားငိုချင်းရှည်ကြီးတိုင် လူသားတို့နှင့် အတူရှိသောအရာသည် အနုပညာသာဖြစ်၏။

အနုပညာသည် လူသားတို့အား အလွန်တရာလှပသော ခံစားမှုကို ပေးရုံသာမက အနုပညာသည် အသုံးဝင်သော လူသားတို့၏ အဖော်မွန်လည်းဖြစ်သည်။ အနုပညာသည် လူသားတို့အား နေ့စဉ် အလှတရား ကိုပေးအပ်နေသည်။ လူ့လောက လူဘုံ လူ့ဘဝသာယာ တိုးတက်လှပဘို့အတွက် အနုပညာက ဖန်တီးပေးသည်။

လူသားတို့၏နောက်ကာလ ဘဝခရီးလမ်းအနှစ်တစ်သန်းအတွက် အနုပညာသည် လူသားတို့အပေါ် သစ္စာတရားလက်ကိုင်ထားသော အဖော်မွန် အဖော်ကောင်းအဖြစ် ဆက်လက်တည်ရှိနေဦးမည်ဖြစ်ပါ၏။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၇)

# ရသပညာ

ကျွန်တော်တို့သည် မြန်မာ့အနုပညာဆိုသော စကားရပ်ကို ဆွေးနွေးခဲ့ကြသည်။ မြန်မာ့အနုပညာဆိုသည် မြန်မာရေ၊ မြန်မာမြေပေါ်တွင် တိုင်းရင်းသားပြည်သူအပေါင်းတို့ သမိုင်းအစဉ်အလာတီထွင်ဖန်တီးခံစားခဲ့သော အနုပညာအရပ်ရပ်ကို ဆိုလိုသည်။

အနုပညာဆိုသည်မှာ လူသားတို့သည် မိမိဖြတ်သန်း လျှောက်လှမ်းခဲ့သည့် လူ့ဘဝခရီးလမ်းအနှစ် တစ်သန်းတွင် စိတ်ဘဝလိုအပ်ချက်အရလည်းကောင်း၊ ရုပ်ဘဝလိုအပ်ချက်အရလည်းကောင်း၊ သဘာဝတရားကိုတုပ၍ နူးနယ်လှပစွာ လူ့ဘောင်ဘဝ အေးချမ်းသာယာဖွံ့ဖြိုးစည်ပင်ဘို့အတွက် လူသားတို့မိမိတို့ ကိုယ်တိုင်တီထွင်ဖန်တီးခံစားခဲ့သော နူတ်မှု လက်မှု၊ လုပ်ရှားမှု ထုလုပ်ဖန်တီးမှု၊ ရေးဆွဲဖန်တီးမှု၊ ရေးသားဖန်တီးမှု၊ မျှတညီညွှတ်စွာဖန်တီးမှုတို့မှ ရရှိသောအလှတရားဆိုင်ရာ ပညာအရပ်ရပ်ကို အနုပညာဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အနုပညာ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုရာတွင် -

- အနုပညာသည် လူကသူ့ဟာသူ တီထွင်ဖန်တီး ခံစားသောပညာရပ်ဖြစ်၏။ အနုပညာသည် လူနှင့်သာဆိုင်သည်။
- လူသည်အနုပညာကို သဘာဝတရားကို အခြေခံ၍ ဖန်တီးတုပပြုလုပ်ခြင်းဖြစ်၏။
- အနုပညာရှင် လူသားသည်သူ့ဘဝခရီးလမ်း အနှစ်တသန်းတွင် စိတ်လိုအပ်ချက်နှင့် ရုပ်လိုအပ် ချက်တို့အရ အနုပညာရပ်တို့ကို တီထွင်ခံစားခဲ့ခြင်းဖြစ်သည်။
- အနုပညာဟူသည် လူကသူ၏ခံစားမှု ယုံကြည်မှုကို သူခံစားသလို သူတစ်ပါးခံစားအောင် ဥပမာ ဥပစာတို့ဖြင့် တန်ဆာဆင်ဖန်တီးသော ပညာရပ်ဖြစ်၏။
- လူတို့တီထွင်ခံစားသော အနုပညာသည် ကြမ်းတမ်းခက်ထန်မှုမရှိ နူးနယ်သိမ်မွေ့စွာ ဖန်တီးသောပညာဖြစ်၏။
- အနုပညာဖန်တီးမှုတွင် လူ၏သိစေလိုသောစေတနာ အသုံးဝင်စေလိုသော စေတနာ ခံစားစေ လိုသော စေတနာပါရှိသည်။
- အနုပညာဖန်တီးမှုသည် အလှတရားနှင့် အမှန်တရားပေါ်တွင် အခြေခံသည်။ အလှတရားနှင့် သိမ်မွေ့နူးနယ်မှုသည် အနုပညာ၏ ကိုယ်ပိုင်အရည်အသွေးတို့သာ ဖြစ်သည်။
- အမှန်တရားသည် အနုပညာ၏ အသည်းနှလုံးဖြစ်၏။
- အနုပညာသည် သဘာဝတရားကို တုပခံစားတီထွင်သော ပညာဖြစ်သောကြောင့် အနုပညာ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တွင် အယုတ်တရားတို့မပါဝင်။





- အနုပညာသည် ခံစားမှုပါဝင်၍ စိတ်ကူးစိတ်သန်းနှင့်မကင်း။
- အနုပညာသည် ချဲ့ထွင်တတ်သောသဘောရှိသည်။ သူသည်လောကကိုလည်းကောင်း သံသရာကိုလည်း ချဲ့ထွင်နိုင်သည်။
- အနုပညာသည် ဖန်တီးသူနှင့် ခံစားသူတို့ကို ဆက်စပ်ပေးမှုပစ္စည်းဖြစ်၏။
- မကောင်းမှုဒုစရိုက်ကို ရည်ညွှန်းဖန်တီးသော လုပ်ရပ်သည် မည်မျှသိမ်မွေ့နူးနယ်လှပခြင်းနှင့် အသုံးဝင်မှုပါစေကာမူ ထိုအရာသည် အနုပညာမဟုတ်။
- အနုပညာတွင် အမှန်တရားနှင့် အလှတရားတို့ ပေါင်းစည်းညီညွတ်မှုနှင့် တွေးခေါ်မြော်မြင်မှုပါရှိသည်။
- ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်နေစိတ်ထားနှင့် ဝတ်စားဆင်ယင်မှု မွမ်းမံနေထိုင်မှု ယဉ်ကျေး သိမ်မွေ့ခြင်းသည် အနုပညာမည်ပါသည်။

ကျွန်တော်တို့သည် အနုပညာ၏ ကြီးကျယ်သော အရည်အသွေးဖြစ်သည့် ရသပညာကို ဆက်လက်ဆွေးနွေးနေကြမည် ဖြစ်ပါသည်။

- ရသဆိုတာဘာလဲ မေးနိုင်၏။

**အနုပညာစွမ်းပကားကို**
**ပိုမိုထက်မြက်အောင် သိဒ္ဓိတင်သော**
**ပညာသည် ရသပညာဖြစ်၏။**

- ရသပညာဆိုသည်မှာ အနုပညာကို အရသာ ပေါ်ထွက်လာအောင် မီးထိုးပေးသော ပညာရပ်ကို ရသပညာဟုခေါ်သည်။ ရသပညာသည် အနုပညာခံစားသူများကို လက်ခုပ်လက်ဝါးတီး ဟားတိုက်ရယ်မောအောင်၊



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဖြိုင်ဖြိုင်ကျအောင် ငှက်မွေးပမာ နူးညံ့သိမ်မွေ့အောင် ဖန်တီးနိုင်သော တန်ခိုးရှင်ကြီးဖြစ်သည်။

- ရသပညာဟူသည် အနုပညာရပ်၏ စေတနာသုံးရပ်ဖြစ်သော သိစေလိုသောစေတနာ၊ အသုံးဝင်စေလိုသောစေတနာ၊ ခံစားစေလိုသောစေတနာဖြစ်သည့် သုံးတန်သော စေတနာကို ပိုမိုထက်သန်လာအောင် မီးထိုးပေးသောပညာဖြစ်၏။
- မြန်မာ့ရသပညာသည် ခံစားမှုသက်သက်မဟုတ်။ အနုပညာခံစားသူတို့ ညီညွတ်ဖို့ အေးချမ်းဖို့ ဖွံ့ဖြိုးအောင် ကြိုးပမ်း ဆောင်ရွက်ဖို့ရည်ရွယ်ချက်ပါသည်။

ရသပညာသည် ကျယ်ပြန့်နက်ရှိုင်းသော ပညာရပ်ဖြစ်၏။ ရသသည် အနုပညာထက် ပို၍ သြဇာကြီးမားသည်။ အနုပညာသည် ရသပညာထက်စောစီးစွာ ပေါ်ပေါက်ခဲ့သော်လည်း ရသပညာက အနုပညာထက်ပို၍ သြဇာကြီးမား၏။ ရသဟူသည် အနုပညာကို အရောင်တောက်အောင် ဖန်တီးမှုပြုသော မျက်လှည့်ဝိဇ္ဇာကြီးလည်းဖြစ်၏။ အနုပညာဟူသည် အရှေ့နိဂုံးရွာမှ သိရိဝဍ္ဎနသူဌေးကြီးဖြစ်၍ ရသသည် မိတ္ထီလာပြည်ကြီးက ပညာရှိ မဟော်သဓာသတို့သားဖြစ်၏။

ရသဆိုသောစကား၏ အနက်အဓိပ္ပါယ်သည် အရသာပင်ဖြစ်၏။

တကယ်တော့ လူ့ခန္ဓာကိုယ်ကြီးသည် အရသာတုန်းကြီးဟု ခေါ်ဆိုနိုင်၏။

လူ၏ခန္ဓာကိုယ်တွင် ပါဝင်သော မျက်စိ၊ နား၊ လျှာ၊ နှာခေါင်း၊ အထိအတွေ့နှင့် စိတ်တွင် ခံစားရမှုတို့ကြောင့် မျက်စိအရသာ၊ နားအရသာ၊ လျှာအရသာ၊ နှာခေါင်းအရသာ၊ အထိအတွေ့အရသာ စိတ်ခံစားမှု၊ အရသာများရှိနေ၏။





မျက်စိဖြင့်ကြည့်၍ လှသည်ဟူ၍လည်းကောင်း၊ အရုပ်ဆိုးသည်ဟူ၍လည်းကောင်း၊ ကြောက်စရာကောင်းသည် ရယ်စရာကောင်းသည်ဟုလည်းကောင်း၊ ဖြစ်ရခြင်းကြောင့် အမြင်အရသာကို ရ၏။

နားတွင်အသံတစ်ခုကို ကြားရသောအခါ အသံသာယာသည်ဟူ၍လည်းကောင်း၊ အသံသည် ဆူညံသည်ဟူ၍လည်းကောင်း၊ ခံစားရသောအရာသည် အသံအရသာဖြစ်၏။

လျှာဖြင့် ချိုသည်၊ ချဉ်သည်၊ ငန်သည်၊ ဖန်သည်၊ ခါးသည် စသည်ဖြင့် ခံစားရမှုသည် လျှာအရသာ ဖြစ်သည်။ တဖန်နှာခေါင်းဖြင့် မွှေးသည်၊ နံသည် စသည်ဖြင့် ခံစားရသော အရသာသည် အနံ့အရသာ ဖြစ်သည်။ လူသည်သူ၏ အရေပြားနှင့် ထိတွေ့ရာမှ နူးညံ့သည် မာကြောသည်စသည်ဖြင့် ခံစားရသော အရသာသည် အထိအတွေ့အရသာဖြစ်သည်။ လူလူချင်းဆက်ဆံပေါင်းသင်းရာမှ စိတ်ထဲတွင် မုန်းခြင်း၊ ချစ်ခြင်း၊ ကြောက်ခြင်း၊ တပ်မက်ခြင်း၊ စသည်ဖြင့် စိတ်၌ဖြစ်ပေါ်လာရသော အရသာတို့သည် စိတ်အရသာဖြစ်၏။ စိတ်ထဲတွင် မိန်းကလေးတစ်ယောက်ကို မြင်တွေ့ရသောကြောင့် တပ်မက် ချစ်ခင်သော အာရုံခံစားမှုဖြစ်ပေါ်လာမှုသည် စိတ်အရသာပင်ဖြစ်သည်။

ဖော်ပြပါရုပ်ခန္ဓာတွင် ဖြစ်ပေါ်လျက်ရှိသော ထိုအရသာများအားလုံးသည် အနုပညာတရပ်ရပ်ကြောင့် ဖြစ်ပေါ်လာသော အရသာမဟုတ်။ ထိုကြောင့် ယင်းအရသာတို့ကို အနုရသဟုမခေါ်။ အနုပညာတရပ်ကိုမှီ၍ ဖြစ်ပေါ်သောရသကိုမှ အနုရသဟုခေါ်၏။ အနုရသဖြစ်ပေါ်လာအောင် ဖန်တီးသောပညာကို ရသပညာဟုခေါ်သည်။

အနုပညာတရပ်ရပ်ကြောင့် မဟုတ်သောအရသာကို အနုရသဟုမခေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အာရုံခြောက်ပါးကြောင့် ဖြစ်ပေါ်လာသော ရသများသည် ရသကြမ်းကြီးများဖြစ်သည်။ အခြားရသများ၊ အရသာများလည်း ရှိသေး၏။ ယင်းတို့မှာ

၁။ သဘာဝကြောင့်ဖြစ်ပေါ်ခံစားရသော ရသများနှင့်

၂။ လူတို့၏ ပယောဂကြောင့် ခံစားရသော ရသများ ဖြစ်သည်။ ယင်းတို့ကို သဘာဝရသနှင့် ပယောဂရသဟု ခေါ်နိုင်၏။

**သဘာဝရသ**

သဘာဝရသဆိုသည်မှာ လူ့ဘဝခရီးလမ်း အနှစ်တစ်သန်းတွင် သဘာဝကြောင့် လူတို့တွေ့ထိခံစားရသော ရသများပါဝင်၏။ သဘာဝရသတွင် သဘာဝကြောင့် ဖြစ်သည့် ကြည်နူးမှု သာယာမှုများပါဝင်၏။ နေဝင်ဆည်းဆာလေးကိုကြည့်ရှုခံစားရသော အရသာ၊ နေထွက်ချိန် ငှက်ကလေးများ စိုးစိ စိုးစိအော်မည်နေသည်ကို ခံစားနေရသောအရသာ၊ သဘာဝ တောတောင်ရေမြေ ပတ်ဝန်းကျင်မှ မျက်စေ့ဖြင့်မြင်၍ ခံစားရသောအရသာ၊ နားကြား၍ခံစားရသော အရသာ၊ မိုးတွေသည်းထန်စွာ ရွာသွန်း သောကြောင့် ရေများတိုးလာသဖြင့်ပင် လယ်ကမ်းစပ်တွင် ဖခင်အလုပ်မှ ပြန်လာမည်ကို စောင့်နေရှာသော သမီးပျို၏ရင်ထဲမှ ကြောက်ရွံ့ခံစားရသော မနောဝေဒနာစသည်တို့သည် သဘာဝရသတို့ဖြစ်ပါ၏။ ယင်းတို့သည် အနုရသမဟုတ်။ အရသာဖြစ်ပေါ်တိုင်း အနုရသမမည်။

လူသည်ငလျင်ဘေး၊ ရေဘေး၊ လေဘေး၊ မီးဘေးစသည့် အန္တရာယ်များကိုလည်း ကြုံတွေ့ရ၏။ ဘေးဆိုးကြီးများကို ကြုံတွေ့ရခြင်းဖြစ်သည်။ တစ်ခါတစ်ရံ လူသည် ရောဂါဘယဘေး၊ စားနပ်ရိက္ခာရှားပါးသည့်ဘေး၊ ချစ်သောသူနှင့် ကွေကွင်းရခြင်းအပြင်၊ သေခြင်း နာခြင်း အိုခြင်းအစရှိသော တရားများနှင့် ကြုံတွေ့ရသည်များလည်း ရှိ၏။





ထိုကာလများတွင် လူ၏ရုပ်အာရုံ၊ စိတ်အာရုံတို့တွင် ကြောက်ရွံ့ခြင်း၊ ဆင်းရဲခြင်း၊ ထိတ်လန့်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ ပင်ပန်းဆင်းရဲခြင်း၊ ဒေါသထွက်ခြင်း၊ ငြိမ်းအေးမှုမရခြင်း အစရှိသော အရသာများကို ခံစားရ၏။ ထိုအရသာများသည် သဘာဝရသဖြစ်၏။ အနုရသမဟုတ်။

လူသည် ရာသီဥတုကောင်းမွန်ခြင်း သီးနှံများပိုမိုထွက်ခြင်း စစ်ဘေးစစ်ဒဏ်မှ ကင်းလွတ်ခြင်း စသည့်အခါများတွင်လည်း ဝမ်းသာခြင်း ဝမ်းမြောက်ခြင်းစသည့်အရသာများသည်လည်း သဘာဝတရားကြောင့်ဖြစ်ရသောကြောင့် ယင်းတို့ကို သဘာဝရသဟုခေါ်ပါ၏။

**ပယောဂရသ**

ပယောဂရသဟူသည် သဘာဝတရားကြောင့် မဟုတ်ဘဲ လူလူချင်း လောဘ ဒေါသ မောဟ မာန်မာနတရားများကြောင့် ဖြစ်ပွားသည့် စစ်ပွဲကြီးများ၊ သတ်ဖြတ်မှုများ၊ မငြိမ်းချမ်းမှုများ ခြိမ်းခြောက်ခံရမှုများတွေးတော ပူပန်ရမှုများကြောင့် ဖြစ်ပေါ်လာသော ခံစားမှုများသည် ပယောဂ ရသများ ဖြစ်၏။ လူတွင်ဒေါသ မောဟ မာန်မာနမျှသာရှိသည်မဟုတ်။ မေတ္တာ ဂရုဏာ မုဒိတာ ဥပက္ခာ သစ္စာ သမာဓိအစရှိသော တရား များလည်းရှိရာ ယင်းမေတ္တာ ဂရုဏာတရားများကြောင့်လည်း ခံစားရသော ပီတိရသများရှိပါ၏။ ယင်းရသ တို့သည် လူတို့၏ ပယောဂကြောင့် ရရှိသော အရသာများဖြစ်၍ ယင်းတို့ကို ပယောဂရသဟု ခေါ်၏။

သဘာဝကြောင့်လည်းကောင်း၊ ပယောဂကြောင့်လည်း အဖြစ်အပျက်များနှင့် ကြုံတွေ့ရသောအခါ ဖြစ်ပေါ်လာသော ရသတို့ အနုရသဟုမခေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## တိုက်ရိုက်ခံစားဖြစ်ပေါ်သော ရသများ

မိမိကိုယ်တိုင် စစ်ပွဲကြီးတစ်ပွဲတွင် ပါဝင်နေရ၏။ ထိုအခါ မိမိမျက်စေ့နှင့် သေဆုံးနေသည်များကို မြင်ရသည်။ လူတွေတစ်ယောက်ပြီး တစ်ယောက် သေနေသည်ကို တွေ့ရ၍ ခံစားရသော် အလွန်ထိတ်လန့် စရာကောင်းသော မြင်ကွင်းသည် အနုရသမဟုတ်။ မျက်စေ့ဆိုသော ရုပ်နှင့် တကယ်သေနေသော မြင်ကွင်းကို ကြုံတွေ့ခံစားရမှုဖြစ်၏။ ထိုအရာသည် ရသတော့ရသဖြစ်၏။ သို့သော် အနုပညာရသမဟုတ်။ ကျွန်တော်တို့ ဆွေးနွေးမည့်အရာသည် အနုရသဖြစ်၏။

သဘာဝရသနှင့် ပယောဂရသတို့သည် ကြမ်းသည်။ ပြင်းထန်သောသဘောရှိ၏။ မိဘနှစ်ပါးဆုံးပါး ကွယ်လွန်သောအခါ သားသမီးတို့ ဆုံးပါးကွယ်လွန်သောအခါ အလောင်းအားတကယ်ပွေ့ထားရသောအခါ ခံစားရသော် ခံစားရမှုများသည် မခံနိုင်လောက်အောင် ပြင်းထန်၏။ မိမိချစ်ခင်မြတ်နိုးသူတို့သေသည်ကို ကိုယ်တိုင်သင်္ဂြိုလ်ရသော ခံစားမှုသည် ပြင်းထန်သော ဘဝရသဖြစ်၏။

တဖန် သံပရာသီးကို မိမိလျှာပေါ်တင်လိုက်သောအခါ ခံစားရသော အချဉ်ရသာ၊ သကြားကို မိမိလျှာပေါ်တင်လိုက်သောအခါ ကြုံလိုက်ရသည့် အချိုရသာ၊ ပူလောင်သောရေနွေးကို လျှာပေါ်လောင်းချလိုက်သောအခါ ခံစားရသည့် အပူလောင်ခြင်း အရသာတို့သည်လည်း ပြင်းထန်သော သဘာဝရသများ ဖြစ်ပါ၏။

ဟိုတယ်ကြီး တစ်ခုတွင် ချိုချဉ်၊ ဖန်ခါး၊ အစပ်၊ အငန်ရသာစုံစား၍ကောင်းအောင် ဖန်တီးထားသော ထမင်းပွဲကို ဖန်တီးချက်၍ စားရသော ရသသည် လည်း တိုက်ရိုက်ရသသာလျှင်ဖြစ်ပါ၏။

အလားတူနားနှင့် တိုက်ရိုက်ကြားရသော မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများကြောင့်ဖြစ်လာရသည့် ရသ၊ နှာခေါင်း၌ တိုက်ရိုက်အနံ့ရရှိသော ပုတ်နံ့၊ ညှော်နံ့၊ ရေမွှေးနံ့စသည့် အနံ့အရသာများသည်လည်း ဒါရိုက်အနံ့များဖြစ်၍ အနုရသမမြောက်ပါ။





ငယ်ရွယ်သည့် ချစ်သူနှစ်ဦး ပွေ့ဖက်၍ ဖြစ်ပေါ်လာသော ပီတိဖြစ်မှု ပါးလေးများ နှုတ်ခမ်းလေးများကို နမ်းရှုံ့၍ ဖြစ်ပေါ်လာသော ရသ၊ အကြင်ယောကျ်ားနှင့် အကြင်မိန်းမတို့ မေထုန်မှိုဝဲရာမှ ဖြစ်ပေါ်လာသော ရသတို့သည်လည်း တိုက်ရိုက်ရသများဖြစ်၏။ ရုပ်နှင့်ရုပ် တိုက်ရိုက်ထိတွေ့ဖြစ်ပေါ်သော ရသများဖြစ်၍ အနုရသမမည်ပေ။ ကျွန်တော်တို့ ဤစာအုပ်ငယ်ဖြင့် တင်ပြလိုသော ရသမှာ အနုရသဖြစ်သည်။ လက်မှုအနုပညာတရပ်ကို ကြည့်ရှု၍သော်လည်းကောင်း၊ အနုပညာတစ်ရပ်၏ ဖျော်ဖြေမှုကိုကြည့်၍သော်လည်းကောင်း၊ စိတ်တွင်ဖြစ်ပေါ်လာရသော အရသာကိုမှ အနုရသဟု ခေါ်ပါ၏။

ထို့အတူ အတီးအမှုတ် အက အခုန် အဆို အငို အပြောတို့ကို ပြဇာတ်၊ ကဇာတ်၊ သဘင်ပွဲခံ၍ ကပြကြရာတွင် ကြည့်ရှုသူသည် ကပြသူဖန်တီးလိုက်သည့်အတိုင်း မျက်စေ့ဖြင့်မြင်ရသောအခါ နားဖြင့်ကြားရသောအခါ ဖြစ်ပေါ်လာသော ရသသည် အနုရသဖြစ်ပါ၏။ မြန်မာ့အနုပညာရပ်များကို ကြည့်ရှု ခံစားရင်း ဖြစ်ပေါ်သော ရသကို **မြန်မာ့အနုပညာရသ**ဟု ခေါ်နိုင်၏။ တရုတ်ကလည်း သူ၏တေးဂီတများသီဆို၍ ကပြသည်။ ထိုအခါ တရုတ်အမျိုးသားတို့ ကြည့်ရှုခံစားရပါက တရုတ်အနုပညာရသကို ရရှိပါ၏။ ယိုးဒယား၊ မလေးရှား၊ ဂျပန်၊ အင်္ဂလိပ်၊ ပြင်သစ်တို့သည်လည်း ထိုနည်းနှင်နှင်ဖြစ်ပါ၏။

စာပေဖြင့်ဖွဲ့နွဲ့သီဆိုမှု၊ စာပေဖြင့် ဆုံးမရေးသားမှုတို့သည် သနားစရာ၊ ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ စိတ်ဓါတ်တက်ကြွစရာဖြစ်လျှင် ယင်းကိုစာပေအနုရသဟု ခေါ်နိုင်ပါသည်။ အလှဖန်တီးမှုများကိုကြည့်၍ စိတ်ကြည်နူးသွားမှု၊ လှုပ်ရှားသွားမှု၊ ခံစားသွားရမှု၊ စိတ်ကိုရိုက်ခတ်သွားမှု တစ်ခုခုသည် အနုအလှရသပင် ဖြစ်ပါ၏။

အနုရသသည် စိတ်ခံစားမှုကဲ၏။ မြန်မာတို့၏ အနုပညာရပ်များကြောင့် ရင်ထဲခံစားလှုပ်ရှားမှု ပေါ်ပေါက်လာအောင် ပြုနိုင်စွမ်းကို မြန်မာအနုရသပညာဟုခေါ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ရသဟူသည် အနုပညာ၏ ပိုမိုထက်မြက်မှုဖြစ်၏။

**<u>ဓမ္မရသ</u>**

လူ့လောကတွင် ဓမ္မရသလည်းရှိ၏။ ဓမ္မရသသည် ဤစာအုပ်ဖြင့် တင်ပြနေသော ရသများနှင့် လုံးလုံးမပတ်သက်သော တရားဓမ္မလမ်းစဉ်များကို ကျင့်ကြံအားထုတ်ရာမှ ရရှိသော လောကုတ္တရာအရသာဖြစ်၏။ ယင်းကိုသန္တရသဟုလည်းခေါ်၏။ သန္တရသကို တရားဓမ္မကျင့်ကြံကုန်ကြသော အဆင့်တစ်ဆင့်သို့ ရောက်ရှိသောအခါ ရရှိသောရသဖြစ်၏။ ထိုရသသည် ကိုယ်တိုင်ကျင့်ကြံပြီးမှသာရရှိ၏။ ထိုရသကို မကျင့်ဘဲ မဆိုက်ရောက်နိုင်။ သန္တရသသည် ငြိမ်းချမ်းခြင်းသဘော လက္ခဏာဖြစ်၏။ ဓမ္မရသတွင် နောက်ဇစ်မျိုးဖြစ်သော အရူတိဟုခေါ်သော တည်ငြိမ်သောရသဖြစ်သည်။ ထိုရသတို့သည် အထွတ်အထိတ်ဆိုသော ရသများဖြစ်၍ ယင်းတို့ကို ကိုယ်တိုင်ကျင့်ကြံခြင်းဖြင့်သာရနိုင်၏။

ရသနှင့် ပတ်သက်၍ အာဠာဝကဘီလူးကမြတ်စွာဘုရားအား လောကတွင် ဘယ်အရသာသည် အချိုမြိန်ဆုံးပါလဲဟုမေးကြရာ မြတ်စွာဘုရားက

သစ္စံ ဟဝေ သာဒုတရံ ရသာနံ
မှန်သော သစ္စာ စကားသည်သာ အချိုမြိန်ဆုံး
အရသာ အရှိဆုံး

ဟုဆိုပါသည်။

□□□□□□



အခန်း (၂၈)

## အနုရသပညာရှင်ကြီးများအမြင်

၂၀၀၄-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် သောကြာနေ့ ၀၉း၀၀ နာရီက အမျိုးသားဇာတ်ရုံတွင် ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူးကျင်းပ ပြုလုပ်သော ယဉ်ကျေးမှုတက္ကသိုလ်များအတွက် အထူးပြုရည်ညွှန်းသည့် ယဉ်ကျေးမှုစာတမ်းဖတ်ပွဲ အခမ်းအနားတွင် ကျွန်တော်သည် ဂီတနှင့်သဘင်ဆိုင်ရာ မြန်မာရသ ပညာနောက်ခံသမိုင်းစာတမ်းကိုပါဝင် ဖတ်ကြားခဲ့၍ ဆရာပါရဂူ၊ ဆရာမောင်အုံ့ (မဟာဝိဇ္ဇာဘုံဘော)၊ ဆရာချစ်ဦးညို၊ ဆရာနန္ဒာသိန်းဇံ၊ ဆရာဦးမင်းနိုင်၊ ဆရာဦးမြင့်စံ၊ ဆရာဂီတလုလင်မောင်ကိုကို၊ ဆရာ ဗိုလ်ကလေးတင့်အောင် အစရှိသော ပညာရှင်ကြီးများကလည်း ရသဆိုင်ရာ စာတမ်းအသီးသီးကို တင်သွင်းဖတ်ကြားခဲ့ကြသည်။

ယင်းစာတမ်းဖတ်ပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က စာတမ်းဖတ်ပွဲ အဖွင့်အမှာစကားတရပ် ပြောကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးသည် ယဉ်ကျေးမှုအနုပညာဆိုင်ရာနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ယောက်ဖြစ်သလို စာရေးဆရာတစ်ဦး၊ အနုပညာရပ်များကို ဖန်တီးသူအနုပညာရှင်တစ်ဦးဖြစ်ပါသည်။ အမှာစကားပြောကြားရာတွင် ဝန်ကြီးက

"ရသရဲ့သဘောကို ပြောကြားတဲ့အခါမှာ အင်မတန်မှ ကျယ်ဝန်းသလောက် အင်မတန်မှလည်း များပြား ပါတယ်။ အဲဒီလောက်များပြားတဲ့ ကျယ်ဝန်းနေတဲ့ရသပညာနယ်ပယ်ကြီးမှာ ကျွန်တော်ဟာ စတန်းပွိုင့် Stand point ရှုရပ်တစ်နေရာကနေပြီး ကိုယ်ချဉ်းကပ်မိတဲ့ဘက်က ကျွန်တော့်အမြင်ကို တင်ပြသွားမှာဖြစ်ပါတယ်"

ဟု အမိန့်ရှိကာ ရသကိုအပိုင်းနှစ်ပိုင်းခွဲခြားတင်ပြရာတွင် ပထမပိုင်းရသမှာ ဓမ္မသဘောမရောက်မီ အာရုံနှင့် ဝတ္ထုကာမတွေ့ဆုံပေါ်ပေါက်လာသော လောကရသ၊ ယင်းကိုသာမဂ္ဂီရသဟု ဆိုနိုင်သည်။ သာမဂ္ဂီရသ၏ သဘောက ပေါင်းစည်းခြင်းဟု သာမန်အားဖြင့် အဓိပ္ပါယ်ရသည်။ သာမဂ္ဂီရသသည် ပေါင်းဆုံထိတွေ့ ညီညွတ်မိတဲ့ အခိုက်ဖြစ်ပေါ်လာသော ရသဖြစ်သည်။ ဒုတိယအပိုင်းရသနှင့် ပတ်သက်၍ မဟာဗုဒ္ဓဝင်အတွဲ ၄ တွင် တိပိဋက မင်းကွန်းဆရာတော်ဘုရားကြီး ဖော်ပြထားသည့် သန္တရသ တနည်းဓမ္မရသကို ရည်ညွှန်းပြောဆိုကာ လောကရသနှင့် ဓမ္မရသကို ရှင်းလင်းမိန့်ကြားခဲ့ပါသည်။

ယင်းရသနှစ်မျိုးအနက် လောကရသတွင် ဘာတွေပါမလဲဆိုပါကယဉ်ပါးမှု၊ နှစ်ခြိုက်လက်ခံမှု၊ သဘောခွေ့ မနောတွေ့မှု၊ ကြည်နူးနှစ်သက်မှု၊ သာယာမှုမေ့မှုလို့ လောကအလို ဒီလိုဖွင့်ဆိုရမည်ဟု ရှင်းလင်း မြွက်ကြားခဲ့ပါ၏။ ဒါပေမယ့် ဒီလောက်နဲ့တော့ရသဟာ ပြည့်စုံကောင်းမှ ပြည့်စုံမည်။ ဓမ္မရသကတော့ ဖော်ပြပါ လောကရသထက် အဆရာထောင်သိမ်မွေ့သာလွန်သည့် ပရမာသုခုမရသသဘောဖြစ်သည်။ ပရမာသုခုမရသသည် အလွန်မှသိမ်မွေ့သည်။ ခံစားလို့ခံစားရမှန်းတောင်မသိတဲ့ သိမ်မွေ့မှုသဘောဖြစ်သည်။



ရှင်းပြခြင်းငှါ မစွမ်းသာသည့် ရသမျိုးဖြစ်သည်။ ကိုယ်တိုင်ကျင့်သုံးဆောက်တည်ပြီးရောက်ရှိမှသာရှင်းပြနိုင်မည့် ရသမျိုးဖြစ်သည်။ ယင်းရသတွင် လက္ခဏာနှစ်မျိုး ပါဝင်၍ တစ်ခုကသန ္တိ၊ ငြိမ်းချမ်းခြင်းသဘောဖြစ်၍ အခြားတစ်ခုက အဇ္ဈတ္တတည်ငြိမ်ခြင်းသဘောပါဝင်သည်ဟူ၍ လောကရသနှင့် ဓမ္မရသကို ခွဲခြားတင်ပြခဲ့၏။

ထိုစာတမ်းဖတ်ပွဲတွင် အလှည့်ကျသဘာပတိအဖွဲ့ဥက္ကဋ္ဌ **ဆရာကြီးဒေါက်တာ ခင်မောင်ဝင်းက** အဖွင့်အမှာစကားပြောရာတွင် ဆရာက

"AESTHETICS ပညာရပ်ကို ပညာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ တက္ကသိုလ်များမှာတော့ ရသပညာလို့ မြန်မာလို ခေါ်ပါတယ်။ မြန်မာစာအဖွဲ့က ထုတ်ဝေတဲ့ အင်္ဂလိပ်မြန်မာအဘိဓာန်မှာတော့ 'အနုသုခုမ ဒဿန ရသပညာ' လို့ မြန်မာလိုပြန်ဆိုထားပါတယ်။ ဒီပြန်ဆိုချက်ဟာ သင့်လျော် တဲ့ ပြန်ဆိုချက် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ AESTHETICS ဆိုတဲ့ အင်္ဂလိပ်စာလုံးရဲ့ အရင်းအမြစ်ဟာ AISTHETIKOS ဆိုတဲ့ ဂရိစာလုံးဖြစ်ပါတယ်။ ဒီဂရိစာလုံးရဲ့ အဓိပ္ပါယ်ကတော့ Perception of feeling ခံစားချက်ကို သိမြင်ခြင်းဖြစ်ပါတယ်။ ခံစားမှုကို သိမြင်ခြင်းဆိုတာဟာ ရသပါပဲ" ဟု ဆိုပါသည်။

အမှာစကားပြောရာမှာ ဆရာကဆက်၍

"AESTHETICS ဟာ အနုသုခုမနဲ့ ပတ်သက်ပြီး လုပ်ငန်းနှစ်ခုကိုလုပ်ဆောင်ရမှာဖြစ်ပါတယ်။ လုပ်ငန်းတစ်ခုက The Theory of the Fine ARTS အနုပညာသုခုမ ပညာရဲ့သဘောတရားတွေကို ရှာရမှာဖြစ်ပြီး တဆက်တည်းမှာဘဲ အနုသုခုမလက်ရာများနဲ့ ပတ်သက်ပြီး ပရိသတ်ရဲ့ တုံ့ပြန်မှုများကိုလည်း လေ့လာရမှာဖြစ်ပါတယ်"

ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရသပညာကို ဆရာပါရဂူက သူ၏အရှေ့တိုင်းစာပေရသစာတမ်းတွင်

"ရသဟူသော စကားလုံးသည် ယေဘုယျအရသာခံခြင်း၊ ရသယနစသည်အားဖြင့် အနက်အဓိပ္ပါယ် များစွာထွက်သည်။ စာပေ၌သုံးသော 'ရသ' ၏ အဓိပ္ပါယ်မှာကဗျာအရသာဖြစ်သည်။ ကဗျာအရသာကို ခံစားခြင်းဖြစ်သည်" ဟု ဆိုပါ၏။

**ဆရာမောင်အံ့ (မဟာဝိဇ္ဇာဘုံဘေ)**ကလည်း ဗုဒ္ဓစာပေနှင့် မြန်မာစာပေဆိုင်ရာ ရသများ စာတမ်းကိုတင်သွင်းခဲ့ရာတွင် သူက စာတမ်းတွင်

"ရသ၏ တိုက်ရိုက်အဓိပ္ပါယ်မှာ အရသာဖြစ်သည်။ လူသားတို့သည် အစားအသောက်၏ အရသာကို ခံစားကြသကဲ့သို့ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပုအနုပညာ၏ အရသာကိုလည်း ခံစားနိုင်ကြသည်။ ပုဂ္ဂိုလ်၏အကြိုက်စရိုက်ကို လိုက်၍ အချိုကြိုက်သူ၊ အငန်ကြိုက်သူ၊ အခါးကြိုက်သူ၊ အစပ်ကြိုက်သူဟူ၍ အမျိုးမျိုးရှိသကဲ့သို့ ချစ်ခြင်း၊ မုန်းခြင်း၊ ရဲရင့်စွန့်စားခြင်း၊ ကြောက်လန့်ခြင်း၊ ရွံရှာစက်ဆုပ်ခြင်း စသည်တို့ကို မိမိတို့အတွင်းဓါတ်ခံစရိုက်၊ အကြိုက် အားလျော်စွာ အရသာခံစားတတ်ကြသည်။ အရသာပေါ်လာအောင် ဖန်တီးတတ်သောပညာကို ရသပညာ (ဝါ) ရသဖော်ထုတ် နည်းအနုပညာဟု ခေါ်ဆိုပေသည်။ ရသကို ဖော်ထုတ်ရာ၌ စကားတန်ဆာအလင်္ကာဖြင့်လည်း ဖော်ထုတ်ရသည်။ ဝေါဟာရစကားလုံးများကို နုနုရွရွလှလှပပ ရွေးချယ်သီကုံးထားပါက အလင်္ကာ ဂုဏ်မြောက်သည်ဟု ဆိုကြသည်။ ဥပမာခိုင်းနှိုင်းယှဉ်ချက်များ ဥပမာတင်စားချက်များဖြင့် ဖွဲ့ဆိုထားသော တေးကဗျာ လင်္ကာ၊ ဝတ္ထု၊ အနုစာပေများကို ရေးဖွဲ့နိုင်ရန် အလင်္ကာကျမ်းကို လေ့လာကြရသည်။ အလင်္ကာကျမ်းကို တတ်မြောက်ပြီးမှ





ရေးသား ခဲ့ကြသော ရှေးဟောင်းပညာ ရှိကြီးများ၏ အဖွဲ့အနွဲ့ အနုပညာ စာပေတို့သည် နှစ်ပေါင်းရာထောင်ချီ၍ တည်တံ့လျက်ရှိပြီး နှောင်းလူတို့ဖတ်ရှု အတုယူနေကြရသည်"

ဟု ရေးသားဖော်ပြထားပါသည်။

**ဆရာချစ်ဦးညို** က ရသဆိုင်ရာ စာတမ်းနှစ်ပုဒ်ဖြစ်သော -

၁။ ဥပမာ ဥပစာများဖြင့် တန်ဆာဆင်သော ပိဋကတ်တော်လာ ရသများကို လေ့လာခြင်းစာတမ်းနှင့်

၂။ ဂီတသဘင်ဆိုင်ရာ ရသအဖွဲ့မှ တင်သွင်းသည့်ပဏာမ စာတမ်းတွင် ရသနှင့် ပတ်သက်၍ ဆရာက -

"ရသဟူသည့် ပါဠိစကားလုံးကို ပညာရှင်အများဖွင့်ဆိုခဲ့ပြီးဖြစ်၍ အကျယ်မဆိုတော့ပါ။ ရသ၏တိုက်ရိုက် အဓိပ္ပါယ်မှာ အရသာဖြစ်သည်"

ဟု ပထမစာတမ်းတွင် ဆိုပါ၏။

ဒုတိယစာတမ်းတွင် -

"ရသပညာဟူသည်မှာ ရသကိုးပါးကို လေ့လာသော ပညာဖြစ်သည်ဟူ၍ အလွယ်မှတ်ယူတတ်ကြပါသည်။ ယခင်က အလှဗေဒ၊ သုခုမဗေဒ၊ သောဘဏဗေဒ၊ အလှပညာ စသော ဝေါဟာရများရှိခဲ့သော်လည်း ယခုအခါ တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် တရားဝင်သုံးစွဲသည့်အတိုင်း ရသပညာဟုတွင်ပါသည်။ ရသပညာ Aesthetics သည် ရသကိုးပါးကို လေ့လာသော ပညာရပ်သက်သက် မဟုတ်ပါ။ ထိုသို့သတ်မှတ်လျှင် ရသပညာ၏ရှိပြီး ပညာရပ်နယ်ပယ်အကျယ်အဝန်းသည်များစွာ ကျဉ်းမြောင်းသွားသည် သာမကရသပညာ၏ နယ်ပယ်သဘောသဘာဝအစစ်အမှန်နှင့်လည်း ဝေးကွာသွားပါလိမ့်မည်" . . . .

ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဆရာချစ်ဦးညိုက -

မြန်မာရသပညာ MYANMAR AESTHETICS သည် ပညာရပ်တစ်ခုအနေဖြင့် တက္ကသိုလ် အသိုင်းအဝိုင်းမှာပင် ဖြန့်ကျက်နိုင်ခြင်းမရှိသေးသော ပညာရပ်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ဒဿနိက ဌာနမှ ပါမောက္ခကြီးများ၊ ဆရာဆရာမများ ဘွဲ့လွန်သင်တန်းသားများ၏ ဝိုင်းဝန်းပြုစုမှုဖြင့် ယခုအခါ မြန်မာ့ရသပညာသည် သန္ဓေတည်ရှိခဲ့ပြီးနောက် ဖွံ့ဖြိုးရန်အားယူဆဲကာလဖြစ်သည်ဟု ဆိုနိုင်သည်။

**ဆရာနန္ဒာသိန်းဇံ**၏ အနောက်တိုင်းရသပညာစာတမ်းတွင် ဆရာက

"ရသပညာ Aesthetics ဟူသည် အနုပညာနှင့် ပတ်သက်သော အနုပညာဆိုင်ရာ အတွေးအခေါ် Philosophy of Art ဖြစ်သည်။ ရသပညာဟုဆိုသောကြောင့် အချို့က ရသဥပါးအကြောင်းကို လေ့လာသော ဘာသာရပ်ဟု ယူဆကြသည်။ အချို့ကလည်း ရသဟူသည် ခံစားချက်နှင့် ဆက်စပ်လျက်ရှိသည်ဖြစ်၍ ခံစားချက်အကြောင်း လေ့လာသော ဘာသာရပ်ဖြစ်သည်ဟု ယူဆကြသည်။ ၎င်းအယူအဆနှစ်ရပ်စလုံး ကျဉ်းမြောင်း၍ မှားယွင်းသည်။ ရသပညာဟူသည် အနုပညာအား ဒဿနရှုထောင့်မှ လေ့လာခြင်းဖြစ်၍ အနုပညာဆိုင်ရာ အတွေးအခေါ် ပညာရပ်ဖြစ်သည်ဟူ၍သာ အနီးစပ်ဆုံးယူဆနိုင်သည်။"

"အနောက်တိုင်း၌ ရသပညာဟူသော ဘာသာရပ်ကို ၁၈ ရာစုမတိုင်မီကာလအထိ စနစ်တကျ လေ့လာခြင်းမရှိခဲ့ပေ။ အနုပညာသည် ရသပညာထက်ကာလအားဖြင့် စောစွာပေါ်ပေါက်ခဲ့သည်"

ဟူ၍ ရေးသားထားပါ၏။





ကွယ်လွန်သွားရှာပြီဖြစ်သော **ပန်းချီဆရာကြီး ဦးမင်းနိုင်**က ပန်းချီဆိုင်ရာရသပညာဆိုသော စာတမ်း တစ်စောင်ကို ရေးသားတင်သွင်းခဲ့ရာ ဆရာက

"ရသပညာနှင့် ပတ်သက်၍ မြန်မာအဘိဓါန်အကျဉ်းချုပ်တွင် ရသသည် လျှာပေါ်တွင်ခံစားရသော အာရုံအရသာ၊ သာယာသောခံစားမှု၊ နှစ်သက်ဖွယ်သဘော၊ အနုပညာလက်ရာကြောင့် သာယာ ခံစားမှုကို ခေါ်သည်။ ဆရာဇော်ဂျီ၏ ရသစာပေနိဒါန်းတွင် မြန်မာနိုင်ငံတွင် ရသအကြောင်းကို အနှောင်းဆုံး ပုဂံခေတ်နှောင်းပိုင်းလောက်မှစ၍ကျနစွာ လေ့လာခဲ့ကြသည်ဟု ယူဆကြောင်း၊ ရသ၏သဘောသည် စိတ်ကိစ္စဖြစ်သည်"

ဟုရေးသားခဲ့သည်။

**ဆရာဇော်ဂျီ** က သူ၏ရသစာပေနိဒါန်းစာအုပ်စာမျက်နှာ ၁၈၄ ရသနှင့် အလွမ်းအဆွေးအသော ဆောင်းပါးတွင် ဆရာက-

"ရှေးဦးစွာသတိပြုအပ်သည်မှာ ရသသည် စိတ်ကိစ္စဖြစ်သည်ဟူသော အချက်ဖြစ်သည်။ ရသ၏သဘောသည် စိတ်ကိစ္စဖြစ်သည်ဟု ယူဆခဲ့သည်မှာ ကျွန်တော်အဖို့ မကြာသေးပါ"

ရေးသားခဲ့ပါ၏။

**ဆရာဦးမောင်မောင်ကြီး (တက္ကသိုလ်မောင်မောင်ကြီး)** ကလည်း သူ၏ "အုတ်မြစ်တလွှာ"စာအုပ် ရသသဘောအပိုင်း စာမျက်နှာ ၄၇ တွင်

"ရသဟူသည်စိတ်၌ အထူးဖြစ်ခြင်းဟု ဆိုကြသည်။ စိတ်၌ အထူးဖြစ်အောင် လှုံ့ဆော်သော အကြောင်းများက မိန်းမယောက်ျားချစ်ကြိုက်ခြင်း၊ ပြုံးရယ်ခြင်း၊ စိုးရိမ်ကြောင့်ကြသနားကြင်နာခြင်း၊ အမျက်ဒေါသရှိခြင်း၊ အားထုတ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စက်ဆုပ်ရွံရှာခြင်း၊ အံ့ဩခြင်း၊ ငြိမ်သက်သည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ခြင်းဟူ၍ အကြောင်း ၉ ပါးပြသည်။ ထိုအကြောင်း ၉ ပါး၏ အရင်းခံမှာ စိတ်ဖောက်ပြန်ခြင်း၊ ကိုယ်ဖောက်ပြန်ခြင်း၊ နှုတ်၏ဖောက်ပြန်ခြင်းဟူ၍ အရင်းခံအကြောင်းသုံးခုမျှသာ ဖြစ်ကြောင်းပြသည်။"

ဟူ၍ရေးသားခဲ့ပါ၏။

ရသနှင့် ပတ်သက်၍ ပန်းပုဆိုင်ရာရသပညာစာတမ်းကို ရေးသားသူ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပန်းပုပညာဌာန၏ ဌာနမှူး ပါမောက္ခဖြစ်သူ **ဦးမြင့်စံ** က-

"ပန်းချီ၊ ပန်းပုဆိုင်ရာရသ၏ ယေဘုယျသဘောမှာ ပန်းချီနှင့် ပန်းပုဆရာတို့သည် သူတို့တွေ့မြင်ရ၊ ထိတွေ့ရ၊ ခံစားရသော အကြောင်းအရာတစ်ခုခုကို ပန်းချီကားတစ်ချပ်၊ ရုပ်ထုတစ်ခုအဖြစ် ရေးဖွဲ့ထု လုပ်ကြရာတွင် အကြောင်းအရာ တစ်ခုရှိမှု၊ သိမှု၊ နှစ်သက်မှုဖြစ်စေအောင် ကြိုးစားကြသည်။ ဤသို့ ဖန်တီးထားသော ပန်းချီ၊ ပန်းပုလက်ရာကို ကျေနပ်နှစ်သက်လက်ခံလျှင် 'ရသ' မြောက်သည်ဟုဆိုသည်။ ရသသည် မူလအထင်အရှားရှိခြင်းမဟုတ်ဘဲ နောက်မှထင်ရှားဖြစ်ပေါ်လာခြင်းဖြစ်သည်"

ဟုဆိုသည်။ ရသဟူသည် ခံစားမှုနှစ်သက်ဖွယ်သဘောအနုပညာကြောင့် သာယာသောခံစားမှုဟု ဆိုကြသည်။

ရသကို အဓိကအားဖြင့် ရှစ်မျိုးခွဲခြားခဲ့သည်။

(၁) သိင်္ဂါရ ရသ (ချစ်ခင်ခြင်း)
(၂) ဟာသ ရသ (ပြုံးရယ်ခြင်း)
(၃) ရုဒ္ဒ ရသ (ယုတ်ရင်းကြမ်းတမ်းခြင်း)
(၄) ကရုဏာရသ (သနားကြင်နာခြင်း)
(၅) ဝီရ ရသ (ရဲရင့်ခြင်း)
(၆) ဝိဘစ္ဆရသ (ရွံရှာစက်ဆုပ်ခြင်း)





(၇) ဘယာနက ရသ (ကြောက်ရွံ့ထိတ်လန့်ခြင်း)
(၈) အဗ္ဘုတရသ (အံ့သြခြင်း)

တို့ဖြစ်သည်။ ထို့နောက် ဋီကာချဲ့ထွင်ရေးသားသူများက ရသရှစ်ပါး၌ သန္တရသ တည်ငြိမ်ရင့်ကျက်ခြင်းကို ထပ်မံဖြည့်စွက်ကာ ရသကိုးပါး အဖြစ် လက်ခံကြသည်ဟု ရေးသားခဲ့ပါ၏။

ဤသို့ရသကိုးပါး၊ ရသဆယ်ပါး သတ်မှတ်မှုသည် သုတေစာ လင်္ကာရကျမ်းတွင် ရေသောက်မြစ်ခံသောကြောင့် သဘောအတူတူဟု မဟာသရေစည်သူ ဦးချမ်းသာကဆိုပါသည်။

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် အရှင်ပဏ္ဍိမထေရ် စီရင်အပ်သော မြန်မာအလင်္ကာကျမ်းတွင် အရသာဆိုသော မြန်မာ စကားသည် ရသဟူသော မာဂဓစကားမှပြောင်းလဲလာသည်ဖြစ်သော ကြောင့် ရသနှင့် အရသာအနက်တူဟု မှတ်ကြပါလေဟု ရေးသားထား ပါ၏။

လောကရသမျိုးစုံကို ပညာရှင်တို့က တင်ပြရာတွင် **ဆရာ** ပါရဂူက အနုရသ၊ ကဗျာရသကို ရည်ညွှန်းပြောဆိုသွားခြင်း ဖြစ်ပါ၏။ **ဆရာမောင်အံ့ (မဟာဝိဇ္ဇာဘုံဘော)** ကလည်း အနုရသကို ရှင်းလင်း တင်ပြသွားခြင်းဖြစ်ပါ၏။ ဆရာချစ်ဦးညို၏ ရသပညာတင်ပြချက် တွင်လည်း ရသပညာသည် ရသကိုးပါးကိုသာ လေ့လာသောပညာရပ် မျှမကဆိုသည်။ ဆရာ နန္ဒာသိန်းဇံက ရသပညာကိုအတွေးအခေါ် ရှုထောင့်မှအလေးထားတင်ပြခဲ့ပါ၏။

ဆရာဦးမင်းနိုင်က လောကရသကိုရော အနုရသကိုပါ ဖော် ပြခဲ့၍ ယဉ်ကျေးမှုတက္ကသိုလ်ပါမောက္ခ **ဦးမြင့်စံ** က ပန်းချီအနုရသ အကြောင်းကို တင်ပြခြင်းဖြစ်ပါသည်။ **ဂီတလုလင်မောင်ကိုကို** ၏ တင်ပြချက်ကလည်း ဂီတရသဖြစ်၍ အနုရသကို ရည်ညွှန်းတင်ပြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ဆရာဗိုလ်ကလေးတင့်အောင်** က "လောကရသနယ်ပယ်တွင်ပါဝင်သည့် တိုက်ရိုက်ရသနှင့် တဆင့်ခံ ရသနှစ်ရပ်ကို ပေါ်လွင်အောင် ရေးသားတင်ပြပြီး ရသသည်သင်္ချာနှင့် သိပ္ပံပညာရပ်များမှာကဲ့သို့ ပုံသေနည်း မဟုတ်။ ထပ်တူပုံတူပြုလုပ်၍ မရသောအရာဟု တင်ပြခဲ့ပါသည်။ ဆရာကတိုက်ရိုက်ရသနှင့် တဆင့်ခံရသနှစ်မျိုးကို ခွဲခြားတင်ပြရာတွင် အာရုဏ်ဦးအချိန် အိပ်စက်ရာမှ နိုးထလာသူတစ်ဦးသည် ပြတင်းတံခါးကို ဖွင့်လိုက်သောအခါ ညဉ့်အမှောင်ကြားမှ လင်းရောင်ခြည်မျှင်လေးကို ရေးရေးမျှ မြင်လိုက်ရ သည်။ ထိုသူသည် ထိုမြင်ကွင်းကို စူးစိုက်နစ်မြောသွားသည်။ ဖြည်းညင်းစွာ လင်းလက်လာ၍ ညင်သာစွာ တိုးမှိန်သွားမည့် အမှောင်ရိပ်တို့၏ အလှပန်းချီကို အရသာတွေ့နေသည်။ မည်သူကမျှ ပြုပြင်ဖန်တီးထားသည်မဟုတ်။ သဘာဝတရား၏ ဖြစ်ပျက်ပြောင်းလဲမှု သဘောသာလျှင်ဖြစ်သည်။ သူသည်အလွန် နှစ်သက်ကြည်နူးမှုကို ခံစားလိုက်ရသည်။ ရင်ထဲတွင် ချမ်းမြေ့သွားသည်။ သူကားရသကို တွေ့မြင်ခံစားခဲ့ရသည်။ (ဤကား သဘာဝရသ၊ ဖန်တီးမှုမပါသော တိုက်ရိုက်ရသဖြစ်ပါသည်။)

နောက်ရသတစ်မျိုးမှာ ပြဇာတ်ခုံပေါ်တွင် တောင်ကုန်းတောင်တန်းနှင့် အောက်ခြေမှ တောအုပ်တောတန်းတစ်ခုအသွင်ဆက်တင် Setting ဖြင့် ဖန်တီးပြုလုပ်ထားသည်။ နောက်ခံတေးသွားကညင်သာ တိုးညင်းစွာထွက်ပေါ်လာသည်။ ရှုခင်းတစ်ခုလုံးမှောင်ရိပ်သန်းနေရာမှ နောက်ခံပိတ်ကားပေါ်တွင် ညို့မှိုင်း ညိုမှောင်သောတိမ်သားတိမ်လိပ်များကြား၌ အလင်းရောင်မျှင်မျှင်ကလေး ဖြည်းညင်းစွာပေါ်ထွက်လာသည်။ တိမ်သားတိမ်လိပ်တို့ တစ်စတစ်စမှေးမှိန်သွားပြီး နီညိုရောင်သန်းရာမှ အဝါရင့်သို့ ကူးပြောင်းသွားသည်။ ဇာတ်ခုံကားဘေးနှစ်ဘက်ရှိ Side light များက အလင်းရောင်မျှင်များဖြန့်ပေးလိုက်သည်။



အဝတ်ထူထူခေါင်းပတ်ကြီးများဖြင့် အလုပ်သမားကြီး ၃ ဦးပေါက်ပြားခြင်းတောင်းများ ထမ်းရွက်၍ တောင်ကုန်းများပေါ်သို့ တက်လာကြပြီးထွက်ပြုလာသည်။ နေမင်းအား ငေးမျှော်ကြည့်နေကြပုံကို ပရိသတ်များက ကြည့်ရှုကာ ငေးမောရင်းပီတိဖြစ်နေကြသည်။ ဤကားပြဇာတ်ပညာရှင်တို့ပြုပြင်ဖန်တီးထားသော ရသသဘောဖြစ်သည်။ ရသပေါ်အောင် သဘာဝကိုတုပ၍ပြုလုပ်ခြင်းသာ ဖြစ်သည်။

အထက်ပါရသနှစ်မျိုးတွင် ပထမအမျိုးအစားသည် ပြုပြင်ဖန်တီးမှုမရှိဘဲ သဘာဝအလျောက် ပေါ်ပေါက်လာသော သဘာဝရသ၊ တိုက်ရိုက်ရသဖြစ်၍ ဒုတိယအမျိုးမှာ ဇာတ်ခုံပေါ်တွင် အနုပညာရှင်တို့က ဖန်တီးသော အနုရသတဆင့်ခံရသဖြစ်သည်။ တိုက်ရိုက်ရသတွင် အနုပညာရှင်တို့၏ ဖန်တီးမှုမပါဝင်ကြောင်း တင်ပြရပါသည်။

ကျွန်တော်တို့ ဤစာအုပ်တွင် အလေးထားရေးသားထားသော ရသသည် တဆင့်ခံရသ လူတို့ဖန်တီး သောရသ၊ အနုရသဖြစ်သည်။ သဘာဝရသအကြောင်းကို ဤစာအုပ်တွင်အကျယ်ချဲ့၍ မထားပါ။

အရသာနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနကထုတ်ဝေသော မြန်မာစာအဖွဲ့၏ မူပိုင် မြန်မာ အင်္ဂလိပ် အဘိဓာန်တွင် ရသကို TASTE, FLAVOUR, PLEASURE ဟု ဖွင့်ဆိုထားပါ၏။

TASTE ဆိုသည်မှာ လျှာအရသာ

FLAVOUR ဆိုသည်မှာ အနံ့အရသာ

PLEASURE ဆိုသည်မှာ စိတ်ပျော်ရွှင်မှု အရသာတို့ဖြစ်ပါသည်။

လျှာအရသာဆိုသည်မှာ ကြက်သားဟင်း ဝက်သားဟင်းစားသောအခါ လျှာမှတဆင့်ဖြစ်ပေါ်လာသော အရသာ၊ မကျည်းသီးစားလျှင် ပါးစပ်အတွင်း၌ ဖြစ်ပေါ်လာသော ချဉ်သောအရသာ ထိုအရသာတို့ သည် အနုရသမဟုတ်ပါ။ တိုက်ရိုက်ရသ၊ အကြမ်းရသာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အနံ့ဆိုသည်မှာ - နှင်းဆီပန်းနံ့၊ စပယ်ပန်းနံ့၊ ရေမွှေးနံ့စသည့် နှစ်လိုဘွယ်ရာ အနံ့များ နှာခေါင်း တွင်ရရှိခြင်း၊ မြောင်းပုတ်နံ့ အညှော်နံ့စသည့်အနံ့များရရှိခြင်းသည် အနုရသမဟုတ်ပါ။ ရသကြမ်းတိုက်ရိုက် ရသသာလျှင် ဖြစ်ပါ၏။

ကျောင်းသားတစ်ဦး စာမေးပွဲအောင်၍ ဝမ်းသာမှု၊ စာမေးပွဲကျ၍ ဝမ်းနည်းမှု၊ ကျန်းမာရေးနှင့် ပြည့်စုံ၍ ရွှင်လန်းနေမှု၊ မိသားစုထမင်းဝိုင်းတွင်ရရှိသော ပျော်ရွှင်ခံစားမှုတို့သည် တိုက်ရိုက် ရသသာလျှင်ဖြစ်၍ လျှာအရသာ အနံ့အရသာနှင့် စိတ်ခံစားမှု အရသာတို့ကို အနုပညာဖြင့် ဖော်ဆောင်ခြင်းငှါ မတတ်နိုင်ပါ။ နောင်သိပ္ပံပညာ တိုးတက်လာသောအခါ ယင်းအရသာတို့ကို အနုပညာမှတဆင့်ခံစားမှု ပြုနိုင်ကောင်း ပြုနိုင်လာမည်ဖြစ်ပါသည်။

❒ ❒ ❒



အခန်း (၂၉)

## ရသဖြစ်ပေါ်စေရန် အဓိကအကြောင်းတရား

ရသ၏အလုပ်သည် အနုပညာကို ပိုမိုထက်မြက်အောင် လုပ်ဆောင်ဆောင်ရွက်မှုဖြစ်၏။ အနုပညာသည်ပင်လျှင် အလွန်အစွမ်းထက်လှပေရာ အနုပညာအား ပိုမိုထက်မြက်အောင် ဖန်တီးလုပ်ဆောင်သည့် ရသ၏အစွမ်းသည် ဩဇာထက်မြက်မှု၌ ပြောဘွယ်ရာမရှိတော့မည် ဖြစ်သည်။

ရသသည် လူ့ဘဝနယ်ပယ်အား လွှမ်းမိုးလုပ်ဆောင်သည်မှာ နူးညံ့သိမ်မွေ့စွာဖြင့် ညင်သာပျော့ပျောင်းစွာဖြင့် လွှမ်းမိုးခြင်းဖြစ်ပါ၏။ အမွှမ်မပါ အကြမ်းဖက်လုပ်ဆောင်မှုမပါ။

ထို့ကြောင့်လူ့အဖွဲ့အစည်းတွင် ရသသည် အရေးကြီးသည်။

လူ့အဖွဲ့အစည်းအား ထူထောင်ရာတွင် ရသသည် လိုအပ်သောအရာဖြစ်သည်။ လူ့အဖွဲ့အစည်းအား သာယာအေးချမ်းအောင်သော်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်အောင်သော်လည်းကောင်း၊ ဆောင်ရွက်ရာတွင် ရသသည်လိုအပ်ချက်ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအခန်းတွင် ထိုကဲ့သို့ စွမ်းဆောင်ရည်မြင့်မားသော ရသ ဖြစ်ပေါ်လာရသည့် အဓိကအကြောင်းရင်းများကို ဆွေးနွေးကြမည်ဖြစ်ပါသည်။ အောင်မြင်ကျော်ကြားအောင်၊ ထူးချွန်ထက်မြက်အောင်၊ ထိပ်တန်းသို့ ရောက်ရှိအောင် အခြားအခြားသော ခေါင်းဆောင်မှုနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်တို့တွင် လိုအပ်ချက်များနည်းတူ အနုပညာနယ်ပယ်တွင် ရသမြောက်အောင်ဖန်တီးရာတွင် ဇွဲ လုံ့လ ဝီရိယနှင့် အောင်ပွဲကိုရယူလိုသောဆန္ဒသည် မျိုးရိုးပါရမီ ဓါတ်ခံထက်ပို၍ အရေးကြီးသည်မှာ အမှန်ဖြစ်သည်။

ရသကို ဖော်ထုတ်ရာတွင် အခြားနယ်ပယ်များမှ အောင်ပွဲကို ရယူသည့်နည်းတူ ပါရမီဓါတ်ခံထက် လုံ့လဝီရိယထက်သန်မှုကပို၍ အရေးကြီးသည်။ ပါရမီဓါတ်ခံဆိုသော ကိစ္စသည် ရသကဏ္ဍတွင် မရှိမဟုတ် ရှိပါသည်။ သို့သော် ယင်းပါရမီဓါတ်ခံကို လုံ့လဝီရိယဇွဲဖြင့် ရယူနိုင်သည်။ အစဉ်မပြတ်လေ့ကျင့်မှုသည် ရသကို မွေးဖွားပေးနိုင်သော လက်သည်ကောင်းမည်ပါ၏။

ရသဟူသည် အနုပညာပစ္စည်းများကို သမ္မာကျအောင် ပေါင်းစပ်နိုင်ခြင်း၏ ရလာဒ်ဖြစ်၏။ ထို့ကြောင့် ရသကိုရှာဖွေနေသော အနုပညာသည်တစ်ဦးသည် အခြေခံအနုပညာရပ်များကိုကား မလွဲမသွေ တတ်မြောက်ကြရမည်ဖြစ်၏။ အနုပညာရှင်တစ်ဦးအတွက် အခြေခံအနုပညာ မတတ်မြောက်မှုသည် မရိုးသားမှုဟု ဤစာအုပ်တနေရာတွင်ဆိုထားပါ၏။

အနုပညာရှင်တစ်ယောက်အဖြစ် တတ်မြောက်ထားသော အခြေခံပညာကို အနုပညာရှင်သည် ကျွမ်းကျင်မှုရှိအောင် အစဉ်အမြဲ လေ့ကျင့်ကြရမည်ဖြစ်ပါ၏။ အနုပညာနည်းစနစ်များကို လေ့ကျင့်ရမည်။ ကျွမ်းကျင်မှုများကို လေ့ကျင့်ကြရမည်ဖြစ်သည်။ နည်းစနစ်မျှဖြင့် ဘယ်အနုပညာရှင်မှ ရသကိုမဖန်တီးနိုင်ပါ။

နည်းစနစ်တတ်ကျွမ်းရုံဖြင့် ရသဖြစ်ပေါ်သည်ဟုဆိုပါက မကြာခဏ[illegible]တွင် ဖတ်ရသော တချက်တည်းနှင့် ကျင်းဝင်



သည်ဆိုသော ဂေါက်သီးကစားသမားကဲ့သို့ ကြက်ကန်းဆန်အိုးတိုးမှုသာ ဖြစ်ပါ၏။ စောင်းသမားတစ်ဦးက သူလက်သည်စောင်းဖြင့် ခုနစ်ရက်ပြတ်ပါကသူလက်ကွက်သည် ပျက်သည်ဟုဆိုပါ၏။

ဗိုလ်ချုပ်ကြီးတိုင်းတွင် သူအခြေခံစစ်ပညာသင်ခဲ့သော ကျောင်းနှင့် သူ့ကိုအခြေခံစစ်ပညာသင်ပေးသည့် ဆရာရှိသည်။ ဆရာမကူတစ်ဆူတည်းသော ပုဂ္ဂိုလ်မှာ မြတ်စွာဘုရားသာလျှင်ဖြစ်၏။

ဗိုလ်ချုပ်ကြီးတို့သည် အခြေခံစစ်ပညာကို သင်ကြားပြီးကာမှ လေ့ကျင့်ခြင်းဖြင့် တိုက်ပွဲများ အထပ်ထပ်အခါ တိုက်ပြီးမှ သူရဲကောင်းဖြစ်ကြရသည်။ လူတို့၏ ဦးနှောက်များသည် တစ်ယောက်နှင့်တစ်ယောက်မတူ။ မှတ်သားနိုင်စွမ်း၊ တီထွင်နိုင်စွမ်းပိုသာသူများရှိသည်။ တီထွင်မှုစွမ်းအားရှိသူအားလုံ့လ ဝီရိယ ဇွဲအာရုံ စူးစိုက်မှုစသည်ဖြင့် ပေါင်းစပ်ပေးလိုက်လျှင် ထူးချွန်မှုပေါ် ထွက်လာပါ၏။ မျိုးရိုးဗီဇဆိုသည်မှာ ရာနှုန်းပြည့်မရှိ။ အနုပညာသည်မှ မွေးဖွားသော သားသမီးတိုင်း အနုပညာရှင်ဖြစ်လာကြသည်မဟုတ်။ ကျောင်းအုပ်ဆရာကြီး၏ သားသမီးများထဲတွင် ကျောင်းပြေးသူများပါသည်။ ကျွန်တော်ကျောင်းဆရာလုပ်စဉ်က ကျွန်တော့်ဆရာမကြီး၏သားမှာ အလွန်မှဆိုးဆိုးမခက်သူဖြစ်၏။ ကျွန်တော်၏ သားသမီးများသည် အားလုံး ဆရာဝန်များဖြစ်ကြပြီး စာရေးဆရာတို့ မျိုးရိုးဗီဇနည်းကြ၏။

အနုပညာအစွမ်းထက်ရေးအတွက် မျိုးရိုးဗီဇကို အားကိုး၍မရ။ ကြိုးပမ်းအားထုတ်မှုသည်ပို၍ အားကိုးစရာဖြစ်ပါသည်။ ကျွန်တော်၏သူငယ်ချင်းကိုသောင်းဝေသည် ကျောင်းဆရာ လုပ်နေရာမှ သူနောက်ပိုးနေသော ဆရာမတစ်ယောက်က သူ့ကိုငြင်းဆန်လိုက်သောကြောင့် စစ်သားမျိုးရိုးလည်း မဟုတ်ပါဘဲ လျက် တပ်ထဲဝင်ခဲ့ရာ ဗိုလ်မှူးကြီးသောင်းဝေဟူ၍ စစ်သားကောင်းကြီး တစ်ယောက် ဖြစ်ခဲ့သည်။ ဗိုလ်မှူးကြီး သောင်းဝေစစ်သားကောင်းကြီးဖြစ်ခဲ့သည်မှာ စစ်သားမျိုးရိုးကြောင့်မဟုတ် လုံ့လဝီရိယနှင့် စစ်ပညာကို မြတ်နိုးသော

ပန်းမျိုးတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သော သူ့စိတ်ကြောင့်ဖြစ်၏။ အနုပညာရပ်သည် ချွင်းချက်ဘာသာရပ် မဟုတ်။ မည်သည့်အရာကိုမဆို လူသားသည် သူ၏ ဖွဲလုံ့လဖြင့် ရယူနိုင်သည်ချည်းဖြစ်ရာ လူ၏လုံ့လ ဝီရိယ၊ ဖွဲစျာန်ဝင်အားထုတ်မှုဖြင့် ရရှိနိုင်သည်ဖြစ်ရာ လူသားသည် ယင်းအရာများနှင့် ရသကိုလည်း ရရှိနိုင်၏။

အချို့သောသူများ၏အနုပညာထူးချွန်မှုသည် မျိုးရိုးကြောင့် မဟုတ်ဘဲ လူ၏ဦးနှောက်ဖွံ့ဖြိုးမှု ကြောင့်ဖြစ်၏။ အနုပညာရပ်တွင် ထူးထူးခြားခြားဦးနှောက်ရှိသူများရှိ၏။ ထိုကိစ္စမျိုးရိုးနှင့် မဆိုင်ပါ။ တစ်စုံတစ်ယောက်သည် ဝါသနာကို အခြေခံ၍ သဲသဲမဲမဲ ကြိုးစားပါက အနုပညာတွင် ပြောင်မြောက်နိုင်ရုံ သာမကထိပ်တန်း ရောက်နိုင်ပါ၏။

မျက်မှောက်ခေတ် ဂီတလောကပေါ့် သံစဉ်လောကတွင် အထင်ကရဘုရင်မတစ်ပါးဖြစ်သူ မက်ဒေါနားသည် လုံ့လဝီရိယ ထက်သန်မှု ဖွဲအားကိုးဖြင့် ထိပ်တန်းသို့ရောက်ရှိလာသူ အနုပညာရှင်ဖြစ်၏။ သူမသည် ၁၉၇၈ ခုနှစ်က ဒက်ထရိုက်မြို့မှ နယူးယောက်မြို့သို့ ထွက်လာစဉ်က မိထွေး၏ စက်ကွင်းကလွတ်ရင်ပြီးရောဆိုပြီး ထွက်လာခဲ့သူဖြစ်၏။ သူ့အဖေအိမ်မှ ထွက်လာစဉ်က ၃၅ ဒေါ်လာသာပါရှိ၏။ နယူးယော့တွင် ဆွေမရှိမျိုးမရှိ အဆက်အသွယ်မရှိ၊ မိတ်သင်္ဂဟမရှိ၊ နယူးယောက်သို့ရောက်တော့ ရရာကျဘမ်းအလုပ်ကို ဝင်လုပ်ရ၏။ နေ့ခင်းပိုင်းတွင် ယိမ်းအဖွဲ့တစ်ဖွဲ့တွင် အလုပ်ရသော်လည်း မလောက်သောကြောင့် ညဘက်တွင် စားသောက်ဆိုင်တစ်ဆိုင် ပန်းကန်ဆေးသည့် အလုပ်ကို လုပ်ကိုင်ရ၏။ စားသောက်ဆိုင်တွင် ပန်းကန်တွေ ပန်းကန်တွေတောင်လိုပုံအောင် ဆေးရသည်၊ ပြီးတော့အဝတ်ခြောက်ဖြင့် သုတ်ရသည်။ ဆေးပြီးသား သုတ်ပြီးသားပန်းကန်များကို စင်ပေါ်တင်ရသည်က လက်တွေပြုတ်ကျမတတ် ခံစားရ၏။ လက်တွေပြုတ်ကျမတတ်ခံစားရသော သူမ၏လက်များနှင့် ကုန်းချည်ကွချည်ပြုလုပ်ရသော သူမ၏ခြေသလုံးများက သူမအားပြည့်ဖြိုးတင်ရင်းသော





လေ့ကျင့်ခန်းများကိုပေးခဲ့ရာ ပန်းကန်ဆေးရသော အလုပ်က သူမအားပေါ့ ဘုရင်မတစ်ဆူဖြစ်ဖို့ နောင်တွင် အထောက်အကူဖြစ်စေခဲ့၏။

သူမ နယူးယောက်မြို့ကို ရောက်ခါစနေရသောအခန်းကလည်း အလွန်မှကျဉ်းမြောင်း၍ နယူးယောက်မြို့၏ အမွန်းကြပ်ဆုံးနေရာတစ်နေရာဖြစ်ပါ၏။ သူမအိပ်ရသည်က ကွတ်ပျစ်ဟုပင် မဆိုလောက်သော လေးတိုင်စင်ဖြစ်နေ၍ အသုဘတင်သည့်ကတ်နှင့်ပင် တူနေသည်။ သို့သော် ထိုနေရာသည် သူမ အတွက် အငြိမ့်ပြောင်းဆုံး အပန်းဖြေနေနိုင်ရာဖြစ်ပါ၏။ သူ့အခန်းအတွင်းဝယ် ပိုးမွှင်များ မီးခိုးများက စွဲကပ်နေသေး၏။ ထိုအချိန် မက်ဒေါနားသည် အနုပညာလောကတွင် အခြေချမည်ဟု စိတ်မကူးရသေး၊ ယိမ်းအဖွဲ့တွင်ဝင်၍ လက်မြှောက်ခြေမြှောက်လုပ်ရတာကလည်း ရရာအလုပ်တစ်ခု ဝင်လုပ်ခြင်းဖြစ်၏။ သူမ၏ခေါင်းတွင်စွဲနေတာက မိထွေးစက်ကွင်းက လွတ်ဖို့နှင့် နယူးယောက်မြို့တွင် အပေါက်ကောင်းတစ်ခုခု တွေ့ဘို့ဖြစ်သည်။

တစ်ခါတစ်ရံ မှောင်မိုက်၍လက်ဖြင့်စမ်းသွားရသော သူ့အခန်းတွင်းဝယ် ပိုက်ဆံတပြားမှ မရှိ၍ အနီးအနားအခန်းများက လွှင့်ပစ်ထားသော အမှိုက်တောင်းထဲမှ အာလူးကြော်ကိုကောက်၍ စားရသည်။ သို့သော် မက်ဒေါနားသည် ယိမ်းသမအလုပ်တွင် အခြားသူများထက် စိတ်ရောကိုယ်ပါသီဆို၏။ လက်များကို မြှောက်ရာတွင် အားရှိပါးရှိရဲရဲတင်းတင်း စိတ်ပါကိုယ်ပါ မြှောက်သည်။ ယိမ်းအဖွဲ့တွင် သူမထက်အရပ် အမောင်းကောင်းကောင်း တင်လုံးလုံး ခါးသွယ်သွယ်ခပ်လှလှ ကောင်မလေးတွေရှိပါ၏။ ကိစ္စမရှိဘူး အလုပ်တွင် စိတ်လိုက်မာန်ပါဖြစ်ဖို့ကို ရှေ့တန်းထားလုပ်ဆောင်ခဲ့သော မက်ဒေါနားသည်အောင်ပွဲကို အခြား ဝေးဝေးလံလံသွားရှာမနေတော့ဘဲ သူမ ယိမ်းကနေသော စင်ပေါ်မှအောင်ပွဲကိုရယူမည်ဟု ဆုံးဖြတ်၏။ ဆုံးဖြတ်သည့်အတိုင်း ကြိုးစားသည်။ ဒီစင်ကို ငါနိုင်ရမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၏။ သူ၏ကြိုးစားမှုက သူ့အားသူမလှုပ်ယမ်းလိုက်တိုင်း အချိုးကျမှု ချက်ကျမှုကို ပေးသည်။ ကိုယ်လက်ဟန်ပန်လှုပ်ရှားမှုများသည် ဟန်ချက်ညီ၍ လှပသည်။ ပရိသတ်က ဒီကောင်မလေးဘယ်လိုလှုပ်နေတာပါလဲ သတိထားလာကြရာမှ ထိုစင်ကို မက်ဒေါ်နား အောင်မြင်သွားခဲ့၏။ ဒီစင်လောက်များနှင့် သူကရပ်နားလိုသူမဟုတ်။ သူကဆက်ကြိုးစား၏။ ငါ့မှာစင်တွေအများကြီးရှိလာရမယ်။ နယူးယောက်မြို့က စင်တိုင်းဟာ ငါ့စင်တွေဖြစ်လာရမယ်ဟုဆိုကာ တလမ်းမှတလမ်း၊ တမြို့နယ်မှ တမြို့နယ် နယူးယောက်တမြို့လုံး အမေရိကန်တနိုင်ငံလုံးသာမက ဥရောပတစ်တိုက်လုံးမှ စင်များပေါ်သို့ သူတက်လိုတက်၊ ဆင်းလိုဆင်း၊ အနုပညာကဝေမ တစ်ယောက်ဖြစ်လာခြင်းသည် မျိုးရိုးဗီဇထက်လုံ့လဝီရိယက ထိပ်တန်းဖြစ်ပါ၏။

ဇာတ်ဆိုသောစကားကိုကြားတိုင်းလူကြီးသူမတို့က သူ့ကို သတိရကြ၏။ ထိုသူကားအခြားမဟုတ် ရွှေမန်း ဦးတင်မောင်ဖြစ်သည်။ ပြည်သူတို့အသည်းစွဲ အနုပညာရှင်တစ်ဦးဖြစ်သည်။ ရွှေမန်းတင်မောင်သည် ဇာတ်သဘင်အနုပညာတွင် ဝါသနာပါရှိသူဖြစ်သော်လည်း ပြည်သူတို့၏အသည်းနှလုံးသို့ ဝင်ရောက်ရာတွင် ဝါသနာမျှလောက်ဖြင့်မရ။ ဖွဲလုံ့လကြိုးစားအားထုတ် မှုတို့ဖြင့်ဇာတ်ခုံပေါ်သို့ ရောက်ရှိလာခြင်းဖြစ်၏။

အနုပညာအရာတွင် လုံ့လဝီရိယလိုအပ်ကြောင်းနှင့် ပတ်သက်၍ စိန်ပေဒါကြီးသည် ပြောစမှတ်ဖြစ်ပါ၏။ စိန်ပေဒါကြီးသည် နေ့စဉ်လေ့ကျင့်မှုများကိုပြုလုပ်သည်။ တနေ့ထက်တနေ့တိုးပြီး လေ့ကျင့်သည်။ ထိုသို့ကြိုးစားပမ်းစားလေ့ကျင့်နေသည်ကို တစ်ဦးက "စိန်ပေဒါကြီး ဘယ်သူနဲ့ပြိုင်မှာမို့ ဒါလောက်ကြိုးစားနေရတာလဲ" ဟုဆိုသောအခါ စိန်ပေဒါကြီးက "ဒီနေ့ စိန်ပေဒါက မနေ့က စိန်ပေဒါကြီးနဲ့ပြိုင်ဘို့ ကြိုးစားနေတာလေ" ဟုပြောဆိုကြောင်းမှတ်သားရပါ၏။

လုံ့လဝီရိယဖြင့် အနုပညာထိပ်တန်းသို့ရောက်ခဲ့သူများ အကြောင်းကိုပြောပါက ရုပ်သေးမင်းသားကြီး ရွှေဘိုဦးတင်မောင်၊





မြို့တော်ဦးသိန်းအောင်၊ ကောလိပ်ဂျင်နေဝင်းအစရှိသော အနုပညာရှင်များကို ချန်လှပ်ထားရန်မသင့်ဟုဆိုရမည်ဖြစ်ပါသည်။

ကမ္ဘာကျော်စာရေးဆရာကြီးဂျက်လန်ဒန်သည် အမေရိကန်စာရေးဆရာများအနက် အလွန်ကျော်ကြား၍ ဝင်ငွေများသော စာရေးဆရာကြီးဖြစ်၏။ စာရေးဆရာကြီးဂျက်လန်ဒန်၏ ဝင်ငွေသည် သူ့ကာလက အမေရိကန်သမ္မတ၏ဝင်ငွေထက်နှစ်ဆမျှရှိ၏။

ဂျက်လန်ဒန် စာရေးဆရာဖြစ်လာပုံ ဘဝကိုကြည့်ပါက မျိုးရိုးဗီဇသည် အဓိကမဟုတ်ကြောင်းသိသာ၏။ သူသည် ငယ်စဉ်က စားစရာမရှိသောကြောင့်လမ်းဘေးတွင်တောင်းစားရ၏။ တောင်းစားတော့ ပုလိပ်ကအလုပ်မရှိသောပုဒ်မဖြင့် ဖမ်းပြီးထောင်ချ၏။ ထောင်ကလွတ်လာတော့ စားစရာမရှိဖြစ်၍နေ၏။

သို့သော်ဗိုက်ကမစားဘဲနေ၍မရ။ တောင်းစားပါကလည်း ပုလိပ်ကထပ်၍ ထောင်ချဦးမည်ကိုလည်း စိုးရိမ်သဖြင့် သူသည် ထမင်းဆိုင်တစ်ဆိုင်တွင်ဝင်၍ ပန်းကန်ဆေးသောအလုပ်ကို လုပ်ကိုင်ခဲ့၏။ စားစရာ ထမင်းရသော်လည်း ဝင်ငွေကားမရရှိပေ။ သူများစားပြီးသား ပန်းကန်များကို ဆေးရသည့်အလုပ်၊ ဟင်း ပန်းကန်များကို ဆေးရသည့်အလုပ်၊ ဟင်းပန်းကန်၊ ထမင်းပန်းကန်တို့မှ ထွက်သော အနံ့သည်ပင် သူ့အတွက် အစာပြေစရာဖြစ်ခဲ့ရသော်လည်း ကြာတော့ မြောက်များစွာသော ပန်းကန်များဆေးရသည်ကို ငြီးငွေ့ကာကြမ်းတိုက်သောအလုပ်ကို ပြောင်း၍လုပ်ခဲ့သည်။

ထိုမှတဆင့် သင်္ဘောကျင်းတစ်ကျင်း၌ အလုပ်သမားဝင်လုပ်၏။ သင်္ဘောကျင်းတွင် သံချေးများစွာ ခွာရသောအလုပ်၊ ဒုရှိသော သံပြားကြီးများကို ရွှေ့ပြောင်းရဖြင့် သင်္ဘောကျင်းအလုပ်သည်လည်း အလွန်ပင်ပန်းလှ၏။ သူသည်စိတ်ကြမ်းလူကြမ်းဖြစ်၏။ အလုပ်တစ်ခုကို မနှစ်မြို့ဘဲရှိပါက ချက်ခြင်းစွန့်ပစ်တတ် သည်။ တစ်ခါတွင်တော့ ဒီတစ်ခါပွပေါက်ပဲဟုဆိုကာ ရွှေရှာသည့်လုပ်ငန်းကို သွားရောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ခဲ့၏။ သူသည် ရွှေတစ်စမှမရဘဲ ပြန်ခဲ့ရ၏။ တစ်ခါတွင်မူ အရှေ့ဖျားပင်လယ်များသို့ ရွက်သင်္ဘောဖြင့် သင်္ဘောသားအဖြစ် စွန့်စွန့်စားစားခရီးထွက်ခဲ့ဘူး၏။ သူ၏တစ်ခုတည်းသော အရည်အချင်းမှာ သူလုပ်ရသော အလုပ်ကိုဖွဲ့ရှိရှိ နှင့်လုပ်ကိုင်ခြင်းဖြစ်၏။ အလုပ်လုပ်ရမည်ဆိုပါက မခိုမကပ်ဘဲအင်အားအပြည့်ဖြင့် လုပ်ကိုင်တတ်၏။

သူသည်အရှေ့ပင်လယ်များသို့လည်း ရောက်ဖူးကာ သင်္ဘောသားဘဝ၊ ထမင်းဆိုင်အလုပ်သမားဘဝ၊ သူတောင်းစားဘဝစသည်ဖြင့် ဘဝစုံကာအတွေ့အကြုံလည်းစုံ၏။

သူသည်ငယ်စဉ်က စာပေဝါသနာပါသူမဟုတ်ဘဲ သင်္ဘောနှင့်လိုက်စဉ် အားလပ်ချိန်များတွင် တွေ့ရှိသောစာအုပ်များကို ဖတ်ရှုမိရာမှစာပေဝါသနာပါခဲ့၏။ သူသည်အလုပ်မှအားလပ်ချိန်များတွင် အချိန်ကို အလဟဿမဖြုန်းတီးပစ်ဘဲ စာဖတ်ခြင်းဖြင့် ကုန်လွန်စေခဲ့၏။ သူသည်စာမျိုးစုံကိုဖတ်၍ စာဖတ်စာရေး သည့် အလုပ်ကိုဝါသနာပါလာ၏။ ကြီးမှစာပေဝါသနာပါပြီး စာရေးခြင်းအလုပ်ကိုကြိုးစားသောအခါ သူသည် အတော်ကြီးအခက်အခဲတွေ့ရ၏။ သို့သော်သူသည် စာပေဝါသနာပါမှုနှင့် ဘဝမျိုးစုံအတွေ့အကြုံ တို့က စာပေနှင့် ရင်းနှီးအောင်သူ့အားတွန်းပို့၏။ သို့သော်ပထမတွင် စာလုံးလေးများဖြစ်လာဖို့ရာ အတော်ကြီး အခက်အခဲရှိခဲ့၏။ သို့သော် သူသည်အငတ်ငတ်အပြတ်ပြတ်ခံ၍ စာကိုကြိုးစားပြီးရေး၏။ တစ်နေ့တွင် သူသည် စာလုံးပေါင်း ၅၀၀၀ခန့် ရေး၏။ စာမရေးပါက တစ်နေ့တွင် ၁၀-နာရီမှ ၁၅-နာရီထိစာဖတ်၏။ ထိုကဲ့သို့ စာရေးရင်း စာဖတ်ရင်းဖြင့် သူသည်စာရေးဆရာ တစ်ဦးဖြစ်လာခဲ့၏။

စာရေးဆရာဖြစ်လာတော့လည်း အလွန်ဝင်ငွေကောင်းသော စာရေးဆရာကြီးဖြစ်၏။ သူသည်စွန့်စားမှုများ၊ စုံထောက် ဇာတ်လမ်းများရေး၍ ၁၈-နှစ်အတွင်းကျော်ကြားသည့်စာအုပ် ၅၀-ကျော်ကို



ရေးခဲ့ပြီး သူ၏ဝင်ငွေသည် အမေရိကန်သမ္မတ၏ ဝင်ငွေထက်နှစ်ဆမျှရှိခဲ့၏။

ဂျက်လန်ဒန်သည် စားစရာမရှိ၍ တောင်းစားရသောဘဝမှ အမေရိကန်သမ္မတ၏ ဝင်ငွေနှစ်ဆရရှိ အောင် စွမ်းဆောင်နိုင်မှုသည် သူ၏မလျှော့သောဇွဲ ကြီးမားသောအားထုတ်မှုကြောင့်ပင် ဖြစ်ပါ၏။

မြန်မာတို့သည် ရှိတ်စပီးယားဟုဆိုပါက မည်သူမည်ဝါဖြစ်သည်ကို အားလုံးကသိကြသည်။ သူသည် ပြဇာတ်ရေးဆရာဖြစ်၏။ သူမတူအောင်ထူးချွန်၍ ကမ္ဘာ့စာပေသမိုင်းတွင် ရှိတ်စပီးယား၏ နာမည်သည် ထိပ်ဆုံးက ကမ္ပည်းထိုးခံရသူဖြစ်၏။ သူ၏စာပေများသည် အရေးအသားကောင်းမွန်ထိမိရုံသာမက သူမည်မျှဗဟုသုတနှင့် ပြည့်စုံကြောင်းကိုလည်းဖော်ပြနေ၏။

ကမ္ဘာကျော်ပြဇာတ်ဆရာကြီး ရှိတ်စပီးယား၏ ဘဝကိုလေ့လာပါက သူသည်တစ်ခါက ဒုက္ခဗွက်အိုင် ကြီးထဲတွင် နစ်နေသောလူငယ်တစ်ယောက်ဖြစ်၏။ ကမ္ဘာကျော်ပြဇာတ်ရေးဆရာကြီး ရှိတ်စပီးယား၏ မိခင်ကြီးနှင့် သူ့၏ညီအစ်ကို၊ မောင်နှမ၊ မိသားစုအားလုံး စာမတတ်ကြပေ။ ဖခင်ကြီးကမူ နွားပေါ်သည့် လုပ်ငန်းတွင် နွားသတ်ပေးရသူဖြစ်၏။ ဆရာကြီးရှိတ်စပီးယား၏ တစ်မိသားစုလုံးသည် သေစာရှင်စာမျှပင်မတတ်။ ထို့ကြောင့်ရှိတ်စပီးယားက မိမိတော့ စာလေးပေလေးတတ်အောင် သင်မည်ဟုဆိုကာ ကျောင်းနေဖို့ ကြိုးစားရာတွင် ကျောင်းနေနိုင်ရန်အတွက် တစ်ခါညစောင့်လုပ်၍ ပိုက်ဆံရှာရ၏။ ကျောင်းမှထွက်သောအခါ သိုးကျောင်းသားလုပ်၍လည်း အသက်မွေးရ၏။

ရှိတ်စပီးယားဦးခေါင်းထဲမှ ထွက်လာသောစာများသည် မွေးကတည်းကပါလာခြင်းမဟုတ်။ ဗီဇမျိုးရိုး ကြောင့် စာတတ်သည်ဟု ပြောရလောက်အောင်လည်း သူ့မိသားစုတစ်ခုလုံးက စာမတတ်။ သူသည် ခေါင်းထဲမှ ပြောင်မြောက်သော စာပေအရေးအသားများ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရှိလာရန် အားထုတ်ကြိုးစားခဲ့ရခြင်းဖြစ်၏။ ရှိတ်စပီးယားသည် အားလပ်ချိန်များတွင် စာပေကိုအပတ်တကုတ်ကြိုးစား၍ သင်ကြားကာ အလေ့အကျင့် များစွာကိုပြုလုပ်ခြင်းဖြင့် ကမ္ဘာကျော်ပြဇာတ်ရေး ဆရာကြီး ဖြစ်လာခြင်းဖြစ်၏။

မြန်မာစာပေဝါသနာရှင်များနှင့် နီးစပ်သောပုဂ္ဂိုလ်တစ်ဦး ကား အင်ဒါဆင်ဖြစ်၏။ အင်ဒါဆင်၏ပုံ ပြင်များသည် အလွန်မှ ကျော်ကြား၏။ သူသည်ဒိန်းမတ်ပြည်သားတစ်ဦးဖြစ်၍ သူ့ပုံပြင်များကို မြန်မာဘာသာ ဖြင့်လည်းပြန်ဆိုထုတ်ဝေခဲ့၏။ ဆရာကြီးအင်ဒါဆင်၏ ဖခင်ကြီးသည် ဖိနပ်ချုပ်သမားတစ်ဦးဖြစ်၏။ သူလည်း ဖခင်ကြီးနှင့် အတူ ဖိနပ်ချုပ်ရ၏။ သူသည် ဖိနပ်ချုပ်သမားဘဝမှ ကမ္ဘာ့အကောင်း ဆုံးပုံပြောဆရာ အနုပညာရှင်ကြီးဖြစ်လာသူ အင်ဒါဆင်၏ အဓိက အရင်းအနှီးသည် လုံ့လဝီရိယအရင်းအနှီးဖြစ်ကြောင်း တင်ပြရပါ သည်။

❒ ❒ ❒

အခန်း (၃၀)

## ပေးအပ်ရမည့်အချိန်နှင့် ထက်သန်ရမည့်စိတ်ထား

ရသ၏အလုပ်ကခံစားချက်ကို ချဲ့ထွင်ရန်ဖြစ်၏။

ရသ၏အမှတ်အသားက အတုကိုအစစ်ဟုထင်အောင် အားပေးခြင်းဖြစ်၏။

ရသ၏သတ္တိကာ လှည့်စားခြင်းဖြစ်သည်။

ရသဖြစ်ဖို့ အနီးကပ်ဆုံးတရားကား လမိုင်းကပ်ဖို့၊ ဈာန်ဝင်ဖို့ ဇောကပ်ဖို့၊ စိတ်စေတနာထက်သန်နေဖို့၊ စိတ်အားထက်သန် ဖို့ဖြစ်၏။

ရသ၏အစွမ်းသည် အနုပညာကို ပိုမိုထက်မြက်အောင် ပြုလုပ်နိုင်မှုဖြစ်၏။ အနုပညာတရပ်ရပ်သည် ရသဖြစ်ပေါ်လာစေရန် စိတ်ဇောကပ်မှုဖြင့်လည်းကောင်း၊ ကျွမ်းကျင်မှုဖြင့်လည်းကောင်း၊ အချိန်ပေးလုပ် ဆောင်မှုဖြင့်လည်းကောင်း ဖန်တီးနိုင်သည်။

တစ်ခါက မြောက်ဥက္ကလာပမှ ပန်းပုလုပ်ငန်းတစ်ရပ်သို့ ရောက်ရှိရာဆရာနှင့်တပည့်များသည် ဆင်၊ ခြင်္သေ့၊ ကျားနှင့် ကြံ့အရုပ် များကို မြိုင်မြိုင်ဆိုင်ဆိုင်ကြီးထုလုပ်နေကြ၏။ နေ့မီး၊ ညမီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထုလုပ်နေကြသည်။ ကျွန်တော်က 'ဟ အရုပ်ထုနေလိုက်ကြတာ၊ တယ်မြိုင်ပါလား' ဟုဆိုတော့ တရုတ်ပြည်ကဆင် ၅၀၀၀၊ မြင်း ၅၀၀၀၊ ကြံ့ ၅၀၀၀၊ ခြင်္သေ့ ၅၀၀၀ အမှာရှိ၍ ထုလုပ်နေကြသည်ဟုဆိုပါ၏။

ကျွန်တော်က "အောင်မလေးထုနေလိုက်ကြတာ ကျုပ်တို့ အဖိုးအဖွားတွေစိုက်ထားခဲ့တဲ့ ကျွန်းပင်ကြီးတွေတော့ကုန်ပါပြီ" ဟု ဆိုတော့ "ကုက္ကိုပင်တွေလဲ မရှိတော့ပါဘူး" ဟုသူတို့တသိုက်က ရယ်ကျဲကျဲနှင့် ဆိုလိုက်ပါသေး၏။

သူတို့အလုပ်ရုံမှ ထုတ်လုပ်သောဆင်၊ မြင်း၊ ခြင်္သေ့နှင့် ကြံ့များမှာ ဒလကြမ်းအမြန်ထုလုပ်နေကြခြင်းကြောင့် အနုပညာ အဆင့်သို့ပင် ရောက်ရှိဖို့ပင် ခဲယဉ်း၏။ လက်မှုပစ္စည်း အဖြစ်ဖြင့်ပင် ပယ်စရာတွေကများ၏။ သူတို့သည်သစ်သားများကို ဖြုန်းတီးနေကြခြင်းဖြစ်ပါ၏။

ယခုကဲ့သို့ ကမြော်သောပါး လုပ်ဆောင်မှုဖြင့် အနုပညာ ပစ္စည်းမရနိုင်။ ရသဖြစ်ဖို့ ဆိုတာကတော့ ဝေးသေး၏။ ရသသည် စိတ် စေတနာပါဖို့လည်း လိုအပ်၏။ သစ်သားပမာဏကတော့ ဒီလောက်ဘဲ။ သို့သော် လက်မှုပစ္စည်းအဆင့်နှင့် ထုလုပ်ထားသော အရုပ်တစ်ကောင်ကို ကျပ်တစ်ထောင်ရသည်ဆိုပါစို့။ သူ့ကို အနုပညာ မြောက်အောင် ထုလုပ်နိုင်ပါက တကောင်သည် ငါးသောင်း တစ်သိန်း တန်ပေ၏။ ထိုမှတဆင့် ရသဝင်ရောက်လာအောင် ထုလုပ်နိုင်ပါက တန်ဖိုးမဖြတ်နိုင်တော့ပါ။

ထို့ကြောင့် ကျွန်တော်က မြန်မာအဖိုးတန်ကျွန်းသစ်များဖြင့် ခြင်္သေ့ ဆင် မြင်း ကျွဲ နွား အရုပ်များထုလုပ်၍ လက်မှုပစ္စည်းအနေနှင့် ရောင်းချနေခြင်းကို သစ်ဖြုန်းတီးနေခြင်းဟု ဆိုရခြင်းဖြစ်ပါ၏။

တစ်ခါက မိတ်ဆွေတစ်ဦးက ရှေးက အနုပညာရှင်များနှင့် အခုခေတ်အနုပညာရှင်များ ဘယ်သူက ပိုတော်ပါသလဲဟု မေးပါ၏။ ထိုအခါ ကျွန်တော်က အနုပညာရှင်တွေ အသုံးပြုတဲ့ စုးဆောက်၊





တန်ဆာပလာ၊ ပန်းချီဆွဲတဲ့ဆေး၊ ဇာတ်ခုံ၊ မီး၊ အသံဖယ်တဲ့စကာ ဘူရိယာပစ္စည်းစသည်တို့မှာ ရှေ့ကနှင့်မတူ အလွန်ဆန်းပြား တိုးတက် မှုရှိ၏။ ယခင်က ကြေးကြိုးသားရေ လေ၊ လက်ခုပ်ပဲရှိတယ်။ အခုတော့ မကတော့ဘူး။ ကြေး၊ ကြိုး၊ သရေ၊ လေ၊ လက်ခုပ်ကိုပဲ အမျိုးမျိုး ဆန်းပြားတီထွင်အသုံးပြုလာကြတယ်။ နည်းစနစ်တွေလဲ ဆန်းသစ် လာကြတယ်။ အနုပညာဖန်တီးမှုနဲ့ ပတ်သက်ရင်လဲ အခုခေတ်အနု ပညာရှင်တွေဟာ ရှေးကထက်တော့ မညံ့ပါဘူးဟုဆိုရမည်ဖြစ်၏။

'ဒါဆိုရင် ရှေးကအနုပညာရှင်တွေရဲ့ လက်ရာတွေသီချင်းတွေ ကို အခုခေတ် အနုပညာသည်က မှီအောင်ဘာပြုလို့မလိုက်နိုင် ရတာလဲ' ဟု ဆိုပါ၏။

ရှေးခေတ်က အနုပညာကိစ္စများကို လုပ်ဆောင်ကြရာတွင် ဈေးကွက်တွင်ရောင်းတန်းသဘောထုလုပ် ကြခြင်းမဟုတ်ဘဲ၊ သဒ္ဓါစိတ်၊ ပညာစိတ်၊ ခံစားမှုတို့ဖြင့် ပြုလုပ်ကြသည်ကများ၏။ ယခုခေတ်တွင် အနုပညာကို ရောင်းတန်းပြုလုပ်နေကြသည်ကများ၏။

ရှေးကမူ အနုပညာသည်တစ်ဦးသည် ဘုန်းကြီးကျောင်းသို့ ဥပုသ်စောင့်ရန်သွားသည်။ ကျောင်းသို့သွားရင်း ကျောင်း၏ထောင့် တစ်နေရာသို့ မျက်စေ့ရောက်သွား၏။ ထိုနေရာတွင် ပန်းပုလက်ရာ တစ်ခုခုထားရှိလျှင် ပို၍ကောင်းမည်ဟုထင်၏။ ထိုအခါ ပန်းပုပညာရှင် ကြီးက မည်သို့သော ရုပ်ထုကိုထားရလျှင်ကောင်းမလဲဟုစဉ်းစား၏။ စဉ်းစားရင်း ကျောင်းထိုင်ဆရာတော်အားလည်း ထိုနေရာတွင် ပန်းပု လက်ရာတစ်ခုထားရှိဖို့ လျှောက်ထားရာ ဆရာတော်က သဘောတူ သည်။ ထို့နောက် ဆရာတော်ကဒကာကြီး ပန်းပုလက်ရာတစ်ခု ထားရှိမည်ဆိုပါက ဘုရားဟောဇာတ်ကြီးဆယ်ဘွဲ့ထဲက တဇာတ်၊ ဇာတ် ကို ထုလုပ်ပါလားဟုဆိုရာ ပန်းပုဆရာကြီးကမှန်လှပါဟုလျှောက်ထား၏။

ထို့နောက်တော့ ရွာသူရွာသားများလည်း ပညာပေးသည့် အနေနှင့် ဘုရားဟောဝေဿန္တရာဇာတ်ထဲမှ ပစ္စယဆင်တော်ကို



www.burmeseclassic.com

www.burmeseclassic.com



ရေစက်ချလှူဒါန်းပုံကို ထုလုပ်ပါမည်ဘုရားဟု လျှောက်ထား၏။ ဆရာတော် သဘောတူလျှင် ပန်းပုဆရာကြီးသည် ဝေဿန္တရာဇာတ်တော်ကို ပြန်၍ ဖတ်ပါသည်။ ထို့နောက်ပစ္စယ ဆင်အား လှူဒါန်းသည့်ပုံတွင် ဝေဿန္တရာမင်းကြီး၏ပုံ၊ ပစ္စယဆင်ပုံ အလှူခံပုဏ္ဏားပုံ နောက်ခံ သစ်ပင် သစ်ခက်များတွင် ကျေးငှက်သာရကာတို့ တွန်မြူးနေကြပုံကိုပါ ထည့်သွင်းထုလုပ်ရန်စဉ်းစား၏။ ပန်းပုဆရာကြီးသည် သူစဉ်းစားမိသည်ကို တုတ်တချောင်းကို ကောက်ယူ၍ မြေကြီးပေါ်တွင် ဝေဿန္တရာမင်းကြီး ပစ္စယဆင်ဖြူတော်အား လှူပုံကို ပုံကြမ်းရေးသည်။ နောက် သစ်သားပေါ်တွင် မီးသွေးနှင့် ပုံကြမ်းဆွဲသေး၏။ ပုံကြမ်းကို ဆရာတော်ကြီးအားပြ၍ အလှူခံပုဏ္ဏားတို့ လောဘတက်နေသော မျက်နှာပေး၊ ဝေဿန္တရာမင်း၏ သဒ္ဒါတရား၊ ပစ္စယဆင်တော်၏ ကျက်သရေတို့ကို ထုလုပ်ရာတွင် ပါဝင်အောင်စဉ်းစား၏။ အိမ်ပြန် ရောက်တော့လည်း ပုံကြမ်းကိုဆက်ရေး၏။ ထို့နောက် သမီးထံမှ ကျောက်သင်ပုန်းကို တောင်းယူကာ ပုံကြမ်းထပ်ဆွဲသည်။ ကျောက် သင်ပုန်းပေါ်တွင် အတော်လေး ကျေနပ်တော့မှ စက္ကူပေါ်တွင် လက်သမားခဲတန်ကြီးဖြင့်ထပ်၍ ပုံဆွဲပြန်ပါ၏။ ပုဏ္ဏားရုပ်ကို ချည်းအကြိမ် (၅၀) (၁၀၀) ရေးဆွဲ၏။ သစ်သားရှိလျှင် သစ်သားပေါ်တွင် မီးသွေးနှင့် ဆွဲသည်။ ကျေနပ်လောက်သောပုံသည် ပန်းပုဆရာကြီး၏ မျက်စေ့ ထဲတွင်ရောဦးနှောက်တွင်ပါ လာရောက်စွဲထင်သောအခါတွင်မှ အပြစ်အနာအစာကင်းသော သစ်သားတစ်တုန်းကို ရှာဖွေသည်။ ထိုသို့ အကြောင်းအရာရှာဖွေခြင်း၊ ပုံကြမ်းရေးခြင်း ဆရာတော်နှင့် တိုင်ပင်ပြီး၊ ဝေဿန္တရာဇာတ်တော်အား အကြိမ်ကြိမ်ဖတ်ခြင်းကို အချိန်လုံလောက်စွာယူ၏။ ထို့နောက် ဥပုဒ်စောင့်ရင်း မိမိ၏ပန်းပုပညာဖြင့် ဘုရား တရား သံဃာအား ပူဇော်ရန် ရုပ်ထုကိုထုလုပ်သည်။ ဖြေးဖြေးဆေးဆေးထုသည်။ ဥပုဒ်စောင့်ရင်း အားလပ်ချိန်တွင်ထုသည်။ တခါတရံ အိမ်သို့ ယူသွားပြီးထု၏။ ထုလုပ်ရင်း ပုံကြမ်းမှ ပေါ်လာလျှင်





ထိုပုံကြမ်းကို ချိတ်ဆွဲမည့်နေရာတွင်ထားပြီး အနေအထားကို လေးဘက်လေးတန်မှ ကြည့်သည်။ အနိမ့်အမြင့်၊ အလင်းရောင် အနေအထားကို ကြည့်ပြီး ပြန်ထု၏။ ဘုရား တရား သံဃာအား သူတတ်မြောက်သော အနုပညာဖြင့် ပူဇော်လိုသောစိတ်ဖြင့် ထုခြင်းဖြစ်သည်။

မကြိုက်သေးလျှင် ပြန်ထုသည်။

ထိုသို့ထုလုပ်မှုသည် တစ်နှစ်လည်းကြာ၏။ သုံးနှစ်လည်းကြာသည်။ စိတ်တိုင်းကျမှ ထိုလက်ရာကို ကိုယ်တိုင်ချိတ်ဆွဲ၍ အပြီးတိုင်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ရှေးက ပန်းပုဆရာကြီးများထုလုပ်သော လက်ရာသည်ကောင်းနေခြင်းဖြစ်၏။

ယနေ့ခေတ်အနုပညာရှင်များသည်လည်း စေတနာနှင့် သဒ္ဓါတရားနှင့် အချိန်ယူ၍ထုပါ လက်ရာမြောက်အနုပညာများ ရှေးကထက်ပင်ပေါ်ပေါက်နိုင်စရာ အကြောင်းရှိ၏။ ယခုတော့ မြောက်ဥက္ကလာပမှ ပန်းပုဆရာတစ်စုလို ဆင်ငါးထောင်၊ မြင်းငါးထောင်ကို စက်ရုံကပစ္စည်းထုတ်သလို ထုတ်လုပ်ပါက အနုပညာပစ္စည်းထွက်ရှိမည်မဟုတ်။ သစ်သားအရုပ်များ၊ လက်မှုပစ္စည်းများကိုသာ ထုတ်လုပ်နိုင်မည်ဖြစ်ပါ၏။

သတ်မှတ်ကာလထားရှိထုတ်လုပ်သော အနုပညာပစ္စည်းတိုင်းသည် ရရှိသောအချိန်နှင့် ညီညွတ်သော အနုပညာလက်ရာကိုသာ ရမည်ဖြစ်သည်။ အနုပညာရှင်အား အချိန်လွတ်လပ်ခွင့် အကြံအစည်လွတ်လပ်ခွင့်ပေးရမည်ဖြစ်သည်။

အနုပညာကိစ္စသည် အဓမ္မကိစ္စမဟုတ်
အဓမ္မကိစ္စကို အနုပညာဟူ၍ မခေါ်ပါ။
အနုပညာဖန်တီးရာတွင် ယုံကြည်မှုလည်းပါရမည်။
အနုပညာရှင်သည် သူမယုံကြည်သော

ဘယ်အရာကိုမှ အနုပညာအဖြစ် မဖန်တီးရန်လိုပါ၏။ အနုပညာကို

www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးလျှင် ကျွမ်းကျင်မှုရှိဖို့လိုအပ်၏။ မယုံကြည်သောအရာကို အနုပညာဖန်တီး၍ရရိုး ထုံးစံမရှိပါ။

ရသဖြစ်ပေါ်ရေးတွင် အနုပညာရှင်၏ စိတ်အားထက်သန်မှု၊ ပြင်းပြမှု၊ ဖြစ်ချင်စိတ်၊ မခံချင်စိတ်၊ သွေးထိုးလှုံ့ဆော်မှု၊ စိတ်ရောကိုယ်ပါဖြစ်မှု၊ လမိုင်းကပ်မှုတို့သည် အရေးကြီးသည်။

ထိုစိတ်ပိုင်းဆိုင်ရာကိစ္စရပ်များဖြစ်ပေါ်လာအောင် အနုပညာရှင်သည် အခြားအရာများထက်ပို၍ အနုပညာကို ချစ်မြတ်နိုးရန်လိုသည်။ မိမိဖန်တီးမှုစွမ်းအားကို ပိုမိုယုံကြည်အားကိုးရန်လိုသည်။

အနုပညာသည် ကလေးမွေးသလိုပင် နေ့စေ ရက်စေ လစေ့ဖြစ်ဖို့လိုသည်။ အနုပညာကို ဖန်တီးရာတွင် အလောသုံးဆယ်ပြု၍မရပါ။

အနုပညာဖန်တီးမှုတွင် အနုပညာရှင်အား လွတ်လပ်မှုပေးရမည်ဖြစ်၏။ အကန့်အသတ်အတွင်း၌ ရသကို မမွေးဖွားနိုင်ပါ။ သမ္မစဉ်၊ သမရိုးကျကို လေးစားကြရမည်ဖြစ်သော်လည်း မိမိတို့အနုပညာ တိုးတက်ရေးအတွက် တီထွင်မှုကြံဆမှုများကို အားပေးရမည်ဖြစ်ပါ၏။

အနုပညာဖြစ်စဉ်တလျှောက်လုံးတွင် အဓိကလိုအပ်ချက်မှာ ရိုးသားမှုဖြစ်၏။ အနုပညာရှင်သည်

က။ မိမိကိုယ်အပေါ်မိမိရိုးသားရမည်။

ခ။ အနုပညာရပ်ပေါ်တွင် ရိုးသားရမည်။

ဂ။ အနုပညာရှင်အချင်းချင်းအပေါ် ရိုးသားရမည်။

ဃ။ အနုပညာကို အားပေးခံစားသူ ပြည်သူတို့အပေါ် ရိုးသားကြရမည်ဖြစ်သည်။

အနုပညာရှင်များ အချင်းချင်းအတွင်း၌ လည်းကောင်း၊ ပြည်သူများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ အပြုသဘောဆက်ဆံမှုရှိရန်လိုသည်။ အနုပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် တီထွင်မှုနှင့်





သုတေသနပြုမှုသည်လည်း အရေးကြီးသည်။ တီထွင်မှုကို အနုပညာရှင်တစ်ဦးချင်းကပြုလုပ်သလို နိုင်ငံတော်က ဦးဆောင်၍လည်း လုပ်ဆောင်ကြရမည်ဖြစ်သည်။ တီထွင်မှုနှင့် သုတေသနပြုမှုမရှိသော အနုပညာသည် အညွန့်အတက်ပေါက် စရာအကြောင်းမရှိ။

အနုပညာရပ်များတိုးတက်ရေးတွင် အုပ်စိုးသူအစိုးရနှင့် ပြည်သူလူထု၏ အားပေးမှုသည် အလွန်မှလိုအပ်၏။ အုပ်ချုပ်သူ အစိုးရ၏ အားပေးမှုမရှိဘဲ အနုပညာအညွန့်အပွင့်တို့ မဖြစ်ထွန်းနိုင်။ မြန်မာ့အနုပညာသည် ကုန်းဘောင်ခေတ်၌ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ခြင်းသည် အုပ်စိုးသူရှင်ဘုရင်များအား ပေးသောကြောင့် ဖြစ်ပါ၏။

ပြည်သူတို့ကလည်း အနုပညာကို အားပေးကြရမည်ဖြစ်ပါ၏။ အနုပညာကို အဆုံးအဖြတ်ပေးသူသည် ပြည်သူပင်ဖြစ်ပေရာ ပြည်သူတို့ကိုယ်တိုင်ကလည်း အနုပညာဆိုင်ရာ အတွေးအခေါ်မြင့်မားမှုရင့်သန်ဖို့လိုပါ၏။ ပြည်သူတို့၏ အနုပညာခံစား ချက်မြင့်မားမှုသည် အနုပညာရပ်ကို မြင့်မားစေသော အကြောင်းအရင်းခံဖြစ်ပါသည်။ အနုပညာရှင်တို့၏ ကြိုးပမ်းမှုသည် အနုပညာအား ထိပ်တန်းသို့ရောက်စေပါသည်။

❐ ❐ ❐

www.burmeseclassic.com

<u>ရည်ညွှန်းစာအုပ်များ</u>

၁။ **ကဗျာလင်္ကာနှင့် နည်းဥပစာအကျယ်ဖွင့်ကျမ်း**
နှစ်ဖက်လှပြုစုသည်
ဆရာဦးလှမောင် MA, MS, BL တည်းဖြတ်သည်။
စာပေလောကမှ ထုတ်ဝေသည်။
ပထမအကြိမ် - ၂၇-၂-၁၉၆၈

၂။ **ကဗျာပေါင်းချုပ်သစ်**
ဇော်ဂျီ
ရွှေပန်းချီစာပေ - ၂၁၉/၃၂-လမ်းမှ ထုတ်ဝေသည်။
ပထမအကြိမ် ၁၉၇၄-ဒီဇင်ဘာလ

၃။ **ကဗျာ့မှန်နှင့် ကဗျာ့ချိန်ခွင်**
အရှင်အာဒိစ္စဝံသ
စာဆိုတော်ကြီး ဦးအောင်မြတ်ထွန်း ပြုစုသည်။
စံသစ် စာပုံနှိပ်တိုက်
၇၆၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။

၄။ **ကင်းဝန်မင်းကြီးမေတ္တာစာ**
ဟံသာဝတီတိုက်ထုတ်
အမှတ်-၅၃၊ နတ်မောက်လမ်းသွယ်၊ ဟံသာဝတီပုံနှိပ်တိုက်
ဒုတိယအကြိမ် ၁၉၆၈-ခုနှစ်၊ ဇန်နဝါရီလ

၅။ **ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရပျို့**
ဦးဘိုးဖြူအဖြေ
ဟံသာဝတီ ပုံနှိပ်တိုက် - ၁၉၆၃

၆။ **ဝတ္ထုဝင်စာပေစာတမ်းများ (ပထမတွဲ)**
မောင်ဆုရှင်၊ ထီလာစစ်သူ၊ တင်ထွေး
စာပေဗိမာန်စာအုပ်တိုက်
ပထမအကြိမ် - ၁၉၉၁
အမှတ်-၅၂၉၊ ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

၇။ **ဂီတသုတေသနစာတမ်း**
ပုသိမ်ဒေါ်တင်တင်
အောင်သူစာပေ၊ ၃၀၀၊ မောင်ထော်လေးလမ်း၊
ရန်ကုန်မှ ထုတ်ဝေသည်။
ပထမအကြိမ် - ၁၉၆၈-ခု ၊ ဇူလိုင်လ

၈။ **ဂီတနှင့် အက**
အလင်္ကာကျော်စွာ ဒေါ်စောမြကြည် (ဘီအေ)
စာပေဗိမာန်လက်စွဲစာစဉ်
ပထမအကြိမ် - ၁၉၆၈

www.burmeseclassic.com

www.burmeseclassic.com

၉။ **ဝဿိရတဗျာကျမ်း**
လယ်တီဆရာတော်ဘုရားကြီး
ရတနာ့ဝါဒီ ပိဋကတ်ဆိုင်ကြီး
မူပိုင် ဦးပေါ်ရင်

၁၀။ **ဂုဏ် ရသ အလင်္ကာ စိစစ်ဖြေဆိုနည်း**
ကဗျာစွယ်စုံ ဦးထွန်းရွှေ
ရန်အောင်ဖြန့်ချိရေး၊ ၂၄၁၊ ရွှေဂုံတိုင်လမ်း
ပထမအကြိမ် - ၁-၁၁-၆၈ ထုတ်ဝေသည်။

၁၁။ **စာဆိုတော်များရတုပေါင်းချုပ်**
**(လက်ဝဲအနော်ရထာမင်းကြီး ပြုစုသည်)**
ဟံသာဝတီပုံနှိပ်တိုက်
၁၉၆၆-ခု၊ နိုဝင်ဘာလ

၁၂။ **စောင်းပညာနှင့် ကျွန်တော့်ဘဝ**
စောင်းဦးထွန်းရှိန် (တူရိယာသိပ္ပံကျောင်း)
အလင်္ကာကျော်စွာ စောင်းဦးဘသန်းတည်းဖြတ်သည်။
ဦးထွန်းအောင် - ချိုတေးသံပုံနှိပ်တိုက်
၁၉၆၉ - မတ်လ

၁၃။ **ဆယ့်နှစ်ရာသီဘွဲ့လူးတား**
ဦးယာ
ဟံသာဝတီပုံနှိပ်တိုက်
ဦးချမ်းမြ တည်းဖြတ်သည်။
ဒုတိယအကြိမ် - ၁၉၆၃ ခု၊ နယုန်လ

၁၄။ **စာတမ်း**
ဇေယျ
ညွန့်ဌေး စာပေတိုက်
၁၉၆၅ ခု

၁၅။ **စိတ်ပညာအနုစာပေနှင့် ရသပညာ**
ဒေါက်တာကျော်စိန်
ထုတ်ဝေသူ - နှင်းဦးလွင်စာပေ
ပထမအကြိမ် - ၂၀၀၄-ခု မေလ

၁၆။ **စိန်အောင်မင်း**
ဦးသော်ဇင်
စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်၊ ၁၉၇၉ ခုနှစ်

၁၇။ **ဇော်ဂျီကာ (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ)**
ဒေါက်တာကျော်စိန်
စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်
ပထမအကြိမ် - ၁၉၉၇-ခုနှစ်

၁၈။ **ဂျို-အီး-ဟာပေးနှင့် ဒေါက်တာထင်အောင်**
အောင်သန်း (မန္တလေး)
ယုံကြည်ချက်စာပေ
ပထမအကြိမ် - ၂၀၀၂ - ဩဂုတ်လ

www.burmeseclassic.com

www.burmeseclassic.com

၁၉။ **တရုတ်သံရောက်မော်ကွန်း**
ဒုတိယနဝဒေး
ဟံသာဝတီပုံနှိပ်တိုက်
ဒုတိယအကြိမ် - ၁၉၆၅- ဒီဇင်ဘာ

၂၀။ **တန်တားဦးတည် မင်္ဂလာစေတီတော်မော်ကွန်း (နှစ်စောင်တွဲ)**
ရှင်မဟာသီလဝံသနှင့် အရှင်မဟာရဋ္ဌသာရ
ဟံသာဝတီပုံနှိပ်တိုက်
ဒုတိယအကြိမ် - ၁၉၆၅ - အောက်တိုဘာလ

၂၁။ **တက္ကသိုလ် မြန်မာစကားပြေ ကောက်နုတ်ချက်**
စာပေဗိမာန်ပုံနှိပ်တိုက်
၁၉၆၅-ခုနှစ်၊ အောက်တိုဘာလ

၂၂။ **တို့ချစ်သည့် တို့နိုင်ငံတော်**
ဒေါက်တာကျော်စိန်
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၉၃ ခုနှစ်

၂၃။ **တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ (ချင်း)**
လမ်းစဉ်ပါတီ
ပထမအကြိမ် - ၁၉၆၈-ဖေဖော်ဝါရီလ

၂၄။ **တိုင်းရင်းသားလူမျိုးများ ဓလေ့ထုံးစံများ (ကချင်)**
လမ်းစဉ်ပါတီ၊ ပထမအကြိမ် - ၁၉၆၇

၂၅။ **ထံတျာတော ပြဿနာ**
ဦးဂုဏ်ဘဏ်
၁၉၆၈ - မတ်လ ၂ ရက်

၂၆။ **ဒဿနပုံပြင်**
မြဝင်း
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၉၈ -ခုနှစ်

၂၇။ **ဒဂုန်နတ်ရှင်၏ ဘဝခရီးစဉ်**
ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၇၄

၂၈။ **ပြဇာတ်နှင့် ပြဇာတ်စာပေစာတမ်းများ**
ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ဦးဝင်းဖေ၊ ဒဂုန်ဆရာတင်
ဦးသိန်းဖေမြင့်၊ ဒေါက်တာမောင်ဖြူး၊ ဦးသန်းမြင့်
(မြန်မာ့အသံ)
စာပေဗိမာန် ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၇၁ ဇန်နဝါရီလ

၂၉။ **ပြဇာတ်ကထာ**
ဦးသော်ဇင်
စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်
ပထမအကြိမ် - ၁၉၈၁

www.burmeseclassic.com

www.burmeseclassic.com

၃၀။ **ပရိုင်းမိတ်ဘဝအစမှ လူသားများဆီသို့**
ဒေါက်တာမောင်သင်း
စာပေဗိမာန်ဆုရ
ပထမအကြိမ် - ၂၀၀၁ ခုနှစ်

၃၁။ **ပန်းချီတော်ဆရာချို**
ဦးမင်းနိုင်
စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်
ပထမအကြိမ် - ၁၉၈၀

၃၂။ **ပုဂံမပျက်မီက မြန်မာ့သမိုင်း**
အောင်သန်း (မန္တလေး)
ဒေါင်းစာပေမှ ဖြန့်ချိသည်။
ဒုတိယအကြိမ် - ၂၀၀၄ ခု၊ မတ်လ

၃၃။ **ပြည်ထောင်စုစိတ်ဓါတ်**
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
ပထမအကြိမ် - ၁၉၉၉ စက်တင်ဘာလ

၃၄။ **ပုဂံခေတ်ဗိသုကာလက်ရာများ**
မင်းဘူးအောင်ကြိုင်
ဦးမြသန်း (အသိုင်းအဝိုင်းစာပေ)
တတိယအကြိမ် - ၁၉၉၇ ဇန်နဝါရီ

၃၅။ **ဗမာ့အရေးနှင့် အနုပညာသွေး**
ဇေယျ
ပြည်ချစ်စာပေတိုက် - ၁၆၅၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

၃၆။ **ဗန်းမော်ဆရာတော် ဥပမာပုံပြင်ဝတ္ထုများနှင့် ဟာသရသကဗျာများ**
ဦးသိန်းထွန်းမြင့်
ဒေါ်ညွန့်ဝေ၊ ပိဋကတ် စာအုပ်ဆိုင် မူပိုင်
၁၁ ကြိမ် - ၁၉၉၂ ခု၊ ဒီဇင်ဘာလ

၃၇။ **ဘာလွှာတိယပျို့**
တွင်းသင်းတိုက်ဝန်၊ မဟာစည်သူ - မင်းကြီး ဦးထွန်းညို
ဦးလှဖေဝင်း (MA) တည်းဖြတ်သည်။
ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်
၁၉၅၁-ခု

၃၈။ **ဗုဒ္ဓသည်မြန်မာလူမျိုး**
ဦးလှသိန်းထွဋ် (ဓမ္မစရိယဘီအေ)
ဗုဒ္ဓရာဇာစာပေတိုက်
ပထမအကြိမ် - ၁၉၉၇ - ဒီဇင်ဘာလ

၃၉။ **သလွှာတိယပျို့နှင့် ဟံသာဝတီဦးဘရင်၏ အဖြေစုံ**
တွင်းသင်းမင်းကြီးမဟာစည်သူ
မူပိုင်မနှင်းအေး - အောင်မိတ်ဆက်ပုံနှိပ်တိုက်
အမှတ်-၅၀၊ ဗိုလ်ချုပ်လမ်း၊ ရေကျော်

www.burmeseclassic.com

www.burmeseclassic.com

၄၀။ **မြန်မာ့အလှ ဂီတအမွေ**
ရွှေကူနန်းနွဲ့နွဲ့
စာပေဗိမာန် ပုံနှိပ်တိုက်
၂၀၀၁-ခု၊ ပထမအကြိမ်

၄၁။ **လူသားအစ မြန်မာက**
ဒေါက်တာတင်သိန်း (ဘူမိဗေဒ)
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၂၀၀၁

၄၂။ **မြန်မာ့ရုပ်သေးနှင့် ရုပ်သေးပန်းပုံ**
သုတေသီရာမည ကိုကိုနိုင်
ဒေါ်ရွှေအိမ် - တိုင်းလင်းစာပေ
ပထမအကြိမ် - ၂၀၀၀ စက်တင်ဘာလ

၄၃။ **မြန်မာ့ဇာတ်သဘင်**
ဦးဂုဏ်ဘဏ်
စာပေလောက
ပထမအကြိမ် - ၃၀၁၂-၁၉၆၆

၄၄။ **မြန်မာ့သဘင်လောက**
သဘင်ဝန် ဦးနု
စာပေဗိမာန် ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၆၇

၄၅။ **မြန်မာနိုင်ငံတော်သမိုင်း**
ဗိုလ်မှူးဘရှင်
ပြည်သူ့အလင်းပုံနှိပ်တိုက်၊ ၅၅-အလုံ၊ ကျောင်းလမ်း
ဆဋ္ဌမအကြိမ် - ၁၉၆၃

၄၆။ **မြန်မာ့အလက်ာ့ကျမ်း**
ရွှေဟသ်ာတိုက်သစ်အရှင်ပဏ္ဍိတမထေရ်
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၅

၄၇။ **မြန်မာ့ယဉ်ကျေးမှုသမိုင်း**
သိပ္ပံစိုးရင်
စပယ်ဦးစာပေဖြန့်ချိရေး
ပထမအကြိမ် - ၁၉၇၄ - ဒီဇင်ဘာ

၄၈။ **မြန်မာ့မီးဖုတ်မြေထည်ပစ္စည်း**
သန်းထွန်း
မုံရွေးတိုက်
ပထမအကြိမ် - ၂၀၀၃ - မတ်

၄၉။ **မြန်မာအလက်ာ့ကျမ်း**
ဦးစံထား
ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်
၁၃၀၂-ခု ဝါဆိုလ

www.burmeseclassic.com

www.burmeseclassic.com

၅၀။ **မြန်မာကဗျာစာတမ်း (ဒုတိယတွဲ)**
တင်မိုး၊ သူရဇော်၊ မြဇင်
စာပေဗိမာန်ထုတ်ပြန်သူ့လက်စွဲစာစဉ်
ပထမအကြိမ် - ၁၉၈၃

၅၁။ **မြန်မာ့ဇာတ်သဘင်တခေတ်ပြောင်းလဲရေး**
လမ်းစဉ်ပါတီ
ပထမအကြိမ် - ၁၉၈၃ - ဧပြီလ

၅၂။ **မြန်မာ့ရာဇဝင်၏ သမိုင်းကြောင်း**
တင်နိုင်တိုး
ပြည့်စုံစာအုပ်တိုက် - ၁၃၆/၃၆-လမ်း၊ ကျောက်တံတား။
ပထမအကြိမ် - ၂၀၀၁-ခု

၅၃။ **မြန်မာစာပေ ညွှန်ခံစာတမ်း**
ဒေါက်တာလှဘေ
နံ့သာတိုက် - ၁၃/၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်။
၁-၈-၁၉၆၆

၅၄။ **မြန်မာပန်းချီသမိုင်း**
သုတေသီရာမည ကိုကိုနိုင်
စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်
ပထမအကြိမ် - ၁၉၉၇

၅၅။ **မြန်မာမှုအထွေထွေဆောင်းပါးများ**
(လုပ်သားပြည်သူနေ့စဉ်)
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၆၉

၅၆။ **မြန်မာ့ရုပ်သေးသဘင်**
လှသမိန်
လောကအမြင်စာပေဖြန့်ချိရေး
အမှတ်-၁၉၃ (ခ)၊ ၃၂-လမ်း၊ ရန်ကုန်
ပထမအကြိမ် - ၁၉၆၈-ခု၊ ဇူလိုင်လ

၅၇။ **မဟာဆံချင်သူ - ပြဇာတ်**
ဇော်ဂျီ
ပုဂံစာအုပ်တိုက်

၅၈။ **မြန်မာစာပေ**
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ပထမအကြိမ် - ၁၉၉၈ - ဇွန်လ

၅၉။ **မြန်မာပြန်ရသစာတမ်းများ**
ထက်အောင်
ဘဝတက္ကသိုလ်စာပေ
ပထမအကြိမ် - ၁၉၉၁ နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

၆၀။ **မြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း**
ဒဂုန်နတ်ရှင်
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၇၈

၆၁။ **မြန်မာစာ မြန်မာမှု**
မင်းသုဝဏ်
စပယ်ဦးစာပေဖြန့်ချိရေး
ဒုတိယအကြိမ် - ၁၉၇၈ - ဖေဖော်ဝါရီလ

၆၂။ **မြန်မာ့အိုးစည်**
တင်ထွန်းဦး (ယဉ်ကျေးမှု)
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၉၉

၆၃။ **မြန်မာ့ဂီတစစ်တမ်း ဗဟုသုတရတနာ**
စန္ဒယားလှမိုး
အနုပညာစခန်း
ပထမအကြိမ်၊ ၁၉၆၇-ဇူလိုင်လ

၆၄။ **မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့ဇာတ်ပွဲအရသာ**
မြန်မာယဉ်ကျေးမှုစာစဉ် ၂
စာပေဗိမာန်ပုံနှိပ်တိုက်
ဦးဂုဏ်ဘဏ် ဟောပြောချက်
၃-၁၁-၁၉၅၄

၆၅။ **မြန်မာ့အိုး**
ထန်လှိုင်
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၉၃

၆၆။ **မြန်မာစကားပြေနှင့် ကဗျာကောက်နုတ်ချက် (ပထမတွဲ)**
ပါမောက္ခ ဦးဖေမောင်
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၆၀ ဇွန်လ

၆၇။ **မြန်မာ့ဇာတ်သဘင်သမိုင်း**
မောင်သိန်းနိုင်
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၆၈

၆၈။ **မြန်မာ့ကနုတ်ပန်း**
မောင်ယဉ်လှိုင်း - ပျဉ်းမမြိုင်
စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်
ပထမအကြိမ် - ၂၀၀၁ -ခု

၆၉။ **မြန်မာ့ရုပ်ထုယဉ်ကျေးမှု**
မောင်ယဉ်လှိုင်း၊ ပျဉ်းမမြိုင်
စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်
ပထမအကြိမ် - ၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com

၇၀။ **မြန်မာစာအခြေပြု**
ဟံသာဝတီဦးဘရင်
အေးအေးစာပေတိုက်
ဒုတိယအကြိမ် - ၁၉၆၇ - ဒီဇင်ဘာလ

၇၁။ **မယော်ပြဇာတ်**
ဦးပုည
ကထိက ဦးမောင်မောင်တင် မန္တလေးတက္ကသိုလ်
မန္တလေးတက္ကသိုလ် သုတေသနအဖွဲ့
တတိယအကြိမ် - ၁၉၆၃-မတ်လ

၇၂။ **မုဒုလက္ခဏာပျို့**
တွင်းသင်းမင်းကြီး
ယဉ်ကျေးမှုအရာရှိ နန်းညွန့်ဆွေတည်းဖြတ်သည်။
ဟံသာဝတီပုံနှိပ်တိုက်၊ တတိယအကြိမ် - ၁၉၆၃

၇၃။ **ယနေ့မြန်မာ့ရုပ်သေးသဘင်**
ချစ်စံဝင်း
ပန်းမျိုးတစ်ရာစာပေ
ပထမအကြိမ် - ၁၉၈၉ - ဒီဇင်ဘာလ

၇၄။ **ယဉ်ကျေးမှုဝန်ကြီးဌာန - နှစ် (၅၀) ပြည့် ရွှေရတုစာစောင်**
ယဉ်ကျေးမှုဝန်ကြီးဌာန - ၂၀၀၂၊ မတ်လ၊ ပထမအကြိမ်

၇၅။ **ယဉ်ကျေးမှု စာစောင်များ**
ယဉ်ကျေးမှုဝန်ကြီးဌာန - ၂၀၀၃ - အောက်တိုဘာလ

၇၆။ **ယဉ်ကျေးမှုမဂ္ဂဇင်းများ**
ယဉ်ကျေးမှုတက္ကသိုလ် - ယဉ်ကျေးမှုဝန်ကြီးဌာနမှ
ထုတ်ဝေသည်။ ၁၉၆၀-ခု၊ ဇန်နဝါရီလ

၇၇။ **ယသော်ဓရာအလွမ်း**
ချစ်စံဝင်း
ပန်းမျိုးတစ်ရာစာပေ
တတိယအကြိမ် - ၁၉၉၆ - ဇူလိုင်

၇၈။ **ယဉ်ကျေးမှုသုတေသနဆောင်းပါးများ**
ဆရာဝန်တင်မောင်ကြည်
TODAY စာအုပ်တိုက်
ပထမအကြိမ် - ၂၀၀၀ ဇန်နဝါရီလ

၇၉။ **ရသဂုဏ်ဆောင်းပါး**
ဦးအောင်မိုး (ပါဠိပါရဂူ)
အောင်မြေစာပေ
ပထမအကြိမ် - ၁၉၆၇ - ဖေဖော်ဝါရီလ ၁ ရက်

၈၀။ **ရေသည်ပြဇာတ်**
စလေဦးပုည
ယောဂီစာပုံနှိပ်တိုက်၊ ၂၄၅၊ လွှတ်လမ်း၊ ရန်ကုန်။
ပထမအကြိမ် - ၁၉၅၉

www.burmeseclassic.com

www.burmeseclassic.com

၈၁။ **ရသပညာနိဒါန်း**
မြဝင်း (ဒဿန)
စာပေလောက
ပထမအကြိမ် - ၁၉၉၉ ဇန်နဝါရီလ

၈၂။ **ရသစာပေ၏ရသ**
ဦးရွှေအောင် (မဟာဝိဇ္ဇာ - သက္ကတ)
ရာပြည့်စာအုပ်တိုက်
ဒုတိယအကြိမ် - ၂၀၀၃-ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်

၈၃။ **ရသစာပေနိဒါန်း**
ဇော်ဂျီ
ခင်မောင်ရီ၊ ကမ္ဘာ့ခေတ်စာပေတိုက် မန္တလေး
စာပြီးရက် - ၁၉၅၃

၈၄။ **ရွှေဟင်္သာမင်းပျို့**
ရှင်တေဇောသာရ
ဟံသာဝတီ - ပုံနှိပ်တိုက်
ဒုတိယအကြိမ် - ၁၉၆၃ - ဇူလိုင်လ

၈၅။ **ရသစာပေအဖွင့်**
ဇော်ဂျီ
အောင်မိတ်ဆက်ပုံနှိပ်တိုက်
ဒုတိယအကြိမ် - ၁၉၆၆ - နိုဝင်ဘာလ

၈၆။ **ရှင်မဟာရဋ္ဌသာရ**
အနှစ် ၅၀၀ မြောက် အထိမ်းအမှတ်
ကထိက ဦးစိန်လွင်လေး
ဦးလှသန်း ခေတ်မီစာပေတိုက်
ပထမအကြိမ် - ၁၉၆၇ - ဇွန်လ

၈၇။ **ရုပ်သေးမင်းသမီးဦးဖိုးညို**
ဦးသော်ဇင်
စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်

၈၈။ **ရင်နှစ်သည်းချာဆုံးမစာများ**
ရန်ကုန်တိုင်း စစ်ဌာနချုပ်
မြဝတီစာပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၉၂ - ဇွန်လ

၈၉။ **လက်ဝဲမင်းညို၏ ပဒေသာရတုများ**
သုဓမ္မဝတီ စာပုံနှိပ်တိုက်
ဒေါ်သစ်သစ်နှင့် သားများ
၁၃၁၉-ခုနှစ်

၉၀။ **ဝံသဒီပနီ**
မဲထီးဆရာတော်
ဟံသာဝတီ ပုံနှိပ်တိုက်
ဒုတိယအကြိမ် - ၁၉၆၇ - ဇန်နဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

၉၁။ **ဝေဿန္တရာဇာတ်တော်ကြီး**
မင်းပူးဦးသြဘာသ
ဟံသာဝတီပုံနှိပ်တိုက်
ထပ်မံပုံနှိပ်ခြင်း - ၁၉၆၃ မတ်လ

၉၂။ **ဝိကြမောဗ္ဗသီယဇာတ် (ကာလီဒါသ)**
ဦးသော်ဇင် မြန်မာပြည်
စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ် - ၁၉၆၃

၉၃။ **ဝိဇယပြဇာတ်**
စလေ ဦးပုည
မူပိုင် - တင်ဆွေအေး
အောင်မိတ်ဆက် စာပုံနှိပ်စက်
အမှတ် - ၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေကျော်

၉၄။ **ဝေါဟာရတ္ထ ပကာသနီ ကောက်နုတ်ချက်**
ကျော်အောင်စံထားဆရာတော်
ဟံသာဝတီပိဋကတ်တိုက်
တတိယအကြိမ် - ၁၉၇၃ မေလ

၉၅။ **သံချိုကဗျာပေါင်းချုပ်**
သုတေသနမှူး ဦးအောင်သိန်း တည်းဖြတ်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း
၁၉၈၄-မေလ

၉၆။ **သဘင်သစ်**
ဗိုလ်ကျော်ဆန်း
စာပေဗိမာန်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၈၉-ခု

၉၇။ **ဟာသစာပေ**
ဦးညိုမြ (အိုးဝေ) ခင်မျိုးချစ် ဦးဝင်းမောင် (မင်းယုဝေ)
ဦးသိန်း (ဇဝန) သော်တာဆွေ
ပထမအကြိမ် - ၁၉၇၃-ခု စာပေဗိမာန်

၉၈။ **အလင်္ကာစာပေရေးရာ**
ဦးသော်ဇင်
မျိုးညွန့် စာပေဖြန့်ချိရေး
ပထမအကြိမ် - ၁၉၆၇-ဩဂုတ်လ ၁ ရက်

၉၉။ **အနော်ရထာ့အရင်က မြန်မာနိုင်ငံ**
ဗိုလ်မှူးဘရှင်
အင်းဝစာပေတိုက်
တတိယအကြိမ် - ၁၉၉၈ - ဩဂုတ်လ

၁၀၀။ **အုတ်မြစ်တလွှာ စာပေဆောင်းပါးများ**
တက္ကသိုလ်မောင်မောင်ကြီး
နှလုံးလှစာပေ - အမှတ်-၅၊ လမ်း-၁၀၀၊ ကန်တော်လေး
ပထမအကြိမ် - ၁၉၆၉-ဩဂုတ်လ (၁) ရက်

www.burmeseclassic.com

www.burmeseclassic.com

၁၀၁။ **အရှေ့တိုင်းယဉ်ကျေးမှုပို့ချချက်များအတွဲ (၂)**
အဝေးသင်တက္ကသိုလ် - ပညာရေးဝန်ကြီးဌာန
စာတည်း - ဒေါ်ခင်အေးကြည်
ပြန်လည်ပုံနှိပ်ခြင်း - ၁၉၉၂-ဒီဇင်ဘာလ (ရှစ်ကြိမ်)

၁၀၂။ **အချုပ်တန်းဆရာဖေ**
ဦးချမ်းမြ (အငြိမ်းစား မြန်မာစာပါမောက္ခ)
စာပေဗိမာန်လက်စွဲစာစဉ်
ပထမအကြိမ် - ၁၉၇၇

၁၀၃။ **အနုပညာဂုဏ်ရည်**
မဟာသရေစည်သူ - ဦးချမ်းသာ (လက်ဝဲမင်းညို)
ရွှေပြည်တန်စာပုံနှိပ်တိုက် မူပိုင် ဒေါ်တင်တင်မေ
ဒုတိယအကြိမ် ၊ ၁၉၆၄-ဇွန်လ

၁၀၄။ **အနုစာပေကောက်နုတ်ချက် (ပထမတွဲ)**
ပါမောက္ခဦးဇမောင် ရွေးချယ်စီစဉ်သည်
စကြာဝဠာပုံနှိပ်တိုက် - ၇၆အေ၊ အင်းယားလမ်း
၁၉၅၃

၁၀၅။ **အတွေးအခေါ်တို့လွင့်မျောခြင်းနှင့်**
**လူ၏ဆောက်တည်ရာ**
နန္ဒာသိန်းဇံ
လှိုင်းသစ်စာပေ
စတုတ္ထအကြိမ် - ၁၉၉၀ - မေလ

၁၀၆။ **အနုပညာအတွေ့တွေ့ပြဿနာများ**
ဦးသော်ဇင်
စံလှစာပေ
ပထမအကြိမ် - ၁၉၆၇-ဇွန်လ ၁၉ ရက်

၁၀၇။ **အာသံနိုင်ငံမော်ကွန်း**
ဝက်မစွတ်မြို့စား နဝဒေး
ဟံသာဝတီတိုက်
စတုတ္ထအကြိမ် - ၁၉၅၈

၁၀၈။ **အနုပညာစံ**
ခင်မောင်ရင်၊ ဇော်ဇော်အောင်
မုံရွေးစာအုပ်တိုက်
ပထမအကြိမ် - ၁၉၉၇-ဇူလိုင်

၁၀၉။ **ဦးပုညဝတ္ထုပေါင်းချုပ်အဖြေ**

၁၁၀။ **ဦးပုည လက်ရွေးစင်စာများ**
ဦးတင်မြင့် (ဝိဇ္ဇာ-ဂုဏ်ထူး) တည်းဖြတ်သည်။
နံ့သာတိုက်-
ဒုတိယအကြိမ် - ၁-၅-၁၉၆၈

၁၁၁။ **အနုပညာအလင်္ကာကျမ်း**
မဟာသရေစည်သူ ဦးချမ်းသာ
ဦးစံလှ စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၈၆-ခု၊ စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

၁၁၂။ **အမွေခံထိုက်သော မြန်မာ့ပန်းပုပညာ**
သုတေသီရာမည ကိုကိုနိုင်
စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်
ပထမအကြိမ် - ၁၉၈၇

၁၁၃။ **အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်း ပထမတွဲ**
မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ
ဒုတိယအကြိမ် - ၁၉၈၃

၁၁၄။ **အညမည - သဘောတရား**
မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ
ဒုတိယအကြိမ် - ၁၉၆၄ ဇန်နဝါရီလ

၁၁၅။ **အိမ်နောင် နန်းတွင်းဇာတ်တော်ကြီး**
မြဝတီမင်းကြီးဦးစ
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
ဒုတိယအကြိမ် - ၁၉၇၁ နိုဝင်ဘာလ

၁၁၆။ **အလှပညာ စာစောင်**
တာဝန်ခံ အယ်ဒီတာ ကျော်လင်းဆွေ
TODAY စာအုပ်တိုက်
၁၉၉၆-ဇူလိုင်

၁၁၇။ **အနုပညာဆိုင်ရာ ရသစာတမ်းများ**
အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန
ပထမအကြိမ် - ၁၈-၈-၂၀၀၄

BURMESE CLASSIC .com
www.burmeseclassic.com